www.burmeseclassic.com

စာပေဗိမာန်စာမူဆုရ

သုသိက်

# ဆူးမြနှင်းဆီ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၀ ခုနှစ်၊ စာပေဗိမာန် စာမူဆု
ဝတ္ထုရှည် ပထမဆုရ

# ဆူးမြနှင်းဆီ

သုသိဏ်

စီစဉ်တည်းဖြတ်သူ - ဒေါ်တင်တင်ဝင်း
စာတည်း (တာဝန်ခံ)

မျက်နှာဖုံးဒီဇိုင်း - နေလင်းထက်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၂၀၁၁ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၂၀၀၀

တန်ဖိုး ( ၇၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၀၁ ဖြင့်ထုတ်ဝေသည်။
ဂျီတီစီပုံနှိပ်စက်ရုံတွင် ပုံနှိပ်သည်။

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# မာတိကာ

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏ အမှာစကား | |
| | **အပိုင်း (၁)** | |


| | | |
|---|---|---|
| ၁။ | မာဂရက်သဘော်ပေါ်မှာ | ၁ |
| ၂။ | သားအချစ် မြေးအနှစ် | ၅ |
| ၃။ | အကြွေးရှိလျှင် ဆပ်ရမည် | ၁၇ |
| ၄။ | အမဲစောင့် | ၃၂ |
| ၅။ | ရှက်တိုင်ပြတ်လဲ တက်ကွဲကျိုးပြတ် | ၄၂ |
| ၆။ | လေ့ကြီးတက်ကျေးရွာ ရောက်လို့လာ | ၅၄ |
| ၇။ | ကျောင်းသားသစ် | ၅၉ |
| ၈။ | အကြွေးသံသရာ | ၆၆ |
| ၉။ | ရှက်စရာလား | ၇၂ |
| ၁၀။ | သမီးဆေးကျောင်းတက်ရန် | ၈၅ |
| ၁၁။ | ညင်ညင်းသံနှဲ့ နှုတ်ဆက်ခဲ့မှ | ၉၇ |
| ၁၂။ | တကာယ့်အဖေ | ၁၀၉ |
| ၁၃။ | ကံစီမံရာ | ၁၂၀ |
| ၁၄။ | လောကရေဲဘုံ | ၁၃၂ |
| ၁၅။ | ရေပက်ကြိုးချည် | ၁၄၈ |


www.burmeseclassic.com

www.burmeseclassic.com


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | ရောက်ရောက်ချင်း ဆောက်နှင့်တွင်း | ၁၅၄ |
| ၁၇။ | သည်းခံခြင်းသည် အောင်နိုင်ရာ | ၁၆၁ |
| | **အပိုင်း (၂)** | |
| ၁၈။ | ပျံသန်းလာမည့် ငှက်တစ်အုပ် | ၁၇၇ |
| ၁၉။ | သူကျော့်ငါနင်း | ၁၉၈ |
| ၂၀။ | ကုသိုလ်လည်းရ ဝမ်းလည်းဝ | ၂၀၄ |
| ၂၁။ | သီတာကုန်းပြင် | ၂၂၂ |
| ၂၂။ | နယ်မြေလုပွဲ | ၂၂၈ |
| ၂၃။ | စေတနာမှန်သော ကံတရား | ၂၄၁ |
| | **အပိုင်း (၃)** | |
| ၂၄။ | ရန့်သင်းသည့် ရွှေနှင်းဆီ | ၂၅၉ |
| ၂၅။ | ဖောက်သွားသော နွားနို့တစ်ခိုး | ၂၇၂ |
| ၂၆။ | ရစ်ပတ်မိချင်၊ သံယောဇဉ်ကြိုးတစ်မျှင် | ၂၈၂ |
| ၂၇။ | ရေးထုံးကိုလည်း မပယ်နှင့် | ၂၉၂ |
| ၂၈။ | စိမ်းကားလွန်းသူ မောင့်သည်းအူ | ၃၀၃ |
| ၂၉။ | ချစ်တမ်းကစား ပင်ပန်းသလား | ၃၁၇ |
| | **အပိုင်း (၄)** | |
| ၃၀။ | အလှဆုံးအချိန် | ၃၂၆ |
| ၃၁။ | တွေ့ရပုံ ခုမှ ဆန်းကြယ် | ၃၃၃ |
| ၃၂။ | ဖန်လာပုံ ဆန်းကြယ် | ၃၃၈ |
| ၃၃။ | ရိုးမဆီသို့သာ | ၃၄၃ |


## စာရေးသူ၏ အမှာစကား

ဤ "ဆူးမြနှင်းဆီ" ဝတ္ထုရှည်သည် ဧရာဝတီတိုင်း ဒေသကြီး၊ သာပေါင်းမြို့နယ် လေ့ကြီးတက် ကျေးရွာ၌ တည်ထားသည့် တစ်နေ့တန်နှစ်ရာကျ စက္ကူနှင့်ပျော့ဖတ်စက်ရုံ (သာပေါင်း) စက်ရုံစု တည်ဆောက်ရာ၌လည်းကောင်း၊ စက်ရုံကြီးအတွက် လိုအပ်သည့် ကုန်ကြမ်းဖြစ်သည့် ကရင်ဝါးများပေါက်ရာအရပ် အနောက်ရိုးမ တောင်တန်း၊ ရခိုင်ရိုးမနှင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်း ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်နှင့် ပြည်ခရိုင်များ၌လည်းကောင်း၊ အထူးသဖြင့် ငါးသိုင်းချောင်း- ငွလမ်း ဘောဘယညာ ဝါးခုတ်စခန်းများ၌လည်းကောင်း ပါဝင်ခဲ့ကြသည့် အလွှာစုံမှ လုပ်သားများအား ဂုဏ်ပြုရေးဖွဲ့ထားပါသည်။

မိုး၊ ဆောင်း၊ နွေမဟူ ရုန်းကန်လှုပ်ရှားအလုပ်လုပ်ခဲ့ကြသည့် ဝါးခုတ်လုပ်သားလေးသန်မာနှင့် ဝါးခုတ်လုပ်သား လူငယ်များ၏ အားမာန်နှင့် အားပြိုင်မှု၊ ဘဝကိုအနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်နှင့် လောကဓံတရားကို အန်တုဖက်ပြိုင်အနိုင်ယူမှု၊ သူတို့၏ ကောင်းမြတ်သော စေတနာများအကြောင်းနှင့် သန့်မာနှင့် နန္ဒနှင်းဆီတို့၏ လွမ်းမောဖွယ်ပုံ ဖွယ်ရာ မေတ္တာတွဲဇာတ်လမ်း တစ်ပုဒ်လည်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုရှည်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီခဲ့ကြသော စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း) စက်ရုံစုမှ ဒုတိယ စက်ရုံမှူး (ကုန်ကြမ်း) ဗိုလ်မှူးခင်မောင်ထူး (ငြိမ်း)နှင့် ဇနီးဒေါ်မေသွယ်နိုင်(သမီးကြီး)၊ ဗိုလ်ကြီးမျိုးမင်း(ငြိမ်း)၊ ငါးသိုင်းချောင်း အထက်တန်းကျောင်း (၈၃)နှစ်ပြည့် စိန်ရတုမဂ္ဂဇင်း လက်ဆောင်ပေးခဲ့သည့် ငါးသိုင်းချောင်း-ဂွလမ်း ရွှေထမင်း-ဆိုင်ပိုင်ရှင် ရဲအုပ်ဦးရွှေဖိ(ငြိမ်း)၊ ဝါးကုန်သည်များဖြစ်ကြသည့် ငါးသိုင်းချောင်းမြို့ ကျောက်ခဲချောင်းမှ ဦးအောင်မြင့်၊ ငါးသိုင်းချောင်းမြို့ ရှေ့ဆောင်ရပ်ကွက်မှ ဦးစန်းဝင်း၊ ပခုက္ကူမြို့ (၇) ရပ်ကွက်မှ ကိုစည်သူရသိန်းနှင့် ညီအစ်ကိုများ၊ ဝါးခုတ်လုပ်သားများဖြစ်ကြသည့် သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာနေ ဦးဖိုးလှ၊ ကိုမိုးနိုင်၊ လက်သမားဆရာ ဦးစိုးဝင်း၊ ပန်းရန်ဆရာ ကိုထွန်းသွန်း၊ အဖုံးပန်းချီ ရေးဆွဲပေးသူ Digital Zone မှ ကိုနေလင်းထက်၊ ငါးသိုင်းချောင်းမြို့အထိ မော်တော်ယာဉ်ဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့သည့် သားကိုနိုင်မြတ်သူနှင့် ဤဝတ္ထုရေးဖြစ်အောင် တိုက်တွန်းနှိုးဆော်ရုံမက ရခိုင်ရိုးမဝါးတောအထိ ပန်းချီဆရာလိုက်ပါကာ အစစအရာရာ အကူအညီပေးခဲ့သူ ဇနီးဒေါ်မေနှင်းသွယ်တို့အား အညီအမျှ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဤ "ဆူးမြနှင်းဆီ" ဝတ္ထုရှည်ဖြင့် ကွယ်လွန်လေပြီးသော ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်ကြသည့် ဦးထိန်၊ ဒေါ်စိန်တို့နှင့် ဆရာသမားအားလုံးအား ဂုဏ်ပြုပူဇော်အပ်ပါသည်။

သုသိဏ်

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁)

## မာဂရက် သင်္ဘောပေါ်မှာ

ဆောင်းနှောင်းဦးဖြစ်၍လားမသိ၊ ကောင်းကင်သည် မိုးသားမြူတိမ်မရှိ။ ပုသိမ်မြစ် ခေါ် ငဝန်မြစ်ရိုး တစ်လျှောက် ကောင်းကင်ယံတွင်မူ အပြာစင်သက်သက်သာမြင်ရ၏။ ဟိုအဝေးဆီမှာတော့ ကောင်းကင်ယံတွင် မီးခိုးရောင်တိမ်အစုစုနှင့် လိမ္မော်ရောင်တိမ်အချို့တို့ လှမ်းမြင်ရ၏။

မြစ်ဖြတ်လေပြည်ကား မာဂရက်သင်္ဘောပေါ်သို့ တိုးဝှေ့ဖြတ်သန်းသွား၏။ သင်္ဘောဦးပိုင်း ယာအခြမ်းတွင် လိုက်ပါလာသော သန်မာသည် မြစ်ဖြတ်လေကို တစ်ဝရှူမိ၏။ မွန်းလွဲနေသည် ဆောင်းနှောင်းဦးအချိန်ဖြစ်၍လားမသိ၊ ပူပူလောင်လောင်မရှိ၊ နေထိုင်ကောင်းရုံသာပူ၏။ မြောက်ပြန်မြစ်ဖြတ်လေကသင်္ဘောဦးမှ တဖြူးဖြူးတိုက်ခတ်လာသည့်အခါ ထိုအပူပင်မရှိတော့။ ချမ်းစိမ့်စိမ့်အရသာကိုပင် ခံစားလိုက်ရသည်ဟု သန်မာထင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေမြင်တင်ကျော်ပြီး မကြာမီမှာပင် မြစ်ဆုံတစ်ခုသို့ ရောက်လာ၏။ သန်မာက တက်မကိုင်ကိုမေးကြည့်တော့ ဒါးကမြစ်ဟု ပြောသည်။ သည်ဒါးကမြစ်၏ မြစ်ဆုံဟိုဘက်မြစ်ညာတွင် ခရမ်းပြာရောင်ပန်းပွင့်များနှင့် ဗေဒါတောကြီးများကို လှမ်းမြင်ရ၏။ ထိုဗေဒါများသည် ရေတက်ရေကျနှင့် အုံလိုက်ကျင်းလိုက် မျောနေသည့် ဗေဒါတွေဟု တက်မကိုင်က ရှင်းပြသည်။ ဗေဒါတွေ ဝေနေအောင်ပွင့်နေချိန်ဆိုလျှင် မြစ်တစ်ပြင်လုံး အစိမ်းရောင် ဗေဒါရွက်နှင့်လိုက်ဖက်သည့် ခရမ်းပြာရောင်ဗေဒါပွင့်တို့က ဆေးခြယ်ထားသည့် အစိမ်းဖောက်နှော ခရမ်းပြာရောင် ကော်ဇောကြီး ခင်းထားသလို၊ မျောပါလာသလို ထင်ရပုံမြင်ရပုံကို တက်မကိုင်က ပြောပြသည့်အခါ ထိုမြင်ကွင်းကို သန်မာ တွေ့ချင်မြင်ချင်မိ၏။

သောင်ခုံများ၊ တမ်းပါးစောက်များ၊ ကမ်းပါးပြတ်များ၊ ကလိုင်ကွေ့များ၊ ဝဲကတော့များ၊ ရေစီးရေသာများ တဖျပ်ဖျပ်ရိုက်ခတ်နေသည့် ရေယက်လေးများ၊ အစာရှာရန် ပျံဝဲနေကြသည့် စနိုက်ငှက်များ၊ ပိန်ညင်းငှက်များ၊ ရေတက်နှင့်မျောပါနေကြသည့် ဒိုက်ပင်အုံများ၊ ဗေဒါပင်၊ ဗေဒါအုံများ၊ ပရိယေသနဝမ်းစာအတွက် မြစ်ပြင်ကို လှော်ခတ်နေကြသည့် လက်ခတ်သမ္ဗန်များ၊ လှေများ၊ ကုန်မျိုးစုံ သယ်လာကြသည့် စက်တပ်လှေများ၊ စက်တပ် သမ္ဗန်များ၊ စက်တပ်ဘောက်တူများ၊ နည်းမျိုးစုံဖြင့် ငါးဖမ်းနေကြသည့် ငါးဖမ်းလှေများ။ ဤအရာတွေမြင်ရတော့ နဒီဒေဝီကို သန်မာသတိရလာသည်။ နဒီဒေဝီက ပုသိမ်နှင့်ရန်ကုန် ပြေးနေသည့် ကုန်တင်

BURMESE CLASSIC .com



ရေယာဉ် ။ ယခုသူစီးလာသည့် မာဂရက် သင်္ဘောကဲ့သို့ လှော်ချင်းရေယာဉ်။ နဒီဒေဝီတွင် သူသည်ငါးနှစ်ကျော် ရေပက်၊ ကြိုးချည်သင်္ဘောသား လုပ်ခဲ့သည်မဟုတ်ပါလား။

နဒီဒေဝီရေယာဉ်တွင် ထိုသို့သင်္ဘောသားလုပ်ခဲ့၍ ဒီရေအကြောင်း၊ ဒီရေ၏ သဘောသဘာဝ၊ နေလတို့၏ ဆွဲငင်အား၊ ဒီရေအတက်အကျ၊ ရေထရက်၊ ရေသေရက်၊ ရေကျချိန်၊ ရေတက်ချိန်တို့ကို သူတွက်ချက်တတ်လာခဲ့သည်။ သည်နေ့ ပြာသိုလပြည့်နေ့ဖြစ်၍ ရေထရက်ဖြစ်သည်။ မာဂရက်သင်္ဘောသည် ပုသိမ်မြစ် (ခေါ်) ငဝန်မြစ်ညာသို့ ခုတ်မောင်းနေခြင်းဖြစ်သော်လည်း ရေထရက် ရေတက်ဖြစ်နေ၍ တုံ့နှေးမှုမရှိ ပုံမှန်ဆန်တက်လျက်ရှိ၏။ သည်မြစ်ကို ပုသိမ်ပတ်ဝန်းကျင်တွင်သာ ပုသိမ်မြစ်ဟု ခေါ်ပြီး ပုသိမ်မြို့နှင့် ဝေးသွားသည်နှင့် ပုသိမ်မြစ်ဟုမခေါ်တော့၊ ငဝန်မြစ်ဟုပဲခေါ်ကြောင်း တက်မကိုင်က သန်မာအားရှင်းပြသည်။ သည်မြစ်က ရန်ကုန်မြစ်နှင့်မတူ။ ရန်ကုန်မြစ်ရေက အမြဲ နွံ့ရေကဲ့သို့ နောက်ကျိနေသည်။ ငဝန်မြစ်က ဒီဇင်ဘာလကုန်လောက်မှစ၍ အထက်ပိုင်းဒေသ မိုးမရွာမချင်း ကြည်လင်စိမ်းမြနေမြဲသာ။

မြောက်ပြန်မြစ်ဖြတ်လေက လှေဦးမှတိုးဝင်နေ၏။ မာဂရက်သင်္ဘော၏ စက်သံကလည်း ပုံမှန်ထွက်ပေါ်နေ၏။ နေ၏ အလင်းရောင်ကလည်း ပူပူလောင်လောင်မရှိတော့၊ ရာသီဥတုက နှစ်လိုဖွယ်ဖြစ်နေ၏။ ရာသီဥတု၏ သာယာမှုကြောင့် မာဂရက် သင်္ဘောပေါ်တွင် လိုက်ပါလာကြသူအားလုံး ငိုက်မျဉ်းအိပ်စက်နေကြပြီလားဟု ထင်မှတ်ဖွယ်ငြိမ်သက်နေသည်။ သင်္ဘောခုတ်မောင်းသည့်စက်သံ၊ တိုးညှင်းသော တရှဲရှဲမြည်နေသည့် သင်္ဘောဦးရေ ထိုးခွဲသံ

www.burmeseclassic.com

www.burmeseclassic.com



နှင့် တစ်ချက်တစ်ချက် ဝမ်းရေစုပ်ပန့်ဖြင့် ရေစုပ်သံ တက်မရေ ယက်သံသာ ကြားနေရသည်။ မျက်စိတစ်ဆုံးတွင် ခုတ်မောင်းလာသော ရေယာဉ်များမတွေ့ရသဖြင့် ဝေန်မြစ်ပြင် တစ်ခုလုံး တိတ်ဆိတ်နေခြင်းဖြစ်၏။ တကယ်တော့ မာဂရက် သင်္ဘောပေါ် လိုက်ပါလာသူအားလုံး အိပ်စက်လိုက်ပါလာကြခြင်း မဟုတ်ပါ။ ရာသီဥတုသာယာသဖြင့် အချို့မျက်လုံးဖွင့်၊ အချို့မျက်စိ မှေး၊ အတွေးကိုယ်စီဖြင့် လိုက်ပါလာခဲ့ကြခြင်းသာဖြစ်ကြပါ၏။

သန်မာလည်း အများနည်းတူ အတွေးရေလျဉ်ကြော မျောချင်လာမိသည်။ ကံကြမ္မာ အလှည့်အပြောင်းအရ စစ်တက္ကသိုလ်မတက်ရဘဲ အချုပ်ထဲရောက်ခဲ့ရသည့် ကိစ္စလည်းမတွေးချင်၊ ထိုကံကြမ္မာ အလှည့်အပြောင်းကြောင့်ပင် ချစ်ဦးသူ နန့်နှင်းဆီနှင့် လွဲခဲ့ရသည့် ကြေကွဲစရာအဖြစ်ကိုလည်း မတွေးချင်၊ သန်မာ ပျော်ရွှင်ကြည်နူးခဲ့ရသည့် ငယ်ဘဝတွေပဲ တွေးချင်လာမိသည်။

သန်မာ၏ အတွေးစိတ်တို့သည် မာဂရက်သင်္ဘောမှ ခွာကာ မြန်မာပြည်အထက်ပိုင်း ကချင်ပြည်နယ်ဆီ ပြေးသွားနေပြီလေ။ ။

အခန်း (၂)

## သားအချစ်မြေးအနှစ်

သန်မာ (၁၁) နှစ်သားအထိ အဘိုးဦးသံတိုင်နှင့် ကချင်ပြည်နယ်တွင် လှည့်လည်နေထိုင်ခဲ့၏။ အဘိုးဦးသံတိုင်သည် အရပ်မြင့်မြင့် ရုပ်ချောချောဖြစ်သကဲ့သို့ သန်မာထွားကျိုင်းသူလည်း ဖြစ်၏။ အဘိုးသည် ပခုက္ကူနယ်သားဖြစ်ပြီး အဖေ အမေကွယ်လွန်ပြီးနောက် တစ်ကောင်ကြွက်အဖြစ် ရွာတွင်မနေလိုတော့၍ ဗြိတိသျှတပ်မတော်၊ ဘားမားရိုင်ဖယ်တပ်တွင် အမှုထမ်းခဲ့သူ ဖြစ်၏။ သန်မာသိတတ် မှတ်တတ်သည့်အရွယ်ကစပြီး အဘိုးသည် သူ့အကြောင်းများကို အကြောင်းတိုက်ဆိုင်တိုင်း ပြောပြခဲ့သဖြင့် တစ်ခုတ်တစ်ရ မှတ်မိနေ၏။

အဘိုးစစ်သက်လေးနှစ်ခန့်အရတွင် မြန်မာနိုင်ငံကို ဂျပန် သိမ်း၍ အဘိုးတို့ ဘားမားရိုင်ဖယ်တပ်အပါအဝင် ဗြိတိသျှတပ် များ တမူးလမ်းမှ၊ အိန္ဒိယနိုင်ငံသို့ ဆုတ်ခွာခဲ့ကြရ၏။ ၁၉၄၃



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်တစ်နှစ်လုံး မဟာမိတ်တပ်များက မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ရန်အတွက် စစ်မျက်နှာသုံးမျက်နှာဖွင့်တိုက်ရန် စီစဉ်ခဲ့ကြ၏။ တောင်ပိုင်းစစ်မျက်နှာဖြစ်သည့် ရခိုင်ပြည်နယ်၊ ဘူးသီးတောင် မောင်တောလမ်းမှ တိုက်ခိုက်ရန်ဖြစ်ပြီး အလယ်ပိုင်း စစ်မျက်နှာက မဏိပူရနယ်၊ အင်ဖာမြို့ကို စစ်အခြေခံထား တိုက်ခိုက်ရေးဖြစ်၏။ မြောက်ပိုင်းစစ်မျက်နှာမှာ အမေရိကန်ပြည်ထောင်စု အင်ဂျင်နီယာတပ်များမှ ဗိုလ်မှူးချုပ် လူးဝစ်ဇ်အေဗစ် ကွပ်ကဲဖောက်လုပ်သည့် လီဒိုလမ်းမကြီးမှ ဝင်ရောက်တိုက်ခိုက်ရန် ဖြစ်၏။

ဂျပန်က အင်ဖာကို ထိုးစစ်ဆင်လာသဖြင့် ဂျပန်စစ်ကြောင်းနောက်ပိုင်းကို ဝင်ရောက်ပြီး အဖျက်လုပ်ငန်းများ လုပ်စေခြင်းဖြင့် ဂျပန်တပ်ဦးတန့်သွားစေရန် ပြောက်ကျားတပ်ဖွဲ့စည်းရန် စီစဉ်သည်။ ထိုပြောက်ကျားတပ်ကို ဗြိတိသျှ ဗိုလ်ချုပ်ဝင်းဂိတ်ကခေါင်းဆောင်ပြီး ထိုတပ်ကို "ချင်းဒစ်"တပ်ဟုခေါ်၏။ ထိုတပ်တွင် ဗြိတိသျှတပ်သား၊ ဂေါ်ရခါး တပ်သားနှင့် အဘိုးတို့ ဘားမားရိုင်ဖယ်တပ်မှ တပ်သားများဖြင့် ဖွဲ့စည်းခြင်းဖြစ်၏။ ထိုချင်းဒစ်ပြောက်ကျားတပ်ဖွဲ့တွင် အဘိုးပါဝင်ခွင့်မရ။ အဘိုး သူငယ်ချင်း တိုက်မောင်ပဲပါသွား၏။

၁၉၄၄ ခုနှစ် မတ်လအလယ်လောက်တွင် ဗိုလ်ချုပ်ဝင်းဂိတ်သည် အင်အားကြီးမားသည့် ချင်းဒစ်တပ်ကြီးဖွဲ့စည်းပြီး မြန်မာနိုင်ငံအထက်ပိုင်းတစ်နေရာ၊ ခြေကုပ်စခန်းတည်ရန် စီစဉ်သည်။ ထိုချင်းဒစ်ပြောက်ကျား တပ်ဖွဲ့တွင် အဘိုးပါခဲ့၏။ လီဒိုလမ်းမကြီးမှ ကုန်းကြောင်းခရီးဖြင့် ဝင်ရောက်သည့် ချင်းဒစ်တပ်ဖွဲ့တွင် အဘိုးပါဝင်ခဲ့၏။ ချင်းဒစ်တပ်ဖွဲ့ဝင်အချို့ကိုလည်း လေကြောင်းဖြင့် ပို့ပေး



ခဲ့သည်။ ဗိုလ်ချုပ်ဝင်းဂိတ်သည် အဘိုးတို့ ချင်းဒစ်တပ်ဖွဲ့ဝင် များကို စီမံခန့်ခွဲကွပ်ကဲနေခိုက် မတ်လ ၂၄ ရက်နေ့တွင်အိန္ဒိယ နိုင်ငံသို့ ခေတ္တပြန်စဉ် လေယာဉ်တောင်နှင့်တိုက်မိပြီး အသက်ဆုံးရှုံးခဲ့ရသည်ဟု အဘိုးကသန်မာကို ပြောပြခဲ့သည်။

အဘိုးဦးသံတိုင်သည် ဂျပန်ဆုတ်သွားတော့ တပ်မှ ထွက်ခဲ့၏။ ကချင်ပြည်နယ်အနှံ့ မုဆိုးဘဝဖြင့် ကျင်လည်ရင်း ဗန်းမော်မြို့မှ ရဝမ်တိုင်းရင်းသူ မခေါင်ခွာရ်နှင့်တွေ့ကာ အိမ်ထောင်ပြုခဲ့သည်။ သား လေးရာမာဖုန်မွေးပြီးနောက် ဇနီးမခေါင်ခွာရ်သည် မီးယပ်ရောဂါဖြင့် တရှောင်ရှောင်ဖြစ်လာပြီး ရာမာဖုန် နှစ်နှစ်သားအရွယ်တွင် မခေါင်ခွာရ် ကွယ်လွန်ခဲ့၏။ အဘိုးသည် သားရာမာဖုန်ကို ရင် ဘတ်လွယ်ကျောပိုးရင်း၊ တောလည်ထွက်ရသည်။ သားကောင်နောက် လိုက်ရသည်။ တောကောင်ပစ်ရသည်။ ရာမာဖုန်ကလည်း လိမ္မာသည်။ သားကောင်ပစ်နေလျှင် အဲ့ခနဲတစ်ချက်မအော် ငြိမ်နေတတ်သည်။

ကိုသံတိုင်က ဇနီးမခေါင်ခွာရ်ကို ကျေးဇူးတင်နေမိသည်။ မခေါင်ခွါရ်သည် မီးယပ်ရောဂါခံစားနေရသော်လည်း သားလေးရာမာဖုန်ကိုတော့ နို့ဝအောင် နို့ကောင်းကောင်းတိုက်ပေးနိုင်ခဲ့သည်။ မခေါင်ခွာရ်၏ နို့ကောင်းသဖြင့် ရာမာဖုန်လေးက ဝဝကစ်ကစ်နှင့် ချစ်စရာလေးဖြစ်နေသည်။ မခေါင်ခွာရ်သည် သားလေးရာမာဖုန်ကို နို့ဖြတ်ပြီး နောက်မှ ကွယ်လွန်သွားခဲ့ခြင်းကို ကိုသံတိုင်က ကျေးဇူးတင်နေမိခြင်းဖြစ်သည်။ နို့တိုက်နေရသည့် အချိန်တွင်သာ မခေါင်ခွာရ်ကွယ်လွန်သွားခဲ့လျှင်၊ ရာမာဖုန်လေးက

www.burmeseclassic.com

www.burmeseclassic.com



နှီးဆာ၍ ငိုကြွေးနေခဲ့လျှင်၊ ရင်မီးတောက်အောင် ဝမ်းကွဲအောင် ကိုသံတိုင် စိတ်ဆင်းရဲရလိမ့်မည်ထင်သည်။

ရာမာဖုန်က သန္ဓေကောင်း၏။ သူ့အမေနို့ကောင်း၍၊ သူ့ ဝမ်းရောဂါကင်း၍ ထင်သည်။ ငိုကြွေးခြင်းမရှိ၊ အေးအေးဆေးဆေး တက်ဝံလေးလို ငြိမ်ငြိမ်သက်သက်ပဲနေသည်။ အရယ်အပြုံးလည်း နည်းသည်။ သူ့အဖေက ကျွေးလျှင်စားသည်။ မကျွေးလျှင်လည်း ပူဆာခြင်းမရှိ။ ကျွေးသည့်အချိန်မှာစားသည်။ ရေဆာလျှင်တော့ သူ့ဘာသာသူ ခပ်သောက်သည်။ သူ့အကြောင်းသိနေတော့ သူ့အဖေက သူဆာလောက်ချိန် ကျွေးနိုင်အောင် ချက်ပြုတ်ကြော် လှော်၍ ရာမာဖုန်လေးကို ကျွေးရှာသည်။ ကိုသံတိုင်သည် နှစ်နှစ် ခန့်သာ ရာမာဖုန်၏ ချေးသေးကိစ္စအတွက် အပင်ပန်းခံခဲ့ရသော် လည်း ထိုကိစ္စကို ရာမာဖုန်ကသူ့ဘာသာသူ လုပ်တတ်အောင် ကြိုးစားလုပ်ပြီး သူ့အဖေကို ဒုက္ခမပေးတော့။ လမ်းလျှောက်နိုင် သည့် အရွယ်ရောက်လာတော့လည်း ရာမာဖုန်လေးက သူ့အဖေ၏ အချီအပိုးမခံတော့။ ညောင်းနေပေမယ့် ကြိုးစားလျှောက်ရှာသည်။ သူတတ်နိုင်သမျှ သူ့အဖေကို ကူညီလုပ်ကိုင်ပေးရှာသည်။

ကိုသံတိုင်သည် လိမ္မာရေးခြားရှိသည့် သားလေးအတွက် တောလိုက်မုဆိုးဘဝဖြင့် ဝင်ငွေကြိုးစားရှာခဲ့သည်။ သားလေး ငါးနှစ်ပြည့်သည်နှင့် မံသာရွာတွင်မထားတော့ဘဲ ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက် ဗောဓိလမ်းရှိ သူ့မိတ်ဆွေ တောအုပ်ကြီး အငြိမ်း စား ဇန်နန်ဆင်၏ အိမ်သို့ပို့ထားကာ ကျောင်းတက်စေခဲ့သည်။ ဇန်နန်ဆင်တွင်လည်း ရာမာဖုန်အရွယ်သားလေး ဇန်ဝီဖုန်ရှိ၍ သားလေးအတွက် ကစားဖော်၊ ကျောင်းသွားဖော်ရသွားသည်။

သားလေးရာမာဖုန်ကို ဗန်းမော်မြို့ထဲသို့ ပို့ထားခါစက ကိုသံတိုင် သူ့သားကို လွမ်းဆွတ်လွန်းသဖြင့် နေမထိထိုင်မတတ် ဖြစ်ခဲ့ရ သည်။ သည်းအူပြတ်အောင်လွမ်းဆွတ်ရတော့ လေးမြားလွယ်၊ တူမီးထမ်းကာ တောထဲဝင်ခဲ့ရသည်။ သားကောင် ပြေးရာလိုက် ပစ်ရင်း အလွမ်းပြေအောင် ဖြေခဲ့ရသည်။ ရလာသမျှ သားကောင် အစိုတွေ ရောင်းရသမျှရောင်း၊ အခြောက်လှမ်းရသမျှလှမ်းပြီး သား မျက်နှာ မငယ်ရအောင် ကိုသံတိုင်သည် တောအုပ်ကြီး ဇန်နန်ဆင် နှင့် ဒလန်ကိန်နင်တို့အိမ်သို့ အသားစို၊ အသားခြောက်များ မကြာ ခဏ ပို့ပေးခဲ့သလို သားသုံးဖို့ငွေများပါ မကြာမကြာပို့ပေးခဲ့ပါ သည်။

သားချစ်သည့် ကိုသံတိုင်၏ စေတနာကြောင့် ငွေလွယ် လွယ်သုံးတတ်လာသော ရာမာဖုန်သည် ဇန်ဝီဖုန်နှင့်အတူ အ လွယ်တကူငွေသုံးစွဲခဲ့ကြရာမှ လောင်းကစားတတ် အရက်သောက် တတ်လာကြသည်။ တစ်ဘက်က အပျော်အပါး ဖက်လာသည်နှင့် ကျောင်းစာဘက်ကညံ့လာသည်။ စာညံ့လာတော့ ကျောင်းမပျော် တော့၊ ကိုးတန်းရောက်သည့်နှစ်တွင် ရာမာဖုန်နှင့် ဇန်ဝီဖုန်တို့သည် ကျောင်းမတက်ကြတော့ဘဲ ဖားကန့်သို့ ကျောက်စိမ်းသွားတူးကြ သည်။ တောအုပ်ကြီး ဇန်နန်ဆင်နှင့် ကိုသံတိုင်တို့ လိုက်ရှာပေမယ့် ရှာမတွေ့တော့။ ကာမိုင်း၊ ဖားကန့်သို့ တောမှော်၊ ဝေ့ခါ၊ တာမခံ၊ လုံးခင်းဒေသများသို့ လှည့်ရှောင်နေကြတော့ရှာသူ လူကြီးနှစ် ယောက် လက်မြှောက်သွားခဲ့ကြသည်။ ကိုသံတိုင်လည်း သားစိတ် နှင့် အပြင်းဖျားကာ ဗန်းမော်ဆေးရုံ တက်ရသည်အထိဖြစ်သွားခဲ့သည်။

သူဆေးရုံပြန်ဆင်းလာတော့ သားကိုလွမ်းသည့်စိတ်တွေ အနည်ထိုင်လာသလိုရှိလာသည်။ သူ့အမှား သူလည်းသိသလို ရှိလာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သားအတွက် သူရှာပေးခဲ့သည့် ငွေများသည် သားဘဝ ပျက်အောင် ဖန်တီးလိုက်ကြပြီကို နားလည်လာသည်။ တစ်ခါမျှ မဖျားမနာဖူး၍ သူ့ကိုယ်သူ ကျန်းမာရေးကောင်းသည်ဟု ထင်ခဲ့သော သူသည်ဆေးရုံတက်လိုက်ရမှ သူ့ကိုယ်သူမပိုင်မှန်းသိလာခဲ့သည်။ သူ့ကိုယ်သူမပိုင်မှန်းသိလာချိန်တွင် သားကို သူ မပိုင်သည်မှာလည်း အဆန်းမဟုတ်ဟု နားလည်သဘောပေါက်လာမိသည်။ သူ့သဘောသူဆောင် သူ့အကြောင်းနှင့်သူပဲလေဟု သဘောထားကာ လုပ်စရာရှိသည့် အလုပ်ပဲ ဆက်လုပ်နေခဲ့သည်။

ငါးနှစ်ခန့်ကြာတော့ မံသာရွာအိမ်သို့ သားပြန်ရောက်လာသည်။ သားတစ်ဦးတည်းမဟုတ်၊ မယားနှင့်၊ သားနှင့် အိမ်ပေါ်တက်လာသည်။ ဇနီးနာမည်က မမြင့်ကြည်။ သားအောက်နှစ်နှစ်လောက်ငယ်ပေလိမ့်မည်။ ကလေးက မွေးကင်းစသာသာ။ အိမ်ခြံဝန်းထဲအဝင်။ ကလေးကို ဆွဲဆိတ်လာသလားမသိ။ ကလေးက အသံပြာအောင်ငိုနေပြီ။ အဘိုးဦးသံတိုင်က သူ့မြေးကိုယူချီလိုက်တော့ အငိုချက်ချင်းရပ်သွားသည်။ အဘိုး၏မျက်နှာ ငွေလကို အဘယ်တိမ်ညိုမည်းသည် ဖုံးအုပ်နိုင်တော့ပါမည်နည်း။ အဘိုးက ကလေးနာမည် ဘယ်သူလဲဟု မေးတော့ နာမည်မပေးရသေးဘူးဟု သားနှင့်ချွေးမက ပြိုင်တူပြောသည်။

“မောင်သန်မာ”ဟုအဘိုးက မဆိုင်းမတွပြောလိုက်သည်။ အဘိုးဦးသံတိုင်က အိမ်ပေါ်တက်လာသည့် အရိုးပေါ် အရေတင်ဖြစ်နေသော သားရာမာဖုန်ကဲ့သို့ သူ့မြေးဖြစ်သွားမှာစိုးဟန်ရှိသည်။ ထို့ကြောင့် အဘိုးဦးသံတိုင်က မြေးထီးလေး မောင်သန်မာကို အန္တတ္တသညာမှည့်ခေါ်လိုက်ခြင်း ဖြစ်ပေလိမ့်မည်။ အမှန်တကယ်



လည်း သန်မာကသောကြာသား။

မောင်သန်မာကလည်း နာမည်နှင့်လိုက်အောင် သန်မာပါပေ၏။ သူ့အမေမမြင့်ကြည် နို့ကောင်း၍ထင်သည်။ တစ်နေ့တခြား သူ့အဖေငယ်ငယ်တုန်းကနှင့်တူလာသည်။ ချောင်းဆိုး၊ နှာချေ၊ ဝမ်းဖော၊ လေအောင့်ပင်မဖြစ်။ မိုးဦးကျ မျှစ်စို့ကြီးကဲ့သို့ ကြီးလာသည်။ ထွားလာသည်။ မောင်သန်မာလေးက နာမည်နှင့်လိုက်အောင် သန်မာနေပေမယ့် သူ့အဖေရာမာဖုန်က တစ်နေ့တခြား ချုံချာလာသည်။ ငှက်ဖျားရောဂါက ပျောက်လိုက်၊ ပေါ်လာလိုက်နှင့် အမြစ်ပြတ်ခြင်းမရှိ။ သူတို့ ရှာလာသမျှသူဆေးကုတာနှင့် ကုန်နေသည်။ မြေးလေးကို ချစ်လွန်းသောအဘိုးသည် မြေးကို ချီလိုက်၊ ချော့လိုက်၊ မြှူလိုက်၊ မြေးနှင့်စကားပြောလိုက်ဖြင့် အချိန်တွေကုန်သွားပြီ။ အဘိုးနှင့်မြေးလေး တွေ့သည်မှာ နှစ်လကျော်၊ သုံးလခန့်ရှိသွားပြီ။ တစ်နေ့မျှ တောလိုက်မထွက်။ မြေးနှင့်သာ အချိန်ကုန်နေသည်။ သားကျတော့ တစ်နေ့မျှ ဆေးခန်းလိုက်မပို့ဖူးခဲ့။ ဆေးရုံတင်ထားပေမယ့် ဦးသံတိုင်သူ့သားကို တစ်ခေါက်သွားမကြည့်ခဲ့။

ဦးသံတိုင်သည် မြေးလေးမောင်သန်မာနှင့် ပျော်မြူးနေစဉ် ချွေးမမမြင့်ကြည် အိမ်ပေါ်အပြေးတက်လာပြီး အဖေ့သားဆေးရုံတွင် ဆုံးပြီဟုလာပြောတော့ ဦးသံတိုင်ပါးစပ်အဟောင်းသားနှင့် ကျောက်ရုပ်လိုဖြစ်သွားသည်။ သူ့ရင်ထဲတွင်တော့ မီးတောင်ကြီးပေါက်ကွဲနေသကဲ့သို့ ချော်ရည်ပူတွေ ပန်းထွက်နေသကဲ့သို့ ခံစားနေရပြီ။ သူ့စေတနာကို အလေးမထားခဲ့သော သားရာမာဖုန်ကို ဥပေက္ခာပြုသကဲ့သို့ နေခဲ့မိသည်။ ဆေးရုံတက်သည့်နေ့မှ စပြီး

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်သွားကြည့်သင့်ပါလျက် တစ်ရက်တစ်ခါမျှပင် သွားမကြည့်မိခဲ့သည့် မိမိ၏အပြစ်များကို နောင်တရ၍မဆုံးတော့။ ဦးသံတိုင်သည် မောင်သန်မာလေးအား သူ့မိခင်ကိုပေးခဲ့ပြီး ဆေးရုံသို့အပြေးသွားမိပြီ။

မျက်တွင်းဟောက်ပက်ဖြစ်ကာ ပါးရိုးများငေါငေါထွက်ပြီး ဗာမွှဌာန်းရုပ်ဖြစ်လျက် အသက်ပျောက်နေသော သားရာမာဖုန်အလောင်းကိုဖက်ပြီး ဦးသံတိုင် ကြုံကြုံပါအောင်ငိုမိသည်။ ဦးသံတိုင်သည် အားရအောင် ငို၍ဝသွားမှ ဆေးရုံက တာဝန်ရှိသူထံသွားရောက်စုံစမ်းကြည့်တော့ ငှက်ဖျားပိုးဦးနှောက်ထဲရောက်ပြီးဆုံးသွားတာဟုသိရသည်။

ဦးသံတိုင်သည် သားအတွက် ရက်လည်ဆွမ်းကပ်ပြီးနောက် သုံးလကျော်နားထားသည့် မုဆိုးအလုပ်ကိုမလုပ်ချင်ဘဲ လုပ်ရတော့သည်။ တကယ်တော့ ဦးသံတိုင်သည် မြေးလေးမောင်သန်မာ၏အနားမှ တစ်ဖဝါးမျှ မခွာချင်ပါ။ သားအစားပါ မြေးလေးကို တိုးချစ်နေမိသည်။ မြေးလေးမောင်သန်မာကို သူ့အဖေ ငယ်ငယ်ကကဲ့သို့ ရင်ဘတ်တွင်လွယ်၍ ကျောမှာပိုးကာ အမဲပစ်ထွက်ချင်သည်။ မြေးလေးက ငယ်လွန်းသေးတော့ နို့စို့နေဆဲအရွယ်ဆိုတော့ အဘိုးဦးသံတိုင်တောထဲသို့ ဇွတ်တရွတ်ခေါ်မသွားရဲ။ နို့ဆာ၍ ငိုများငိုလျှင် အခက်မဟုတ်လား။ ပြီးတော့ သူ့အမေကလည်း သူ့သားကို ငယ်လွန်းသေးတော့ သူ့အဘိုးနှင့်ထည့်လိုက်စရာအကြောင်းမရှိ။ ဦးသံတိုင်သည် လွန်ခဲ့သည့် သုံးလကကဲ့သို့ အိမ်မှာနေ၍ မဖြစ်တော့။ သားချောပနကတိစ္စ၊ ဆွမ်းသွတ်သည့်ကိစ္စများကြောင့် ငွေလည်းအတော်ကုန်သွားပြီ။ ငွေရဖို့



အတွက် တောပစ်ထွက်ရမည်မဟုတ်ပါလား။

ဦးသံတိုင်တောလည်ရာမှ ပြန်လာတော့ အိမ်တွင်လူစိမ်းနှစ်ယောက်ရောက်နေသည်ကို တွေ့ရ၏။ တကယ်တော့ လူစိမ်းမဟုတ်ပါ။ ချွေးမ မမြင့်ကြည်၏ ညီမရင်းချာမမြင့်ရီနှင့် ၎င်း၏ခင်ပွန်း ကိုသန်းဇော်တို့ဖြစ်ကြပါ၏။ မမြင့်ကြည်တို့ ညီအစ်မသည် သူတို့အစ်ကို ကိုမြင့်သိန်းနှင့်အတူ ဖားကန့်သို့လိုက်လာပြီး ကျောက်စိမ်းရောင်းကြခြင်းဖြစ်၏။ သူတို့အစ်ကို ကျောက်စိမ်းတူးရင်းတွင်းပိသေတော့ မမြင့်ကြည်က ရာမာဖုန်ဖြင့် လက်ထပ်သကဲ့သို့ မမြင့်ရီကလည်း ဖားကန့်မှော်တွင် ကျောက်စိမ်းလာတူးသူ ကိုသန်းဇော်နှင့်လက်ထပ်ခဲ့ကြ၏။ မမြင့်ကြည်တို့၏ ဇာတိမှာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ဖြစ်ပြီး ကိုသန်းဇော်၏ ဇာတိမှာ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့မှဟုသိရ၏။

ရွှေ့ကံတရားကား ဆန်းကြယ်လွန်းလှ၏။ ရာမာဖုန်နှင့်ကျောက်အတူသွားတူးသူ ဇန်ဝီဖုန်သည် ကျောက်အကြီးအကျယ်ပွင့်ပြီး မြစ်ကြီးနားမြို့တွင် အိမ်ဝယ်နေထိုင်ကြောင်းသိရသည်။ မျိုးနွယ်တူ ရဝမ်အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ကာ သန်မာလေးအရွယ် သားတစ်ယောက်ရနေပြီ။ ရာမာဖုန်ကကျောက်စိမ်းမယ်မယ်ရရမပွင့်ဘဲ ငှက်ဖျားရောဂါကြောင့် ကွယ်လွန်ခဲ့သည်။ ရာမာဖုန်၏ ယောက်ဖ ကိုမြင့်သိန်းခများလည်း ကျောက်မပွင့်ဘဲ ကျောက်တွင်းပိ၍ သေရှာပြီ။ ရာမာဖုန်၏ မယားညီအစ်ကိုကိုသန်းဇော်က ကျောက်စိမ်းသိန်းကျောက်ရပြီး မိနား၊ မံနောင်၊ မံဖာ၊ မံသာရွာတွေမှာ အိမ်ဝယ်ဖို့ လိုက်ရှာနေ ရောက်နေခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးသံတိုင် စဉ်းစားရပြီ။ အထူးသဖြင့် သားကိုယ်စား သားကိုယ်ပွားမြေးလေး မောင်သန်မာအတွက် စဉ်းစားရပြီ။ သူ့အသက်ခြောက်ဆယ်နား ကပ်နေပြီ။ သူနေရလှ နောက်ထပ် ဆယ်နှစ် ဆယ့်ငါးနှစ်ပေါ့။ မြေးလေးမောင်သန်မာအတွက် သူ ဘယ်လောက်လုပ်ပေးနိုင်မှာမို့လဲ။ ဘယ်လောက်အတူနေနိုင်မှာ မို့လဲ။ သူ့အမေတစ်ယောက်တည်းနှင့် ထားခဲ့ရမှာလည်း ဦးသံတိုင် စိတ်မချနိုင်။ ချွေးမလေးက လည်လည်ဝယ်ဝယ်မဟုတ်။ ရိုးရိုး အအ။ ပြီးတော့ ကျန်းမာရေးက ကောင်းလှသည်မဟုတ်။ ပန်းနာ ရင်ကျပ်ရောဂါရှိသည်။ ချွေးမညီမမမြင့်ရီကမှ ပါးပါးနပ်နပ် လည်လည်ဝယ်ဝယ် ရှိသေးသည်။ သူ့တူမောင်သန်မာလေးကို တအားချစ်ပုံရသည်။

ဦးသံတိုင် အိမ်ကလည်း ငါးပင်လေးခန်းနှစ်ထပ်အိမ်။ အိမ်ကျယ်တော့ လူများဖို့ကောင်းသည်။ အထူးသဖြင့် ဆွေမျိုး ရင်းချာများဖို့ကောင်းသည်။ အထူးသဖြင့် မြေးလေးမောင်သန်မာ အတွက် ဆွေမျိုးရင်းချာများ လိုအပ်သည်။ ဦးသံတိုင်က သူ့ စိတ်ကူးကို ပြောပြလိုက်တော့ မမြင့်ရီတို့ အိမ်မဝယ်ဖြစ်တော့။ မြေးလေး မောင်သန်မာနှင့်အတူနေဖြစ်သွားကြပြီ။

မိန်းမ၊ အရက်၊ မူးယစ်ဆေးဝါး၊ လောင်းကစားနှင့် ကျောက်မျက်ရတနာရှာဖွေသည့် အလုပ်များသည် ပင်လယ် ဆားငန်ရေနှင့် တူသည်ဟု ဦးသံတိုင်ထင်၏။ ထို့ကြောင့် ဦးသံတိုင် သည် ထိုကိစ္စများကို ဝါသနာမပါအောင် ဝေးဝေးကရှောင်ခဲ့၏။ ပင်လယ်ဆားငန်ရေသည် သောက်မိသည်နှင့် အာသာမပြေ၊ မဝ လေတော့။ သောက်ပြီးရင်း သောက်ချင်နေတတ်သည်။ ခုလည်း



ကြည့်၊ သူတို့ရှိသည့်ငွေနှင့် မံသာရွာတွင် ဘာလုပ်ကိုင်စားစား ရပါလျက် ကိုသန်းဇော်က ဖားကန့်မျော်ပြန်ချင်သည်။ မံသာနှင့် ဖားကန့်သွားချည်လာလှည့် လုပ်ချင်သည်။ ကိုသန်းဇော် ဖားကန့် ပြန်သွားတော့ သူ့ဇနီး မမြင့်ရီလည်း လင့်နောက်ဆံထုံးပါ လိုက်သွားရှာသည်။ ဦးသံတိုင်၏ ရည်ရွယ်ချက်မမြောက်၊ သုံးလ တစ်ခါ လေးလတစ်ခါ ပြန်လာ၍ တော်သေးတော့သည်။

မောင်သန်မာလေး နို့ဖြတ်သည်နှင့် ဦးသံတိုင်က သူ့မြေး ကိုလည်း သူနှင့်အတူ ခေါ်သိပ်ကာ၊ ကလေး၏ ချေးသေးကအစ တာဝန်ယူတော့သည်။ သူ့သားရာမာဖုန်ကို ပြုစုဂရုစိုက်ခဲ့သည် ထက် ပိုမိုပြုစုဂရုစိုက်ခဲ့သည်။ မောင်သန်မာ အရွယ်လေးရသည် နှင့် ဦးသံတိုင်သည် သားရာမာဖုန်ကဲ့သို့ပင် ရင်ဘတ်လွယ်၊ ကျောပိုး ကာ တောလည်ထွက်ရာတွင် ခေါ်သွားတော့သည်။ ဦးသံတိုင်၏ မျက်စိထဲတွင်၊ မောင်သန်မာလေးသည် ရာမာဖုန်နှင့် တစ်ထေရာ တည်းတူနေသည်။ သားနှင့်မြေးခွဲခြားမရတော့။

သို့ပေမယ့် ဦးသံတိုင်စိတ်ထဲ သားရာမာဖုန်မရှိတော့၍ အဖမဲ့သားလေး ဖြစ်နေ၍ပဲလားမသိ။ မောင်သန်မာလေးကို ပို၍ ချစ်နေမိသည်ထင်သည်။ ချစ်လွန်းအားကြီးတော့ မောင်သန်မာကို သူသွားလာရာ အရိပ်ကဲ့သို့ လိုက်ပါစေချင်မိသည်။

ဦးသံတိုင်သည် စစ်သားလူထွက်လည်းဖြစ်၊ မုဆိုးလည်း ဖြစ်သည့်အားလျော်စွာ စိတ်ကြမ်းကိုယ်ကြမ်း ယခင်က အစဉ် ရှိခဲ့ငြားသော်လည်း၊ ခုတော့ မြေးလေးမောင်သန်မာနှင့် ပတ်သက် ၍ စိတ်တွေတအားနူလာပြီ။ မြေးကိုချော့ဖို့ သိပ်ဖို့သီချင်းတွေရှာ၊ သီချင်းတွေဆို၊ သီချင်းတွေ ညည်းတတ်လာပြီ။ မြေးကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့အိပ်ရာဝင်ပုံပြင်တွေ စဉ်းစားရှာဖွေတတ်လာပြီ။ သူ့မြေးလေးအပေါ် ချစ်သည့်အချစ်၊ ထားသည့်မေတ္တာကို အတွေးနုနုတို့ဖြင့် တွေးတတ်တောတတ်လာခဲ့ပြီ။ ဦးသံတိုင်က သူ၏မြေးလေးမောင်သန်မာအပေါ် သူရှုနေကျလေထက်နှစ်လို၏။ သူသောက်နေကျရေထက် ခုံမင်၏။ သူဝတ်နေကျ ခါးဝတ်ပုဆိုး၊ ဘောင်းဘီထက်မြဲမြံစွာ ထွေးပိုက်ထားလို၏။ သူစားနေကျ ထမင်းထက်သဘောကျ၏။ သူတပ်မက်သည့် အိပ်ခြင်းထက်လည်း တွယ်တာ၏။ သူနှစ်သက်သော သီချင်းထက်လည်းနှစ်သက်၏။ အို သူပျော်မွေ့သည့် မှုဆိုးအလုပ်ထက်ပင် ချစ်မြတ်နိုးနေမိပါလားဟု တွေးမိတော့ ဦးသံတိုင် သဘောကျလွန်းစွာ အားရပါးရ ပြုံးဖြစ်ရယ်ဖြစ်သွားပါသည်။

သားအချစ်မြေးအနှစ်ဟူသော ရှေးလူကြီးများ၏ စကားသည်မှန်လိုက်လွန်းလေစွတကား။

××× ××× ×××

အခန်း (၃)

## အကြွေးရှိလျှင် ဆပ်ရမည်

အဘိုးဦးသံတိုင်သည် သားရာမာဖုန်နှင့်ပတ်သက်၍ သင်ခန်းစာများစွာရလိုက်၏။ သူ့သားသည် ငယ်ငယ်ကဝဝ ကစ်ကစ်နှင့် ချစ်စရာလေးဖြစ်ခဲ့သော်လည်း ကြီးလာသည့်အခါ ရုပ်ခန္ဓာသန်စွမ်းကြံ့ခိုင်အောင် လေ့ကျင့်မပေးခဲ့သည်မှာ သူ့အမှားဖြစ်သည်ကို ဦးသံတိုင်သင်ခန်းစာရလိုက်၏။ ထို့အတူ သားလေးရာမာဖုန်စိတ်ဓာတ်ကြံ့ခိုင်အောင်လည်းသူ မပြုစုမပျိုးထောင်မိခဲ့။ အဆိုးဝါးဆုံးက ပိုက်ဆံကို အရွယ်နှင့်မမျှအောင် သုံးစွဲစေခဲ့မိခြင်းဖြစ်ပါ၏။

အဘိုးဦးသံတိုင်သည် မြေးလေးမောင်သန်မာနှင့် ပတ်သက်၍ ထိုအမှားမျိုး ထပ်မံ၍မဖြစ်စေရတော့ဟု ဆုံးဖြတ် ထား၏။ သစ်ပင်တစ်ပင်ဖြစ်ထွန်းရန်အတွက် မျိုးစေ့မှန်ဖို့ ကောင်းဖို့လိုအပ်သကဲ့သို့ မြေကောင်းဖို့လည်းလိုအပ်၏။ ရေရဖို့လည်း လိုအပ်၏။



www.burmeseclassic.com

www.burmeseclassic.com



လေရဖို့လည်းလိုအပ်၏။ နေရဖို့လည်းလိုအပ်၏။ မြေဩဇာ ကျွေးဖို့လည်းလိုအပ်၏။ မြေဆွပေါင်းသင်ဖို့ လိုသလို၊ ပိုးမွှားကင်းစင်အောင် ဆောင်ရွက်ပေးဖို့လည်း လိုအပ်၏။ သစ်ပင်သာမဟုတ် သက်ရှိသတ္တဝါအားလုံး ရေ၊ မြေ၊ လေ၊ မီးဓာတ်ကြီး လေးပါးနှင့် ကင်းကွာမရကြောင်း ဦးသံတိုင်အတွေ့အကြုံအရ ကောင်းကောင်း သိ၏။

သူ့မြေးလေးမောင်သန့်မှာ ရုပ်ခန္ဓာသန်စွမ်းကြံ့ခိုင်အောင်၊ ရောဂါဘယခံနိုင်ရည်ရှိအောင် တစ်နှစ်ခွဲ နှစ်နှစ်အရွယ်မှစ၍ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးနှင့် ထိတွေ့နေအောင်ထားပေးခဲ့သည်။ ထိုသို့ထားရာတွင် ဘူးသီးနုနုအမွေးသပ်သည်မျိုး ဖြစ်မသွားရအောင်လည်း ဦးသံတိုင်အထူးဂရုစိုက်ခဲ့၏။ လူကောင်းလူသန်မှာ ဖြစ်အောင်လုပ်ဖို့ကလည်း နည်းနည်းမှု အမှားမခံသည်ကို အဘိုးဦးသံတိုင်သိပါ၏။

မီးအပြကောင်းတော့ သံရိုင်းစင်စစ် သံမဏိဖြစ်ခဲ့ပြီ။ မောင်သန့်မှာ မြေမကြောက်၊ ရေမကြောက်၊ လေမကြောက်၊ နေမကြောက်တော့၊ မိုးမကြောက်၊ နှင်းမကြောက်တော့။ နှင်းဘယ်လောက်ပိပိ၊ မိုးဘယ်လောက်မိမိ၊ နေဘယ်လောက်ထိထိ၊ ဖျားတာနာတာမရှိတော့။ နှာစေးချောင်းဆိုး အလျဉ်းမဖြစ်တော့၊ အဆိပ်မြည်းတာကြာ၍ အဆိပ်ပြီးသွားတာမျိုးလေလား။ ဘာပဲဖြစ်ဖြစ် မောင်သန့်မှာ၏ ရုပ်ခန္ဓာက ပစ်တိုင်းထောင်ဖြစ်သွားခဲ့ပြီ။

အဘိုးဦးသံတိုင်က မောင်သန့်မှာ မိမိဘာသာ လက်ဖောက်မှောက်နိုင်သည့် အရွယ်ကစပြီး လက်ထောက်မှောက်ခြင်း၊ တန်းဘားလွှဲခြင်း၊ ရိန်းဘားဆွဲခြင်းတို့ကို လုပ်ခိုင်း၏။ အဘိုး၏



ခြံထဲတွင် တန်းဘားလည်းလုပ်ထားပေး၏။ ရိန်းဘားလည်း လုပ်ထားပေး၏။ လုပ်နိုင်သည့် အရေအတွက်က တန့်မနေရ၊ ရပ်မနေရ။ နေ့စဉ် တတ်နေရမည်။ တိုးနေရမည်။ အဘိုးဦးသံတိုင်ကိုယ်တိုင်လည်း အသက်ခြောက်ဆယ်ကျော် ခြောက်ဆယ့်ငါးကပ်နေပြီ။ နေ့စဉ် လက်ထောက်မှောက်လေ့ကျင့်ဆဲ။ တန်းဘား လွှဲဆဲ၊ ရိန်းဘားဆွဲဆဲ။

အဘိုးဦးသံတိုင်သည် မောင်သန့်မှာ လမ်းကော်င်းကောင်းလျှောက်နိုင်သည့် အရွယ်ကစပြီး သာမန်လျှောက်၊ အမြန်လျှောက်၊ အပြေးမျိုးစုံအောင် သင်ပေးခဲ့သည်။ မြေပြင်လျှောက်၊ ကန်သင်းရိုးလျှောက်၊ တောတွင်းလျှောက်၊ စမ်းချောင်း ဖြတ်၊ ချုံတိုး၊ တောင်တက်တတ်အောင်ပါသင်ပေးခဲ့သည်။ တောမျိုးစုံသွား၊ တောင်မျိုးစုံတက်ခဲ့တော့ မောင်သန့်မှာ၊ အရွယ်နှင့်မလိုက်အောင် အမောလုံလာသည်။ မပင်မပန်း မညောင်းမညာသွားနိုင်လာနိုင်လျှောက်နိုင်လာသည်။ ဆာလောင်မှု ဒဏ်ပါခံနိုင်လာသည်။ အရပ်အမောင်းလည်း အရွယ်နှင့်မမျှအောင် မိုးထိုးလာသည်။ ကိုယ်လုံးကိုယ်ထည်ကလည်း အရပ်နှင့်လိုက်ဖက်အောင် ထွားကျိုင်းသန်မာလာခဲ့သည်။

မောင်သန့်မှာသည် ဆယ်နှစ်သားအထိ အဘိုးတောလည်ရာ မိုးလယ်ချောင်းနှင့် တပိန်မြစ်အကြား နေရာစုံရောက်ခဲ့ဖူး၏။ ဒေါဖွန်းယန်း၊ ဝန်းကျိုးမြို့သစ်သို့လည်း ရောက်ဖူး၏။ တပိန်မြစ်နှင့် နမ့်စရိခ၊ ချီရိခကြား နေရာစုံ တောလည်ခဲ့ဖူး၏။ မြစ်မောက်၊ ကလဲချက်၊ ထန်းဟွန်းနှင့် စိန်းလုံကဘားလွှိုဂ်ျသို့လည်း ရောက်ဖူး၏။ စိန်းလုံတောင်တန်းရှိ ပေ ၇၉၀၀ ခန့်မြင့်သည့် နရှာဘွမ်တောင်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပေ ၆၇၀၀ ကျော်မြင့်သည့် ဂျန်မဲဘွမ်တောင်များပေါ် သို့လည်း အဘိုးနှင့်တက်ဖူးသည်။ တောင်ထိပ်ပေါ် ရောက်တော့ လေကောင်း လေသန့်ကို တစ်ဝရှူရင်းတောင်အောက်ကို ငုံ့ကြည့်မိသကဲ့သို့ ကောင်းကင်ကိုလည်း မော့ကြည့်မိ၏။ တကယ်တော့ မောင်သန်မာ အနေဖြင့် သူ့အရွယ်နှင့် တောင်ထိပ်ပေါ် ရောက်နေမိသည်မှာ အိပ်မက်ပမာဖြစ်နေသည်။ တောင်ခိုးတွေဝေ၊ မြူငွေ့တွေဆိုင်း၊ တိမ်တွေနှင့်နီးနေသည့် တောင်ထိပ်ပေါ်မှာ သူပျော်နေသည်။ သူ့ရင်ထဲ၊ သူ့အသိထဲ၊ သူ့ခေါင်းထဲ စွဲသွားသည်က တောင်ကြီး ဖဝါးအောက်ရောက်ခဲ့ခြင်းသည် သူ၏ဇွဲလုံ့လ၊ ဝီရိယ၊ သတ္တိ တို့ကြောင့် ဖြစ်သည်။ "သွားလျှင်ရောက်သည်။ လုပ်လျှင်ဖြစ်သည်" ဟူသည့် အတွေးပဲဖြစ်သည်။

အဘိုးသည် မောင်သန်မာလေးအား ရုပ်ခန္ဓာသန်စွမ်း အောင်၊ ယုံကြည်မှုရှိအောင် စိတ်ဓာတ်ခွန်အားကောင်းအောင် တောလည်ခြင်း၊ တောင်တက်ခြင်းတို့ဖြင့် တစ်ချက်ခုတ်နှစ်ချက် ပြတ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မောင်သန်မာလေး သည် မည်မျှရုပ်ဓာတ်၊ စိတ်ဓာတ်သန်မာခဲ့သနည်းဟူမူ အဘိုးသည် တောလည်ထွက်လျှင် တောစီးဖိနပ် သို့မဟုတ် တာယာဖိနပ်စီး ပေမယ့် မောင်သန်မာလေးက သူစီးဖို့ပေးထားသည့် တာယာဖိနပ် ကိုပင် စီးချင်မှစီးသည်။ ဖိနပ်မပါ ခြေဗလာဖြင့် သူ့အဘိုးနောက် တောလည်ရာသို့ လိုက်သွားချင် လိုက်သွားတတ်သည်။ ထို့ကြောင့် လည်း သူ့ခြေဖဝါးများက ကျားလျှာကဲ့သို့ ဖြစ်နေပြီ။ တော်တော် တန်တန် ဆူးငြောင့်ခလုတ်မမှုတော့ပြီ။ လက်ဖဝါးများကလည်း ထိုနည်းလည်းကောင်းပင်၊ လက်ထောက်မှောက်၊ ရိန်းဘားဆွဲ၊



တန်းဘားလွှဲ၊ လေးတင်မြှားပစ်၊ သေနတ်ပစ်၊ သစ်ခုတ်၊ လှေဆွဲ ထားတော့ အသားမာတွေတက်ကာ ကြမ်းကြမ်းတမ်းတမ်း ဖြစ်နေ ပြီ။ ရုပ်ခန္ဓာက အရွယ်နှင့်မလိုက်အောင် သန်မာဖွံ့ထွားလှသည်။ သူ့ခြေထောက်များသည် ကြမ်းတမ်းမာကျောနေသကဲ့သို့ ခြေသလုံး များကလည်း တုတ်ခိုင်သန်မာနေသည်။ လက်မောင်းလက်ဖျံတို့ ကလည်း ကလေးနှင့်မတူအောင် ဖုထစ်သန်မာနေသည်။

အဘိုးက မောင်သန်မာ လေးနိုင် မြှားနိုင်၊ သေနတ်နိုင်၊ ဒူးလေးနိုင်၊ လှံနိုင်၊ ဓားနိုင်အရွယ်မှစ၍ လောက်စာလုံးနည်း၊ လောက် လေးပစ်နည်း၊ မြှားပစ်နည်း၊ ဒူးလေးပစ်နည်း၊ တူမီးသေနတ် ပစ်နည်း၊ မြောင်းဖြင့် မြှားမှုတ်နည်း၊ လှံပစ်နည်း၊ လှံထိုးနည်း၊ ပဲခွပ်ပုဆိန်သုံးနည်း၊ ဓားမြှောင်ပေါက်နည်း၊ ဓားရှည်ခုတ်နည်း၊ ယမ်းလုပ်နည်း၊ ကျည်လုပ်နည်းတို့ကို လက်တွေ့သင်ကြားပေး သည်။ ဗန်တို၊ ဗန်ရှည်သိုင်းပညာတို့ကိုပါ သင်ကြားပေးခဲ့သည်။ သင်ကြားပေးထားသည့် လက်နက်မျိုးစုံနှင့် တောလည်ရာတွင် လက်တွေ့လေ့ကျင့် သင်ကြားပေးခဲ့သည်။ သင်ယူလိုမှုကို လိုချင် စိတ်အားကြီးသော မောင်သန်မာသည် အတတ်မြန်ခဲ့သည်။ ထိုမျှ သာမကသေး၊ အဘိုးဦးသံတိုင်သည် တောထဲဝင်သည်နှင့်တွေ့သည့် အပင်ကို သေချာကြည့်ခိုင်း၊ မှတ်ခိုင်းပြီး ၎င်းအပင်၏အမည်နှင့် အပွင့်၊ အရွက်၊ အသီးတို့၏ အသုံးဝင်ပုံကို ရှင်းပြပြီး မှတ်ခိုင်းသည်။ တစ်ခါမှတ်ခိုင်းလျှင် သုံးလေးပင်သာ မှတ်ခိုင်းခြင်းဖြစ်သည်။ နောက်နေ့များတွင် ထိုအပင်တို့၏ အမည်၊ အရွက်၊ အပွင့်၊ အသီးတို့ အသုံးဝင်ပုံ ပြန်မေးသည်။ မှန်အောင်ဖြေနိုင်လျှင် တောသီးတောနှံ တစ်ခုခု ပေးတတ်ကြွေးတတ်သည်။ မှန်အောင် မဖြေနိုင်လျှင်တော့

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးဖြန့်ခိုးပြီး မဖြေနိုင်သည့် အရေအတွက်အတိုင်း ကြိမ်သေးသေးဖြင့် ခပ်ဆတ်ဆတ်ရိုက်လေ့ရှိသည်။ မောင်သန့်မာက တစ်ခါပဲ အရိုက်ခံသည်။ နောက်အရိုက်မခံရအောင် အသည်းစွဲမှတ်ထားလိုက်သည်။

အဘိုးကျေးဇူးကြောင့် မောင်သန့်မာမှုလတန်းကျောင်းသားအရွယ်၌ပင် အပင်မျိုးစုံအကြောင်း ကောင်းကောင်းသိနေပြီ။ အဘိုးသင်ပေး၍ လူတိုင်းမသိသည့် မျှစ်အကြောင်းလည်း မောင်သန့်မာ ကောင်းကောင်း သိနေပြီ။ မျှစ်ဆိုတိုင်း မျှစ်တွေ့တိုင်း ချိုးစား၍ ရသည်မဟုတ်။ လူတွေစားနိုင်သည့် မျှစ်က ဝါးရုံတိုင်းမရှိ။ ဝါးပိုး၊ ဝါးဖြူ၊ ကြသောင်း၊ သန၊ တင်းသိုက်၊ ကျွန်း၊ မြင်၊ ဇလော၊ အလောင်းစည်သူ၊ ဝါးနက်၊ ကောက်၊ ကြခတ်နှင့် ဝါးယား ဝါးတို့မှ ပေါက်သော မျှစ်သာစား၍ ရသည်။ မျှစ်ကို ရေအထပ်ထပ် မစိမ်ဘဲ စားမရ၊ စားမိလျှင် ပြင်းထန်သော အဆိပ်ဖြစ်ပေါ်တတ် သည်။ အနည်းဆုံး မူးဝေအော့အန်တတ်သည်။ အဘိုးအတွေ့ အကြုံတို့က များပါဘိခြင်း။

အဘိုးဦးသံတိုင် အတွေ့အကြုံများခြင်းမှာ ငါတွေ့သာ မဟုတ်။ စာတွေ့များကြောင့်လည်း ဖြစ်သည်။ ရောက်သည့်အရပ် တွေ့သည့်အရာကို နမော်နမဲ့မနေ၊ နမော်နမဲ့မထား။ သေချာမှတ်သားလေ့လာသည်။ စစ်သားဖြစ်ခဲ့ဖူးသူမို့ အရပ်တကာစုံအောင် ရောက်ဖူးတာလည်းပါသည်။ ထူးခြားသည်က အဘိုးသည် အိမ်မှာ နေလျှင် အားနေလျှင် စာအမြဲဖတ်နေလေ့ရှိသည်။ အဘိုးသည် လူတိုင်းနှင့်မတူ၊ အဘိုးသည် ရန်ကုန်မြို့ရှိ စာပေဗိမာန်တွင် အသင်းဝင်ထားသူ ဖြစ်သည်။ စာပေဗိမာန်က ပေးပို့ထားသော



စာအုပ်များ အဘိုးထံတွင် ရှိနေသည်။ ထိုစာအုပ်များကိုကြည့်ပြီး မောင်သန့်မာက အံ့ဩနေမိသည်။ မောင်သန့်မာ စာကောင်းကောင်း ဖတ်တတ်ချိန်တွင် အဘိုးစာအုပ်များကို ယူဖတ်ခဲ့ရာ အဘိုးပြောသော အချို့ကိစ္စများသည် ထိုစာအုပ်များတွင် ရေးထားသည်ကို ထူးဆန်းစွာ တွေ့ရှိရပါသည်။ အဘိုးသည် ထိုစာအုပ်များကို ဖတ်၍ ပြောခြင်းလည်းဖြစ်နိုင်ပါသည်။

မောင်သန့်မာသည် ယူဖတ်မိသည့် စာအုပ်အချို့မှာ သိရိပ္ပံချိဦးချိန်ဟိုရေးသားသည့် ဝါးစာအုပ်၊ ကျော်ကြီးရေးသည့် ဘေးမဲ့တော၊ ဖိုးကျော့ရေးသည့် ဆင်လုပ်သား၊ ဦးသန်းဆွေရေးသည့် သမိုင်းဝင်ပုဂံစေတီပုထိုးများ စသည်တို့ ဖြစ်ပါသည်။ စာပေဗိမာန်ထုတ်စာအုပ်များကို ဖတ်ကြည့်မိသည့်အခါမှ ဗဟုသုတလွန်စွာရကြောင်း မောင်သန့်မာ သိရှိနားလည်ခဲ့ရပါသည်။ အဘိုးဦးသံတိုင်သည် အင်္ဂလိပ်စကားပြော အလွန်ကျွမ်းကျင်ပါသည်။ အရေးအဖတ်လည်း ကောင်းပါသည်။ အဘိုးက မောင်သန့်မာအား ငါးနှစ်သားခြောက်နှစ်သားအရွယ်ကတည်းက မြန်မာစာ ကကြီး၊ ခခွေးသင်ပေးသလို၊ အင်္ဂလိပ်စာကိုလည်း အေဘီစီဒီ သင်ပေးပါသည်။ မောင်သန့်မာနှစ်တန်း သုံးတန်းရောက်တော့ အင်္ဂလိပ်သဒ္ဒါနှင့် သင်္ချာ အခြေခံတို့ကိုပါ နားလည်သဘောပေါက်သည်အထိ စိတ်ရှည်လက်ရှည် သင်ပေးခဲ့ပါသည်။ ထို့ကြောင့် အခြားကျောင်းသားများမသိမကျွမ်းသေးသည့် အင်္ဂလိပ်သဒ္ဒါ၊ အင်္ဂလိပ်စာသာမက သင်္ချာပါတော်နေ၍ အခြားကျောင်းသားများက မောင်သန့်မာကို အထင်ကြီးပြီး လေးစားခဲ့ကြပါသည်။

အဘိုးက သန့်မာကို စိတ်နေစိတ်ထားတတ်ရန်လည်း

www.burmeseclassic.com

www.burmeseclassic.com



သင်ပေးပါသည်။ လူတော်လူကောင်းဖြစ်ဖို့တွင် လူကောင်းဖြစ်ဖို့က အရေးကြီးကြောင်း၊ လူကောင်းဖြစ်ဖို့ ပထမကြိုးစားရမည်ဟု အဘိုးကပြောပါသည်။ လူကောင်းဖြစ်ဖို့အချုပ်က စိတ်ကောင်းနှလုံးကောင်းမွေး၊ ကြီးသူကိုရိုသေ၊ ရွယ်သူကိုလေးစား၊ ငယ်သူကို သနားရမည်။ လူလူချင်း ကြီးနိုင်ငယ်ညှဉ်းမလုပ်နှင့်၊ ကြီးနိုင်ငယ်ညှဉ်းလုပ်နေသည်ကို တွေ့လျှင်လည်း လက်ပိုက်မကြည့်နှင့်၊ အနိုင်ကျင့်ခံရသူဘက်က ဝင်ကူရမည်။ ဝင်ပါရမည်။ မတော်မတရားမလုပ်ရန်နှင့် မတော်မတရား လုပ်မှုကို ရှက်တတ်ကြောက်တတ်ဖို့လိုကြောင်းရှင်းပြပါသည်။ မောင်သန်မာသည် အဘိုးပြောသည့်အတိုင်း လူကောင်းဖြစ်ရန် တစိုက်မတ်မတ် ကြိုးစားကျင့်ကြံခဲ့ပါသည်။

မနေ့က အဘိုးက မြစ်ကြီးနား အရှေ့ဘက်၊ တရုတ်ပြည်နယ်စပ်နားရှိ ပေ ၉၆၀၀ ခန့်ရှိလဂေါင့်ဘွမ်တောင်နှင့် မြစ်ကြီးနားအရှေ့မြောက်ဘက် တရုတ်ပြည်နယ်စပ်နားရှိ ပေ ၁၀၀၀၀ ကျော်ခန့်ရှိ နော်ကူးဘွမ်တောင်တို့ကိုတက်ပြီး ပန်ဝါတောင်ကြားထိသွားပြီး ပြန်လာမည်ဟုပြောသည်။ အဘိုးက ထိုတောင်နှစ်တောင်နှင့် ပန်ဝါတောင်ကြားထိ ယခင်က တောလမ်းမှသွားဖူးခဲ့ပြီးပြီ။ ယခုမြေးလေးကို ခေါ်သွားမည်ဆိုတော့ ခရီးကဝေးလွန်းသဖြင့် တောလမ်းမှ မသွားတော့ဘဲ ဗန်းမော်ဘက်မှကသာသို့ ရေယာဉ်ဖြင့်သွားမည်။ ကသာမှ မြစ်ကြီးနားသို့ ရထားဖြင့်သွားမည်။ မြစ်ကြီးနားဟိုဘက်ကိုတော့ မြေးအဘိုးနှစ်ယောက် ခြေကျင်လျှောက်သွားကြမည်ဟု စိတ်ကူးထားသည်။ အဘိုးသည် တောလည်သွားလျှင် ဆင်၊ ကျား၊ ကျားသစ်၊ ဝက်ဝံ၊ တောဝက်မည်သည့် တိရိစ္ဆာန်မျှ



ကြောက်လေ့မရှိသော်လည်း အခနေ ၁ဖလိခြင်မကိုတော့ အဘိုးသည် တကယ်ကြောက်၏။ တောလည်း သွအိပ်သွားတိုင်း တစ်ယောက် အိပ်ခြင်ထောင် တစ်လုံးသယ်သွား လေ့ရှိ၏။ ယခုလည်း အဘိုးက မြေးအဘိုးနှစ်ယောက် အိပ်ရန် ခြ ်ထောင်တစ်လုံး သေချာထည့်နေပေပြီ။

ဗန်းမော်မြို့ထဲရောက်လျှင် လည်း ငှက်ဖျားကာကွယ်ဆေးဖြစ်သည့် ကွီနိုင်နှင့်မက်ပါကရင်ခေ ားပြားများအပြင် တောထဲတွင် လိုအပ်မည့် အခြားပစ္စည်းများပါ ယ်ပေဦးမည်။ ဗန်းမော်မြို့ထဲတွင် လိုချင်သည်များကို လျှောက် ဝယ်ပြီးနောက် မောင်သန်မာလေးက ရွှေသိမ်တော်စေတီဘုရား ပွဲ ခဏဝင်ကြည့်ချင်သည်ဟုပူဆာသည်။ အဘိုးဦးသံတိုင်အဖို့ မြေးလေး၏တောင်းဆိုမှုသည်သဘာဝကျသဖြင့် လိုက်လျောရ တော့သည်။ ဟုတ်ပါသည်။ ဗန်းမော်မြို့တွင် တစ်နှစ်တစ်ကြိမ် သီတင်းကျွတ်လ၌ ဆယ်ရက်တိုင်တိုင်ကျင်းပသည့် ရွှေသိမ်တော် ်စေတီဘုရားပွဲသို့ မြေးလေးသည်အရွယ်သာ ရောက်လာသည်။ ဘစ်ခေါက်မျှ လိုက်ပို့ခဲ့ဖူးခြင်းမရှိဘူး မဟုတ်ပါလား။

"ဒကာကြီးသံတိုင် မဟုတ် ဟား ဒကာကြီး"

သည်အသံသည် ရင်းနှီးစွာ ကြားဖူးခဲ့လင့်ကစား မိမိနှင့်မည်သို့မျှမဆိုင်သည့် သံယာတစ် ပါး၏ မေးမြန်းသံကြောင့် ဦးသံတိုင်တွေဝေအံ့ဩနေမိသည်။

"မှန်ပါတယ်ဘုရား တပည့် တော်သံတိုင်ပါဘုရား"

အံ့ဩမှုနှင့်အတူ သံယာတေ ာ်၏ အမေးကိုဖြေရင်းမိမိ၏

www.burmeseclassic.com

www.burmeseclassic.com



အသိထဲက မည်သူဖြစ်ပါမည်ဂ ဲဟုလည်း ဦးသံတိုင် အပြေးအလွှား စဉ်းစားနေမိသည်။

"ဒကာကြီး ဦးဇင်းကို မမှတ်မိဘူးလား၊ ရဲဘော်တိုက်မောင် လေ ခုတော့ ဦးနန္ဒိယပေါ့"

"ချက်ချင်းမမှတ်မိတ ၁ ခွင့်လွှတ်ပါ အရှင်ဘုရား။ တပည့် တော်နဲ့ အရှင်ဘုရားကွဲကွာ သွားကြတာလည်း လေးဆယ့်ငါးနှစ် ကျော်ခဲ့ပြီမဟုတ်လားဘုရား၊ ဗိုလ်ချုပ်ဝင်းဂိတ် ပထမဆုံးဖွဲ့တဲ့ ချင်းဒစ်တပ်ဖွဲ့မှာ အရှင်ဘုရ ၁းပါသွားပြီးနောက် ပြန်မဆုံဖြစ်တာ ဒီနေ့အထိ မဟုတ်လား ဘုင ၁း. . ."

"ဦးဇင်းကတော့ ဦးဇ ်းသူငယ်ချင်းတိုသံတိုင်ကို ဗိုလ်တော မဟုတ်ဘဲ သျှောင်ထုံးနဲ့ပေ မယ့် ဟိုးအဝေးက မြင်ကတည်းက မှတ်မိပါတယ် ဒကာကြီး၊ ဒဂ ာကြီးက အရပ်မြင့်မြင့် ရှပ်ချောချော ဖြစ်တဲ့အပြင် မေးစေ့နှစ်ခွက မေ့ပစ်လို့မှ မရတာ။ ခုအသက်ခုနစ် ဆယ်လောက်ရှိတာတောင်၊ င ်ယ်ရုပ်ငယ်ရည်တွေက ရှိနေသေးတုန်း ပဲကိုး . . ."

"ဇရာကိုတော့ ဘယ် ်သူမှမလွန်ဆန်နိုင်ပါဘူးဘုရား၊ အရှင် ဘုရား ရဟန်းဝတ်တာ၊ ဘင သ်လောက်ကြာပါပြီလဲ ဘုရား၊ အရှင် ဘုရားလဲ သက်နှ်းရောင်နဲ့ဂ ပိုက်အောင် ဝင်းစိုနေဆဲပါဘုရား"

"ဂျပန်ပြေးပြီးနောင ာ် တပ်ကထွက်ပြီး ရဟန်းဝတ်ခဲ့တာ ခုဆို လေးဆယ့်လေးဝါလေ ာက်ရပြီပေါ့ ဒကာကြီး၊ စစ်သားဘဝနဲ့ ရဟန်းဘဝဟာ နေနဲ့လလို နေ့နဲ့ညလို နွေနဲ့ဆောင်းလို အင်မတိ အင်မတန်ကို ကွာခြားသွား ပါတယ် ဒကာကြီး"

" ဗန်းမော်မှာပဲ င ကျောင်းထိုင်တာပါလား အရှင်ဘုရား"



"မဟုတ် ်ဘူး ဒကာကြီး။ ဦးဇင်းကျောင်းထိုင်တာက စစ်ကိုင်းတောင် နိုးမှာပါ။ ဒီဗန်းမော်မြို့က ဦးဇင်းရဲ့ရဟန်း ဒါယ ကာ ဦးသန့်ဇင် က သူလဲသေခါနီးနေပြီ၊ သူမသေခင် သူဦးဇင်း ကို ဆွမ်းတွမ်းင ဝေယျာဝစ္စကုသိုလ်ယူချင်လို့ တစ်ဝါလာဆိုပါဆိုလို့ တရေးပြီးပြော တာနဲ့ ဒီနှစ်ဒီမှာဝါကပ်ဝါဆိုခဲ့တာပါ ဒကာကြီး။ ဒကာကြီး ဦးသ ဝန့်ဇင်အသက်က ကိုးဆယ်နားနီးနေပြီလေ။ ဦးဇင်း တောင် ခုနစ် ဆယ်ပြည့်တော့မှာမဟုတ်လား။ ဒကာကြီးကရော ဘယ်မှာနေတ ာတုံး၊ ဗန်းမော်မှာပဲလား။ အလုပ်ကရော ဘာလုပ် တုံးဒကာကြီး . . ."

"ဗန်း မော်မံသာရွာမှာနေတာပါ ဘုရား၊ အလုပ်ကတော့ မုဆိုးအလုပ်ပ ါဘုရား"

"ဘု ရား။ ဘုရား။ ဘုရား မုဆိုးအလုပ်လုပ်တာ ဘယ်လောက် ်ကြာပြီလဲဒကာကြီး . ."

"တ ပ်က ထွက်ကတည်းကပါဘုရား၊ လေးဆယ့်လေးနှစ် နီးပါးရှိပါပြီး ဘုရား"

"ဒ ကာကြီး မုဆိုးလုပ်တာနဲ့ပတ်သက်ပြီး ဦးဇင်းဘာမှ မပြောလိုဝေ တော့ပါဘူး။ ခုခေတ်မှာ၊ လူတွေဟာ ကိုယ့်အတွက်လည်း အကျိုးမရှိ၊ ၊ သူများအတွက်လည်း အကျိုးမရှိ။ နှစ်ဖက်လုံး အကျိုးမရှိဝ ့ဲ အလုပ်တွေတောင် လုပ်နေကြတာပဲ မဟုတ်လား။ ပြီးတော့ ဒ ကာကြီးအနေအထားကလည်း ဦးဇင်းတရားဟောနေရ မယ့် အနေ နေအထားမဟုတ်ဘူးလေ။ ဟုတ်တယ် မဟုတ်လား ဒကာကြီး. . ."

"ဒ အရှင်ဘုရား ဘုရားသုံးကြိမ် တလိုက်ကတည်းက တပည့် တော် အင ပုပ်ကိုအရှင်ဘုရား အံ့ဩတုန်လှုပ်သွားမှန်း သိပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ တပည့်တော်တို့ဟာ စစ်သားဘ‌ေမှ [illegible] ၁ လူလူချင်းတော
တိုက်ခိုက်၊ ပစ်ခတ် တိုက်ပွဲဝင်ခဲ့ကြတာ‌မ [illegible] ဟုတ်လား ဘုရား၊
တပည့်တော်ဘဝ ရှင်သန်ဖို့အတွက် တိရစ္ဆ [illegible] ၁န်ကို သတ်ဖြတ်တဲ့
မှုဆိုးလုပ်တာဟာ တပည့်တော်မှာ အပြစ်ရှိဝ [illegible] ၁်လို့ မအောက်မေ့မိ
ခဲ့ပါဘူးဘုရား။ အရှင်ဘုရား ဆန္ဒရှိသလို ဟ [illegible] ည့်တော်ကို တရား
ဟော ဆုံးမနိုင်ပါတယ်ဘုရား . . . ”

“လူတင်မဟုတ်ဘူး ဒကာကြီး၊ အသ [illegible] ၁်ရှိတဲ့ သတ္တဝါတိုင်း
ဟာ အသက်ရှင်သန်လိုကြတယ် ဒကာကြီး။ ကျ [illegible] ခြိုးကန်း ပွဲရှဲ့နေတာ
တောင်၊ ဒုက္ခိတဘဝနဲ့ အငတ်ငတ်အပြတ်ပြ [illegible] ၁် နေရတာတောင်
လူဆိုရင် ဂုဏ်သိက္ခာတစ်ပြားသားမျှ မကျန်‌ [illegible] အောင်၊ မရှိအောင်
နေရတဲ့လူတွေတောင် မသေချင်ကြဘူး။ အသ [illegible] က်ရှင်ချင်ကြတယ်။
သူတို့ဘဝကို သူတို့တွယ်တာ မြတ်နိုးနေတတ်ကြ [illegible] ၃တယ် ဒကာကြီး။
တိရစ္ဆာန်လည်းလူနဲ့ အတူတူပါပဲ ဒကာကြီး။ ဒ [illegible] ကာကြီး သေနတ်
နဲ့ပစ်လိုက်လို့၊ လေးမြှားနဲ့ ပစ်လိုက်လို့ လဲကျသွား [illegible] ၁တဲ့ သတ္တဝါတောင်
အသက်မသေသေးရင် ထပြေးတာ ဒကာကြီး [illegible] ဘွဲ့ဖူးမှာပါ။ အဲဒီ
သတ္တဝါဟာ သေဘေးကြောက်လွန်းလို့ ပြေးသ [illegible] ၁ပြေးတာ။ ရတဲ့
ဒဏ်ရာကြောင့်၊ သေလုမြောပါး ဝေဒနာခံစားနေ [illegible] ရမှာ အမှန်ပါပဲ၊
ကိုယ်ချင်းစာနာစိတ်နဲ့ ဒကာကြီးသေချာ စဉ်းစား [illegible] ကြည့်ပါ။ အသက်
ရှိတာ အသက်ပါတာ အတူတူမို့၊ လူနဲ့တိရစ္ဆာန် [illegible] ဘ အတူတူပါပဲ
ဒကာကြီး။ ကိုယ်ချင်းစာနာစိတ်ဆိုတာက‌ေ [illegible] ဘူ ကိုယ်တိုင်
လက်တွေ့ကြုံမှ ဖြစ်ပေါ်တတ်ကြတာပါ ဒကာကြ [illegible] း . . . . ”

“ဒကာကြီးက တရားဟောဆုံးမပါဆိုလို့ [illegible] ဦးဇင်းအနည်း
အကျဉ်းတော့ဟောပါမယ်။ လူရတဲ့ အခွင့်အရေး [illegible] ဘွ အခြားသတ္တ
ဝါတွေမရကြဘူး။ သူတို့က လူလိုစကားမပြောတ [illegible] ၁်လို့ တမဖတ်



တတ်လို့ မတွေးတတ်မခေါ်တတ် မစဉ်းစားတတ်လို့ လူရတဲ့အခွင့်အရေးတွေသူတို့မရကြတာပါ ဒကာကြီး။ လူလူချင်းမှာတောင် လူရနိုင်တဲ့ အခွင့်အရေးတွေ လူတိုင်းမရပါဘူး။ မိုက်နေဆိုးနေ တေပေနေတဲ့ အကုသိုလ်အလုပ်တွေ လုပ်နေသူတွေဟာ လူဖြစ်လာပေမယ့် လူရနိုင်တဲ့အခွင့်အရေးတွေ မရနိုင်တော့ဘူး ဒကာကြီး . . . ”

“လူကလွဲလို့ အခြားသတ္တဝါတွေ မရနိုင်တဲ့အခွင့်အရေးဆိုတာ တခြားမဟုတ်ဘူးဒကာကြီး၊ ဂေါတမ မြတ်စွာဘုရားဟောကြားထားခဲ့တဲ့ သံသရာမှ လွတ်မြောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတွေပါပဲ။ ဒကာကြီး နားထဲရှင်းအောင် မျက်စိထဲမြင်အောင်ပြောရရင် လူဆိုးလူမိုက် အကုသိုလ် အလုပ်တွေလုပ်နေသူတွေရော၊ အခြားသာမန်လူတွေရော၊ အခြားသတ္တဝါတွေရော သတ္တဝါအားလုံးဟာ မြတ်စွာဘုရားမပွင့်မီကာလက လမ်းပျောက်နေတဲ့ အမှောင်ဖုံးနေတဲ့ ညနဲ့ တူလွန်းပါတယ် ဒကာကြီး၊ စားဝတ်နေရေး လုံးပန်းရင်းနဲ့ပဲ အချိန်ကုန်ခဲ့ကြတာမဟုတ်လား ဒကာကြီး. . . ”

“ မှန်ပါဘုရား. . . ”

“မြတ်စွာဘုရား ပွင့်လာခြင်းဟာ လမင်းကြီးထွက်လာသလိုပါပဲ။ လူမိုက်နဲ့ အခြားသတ္တဝါတွေအတွက်တော့ လသာတာလည်းမသိ၊ လသာတာကို အသုံးချရမှန်းလည်းမသိတဲ့ မောဟအမှောင်တွေဖုံးနေကတည်းက အိပ်ပျော်နေခဲ့ကြတာ မဟုတ်လား။ လမင်းရဲ့ အလင်းရောင်နဲ့ လမ်းလျှောက်ချင်သူတွေအတွက်တော့ လျှောက်ရင်လျှောက်သလောက် ခရီးပေါက်မှာ ခရီးရောက်မှာချည်းပါပဲ ဒကာကြီး. . . ”

www.burmeseclassic.com

www.burmeseclassic.com



"လောဘ၊ ဒေါသ၊ မောဟ အမှောင်ထုကလည်း အိပ်စက် အပန်းဖြေနေချင်စရာချည်း မဟုတ်လား။ မွေးရင်သေမယ်၊ ဖြစ်ရင် ပျက်မယ်လို့ လူတိုင်းသာမန်ကာလျှံကာ သိကြပေမယ့် မသေအောင် မပျက်အောင်နေနည်းကျတော့ လူတိုင်းမသိကြဘူးလေ။ မွေးခြင်းနဲ့ သေခြင်းကြား ဆင်းရဲခြင်းမျိုးစုံ၊ ဆင်းရဲခြင်းများစွာ ကြုံကြတဲ့အခါ၊ သေချင်လောက်အောင် ညည်းတွားခဲ့ကြပေမယ့် ပျော်စရာလေး တစ်ကွက်တွေ့လိုက်တာနဲ့ ဆင်းရဲတာ အားလုံးမေ့သွားတတ်ကြတဲ့ လူတွေဟာ ဆင်းရဲခြင်းလွတ်အောင်တော့ မရှာဖွေတတ်ကြဘူး ဒကာကြီး . . ."

"မြတ်စွာဘုရားဟောခဲ့တဲ့ တရားအချုပ်ကတော့ ဆင်းရဲခြင်းအမှန်တရား၊ ဆင်းရဲခြင်းကို ဖြစ်စေသော အမှန်တရား ဆင်းရဲခြင်းချုပ်ငြိမ်းရာ အမှန်တရား၊ ဆင်းရဲခြင်းချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအကျင့်အမှန်တရား။ အဲဒီသစ္စာလေးပါးကိုသိဖို့၊ ကျင့်ဖို့ပါပဲ။ မဂ္ဂင်ရှစ်ပါးနှင့်အညီ နေထိုင်ကျင့်ကြံရင် ဆင်းရဲခြင်း ချုပ်ရာ နိဗ္ဗာန်ကိုရောက်နိုင်ပါတယ် ဒကာကြီး။ အဲဒါတွေသိဖို့ ကျင့်ဖို့ကိုတော့ တတ်ကျွမ်းနားလည်တဲ့ ကမ္မဋ္ဌာနာစရိယတွေနဲ့ တိုင်ပင်ဆောင်ရွက်ပါဒကာကြီး. . ."

"လူအများစုက သံသရာလည်ချင်ကြတာ။ သံသရာ လည်ရာမှာ လူချည်းဖြစ်မှာမဟုတ်ဘူး၊ ကိုယ်ပြုတဲ့ တုသိုလ်၊ အကုသိုလ်ကံအရလားကြရမှာ၊ သွားကြရမှာ၊ လူဖြစ်ပြီး အနည်းဆုံး လူပြန်ဖြစ်အောင်တောင် မစွမ်းဆောင်နိုင်ကြတဲ့ လူတွေကတော့ အပယ်လေးဘုံကို မြန်းကြရုံပဲပေါ့၊ မသိမှုကြောင့်ဖြစ်ဖြစ် သိလျက်နဲ့ ဖြစ်ဖြစ် ကိုယ်ပြုသမျှ မကောင်းမှု အကြွေးတွေရှိတတ်ကြပါတယ်၊



အကြွေးရှိရင်တော့ တတ်နိုင်သမျှ ဆပ်ရမှာပဲဒကာကြီး၊ ကဲအချိန် လည်းလင့်သွားပြီ၊ ဒတာကြီးတို့လည်း သွားကြပေရော့၊ ဦးဇင်း လည်း ဒကာကြီးဦးသန့်ဇင်အိမ်ကြွလိုက်ဦးမယ်. . ."

"အရှင်ဘုရားရဲ့ ကျေးဇူးကြီးမြတ်လှပါတယ်ဘုရား"

ဦးသံတိုင်က တည်ကြည်အေးချမ်းသော အသံဖြင့် လျှောက်ထားပြီး ဦးသုံးကြိမ်ချလိုက်သည်။

ထိုနေ့က ဦးသံတိုင်တို့ မြေးအဘိုး မြစ်ကြီးနားသို့ မသွား ဖြစ်တော့ပါ။ အိမ်ကိုပဲပြန်လာခဲ့ကြပါသည်။ အဘိုးဦးသံတိုင်သည် လမ်းတွင်စကားတစ်ခွန်းမဆို။ တိတ်ဆိတ်စွာ လိုက်ပါလာသည်။ အဘိုးစိတ်တွေ ဘယ်ဆီရောက်နေပါလိမ့်။

× × ×   × × ×   × × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

# အမဲစောင့်

အဘိုးကား လုံးလုံးလျားလျား ပြောင်းလဲသွားပေပြီ။ တောလည်ထွက်သွားသော်လည်း တိရစ္ဆာန်တစ်ကောင် တစ်ပေါင်ပင်ပါမလာတော့။ တိရစ္ဆာန်အသားမပြောနှင့်၊ ပျားရည်ပင်ပါမလာတော့။ ယခင်လို တိရစ္ဆာန်အသားမျိုးစုံနှင့် ပျားသလက်နုနု ကြော်စားချင်၍မရတော့။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် မှိုမျိုးစုံပဲပါလာတော့သည်။ တစ်ခါတစ်ရံ မျှစ်ပါလာတတ်သည်။ ယခင် တောလည်သွားစဉ်က တစ်ခါမျှပါမလာဖူးသော ဆေးဖက်ဝင် တောထွက်ပစ္စည်းများ၊ သစ်ခွပန်းများ၊ သဇင်ပန်းများ ပါလာတတ်သည်။ ဆေးဖက်ဝင်တောထွက်ပစ္စည်းများနှင့် သစ်ခွပန်း၊ သဇင်ပန်းတို့ကို ပန်းမော်ဈေးထဲ အဘိုးကိုယ်တိုင် သွားရောင်းသည်။ ဘာမျှပါမလာသည့်နေ့ဆိုလျှင် သိုက်တန်တားဝါးတွေ စည်းထမ်းလာပြီး ဖျာ၊ ခြင်းတောင်းမျိုးစုံအောင်ရက်တော့သည်။





ထူးခြားချက်တစ်ခု ရှိသေးသည်။ အဘိုးသည် အားသည့်အချိန်များတွင် ဘုန်းကြီးကျောင်းသို့သွားနေတတ်သည်။ ဘုန်းကြီးဦးနန္ဒိယ၏စကားအရ [illegible] ကျောင်းသွားခြင်းဖြစ်ပေလိမ့်မည်။ ဘုန်းကြီးဦးနန္ဒိယ၏ [illegible] ဟောကြားချက်များသည် လူပြိန်း နားလည်အောင် ရှင်းရှင်းလင်းလင်း ထိထိမိမိရှိလှသဖြင့် အဘိုးဦးသံတိုင် မပြောနှင့်၊ ကလေးအရွယ်ဖြစ်သည့် မောင်သန်မာကိုယ်တိုင်နားလည်သဘောပေါက်နေသည်။ နောက်ပိုင်းတွင် ညအခါနှင့် အရုဏ်ဦးတို့တွင် အဘိုးတရားထိုင်နေသည်ကို မောင်သန်မာ တွေ့လာရသည်။

"မြေးလေးမှတ်[illegible]မလား မသိဘူး၊ ဘုန်းကြီး ဦးနန္ဒိယ ပြောခဲ့တာလေ။ ခုခေတ်မှ[illegible] လူတွေဟာ ကိုယ့်အတွက်လည်း အကျိုးမရှိ သူများအတွက်လည်း အကျိုးမရှိ၊ နှစ်ဖက်လုံး အကျိုးမရှိတဲ့ အလုပ်တွေတောင် လုပ်နေကြတာပဲ မဟုတ်လားဆိုတဲ့ စကားလေ။ အဲဒီလိုအလုပ်မျိုး အဘိုး လုပ်ခဲ့ဖူးတယ် မြေးလေးရေ"

"လီဗိုလမ်းမကြီး [illegible] ဖောက်တဲ့ အမေရိကန်မဟာမိတ်တပ်တွေနဲ့ အဘိုးတို့ အင်္ဂလိပ်[illegible]ချင်းဒစ်တပ်တွေ လီဗိုလမ်းမကြီး အတိုင်း ဝင်လာချိန်ကပေါ့၊ တော[illegible]ခွင်းလမ်းတွေနဲ့ လီဗိုလမ်းမကြီးတစ်လျှောက်ဆို ညအချိန်စစ်[illegible]ဖြစ်ကား မီးထိုးမောင်းပြီး ကားပေါ်ကနေ စတ်သေနတ်တွေနဲ့ အမဲပစ်ခဲ့ကြတယ် ငါ့မြေး။ သေသွားတဲ့ အမဲကောင်တွေကိုလည်း [illegible]ဘက်ချင်မှ ကောက်ခဲ့ကြတာ၊ အပျော်အမဲပစ်ခဲ့ကြတာလေ၊ ကိုယ့်[illegible]အတွက် အကျိုးမရှိသလို သူများ အတွက်လည်း အကျိုးမရှိ[illegible] မကဘူး၊ အသက်သေကြရတဲ့အထိ အကျိုးယုတ်ခဲ့ကြတာ။ အဘိုး တို့ အရမ်းဆိုးခဲ့တယ် ငါ့မြေး . . ."

www.burmeseclassic.com

www.burmeseclassic.com



"တချို့စစ်သားတွေဆိုရင် စပစ်ပိုင်းသ ား တိုက်လေယာဉ် တွေနဲ့တောင် အမဲပစ်ခဲ့ကြတာ၊ အဲဒီငပြိုပ စ်တော့ ဆင်တွေ၊ ပြောင်တွေ၊ ဗိုင်တွေ၊ ဒရယ်တွေက အုပ်လိုက်ါချို ဖြိုး သေခဲ့ကြရတယ်။ အဲဒီတောကောင်သေတွေကိုလည်း သယ်ခဲ့ကြ စားခဲ့ကြတာမဟုတ် ဘူး၊ ဒီအတိုင်း ပစ်ထားခဲ့ကြတာ ငါ့မြေး၊ အဲ ဒီတုန်းက ပိတောင် ကြီးစိုင်းထဲက သားကောင်တွေ အတော်သေခဲ့ ကြတယ် မြေးလေးရဲ့ စိတ်မကောင်းစရာပေါ့ကွယ် . . ."

"စားလည်း မစားကြဘဲနဲ့ ဘာလို့ပစ် သတ်ကြပါလိမ့်နော်။ ခုန အဘိုးပြောခဲ့တာ၊ အပျော်အမဲပစ်တာ ၁ င ဂုတ်လား။ ကိုယ်ပျော် ဖို့ သူများသေရတာ မတရားဘူးနော်အဘိုး . . ."

"အေး ဟုတ်တယ်ငါ့မြေး၊ အပျော် အမဲပစ်ခဲ့ကြတဲ့ အဘိုး တို့ဟာ မတရားခဲ့ဘူး . . ."

"သူများကို မတရားလုပ်ခဲ့တဲ့ အဘိုး ဘို့ဟာ သားရဲတိရစ္ဆာန် တို့ရဲ့ သတ်ဖြတ်မှုမခံရဖူးသူ မရှိသလောက်ပါ ပဲ၊ အဘိုးဆိုရင် လည်း အသက်ဘေးက သီသီလေးလွတ်ခဲ့ရတာ ၊ အကြိမ်ကြိမ်ပါ၊ ခုပြန် တွေးကြည့်မိတော့ ဒါဟာဝဋ်လည်တာ ဘင် ါမျိုးလို့ ခံစားလိုက်ရပါ တယ်ငါ့မြေး . . ."

"အဘိုးကြုံခဲ့တာ တစ်ခုလောက်ဖ ြပြောပြပါလားအဘိုး"

"အဘိုးတို့ ချင်းဗစ်တပ်က လဲ ိုး သမ်းကြေးကဝင်လာပြီး ပိတောင်ဘေးမှဲ့တော တစ်နေရာမှာ တ ပ်စခန်းခဏချခိုက်ပေါ့ မြေးလေး။ မိုးအကုန်ဆောင်းအကူး ကာ လလေးပေါ့၊ ကုန်းမြင့် တောနက်ရာက မြေနိမ့်ပိုင်းခင်တန်းတွေ ဆီ ဆင်အုပ်တွေ စားကျက် ပြောင်းတဲ့အချိန်လေ၊ အဘိုးတို့စစ်သား သုံးယောက် တောပစ်



ထွက်ခဲ့ကြတယ်၊ တစ်နေရာရော တ်တော့ သစ်ကိုင်းသစ်ရွက်တွေ ချိုးဖဲ့နေတဲ့အသံတွေ ညံနေအော င် ကြားလိုက်ရတယ်၊ ဘာသံတွေ ပါလိမ့်လို့ စဉ်းစားနေတုန်း နားမှ ရှက်ခတ်သံ တဖျပ်ဖျပ်ကြားလိုက် ရသလို တကျိုကျိုအော်သံကိုပါ ကြ ားလိုက်ရတော့ ဆင်အုပ်နဲ့တော့ တွေ့ပြီလို့ သိလိုက်ရတယ်ငါ့မြေ း . . ."

"အဘိုးတို့ ပြေးဖို့မရ ှ က်တဲ့ အနေအထားရောက်နေပြီ။ သတိထားလိုက်မိတော့ အဘိုး ကို့က လေညာမှာ ရောက်နေတာ ကိုး၊ လူနံ့ရလို့ ထင်ပါရဲ့၊ ဆင်ြ တွေရဲ့ နှာမောင်းနဲ့ မြေကိုခတ်တဲ့ အသံတွေက သေနတ်ဖောက်သံ တွေလို ညံနေတော့တာပဲငါ့မြေး။ အဘိုးတို့လည်း ပြေးမလွတ်ခြယ် အတူတူ ရိုင်ဖယ်သေနတ်တွေကို မြှင်တူကျည်ထိုးလိုက်ကြပြီး ဆင် အုပ်ပြေးလာရာကို လှမ်းချိန်လိုက် ကြတယ်၊ ထမြောင်းမြောင်း ေ ဘာနင်းပြေးလာကြတဲ့ ဆင်ခြေသံ တွေနဲ့အတူ တကျိုကျိုအေ ာ် ဟတဲ့ ဆင်အော်သံတွေကြောင့် ဆင်အုပ်ကိုမမြင်ရသေးဘူး၊ အ ဘိုးတို့ကြောက်သေးတွေပါ ခေါင်း တွေကြီး၊ ကြက်သီးတွေ ထ လ ာခဲ့ကြတယ်ငါ့မြေး . . ."

"ငါ့မြေးပဲ စဉ်းစ ားကြ ည့်လေ၊ အဘိုးတို့ ကိုင်ထားတာ တွေက မောင်းပြန်စက်ေ သန တ်တွေ မဟုတ်ဘူးလေ၊ တစ်ကြိမ် ပစ်ရင် သုံးယောက်မို့ ကျ ည် သုံးတောင့်ပဲ ထွက်မှာဆိုတော့ ဆင် သုံးကောင်ပဲ မှန်မှာလေ၊ ဆင် က အုပ်လိုက်ဆိုတော့ ဆယ်ကောင် လား အကောင်နှစ်ဆယ် သား၊ သုံးဆယ်လား၊ ငါးဆယ်ထိရှိတယ် ကြားဖူးထားတာအဘိုး ဒို့ ဆင်နင်းခံရမှာ သေချာနေပြီလေ၊ မြင်မြင်ချင်းပစ်မှာဆိုေ ဘာ့ နောက်တစ်ကြိမ် ကျည်မထိုးခင် ဆင်တွေက ရောက်လာ နိုင် နင်းသတ်တော့မှာလေ၊ အဘိုးတို့အတွက် သေလူတွေပဲပေါ့ငါ့မြေး . . ."

www.burmeseclassic.com

www.burmeseclassic.com



"မြင်လိုက်ရတဲ့ မြင်ကွ ် ်း က ကြက်သေသေသွားစရာ၊ မည်းမည်းလှုပ်နေတဲ့ ဆင်အုပ်ကြ ှီး ရင်ပေါင်တန်း မလာဘဲ ရှေ့ နောက်တန်း ပြေးလာတာ၊ နည်းး ဘာမဟုတ်ဘူး။ အဘိုးတို့ လည်း ဆင်အုပ်ကိုမြင်မြင်ချင်း ကြောက် ်ချေးပါပြီး သေနတ်ခလုတ် ကို ညှစ်လိုက်မိကြတယ်။ သေနတ်သံ ် ဝစ်ချက် ထွက်မလာဘဲ ချက်ဆိုတဲ့ ကျည်ရိုက်သံပဲကြားလိုက်ရတ ၄ ်၊ သေနတ်သုံးလက်လုံး က ကျည်မထွက်ဘူးဆိုတာ မဖြစ်နိုး င်တာပဲ။ ဒီကတည်းက ကံဆိုး မိုးမှောင်ကျပြီလို့ တွက်လိုက်တယ ် ၊ သည်ဘဝနောက်ဆုံးအချိန်မို့ မျက်စိမှိတ်ဘုရားကို အာရုံပြုဘု ုး တလိုက်ရင်း ကျည်ထပ်ထိုးဖို့ အလုပ်မှာ ဆင်အုပ်နောက်ဘက်ေ ဝီ မှ တစ်တောလုံးညံသွားအောင် ကျားဟိန်းသံနဲ့ မခံမရပ်နိုင်အောင် ခံစားရလို့ ကျိခနဲဆင်အော်သံ အရှည်ကြီးကို ကြားလိုက်ရသင ် ပြေးလာတဲ့ ဆင်အုပ်ကြီးရဲ့ ခြေသံတွေလည်း ရပ်သွားတယ် ‹ ေ ဲ့လေး . . ."

"အဘိုးတို့ မျက်လုံးဖွင့်ြ ှ ် ှလိုက်တော့ ဆင်အုပ်ကြီးက လာရာလမ်းကို ပြန်လှည့်ပြေးနေြ ှ ် ။ အဘိုးတို့ကို ဘုရားမတယ် ပဲ ပြောရမှာပေါ့လေ။ ဟိုအဝေးဆီ ဘ လှမ်းမြင်လိုက်ရတာကတော့ ရိုးကျားကြီးနဲ့ ဆင်လေးတစ်ကော င် သုံးထွေးနေတာပဲ။ ဆင်အုပ် နောက် လိုက်ချောင်းနေတဲ့ ရိုးက ျာ းကြီးကအလစ်ကို စောင့်ပြီး သားထိန်းဆင်ပေါ် ရုတ်ချည်းခု န် ဘက်ကုတ်ဖဲ့လို့ သားထိန်း ဆင်တွေလန့်ပြီးထွက်ပြေးချိန်မှာ က န် ခဲ့တဲ့ ဆင်ကလေးကို ကျားက ဝင်ဆွဲတာ ဖြစ်ပါလိမ့်မယ်။ အဘိုး တ ့ သုံးယောက်လဲ နောက်ကို တစ်ချိုးတည်း ပြန်ပြေးခဲ့ကြရတယ် ေ မြေး . . ."

"အဘိုးတို့ ကံသီပေလို့နော် ၊ ှဲ့မဟုတ်ရင် အဘိုးခုလို မြေး ကိုတောင် ပြန်ပြောပြနိုင်မှာမဟုတ် ဘ ။ တကယ့် အသည်းယား



စရာကြီး ကြောက်စရာကြီးနော်။ နောက်တောထဲ မသွားပါနဲ့တော့ အဘိုးရယ် . . ."

"အန်ကယ်တို့ မြေးအဘိုး၊ ဘာတွေပြောနေကြတာတုံး"

ဦးသံတိုင်နှင့် မောင်သန်မာတို့ စကားပြောရာသို့ ဝင်ရောက် စကားပြောလာသော လူစိမ်းအား အဘိုးဦးသံတိုင်က ချက်ချင်း မမှတ်မိ၊ သိုးမွေးဦးထုပ်ဆောင်းထားပြီး အကျီလက်တိုအဖြူနှင့် ကချင်ဘောင်းဘီဝတ်ထားသော လူစိမ်းကို ဦးသံတိုင်က နေရောင် တွင် လက်ကာပြီးကြည့်မိ၏။

"အန်ကယ် ကျွန်တော့်ကို မမှတ်မိဘူးလား။ ရာမာဖုန် သူငယ်ချင်း ဇန်ဝီဖုန်လေ"

"ဩော် ဟုတ်သားပဲ။ မတွေ့တာကြာလို့ ထင်ပါရဲ့။ ချက်ချင်းမမှတ်မိတာ စိတ်မဆိုးနဲ့နော်၊ ခု မောင်ဇန်ဝီဖုန် ဘယ်က လှည့်လာတုံး"

"ဘယ်ကမှ လှည့်လာတာမဟုတ်ဘူး အန်ကယ်။ အန်ကယ့် ဆီ တိုက်ရိုက်လာတာ။ အန်ကယ်နဲ့ ဆွေးနွေးစရာလေးရှိလို့ လာခဲ့ တာပါ အန်ကယ် . . ."

"မြေးလေးရေ ခေါင်ရေအိုး သွားပြင်ကွာ၊ ပိန်းဥပြုတ်ပါ ချပေး။ အန်ကယ်က မုဆိုးအလုပ် မလုပ်တော့လို့ အသားငါး အမြည်းတော့မရှိဘူး။ မောင်ဇန်ဝီဖုန် ကဲ . . . အိမ်ထဲဝင်ကြရ အောင် . . ."

ညော်ခန်းမှာ ထိုင်ကြရင်း ဦးသံတိုင်လှမ်းပေးသည့် ခေါင် ရေခွက်ကို ဇန်ဝီဖုန်က လက်နှစ်ဖက်ဖြင့် သေချာလှမ်းယူပြီး တစ်ငုံစုပ်ယူလိုက်သည်။

"ကိစ္စက တခြားမဟုတ်ပါဘူး အန်ကယ်၊ အန်ကယ်

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်ကြီးကြီးနဲ့ ကျောင်းထားပေးခဲ့တဲ့ ရာမာဖုန် ကျောင်းပြေးဘဝရောက်ခဲ့ရတာက ကျွန်တော့်အပြစ်လည်းပါတယ်လို့ ဖျောက်မရအောင် အမြဲခံစားနေရပါတယ်၊ ဒီအကြွေးကျေအောင်ဆပ်ဖို့ ကျွန်တော့်သူငယ်ချင်း ရာမာဖုန်ရဲ့သား ဒီကလေးကို ကျွန်တော်မြစ်ကြီးနားခေါ်ပြီး ကျောင်းကောင်းကောင်းထားပေးချင်တယ်၊ ကျွန်တော်နဲ့ ရာမာဖုန်လို ဖြစ်မသွားအောင် စာတော်တဲ့ ကျောင်းသားဖြစ်လာအောင် ကျွန်တော်တာဝန်ယူပါ့မယ် အန်ကယ်"

"ကျေးဇူးအများကြီးတင်ပါတယ် မောင်ဇန်ဝီဖုန်၊ အန်ကယ်ကလည်း မှုဆိုးအလုပ်မလုပ်တော့ဘူးဆိုတော့ သူ့ရှေ့ ပညာရေးအတွက် အခက်အခဲတွေ ရှိလာနိုင်ပါတယ်၊ တယ်လိုပဲ အခက်အခဲတွေရှိရှိ မြေးလေးပညာရေးဆုံးခန်းတိုင်ရောက်အောင်တော့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် လုပ်ပေးဖို့ ဆုံးဖြတ်ထားပြီးသားပါ၊ ခုလို မောင်ဇန်ဝီဖုန်က မြေးလေး တာဝန်ယူချင်တယ်လို့ လာပြောတာဟာ သိန်းထီပေါက်တာထက် ဝမ်းသာမိပါတယ်၊ မောင်ဇန်ဝီဖုန် . . ."

"ကျွန်တော့်သားလေး ရန်ဝီဖုန်ဟာ ခုလေးတန်း ကျောင်းသားပါ၊ သူလည်း လေးတန်းမဟုတ်လား၊ ငါးတန်းအတူတူတက်ဖို့ အဖော်ရသွားတာပေါ့၊ ရာမာဖုန်နဲ့ ကျွန်တော့်လို ဖြစ်မသွားအောင် ကျွန်တော်တကယ်တာဝန်ယူပါတယ် အန်ကယ်၊ သားနာမည် ဘယ်သူ . . ."

"မောင်သန်မာပါ ခင်ဗျာ"

"အေး ဟုတ်ပြီ၊ ကျွန်တော်မောင်သန်မာလေးကို မေလလယ်လောက်လာခေါ်ပါ့မယ် အန်ကယ်"



"မောင်ဇန်ဝီဖုန်ခေါ်လို့ရအောင် အန်ကယ်စီစဉ်ထားပါ့မယ်၊ သူ့အမေက သူ့ညီမတွေနဲ့ ဖားကန့်သွား ဈေးရောင်းနေတော့ သူ့အမေကို အသိပေး၊ သူ့အမေသဘောတူမှ ခေါ်ရင်ကောင်းတယ်မဟုတ်လား၊ သူ့အမေကလည်း သဘောမတူစရာမရှိပါဘူး၊ သူ့သားကောင်းစားဖို့ပဲဟာ၊ တစ်လနှစ်လနေရင် သူ့အမေပြန်လာမှာပါ၊ မောင်ဇန်ဝီဖုန်လာခေါ်တဲ့အချိန် ထည့်လိုက်နိုင်အောင် အန်ကယ်စီစဉ်ထားပါ့မယ်၊ စိတ်ချသာပြန်ပါ၊ မောင်ဇန်ဝီဖုန်ကိုလည်း အန်ကယ်အရမ်းကျေးဇူးတင်ပါတယ်"

ဇန်ဝီဖုန်နှုတ်ဆက် ပြန်သွားပြီးနောက် မောင်သန်မာက မေးသဖြင့် အဘိုးဦးသံတိုင်က သူ့သား ရာမာဖုန်နှင့် ဇန်ဝီဖုန်တို့အကြောင်းစုံကို အသေးစိတ်ပြောပြတော့ မောင်သန်မာက ဂရုစိုက်နားထောင်ခဲ့သည်။

"အဘိုးလည်း ဘုန်းကြီးဦးနန္ဒိယမိန့်မှာသလို အကြွေးတွေများနေတော့ မဆပ်လို့မဖြစ်တော့ဘူး၊ တတ်နိုင်သမျှ ဆပ်ရတော့မယ်မြေးလေး၊ အဘိုးပိတောင်ဘေးမဲ့တောမှာ အမဲစောင့်သွားလုပ်တော့မယ်မြေးလေး၊ မြေးလေးက မြစ်ကြီးနားသွားကျောင်းနေ၊ အဘိုးက မြစ်ကြီးနားက ပိတောင်ကြိုးဝိုင်းမှာအမဲစောင့်သွားလုပ်၊ မြေးလေးအားတဲ့အခါ အဘိုးဆီလာလည်၊ ဟုတ်ပြီလား မြေးလေး . . ."

"အမဲစောင့်ဆိုတာ ဘာလဲအဘိုး . . ."

"အမဲစောင့်ဆိုတာ တောတွင်းတိရစ္ဆာန်တွေ အမဲကောင်တွေကို မပစ်မခတ်မသတ်မဖြတ်အောင် ကာကွယ်စောင့်ရှောက်တဲ့သူပေါ့ မြေးလေးရယ်။ အဘိုးက ပိတောင်ကြိုးဝိုင်းအတွင်းက တိရစ္ဆာန်တွေကို သတ်တာများခဲ့သူမို့ အဲဒီမှာပဲ အကြွေးပြန်ဆပ်

www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်၊ ဒါကြောင့် နက်ဖြန်အဘိုး မြစ်ကြီးနားသစ်တောဌာနကို သွားပြီး အမဲစောင့်သွားလျှောက်မယ်၊ အဘိုးက မုဆိုးဆိုတော့ အဘိုးကို အမဲစောင့်တာဝန်ပေးမှာပါ. . ."

"အမဲစောင့်ကို မုဆိုးမှပေးတာလား။ ဘာပြုလို့တုန်းအဘိုး . . ."

"အမဲစောင့်ဆိုတာ တိရစ္ဆာန်တွေကို မသတ်ချင်တော့လို့ တိရစ္ဆာန်တွေကိုချစ်လို့ တိရစ္ဆာန်တွေကို ကာကွယ်ချင်လို့လုပ်တဲ့ အလုပ်လေ။ မုဆိုးတစ်ယောက်ဝင်လုပ်ရင် သတ်တဲ့သူတစ်ယောက် လျော့သွားမယ်။ မုဆိုးအားလုံးဝင်လုပ်ကြရင်တိရစ္ဆာန်သတ်သူမရှိ တော့ဘူးလေ။ အဲဒါကြောင့် အမဲစောင့်အလုပ်ကို မုဆိုးဆိုရင် ပိုခန့် ချင်တာပေါ့ မြေးလေးရယ်"

"အမဲစောင့်တွေက တိရစ္ဆာန်တွေကို ခိုးသတ်နေရင် ဘယ်လိုလုပ်မလဲအဘိုး . . ."

"ငါ့မြေးက မုဆိုးအကြောင်းမသိလို့ပါ။ မုဆိုးဆိုတာ သူများ အသက်သတ်သူဖြစ်ပေမယ့် ကလိမ်ကကျစ်မလုပ်တတ်ကြဘူး ငါ့မြေး၊ မုဆိုးဘဝစိတ်ကုန်လို့ အမဲစောင့်လုပ်ကြတာ၊ အဘိုးအနေနဲ့ တော့တင်နေတဲ့အကြွေးတွေ ပြန်ဆပ်တဲ့သဘောနဲ့ အမဲစောင့် ဝင်လုပ်မှာ၊ အမဲစောင့်အထက်မှာ အမဲစောင့်ကြီးဆိုတာရှိတယ်။ သူတို့အထက်မှာ အမဲအုပ်ကြီးဆိုတာလည်းရှိတယ်၊ ပြီးတော့ သူတို့ အထက်မှာ သစ်တောဝန်ထမ်းတွေရှိသေးတယ်၊ မဟုတ်တာ ဘာမှ လုပ်လို့မရဘူး မြေးလေး"

"သဘောပေါက်ပါပြီအဘိုး "

အတိုင်အဖောက်ညီနေသည့် ဦးသံတိုင်တို့မြေးအဘိုး၏



မျက်နှာသည် ခါတိုင်းနှင့်မတူ။ တန်ဆောင်မုန်းလပြည့်နေ့ည ထွက် ပေါ်သည့်လမင်းကြီးကဲ့သို့ ကြည်လင်ဝင်းပနေပါလား။ ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

## ရွက်တိုင်ပြတ်လဲ တက်ကွဲကျိုးပြတ်

အဘိုးဦးသံတိုင်သည် ပိတောင်ဘေးမဲ့တောတွင် အမဲစောင့်ရသည်ကို ပျော်နေ၏။ သန်မာလည်း မြစ်ကြီးနားမှာ ကျောင်းတက်ရသည်ကို ပျော်နေမိ၏။ စိတ်ပျော်နေတော့ သုံးနှစ်ကျော်လေးနှစ်ဆိုသည်မှာ မကြာလိုက်၊ ခဏနှင့် ကုန်သွားသည်သို့ ခံစားရ၏။ သန်မာသူငယ်ချင်း ရန်ဝီဖုန်ကလည်း သန်မာကို အစ်ကိုရင်းကဲ့သို့ သဘောထားချစ်ခင်၏။ ရန်ဝီဖုန် အဖေအမေကလည်း သန်မာကိုသားအရင်းကဲ့သို့ ချစ်၏။ သူတို့သားရန်ဝီဖုန်နှင့် တစ်တန်းတည်းထား၍ သန်မာကိုပေး၏။ ကျွေး၏။ အဝတ်အစားဆင်တူချည်းဖြစ်၏။ ရှစ်တန်းရောက်သည်အထိ နှစ်ယောက်လုံး ဘိုကေမထား၊ သျှောင်ထုံးနှင့်သာ၊ အများက သန်မာနှင့် ရန်ဝီဖုန်ကို ညီအစ်ကိုရင်းထင်ကြ၏။

ဦးဇန်ဝီဖုန်နှင့် ဒေါ်နန်းတီခေါ်တို့သည် စီးပွားရေးကောင်းကြ၏။ ဒေါ်နန်းတီခေါ်တ အိမ်မှာဆေးဆိုင်ဖွင့်ထား၏။ ဦဇန်ဝီဖုန်





က သစ်စက်ထောင်ထားသည်။ ငွေသည်ရေကဲ့သို့ဝင်နေသော်လည်း ရန်ဝီဖုန်နှင့် သန်မာတို့ကိုငွေပေးမကိုင်၊ မုန့်ဖိုးမပေး၊ ကျောင်းသွားလျှင် ထမင်းချိုင့်နှင့်၊ စားချင်သည့် မုန့်ပဲထည့်ပေး သည်။ အိမ်ဖော်ဒေါ်လောင်လီကလည်း စိတ်ရှည်၏။ ရန်ဝီဖုန်နှင့် သန်မာအလိုရှိသမျှ မပြိုမငြင်ဖြစ်အောင် ဆောင်ရွက်ပေး၏။ ကျောင်းနှင့်ဆိုင်သည့် ငွေရေးကြေးရေးကိစ္စကို ဒေါ်လောင်လီက ဆောင်ရွက်ပေး၏။ ဦးဇန်ဝီဖုန်သည် တစ်ခါသေဖူး ပျဉ်ဖိုးနားလည်သွားပြီဖြစ်၍ ထပ်မံအမှားမခံရအောင် အကွက်ကျကျစီစဉ် ဆောင်ရွက်ထားခြင်းဖြစ်၏။

ရန်ဝီဖုန်က အင်္ဂလိပ်စာနှင့် သင်္ချာညံ့၏။ အဘိုးဦးသံတိုင်၏ ကျေးဇူးကြောင့် သန်မာသည် အင်္ဂလိပ်စာနှင့် သင်္ချာတော်၏။ တော်သမျှ ထိုနှစ်ဘာသာ စာမေးပွဲဖြေတိုင်း ပထမချည်းရ၏။ သန်မာက ရန်ဝီဖုန်အား ထိုနှစ်ဘာသာကို စိတ်ရှည်လက်ရှည် သင်ပြပေးတော့ ရန်ဝီဖုန်အင်္ဂလိပ်စာနှင့် သင်္ချာတော်လာ၏။ အင်္ဂလိပ်စာနှင့် သင်္ချာအချိန်များတွင် ကျောင်းပြေးချင်နေသော ရန်ဝီဖုန်သည် ကျောင်းပြေးချင်စိတ်မရှိတော့။ ကျောင်းတက်ရသည်ကိုပျော်လာပြီ။ ရန်ဝီဖုန်၏ မိဘနှစ်ပါးကလည်း သန်မာကို ကျေးဇူးတင်နေကြ၏။ တကယ်ကျေးဇူးတင်ရမည်မှာ သန်မာက ရန်ဝီဖုန်မိဘများကို ကျေးဇူးတင်ရမည်ဖြစ်ပါသည်။ သန်မာကို ကျွေးမွေးထားသကဲ့သို့ ကျောင်းပါထားပေး၍ ကျေးဇူးအနန္တဖြစ်နေပြီ။ သန်မာကလည်း ကျေးဇူးသိတတ်ပါသည်။ အိမ်မှာ မည်သည့်အခါမှ အနားမနေပါ။ အိမ်အလုပ်၊ ဆိုင်အလုပ် နေ့စဉ်ကူလုပ်ပေးသကဲ့သို့ ကျောင်းပိတ်သည့်နေ့များတွင်သစ်စက်သို့ သွား၍

www.burmeseclassic.com

www.burmeseclassic.com



ဦးဇန်ဝီဖုန်အား ကူညီလုပ်ကိုင်ပေးခဲ့ပါသည်။ သန်မာသည် ရန့်ဝီဖုန် သင်ပေးသဖြင့် ဆိုင်ကယ်စီးကောင်းကောင်း တတ်သွားခဲ့ပါသည်။ မြစ်ကြီးနားနှင့် ပိတောင်သို့ ဆိုင်ကယ်နှင့်သွား၍မရသဖြင့် ကျောင်းရက်ရှည်ပိတ်လျှင်တော့ မြစ်ကြီးနားဘူတာမှ ရထားစီးပြီး အဘိုးဦးသံတိုင်ရှိရာ ပိတောင်သို့သွားလေ့ရှိပါသည်။ အဘိုးနှင့် အတူနေရသည့်အခါ လွန်စွာပျော်ရွှင်ရပါ၏။ ဗဟုသုတကလည်း များစွာရပါ၏။တိုးချဲ့ကြိုးဝိုင်းများအပါအဝင် ပိတောင်ကြိုးဝိုင်း ဧရိယာမှာ စတုရန်းမိုင် ၂၈၀ ခန့်ရှိသည်ဟုသိရပါသည်။ ၁၉၁၂ ခုနှစ်ကတည်းက တောရိုင်းကျေးငှက် တိရစ္ဆာန်များကာကွယ်သည့် ဥပဒေထုတ်ပြီး ၁၉၂၉ ခုနှစ်နှင့် ၁၉၃၄ ခုနှစ်တွင် ထိုဥပဒေကို ပြင်ဆင်ချက်ထုတ်ခဲ့ကြောင်း၊ ၁၉၃၆ ခုနှစ်တွင် မြေမှအပ မြန်မာနိုင်ငံတောရိုင်း သတ္တဝါများကာကွယ်သည့် ဥပဒေထုတ်ခဲ့ကြောင်း သိရပါသည်။ အဘိုးတို့သည် ထိုဥပဒေကို ချိုးဖောက်၍ အမဲလိုက်ခဲ့ခြင်းဖြစ်ကြောင်း အခုမှ သန်မာသိရှိရပါသည်။ ယခင်က မုဆိုးသည်ကြိုက်သလိုအမဲလိုက်ခွင့်ရှိသည်ဟု သန်မာနားလည်ခဲ့ပါသည်။ အဘိုးရှင်းပြ၍ တချင်ပြည်နယ်တွင် ပိတောင်ဘေးမဲ့တောတစ်ခုတည်းသာရှိကြောင်း၊ ပိတောင်ကြိုးဝိုင်းတွင် တိရစ္ဆာန်များနှစ်သက်သည့် မြေငန်ကျစ်တွင်းဆယ့်သုံးတွင်းနှင့် လွင်နှစ်ဆယ့်ငါးပြင်ရှိကြောင်း သိရှိရပါသည်။

အဘိုးတောလည်ထွက်ရာ တပိန်မြစ်နှင့် မိုးလယ်ချောင်းကြား၊ တပိန်မြစ်နှင့်နမ်စရိခ၊ ချီရိခကြား၊ ဗန်းမော်နှင့် တရုတ်ပြည်နယ်စပ်ကြား တောတောင်များသည် ပိတောင်ကြိုးဝိုင်းတွင် မပါဝင်ကြောင်း၊ ကြိုးဝိုင်းလည်း သတ်မှတ်မထားသကဲ့သို့ ဘေးမဲ့တောလည်း သတ်မှတ်မထားကြောင်းသိရှိရပါသည်။ အဘိုးစကားအရ အဘိုးသည် ဗန်းမော်တွင် ခိုး၍တောလည်ခြင်းမဟုတ်ကြောင်းသိရတော့ သန်မာပျော်သွားပါ၏။

အဘိုးတို့အမဲစောင့်သည့် ပိတောင်ကြိုးဝိုင်းတွင်သစ်တောအခေါ် 'ဘိနယ်' ငါးနယ်ခွဲခြားထားကြောင်း၊ နန့်ကြင်ဘိနယ်၊ ပိတောင်ဘိနယ်၊ ဆမုံဘိနယ်၊ မရမ်းဘိနယ်နှင့် ရှုတောင်ဘိနယ်တို့ဖြစ်ကြောင်း၊ ထိုဘိနယ်တစ်နယ်တွင် အမဲစောင့်တစ်ဦးက စောင့်ကြပ်အုပ်ချုပ်ရကြောင်း၊ အဘိုးတာဝန်ကျသည်က ပိတောင်ဘိနယ်ဖြစ်ကြောင်း၊ အမဲစောင့်အဘိုး၏ အမြဲနေရပ်မှာ ပိတောင်ဘူတာဖြစ်ကြောင်း သိရှိရပါသည်။ အမဲစောင့်တာဝန်မှာ လွင်များ၊ မြေငန်ကျစ်တွင်းများနှင့် ရေသောက်ဆင်းသည့်နေရာများရှိ လင့်စင်များပေါ်မှနေ၍ တိရစ္ဆာန်အမျိုးအစားအလိုက် အရေအတွက် စာရင်းကောက်ယူခြင်း၊ တိရစ္ဆာန်များကို မည်သူမျှ ဖမ်းဆီးသတ်ဖြတ်မှုမရှိအောင် ကာကွယ်ခြင်းတို့ဖြစ်ကြောင်း အဘိုးကမနေတတ်သူဖြစ်၍ တစ်ကြောင်း၊ အမဲကောင်များစွာသတ်ထားဖူး၍ အကြွေးပြန်ဆပ်သည့်အနေဖြင့် တိရစ္ဆာန်များ ပျော်ရွှင်ရေး၊ လွတ်လပ်စွာ ကျက်စားနိုင်ရေးနှင့် တိရစ္ဆာန်များကို တိုးပွားရေးတို့ကိုဆောင်ရွက်လိုသူဖြစ်၍တစ်ကြောင်း၊ သစ်တောဝန်ထမ်းများနှင့်အတူ ချုံများရှင်းပေးခြင်း၊ မြက်နုပေါက်အောင် ထိန်းသိမ်းမီးရှို့ပေးခြင်း၊ မြေငန်ကျစ်တွင်းများ၌ ဆားထည့်ပေးခြင်း၊ တိရစ္ဆာန်များနှစ်သက်သည့် စားပင်များစိုက်ပေးခြင်း၊ ကြဲပေးခြင်း၊ မျိုးအမျိုးမျိုးစိုက်ပေးခြင်းတို့ကို ကူညီစိုက်ပေးခဲ့ကြောင်း အဘိုးဦးသံတိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြ၍ သန်မာသိရှိခဲ့ရပါသည်။

အဘိုးသည် ပိတောင်ဘိနယ်တွင် အမဲစောင့် တာဝန်ကျ၍ စားရေးသောက်ရေး မခက်ခဲပါ။ ပိတောင်ဘူတာမှ ရထားဝန်ထမ်းများနှင့်လည်း ရင်းနှီးနေ၍ မြစ်ကြီးနားသာမက မန္တလေးအထိလိုချင်သည့် ပစ္စည်းမှာလိုက်၍ရပါသည်။ အဘိုးသည် အစားချေးများသူမဟုတ်ပါ။ ပိန်းဥဟင်း၊ မျောက်ဥဟင်းရှိလျှင်ပင် ထမင်းစားဝင်သူဖြစ်ပါသည်။ သူနေသည့် နေရာအနီးတွင် ပိန်းဥ၊ မျောက်ဥများလည်း စိုက်ထားသည်ကိုတွေ့ရပါသည်။ တောသီးတောနှံတို့ကိုလည်း ကြိုက်နှစ်သက်ရာ ခူးယူချက်ပြုတ်စားနိုင်ပါသည်။ မိုးတွင်းဆိုလျှင်တော့ မှိုဟင်း၊ မျှစ်ဟင်းက အဘိုးအတွက် ဟင်းကောင်းတစ်ခွက် ဖြစ်ပါ၏။ အဘိုးသည် အသားလုံးဝမစားတော့၍များလား၊ အသက်ကြီးလာ၍များလားမသိ။ အဘိုးတစ်နှစ်ထက် တစ်နှစ် ပိန်လိုက်လာသည်။ အဘိုးအသက် ၇၄ နှစ် ဆိုပေမယ့် သန်တော့သန်မာသေးသည်။ အဘိုးသည် မြေးသန်မာနှင့် အတူ မနေရ၍ များလား၊ မြေးသန်းမာကို လွမ်းဆွတ်နေ၍များလားဟု သန်မာတွေးမိတော့ ကျန်းမာရေးချို့လာသည့် အဘိုးအတွက် သန်မာ စိတ်မကောင်းမိတော့။

သန်မာသည် အဘိုးအကြောင်းတွေ တွေးနေပြီး လွမ်းဆွတ်လာသဖြင့် ဒီဇင်ဘာကျောင်းပိတ်သည်နှင့် အဘိုးရှိရာ ပိတောင်သို့ ထွက်လာခဲ့သည်။ သန်မာသည် ရထားစောင့်နေစဉ် ကျောပိုးအိတ်လွယ်လိုက်လာသည့် ရန်ဝီဖုန်ကိုတွေ့လိုက်ရ၍ အံ့ဩဝမ်းသာဖြစ်သွား၏။ ရန်ဝီဖုန်သည် ကျောင်းပိတ်ရက်တွင် သူ့အဖေနှင့် မန္တလေးလိုက်သွားဖို့ အစီအစဉ်ရှိပါလျက် သူဆီလိုက်လာသည်ကို



အံ့ဩနေမိ၏။ ရန်ဝီဖုန်က နွေကျောင်းအပြီးပိတ်မှ မန္တလေးသွားမည်။ ယခု သူငယ်ချင်းနှင့် မခွဲချင်၍ အမေ့ကိုပြောပြီး ပြေးလာခြင်းဖြစ်ကြောင်း ပြောပြတော့ သန်မာကရန်ဝီဖုန်ကို ပွေ့ဖက်လိုက်မိသည်။ သန်မာမျက်နှာတွင် မျက်ရည်တွေဝေ့နေပြီ။

မြစ်ကြီးနားနှင့်ပိတောင်ဘူတာသည် ဆယ့်တစ်မိုင်သာဝေးသဖြင့် ပိတောင်ဘူတာသို့ ခဏနှင့်ရောက်သွားသည်။ အဘိုးက သန်မာတို့ကိုတွေ့တော့ မျက်ရည်လည်အောင် ဝမ်းသာနေသည်။ ရန်ဝီဖုန်အမေ ဒေါ်နန်းတီခေါ် ထည့်ပေးလိုက်သည့် အစားအစာတွေစားပြီး အဘိုးပျော်နေသည်။ ထိုညက သန်မာကပြောခိုင်း၍ အဘိုးကချင်းဒစ်တပ်ဖွဲ့အကြောင်းနှင့် သားရဲတိရစ္ဆာန်တို့၏ တိုက်ခိုက်မှုအကြောင်း၊ အသက်ဘေးက သီသီလေးလွတ်ခဲ့သည့် မုဆိုးဘဝအတွေ့အကြုံများ အကြောင်းတွေကိုပြောပြခဲ့ရာ သန်မာနှင့်ရန်ဝီဖုန် အသည်းတယားယားနားထောင်ခဲ့ကြသည်။ ထိုညက ညဉ့်နက်မှ အိပ်ရာဝင်ဖြစ်ခဲ့ကြသည်။

မနက်မိုးလင်း ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်စားပြီးကြတော့ အဘိုးကတောတွင်းတိရစ္ဆာန်တွေ ကြည့်ရအောင်ဆိုပြီး ပျော်ဘွယ်ကြီးလွင်သို့ ခေါ်သွားသည်။ အဘိုးက တူမီးသေနတ်ကို ကျောသိုင်းလွယ်ပြီး၊ ဝါးရင်းတုတ် တစ်ချောင်းကိုင်လာသည်။ အဘိုးက လှမ်းမြင်နေရသော လင့်စင်ကို လက်ညှိုးထိုးပြပြီး "အဲဒီလင့်စင်ပေါ်က ထိုင်ကြည့်နေရမှာ တော်ကြာတောကောင်တွေ မြေငန်ကျစ်တွင်းမှာ ဆားမြေလာလျက်ကြမှာ" ဟုပြောနေစဉ်မှာပင် "ရှူး . . ." ဟူသော ကြောက်မက်ဖွယ်ရာ အသံကိုကြားလိုက်ရ၏။ သန်မာရော ရန်ဝီဖုန်ပါ ကြက်သေသေသလို ဖြစ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အသံကိုက ကြောက်စရာ။

အဘိုးက အသံလာရာကို ကြည့်လိုက်၏။ သန်မာကအဘိုး ကြည့်ရာ လိုက်ကြည့်လိုက်တော့ အမြီးထောက်၍ ဝါးပျဉ်းထလျက် စူးစူးရဲရဲကြည့်နေသည့် မြွေတစ်ကောင်။ လေချွန်သံပြင်းပြင်းလို တရှီးရှီးလည်းလုပ်နေသည်။ အဘိုးက ထိုမြွေကို အလစ်မပေးဘဲ စူးစူးရဲရဲပြန်ကြည့်ရင်း "တလေးတို့လှည်းစင်ဆီပြေး။ လှည်းစင်ပေါ် တက်နေ" ဟု အသံပြတ်ဖြင့်ပြောလိုက်၏။ အဘိုးက ပါးစပ်သာ လှုပ်ပေမယ့် လူကတစ်ချက်မလှုပ်၊ ဝါးရင်းတုတ်ကို ကျစ်ကျစ်ပါ အောင် ဆုပ်လိုက်သည်ကို သန်မာတွေ့လိုက်၏။

သန်မာအချိန်ဆွဲမနေတော့။ အဘိုးအမိန့်အတိုင်း လှည်းစင် ဆီပြေးလာခဲ့၏။ ရန်ဝီဖုန် သူ့နောက်မှလိုက်လာသည်ဟု သန်မာ ထင်၏။ ကိုက်ငါးဆယ်ခန့်ဝေးသည့် လှည်းစင်သို့ အသက်ဘေး ကြောင့် ပြေးရ၍လားမသိ။ ချက်ချင်း ရောက်သွား၏။ သန်မာ နောက်လှည့်ကြည့်တော့ ရန်ဝီဖုန်ကပါမလာ။

သန်မာသည်ရန်ဝီဖုန်ကို လိုက်ရှာကြည့်တော့ လူသွားလမ်း အတိုင်း နောက်ပြန်လှည့်ပြေးနေသည်ကို တွေ့ရ၏။ သန်မာ လှည်းစင်ပေါ် အမြန်တက်လိုက်၏။ သန်မာလှည်းစင်ပေါ်ရောက် တော့ အဘိုးလည်းရပ်နေသည့်နေရာတွင် မရှိတော့။ ရန်ဝီဖုန် နောက်ပြေးလိုက်နေသည်ကို တွေ့ရ၏။ မြွေဆိုးကလည်း အဘိုး နောက် မြွေတွန်သံပေးကာ လေပွေလိုပြေးလိုက်နေ၏။

"ရန်ဝီဖုန် . . . သား။ ရွှေကမူကျော်တာနဲ့ ဘယ်ဘက်က ချုံတောထဲဝင်ပြေး၊ လမ်းအတိုင်းမပြေးနဲ့" ဟု အဘိုးက အော်လိုက် ၏။ အဘိုးက ကမူအထက်တွင် ရပ်မလိုလိုလုပ်လိုက်သည်နှင့်



မြွေဆိုးကလည်းရပ်လိုက်ပြီး အမြီးထောက်၍ ပါးပျဉ်းထောင်ကာ အဘိုးကိုကြည့်နေသည်ကို သန်မာတွေ့ရ၏။ အဘိုးသည်ကုန်း ကမူကို လျင်မြန်စွာတက်လိုက်ပြီး လမ်းယာဘက်ဘေး သစ်ပင်ကြီး တစ်ပင်၏ပင်စည်တွင် ကွယ်ရပ်လိုက်သည်ကိုတွေ့ရ၏။ မြွေဆိုး ကလည်း အမြီးထောက်ရပ်နေရာမှ ကုန်းကမူပေါ် လျှောခနဲရောက် သွား၏။ သစ်ပင်ကြီးအနီးကမူထိပ်တွင် မြွေဆိုးသည်အမြီးထောက် ပါးပျဉ်းထောင်ကာ အဘိုးကိုရှာသည့် ပုံစံရပ်ကြည့်နေ၏။ လူသွား လမ်းတွင် အဘိုးကိုမတွေ့တော့ ချုံတွေလှုပ်နေရာ လက်ဝဲဘက် ချုံတောဘက်သို့ မြွေဆိုးက လှည့်သည်ကို သန်မာတွေ့ လိုက်ရ၏။

သန်မာ၏ခေါင်း ထူပူသွားပေပြီ။ ရန်ဝီဖုန်အတွက် လွတ် လမ်းမမြင်တော့။ လေပွေလိုအသွားမြန်သော မြွေဆိုး၏ ကိုက်ခြင်း ခံရပေတော့မည်။ စိုးရိမ်ပူပန်စိတ်ကြောင့် "အဘိုး ရန်ဝီဖုန်ကို ကယ်ပါဦး" ဟု သန်မာ မျက်စိမှိတ် အော်လိုက်၏။ အသံပင် မဆုံးသေး၊ "ဘုန်း . . . ဘုန်း. . . ဘုန်း" ဟူသော အဘိုး၏ ဝါးရင်းတုတ် ရိုက်သံကို ကြားလိုက်ရ၏။ အမြီးထောက် မတ်တပ်ရပ်နေသော မြွေဆိုးလဲကျသွားပေပြီ။ မြွေဆိုး၏ အမြီးပိုင်း က ခွေပတ် လှုပ်ရမ်းနေသည်ကို သန်မာလှမ်းမြင်နေရ၏။ လှည်းစင် ပေါ်က အမြန်ဆင်းကာ အဘိုးဆီပြေးသွားမိ၏။ အဘိုးဆီသန်မာ ရောက်တော့ ရန်ဝီဖုန်လည်း ရောက်နေပြီ။ မြွေ၏ဦးခေါင်းကား သွေးအလိမ်းလိမ်းဖြင့် ပြားနေပြီ။ လည်ပင်းနှင့် ခါးလယ်လည်း ပေါက်ပြဲနေပြီ။ မြွေအမြီး ကား ခွေပတ်လှုပ်ယမ်းဆဲ၊ မြွေအရောင် က အမည်းပုပ်ရောင်၊ ကိုယ်ထည်ကြီး၍ အရှည်ဆယ်ပေ ကျော်လော လိမ့်မည်။ ဝါးရင်းတုတ် အဖျားတွင် သွေးစွန်းကွက်များနှင့်၊

www.burmeseclassic.com

www.burmeseclassic.com



"ဒီမြွေက ငန်းပုပ်လို့ခေါ်တယ်၊ ငန်းမြွေ အမျိုးအစားဆိုတော့ အဆိပ်ရှိတယ်။ အဆိပ်ပြင်းတယ်။ ဒီငန်းပုပ်မြွေမျိုးက လူကိုလိုက်တတ်တယ်။ လိုက်တဲ့နေရာမှာလည်း ဒီမြွေမျိုးက ပါးပျဉ်းထပြီးလိုက်တယ်။ ပြေးတဲ့လူကရပ်ရင် သူ့ကို အန္တရာယ်ပြုမပြု အမြီးထောက်ကြည့်တတ်တယ်။ လူပြေးနေသမျှလိုက်ပြီး လူလဲတာနဲ့ ပေါက်တော့တာပဲ။ ငန်းပုပ်အပေါက်ခံရရင်တော့ ဆေးမီတယ် မရှိဘူး" ဟု အဘိုးကရှင်းပြ၏။

"ငန်းပုပ်က သူလိုက်တဲ့လူမတွေ့ရင်တော့ မလိုက်တော့ဘူး။ ငန်းပုပ်ကို ထိထိမိမိမရိုက်မိလို့ မသေသေးရင် သူ့ကိုရိုက်တဲ့သူကို တစ်နှစ်ကျော်ထိမမေ့တတ်ဘဲ ပြန်ရန်မူတတ်တယ်လို့ ကြားဖူးတယ်"

"အဘိုးက လူလေးတို့နှစ်ယောက် လင့်စင်ဆီပြေးရင် လူလေးတို့နောက်မလိုက်အောင် ငန်းပုပ်ကို အဘိုးကမျက်လုံးချင်းညို့ပြီး အာရုံဆွဲထားတာ။ မောင်ရန်လေးက လာလမ်းပြန်ပြေးတော့ ငန်းပုပ် မောင်ရန်လေးဆီမလိုက်ခင် အဘိုးက မောင်ရန်လေး နောက် အလျှင်ဦးအောင်ပြေးလိုက်ခဲ့ရတာပေါ့။ လူပြေးသမျှ ဆက်လိုက်မယ့်မြွေမို့ အဘိုးကအမြန်ရှင်းချင်တာနဲ့ ငန်းပုပ်မျက်စိလည်သွားအောင် မောင်ရန်လေးကို လမ်းအတိုင်းမပြေးခိုင်းဘဲ ချုံတောအတိုးခိုင်းလိုက်တာ။ ဒီကောင်အမြီးထောက်လိုက်ရှာနေတုန်း အဘိုးရိုက်သတ်လိုက်တာပေါ့ . . ."

"ငါ့ညီ အစ်ကို့နောက်လိုက်လာပြီးထင်နေတာ၊ ဘာလို့လိုက်မလာတာလဲ . . ."



"မြွေရဲ့ရှေ့ ဖြတ်မပြေးရဲလို့ မလိုက်တာအစ်ကို၊ နောက်ပြန်လှည့်ပြေးတာတောင် မြွေလိုက်လာသလားအောက်မေ့ပြီး သေးတွေတောင်ထွက်ကုန်တယ်။ မြွေတွန်သံကလည်း ကြောက်စရာကြီး မဟုတ်လား"

"မြွေက ချုံတွေလှုပ်တာကြည့်ပြီး ညီလေးနောက်လိုက်သွားပြီအောက်မေ့တာ။ ညီလေးသာ မြွေအပေါက်ခံရရင် ညီလေးမိဘတွေကို အစ်ကိုဘယ်လိုလုပ် မျက်နှာပြရဲတော့မလဲ။ အစ်ကိုဖြင့် ညီလေးအတွက်တွေးပူပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး။ အော်မိအော်ရာအော်လိုက်မိတာပါပဲ . . ."

"ကဲ လူလေးတို့ ငန်းသားစားကြမလား၊ မစားချင်ရင်တော့၊ ကျင်းတူးမြှုပ်ပစ်ခဲ့မယ်"

"မစားချင်ပါဘူးအဘိုးရာ" ဟု သန်မာနှင့် ရန်ဝီဖုန်တို့က ပြိုင်တူပြောမိကြ၏။

"ကဲ. . . ဒါဖြင့် လင့်စင်ပေါ်တက်နှင့်ကြ၊ အဘိုးဒီကောင်ကို မြေမြှုပ်လိုက်ဦးမယ်"

အဘိုးက သူ့ခါးရှိ ဓားအိတ်ဖြင့်ချိတ်ထားသည့် ဘက်နက်ဓားကို ဆွဲနှုတ်ပြီး ကျင်းတူးနေခိုက် သန်မာတို့က လင့်စင်ဆီ ပြေးတက်ခဲ့ကြသည်။

ထိုနေ့က ငန်းပုပ်မြွေကြောင့် အသည်းတုန်အောင် ကြောက်လန့်ခဲ့ကြသော သန်မာတို့သည် မြေငန်ကျစ်တွင်းတွင် ဆားမြေလာလျက်ကြသည့် တိရစ္ဆာန်မျိုးစုံကို မြင်တွေ့ကြရသဖြင့် ထူးဆန်းစွာ ပျော်ခဲ့ကြရပါသည်။ အသံထွက်ပျော်ကြလျှင် သားကောင်တွေ လန့်ထွက်ပြေးမည်စိုး၍ ကြိတ်ပျော်ခဲ့ကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နေဝင်ခါနီး သန်မာတို့အဘိုးအိမ်သို့ ပြန်လာစဉ်လမ်းတွင် "တရိန်၊ တရိန်"ဟူသော ထူးဆန်းသောအသံကို ကြားရသဖြင့် သန်မာက "ဘာသံလဲအဘိုး"ဟု မေးကြည့်ရာ အဘိုးက သူကျော သိုင်းလွယ်ထားသည့် တူမီးကိုဖြုတ်ယူရင်း "ကျား - တစ် တာ" ဟုပြောပါသည်။ အဘိုးက တူမီးကို အသင့်အနေအထားကိုင်ရင်း "ကျားလန့်ရင်၊ လူနဲ့ရရင် ဒီလိုတစ်တာပဲ"ဟု ပြောပါသည်။ သန်မာနှင့် ရန်ဝီဖုန်တို့ အဘိုးအိမ်ရောက်သည်အထိ ကျားကိုအကြောက်မပြေကြပါ။

နောက်တစ်နေ့ မောင်သန်မာတို့ လွင်သို့ သွားမည့်ဆဲဆဲတွင် ဇန်းမော်မှ ဦးလေးသန်းဇော်ရောက်လာသည်။ သန်မာ၏အမေ ပန်းနာရင်ကျပ်ရောဂါဖြင့် သေဆုံးကြောင်းလာပြောခြင်းဖြစ်သည်။ သန်မာနှင့် ရန်ဝီဖုန်တို့ ဦးလေးသန်းဇော်နှင့် ဇန်းမော်သို့ ချက်ချင်းလိုက်သွားပြီး အဘိုးကလူကြီးထံတွင် ခွင့်တင်ပြီးမှလိုက်လာသည်။ သန်မာအမေကို သုံးရက်ထားပြီး မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည်။ အမေနှင့်သား နီးစပ်ခြင်းမျိုးဖြင့် မနေခဲ့ရသော၊ အမြဲခွဲခွာနေခဲ့ရသော သန်မာသည် ခေါင်းမသွင်းမီ သူ့အမေအလောင်းအားဖက်၍ ကြုံကြုံပါအောင် ရှိုက်ကြီးတငင်ငိုကြွေးခဲ့၏။ ထိုမြင်ကွင်းကိုမြင်ကြသူအားလုံး သန်မာအကြောင်းကို သိသူအားလုံး မျက်ရည်မဆည်နိုင်ကြတော့။

သန်မာ၏ အမေရက်လည်ဆွမ်းသွတ်ပြီး နောက်တစ်နေ့တွင် သန်မာနှင့်ရန်ဝီဖုန်တို့သည် မြစ်ကြီးနားသို့ တန်းပြန်ခဲ့ကြသည်။ အဘိုးက နေရစ်ခဲ့သည်။ သန်မာသည် အနီစွ၊ အနတ္တတို့၏ သဘောကို စတင်ကြောလာမိပြီ။



သန်မာသည် ရှစ်တန်းစာမေးပွဲကြီး ဖြေပြီးသည်နှင့် ဦးရန်ဝီဖုန်နှင့် ဒေါ်နန်းတီခေါ်တို့ကို ရှိခိုးကန်တော့ပြီး အဘိုးဦးသံတိုင်ရှိရာ ဝိတောင်သို့လာခဲ့သည်။ အဘိုးအတွက် အစိုးရိမ်လွန်နေသည့် သူ့စိတ်ကိုသိရတော့ ဦးရန်ဝီဖုန်တို့ မိသားစုက မတားမြစ်တော့၊ ဦးရန်ဝီဖုန်တို့တစ်အိမ်လုံး စိတ်မကောင်းစွာ ကျန်ခဲ့ကြသည်၊ ရန်ဝီဖုန်ကလည်း မျက်ရည်လည်ရွဲဖြင့် ကျန်ရစ်ခဲ့သည်။

သန်မာ၏တွေးမှန်နေသည်။ အဘိုးဦးသံတိုင်သည် ဧပြီလလယ်တွင် သားကောင်များ စားရန်အတွက် ပဲစင်းငုံစိုက်ရာမှ အပြန် ချွေးမတိတ်မီရေချိုးမှားပြီး အပြင်းဖျားရာမှ ကွယ်လွန်ပြန်သည်၊ သန်မာပြောသာပါ၏။ နှစ်လခန့် အဘိုးကိုချက်ပြုတ်ကျွေးမွေး နင်းနှိပ်ပေးခဲ့ရသည်မဟုတ်ပါလား။

နောက်ဆုံးတော့ ဦးလေးဦးသန်းဇော်၊ ဒေါ်လေး ဒေါ်မြင့်ရီတို့စီစဉ်သည့်အတိုင်း မံသာရှိအဘိုးအိမ်ရောင်းပြီး ရန်ကုန်သို့ ပြောင်းခဲ့ကြသည်။

မာဂရက်သဘော်၏ ဥဩဆွဲသံကြောင့် သန်မာ့အတွေးစိတ်တို့သည် အတိတ်မှပြန်လာကာ သာပေါင်းဆိပ်ကမ်းသို့ သင်္ဘောဆိုက်တော့မည်ကို သိလိုက်၏။ သံသရာခရီးသည်မို့သည် ဆိပ်ကမ်းမှာ သန်မာဆင်းရဦးမှာပါလား။ ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

## လှေကြီးတက်ကျေးရွာ ရောက်လို့လာ

သန်မာသွားရမည့်နေရာက သာပေါင်းမြို့နယ်ထဲက လှေကြီးတက်ကျေးရွာ။ သာပေါင်းမြို့မှ အနောက်သို့ သုံးမိုင်ပြန် လျှောက်လျှင် လှေကြီးတက်ကျေးရွာသို့ ရောက်သည်ဟုပြောကြ၏။ လှေကြီးတက်ကျေးရွာကလည်း ဝေနန်မြစ်ကမ်း ဘေးမှာပဲရှိသည်တဲ့။ သန်မာအတွေးလွန်နေ၍ ထိုနေရာတွင် သင်္ဘောကပ်ခဲ့ခြင်းရှိမရှိ သတိမထားမိ။ ဘာပဲဖြစ်ဖြစ် မရောက်ဖူးသည့် သာပေါင်းမြို့သို့ ရောက်လာခြင်းကိုပင် သန်မာသဘောကျနေမိသည်။

သန်မာခြေလှမ်းဖြင့်လျှောက်လျှင် သုံးမိုင်သာဝေးသည့် လှေကြီးတက်ကျေးရွာသို့ ခဏလေးနှင့်ရောက်သွားနိုင်၏။ မရောက်ဖူးသေးသည့် သာပေါင်းမြို့ကို လျှောက်ကြည့်ချင်သဖြင့် နေဝင်ဖျိုးဖျမှ လှေကြီးတက်ကူးမည်ဟု သန်မာစိတ်ကူး၏။ သန်မာသည် သာပေါင်းမြို့ကို တောင်နှင့်မြောက် အရှေ့နှင့်အနောက်





လျှောက်ကြည့်နေမိ၏။ သန်မာကအသက်ကြီးကြီး လူတစ်ဦးကိုတွေ့၍ အဘယ်ကြောင့်သာပေါင်းဟု ခေါ်သလဲဟု မေးကြည့်မိ၏။ ထိုလူကြီးက သာပေါင်းမြို့တည်ရာအရပ်သည် ရခိုင်ရိုးမ တောင်ခြေနှင့်နီးကြောင်း၊ ထို့ကြောင့် တောသားကောင်များ ထိုအရပ်တွင် စုပေါင်းနေကြသည်ကို အစွဲပြု၍ သားပေါင်းဟု ခေါ်ကြောင်း၊ ကာလရွေ့လျောလာ၍ သားပေါင်းမှသာပေါင်း ဖြစ်လာကြောင်းပြောပြတော့ သန်မာသဘောကျသွား၏။ သာမှ ပေါင်းသည့် သာပေါင်းဆိုလျှင်တော့ သန်မာသဘောမကျချင်။

ထိုလူကြီးက တပေါင်းလတွင်ကျင်းပသည့် အလွန်စည်ကားသည့် တောင်ညိုဘုရားပွဲလာခဲ့ဖို့ဖိတ်သည်။ သာပေါင်းမြို့နှင့် ခုနစ်မိုင်အကွာ ရခိုင်ရိုးမတောင်စွယ်ပေါ်တွင်ရှိသည့် တောင်ညိုရွာမှ ဘုရားဟုပြောသည်။ သန်မာသည် သာပေါင်းမှာပင် ညနေစာ ထမင်းဝယ်စားလိုက်၏။ နေဝင်ဖျိုးဖျအချိန်တွင် လှေကြီးတက် ကျေးရွာသို့ ထွက်လာခဲ့၏။

သန်မာသည် မိမိမျက်လုံးကို မိမိမယုံချင်တော့။ လှေကြီးတက်ကျေးရွာလေးတွင် ဘာကြောင့်များ ဒီလောက်လူတွေများနေပါလိမ့်။ ပုသိမ်သင်္ဘောဆိပ်တွင် ကြားခဲ့ရသော သတင်းကြောင့် သန်မာလာခဲ့ခြင်း ဖြစ်သော်လည်း ဒီလောက် လူတွေများလိမ့်မည် မထင်ခဲ့။ ဘုရားပွဲဈေးရှိသကဲ့သို့ လူများကြိတ်ကြိတ်တိုးနေသည်။ ဒီဇယ်မီးခွက်များ၊ ဖယောင်းတိုင်များ နေရာအနှံ့ထွန်းညှိထားသော လမသာသည့် ညအခါ ကြယ်တာရာစုံ လင်းလက်နေသည့် ကောင်း ကင်ကြီးမြေပြင်ပေါ်သို့ ရောက်နေသလားထင်ရ၏။ ပုသိမ်သင်္ဘော ဆိပ်တွင် ကြားခဲ့ရသည့်သတင်းက သာပေါင်းမြို့နယ် လှေကြီး

www.burmeseclassic.com

www.burmeseclassic.com

တက်ကျေးရွာတွင် တရုတ်-မြန်မာဖက်စပ်၊ တစ်နေ့တန် (၂၀၀) ကျ ပျော့ဖတ်စက်ရုံ တည်ဆောက်မည်ဖြစ်၍ အလုပ်သမား များစွာလိုနေသည်ဟူသော သတင်းဖြစ်ပါ၏။ အလုပ်လုပ်ချင်နေ သော သန်မာအဖို့ လူအုပ်ကိုငေးကြည့်ပြီး သူ့အတွက် အလုပ်မရ မှာကိုပင် သိုးရိမ်လာ၏။ ဤမျှထိ လူကများပါသည်။

ဘုရားပွဲနှင့်လည်း တူလွန်းလေစွ။ စားသောက်စရာမျိုးစုံ ရောင်းချသည့်ဈေးတန်းလည်း ရှိသည်။ ဈေးတန်းလျှောက် ကြည့် သူကြည့်၊ ဝယ်သူဝယ်နှင့် သောသောညံနေသည်။ ည(၈)နာရီ (၉) နာရီထိ စာရှုန်းရှုန်း ဖြစ်နေသည်။ ညဉ့်နက်လာလေ ဆောင်းနှောင်း ဦးပြာသိုလပြည့်နေ့ည၏ အအေးဓာတ်က ပိုလာလေဖြစ်လာသည်။ လူအချို့ကတော့ သစ်ပင်များအောက်မှာ လဲလျောင်းအနားယူနေ ကြပြီ။ သန်မာသည် ဘူးသီးကြော်ဆိုင်တွင် ဘူးသီးကြော်ဝယ်စား ရင်း လုပ်ငန်းအခြေအနေ ကျေးရွာအခြေအနေကို စပ်စုကြည့်မိ၏။

သန်မာအတွက် အလုပ်ကပူစရာမလိုတော့။ အလုပ်က တစ်ပုံတစ်ခေါင်းကြီးရှိသည်တဲ့။ မြေခုတ်ထွင် ရှင်းလင်းခြင်း အလုပ် ပင်။ ခုမှ လုပ်ငန်းတည်ကာစဖြစ်၍ လူများစွာလိုနေသေးသည်တဲ့။ အရှေ့တောင်အာရှတွင် အကြီးဆုံး ပျော့ဖတ်စက်ရုံကြီး တည်မှာ ဖြစ်၍ အလုပ်သမားများစွာ လိုနေသည်တဲ့။ သုံးလေးနှစ်လောက် ကြာအောင်တည်မှ ပြီးမည်တဲ့။ စက်ရုံတည်ဆောက် ပြီးသွားလျှင် လည်း စက်ရုံကြီးအတွက် အလုပ်သမား ထောင်ချီလိုမည်ဖြစ်၍ ပျော့ဖတ်လုပ်ဖို့ ဝါးကလည်း သိန်းသန်းရာထောင် လိုမည်တဲ့။ သည် တော့ ဝါးခုတ်ဖို့ အလုပ်သမားကလည်း ရာထောင်လိုမည်တဲ့။ ပြီး



တော့ သာပေါင်း-ပုသိမ် ကားလမ်းအတွက် အလုပ်သမား ရာထောင် လို မည်တဲ့။

တရားဝင် စကားမဟုတ်ပေမယ့် လမ်းဘေးစကား ဖြစ်ပေ မယ့် ထိုသူ၏စကားက သဘာဝကျပါသည်။ ယခု တည်မည့် ပျော့ဖတ် စက်ရုံကြီးက အရှေ့တောင်အာရှမှာ အကြီးဆုံးဆိုတာကတော့ တုတ်ချင်လည်းဟုတ်မည်၊ ဟုတ်ချင်မှလည်း ဟုတ်မည် ပေါ့။ တာဝန်ရှိသူ၏ ပြောကြားချက်မှ မဟုတ်ဘဲလေ။ ဘာပဲဖြစ်ဖြစ် သန်မာပျော်သွားပြီ။ အလုပ်လုပ်ချင်သော သန်မာအတွက် အလုပ် ရှိနေလျှင်ပျော်ရမည်မဟုတ်ပါလား။ ယခုသန်မာ ရောက်ရှိနေသည့် နေရာက ငဝန်မြစ်၏ အနောက်ဘက်ကမ်းဖြစ်ပြီး မြစ်နှင့် အနည်း ငယ် လှမ်းသေးသည်ဟု သိရ၏။

သန်မာသည် အများနည်းတူ အိပ်ဖို့နေရာရှာလိုက်၏။ သရက်ပင်အုပ်အုပ်ကြီးကြီး တစ်ပင်အောက်တွင် လူသုံးလေး ယောက် ခြင်ထောင်ထောင်အိပ်နေကြ၏။ သန်မာသည် ၎င်းတို့ ဘေးတွင် သူ၏ သားရေအိပ်ရာလိပ်ကို ဖြေလိုက်၏။ ခြင်ထောင် ကိုယူ၍ အများနည်းတူ သစ်ကိုင်းများတွင်ချည်၍ ထောင်လိုက်၏။ ခြင်ထောင်ထဲဝင်ခဲ့ပြီး ခေါင်းအုံးလုပ်ထားသည့် အဝတ်အစား အိတ်ထဲမှ နေ့စဉ်မှတ်တမ်းစာအုပ်ကို ထုတ်လိုက်မိ၏။ ပြီးတော့ . . . သန်မာက ထိုစာအုပ်ကြားမှာ ဓာတ်ပုံတစ်ပုံကိုယူလိုက်ပြီး ဓာတ်မီးဖြင့်ထိုးကြည့်လိုက်၏။

အသက်ကဲ့သို့ ချစ်မြတ်နိုးခဲ့ရသည့် ချစ်ဦးသူ နန်းနှင်းဆီ၏ မျက်နှာသွယ်သွယ်၊ မျက်ခုံးမျက်လုံးမျက်ဖန် ကောင်းအောင်း၊ မျက်ခွံမို့မို့နှာတံပေါ်ပေါ်၊ နှုတ်ခမ်းအနေတော်၊ နားအနေတော်

www.burmeseclassic.com

www.burmeseclassic.com

တွင် ရွှေနားကပ်ပါးပါးလေး ဝတ်ထားသည်။ မျက်နှာသွယ်ပေမယ့် ပါးပြည့်ပြည့်ဖြစ်၍ ကြည့်၍ပိုကောင်းသည်။ လည်တိုင်ရှင်းရှင်းတွင် ရွှေဆွဲကြိုး သေးသေးမျှင်မျှင်လေး။ လည်တိုင်၏ ဝဲဘက်ဘေး ရင်ဘတ်ပေါ် ချထားသည့် မည်းနက်နေသော တစ်ပတ်လျှိုဆံထုံး ထုံးထားသည့်ဆံပင်များက ခါးအထိရောက်နေသည်။ ဆံပင်အုံက လည်း ကောင်းလိုက်ပါဘိ။ ဓာတ်ပုံထဲမှာ အသားဖြူနေပေမယ့် အပြင်မှာက နန့်နှင်းဆီ အသားအရေက ငှက်ပျောအူနုကဲ့သို့ ဝါဖြူဥနေသည်။ ပြီးတော့ ပါးပြည့်ပြည့်နှစ်ဖက်ပေါ်က ပါးချိုင့်ကြီး နှစ်ခုက ဓာတ်ပုံထဲတွင် သိပ်မပေါ်လှ။ နန့် နှင်းဆီ၏ ဖြူဖွေးသော သွားများပေါ်အောင်မပြောနှင့်၊ ပြုံးရုံပြုံးသည်နှင့် ချိုင့်ချိုင့်ဝင်သွားသည့် ပါးချိုင့်နှစ်ဖက်က ကျက်သရေ ရှိလှ၏။ ပြုံးရယ်လိုက်တိုင်း ပါးချိုင့်နှစ်ဖက်ကြောင့် မျက်နှာက ပိုလှသွားသည်ဟု သန်းမာ ထင်ခဲ့၏။

သန်းမာက သက်ပြင်းမောချရင်း နန့်နှင်းဆီဓာတ်ပုံကို နေ့စဉ်မှတ်တမ်းစာအုပ်၌ ပြန်ညှပ်ပြီးနောက် ခေါင်းအုံးလုပ်ထားသည့် အဝတ်အစားအိတ်ထဲ ပြန်ထည့်လိုက်၏။ ထိုအိတ်ပေါ်ခေါင်း လှဲချကာ စောင်ဆွဲခြုံလိုက်၏။သူ့မျက်ဝန်းတွင် အမှောင်ထဲ၌ပင် နန့်နှင်းဆီပုံရိပ်က ပေါ်လာ၏။ သူ့အိပ်မပျော်နိုင်တော့ပါ။ သူ့အတွေးစတို့က ရှေးဖြစ်နောက်ကြောင်းများဆီ ရောက်သွား ပြန်ပြီလေ။ ။

အခန်း (၇)

## ကျောင်းသားသစ်

သန်မာပူဆာလွန်း၍ မေလကုန်ကာနီးတွင် သန်းမာတို့ ရန်ကုန် သို့ရောက်ခဲ့ကြ၏။ သန်းမာ၏ အမေဘက်က အဘိုး ဦးမြင့်မောင် က မြောက်ဥက္ကလာပမြို့နယ်၊ မြရတနာ ၄ လမ်းတွင် သမီးလေး နှစ်ယောက်နှင့်နေသည်။ အဘိုးသည် အလယ်တန်းပြ ကျောင်း ဆရာအငြိမ်းစားဖြစ်၏။ အဘိုး၏တပည့်များက ကြိုတင် ရှာပေး ထားသဖြင့် သန်းမာတို့နေမည့်အိမ် တွေ့ထားပြီးဖြစ်၏။ ည ရပ်ကွက် ဝေဘာဂီလမ်းမှာဖြစ်၏။ ပေ ၂၀ ပေ ၆၀ သုံးပင် နှစ်ခန်းသစ်သား အိမ်ဖြစ်၏။ ထရံကာ သွပ်မိုးဖြစ်၏။ ဦးလေးနှင့် ဒေါ်လေးတို့သည် ထိုအိမ်ကိုသွားကြည့်ကြပြီး တစ်ခါတည်း စာချုပ် ငွေချေ ဝယ်ယူ လိုက်၏။ ထိုနေ့မှာပင် အဘိုးအိမ်မှထိုအိမ်သို့ သန်းမာတို့ ပြောင်း ရွှေ့နေထိုင်ခဲ့ကြ၏။ တော်သေး၏။ သန်းမာလည်း ဇွန် (၁) ရက်မှနေ့



www.burmeseclassic.com

တွင် အထက (၁) မြောက်ဥက္ကလာသို့ ကျောင်းအပ် ကျောင်းတက်
နိုင်ခဲ့၏။

ကျောင်းသားသစ်ဆို၍ သန်မာနှင့် နန်းနှင်းဆီတို့ နှစ်ဦး
သာရှိ၏။ သန်မာက မြစ်ကြီးနားမှ ပြောင်းလာခြင်းဖြစ်ပြီး
နန်းနှင်းဆီက လွိုင်လင်မှပြောင်းလာခြင်းဖြစ်၏။ သူတို့နှစ်ယောက်
သည် စာသူငယ်ကြား လင်းတနားဟု ဆိုရလောက်အောင် အရပ်
အမောင်းရော ကိုယ်လုံးကိုယ်ထည်ပါ ထူးခြားနေ၏။ ပိုထူးခြား
သည်က သန်မာ၏သျှောင်ထုံးဖြစ်၏။

ထိုနေ့ကျောင်းဆင်းတော့ သန်မာနှင့် နန်းနှင်းဆီတို့
ကျောင်းမှအတူပြန်ဖြစ်ခဲ့ကြ၏။ ခေမာသီလမ်းကြီးဆီရောက်ပြီး
လယ်ကွင်းများကို ဖြတ်ဖောက်ထားသည့် လမ်းမှပြန်ခဲ့ခြင်းဖြစ်၏။
ကျောင်းဆင်းချိန်တွင် ကျောင်းသားကျောင်းသူများ သူ့အုပ်စုလေး
နှင့် သူပြန်ကုန်ကြသည်။ သန်မာနှင့် နန်းနှင်းဆီတို့သည် သူတို့
အတန်း၊ သူတို့အခန်းတွင် ကျောင်းသားသစ်ဆို၍ သူတို့နှစ်ဦးသာ
ရှိသဖြင့် ကျောင်းဆင်းတော့ တစ်ယောက်ကိုတစ်ယောက် ပြုံးပြ
ဖြစ်ရာမှ ကျောင်းအတူပြန်ဖော်ဖြစ်သွားကြ၏။

တစ်ယောက်နှင့်တစ်ယောက် သူ့အကြောင်းမေး၊ ကိုယ့်
အကြောင်းမေး၊ သူ့အကြောင်းပြော၊ ကိုယ့်အကြောင်းပြောနှင့်
ပထမနေ့မှာပင် သန်မာနှင့်နန်းနှင်းဆီတို့ ရင်းနှီးသွားခဲ့ကြ၏။
နောက်နေ့သန်မာကျောင်းရောက်တော့ နန်းနှင်းဆီမရောက်သေး၊
ခဏကြာတော့ နန်းနှင်းဆီသည် ကျောင်းသူတစ်သိုက်နှင့် ရောက်
လာသည်။ နန်းနှင်းဆီက သန်မာထံတန်းလာသည်။ သူ့လက်ထဲမှ
ကြွပ်ကြွပ်အိတ်နှင့် လုံခြုံစွာထည့်ယူလာသော မုန့်ပျားသလက်



ပူပူနွေးနွေး နှစ်ချပ်ထဲမှ တစ်ချပ်ကို သန်မာ အားပေးသည်။
တစ်ချပ်ကိုသူစားသည်။ ပဲလွန်းစေ့များပါသည့် မုန့်ပျားသလက်
ပေါ်တွင် နှမ်းထောင်းပါဖြူးထားသဖြင့် စား၍ကောင်းလှ၏။
အရသာရှိလှ၏။ "တို့အမေက မုန့်ပျားသလက်ရောင်းတယ်၊ ဒါ
နင့်အတွက် သက်သက် ယူလာတာ . . . "ဟု နန်းနှင်းဆီက ပွင့်လင်း
စွာပြော၍ ပေးခဲ့ခြင်းဖြစ်သည်။

ထမင်းစားကျောင်းဆင်းတော့ နှစ်ယောက်အတူပင်
ထမင်းစားဖြစ်ကြသည်။ ဒေါ်လေးဒေါ်မြင့်ရီ ထည့်ပေးလိုက်သည့်
ထမင်းချိုင့်ဖွင့်ကြည့်တော့ ကြက်သားဟင်းဆီပြန်ချက်ပေးထား
သည်။ နန်းနှင်းဆီထည့်လာသည့်ဟင်းက ကြက်သွန်နီနိုင်းချင်းနှင့်
ပဲပြုတ်ဆီဆမ်း။ သန်မာက နန်းနှင်းဆီထမင်းချိုင့်ထဲ ကြက်သား
ဟင်းများထည့်ပေးပြီး နန်းနှင်းဆီ၏ ပဲပြုတ်သုပ်ကိုသူက များများ
ယူစားလိုက်သည်။ ဆားမပေါ့မလေးထည့်ထားသဖြင့် ပဲ၏ဆိမ့်
သည့်အရသာက ပေါ်လှသည်။ သန်မာက ပဲပြုတ်သုပ်ကို သဘော
ကျသဖြင့် ကြက်သားဟင်း လက်ကျန်ကို နန်းနှင်းဆီအားထည့်ပေး
ပြီး ပဲပြုတ်သုပ်ကို အကုန်ယူလိုက်သည်။ နန်းနှင်းဆီက ကြက်သား
တုံးများကို သူ့ထမင်းစားဇွန်းဖြင့် ပြန်ခပ်ထည့်ပေးနေသဖြင့်
သန်မာ သတိထားကြည့်မိတော့ နန်းနှင်းဆီမျက်နှာ မရွှင်မပျတွေ့ရ
သည်။ သန်မာက သူယူထားသည့် ပဲပြုတ်သုပ်ကို ပြန်ထည့်ပေးမည်
လုပ်တော့ သူ့ထမင်းချိုင့် နောက်ဆုတ်လိုက်ပြီး "နင်ကြိုက်ရင်
စားလေ" ဟုမရွှင်မပျနှင့် တိုးသက်စွာ ပြောသည်။

နောက်နေ့တွင်လည်း သန်မာသည် နန်းနှင်းဆီယူလာပေး
သည့် မုန့်ပျားသလက် ပူပူနွေးနွေးကို စားရသည်။ ထမင်းစား

www.burmeseclassic.com

www.burmeseclassic.com

ချိန်ကျောင်းဆင်းတော့ သန်မာက ထမင်းစားဖို့ခေါ်ပေမယ့် နန့်နှင်းဆီက "ငါထမင်းမဆာဘူး။ နင်စားနှင့်" ဟုပြောသည်။ သန်မာက နန့်နှင်းဆီထမင်းချိုင့် ယူဖွင့်ကြည့်တော့ ပဲပြုတ်သုပ်။ သန်မာက သူ့ထမင်းချိုင့်ကိုဖွင့်ပြီး နန့်နှင်းဆီကိုပြလိုက်သည်။ ပဲပြုတ်ကြော်ကိုမြင်တော့ နန့်နှင်းဆီပြုံးသည်။ ထမင်းစားဖို့ထသည်။ ပျော်ပျော်ရွှင်ရွှင် ထမင်းစားဖြစ်ကြသည်။

သန်မာက ထမင်းစားပြီးမှ ဒေါ်လေးဒေါ်မြင့်ရီထည့်ပေးထားသည့် ဝက်သားဟင်းကိုကိုယ်တိုင်ကြော်သည့် ပဲပြုတ်ဟင်းနှင့် လဲယူလာခဲ့ကြောင်း ပြောပြလိုက်တော့ နန့်နှင်းဆီက ရှက်စနိုးဖြင့် ခေါင်းငုံ့သွားသည်။

သန်မာက သူ့ဘဝကိုအကြမ်းဖျင်း နန့်နှင်းဆီအားပြောပြလိုက်သည်။ အဘိုးစုထားသည့် ငွေ၊ အဘိုးခြံနှင့်အိမ်ကို ရောင်းရငွေ၊ ဒေါ်လေးတို့ကျောက်အောင်ထားသည့် ငွေလေးရှိနေ၍ လောလောဆယ် အဆင်ပြေနေခြင်းဖြစ်ကြောင်း၊ ဤသည်ပင် အိမ်ဝယ်လိုက်၍ ငွေသိပ်ကျန်တော့ဟန်မရှိကြောင်း၊ ဒေါ်လေးတို့ လင်မယားသည်လည်း နေ့စဉ်အလုပ်ထွက်ရှာနေကြောင်း၊ ပွင့်ပွင့် လင်းလင်း ပြောပြလိုက်သည်။ နန့်နှင်းဆီက သူပြောသမျှ တအံ့တဩနားထောင်ရင်း မယုံသလိုကြည့်သည်။ သန်မာက အိမ်လိပ်စာ ရေးပေးလိုက်ပြီး မယုံလျှင်လာကြည့်ဟု ပြောလိုက်မှ နန့်နှင်းဆီ၏ သက်ပြင်းမောချသံကို သန်မာကြားလိုက်ရ၏။

နန့်နှင်းဆီကလည်း သူ့အကြောင်းအားတျမခံ ပြောပြပြန်သည်။ သူ့အမေက ပိုးကရင်၊ သူ့အဖေက ဗမာ၊ အညာသား ပုပ္ပားသား၊ သူကတစ်ဦးတည်းသော သမီး။ ရဲတပ်ကြပ်အဖေသည်



လစာမှတစ်ပါး ရှာတတ်ဖွေတတ်သူမဟုတ်ကြောင်း။ ရန်ကုန်ရဲ အက်ဥပဒေအရ အခြားအလုပ်လုပ်ခွင့်မရှိ၍ နာရီပြင်တတ်သည့် အဖေ့အလုပ်ကို အဖေမလုပ်ရဲကြောင်း။ ရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များ၏ နာရီများနှင့် မိတ်ဆွေအပေါင်းအသင်းများ၏ နာရီများသာ ပြင်ပေးရကြောင်း၊ နာရီပြင်သည့်ငွေများကိုလည်း တစ်ပြားတစ်ချပ်မကျန် သူ့ဇနီးထံအပ်ခဲ့ကြောင်း၊ အသောက်အစား အပျော် အပါး အလောင်းအစားမရှိကြောင်း၊ အဖေ့ဆောင်ပုဒ်ရှိကြောင်း "မရစ်နဲ့ မထစ်နဲ့၊ မညစ်နဲ့ မြန်မြန်ထက်ထက် လုပ်ပေးပါ။ စေတနာပေး၊ ပေးသမျှသာယူ၊ ပူစရာမရှိ" ဟူသောဆောင်ပုဒ်ဖြစ်ကြောင်း နန့်နှင်းဆီက ပြောပြတော့ သန်မာသူ့အဖေကို သဘောကျသွားပြီး ခေါင်းတညိတ်ညိတ်လုပ်ရင်း ပြုံးမိ၏။ လုပ်ပိုင်ခွင့်ရှိပါလျက် မလုပ်သူ မဟုတ်ပါလား။

အဖေသည် လှိုင်လင်မှာတုန်းက နယ်ထိန်းဖြစ်သဖြင့် အသင့်အတင့် ကောင်းကောင်းမွန်မွန် စားရကြောင်း၊ အသင့်အတင့်ဝတ်ရကြောင်း၊ သူ့အမေက လှိုင်လင်ရဲစခန်းတွင် နေရာကျယ်သဖြင့် ဝက်များမွေးခဲ့ကြောင်း၊ ဝက်များရောင်းရတိုင်း နန့်နှင်းဆီအတွက် ရွှေများဆင်ပေးခဲ့ကြောင်း၊နားကပ်ပါးပါး၊ ဆွဲကြိုးမျှင်မျှင်၊ လက်ကောက်သေးသေး၊ မိန်းကလေး လက်ဝတ်ရတနာ၊ အမေချမ်းသာသမျှ ဝယ်ပေးခဲ့ကြောင်း။ ခု ရန်ကုန်ပြောင်းရတော့ ဝက်မွေးဖို့အခြေအနေမပေး။ အခြေအနေပေးသည့် မုန့်ပျားသလက်ရောင်းပြီး အမေကတစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာခဲ့ကြောင်း၊ အမေဟာ မိုးမလင်းခင်ကတည်းက မုန့်ပျားသလက်လုပ်ဖို့ ပြင်ရဆင်ရကြောင်း။ မုန့်ပျားသလက် လုပ်ရောင်း[illegible]ရတော့

www.burmeseclassic.com

www.burmeseclassic.com



နန့်နှင်းဆီကျောင်းသွားဖို့ ကျောင်းယူဖို့ ထမင်းချိုင့်အတွက် ပြင်ဆင်မပေးနိုင်ကြောင်း။ နန့်နှင်းဆီက ထမင်းတစ်အိုးတည် အိမ်ရှေ့မှာလာရောင်းသည့် ပဲပြုတ်ကိုကြက်သွန်နီနှင့် သုပ်ရန်မှ တစ်ပါး အဖေ့လစာနှင့် အမေ့မုန့်ပျားသလက် ရောင်းရငွေတို့က အခြားအသားငါးဟင်းလျာများ ချက်ပြုတ်ခွင့်မရှိကြောင်း။ နန့်နှင်းဆီကပြောပြတော့ သန်မာစိတ်မကောင်းတော့။

ညနေကျောင်းဆင်းတော့ အိမ်အပြန်လမ်းတွင် သန်မာက လောကတွင် မိတ်ဆွေကောင်းရှားကြောင်း၊ မိတ်ဆွေကောင်း ဆိုသည်မှာ အေးအတူပူအမျှ၊ နည်းအတူ များအဝ၊ ကောင်းတူ ဆိုးဖက်နေထိုင်ရကြောင်း၊ လောကတွင် ငါးစိမ်းမြင် ငါးကင်ပစ် ချင်သူ၊ ငါးရံ့ရတော့အတူတူ၊ ငါးခူရတော့ ခွဲခြမ်းခွဲခြမ်းလုပ်ချင်သူ သာများကြောင်း ၊ ဘူးသီးသီးမှ အရိုးတော်ချင်သည့် သာယာစီးချင် ကြသူများကြောင်း၊ တကယ့်မိတ်ဆွေစစ်သည် ဆံထုံးထုံးဆီစိုက် ပန်းပန်ပေးချင်သူဖြစ်ကြောင်း၊ မိမိလည်း နန့်နှင်းဆီနှင့် ပတ်သက် လာလျှင် မိတ်ဆွေစစ်ဖြစ်ချင်ကြောင်း၊ နောက်နေ့ကစပြီး ဟင်း ကောင်းကောင်း မကောင်းကောင်း အေးအတူပူအမျှ စားကြရ အောင်ဟုပြောတော့ နန့်နှင်းဆီက တည်တည်ကြည်ကြည်ခေါင်း ညိတ်ပြရှာသည်။

နောက်ရက်များတွင် နန့်နှင်းဆီယူလာသည့် မုန့်ပျား သလက်ကို သန်မာကစောင့်စားသကဲ့သို့ အိမ်ကထည့်ပေးလိုက် သည့် သားငါးဟင်းလျာများကို နန့်နှင်းဆီထမင်းချိုင့်ထဲ ဂရုတစိုက် ထည့်ပေးခဲ့ပါသည်။ နန့်နှင်းဆီကလည်း ပဲပြုတ်ကို အမျိုးမျိုးလုပ်ယူ



လာသည့်ဟင်းအား သန်မာ၏ထမင်းချိုင့်ထဲ ထည့်ပေးခဲ့ပါသည်။ သည်လိုနှင့် သူတို့နှစ်ဦး ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ခင်မင် ရင်းနှီးသွားခဲ့ကြပါသည်။ ကျောက်စရစ်ကုန်း၌ ရှားနှင့်ဒဟတ် ရောနှောနေသည်မှာ အဆန်းတော့မဟုတ်ပါလေ။ ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

## အကြွေးသံသရာ

သန်မာ၏ဦးလေး ဦးသန်းဇော်သည် ကျောင်းပိတ်သည့်နေ့ဆိုလျှင် သန်မာကို သူအလုပ်သွားရာရာ၌ ခေါ်သွားခဲ့ပါသည်။ သန်မာကို ရန်ကုန်မြို့တွင် လှူရည်လည်အောင် လမ်းများအကြောင်း၊ လိုင်းကားများအကြောင်း၊ လူတွေအကြောင်း ရှင်းပြရင်းခေါ်သွားခဲ့ပါသည်။ ရန်ကုန်မြို့လယ်မြို့နယ် ခုနစ်မြို့နယ်ဖြစ်သည့် လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ပုဇွန်တောင်နှင့် ဆိပ်ကမ်းမြို့နယ်များသို့ ခြေလျင်လျှောက်ခေါ်သွားရင်း ရှင်းပြခဲ့သဖြင့် သန်မာအဖို့ ဦးလေးကျေးဇူးကြောင့် ရန်ကုန်မြို့သည် လေးငါးရက်နှင့် ရင်းနှီးသွားခဲ့ပါသည်။ ဦးလေးဦးသန်းဇော်နှင့် ဒေါ်လေးဒေါ်မြင့်ရီတို့သည် တစ်လခန့်အကြာတွင် အလုပ်ကိုယ်စီရသွားကြပြီ။ ဦးလေးသည် ဘယ်လိုလုပ်အဆက်အသွယ် ရသွားသည်မသိ၊ လသာရှိချဲဒိုင်ကြီး၏ လက်ခွဲဒိုင်အလုပ်ရသွားပြီး ၁၅ ရက် တစ်ကြိမ်ဖွင့်သည့် ချဲထီထိုးသမျှငွေကို လစဉ် (၁၅) ရက်နေ့ညနေနှင့်လကုန်သည့်ညနေတို့တွင် ချဲဒိုင်ကြီးသို့ သွားအပ်ရသည်။ ကော်မရှင်စား ချဲထီရောင်းပေးရ ခြင်းဖြစ်ပါသည်။ ချဲထီပေါက်သူရှိလျှင်လည်း ချက်ချင်းချဲဒိုင်ကြီးမှ ထုတ်ယူပြီး တစ်ဆင့်ပြန်ထုတ်ပေးရခြင်းဖြစ်ပါသည်။ အခြားပေးကမ်းရသည့် အရပ်ရပ်ငွေကို စာရင်းတင်ပြလျှင် ချဲဒိုင်ချုပ်က ပြန်ထုတ်ပေးလေ့ရှိပါသည်။





သန်မာက ဤကိစ္စအတွက်စိတ်မအေး၊ ဦးလေးအဖမ်းခံရမှာစိုးသည်။ ဦးလေးကတော့ အေးအေးဆေးဆေးသာ။ ယခင်ကထက် အပေါင်းအသင်းစုံ့ အပေါင်းအသင်းများလာသည်။ လူတွင်ကျယ်ဖြစ်လာသည်။ အရင်းမစိုက် လှေထိုးလိုက်သူကပင်ပန်းသေးသည်။ ဦးလေးက မပင်ပန်းဘဲ ဝင်ငွေလမ်းဖြောင့်နေသည်။ ချိုင်းစာရွက်အမျိုးမျိုးနှင့် ချဲပေါက်စဉ်ပါ ရောင်းတော့ တွက်ခြေကိုက်လွန်းနေသည်။ သန်မာကိုဦးလေးက မုန့်ဖိုးပေးလာသည့်အပြင် ထမင်းချိုင့်ကိုလည်း အသားငါးမထပ်ရအောင်ထည့်ပေးလာနိုင်ခဲ့ပါသည်။ သည်တော့လည်း နန်နှင်းဆီပါ ကောင်းမွန်စွာ စားခဲ့ရပါသည်။ ထို့အတူ သူ့အလုပ်ကို ကူလုပ်ပေးသည့်ဒေါ်လေးက သန်မာကို မုန့်ဖိုးပေးပြန်သည်။ သန်မာကရလာသည့်မုန့်ဖိုးများကို ကျစ်ကျစ်ပါအောင်ဆုပ်ထားသည်။ ၁၀ တန်း ရောက်လျှင် နန်နှင်းဆီအတွက် ကျူရှင်ဖိုးလိုသည်မဟုတ်ပါလား။

သန်မာကဒေါ်လေးဒေါ်မြင့်ရီ အလုပ်ကိုတော့ သဘောမကျပါ။ သဘောမကျရုံမက ကျောင်းပိတ်ရက်များတွင် ကိုယ်တိုင်ဝင်လုပ်ပေးရတော့ သည်အလုပ်ကို လုံးဝမနှစ်မြို့တော့ပါ။ ဒေါ်လေးအလုပ်က ဝေဘာဂီလမ်းကွေ့တွင် အရက်သွားရောင်းခြင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဒေါ်လေးကိုယ်တိုင် အရက်ချက်ရောင်းခြင်းတော့ မဟုတ် လိုင်စင်ရသည့် အရက်ဆိုင်ကြီးများမှ အရက်များဝယ်ပြီး ဟင်းချက် ရောင်းခြင်း ဖြစ်ပါသည်။ အရက်အပြင် အမြည်းပါရောင်းခြင် ဖြစ်ပါသည်။

ဒေါ်လေးခမျာ အရက်စရောင်းကတည်းက မအားရ တော့ပါ။ တစ်မိသားစုလုံး နံနက်စောစောစားဖို့ နေ့လယ်စာစားဖို့ ညနေစာစားဖို့ကို အချိန်လုချက်ပြုတ်ပေးရသကဲ့သို့ သန်မာအတွက် ထမင်းချိုင့်ထည့်ရန်နှင့် အရက်သမားများ မြည်းရန်အတွက်ပ ချက်ပြုတ်ကြော်လှော်ပေးရပါသည်။ ထိုသို့ ချက်ပြုတ်ကြော်လှေ နိုင်ရန်အတွက် "ဈ" ဈေးရော "၄" ဈေးသို့ပါ တစ်နေ့နှစ်ခေါက် သုံးခေါက် ပြေးရရှာပါသည်။ အရက်ဆိုင်ဖွင့်သည့်နေရာသည် အိမ်နှင့်အနည်းငယ် လှမ်းသဖြင့် အရက်ပုလင်းများ အရက်ဂါလန် ပုံးများနှင့် အမြည်းသယ်ရသည်ပင် ကရိကထနိုင်လှပါသည် မွန်းလွဲ ၂ နာရီ ထိုးသည်နှင့် အရက်ဆိုင်ဖွင့် ည ၈ နာ ၉ နာရီခန့် အရက်ဆိုင်သိမ်းပါသည်။ အခြားအရက်ဆိုင်များပါ သဖြင့် ဖောက်သည်မွေးရသကဲ့သို့ ဖောက်သည်မပျက်အော လည်း နွတ်ချိုသျှိုတစ်ပါးဖြင့် ပြိုင်ဆိုင် ရောင်းရပါသည်။

ကျောင်းပိတ်ရက်ဆိုလျှင်တော့ အရက်ရောင်းမည့် ပစ္စည် ပစ္စယများကို သန်မာကိုယ်တိုင်သယ်သွားရပြီး သန်မာကိုယ်တို အရက်ရောင်းရပါသည်။ ပထမဆုံးနေ့တစ်နေ့ပဲ ဒေါ်လေးက ရောင်းပုံရောင်းနည်းကို ပြပေးခဲ့ပါသည်။ ထိုနေ့က ဒေါ်လေ ပြန်သွားတော့ အဘိုးဦးသံတိုင်ကို သတိရပြီးသန်မာမျက်ရည်ကျ ရပါသည်။ အဘိုးဘဝ ဝမ်းရေးအတွက် မုဆိုးလုပ်ခဲ့ဖြားသော်လည်



သူ့အသက်သတ်ခြင်း ကံတစ်ပါးသာ ကျူးလွန်ခဲ့ပါသည်။ အခြား ကံလေးပါးလုံးခြုံစွာ အဘိုးထိန်းခဲ့ပါသည်။ ဘုန်းကြီး ဦးနန္ဒိယနှင့် တွေ့ပြီး အကြွေးရှိလျှင်ဆပ်ရမည်ဟူသော မိန့်မှာချက်အတိုင်း အဘိုးသည် သေဆုံးကာနီးအထိ သူတင်ရှိသောအကြွေးကို ဆပ်သွား ခဲ့ရှာပါသည်။ ဘုန်းကြီးဦးနန္ဒိယ၏ မိန့်ကြားချက် ကြားနာရပြီး နောက် သန်မာသည် အကြွေးမတင်အောင်၊ အကြွေးကင်းအောင် နေထိုင်ခဲ့သည်မဟုတ်ပါလား။

ယခုသန်မာအကြွေးတင်တော့မည်။ အကြွေးများအလိုလို ယူပြီးသားဖြစ်သွားပြီ။ ဒေါ်လေးကိုလည်း သန်မာအားနာသည်။ ဤအလုပ်ကို မလုပ်ချင်ဘူးဟု မပြောရက်၊ ဒေါ်လေးကိုယ်တိုင် မိန်းမသားဖြစ်ပါလျက် လုပ်ခဲ့သည့်အလုပ် မဟုတ်ပါလား။ အဘိုးက ကံတစ်ပါးသာကျူးလွန်ခဲ့သည်။ သန်မာက ကံသုံးပါးကို တိုက်ရိုက် ကျူးလွန်နေသည်။ ကံတစ်ပါးကိုလည်း သွယ်ဝိုက်ကျူးလွန်နေမိပြီ။ ဒေါ်လေးက အမြတ်အစွန်းရဖို့ ဈေးရောင်းခြင်းဖြစ်၍ ဒေါ်လေး ပြောသလို သန်မာလုပ်ရပေလိမ့်မည်။ မလုပ်ချင်သော်လည်း သန်မာလုပ်ရပေလိမ့်မည်။

သန်မာတိုက်ရိုက်ကျူးလွန်သည့် ကံသုံးပါးက မိမိအရက် မသောက်ပေမယ့် သူတစ်ပါးအရက်သောက်အောင် ရောင်းနေရ သည်။ အရက်ကို ရိုးရိုးသားသားရောင်းရခြင်းမဟုတ်၊ သူတစ်ပါး ဝယ်သည့်အရက် သူတို့အရက်ကို သန်မာခိုးယူနေရသည်။ ခိုးယူပုံ ခိုးယူနည်းကလည်း အမျိုးမျိုးရှိသည်။ ဒေါ်လေးပြန်သွားပြီးနောက် အရက်ချိန်သည့်ပက်ခွက်ကို မြှောက်ကစားနေရာမှ အောက်ကျ သွား၍ ရေနှင့်သေချာဆေးကြည့်တော့ ပက်ခြင်ခွက်ထဲ လပ်ရည်

www.burmeseclassic.com

www.burmeseclassic.com



ပုလင်းအဖုံးကို မှောက်ခုံထည့်ထားသည်ကိုတွေ့ရ၏။ မဟုတ်တာလုပ်ထားမှန်းသိပေမယ့် ဒေါ်လေးရည်မှန်းချက် မမီမည်စိုး၍ ထိုပုလင်းအဖုံးကို ထုတ်မပစ်မိတော့။ တစ်စက်ကျမျှားပြည့်သောလားသို့၊ တစ်ဖုံးစာများလာတော့လည်း တစ်ပုလင်းဖြစ်နိုင်သည် မဟုတ်ပါလား။ ဤသည်လည်းခိုးယူခြင်း မဟုတ်ပါလား။

အရက်သောက်သူ မူးလာပြီဆိုသည်နှင့် ထပ်မှာသည့် အရက်တစ်ပုလင်းလျှင် ရေဘယ်လောက်ရောထည့်ပေးရမည်။ အရက်တစ်အာတာမှာလျှင် ရေဘယ်လောက်ရောစပ်ပေးရမည်။ အရက်တစ်ပိုင်းမှာလျှင် ရေဘယ်လောက်ရောပေးရမည်။ အရက်တစ်စိတ်မှာလျှင် ရေဘယ်လောက်ရောပေးရမည်တို့ကို ဒေါ်လေးက သေချာမှာထားပြီး ဖြစ်သည်။ အရက်သမားကလည်း ဒေါ်လေးကြိုမြေပြာထားသကဲ့သို့ အမှားအမှန်ခွဲခြားနိုင်သည့် အသိစိတ်မရှိတော့၊ ချပေးလာသမျှ ကြွက်တွင်းထဲလောင်းထည့်သလိုမျိုး မော့သောက်တော့သည်။ အခိုးခံရမှန်းမသိ၊ အလိမ်ခံရမှန်းမသိ၊ သူတို့ယူခဲ့သည့် အကြွေးပြန်ဆပ်နေကြသည်လားမသိ။ သန်မာအနေဖြင့်လည်း ထမင်းကျွေးထားသည့်၊ ကျောင်းထားပေးသည့် အဒေါ်စကား နားမထောင်၍ မဖြစ်ဘူးမဟုတ်ပါလား။

ဝက်သားကြော်၊ ကြက်သားကြော်၊ အမဲသားကြော်၊ ငါးခူကြော်၊ ငါးဖယ်ကြော်၊ အာလူးကြော်၊ ငါးမုန့်ကြော်၊ မြေပဲဆံကြော်တို့ကိုလည်း ဘယ်အချိန်မှာ ဘယ်သို့ဘယ်ပုံရောင်းရမည်ကို ဒေါ်လေးက မှာထားခဲ့ပြီးမို့ မှာထားခဲ့သည့်အတိုင်း ရောင်းရုံပဲရှိမည်။ မလိမ်ချင်ပေမယ့် မတတ်နိုင်။ ဖောက်သည်ချည်းရောင်းရလျှင် ည (၉) နာရီခန့် ဆိုင်သိမ်းနိုင်ပါသည်။ တခြားဧည့်စိမ်းလူသစ်များဝင်လာလျှင်တော့ ဆိုင်စောစောသိမ်းရလေ့ရှိပါသည်။



ဘယ်အချိန်သိမ်းသိမ်း၊ ဒေါ်လေးကို အပ်ရမည့်ငွေက အပိုအလိုမရှိ ကွက်တိဖြစ်နေတတ်ပါသည်။

သန်မာသွယ်ဝိုက်ကျူးလွန်နေသည့် ကံတစ်ပါးက အမြည်းမှာရခြင်းဖြစ်ပါသည်။ ဒေါ်လေးကသူဝယ်ရမည့် အသား၊ ငါးသိနေပေမယ့် သန်မာကို ဘာသားဘာငါး ဝယ်ခဲ့ရမတုံးဟု မေးနေကျ။ သန်မာကလည်း မဖြေချင်ဖြေချင် ဖြေနေကျ။ ဒေါ်လေးခမျာ သန်မာအရက်ရောင်းပေးနေခိုက် အလကားမနေရပါ။ ခင်ပွန်း၏ အလုပ်ပြေစာဖြတ်ပေးသည့် အလုပ်ဝင်ကူ လုပ်ပေးနေရသည် မဟုတ်ပါလား။

နန့်နှင်းဆီက သန်မာနှင့်ခင်မင်ရင်းနှီးပြီး သုံးပတ်ခန့် အကြာတွင် သန်မာအိမ်သို့ လာလည်ပါသည်။ ပွင့်လင်းရိုးသားသော နန့်နှင်းဆီနှင့် သန်မာမိသားစုရင်းနှီးသွားသည်။ နန့်နှင်းဆီသည် ဒေါ်လေး၏ အလုပ်များကို ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ကူညီလုပ်ဆောင်ပေးသွားသည်။ ထို့အတူ သူအခြေခံအားနည်းသည့် အင်္ဂလိပ်ဘာသာနှင့် သင်္ချာဘာသာကို သန်မာထံမှ သင်ယူဖို့အိမ်လာခွင့်ပြုရန် ဦးလေးနှင့်ဒေါ်လေးတို့ထံ ခွင့်ပန်သွားရာ ဦးလေးနှင့် ဒေါ်လေးကလည်းလာခဲ့ဖို့ လိုလိုချင်ချင် ဖိတ်ခေါ်ခဲ့သည်။

တစ်လကျော်အကြာ နန့်နှင်းဆီရောက်လာခိုက် ခဲ့ထိုးသူတွေ တွေ့ရပြီး ဦးလေးကဘောက်ချာဖြတ်ပေးနေတာ တွေ့ရတော့ နန့်နှင်းဆီက သန်မာကို နှာခေါင်းရှုံ့ပြီးမဲ့ပြသည်။ လုပ်ပိုင်ခွင့်မရှိသူက လုပ်ပိုင်ခွင့်မရှိတာလုပ်နေ၍ မဟုတ်ပါလား။ ။

www.burmeseclassic.com

## အခန်း (၉)

# ရှက်စရာလား

"နန့်နှင်းဆီ၊ နင့်မျက်နှာကြီးက ဘာဖြစ်နေတာလဲ၊ ပုပ်သိုးလို့၊ စာမေးပွဲကျတဲ့ မျက်နှာကျနေတာပဲ၊ ဘာဖြစ်တာတုံးဟ . . ."

သကြိန်အပြီး အောင်စာရင်းကြည့်ပြန်လာသော မြင့်သူက ကိုးတန်းစာမေးပွဲအောင်ပါလျက် မျက်နှာမသာမယာ ဖြစ်နေသည့် နန့်နှင်းဆီကို ထူးဆန်းနေ၍ မေးလိုက်ခြင်းဖြစ်၏။ မြင့်သူ၊ သန်မာနှင့် နန့်နှင်းဆီတို့သည် စက်ဘီးကိုယ်စီ မစီးကြဘဲ တွန်းလာကြ၏။ အမှန်လည်း သူတို့သုံးဦးစလုံးအောင်ကြ၍ ပျော်နေရမည့်အချိန် မဟုတ်ပါလား။

"စပယ်ဖူး စာမေးပွဲကျလို့ စိတ်မကောင်းဖြစ်နေတာပါဟာ . . ."

"သူကျတာ နင်နဲ့ ဘာဆိုင်တုန်းဟ . . ."

"ဆိုင်တယ်ဟ၊ သူက ငါ့အချစ်ဆုံးသူငယ်ချင်းပဲ၊ သူက





လည်း သူစာမေးပွဲကျမှန်းသိပါတယ်။ သူသချာ မဖြေနိုင်ဘူးတဲ့။ သူအောင်စာရင်းမကြည့်ရဲလို့ ငါ့ကိုကြည့်ခဲ့ဖို့ မှာလိုက်လို့ ခက်နေတာ။ သူစာမေးပွဲကျတယ်ဆိုတာ ငါဘယ်လို သူ့ကိုပြောရမှန်း မသိတော့ပါဘူး . . ."

"အဲဒီလိုဆို နင်အိမ်မပြန်နဲ့၊ ငါတို့နဲ့လိုက်ခဲ့၊ ငါနဲ့သန်မာ အောင်စာရင်း သွားကြည့်မယ်ဆိုတော့ ဦးလေးနဲ့ ဒေါ်လေးက မင်းတို့ စာမေးပွဲအောင်ရင် တို့က ဂုဏ်ပြုပွဲလေးလုပ်ပေးမယ်။ နန့်နှင်းဆီပါ ခေါ်လာခဲ့လို့မှာလိုက်တယ်။ နင်ပြန်ရင် စပယ်ဖူးလည်း သူမအောင်တာ သိနေလောက်ပြီလေ . . ."

သန်မာက နန့်နှင်းဆီနှင့်တွေ့စက နင်နဲ့ငါနဲ့ပြောခဲ့သော်လည်း ခင်မင်ရင်းနှီးမှုကြာလာပြီး တစ်ယောက်အကြောင်းတစ်ယောက် အသေးစိတ်ပြောကြပြီးနောက် နန့်နှင်းဆီက သူ့ထက် (၇) လ သာသာကြီးမှန်းသိရပြီး တလေးတစား မမနှင်းဟု ခေါ်ဝေါ်ပြောဆိုလာခဲ့သည်။ မြင့်သူက သန်မာတို့အိမ်ဘေး တစ်အိမ်ကျော်တွင်နေသူဖြစ်သည်။ မြင့်သူက သန်မာနှင့် အသက်တူ အတန်းတူဖြစ်သော်လည်း သန်မာအောက် အရပ်အတော် နိမ့်သည်။ ပွင့်လင်းဖော်ရွေသော မြင့်သူနှင့်သန်မာတို့ ညီအစ်ကို ရင်းချာသကဲ့သို့ ရင်းနှီးသွားကြသည်။ သူ့အဖေက အငှားကား မောင်းသည်။ သူ့အမေက "ဈ"ဈေးတွင် အထည်ရောင်းသည်။ သူ့တွင် ခြောက်တန်းကျောင်းသူ ညီမလေးတစ်ယောက်ပဲရှိသည်။ မြင့်သူက တစ်ခါတလေ သန်မာနှင့်အတူ အိပ်လေ့ရှိသည်။ မြင့်သူနှင့် သန်မာတို့၏ အတူလုပ်ရသည့် အလုပ်ရှိသေးသည်။ ထိုအလုပ်က အခြားမဟုတ်။ သူတို့အိမ်များ၏ နောက်ဘက်ဘေးမှာရှိသည့် ရေကန်ကြီးမှ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ရေများကိုတစ်အိမ်လုံး သောက်ဖို့ သုံးဖို့ ချိုးဖို့ ခပ်ပေးကြရသည်။ ရေကန်ကြီးတစ်ခုလုံးကို သံဆူးကြိုးဖြင့်ကာရံ ထားပြီး လေးဘက်လေးတန်၌သာ အပေါက် တစ်ပေါက်စီဖောက် ထားပါသည်။ ထိုအပေါက်များမှသာ ခပ်ယူနိုင်ပါသည်။

နန်နှင်းဆီ သန်မာထံ စာလာမေးလျှင် စာလာအတူကျက်လျှင်လည်း နန်နှင်းဆီက ကူခပ်ပေးလေ့ရှိသည်။ သန်မာက အားနာ၍ ကူခပ်မပေးရန် တားပေမယ့်မရ။ နန်နှင်းဆီက လှိုင်လင်မှာလုပ်နေကျဟုပြောသည်။ ရပ်ကွက်ထဲမှ လူများသည် မိုးချုပ်၍ မှောင်လာလျှင် မိမိတို့အိမ်ရှေ့ရှိမီးတိုင်များမှ မီးချောင်းများလင်းအောင် မီးခလုတ် ဖွင့်တတ်ကြသော်လည်း နံနက်မိုးလင်းသွားလျှင် မီးချောင်းများပြန်ပိတ်ဖို့ကြတော့ မေ့နေတတ်ပါသည်။ သန်မာက အမြင်မတော်တာတွေလျှင် မနေတတ်သူပီပီ နံနက် ခြောက်နာရီထိုးလျှင် သူ့တာဝန်ပမာ မီးခလုတ်များ လိုက်ပိတ်လေ့ရှိရာ နန်နှင်းဆီ ရောက်လာလျှင်လည်း နန်နှင်းဆီကပါ သန်မာနှင့်အတူ ကူ၍လိုက်ပိတ်ပေးလေ့ရှိပါသည်။ နန်နှင်းဆီသည် ကျောင်းပိတ်ရက်၌ သန်မာတို့အိမ်သို့ရောက်လာလျှင် ဒေါ်လေးအလုပ်များကို ကူညီလုပ်ကိုင်ပေးလေ့ ရှိသဖြင့် "ဈ"ဈေး၊ "ဋ္ဌ"ဈေးများသို့ပါ ဒေါ်လေး လိုအပ်တာသွားရောက် ဝယ်ပေးလေ့ရှိပါသည်။ ကျောင်းပိတ်ရက်များတွင် မြင့်သူကသော်လည်းကောင်း၊ နန်နှင်းဆီကသော်လည်းကောင်း သန်မာအရက်ရောင်းရာနေရာသို့ ပစ္စည်းများ သယ်ပေးလေ့ရှိပါသည်။ သန်မာက ဆိုင်ရောက်သည်နှင့် သူတို့ကို အနေမခံဘဲ အမြဲပြန်လွှတ်လေ့ရှိပါသည်။ ထိုသို့ ပြန်မလွှတ်၍ မဖြစ်ပါ။



သူတို့ရှိနေလျှင် သန်မာမလုပ်မဖြစ် လုပ်နေရသော၊ မဟုတ်တာလုပ်နေမှုများကို သူတို့သိသွားမည် မဟုတ်ပါလား။ ထိုသို့ ပြန်လွှတ်တိုင်း နန်နှင်းဆီက "အရက်သွားမသောက်နဲ့နော် . . ." ဟု မှာခဲ့မြဲ။

"အေးဟာ ခုလို ဂုဏ်ပြုပွဲမျိုးကို စပယ်ဖူးပါ ပါရင် ဘယ်လောက်ကောင်းလိုက်မလဲနော် . . ."

"သူစာမေးပွဲ အောင်ရင်တော့ဟုတ်တာပေါ့ဟာ၊ နင်အခုနပြောလိုက်တာ ငါကြားလိုက်ပါတယ်။ သူသချာမဖြေနိုင်ဘူးဆိုဟုတ်လား။ သူမရှုက်ရမှာ ရှက်နေလို့ ခုလိုစာမေးပွဲကျတာ . . ."

"မြင့်သူ နင်ပြောရင် မရှင်းမရှင်းနဲ့၊ သူက သချာဖြေရမှာရှက်နေတာလား . . ."

"နန်နှင်းဆီတို့ကတော့ လုပ်ချလိုက်ပြန်ပြီ၊ တယ်ဝေးပါ့ကွာ၊ စပယ်ဖူးကို သချာတော်တဲ့သန်မာဆီ လာမေးပါ ဆွေးနွေးပါလို့ နင်ရော၊ ငါရော ပြောခဲ့တာ နင်မေ့နေပြီလား။ နင်ရောငါရော နှစ်စက သချာညံ့ခဲ့တာပဲ မဟုတ်လား။ သန်မာက သချာအခြေခံကစပြီး စိတ်ရှည်လက်ရှည်ရှင်းပြ၊ သင်ပြ၊ တွက်ပြလို့ တို့နှစ်ယောက် သချာတော်ခဲ့ကြတာ မဟုတ်ဘူးလား နန်နှင်းဆီ . . ."

"အေး ဟုတ်သားပဲ၊ သူတို့နဲ့အတူလိုက်သင်ခဲ့ရင်၊ ခုလို သချာကြောင့် စာမေးပွဲကျမှာ မဟုတ်ဘူးနော်. . ."

"အေးလေ သူကစခန်းမှူးသမီးကလည်းဖြစ်ပြန်၊ ရုပ်ရည်ကလည်းချောပြန်ဆိုတော့ သန်မာ့လိုကျောင်းသား အချင်းချင်းအပေါ် အထင်သေးချင်လည်း သေးမှာပေါ့။ ပြီးတော့ ရွယ်တူယောကျ်ားလေးတစ်ဦးဆီမှာ သချာသင်ရမှာ ရှက်နေပုံရပါတယ်"

"မင်းကလည်းကွာ၊ သူတို့က ပိုက်ဆံရှိတာပဲ၊ ငါလို အောက်

www.burmeseclassic.com

www.burmeseclassic.com



ကျ ရောက်တော့ ဘယ်သင်မှာလဲကွာ၊ နာမည်ကြီး ကျူရှင် တွေ ကိုသွားကောက်မှာပေါ့၊ ဟုတ်လား မမနှင်း . . .”

“ဟုတ်ပါတယ် သန်မာ။ စပယ်ဖူးက နာမည်ကြီး ကျူရှင်တွေတက်နေတာပါ . . .”

“နေပါဦး။ နေပါဦး။ မင်းပြောလိုက်တဲ့စကား ပြန်ပြောစမ်းပါဦး။ ငါတို့ နန်းနှင်းဆီတို့က ပိုက်ဆံမရှိလို့ မင်းဆီ အောက်ကျနောက်ကျခံသင်နေတယ်ပေါ့ ဟုတ်လား . . .”

“မင်းကလည်းကွာ၊ စကားအထအန ကောက်နေပြန်ပြီ။ တို့တစ်တွေက မောင်ရင်းနှမ ညီရင်းအစ်ကိုလို ခင်မင်နေတဲ့ သူတွေလေ။ အဲဒီလိုသဘောထားစရာလား . . .”

“အေးပါ၊ ထားလိုက်ပါတော့၊ ထားလိုက်ပါတော့။ အလျှောက်ကောင်းတော့၊ အထောင်းသက်သာသွားပြီပေါ့။ ခုန စပယ်ဖူးကျူရှင်တက်တဲ့ ကိစ္စဆက်ရဦးမယ်။ သူက ကျောင်းမှာ အလှဆုံးဆိုတော့ ပညာထက်လှတာပဲ ဦးစားပေးနေတယ် ထင်တာပဲ။ မင်းတို့လည်း မြင်တဲ့အတိုင်းပဲ။ သူ့အလှသူပဲ ဂရုစိုက်နေတာ။ စာသင်တာကျတော့ ဆရာကို ဘယ်နှစ်ခါ ထမေးတာ တွေ့ဖူးလို့လဲ။ တစ်ခါမှ ထမေးတာ ငါတော့မတွေ့ဖူးဘူး . . .”

“စပယ်ဖူးက တအားရှက်တတ်တယ်လေ။ ငါတို့ မိန်းကလေးချင်းတောင် ရှက်ချင်ရှက်နေတာ”

“သူများမကောင်းကြောင်း ပြောမနေပါနဲ့ကွာ”

“သန်မာ။ ဘာကွ ငါတို့က အတင်းပြောနေတယ် ထင်လို့လား။ ငါခုလိုပြောနေတာ။ နန်းနှင်းဆီက စပယ်ဖူးကို ပြန်ပြောစေချင်လို့ ပြောနေတာ၊ နောက်ထပ်စပယ်ဖူး စာမေးပွဲကျမှာစိုးလို့



ပြောနေတာ။ စာသင်တာ ရှက်စရာမဟုတ်ဘူးကွ။ မရှင်းရင်ထမေးရမယ်။ ကျောင်းမှာတောင် ထမမေးတာ၊ ကျူရှင်ဆိုသူ့စိမ်းတွေကြား ရှက်လို့ သူပိုထမေးမှာ မဟုတ်ဘူး။ တကယ်နားမလည်ဘဲနဲ့ မှိန်းနေခဲ့လို့ သင်္ချာမဖြေနိုင်တာဖြစ်မှာပေါ့ . . .”

“ဖြစ်နိုင်တယ် မြင့်သူ။ တို့နဲ့သာအတူ သန်မာဆီ လိုက်မေးရင်၊ သန်မာရှင်းပြပုံမျိုးနဲ့ဆိုရင် စပယ်ဖူးသင်္ချာကောင်းကောင်းဖြေနိုင်မှာ။ တို့တစ်တွေနဲ့ ရင်းနှီးသွားရင် သူရှက်တော့မှာ မဟုတ်ဘူးပေါ့။ စပယ်ဖူးကို သန်မာဆီခေါ်လာခဲ့မယ်လေ။ ကျောင်းပိတ်ထားတုန်း သန်မာက သင်ပေးနော် . . .”

“နေပါစေ မမနှင်း။ သူစိတ်မပါဘဲနဲ့တော့ အတင်းခေါ်မလာခဲ့ပါနဲ့ . . .”

“အေးပါဟာ။ တို့ဖြေခဲ့တဲ့စာမေးပွဲက အင်္ဂလိပ်စာနဲ့ မြန်မာစာ မေးခွန်းတွေက တအားခက်တယ်နော်။ ငါတို့ အဲဒီနှစ်ဘာသာ အောင်လာတာလည်း ဆရာဦးတိုးညွန့်ရဲ့ ကျေးဇူး အများကြီးပါတယ်။ နက်ဖြန်တို့တစ်တွေ ဆရာဦးတိုးညွန့်ကို သွားကန်တော့ ရအောင်နော် . . .”

“ဟုတ်မယ် မမနှင်း . . .။ မမနှင်းကမှ ကျေးဇူးအထူးကိုသိတတ်သေးတယ်။ ကျွန်တော်ဆရာဦးတိုးညွန့်ကို မေ့နေမိတယ်။ တကယ်စိတ်မကောင်းလိုက်တာ . . .”

“စာမေးပွဲအောင်လို့ အပျော်လွန်ပြီးမေ့နေတာဖြစ်မှာပါ

www.burmeseclassic.com

www.burmeseclassic.com



သန့်မာရာ၊ မြင့်သူ၊ တို့တစ်တွေ ဆရာဦးတိုးညွန့်ဆီ ဘယ်နှနာရီ သွားကြမလဲ"

"မနက် (၆) နာရီခွဲလောက်သွားကြတာပေါ့။ ဆရာက စောစောထတယ်လေ။ ကန်တော့မယ့်ပစ္စည်းတွေ တို့ဝယ်လာခဲ့မယ်။ မြရတနာလမ်းထိပ်က တို့စောင့်နေမယ်။ နင်ထွက်လာခဲ့နော် နန့်နှင်းဆီ. . ."

"နင်တို့ဘာတွေဝယ်မှာတုံး။ ရော့ ငါစုထားတာ ဒါအကုန်ပဲ. . ."

"ရပါတယ်ဟာ။ ငါနဲ့သန်မာကြည့်စီစဉ်ခဲ့ပါ့မယ်။ ငါနင့်ကို မေးမလို့ မေးမလို့နဲ့၊ မမေးဖြစ်ခဲ့ဘူး။ ခု သတိရတုန်း မေးလိုက်ရဦးမယ်။ နင်နဲ့ဆရာဦးတိုးညွန့်တို့ သိကျွမ်းခဲ့ပုံလေး ပြောပြစမ်းပါဦး။ ငါသိချင်တာက ဆရာက နင့်ကို စာခေါ်သင်ပေးခဲ့တာကို သိချင်တာ. . ."

"အေး ပြောပြမယ်။ ဂတ်စာရေးကြီးနေမကောင်းလို့၊ အဖေက ဂတ်စာရေးကြီးလုပ်နေတဲ့နေ့ကပေါ့။ ငါ့အဖေက အကူစာရေးဆိုတော့ နေ့တိုင်း ထမင်းပြန်စားတယ်။ အဲဒီနေ့က အဖေက ဂတ်စာရေးတာဝန်ရော အကူစာရေးတာဝန်ပါ နှစ်ခုလုပ်ရမှာမို့ ထမင်းပြန်မစားတော့ဘူး။ ထမင်းလာပို့လို့ အမေကို ပြောခဲ့တယ်လေ. . ."

"အဲဒီနေ့က တနင်္ဂနွေနေ့ဆိုတော့ ငါပဲ အဖေ့ဆီ ထမင်း



သွားပို့တာ။ အဲဒီအချိန်မှာ ညွှေသည်တစ်ယောက်နဲ့ တာဝန်ကျ ကင်းသမားစကားပြောနေတာကို အဖေက စာရေးရင်း သေချာ နားထောင်နေတယ်။ ငါလည်းကြားနေရတာ ပဲ. ."

"ညွှေသည်က ရဲစခန်းထောက်ခံစာလိုချင်လို့ပြောတာကို ကင်းသမားက စခန်းမှူး ခရိုင်ရုံးသွားတယ်။ တာဝန်မှူး အခင်းဖြစ် အရပ်သွားတယ်။ ဂတ်စာရေးလည်းမရှိဘူး၊ ဒီနေ့လည်း တနင်္ဂနွေ ရုံးပိတ်တဲ့နေ့၊ နောက်နေ့မှလာပါလို့ ပြောနေတာ၊ ငါရော အဖေရော ကြားလိုက်ရတယ်၊ မြင့်သူ . . ."

"ချက်ချင်းဆိုသလို အဖေ့ကထိုင်ခုံက ကရော်သောပါး ထပြီး စခန်းရှေ့ထပြေးသွားတယ်။ ငါကတော့ မနေရာမရွေ့ ထိုင်နေခဲ့တယ်လေ. . ."

"နောင်ကြီး ခဏ ခဏပြန်လာပါဦး။ ဘာကိစ္စရှိလို့ပါလဲ။ ဘာကူညီရမလဲ ပြောပါခင်ဗျ၊ ကျွန်တော် အကူစာရေး ရဲတပ်ကြပ် ဝင်းအောင်ပါ၊ အခု ခေတ္တဂတ်စာရေးလုပ်နေတာပါ" လို့ ပြောလိုက်တဲ့ အဖေ့အသံကိုကြားလိုက်ရသလို၊ ညွှေသည်ရဲ့ကျွန်တော့်သား မေမြို့စစ်အင်ဂျင်နီယာတက္ကသိုလ်တက်ဖို့ ရဲစခန်းထောက်ခံစာလိုလို့ လာတာပါ။ ရပ်ကွက် ထောက်ခံစာရော အခြားလိုအပ်တာ တွေပါ ယူလာတယ်။ ဒီနေ့ တနင်္ဂနွေဆိုတာ မေ့ပြီးလာမိတာပါ။ နက်ဖြန်မှ ပြန်လာခဲ့ပါမယ်လို့လည်း ပြောသံကြားလိုက်ရတယ် . . . ."

"ဆက်တိုက်ဆိုသလို အဖေက ဟာမဟုတ်တာဘဲ။ ရဲခန်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ပိတ်ရက်မရှိပါဘူးနောင်ကြီးရော။ ၂၄ နာရီ ဖွင့်ထားတာမို့ ဘယ်အချိန်မဆိုလာလို့ရပါတယ်၊ ကူညီပါရစေလို့ ဆိုင်းဘုတ်ချိတ်ထားတာပဲဟာ။ အချိန်မရွေး ကူညီရမှာပေါ့။ နောင်ကြီးလက်ထဲက ရပ်ကွက်ထောက်ခံစာလေးပဲ ကျွန်တော့်ပေးပါ။ ကျွန်တော် ခုချက်ချင်း လုပ်ပေးလိုက်ပါ့မယ်။ ခဏထိုင်စောင့်ပေးပါလို့ ပြောသံကြားလိုက်ရတယ် . . .”

“ချက်ချင်းဆိုသလို အဖေရောက်လာပြီး စာထိုင်ရေး၊ တံဆိပ်တုံးထုပြီး အပြင်ထွက်သွားတယ်။ ချက်ချင်းပဲ အဖေ့အသံပေါ်လာတယ်။ ခဏလေး စောင့်ပါနော်။ အရာရှိတွေက တာဝန်နဲ့ အပြင်ထွက်နေကြတော့ လက်မှတ်ထိုးပေးမယ့် အရာရှိ လိုက်ရှာလိုက်ပါဦးမယ်၊ နောင်ကြီးလို့ ပြောသံကြားရပြီး အဖေ့အသံ ပျောက်သွားတယ် . . .”

“ခဏကြာတော့ အဖေ့အသံပေါ်လာပြန်ရော။ နယ်ထိန်း အရာရှိဦးကံမြင့် သွားရှာတာမရှိဘူး။ ကံကောင်းလို့ နောင်ကြီးရေ အမှုစစ်ခန်းထဲမှာ စီဒီရေးနေတဲ့အမှုစစ် ဒုရဲအုပ်စခန်းမှူး ဦးမောင်သန် နဲ့တွေ့လို့ လက်မှတ်ထိုးပေးလိုက်တယ်။ ရော့နောင်ကြီး။ ရပ်ကွက် ထောက်ခံစာရော၊ ရဲစခန်း ထောက်ခံစာရောလို့၊ အဖေ့စကား ပြောသံအဆုံး။ အခုလို အကူအညီပေးတဲ့အတွက် ကျွန်တော် ဘယ်လောက်ပြန်ကူညီရပါ့မလဲခင်ဗျလို့ ညော့်သည်ရဲ့ မြန်မေးသံ ကြားလိုက်ရတယ် မြင့်သူ . . .”

“နေပါဦး။ စီဒီရေးတာဆိုတာ ဘာပြောတာတုံး၊ နင်ရော သိရဲ့လားနန့်နှင်းဆီ”

“သိတာပေါ့ဟဲ့။ ရဲသမီးပဲဟာ။ အဖေက လှိုင်လင်မှ



နယ်ထိန်းမဖြစ်ခင်က အိုင်အိုလုပ်လာတာ။ နင်မသိတာတွေ ငါ ပြောနေမိပြန်ပါပြီ။ အိုင်အိုဆိုတာ အမှုစစ်၊ စီဒီဆိုတာ အမှုစစ်တွေ အမှုနဲ့ပတ်သက်ပြီးတစ်နေ့တာ ဆောင်ရွက်ချက်ကို အချိန်နဲ့ ဖော်ပြတာ စီဒီလို့ခေါ်တယ်။ ကေ့(စ်)ဒိုင်ယာယီ၊ အမှုနေ့စဉ်မှတ်တမ်းပေါ့ဟာ . . .”

“အဲဒီဧည့်သည်က ဘယ်လောက်ပေးရမလဲမေးတော့ နင့်အဖေက ဘာပြောလိုက်သလဲ”

“အဖေက၊ အဖေ ပြောနေကျအတိုင်း ပြောလိုက်တာ ငါကြားလိုက်ရတယ်။ ကျွန်တော်မှာပိုင်စကားရှိပါတယ် နောင်ကြီး။ မရစ်နဲ့၊ မထစ်နဲ့၊ မညစ်နဲ့၊ မြန်မြန်ထက်ထက် လုပ်ပေး။ စေတနာထားလုပ်ပေး၊ စေတနာနဲ့ပေး၊ ပေးသမျှယူ ပူစရာမရှိ။ မတောင်းနဲ့၊ တောင်းရင် ချောင်းဖမ်းတာခံရနိုင်တယ်။ အဲဒီစကားအတိုင်း နောင်ကြီး စေတနာရှိသလောက် ဒါနပြုခဲ့ပါလို့ ပြောသံကြားလိုက်ရတယ် . . .”

“ဒါနဲ့၊ ငါလည်း အဲဒီဧည့်သည်က ဘယ်လောက်ပေးမလဲဆိုတာသိချင်တာနဲ့ အပြင်ထွက်လာရော ဆရာဦးတိုးညွန့် ဖြစ်နေတာတွေ့လိုက်ရတယ်။ အဲဒီအချိန်ဆရာကလည်း သူ့အိတ်ကပ်ထဲက ပိုက်ဆံဆွဲထုတ်နေချိန်ပေါ့။ ငါက အဖေ အဖေ အဲဒါ သမီးတို့ ကျောင်းက ဆရာဦးတိုးညွန့်လို့ ကသောကမျော ပြောလိုက်ရတယ် မြင့်သူ . . .”

“နင့်အဖေက သမီးကျောင်းက ဆရာမှန်းသိတော့ ပိုက်ဆံ လက်မခံတော့ဘူးပေါ့ဟုတ်လား . . .”

“အေး . . . ဟုတ်တယ်၊ ဆရာဦးတိုးညွန့်ကလည်း ကျေးဇူးတင်

www.burmeseclassic.com



လွန်းလို့ဆိုပြီး အဖေလက်မခံတဲ့ပိုက်ဆံကို ကင်းအဖွဲ့ကို လက်ဖက်ရည်တိုက်ပစ်ခဲ့တယ်။ နောက်နေ့ ငါကျောင်းတက်တော့ ဆရာကခေါ်ပြောတယ်။ နန်းနှင်းဆီရဲ့ အဖေရဲ့စိတ်ဓာတ်နဲ့ လုပ်ဆောင်ချက်ကို အလွန်ကြိုက်တဲ့အကြောင်း၊ သဘောကျလွန်းလို့ သူ့မိသားစုကို ပြောပြခဲ့မိကြောင်း၊ အဖေ့စိတ်ဓာတ်ကြိုက်လို့ သမီးကို လည်း အင်္ဂလိပ်စာနဲ့ မြန်မာစာဆရာ သင်ပေးချင်ကြောင်း၊ သမီးဆန္ဒရှိရင် အဖေအမေသဘောတူရင်၊ လာသင်ပါပြောတာနဲ့ သင်ဖြစ်သွားတာပါ။ စေတနာရောင်ပြန် ဟပ်တာပေါ့။ မဟုတ်ဘူးလား။"

"ဆရာက အင်္ဂလိပ်စာ အသင်အပြကောင်းသလို၊ မြန်မာစာပြတာလဲ ပိုကောင်းတယ်နော်။ ဆရာက စာရေးဆရာဆို။ မကွေးကောလိပ်၊ မန္တလေးတက္ကသိုလ် တက်ကတည်းကရေးခဲ့တာတဲ့။ ကလောင်နာမည်က တိုးမြင့်တင်(မန်းတက္ကသိုလ်) တဲ့။ ဆရာဦးထွန်းရီကပြောတော့ ဆရာက ကဗျာရေးပိုကောင်း သတဲ့. . ."

"ဆရာဦးထွန်းရီဆိုတာ ဘယ်သူလဲမြင့်သူ. . ."

"တို့ အလယ်တန်းတုန်းက တို့ဆရာလေ၊ ဆရာကလည်း ကဗျာဆရာပဲ၊ မောင်ပြည့်လှိုင်း(သံတွဲ)တဲ့၊ တို့ဆရာနဲ့ ငါမင်းတို့နှစ်ယောက်ကို မိတ်ဆက်ပေးဦးမယ် . . ."

ဆရာဦးတိုးညွန့်အကြောင်း သန်မာတွေးနေမိသည်။ သန်မာ (ည) ရပ်ကွက်အိမ်ပြောင်းလာပြီး၊ နှစ်လခန့်အကြာ ထင်သည်။ ဒေါ်လေးက မြရတနာလေးလမ်းမှာ အဘိုးဦးမြင့်မောင်အိမ်သို့ မုန့်ဟင်းခါးသွားပို့ခိုင်း၍ မြင့်သူနှင့်သွားပို့ပြီးအပြန်၊ မြရတနာလေးလမ်းထဲ ဝင်လာသော နန်းနှင်းဆီသည် လမ်းလက်ျာ



ဘက်အိမ်တစ်အိမ်ထဲသို့ လှမ်းဝင်သွားသည်ကို တွေ့ရသဖြင့် သန်မာနှင့်မြင့်သူတို့ အပြေးသွားပြီး "နန်းနှင်းဆီ" ဟု အော်ခေါ်မိသည်။ သန်မာတို့ ထိုခြံဝရောက်တော့ ဆရာဦးတိုးညွန့်နှင့် နန်းနှင်းဆီကိုတွေ့ရသည်။ ဆရာဦးတိုးညွန့်က နန်းနှင်းဆီကို "သမီးသူငယ်ချင်းတွေလား" ဟု မေးသည်။ နန်းနှင်းဆီက ဟုတ်ကြောင်းပြောတော့ ဆရာဦးတိုးညွန့်က "မင်းတို့ရော၊ အင်္ဂလိပ်စာနဲ့ မြန်မာစာ သင်ချင်သလား၊ သင်ချင်ရင်လာသင်" ဟုပြောခဲ့ရာ သည်လိုနှင့် ဆရာတပည့်ရင်းချာ ဖြစ်လာခဲ့ရသည်။

သန်မာ၏သျှောင်တစောင်းကို ဖြတ်ဖို့၊ ဗိုလ်ကေထားဖို့ ပထမဆုံးပြောသူက မြင့်သူ။ ထိုသျှောင်တစောင်းကို သဘောကျပြုံးကြ၊ ရယ်ကြသူများက ဆရာဦးတိုးညွန့်၏ဇနီး ကျောင်းဆရာမဒေါ်မြမြနှင့် သားများ။ ဖိုးလမင်း၊ ဖိုးလဝင်း၊ ဖိုးလလင်း၊သမီးငယ်နွေးနွေးတိုးညွန့်တို့က တခွီးခွီးဖြစ်နေကြသည်။ ဆရာဦးတိုးညွန့်က၊ "ဒီအရပ်က ပူလွန်းပါတယ်ကွာ၊ မင့်သျှောင်တုံးနဲ့ မကိုက်ပါဘူး . . ." ဟုပြောသည်။ ဆရာက ဖြတ်ပါဟု မတိုက်တွန်း။ ပြီးတော့ နန်းနှင်းဆီက "နင်ဗိုလ်ကေထားရင် မင်းသားပဲ၊ အလယ်ခွဲခွဲလိုက်၊ ဖလားဖြစ်သွားမယ်. . ." ဟုပြောသည်။ သန်မာသည် အခြေအနေအရပ်ရပ်က မပေးတော့၊ သည်သျှောင်ထုံးကို အဘိုး ဦးသံတိုင်အား ရှိခိုးတောင်းပန်ပြီး ဖြတ်ပစ်လိုက်သည်။ ဗိုလ်ကေထားပြီး ဆံပင်အလယ်ခွဲခွဲလိုက်တော့၊ နန်းနှင်းဆီပြောသလို သူ့ရုပ်ရည်အပြောင်းလဲကြီး၊ ပြောင်းလဲသွားသည်ကို မှန်ထဲတွင် တွေ့လိုက်ရသည်။

ဆရာဦးတိုးညွန့်သည် စာသင်သည်ကအစ စကားပြော

www.burmeseclassic.com

www.burmeseclassic.com



သည်အဆုံး သိမ်မွေ့လွန်းသည့်ဆရာ။ သူတစ်ပါးအား နာလိုခံခက် မပြောတတ်သည့်ဆရာ။ စေတနာပါလွန်းသည့်ဆရာ။ စေတနာကို တန်ဖိုးထားတတ်လွန်းသည့်ဆရာ၊ ဆရာ ဦးတိုးညွန့်ကျေးဇူးတွေက သန်မာအပေါ် များလွန်းပါသည်။ သန်မာက မြန်မာစာနှင့် အနုစာပေဝါသနာပါတော့ ဆရာက သူစုထားသမျှ ရှာထားသမျှ ကဗျာမျိုးစုံ၊ စာမျိုးစုံသင်ပေးသည့်အပြင် မြန်မာစာမြန်မာမှုပါ စာအုပ်များစွာ၊ ဘာသာရေး စာအုပ်များပါ ပေးဖတ်ပါသည်။ ရှေးမြန်မာကြီးများစုဆောင်းလေ့လာ အတည်ပြုထားသည့် အခါပေးကိစ္စများက စိတ်ဝင်စားစရာမို့ သန်မာမှတ်စုစာအုပ်တွင် ကူးယူထားမိတော့သည်။ ဆရာနှင့်တွေ့မှ သန်မာ မှတ်စုစာအုပ်ရေးတတ် လာပါသည်။ သန်မာ၏ဘဝ တိုးတက်မြင့်မားအောင် နည်းပြလုပ်ခဲ့သည့် ဆရာဦးတိုးညွန့်အား မကြာမတင်ရှိခိုးဦးခိုက်ရတော့မှာပါလေ။ ။

အခန်း (၁၀)

# သမီးဆေးကျောင်းတက်ရန်

သန်မာသည် နန့်နှင်းဆီအကြောင်းစဉ်းစားပြီး အံ့သြနေမိ၏။ နန့်နှင်းဆီသည် စပယ်ဖူးကို သန်မာနှင့် မိတ်ဆက်ပေးပြီးနောက် သန်မာက စပယ်ဖူးအား သချာသင်ပြပေးချိန်မှစ၍ သူ၏ဟန်ပန်အမူအရာတအစ စိတ်ထားပါပြောင်းသွားသည်ဟု သန်မာထင်မိ၏။ ယခင်လို ဟက်ဟက်ပက်ပက်မရှိတော့။ စကားနည်းသွားပြီ။ မေးမှပြောသည်။ ပြောတော့လည်း တိုတိုပြတ်ပြတ်။ ပါးချိုင့်နှစ်ဖက်ပေါ်အောင် ပြုံးပြုံးရယ်ရယ်နေတတ်သော နန့်နှင်းဆီသည် သူ၏တည်တည်ကြည်ကြည် မျက်နှာထားကြောင့် သူ့အလှကျက်သရေဆောင် ပါးချိုင့်နှစ်ဖက်ကို သန်မာမမြင်ရသည်မှာ ရက်အတော်ကြာသွားပြီ။

သန်မာက စပယ်ဖူးကို သချာတွက်ပြနေလျှင် နန့်နှင်းဆီက အနီးမှာ ထိုင်ကြည့်နေတတ်သည်။ တစ်ခွန်းတစ်ပါဒမျှတော့



www.burmeseclassic.com

www.burmeseclassic.com



မပြော။ များသောအားဖြင့်တော့ ခေါင်းငုံ့နားထောင် နေတတ်သည်။ သန်မာကလည်း စပယ်ဖူးကိုစာပြရင်း နန့်နှင်းဆီကို မကြာခဏကြည့်ဖြစ်၏။ တစ်ခါတစ်ရံ အကြည့်ချင်းဆုံသော်လည်း ခါတိုင်းလို ရယ်ရယ်ပြုံးပြုံးမရှိ။ ပြုံတော့မည့်မိုးလို ညှိုးရိပ်ဆင်နေသည်ကိုတွေ့ရတော့ သန်မာ့ရင်ထဲမကောင်းတော့။ ဘေးမဲ့တောမှ ဒရယ်များကဲ့သို့ ကြောင့်ကြမဲ့ပျော်ရွှင်နေပုံမျိုး နန့်နှင်းဆီကို ယခင်အတိုင်းဖြစ်စေချင်မိ၏။

သန်မာက "မမနှင်း နေမကောင်းဘူးလား" ဟုမေးလျှင် "အင်း၊ ခေါင်းနည်းနည်းအုံနေလို့" ဟုပဲ ပြောသည်။ နန့်နှင်းဆီသည် ခါတိုင်းကဲ့သို့ ဒေါ်လေးအလုပ်များကို ဝင်ရောက်လုပ်ကိုင်ပေးသည်ကိုမတွေ့ရတော့။ စာသင်ဝိုင်း အနီးမှာပဲ ထိုင်နေတော့သည်။ လူက နေထိုင်မကောင်းတော့လည်း အလုပ်ဘယ်လုပ်ပေးချင်တော့ မလဲလေဟု သန်မာတွေးမိ၏။ နန့်နှင်းဆီသည် ထိုသို့တရှောင်ရှောင်ဖြစ်နေသော်လည်း သူ့အချစ်ဆုံးသူငယ်ချင်း စပယ်ဖူးနှင့် သန်မာဆီ တစ်ရက်မပျက်လာသည်။ စပယ်ဖူးနှင့်အတူ ပြန်သည်။ ရက်လေးဆယ်ကျော်သာ ကြာသွားသည်။ သူ့နဂိုပုံစံတစ်ကြိမ်မျှ ပြောင်းမလာ၊ နဂိုပုံစံအမူအရာ ပြောင်းမလာပေမယ့် နန့်နှင်းဆီ၏ မျက်နှာမှပါးပြည့်ပြည့်နှစ်ဘက် ပိန်ချိုင့်သွားသဖြင့် မျက်နှာသွယ်လွန်းသလို ထင်ရသည်။ နန့်နှင်းဆီ အတော်ပိန်သွားပြီပဲ၊ သန်မာ ရင်ထဲကြေကွဲ ဝမ်းနည်းသလို ခံစားလာရသည်။

"ဒေါ်လေး နန့်နှင်းဆီကို ဆေးခန်းခေါ်ပြပေးပါလား။ သူက အားနာတတ်လို့၊ ဒေါ်လေး အတင်းခေါ်မှ လိုက်မှာ"

နန့်နှင်းဆီနှင့်စပယ်ဖူးတို့ ပြန်သွားတော့ သန်မာက နန့်



နှင်းဆီအတွက်စိုးရိမ်လာသဖြင့် ဒေါ်လေးကို အကူအညီတောင်းလိုက်သည်။ ဒေါ်လေးက ပြုံးပြုံးကြီး သူ့ကိုကြည့်သည်။

"ငါ့တူက စာတော့ တော်လွန်းပါရဲ့။ လူကဲခတ်ပညာတော့ တအားညံ့လွန်းတယ်။ နန့်နှင်းဆီက ကိုယ်ရောဂါ ဖြစ်တာ မဟုတ်ဘူး။ စိတ်ရောဂါဖြစ်နေတာ"

"ဒေါ်လေးကို ဘယ်သူကပြောတာလဲ။ သူ့မိဘတွေက ပြောတာလား။ သူက အကောင်းကြီးကနေ စိတ်ရောဂါ သည် ဖြစ်သွားရတာ အံ့ဩစရာကောင်းလိုက်တာ။ ဘာကြောင့် ဒီလိုဖြစ်သွားရတာတဲ့လဲ ဒေါ်လေး။ သူ့မိဘတွေက စိတ္တဇဆေးရုံကိုရောပို့မပေးကြဘူးလားဒေါ်လေး "

"ဘာတွေလာပြောနေတာလဲ သန်မာ။ နန့်နှင်းဆီ ရူးနေတာလို့ ငါပြောလို့လား၊ နင့်ကြောင့် စိတ်ဆင်းရဲတဲ့ ရောဂါဖြစ်နေတာ။ နင်နဲ့စပယ်ဖူး စာသင်နေတာကြည့်ပြီး စိတ်ဆင်းရဲတဲ့ရောဂါဖြစ်နေတာဟဲ့။ ဆရာဝန်ကုလို့ မပျောက်ဘူး။ နင်ကုမှပျောက်မှာ . . ."

"ဒေါ်လေးကလည်း မဟုတ်က ဟုတ်ကတွေပြောနေပြန်ပြီ။ ကျွန်တော်က သူသင်ခိုင်းလို့ သူ့သူငယ်ချင်းကို သင်ပေးတာ၊ သူက ဘာစိတ်ဆင်းရဲစရာရှိသလဲ"

"ဟဲ့ နင်တို့ဟာက မျက်နှာချင်းဆိုင်သင်လိုက်၊ ခေါင်းချင်းဆိုင်သင်လိုက်၊ ဘေးချင်းကပ်သင်လိုက်။ ကိုယ်ချင်းပူးသင်လိုက်၊ ထိုင်ကြည့်နေတဲ့နန့်နှင်းဆီ မပြောနဲ့၊ ငါတောင်မြင်ရဒေါသ ဖြစ်လာတယ်။ ဟိုဟာမကလည်း နန့်နှင်းဆီပြောတော့ အရှက်အကြောက်ကြီးသတဲ့။ ငါမြင်ရကြားရတာကတော့ တခြားစီပဲ၊ စကားပြောရင်

www.burmeseclassic.com

www.burmeseclassic.com



ပိလောလိုချဲလို့၊ သူမျက်လုံးက နှင့်ဆို အကြည့်ရဲတာ ငါခဏခဏ တွေ့တယ် . . .”

“ဒေါ်လေးကလည်း ထင်တာတွေ လျှောက်ပြောနေတာ။ ကျွန်တော်တို့က ကျောင်းသားကျောင်းသူတွေလေ ဒေါ်လေးရဲ့၊ ကျွန်တော်တို့က သူငယ်ချင်းစိတ်၊ ကျောင်းသားစိတ်ပဲရှိကြတာ။ ဒေါ်လေးသာ မမနှင်းကို ဆေးခန်းလိုက်ပို့ပေးပါနော်”

“အေး အေး။ ငါလိုက်ပို့ပေးလိုက်မယ်။ မင်းတို့လည်း ဆင်ဆင်ခြင်ခြင်စာသင်ကြ ”

ဒေါ်လေးပြောစကား မှန်ပြီထင်သည်။ ဒေါ်လေးက သန်မာ၏ ရှေ့တွင်ပင် နန့်နှင်းဆီကို ဆေးခန်းသွားရအောင်ဟုခေါ်သည်။ နန့်နှင်းဆီက သူဘာမျှမဖြစ်ဘူးဟု ပြောပြီးမလိုက်၊ ဆေးခန်းသို့ မသွားဖြစ်။ ကျောင်းတွေပြန်ဖွင့်တော့ မြင့်သူ၊ သန်မာနှင့် နန့်နှင်းဆီတို့ (၉) တန်းနှစ်က အတိုင်းတပူးတွဲတွဲဖြစ်သွားပြီ။ စပယ်ဖူးလည်း သူကျူရှင်နှင့်သူ အလုပ်ရှုပ်ပြီးသန်မာတို့ အိမ်မလာနိုင်တော့။ ကျောင်းဖွင့်ပြီး တစ်ပတ်ပင် မပြည့်လိုက်၊ ဝိန်နေသော နန့်နှင်းဆီ၏ ပါးလေးပြန်ပြည့်လာခဲ့ပြီ။ နန့်နှင်းဆီ၏ ပါးနှစ်ဖက်မှ ပါးချိုင့်နှစ်ဖက်ကလည်း လှပစွာ ကခုန်လာကြပြီ၊ နန့်နှင်းဆီ ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်မြင်နေရတော့ သန်မာ စိတ်ချမ်းသာရသည်။ ကြည်နူးမြူးပျော် ဖြစ်ရသည်။

ဒေါ်လေး ပြောစကားမှန်ပြီထင်၏။ “နင်နဲ့ စပယ်ဖူးစာသင်နေတာကြည့်ပြီး စိတ်ဆင်းရဲတဲ့ ရောဂါဖြစ်နေတာဟဲ့” ဒေါ်လေး စကားပြန်ကြားယောင်မိတော့ သန်မာရင်ထဲလှုပ်လှုပ် ရှားရှားဖြစ်သွား၏။ မမနှင်းအမှန်တကယ်ထိုသို့ ခံစားနေခဲ့ရလေသလားဟု



သန်မာစဉ်းစားမိတော့ စိတ်မကောင်းတော့။ နန့်နှင်းဆီအပေါ် သနားဆွတ်ကြင်မှုတို့က သန်မာရင်၌ မဆန့်အောင် ခံစားလာရသည်။ စပယ်ဖူးက သူအချစ်ဆုံးသူငယ်ချင်းမို့ မပြောရက်။ မဆိုရက်။ သန်မာကျတော့လည်း သူအတွယ်တာဆုံးမို့။ မထင်ရက် မပြုရက်၊ မတွေးနိုင်၊ မမျှိုနိုင်၊ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေရလေသလား။ သူမွေးသည့်မီး သူမငြိမ်းနိုင်၍ စိတ်ပန်း ကိုယ်ကြေ၊ နဂိုရည်ပျက်ယွင်းအောင် နန့်နှင်းဆီ ခံစားနေရမှန်း သန်မာသိရတော့ နန့်နှင်းဆီကိုပို၍ ပို၍ဂရုစိုက်တော့မည်ဟု သန်မာဆုံးဖြတ်လိုက်သည်။

မြင့်သူနှင့် သန်မာတို့ခေါ်ရာ နန့်နှင်းဆီလိုက်လာပေမယ့် ဘယ်သို့ခေါ်လာသည်ကို နန့်နှင်းဆီမသိ။ ကျူရှင်လာအပ်ခြင်းဖြစ်ကြောင်း နန့်နှင်းဆီသိတော့ ခါးခါးသီးသီးငြင်းသည်။ သူပိုက်ဆံမရှိဘဲ သူဘယ်တော့မှ ကျူရှင်မတက်ဘူးဟု မပြောစဖူး သန်မာကို အမာထန်ထန်ပြောသည်။ သန်မာက နန့်နှင်းဆီကို အနီးရှိ လက်ဖက်ရည်ဆိုင်သို့ခေါ်ပြီး လက်ဖက်ရည်သောက်ရင်း စိတ်ရှည်လက်ရှည်ရှင်းပြသည်။ ၁၀ တန်းအရေးကြီးပုံ၊ တစ်ကြိမ်သာရသည့် အခွင့်အရေးဖြစ်ပုံ၊ ဦးလေးနှင့် ဒေါ်လေးနေ့စဉ်ပေးခဲ့သည့် မုန့်ဖိုးကို နန့်နှင်းဆီ ၁၀ တန်းကျူရှင်ယူဖို့ သူနေ့စဉ် ကျစ်ကျစ်ပါအောင် စုထားပုံ။ နန့်နှင်းဆီအတွက် ပညာဒါနပြုရသည့်အတွက် ကြည်နူးမြူးပျော်နေမိပုံတို့ကို ရှင်းပြတော့ နန့်နှင်းဆီ စောစောကမျက်နှာအမူအရာမျိုးမရှိတော့။ မြင့်သူကပါ အကျိုးနှင့်အကြောင်းနှင့် ရှင်းပြလိုက်တော့ နန့်နှင်းဆီက “ခု နင်ပေးတဲ့အကူအညီ ငါယူမယ်။ ငါအလုပ်ရတော့၊ နင့်အကြွေးတွေ ငါပြန်ဆပ်မယ်။ နင်တို့အကြွေး

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆပ်ခွင့်ပြုမှ နင်ပေးတာ၊ ငါယူမှာနော်၊ အကြွေးဆပ်ခွင့်မပြုရင် ငါမယူဘူး. . .”ဟုပြောတော့ သန်မာက ခေါင်းညိတ်လိုက်ရသည်။

သည်လိုနှင့် မြင့်သူ၊ သန်မာနှင့် နန့်နှင်းဆီတို့ ကျောင်းတက်လိုက်၊ ကျူရှင်သွားလိုက်နှင့် အချိန်တွေတုန်မှန်းမသိ ကုန်သွားသည်။ သန်မာ၏ ဦးလေးနှင့်ဒေါ်လေးကလည်း သန်မာကို အရက်အရောင်းမခိုင်းတော့သည့်အပြင် ရေပင်အခပ်မခိုင်းတော့။ ရေကို ဝယ်သုံးတော့သည်။ နန့်နှင်းဆီက သန်မာကျူရှင်ထားပေးသဖြင့် စာကိုအချိန်ပြည့် ဖိကြိုးစားလာသည်။ သန်မာကလည်း ဦးလေးနှင့် ဒေါ်လေးတို့၏ကျေးဇူးကို အထူးအောက်မေ့ပြီး၊ စာကို မီးကုန်ယမ်းကုန်ကြိုးစားခဲ့သည်။ မြင့်သူကလည်း သူတို့နှစ်ဦးကို အားကျအတုယူကြိုးစားသဖြင့် သူတို့နှင့်အမြဲ ကပ်ပါလာခဲ့သည်။ ကျောင်းစာမေးပွဲဖြေတိုင်း သန်မာပထမရလျှင် နန့်နှင်းဆီ ဒုတိယ၊ မြင့်သူကတတိယရစမြဲ။

အောက်တိုဘာ (၁) ရက်နေ့ တနင်္ဂနွေနေ့၊ ပြီးခဲ့သည့် အပတ်က ကျူရှင်တွင် ကျူတိုရီရယ်ဖြေထားကြရာ မြင့်သူက စတားသုံးခုရသဖြင့် ကျူရှင်အပြန်တွင် သူလက်ဖက်ရည်တိုက်မည်ဟု ကြေညာသည်။ သန်မာနှင့် နန့်နှင်းဆီတို့က ထမင်းစားချိန်ဖြစ်၍ နောက်နေ့မှ တိုက်ဖို့ပြောသည်။ သန့်စင်၊ မျိုးထိုက်၊ ဟေမာခင်၊ မေဇော်အေး၊ ခင်အေးငြိမ်းတို့က “အနှုတ်ကြွေးသည် လက်ငင်းလောက် စိတ်မချရ၊ ခုသောက်ကြရအောင်”ဟု ပြောတော့ ဝိုင်းမဲနှစ်မဲဖြင့် သန်မာတို့ ရှုံးသွားသည်။ ဟေမာခင်က “ကိုမြင့်သူ၊ ကျွန်မတို့ ရဲ့စခန်းနားက ဆိုင်မှာသောက်ရအောင်” ဟုအော်ပြောသည်။ ဟေမာခင်က အမှုစစ် ဒုရဲအုပ်ဒေမြင့်၏ သမီးဖြစ်သည်။ မြင့်သူတို့



တစ်သိုက် စက်ဘီးကိုယ်စီဖြင့် လက်ဖက်ရည်ဆိုင်ဘေး ထိုးရပ်လိုက်ကြသည်။

“လက်ဖက်ရည်ဆိုင်ထဲမှာ အဖေရှိတယ်။ ငါ့နာမည်မခေါ်ကြနဲ့နော်၊ အဖေတို့ နားလဲမသွားနဲ့၊ ဒီနားခုံဆက်ခိုင်းပြီး သောက်ကြရအောင်. . .”

“အေးပါ နန့်နှင်းဆီရ။ ငါ့အဖေလဲ နင့်အဖေနဲ့ ထိုင်နေတယ်။ အဖေဒီနေ့ တာဝန်မှူးထင်တယ်၊ တာဝန်မှူး လက်ပတ်ကြီးနဲ့။ ငါ့နာမည်လဲ မခေါ်နဲ့နော်”

“တိုးတိုးပြော ဟေမာခင်၊ အဲဒီဝိုင်းမှာ ရဲတွေချည်းပါလား. . .”

“နင်တို့ ဒီလောက်ကြောက်နေရင်၊ တခြားလက်ဖက်ရည်ဆိုင်သွားကြရအောင်. . .”

“မသွားတော့ဘူးဟာ၊ ထမင်းလည်းဆာလှပြီ။ ငါလက်ဖက်ရည်မသောက်ဘူး၊ မုန့်တစ်ခုခုစားမယ် . . .”

“နန့်နှင်းဆီလို ငါလဲ မုန့်ပဲစားမယ်။ ငါ့အတွက် လက်ဖက်ရည်မမှာနဲ့ . . .”

“ငါ့နာမည်မခေါ်ပါနဲ့ဆို၊ ဟေမာခင်ကလဲ”

“အေး . . . အားလုံး မှာချင်တာမှာကြ၊ တစ်မျိုးပဲမှာနော်၊ ဟော့ချာတိတ် စားပွဲနှစ်လုံးလာဆက်ပေး၊ သူတို့မှာတာ လိုက်ချပေးလိုက်၊ ငါ့အတွက် ချိုဆိမ့်ရှယ်တစ်ခွက်. . .”

မြင့်သူက သူပြောချင်တာပြောပြီး ထိုင်ခုံတစ်ခုတွင်ဝင်ထိုင်သည်။

“ရှာလိုက်ရတာ ဆရာဝင်းအောင်ရာ၊ ဆရာ့အိမ်လဲမို

www.burmeseclassic.com

 www.burmeseclassic.com

ရောက်ခဲ့သေးတယ်။ ဆရာလက်ဖက်ရည်ဆိုင် သွားတယ်ဆို
လိုက်လာတာ စောစောက ဆရာသိန်းထီပေါက်တယ်လို့ ကျွန်တေ
လာပြောတာမဟုတ်ဘူး။ တခြားလူပေါက်တာ။ ကျွန်တော်
လိုင်းကားပေါ်က မြင်ခဲ့တာ။ ဆရာမှတ်လို့ပြောမိတာ၊ အိမ်ပြန်
ထီစာရင်းစာအုပ်နဲ့ ဆိုင်ကြီးသေချာသွားတိုက်တော့ ဆရာ့
လက်မှတ်မဟုတ်ဘဲ၊ ဆိုင်ကြီးကပေါက်တဲ့ ထီလက်မှတ်ဖြစ်
တယ်။ ကြုံကြုံဖန်ဖန်ဗျာ၊ ဆရာ့အတိုင်းပဲ၊ အတိတ်က သမီးဆေ
ကျောင်းတက်ရန်တဲ့။ ဆရာကအဲဒီအတိတ်နဲ့ ထီထိုးလာတ
တစ်နှစ်ကျော် တစ်နှစ်ခွဲလောက်ရှိပြီဆိုတော့ ကျွန်တော်က ဆရာ
ပေါက်တယ်ထင်ပြီး ပြောမိပါတယ်။ တောင်းပန်ပါတယ် ဆ
ဝင်းအောင်. . ."

နန့်နှင်းဆီက အဖေထီပေါက်ကြောင်း လာပြောသ
ထင်ပြီး၊ လက်တွန်းလှည်းထီသည်ကြီး အဖေ့နာမည်ခေါ်လို
ကတည်းက အဖေတို့ဝိုင်းနားပြေးသွားမိသည်၊ ထီပေါက်တာ မှ
ပြောမိကြောင်း ထီသည်ကြီး၏ နောက်ဆက်တွဲစကားများကြော
နန့်နှင်းဆီ ခြေလှမ်းတွေ အလိုလိုတုံ့ခနဲ ရပ်သွားမိသည်။ နန့်နှင်း
အဖေမျက်နှာကြည့်လိုက်တော့ အဖေ၏ညိုသောအသားအရေ
သွေးဆုတ်သွားသကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်သွားသဖြင့် နန့်နှင်း
လန့်သွားမိသည်။ ဟောမာခင်၏ အဖေဒုရဲအုပ်ဝေမြင့်က အ
လက်မောင်းကို ကိုင်လှုပ်လိုက်မှ အဖေ လှုပ်လှုပ်ရှားရှားဖြစ်လ
သည်။

"ဟေ့ ထွန်းခင်၊ ဘာပြောတယ်ကွ။ ငါထီပေါက်တယ်
မင်းပဲလာပြောတာ။ ငါ့သမီးလေး ဆေးကျောင်းပို့နိုင်ပြီဆိုပြ



တစ်စခန်းလုံး လိုက်ကြွားထားတာကွ၊ ငါပျော်လွန်းလို့ ဒီဆရာတွေ
ကို လက်ဖက်ရည်လာတိုက်နေတာကြည့်။ ငါ့ဘဝတော့ သွားပြီ။
မသေချာဘဲ ဘာလို့ငါ့ကို အရှက်ခွဲရတာလဲကွ . . ."

"ရှက်တယ်အဖေ. . .။ သမီးရှက်တယ်။ သမီးရဲစခန်းထဲ
လဲမပြန်ရဲဘူး၊ သမီးအရမ်းရှက်တယ် အဖေ . . ."

"ဟေ့ ထွန်းခင်၊ ငါတင်မကဘူး။ ငါ့သမီးပါ ရှက်လို့
သေတော့မယ် . . ."

"ဘာတတ်နိုင်မှာလဲဗျ၊ ကျုပ်က စေတနာနဲ့ လာပြောတဲ့
ဟာ မတော်နပ်လဲသေပေါ့ . . ."

"ဟေ့ကောင် ဘာပြောတယ်ကွ၊ ငါ့ကို အရှက်ခွဲဦး . . ."

"ခွပ် . . . ခွပ်"

"လွှန်မယ် ဆရာဝင်းအောင်၊ စိတ်ထိန်းစမ်းပါ . . ."

သန်မာထပြေးလာပေမယ့် မမီလိုက်တော့။ နန့်နှင်းဆီ
အဖေက ထီသည်၏ မျက်နှာကို လက်သီးနှင့် နှစ်ချက်ထိုးလိုက်
သဖြင့် ထီသည်နောက်ပြန်လဲကျသွား၏။ တာဝန်မှူးက နန့်နှင်းဆီ
အဖေကို ဖက်ထား၏။ သန်မာက လဲကျသွားသော ထီသည်ကို
ပွေ့အထူတွင် ဝဲဘက်ပါး၌ သွေးထွက်နေသော သံခြစ်ရာကိုတွေ့ရ
၏။ သန်မာကထီသည်ကို ပွေ့ထူလိုက်စဉ် လက်ဖက်ရည်ဆိုင်ထဲ
မိန်းကလေးနှစ်ယောက် ပြေးဝင်လာသည်ကို မြင်လိုက်ရ၏။
နှစ်ယောက်စလုံး သန်မာဆီပြေးလာပြီး ထီသည်ကိုဖက်ငိုကြ၏။

"ထင်တဲ့အတိုင်းပဲ။ ရဲစခန်းသွားရင် ဒီလိုဖြစ်လိမ့်မယ်
ထင်လို့ လိုက်လာကြတာ။ အစ်ကိုထွန်းကို ဘယ်သူထိုးတာလဲ၊ ဘယ်
ရဲလဲ ပြောစမ်း. . ."

"အေး . . . ငါပဲ၊ ဘာလုပ်မလို့တုံး"

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန် နန့်နှင်းဆီမရှိတော့။ သန်မာက နန့်နှင်းဆီ ငိုကတည်းက နန့်နှင်းဆီကိုသူ့အိမ်ခေါ်သွားဖို့ မြင့်သူကိုခိုင်းထားပြီးပြီ။ သူတို့နှစ်ယောက် စက်ဘီးနှင့် ထွက်သွားကြသည်။ နန့်နှင်းဆီ အဖေက တာဝန်မှူးလက်မှ ရုန်းထွက်ပြီး မိန်းကလေးနှစ်ဦးနား တိုးကပ်လာသဖြင့် သန်မာက ကြားမှ တားထားလိုက်ရသည်။

"မကျေနပ်ဘူး၊ ရှင့်ကိုမကျေနပ်ဘူး၊ ကျွန်မအစ်ကိုကို သွေးထွက်သံယိုဖြစ်အောင်လုပ်တာ၊ ရှင်အလုပ်ပြုတ်အောင် ထောင်ကျအောင် ကျွန်မလုပ်ပြမယ်။ ဘယ်လောက်ကုန်ကုန် ထောင်မကျကျအောင်လုပ်ပြမယ်။ ကြည့်ထား ကဲလာ. . . အစ်ကို ရဲစခန်း သွား အမှုဖွင့်မယ် "

"ကျွန်တော်က တာဝန်မှူးပဲ၊ တပ်ဖွဲ့ဝင်ကို အမှုဖွင့်ချင်တိုင်း ဖွင့်လို့မရဘူး။ အပေါ်ကိုတင်ပြပြီး ဖွင့်ခွင့်ရမှ ဖွင့်ရမှာ"

"သူတို့ဖွင့်ချင်တာ ဖွင့်ပေးလိုက်ပါ ဆရာဝေမြင့်၊ ကျွန်တော် လုပ်ရဲရင် ခံရဲပါတယ်။ သူတို့ကို ဂတ်စာရေးကြီးဆီခေါ်သွားပြီး တိုင်ချက်ဖွင့်ပေးပါဆရာ။ ကျွန်တော်တော့ ရှက်လွန်းလို့ ရဲစခန်းထဲ ချက်ချင်းမပြန်ချင်သေးဘူး။ စခန်းမှူးကို ဆရာပဲ ကျွန်တော့်အခြေအနေသတင်းပို့ပေးပါ။ ကဲ. . . ထွန်းခင် ရဲစခန်းအမှုဖွင့်ဖို့ တာဝန်မှူးနဲ့ လိုက်သွားပေတော့"

နန့်နှင်းဆီအဖေသည် သွေးအေးသွားပြီထင်သည်။ စကားကိုအေးအေးဆေးဆေး လေးလေးမှန်မှန်ပြောနေသကဲ့သို့ သူ့မျက်နှာကလည်း တည်တည်ငြိမ်ငြိမ်ရှိနေသည်။ သူရေချွေးကြမ်းငှဲ့သောက်နေချိန် တာဝန်မှူးနှင့် ထိသည်မောင်နှမတစ်တွေ ဆိုင်ထဲမှ ထွက်ခွာသွားကြပေပြီ။ သန်မာက သူငယ်ချင်းများကိုကြည့်လိုက်တော့



တစ်ယောက်မျှ မရှိတော့ပြီ။ ဘယ်အချိန်က လစ်ကုန်ကြပါလိမ့်။

သန်မာသည် နန့်နှင်းဆီအဖေကို နီးနီးကပ်ကပ် သည် တစ်ကြိမ်ပဲတွေ့ဖူးပါသည်။ နန့်နှင်းဆီပြဖူး၍ အဝေးကတော့ မြင်ဖူးပါသည်။ နန့်နှင်းဆီက သူ့အိမ်ကိုလိုက်လည်ဖို့ အကြိမ်ကြိမ် ခေါ်ဖူးသော်လည်း သန်မာရဲစခန်းထဲသို့ မသွားရဲ၍ မဝင်ရဲ၍ တစ်ခါမျှ မသွားဖူးပါ။ ခုတွေ့တော့လည်း နန့်နှင်းဆီအဖေက ကိုယ့်တာဝန် ကိုယ်ယူရဲသူအဖြစ် တွေ့လိုက်ရတော့ သန်မာသဘောကျသွားသည်။

"တအားရှက်တယ် လူလေး၊ မနှစ်က ဆရာဦးတိုးညွန့်နဲ့တွေ့တော့ ဆရာဝင်းအောင်သမီး နန့်နှင်းဆီက စာတအားကြိုးစားတယ်။ စာလည်း တော်တယ်။ ဒီပုံဆိုရင် ဆယ်တန်း ဂုဏ်ထူး သုံးလေးလုံးတော့ပါနိုင်တယ်။ ငွေသာစုထား ဆရာဝင်းအောင်ရေလို့ ပြောသွားတော့ ဦးဝမ်းနည်းဝမ်းသာခံစားခဲ့ရတယ် လူလေး . . . "

"ဦးတို့က လခစားဝန်ထမ်းတွေလေ၊ လစာနဲ့မလောက်လို့ တောင်လုပ်မြောက်လုပ် လုပ်နေရသေးတာ၊ လက်ရှိ အခြေအနေအရ သမီးဆယ်တန်းအောင်ရင်တောင် အဝေးသင်တောင်တက်နိုင်မှာမဟုတ်ဘူး။ သမီးကိုအလုပ်တစ်ခုခု လုပ်ခိုင်းပြီးမှတက်ခိုင်းရမှာ။ သမီးလေး စာတော်ကြောင်းသိရတော့ ဆေးတက္ကသိုလ်လည်း ပို့ချင်မိပြန်ရော၊ လူ့စိတ်ပြောပါတယ်။ သမီးလေး ကြိုးစားတာလည်းအရာထင်အောင် ဆေးတက္ကသိုလ်ပို့ချင်ဖောနဲ့ ကဲဆိုပြီး အဲဒီလကစပြီး ထီတစ်စောင် တစ်စောင် လစဉ်ထိုးခဲ့တယ်လူလေး . . . . "

www.burmeseclassic.com

www.burmeseclassic.com



"ထိထိုးရာမှာလည်း သမီးလေးဆေးကျောင်းတက်ရန်ဆိုတဲ့ အတိတ်နဲ့ပဲ ထိုးခဲ့တာလူလေး . . .၊ လှံထမ်းလာတာသာ မြင်ရတာ ကံထမ်းလာမှာကို မမြင်ရဘူးမဟုတ်လား။ ဦးထိုးသမျှ ထိတွေလည်း ထိလှည်းသမား ထွန်းခင်ဆီကပဲ ထိုးခဲ့တာ။ ထွန်းခင်ကလည်း ဦးမရှိရင် ဦးဇနီးကို ထီလက်မှတ်ရွေးခိုင်းပြီးရေးနေကျအတိတ် သမီးဆေးကျောင်းတက်ရန်ပဲ ရေးပေးပြီးထားခဲ့ရောဆိုပါတော့။ တစ်ယောက်နဲ့တစ်ယောက် ဒီလောက်ရင်းနှီးလာပြီးမှ ခုလိုဖြစ်ရ တာ တကယ်စိတ် မကောင်းပါဘူး. . ."

"ဒေါ်သတ္တိ၊ မောဟတို့ဆိုတာ တော်တော်ကြောက်စရာ ကောင်းတယ်နော်၊ ထွန်းခင် တိုင်ကသံငုတ်နဲ့ ခြစ်မိတာ ကံကောင်း တယ်။ သမံတလင်းပေါ် နောက်စေ့နဲ့ကျသွားလို့ သေသွားရင် ဦးထောင်ထဲဝင်ရမှာ ကြောက်စရာကြီး။ လူလေးလဲ ဦးပြောတာ နာထောင်နေရတာနဲ့ အဖိုးတန်အချိန်တွေကုန်သွားပြီ၊ သွားပေ တော့ လူလေး။ ဦးကတော့ အရှက်ပြေသွားအောင် ထိုင်နေလိုက် ဦးမယ် . . ."

"ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး . . ." ဟုပြောပြီး သန်မာ ဆိုင်ထဲမှ ထွက်လာခဲ့သည်။

နန္ဒနှင်းဆီ မူလစိတ်ရောက်အောင် ချော့ဖို့အရေး သန်မာ စက်ဘီးစီးပြန်လာရင်း တွေးလာမိသည်။ သနားစရာ နန္ဒနှင်းဆီ ရယ်လေ။ ။

အခန်း (၁၁)

## ညင်းညင်းသံနှဲ့ နှုတ်ဆက်ခဲ့မှ

"သန်မာရေ ငါတို့ ပုသိမ်ကိုပြောင်းရတော့မယ်. . ."

အိမ်ထဲဝင်လာသည့် နန္ဒနှင်းဆီ၏ အားမရှိသည့် စကားသံ ဟာ သန်မာအဖို့ ကျယ်လောင်လွန်းလှ၏။ ဖြုန်းစားကြီး ကြားလိုက် ရတော့ ကိုယ့်နားကိုယ်ပင် ကိုယ်မယုံချင်။ နန္ဒနှင်းဆီနောက်ပြောင် ပြောခြင်းမဟုတ်မှန်းတော့ သန်မာသိသည်။ နန္ဒနှင်းဆီ၏ မျက်နှာ သည် ရေဝေးသည့် ဒေါနပန်းကဲ့သို့ ညှိုးနွမ်းနေသည်မဟုတ်လား။

"စာမေးပွဲက တစ်လခွဲနှစ်လလောက် လိုသေးတယ်။ စာမေးပွဲပြီးမှ ပြောင်းလို့မရဘူးလား။ မမနှင်းရယ် "

"မရဘူးပြောတာပဲကွာ၊ (၂၁) ရက်အတွင်းပြောင်းရတာလို့ အဖေကပြောတာပဲ. . ."

"ဘာဖြစ်လို့ပြောင်းရတာလဲ၊ မမနှင်းကို့ပြောင်းလာတာမှ တစ်နှစ်တောင်မပြည့်သေးတဲ့ ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"အပြစ်နဲ့ ပြောင်းရတာသန့်မာ. . ."

"ဘာအပြစ်ဖြစ်လို့တုန်း "

"ဟိုထီလက်မှတ် ကိစ္စလေ၊ အဖေ့အရေးယူတဲ့အမှုကို အမှုစစ်ဒုရဲအုပ်(စခန်းမှူး) ဦးမောင်သန်းက ကိုင်တယ်။ ဆရာဦးမောင်သန်းကလည်း ဆေးစာမှာ၊ တုံး၊ သာမန်၊ ပြင်ပလို့ ဖော်ပြထားတာနဲ့ ဆေးစာအရ အဖေ့အမှုကို ရဲအရေး မပိုင်မှုနဲ့ ပိတ်လိုက်တယ်။ သန့်မာ"

"မမနှင်းပြောတာတွေ ကျွန်တော်နားမလည်ပါဘူး။ အဲဒါရှင်းပြပါဦး မမ. . ."

"မမနှင်းလည်း ကောင်းကောင်းနားမလည်ပါဘူး၊ သန့်မာနားလည်အောင်တော့ အဖေမှရှင်းပြတတ်မှာ၊ အဖေပြောတာကို မမနှင်းကမှတ်ထားပြီး သန့်မာကိုပြန်ပြောပြတာ။ အဖေပြောပြတာတော့ ဆေးစာအရအဖေ့ကို ရဲက ဆက်ပြီးအရေးယူလို့ မရဘူးတဲ့။ ဒါကြောင့်အမှုစစ်က အဖေ့အမှုကို ပိတ်ပစ်တာတဲ့၊ တိုင်တဲ့လူတွေ မကျေနပ်ရင် တရားရုံးဦးတိုက် လျှောက်ခွင့်တော့ရှိတယ်တဲ့"

"မမနှင်းအဖေကို အရေးလဲမယူတော့ဘူး၊ အမှုလဲပိတ်ပစ်ပြီပြောပြီး၊ ဘာလို့ပြောင်းပစ်တာတဲ့လဲ မမနှင်း"

"ထိသည်က အမှုစစ်ဆရာ ဦးမောင်သန်းကို တိုင်တာ။ ရဲရဲချင်း ပင်းပြီးအမှုပိတ်ပစ်ပါတယ်လို့ ရဲချုပ်ဆီတိုင်တာ၊ စုံစမ်းစစ်ဆေးတော့ ဆရာဦးမောင်သန်းက လုပ်ထုံးလုပ်နည်းနဲ့ အညီလုပ်တာဆိုတော့ အပြစ်မရှိလို့ အရေးယူမခံရဘူး။ အဖေ့တိုတော့ ပြည်သူနဲ့ကိုယ်ထိလက်ရောက် ပြဿနာဖြစ်ရမလားဆိုပြီး အပြစ်ပေးတဲ့ သဘောနဲ့ပြောင်းလိုက်တာလို့ အဖေကပြောတယ် . . ."



"၂၁ ရက်ဆိုတော့ ပြောင်းဖို့လိုပါသေးတယ်။ မမနှင်းက နေခဲ့မှာမဟုတ်လား။ သန့်မာတို့အိမ်လာနေလေ. . ."

"လာနေချင်တာပေါ့ သန့်မာ၊ ဦးလေးရော၊ ဒေါ်လေးရော၊ သန့်မာရော၊ မမနှင်းအပေါ်၊ မမနှင်းအဖေအမေလို ကောင်းကြတာ၊ မမနှင်း ကောင်းကောင်းသိပါတယ်။ ဒါပေမယ့် အဖေအမေတို့ မသိဘူးလေ။ မမနှင်းသန့်မာတို့ အကြောင်းကို အဖေတို့အမေတို့ကို ပြောမပြရဲသေးဘူးလေ။ မမနှင်းယောက်ျားလေးဖြစ်လိုက်ရင် သိပ်ကောင်းမှာနော်။ ယောက်ျားလေးသာဆိုရင် သန့်မာဆီလာနေလို့ရသွားမှာ . . ."

"သန့်မာတို့အကြောင်း ဖွင့်ပြောလိုက်လေ မမနှင်း။ ဒါမှ မမနှင်းအဖေအမေတွေက သန့်မာတို့အိမ်မှာ မမနှင်းကို စိတ်ချလက်ချထားခဲ့ကြမှာပေါ့။"

"လွယ်လိုက်တာ သန့်မာရယ်၊ မမနှင်းက မိန်းကလေးလေ။ အဖေအမေတို့ပြောနေတာကတော့ ဂတ်စာရေးကြီးအိမ်ထားခဲ့မယ်တဲ့။ ဂတ်စာရေးကြီးမှာ သမီးသုံးယောက်ရှိတယ်။ (၈) တန်းနှစ်ယောက် (၉) တန်းတစ်ယောက်ပေါ့။ မိန်းကလေး အဖော်ရှိနေတော့ အဖေအမေတို့က စိတ်ချမှာပေါ့ . . ."

"မမနှင်းက နေ့တိုင်းကျွန်တော့်ကို မုန့်ပျားသလက်ကျွေးတော့ မမနှင်းအဖေအမေပြောင်းတဲ့နေ့ကစပြီး ဘရိတ်(ခ်)ဖတ်စ်ကို ကျွန်တော်ကျွေးမယ်။ ထမင်းစားကျောင်းဆင်းချိန်စားဖို့ နှစ်ယောက်စာထည့်လာမယ်။ ကျောင်းဆင်းရင် ကျွန်တော်တို့အိမ်လိုက်လာပြီး ညနေစာစားရမယ်။ ထမင်းစားပြီးမှ မမနှင်းဂတ်စာရေးကြီးအိမ်ပြန်ရမယ်နော်. . ."

www.burmeseclassic.com

 www.burmeseclassic.com 

"အေး ဟုတ်တယ်။ ဦးက ဖြစ်နိုင်ရင် သမီးကို ဦးတို့အိမ်လာ နေစေချင်တယ်. . ."

"ဘာမှ အားနာစရာမရှိဘူး နှင်းနှင်း။ ဒေါ်လေးအနေ ပိုထူးချက်ရတာလဲမဟုတ်ဘူး၊ ဒေါ်လေးတို့အိမ်မှာ လူတစ်ယော စာနှစ်ယောက်စာလောက်ကတော့ အမြဲပိုချက်ထားတာပဲဟာ နှင်းနှင်းကဒေါ်လေးကို ကူညီလုပ်ကိုင်ပေးခဲ့တာတွေအတွ ဒေါ်လေးမမေ့ဘူး။ ဒေါ်လေးတို့နဲ့လာနေနိုင်ရင် ပိုတောင်ကော သေး. . ."

"ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်းဆိုတဲ့ စကားအတိုင် ဒေါ်လေးတို့ကို သမီးရဲ့အမျိုးရင်းချာလို သဘောထားခဲ့တာ ကြာ ပြီ။ ဒေါ်လေးတို့အိမ်စားရသောက်ရတာ ဒါ့ကြောင့်လားမသိဘူ လိပ်ပြာသန့်တယ် လိပ်ပြာလုံတယ်။ အားမနာမိဘူး။ သမီးဒီကိုလာ နေလို့တော့ မဖြစ်ဘူး။ သန်မာပြောသလိုပဲ လာစားမယ်နော်"

"အေး လာ လာ၊ စားချင်ဘာပြော။ ဒေါ်လေးချက်ပေးမယ် ကြားလား. . ."

သည်လိုနှင့် (၁၅) ရက်ခန့်အကြာတွင် နန့်နှင်းဆီအဖေ နှင့်အမေ ပုသိမ်သို့ ပြောင်းသွားတော့သည်။ ထိုနေ့က သင်္ဘောဆိပ်သ သန်မာလိုက်ပို့သည်။ သင်္ဘောဆိပ်သို့ ဂတ်စာရေးမိသားစုပ လိုက်ပို့ကြပါသည်။ နန့်နှင်းဆီနှင့် သူ့အဖေအမေတို့ မျက်ရည်တေ တွေကျအောင် ငိုနေကြတော့ သန်မာရင်ထဲ မကောင်းတော့ နန့်နှင်းဆီကို သနားဆွတ်ကြင်မှုက ရန်ကုန်မြစ်ကဲ့သို့ တသွင်သွ စီးလာနေသည်။ နန့်နှင်းဆီအနေဖြင့် တစ်သက်နှင့်တစ်ကိုယ် အဖေအမေနှင့် ခွဲဖူးဟန်မရှိ။ သူ့အမေကလည်း သမီးကို စိတ်မ

သည့်အကြည့်ဖြင့်ကြည့်ရင်း မျက်ရည်တွေတွေစီးကျနေသကဲ့သို့ သူ့ရှိုက်သံညှင်းညှင်းက သန်မာ့နားသို့ ဝင်လာသည်။ မျက်ရည်စက် လက်နှင့် အဖေအမေကျန်းမာရေး ဂရုစိုက်ဖို့ ရှိုက်သံနှော၍ပြော နေသော နန့်နှင်းဆီကို သန်မာမကြည့်ရက်တော့။ ပြိုတော့မည့် မိုးကဲ့သို့ ညှိုနေသော သူ့အဖေမျက်နှာတွင် မျက်ရည်စီးကြောင်းနှင့်။ သန်မာသင်္ဘောပေါ်မှ ဆင်းလာခဲ့ပြီး ရေဆင်းဘောတံတား တစ် နေရာတွင် ရပ်နေခဲ့သည်။ အဖေအမေတစ်မျိုးထင် စိုးရိမ်စိတ်ဝင် နေမည်စိုး၍ သန်မာနှင့်သူ့မိဘကို မိတ်ဆက်မပေးဖို့ သန်မာက နန့်နှင်းဆီကိုကြိုပြောထားခဲ့သည်။ နန့်နှင်းဆီကလည်း သူ့အဖေ အမေနှင့် တကယ်ခွဲရမည်ဆိုတော့ မခွဲနိုင်မခွာရက်ဖြစ်ကာ သန်မာ ကိုပင် သတိရဟန်မရှိ။ သန်မာကလည်း ခရီးသွားတစ်ဦး ခရီး သည်ပို့သူတစ်ဦးအနေဖြင့်သာ ခပ်လှမ်းလှမ်းမှ ကြည့်ဖြစ်ခဲ့သည်။

သင်္ဘောထွက်သွားပြီး ပြန်လာကြတော့ လမ်းတွင်နန့်နှင်း ဆီသည် စကားတစ်လုံးမပြောတော့။ ငူငူငိုင်ငိုင်ဖြင့် ဂတ်စာရေး မိသားစုနှင့်အတူ ရဲစခန်းရှေ့တွင် တက္ကစီပေါ်မှ ဆင်းကျန်ရစ်ခဲ့ သည်။ ရေဝေးကြာကဲ့သို့ တရိရိနွမ်း ဘယ်ပုံလန်းနိုင်မှာပါလိမ့်။

သန်မာသည် နန့်နှင်းဆီစိတ်ဓာတ်ကို အကဲဖြတ်မရနိုင် တော့။ သူ့စိတ်ထဲတွင် နန့်နှင်းဆီအဖေပြဿနာဖြစ်သည့် နေ့ကို သတိရလာသည်။ ထိုနေ့က သန်မာအိမ်ပြန်လာတော့ လမ်းတွင် အရှက်ကြီးနေသည့် နန့်နှင်းဆီကို ဘယ်သို့ဘယ်ပုံ ချော့ရပါ့မလဲဟု စဉ်းစားလာခဲ့သည်။ သည်ညနေ နန့်နှင်းဆီရဲစခန်းသို့ ပြန်ပုံမပေါ်၊ သန်မာတို့အိမ်တွင် ဒေါ်လေးနှင့်အိပ်လိမ့်မည်ဟု ထင်ထားခဲ့သည်။

သန်မာအိမ်ရှေ့ရောက်တော့ နန့်နှင်းဆီက စကားတွန်း

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်း ဝေဘာဂီလမ်းမပေါ်သို့ တက်လာနေပြီ၊ "ဘယ်သွားမလို့လဲ . . ." ဟု သန်မာကမေးတော့ "အိမ်ပြန်မှာပေါ့" ဟု၊ နန့်နှင်းဆီက ဖြေသည်။ သန်မာက သူ့မျက်နှာ ကြည့်လိုက်တော့လည်း မိုးသားမြူတိမ်ကင်းသည့် ကောင်းကင်ကြီးကဲ့သို့ ကြည်လင်နေသည်။ ဘယ်လိုဖြစ်ကုန်ပါလိမ့်ဟု သန်မာတွေးမိ၏။

"ဖြစ်ရဲ့လား၊ မမနှင်း . ."

"ဘာမဖြစ်စရာရှိသလဲ သန်မာ၊ ငါသေသေချာချာ စဉ်းစားပြီးပြီ။ ငါတို့မှာ ဆင်းရဲတာတစ်ခုနဲ့ မပြည့်စုံတာ တစ်ခုနဲ့ အပြစ်ရှိသလား။ ချမ်းသာချင်တာနဲ့ ထီထိုးတာကို အပြစ်လုပ်တာလို့ ခေါ်မလား။ ထီရောင်းသူက ထီပေါက်တယ်လို့ လာပြောလို့ ဝမ်းသာပြီး ထီပေါက်တယ်လို့လိုက်ပြောတာ ရှက်စရာလား။ အပြစ်လား။ သူ့သမီးကို ဆေးတက္ကသိုလ်ထားချင်တဲ့ သူ့အဖေရဲ့ စိတ်ဟာ ရှက်စရာလား အပြစ်လား။ အဖေက သူ့သမီးဆေးတက္ကသိုလ်ထားနိုင်ဖို့ ဓားပြတိုက်တာလည်း မဟုတ်ဘူး။ ဖောက်ထွင်းတာလည်း မဟုတ်ဘူး။ ခိုးယူတာလည်း မဟုတ်ဘူး။ လိမ်လည်တာလည်း မဟုတ်ဘူး။ လူသတ်တာလည်း မဟုတ်ဘူး။ လာဘ်စားတာလည်း မဟုတ်ဘူး။ သူ့သမီးကို သူ့အဖေက ဆေးတက္ကသိုလ်ထားနိုင်ဖို့ သူတတ်နိုင်တဲ့ နည်းလမ်းနဲ့ သူ့ကံတရားကို ယုံပြီး မျှော်လင့်ချက်နဲ့ ထီထိုးတာအပြစ်လား၊ ရှက်စရာလား သန်မာ"

"ဘယ်က ရှက်စရာဟုတ်မှာလဲ၊ ရှက်စရာလည်း မဟုတ်ဘူး။ အပြစ်လည်း မဟုတ်ဘူး မမနှင်း။ သမီးအတွက် မေတ္တာတွေ အပြည့်အဝနဲ့ သူတတ်စွမ်းသမျှ ရိုးရိုးသားသားထီထိုးတာ ဘယ်သူမှ မမနှင်းအဖေကို ရှက်စရာကြီးလို့ ပြောလို့မရပါဘူး မမနှင်း။



မမနှင်း အဖေရဲ့သမီးပေါ်ထားတဲ့စေတနာ မေတ္တာတွေအတွက် ချီးမွမ်းဂုဏ်ယူရမှာပါ. . ."

"အေး ဟုတ်တယ်။ သန်မာပြောတာ မှန်တယ်။ ငါ့အဖေကို ချီးကျူးတယ်။ အဖေ့လုပ်ရပ်အတွက် ဂုဏ်ယူတယ်။ အဖေဆင်းရဲနေလို့သနားတယ်။ အဖေမဟုတ်တာမလုပ်လို့ သူများနစ်နာအောင်မလုပ်လို့ လေးစားတယ် ဂုဏ်ယူတယ်။ အဖေ့အတွက် ရင်ကော့ပြီး ရဲစခန်းထဲဝင်သွားမယ်။ ရှက်စရာမဟုတ်လို့ မရှက်ဘူး သန်မာ . . ."

"ဒါဟာ အမှန်တရားပဲ၊ ဒါဟာ တကယ်ရှက်စရာ မဟုတ်ဘူး။ ဒီလို မမနှင်း အမြင်မှန်ရလာတာ၊ သန်မာ အရမ်းဝမ်းသာတယ် မမနှင်း"

"ဒီနေ့ အဖေ့ကိစ္စကနေ စဉ်းစားမိပြီး အတွေးသစ်တစ်ခု ရလာတယ်။ ၁၀ တန်းကို ချမ်းသာသူရော၊ ဆင်းရဲနွမ်းပါးသူရော တန်ခိုးအာဏာရှိသူရော၊ မရှိသူရော ၁၀ တန်းရောက်ရင်ဖြေခွင့် ရှိကြတယ်။ အောင်စာရင်းထွက်တဲ့အခါ ဒီခြောက်လုံး ဒီငါးလုံး ဒီလေးလုံး ဒီသုံးလုံး ဒီနှစ်လုံး ဒီတစ်လုံး ရိုးရိုးအောင်ထွက်လာတာဟာ စာမေးပွဲဖြေသူရဲ့ဖြေနိုင်မှု မဖြေနိုင်မှုပေါ်မှာပဲ မူတည်ပါလိမ့်မယ်။ ဆင်းရဲချမ်းသာ အာဏာရှိမှုမရှိမှုနဲ့ ဆိုင်မယ်မထင်တော့ဘူး"

"ပိုက်ဆံရှိမှ ကျူရှင်တက်နိုင်မယ်ဆိုတာ ငါအငြင်းမပွားဘူး။ ခုငါဟာ နင့်ကျေးဇူးကြောင့် ကျူရှင်ကောင်းကောင်း တက်နိုင်ပြီ။ ငါ့တာဝန်က အမှတ်များများရအောင် အမှတ်ကောင်းရအောင် လုပ်ဖို့ပဲ။ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တစ်ခုခုတက်ဖို့က

www.burmeseclassic.com

www.burmeseclassic.com

တစ်ပိုင်းပဲ၊ အဲဒီတက္ကသိုလ်တက်နိုင်တဲ့ အရည်အချင်းရှိနေဖို့ပဲလို့ တယ်။ ဆင်းရဲလို့ မတက်ဖြစ်တာ၊ မတက်နိုင်တာက ငါ့အလုပ် မဟုတ်ဘူး။ ဒါ့ကြောင့် ငါ့တာဝန်ငါကျေအောင် ငါလုပ်မယ်လို့ တွေးမိတယ် သန်မာ"

ခုတော့လည်း နန္ဒနှင်းဆီ သူ့တာဝန်သူကျေနိုင်ပါတော့ မလားဟု သန်မာတွေးနေစဉ် အိမ်ရှေ့ရောက်လာ၍ ကားရပ်ခိုင်း ပြီး ကားခရှင်းပေးကာ အိမ်ထဲဝင်လာခဲ့သည်။

သန်မာ တစ်ညလုံး ကောင်းကောင်းအိပ်မပျော်။ နန္ဒနှင်း ဆီ ဘယ်လိုနေပါလိမ့်ဟုပဲ အတွေးမျိုးစုံ တွေးနေမိသည်။ အဖေနှင့် အမေနှင့်ရေကဲ့သို့ တစ်သားတည်းနေခဲ့သည့် နန္ဒနှင်းဆီ ကံကြမ္မာ ခွက်၏ အကန့်အသတ်ထဲ ခုတော့ သီးခြားခွဲ အထားခံလိုက်ရပြီ၊ တယ်လောက်နာလို ခံခက်ဖြစ်လိုက်မည်လည်းလေ။

စာမေးပွဲဖြေမည့်ရက်သာ ရောက်လာသည်။ နဂိုနန္ဒနှင်းဆီ ပုံရောက်မလာတော့။ သန်မာက စားချင့်စဖွယ် စားစရာမျိုးစုံ ဟင်း မျိုးစုံ ချက်ယူခဲ့ပေမယ့် ယခင်လို ဟက်ဟက်ပက်ပက်မစား၊ တို့က နန်းဆိတ်ကနန်းသာစားသည်။ အစားနည်းတော့ အားမပြည့်။ နန္ဒ နှင်းဆီ၏ မျက်နှာသွယ်လွန်းသွားပြီ။ ပါးပြည့်ပြည့်နှစ်ဖက် ပြေစင်း သွားပြီ။ သည်မျှပိန်သွားခြင်းသည် အိပ်စက်နားနေရမည့် အချိန်၌ အဖေတွေးတွေ သီဆိုကခုန်နေကြ၍များလားမသိ။ ယခင်က အမြ ကခုန်နေတတ်သော နန္ဒနှင်းဆီ၏ ပါးချိုင့်နှစ်ခုက အိပ်မောကျနေ သည်လားမှသိ။ မတွေ့မမြင်ရတော့။

သန်မာက နန္ဒနှင်းဆီကို အထူးဂရုစိုက်အားပေးနှစ်သိမ့် သော်ငြားလည်း အမြစ်ဖြတ်ခံထားသည့် ပန်းပင်ကဲ့သို့ အရိုးတွေ



အက်၊ အရွက်တွေဝါ၊ ပန်းဝတ်လွှာကြွေ ဝတ်မှုန်တွေလွင့်သကဲ့သို့ နန္ဒနှင်းဆီလည်း အဘက်ဘက်မှ ယိုယွင်းလာခဲ့ပြီ။

သန်မာသည်နန္ဒနှင်းဆီ နဂိုစိတ်ဓာတ်ပြောင်းလာအောင် တိုက်ကွက်တစ်ခုပြောင်းလိုက်သည်။ ဆွပေးသည့် တိုက်ကွက်။ မခံချင်အောင်စပေးသည့် တိုက်ကွက်။ ပြုံ၍မရှင် ပြင်၍မလန်း စိတ်ပန်းကိုယ်ကြွေဖြစ်နေသော နန္ဒနှင်းဆီ အသိဝင်လာသလို၊ သတိဝင်လာသလို တွေ့ရတော့ သန်မာဝမ်းသာသွားသည်။ ထမင်း ကောင်းကောင်းစားလာခဲ့ပြီ။ အိပ်ရေးဝအောင် အိပ်လာပြီထင် သည်။ ပါးလေးနှစ်ဖက် ပြည့်ပြည့်ဖြိုးဖြိုးဖြစ်လာသည်။

နန္ဒနှင်းဆီအဖေထိရောင်းသူနှင့် ပြဿနာဖြစ်သည့်နေ့က နန္ဒနှင်းဆီအိမ်အပြန် ဝေဘာဂီလမ်းမပေါ်၌ နန္ဒနှင်းဆီ ပြောခဲ့ သောစကားများကို သန်မာအစဖော်ပေးခြင်းဖြစ်သည်။ နန္ဒနှင်းဆီ က "ငါ့တာဝန် ငါကျေရမယ်လေ။ အဖေ အမေကို ခဏမေ့ထား ရမယ်။ စာထဲဝိတ်ရောက်အောင် အောက်မေ့လွမ်းဆွတ်တာတွေ ဘေးဖယ်ထားရမယ်။ ငါ့အတွက် ပူမနေနဲ့တော့။ နင်လည်း ငါ့ကြောင့် ဟုတ္တိပတ္တိစာကြည့်ဖြစ်တာ မဟုတ်ဘူး။ တို့ကြိုးစား ဖြေကြရအောင်"

နန္ဒနှင်းဆီပြောသည်မှာ မှန်ပါ၏။ နန္ဒနှင်းဆီထံ စိတ် ရောက်နေသည်ကများတော့ သန်မာစာကျက်ပေမယ့် ခါတိုင်းကဲ့သို့ စာအပြည့်အဝမရပါ။ စာမေးပွဲဖြေချိန်မှ နှစ်ယောက်သား မီးကုန် ယမ်းကုန် ကြိုးစားကြရတော့သည်။

စာမေးပွဲကြီးကတော့ ပြီးသွားပြီ။ နန္ဒနှင်းဆီက "ဖြေနိုင် တယ်" ဟုပြောသည်။ သူ့အဖေ အမေနှင့်အတူနေပြီး ဖြေဖြစ်ခဲ့လျှင်

www.burmeseclassic.com

www.burmeseclassic.com

နန့်နှင်းဆီက "ကောင်းကောင်းဖြေနိုင်တယ်" ဟုပြောမည် မုချ။ သန်မာလည်း နန့်နှင်းဆီသို့သာ။

နန့်နှင်းဆီက စာမေးပွဲဖြေပြီးသည့်နေ့ ညနေသင်္ဘောဖြင့် ပြန်မည်ဆိုတော့ သန်မာမတားရက်တော့။ သူ့အဖေ ရဲတပ်ကြပ် ဝင်းအောင်က ဖုန်း သုံးလေးကြိမ်ဆက်စဉ် နောက်ဆုံးဆက်ချိန်တွင် စာမေးပွဲဖြေပြီးသည့်နေ့ ပြန်လာမည်ဟု ပြောခဲ့ကြောင်း၊ နန့်နှင်းဆီကပြောပြတော့ သန်မာက မပြန်သေးပါနှင့်ဟု ပြော၍ကောင်းပါတော့မည်လား။

နန့်နှင်းဆီကို ဂတ်စာရေးသမီးအကြီး နှစ်ယောက်နှင့် စပယ်ဖူးပါလိုက်ပို့သည်။ လိုက်ပို့ကာစက သန်မာနှင့် စပယ်ဖူးတို့သည် နန့်နှင်းဆီနှင့်စကားတွေ ဖောင်ဖွဲ့ရင်း ပျော်သလိုရှိမိသော်လည်း သင်္ဘောကြီးထွက်တော့မည်ဆိုတော့ သန်မာသည် နန့်နှင်းဆီနှင့် ခွဲခွာရတော့မှာပါလား။ ပြန်တွေ့ဆုံဖို့လည်း မလွယ်ပါလား။ ဘယ်တော့မှ ပြန်တွေ့ဆုံနိုင်မှာပါလိမ့်ဟု တွေးလိုက်မိသည်။ ဝမ်းနည်းကြေကွဲစိတ်က ရင်နှင့်အမျှ ဖြစ်လာသည်။ မျက်ရည်တွေပင် လည်ချင်လာသည်။

သင်္ဘောထွက်ဖို့ ပထမဥသြဆွဲလိုက်ကတည်းက ဂတ်စာရေးသမီးနှစ်ယောက်နှင့် စပယ်ဖူးတို့က နန့်နှင်းဆီကို နှုတ်ဆက်ပြီး ဆိပ်ခံဘောတံတားပေါ်သို့ ဆင်းသွားကြ၏။ သန်မာက နန့်နှင်းဆီကို ကြည့်လိုက်တော့ လက်ထိထိကရုံးပင်ကဲ့သို့ ညိုးရော်ပျော့ဖတ်နေပြီး မျက်လုံးအိမ်နှစ်ဘက်စလုံး၌ မျက်ရည်ဥတွေအိုင်ဖွဲ့ဝေသီရုံမက ပါးပြင်ပေါ်သို့ပါ လိမ့်ဆင်းကျလာပြီ။ နန့်နှင်းဆီ၏ မျက်ရည်များကို မြင်လိုက်သည်နှင့် သနားဆွတ်ကြင် လွမ်းစိတ်တွေ



ဝင်လာပြီး သန်မာမျက်ဝန်းအစုံမှ မျက်ရည်ဥတို့လိမ့်ဆင်းလာကြပြီ။ သင်္ဘောကြီးကလည်း ကမ်းမှခွာဖို့ ပြင်နေပြီ။

"လမ်းမှာ မျက်နှာငယ်လေ ဖြစ်မနေနဲ့နော် ၊ စာရေး၊ သင်္ဘောထွက်တော့မယ်။ ပြန်တော့နော်"

နန့်နှင်းဆီက ညင်ညင်သာသာ နူးနူးညံ့ညံ့ပြောသည်။ သန်မာက ခေါင်းညိတ်ပြလိုက်ပြီး လက်ပြရင်းဆိပ်ခံဘော တံတားပေါ် ဆင်းလာခဲ့သည်။ သန်မာ ဆိပ်ခံဘောတံတားပေါ်ရောက်ပြီး ခဏအကြာ ကုန်းပတ်ဘောင်ရုပ်လျက် ကြိုးဖြုတ်ပြီး သင်္ဘောကမ်းမှ စခွာပြီ၊ နန့်နှင်းဆီက လက်ဝှေ့ရမ်းပြနေသည်။ သန်မာကလည်း မနားတမ်း လက်ဝှေ့ရမ်းပြနေမိသည်။ သင်္ဘောကြီး မြင်ကွင်းက ပျောက်သွားမှ ရေဆင်းဘောတံတားဆီ လျှောက်လာမိသည်။ ဘောတံတားထိပ် ကမ်းနားလမ်းပေါ်တွင် စပယ်ဖူးတို့ သူ့ကိုရပ်စောင့်နေ ကြသည်။

သန်မာက တက္ကစီစောင့်ငှားရင်း နန့်နှင်းဆီပြောလိုက်သည့် စကားကိုသာ ဘာဆိုလိုတာပါလိမ့် စဉ်းစားနေမိသည်။ လမ်းမှာမျက်နှာငယ်လေ ဖြစ်မနေနဲ့နော်ဟူသော စကားသည် သူနှင့် စပယ်ဖူးကို ရည်ညွှန်းပြောခြင်းဖြစ်ကြောင်း သိလိုက်ရတော့ သန်မာရင်ထဲမကောင်းတော့။ သန်မာအနေဖြင့် မျက်နှာငယ်လေဖြစ်စရာအကြောင်းမရှိပါ။ နန့်နှင်းဆီလငပုပ်ဖမ်းမှုကြောင့် လမင်းမည်းမှောင်လွှမ်းတိမ်တောင်တွေ အောက်ရောက်နေရပါပြီ။ စပယ်ဖူးကြောင့် နန့်နှင်းဆီ စိတ်သောကရောက်နေရမည်ကို သန်မာသိလိုလားပါ။ သန်မာအနေဖြင့် စပယ်ဖူးနှင့် ကင်းကင်းရှင်းရှင်းနေမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားငှားပြီးသည်နှင့် စပယ်ယာတို့ကို ကားနောက်ခန်းသို့တက်ခိုင်းပြီး သန်မာက ကားရှေ့ခေါင်းခန်းမှ လိုက်ပါကာ မြောက်ဥက္ကလာသို့ ပြန်လာခဲ့ပါသည်။

သန်မာသည် ကားပေါ်တွင် ငြိမ်သက်စွာ လိုက်ပါလာသော်လည်း သူ့စိတ်တွေက ဗလောင်ဆူနေပြီ။ ကံကြမ္မာခွက်၏ အကန့်အသတ်ထဲမှ အဖေအမေဆီ စီးဆင်းသွားသော နန့်နှင်းဆီဟူသည့် ရေသည် အဖေအမေနှင့်တွေ့လျှင် တစ်သားတည်း ဖြစ်သွားပြီး ပျော်ရွှင်မြူးတူးနေပေလိမ့်မည်။ နန့်နှင်းဆီ ရေသို့မြူးတူးပျော်ပိုက်ခဲ့သော သန်မာဆိုသည့် ငါးလေးတစ်ကောင်ကတော့ ငါးဖယ်ပြန်လူးသကဲ့သို့ ရှုးနေအောင် သေမတတ်ခံစားရနေပါပြီ။

သန်မာသည် နန့်နှင်းဆီနှင့် ခွဲနေရလိုက်မှ နန့်နှင်းဆီအပေါ် အဘယ်မျှတွယ်တာ မြတ်နိုးနေမှန်း ကောင်းကောင်းကြီး သိလိုက်ရပါသည်။ သန်မာသည် အိမ်ရောက်သည်နှင့် ထမင်းမစားရေမသောက်နိုင်။ စာရေးစားပွဲထိုင်ကာ ရင်ထဲတွင် မချိမဆံ့ခံစားနေရသည့် ဝေဒနာတွေကို အိတ်သွန်ဖာမှောက်ရေးချလိုက်ပါသည်။

နန့်နှင်းဆီ ဖတ်ပါစေတော့။ နန့်နှင်းဆီ သိပါစေတော့။

အခန်း (၁၂)

# တကယ့်အဖေ

၁၅ ရက်ခန့်ကြာမှ သန်မာသည် နန့်နှင်းဆီထံမှ စာကိုရသည်။ သန်မာက နန့်နှင်းဆီထံ ပြန်စာတွင် သဘောဆိပ်သို့ နန့်နှင်းဆီအား လိုက်ပို့ပြီးအပြန်တွင် ခံစားရသည့် ဝေဒနာအကြောင်း ရေးထားသည့်စာပါ ထည့်ပေးလိုက်၏။ နန့်နှင်းဆီ၏ ဒုတိယစာ၌ သူသဘောပေါ်၌ရေးခဲ့သည့် စာပါပါလာသည်။ သန်မာ၏ ဒုတိယစာသည် ချစ်ရေးဆိုသည့်စာဖြစ်ပြီး နန့်နှင်းဆီ၏တတိယစာသည် ချစ်အဖြေပေးစာဖြစ်သည်။ သည့်နောက်တော့ နန့်နှင်းဆီက သန်မာကို နင်ငါဟုမသုံးတော့ မောင်နှင့်မမဖြစ်လာခဲ့သည်။ စာရတိုင်းစာပြန်ကြသည်။

အချစ်စစ် အချစ်မှန်တို့ခရီးသည် နီးနီးဝေးဝေး၊ ဖြောင့်ဖြောင့်ဖြူးဖြူးမရှိ။ အကောက်အကွေ့များသည်။ အဖုအထစ်များသည်။ ခလုတ်တံသင်းပေါသည်ဟု သန်မာကြားဖူးတာနှင့်ပြို



www.burmeseclassic.com

www.burmeseclassic.com



ထင်သည်။ နန်းနှင်းဆီတို့ ခုနေသည့် ပုသိမ်မြို့မရမ်းချောင်းနေအိမ်က ကိုခင်မောင်မြင့်၏အိမ်။ ကိုခင်မောင်မြင့်သည် သူ့နှမမခင်မြင့်ရီနှင့် မောင်နှမနှစ်ယောက်တည်း နေကြသည်။ မိဘများမရှိကြတော့။ လျှပ်စစ်ပစ္စည်းဆိုင်ဖွင့်ထားသည်။ မောင်နှမ နှစ်ယောက်လုံး လူပျိုအပျို။ အစ်ကိုက ၂၅ နှစ်။ ညီမက နန်းနှင်းဆီနှင့်ရွယ်တူ။ ခင်မြင့်ရီက ၉ တန်းနှင့်ကျောင်းထွက်ပြီး စက်ချုပ်ပညာသင်နေသည်။ ခင်မြင့်ရီက ရုပ်ချောသည်။ ဆံပင်လည်းရှည်၊ အုံလည်းကောင်းသည်။ တစ်ပတ်လျှိုဆံထုံး ထုံးထားသည်ပင် ခါးကျော်ကာ တင်ကိုဖုံးနေသည်။ သူ့အစ်ကိုလို အရုပ်မပု။ နန်းနှင်းဆီအရပ်မီလုနီးနေပြီ။ ထူးခြားတာက သွားတက်ပါခြင်းပင်။ သူ့အရယ်အပြုံးတော့ နည်းသည်။ အေးအေးဆေးဆေးသမား၊ ရယ်လိုက်လျှင် သူ့သွားတက်များကြောင့် ချစ်စရာကောင်းလွန်းနေသည်။ နန်းနှင်းဆီအမေအဖေ ရန်ကုန်မှပုသိမ်သို့ သင်္ဘောနှင့် ပြောင်းသွားတော့ သင်္ဘောပေါ်တွင် ရန်ကုန်သို့ လျှပ်စစ်ပစ္စည်းလာဝယ်သည့် ကိုခင်မောင်မြင့်ပါသည်။

ကိုခင်မောင်မြင့်က သင်္ဘောပေါ်တွင် နန်းနှင်းဆီကိုတွေ့သွားသည်။ ကိုခင်မောင်မြင့်က နန်းနှင်းဆီ၏ အဖေအမေကို တစ်လမ်းလုံးဂရုစိုက်သွားသည်။ ကားငှားပြီး ပုသိမ်ရဲတိုင်းရုံးထိ လိုက်ပို့သည်။ အသည်ကြီးရဲစခန်းတွင် တာဝန်ချထားကြောင်း သိရသဖြင့် ကိုခင်မောင်မြင့်ကပင် အသည်ကြီးရဲစခန်းလိုက်ပို့သည်။ အသည်ကြီးရဲစခန်းတွင် နေအိမ်လိုင်းခန်း အလွတ်မရှိ။ ကိုခင်မောင်မြင့်က နန်းနှင်းဆီ၏ မိဘများနှင့် သယ်ယူလာသည့် ပစ္စည်းများကို သူ့အိမ်သို့သယ်သွားသည်။ နန်းနှင်းဆီအဖေရုံးတက်



ရုံးဆင်းကို ကိုခင်မောင်မြင့်က ဆိုင်ကယ်နှင့်သွားပို့သည်။ သွားကြိုပေးသည်။

နန်းနှင်းဆီအဖေက နန်းနှင်းဆီထံဖုန်း သုံးလေးကြိမ်ဆက်ပေမယ့် ထိုကိစ္စ ပြောမပြ။ နန်းနှင်းဆီ ၁၀ တန်းစာမေးပွဲဖြေပြီး ပုသိမ်ပြန်တော့ ပုသိမ်သင်္ဘောဆိပ်သို့ အဖေအမေကြိုရာတွင် ကိုခင်မောင်မြင့် ပါလာသည်။ အရပ်အမောင်းက နန်းနှင်းဆီ၏နားအထိပဲရှိသည်။ ရုပ်လည်းမချော၊ ရုပ်လည်းမဆိုး၊ ရွက်ကြမ်းရေကျိုရုပ်မျိုးသာ။ အိမ်ရောက်၍ နန်းနှင်းဆီက အမေ့ကိုမေးကြည့်မှ အကြောင်းစုံ သိရတော့သည်။ ရွှေစွန်ညို ဘာကိုလို၍ ဝဲသည်ကို အမေလည်း သိသည်။ နန်းနှင်းဆီလည်း သိသည်။ အဖေလည်း မသိမဟုတ် သိပေလိမ့်မည်။ လတ်တလော အခြေအနေအရ ကိုခင်မောင်မြင့်ပေးသည့် အကူအညီကိုမယူမဖြစ်၍သာ အဖေ မျက်စိမှိတ်ယူနေခြင်းဖြစ်သည်ကို နန်းနှင်းဆီ ကောင်းကောင်း သိသည်။ နန်းနှင်းဆီအနေနှင့် သန်မာမှလွဲ၍ အခြားမည်သူ့ကိုမျှ လက်မထပ်နိုင်။ အဖေအမေမေးလာလျှင် သန်မာအကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြမည်။

ဤသည်တို့က နန်းနှင်းဆီ၏ တစ်စောင်သောစာတွင် ရေးသားပြောကြားထားခြင်းဖြစ်သည်။ သန်မာကလည်း နန်းနှင်းဆီကို ယုံသည်။ နန်းနှင်းဆီ၏ စိတ်ဓာတ်ကိုသိသည်။ နန်းနှင်းဆီက စကားကို လွယ်လွယ်ပြောတတ်သူမဟုတ်၊ ကတိကိုလွယ်လွယ် ပေးတတ်သူမဟုတ်။ လက်ကဲ့သို့ မှောက်ချည်လှန်ချည် လုပ်တတ်သူမဟုတ်။ ခြေဖဝါးကဲ့သို့ တစ်သမတ်တည်း ကျင့်ကြံတတ်၊ လုပ်တတ်သူဖြစ်သည်။ ထို့ကြောင့် သန်မာသည် ကိုခင်မောင်မြင့်ကိစ္စကို

www.burmeseclassic.com

www.burmeseclassic.com


ခေါင်းထဲမထည့်တော့။ သန်မာနှင့် နန်းနှင်းဆီတို့ရင်တွင်း ဝေဒန

တွေ စေတနာတွေ၊ မေတ္တာတွေ လွမ်းဆွတ်အောက်မေ့မှုတွေ

အပြန်အလှန် ရေးကြရင်း အချိန်တွေကကုန်မှန်းမသိ၊ ကုန်သွာ

သည်။

၁၀ တန်း အောင်စာရင်းထွက်တော့ သန်မာက အင်္ဂလိ

စာ၊ သင်္ချာ၊ ရူပဗေဒ ဂုဏ်ထူးသုံးခုမါပြီး နန်းနှင်းဆီက အင်္ဂလိပ်စာ

သင်္ချာဂုဏ်ထူးနှစ်ခုပါသည်။ သန်မာက နန်းနှင်းဆီထံ ချက်ချ

စာရေးပြောလိုက်သည်။ ထိုအထဲတွင် သူလျှောက်မည့်လမ်းေ

ရေးပြောလိုက်သည်။ သူဝါသနာပါသည့် စစ်တက္ကသိုလ်လျှော

မည်။ စစ်တက္ကသိုလ် တက်ခွင့်ရလျှင် တက်မည်။ ဗိုလ်ဖြစ်လျှ

လက်ထပ်ခွင့်တင်ပြီး နန်းနှင်းဆီကို လက်ထပ်မည်ဟု ရေးပြေ

လိုက်သည်။

နန်းနှင်းဆီကလည်း သန်မာ၏အစီအစဉ်ကို သဘောက

သည်။ အားပေးသည်။ သူလည်း ပုသိမ်တွင်တက္ကသိုလ် ဆက်တ

မည်။ ဘွဲ့ရလျှင် ကျောင်းဆရာမလုပ်မည်။ မောင်ချစ်၍ခေါ်ရ

မမနှင်းလိုက်ပါနိုင်အောင် အဆင်သင့်ပြင်ဆင်ထားပါမည်ဟ

စာပြန်သည်။

သန်မာသည် စစ်တက္ကသိုလ်ဗိုလ်လောင်း လျှောက်ထာ

ပြီးနောက် စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းဝင်ခွင့် အရည

အချင်းစစ်စာမေးပွဲဖြေနိုင်ရန်အတွက် အင်္ဂလိပ်စာနှင့် သင်္ချာ

သေချာပြန်လေ့လာသည်။ ထိုစာမေးပွဲအတွက် သန်မာစိတ်မပ

ထိုနှစ်ဘာသာကို သန်မာကောင်းကောင်း ဖြေနိုင်မည်ဟု ယုံကြ

သည်။ သူအတွေ့အကြုံမရှိသေးသည့် ဗိုလ်ရွေးအဖွဲ့တွင် ဆက်လု

ရမည့်လုပ်ငန်းစဉ်များကို နားလည်တတ်ကျွမ်းသူ အတွေ့အကြုံ

သူများထံ ချဉ်းကပ်လေ့လာပြီး လေ့ကျင့်သည်။ ထိုသို့လေ့ကျင့်ပေး

သည့် သင်တန်းရှိကြောင်း မြင့်သူက စုံစမ်းပေး၍ သန်မာသွားတက်

ဖြစ်သည်။ မြင့်သူက ၁၀ တန်းကို သင်္ချာဂုဏ်ထူးဖြင့်အောင်သည်။

သန်မာက စစ်တက္ကသိုလ်လျှောက်ဖို့ ဆွယ်ပေမယ့်မရ၊ သူဝါသနာ

မပါဘူးဟုပဲ ပြောသည်။ ဝါသနာမပါသူ၏ အကူအညီကြောင့်

သန်မာ အစစအရာရာ အဆင်သင့်ဖြစ်သွားပြီ။

သန်မာသည် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့်

အရည်အချင်းစစ်စာမေးပွဲ ကောင်းစွာဖြေနိုင်သည်။ သန်မာ

သိပ်ကြာကြာ မစောင့်လိုက်ရပါ။ တစ်လခန့်အကြာ အောက်တိုဘာ

၃၀ ရက်နေ့တွင် သန်မာရေးဖြေအောင်သဖြင့် နိုဝင်ဘာလ ၇

ရက်နေ့အရောက် ဗိုလ်ရွေးအဖွဲ့သို့ သတင်းပို့ရန် အကြောင်းကြား

စာရောက်လာသည်။ ဦးလေး ဦးသန်းဇော်ရော၊ ဒေါ်လေးဒေါ်မြင့်ရီ

ပါ ဆွေ့ဆွေ့ခုန်ပျော်ကြသည်။ ဦးလေး ဦးသန်းဇော်ကဆို သန်မာ

ကို ပွေ့ဖက်ပြီး လေထဲလွှဲဖို့ ကြိုးစားသည်ထိ ပျော်နေသည်။

ဦးလေးကသန်မာ၏ ကိုယ်ခန္ဓာကို ရွှေ့အောင်မပွေ့နိုင်။

ဒေါ်လေးက သန်မာကို အရက်ဆိုင်မထွက်ခိုင်းတော့။

သူပဲသွားရောင်းမည်ဟု ပြောသည်။ ဦးလေးက "ဒီနေ့ သန်မာကို

ဂုဏ်ပြုပွဲလုပ်ရအောင်။ မိန်းမ မင်းလည်းအရက်သွားရောင်း

မနေတော့နဲ့၊ တို့ပျော်ပျော်ကြီး စားကြသောက်ကြရအောင်" ဟု

ပြောလိုက်သဖြင့် ဒေါ်လေးက ဆိုင်သို့သယ်သွားမည့်ပစ္စည်းများကို

အောက်ပြန်ချလိုက်သည်။

ထိုအချိန် လူတစ်ယောက် အိမ်ပေါ်တက်လာသည်။

ဦးလေးနှင့် ထိုလူ ပွေ့ဖက်လိုက်ကြပြီး မိတ်ဆက်ပေးမှ ဦးလေး

ညီဝမ်းကွဲဖြစ်ကြောင်းသိရသည်။ သူညီယူလာသည့်သတင်းက

www.burmeseclassic.com

www.burmeseclassic.com

ဦးလေး၏ပျော်ရွှင်မှုများကို မောင်းထုတ်ပစ်လိုက်သည်။ ဦးလေး ဦးသန်းဇော်၏ မိခင်ဒေါ်ခင်သန်း အသည်းအသန်ဖြစ်၍ လာခေါ်ခြင်းဖြစ်သည်။ ဦးလေး၏မိခင်က သူ့သမီးများနှင့်အတူနေကြောင်း သိရသည်။ ဘိုကလေးသို့ ညနေသင်္ဘောဖြင့် လိုက်နိုင်အောင် ပြင်ရဆင်ရတော့သည်။

ဦးလေးက ချဲထိုးထားသည့်ငွေများကို စာရင်းနှင့်တကွ ဒေါ်လေးကိုအပ်သည်။ ယနေ့နှင့် နက်ဖြန်ထပ်ထိုးလာသည့် ငွေများကို စာရင်းနှင့်တကွပေါင်းပြီး သန်မာကို သွားပို့ခိုင်းဖို့မှာသည်။ ညနေ ၄ နာရီပိတ်ရန်။ ညနေ ၄ နာရီနောက်ပိုင်း လာထိုးသူများကို လက်မခံတော့ရန် သေချာမှာသည်။ ဦးလေးရှိလျှင် ချဲဖွင့်သည့်နေ့ ၁၂ နာရီထိ လက်ခံပြီး ငွေနှင့်စာရင်းကို ဦးလေးကိုယ်တိုင်မြို့ထဲရှိ ဒိုင်ချုပ်ထံသွားပို့လေ့ရှိသည်။ ဦးလေးမရှိခိုက် ချဲဖွင့်သည့်နေ့ထိ အထိုးခံလျှင် ပြဿနာဖြစ်မည်စိုး၍ တစ်ရက်ကြို ပိတ်ခိုင်းခြင်းဖြစ်သည်။ ဒိုင်ချုပ်ကလည်း လက်ခွဲဒိုင်ကိုင်သူများကိုသာ သူ့အိမ်၌လက်ခံသည်။ သူ့အိမ်သို့အခြားသူများ လက်မခံ၊ လာခွင့်မပြုကြောင်း ဦးလေးတရှင်းပြသည်။

ဦးလေးက ဒေါ်လေးအား ဖုန်းနံပါတ်တစ်ခုရေးပေးပြီး ရောင်းရငွေများသွားမပို့မီ ထိုဖုန်းနံဝါတ်ကိုဆက်ပြီး ဘယ်လာပို့ရမလဲမေးရန်၊ သူလာခိုင်းသည့်နေရာ၊ သန်မာကိုသွားပို့ခိုင်းရန် မှာပြီး သင်္ဘောဆိပ်သို့ ညီအစ်ကိုနှစ်ယောက် ဆင်းသွားကြပြီ။

ထိုနေ့ညက သန်မာ့အားဂုဏ်ပြုပွဲလေး ဒေါ်လေးက လုပ်ပေးသည်။ ထိုညက ဦးလေးမရှိ၍ သန်မာတို့စောစော အိပ်ရာဝင်ဖြစ်သည်။



သန်မာ ဒေါ်လေးနှင့် အိမ်ရှေ့ထွက်နေ့လယ်စာ ထမင်းစားနေစဉ် တက္ကစီတစ်စီးလာရပ်ပြီး မိန်းကလေးတစ်ယောက် အိမ်ဘက်သို့လျှောက်လာသည်။ "ကိုသန်မာ အိမ်လားရှင့်။ ကျွန်မ သူငယ်ချင်း နန့်နှင်းဆီက စာပေးခိုင်းလို့ လာပေးတာပါ။ သူက စာတိုက်ကြီးထည့်ဖို့ပြောတာပါ။ ကျွန်မက ဒီဘက်လာစရာကိစ္စ ရှိတာနဲ့ လမ်းကြုံလို့ ဝင်ပေးတာပါ။ ကျွန်မနာမည် မသိတာပါ"ဟု သန်မာကိုပြောရင်း စာတစ်စောင်ပေးသည်။ သန်မာက ကော်ဖီ သောက်သွားဖို့ပြောပေမယ့် ကားငှားလာ၍ မသောက်တော့ကြောင်း၊ နက်ဖြန်ပုသိမ်ပြန်မှာ ဘာမှာဦးမှာလဲဟုမေးသည်။ သန်မာက မရှိကြောင်းပြောလိုက်တော့ တက္ကစီပေါ်ပြန်တက်သွားပြီး ကားမောင်းထွက်သွားပြီ။ သန်မာက ထိုနေရာ၌ပင် စာအိတ်ကို ဖောက်ပြီးဖတ်လိုက်၏။

၁၉၉၆ အောက်တိုဘာ ၂၈ ရက်

မောင်

*မောင်နေကောင်းလား၊ ဦးလေးနဲ့ ဒေါ်လေးတို့ရော နေကောင်းကြရဲ့လား။ မောင်တို့မိသားစု နေထိုင်ကောင်းကြပါစေလို့ မမနှင်းအမြဲ ဆုတောင်းပေးနေပါတယ်၊ မမနှင်းတို့ မိသားစုလည်း နေထိုင်ကောင်းကြပါတယ်။*

*မောင်တော့သည်စာကို ဖတ်ရတာ အံ့ဩစရာချည်း ဖြစ်နေမှာပဲနော်၊ မမနှင်းသူငယ်ချင်း မသိတာ ဒီနေ့ရန်ကုန်သွားမှာနဲ့ ဒီစာကိုအမြန်ရေးပြီး သူနဲ့ထည့်ပေးလိုက်မှာ၊ ရန်ကုန် ရောက်တာနဲ့ ရန်ကုန်စာတိုက်ကြီး သွားထည့်ပေးဖို့ပါ၊ သေချာမှာလိုက်တာလေ၊ ဒီစာကိုမောင့်ဆီ မြန်မြန်ရောက်စေချင်တယ်လေ။*

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးပြောချင်တာက လပြည့်နေ့က အဖေက ကင်းမှူးတာဝန်ကျလို့ အိမ်မှာမရှိဘူး၊ မမနှင်းလည်း ကိုခင်မောင်မြင့် ညီမ မခင်မြင့်ရီခေါ်လို့ ရွှေမုဋ္ဌောဘုရားသွားဖူးကြတာ၊ ဘုရားဖူးက ပြန်လာရင်း အိမ်မရောက်ခင်မှာ သူသင်တဲ့စက်ဆိုင်ဝင်စရာရှိလို့ ဆိုပြီး မခင်မြင့်ရီက လမ်းခွဲသွားလို့ မမနှင်းတစ်ယောက်တည်း အိမ်ပြန်အလာမှာ အမေနဲ့ လူတစ်ယောက်ပြောနေတဲ့ မယုံနိုင်စရာစကား မမနှင်းကြားလိုက်ရတယ်၊ မယုံနိုင်စရာ စကားမို့ မမနှင်းလေ ကြက်သေသေပြီး ကျောက်ရုပ်လိုဖြစ်သွားမိတယ် မောင်။

မမနှင်းအတိုချုပ်ပဲ ပြောတော့မယ်၊ အမေနဲ့စကားပြောနေသူက အမေတို့ရွှေဂူမှာအတူနေခဲ့တဲ့ ရဲတပ်သားအေးမြင့်တဲ့၊ ခုသူက တပ်ကြပ်ကြီး၊ ရွှေဘိုရဲစခန်းက အသည်ကြီးရဲစခန်းပြောင်းလာတာ၊ အဖေနဲ့တွေ့ပြီး လိပ်စာပေးလိုက်လို့ အမေ့ကိုလာတွေ့တာ၊ ရွှေဂူရဲစခန်းမှာတုန်းက အမေက ရဲတပ်ကြပ်ကြီး စိုင်းဆိုင်လူရဲ့ဇနီး၊ အမေက နေ့စေ့လစေ့မွေးတော့မယ့် မမနှင်းရဲ့ ကိုယ်ဝန်နဲ့တဲ့။ ၁၉၇၈ ခုနှစ် ကချင်သောင်းကျန်းသူ ၁၅၀ ယောက် ရွှေဂူရဲစခန်းဝင်စီးတော့ မမနှင်းအဖေအရင်း၊ တပ်ကြပ်ကြီးစိုင်းဆိုင်လူနဲ့ လေးဦးတိုက်ပွဲကျခဲ့တာတဲ့။ အမေမယ်ပဋ္ဌာမြေလှူးဖြစ်တဲ့အချိန် လူပျိုရဲတပ်သားဝင်းအောင်က လူကြီးတွေတင်ပြပြီး အမေ့ကို လက်ထပ်ခဲ့တာတဲ့။

မမနှင်းလည်း သေချာစဉ်းစားကြည့်မိတယ်။ အဖေ့ကို ပထွေးလို့မသိချင်ဘူး။ အဖေဟာ မမနှင်းရဲ့ ပထွေးဆိုတာ မမနှင်းသိတာကို အဖေမသိစေချင်ဘူး။ အဖေဟာ မမနှင်းကလေး ဘဝ



တုန်းကတည်းက ချေးသေးကအစ တာဝန်ယူခဲ့သလို ရေချိုးသနပ်ခါးလိမ်း အဝတ်အစားလဲပေးတာကအစ တာဝန်ယူခဲ့တာတဲ့၊ သမီးကိုချစ်လွန်းလို့ သူလည်ကုပ်ပေါ်ကကို မချဘူးလို့ အမေပြောလို့သိခဲ့ရတာ၊ မမနှင်းအတွက် အဖေဦးဝင်းအောင်ဟာ အဖေဆိုတဲ့ဂုဏ်ပုဒ်နဲ့ ပြည့်စုံလုံလောက်ရုံမက ပိုလျှံလို့တောင်နေပါပြီမောင်၊ ပြီးတော့ အဖေဟာ မမနှင်းအပေါ်မှာသူ့တတ်နိုင်သမျှတတ်စွမ်းသမျှ ပိုးလိုမွေးပြီး ရွှေလိုဥခဲ့တာလေ၊ အဖေဟာ မမနှင်းရဲ့ပထွေးပါလို့ ကိုအေးမြင့် မကလို့ ရွှေဂူရဲစခန်းတစ်ခုလုံးကပြောပြော မမနှင်းလက်မခံဘူး၊ မယုံဘူး၊ မမနှင်းလေ မခင်မြင့်ရီနဲ့ စက်ချုပ်ဆိုင်လိုက်သွားမှချင် အကောင်းသားလို့ တွေးနေမိတယ်။ ဒီအချိန်မှာ မမနှင်းနားတွေပင်း နေချင်မိတယ်၊ မမနှင်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘူး၊ သည်ကိစ္စ မကြားမိဘူးလို့ သဘောထားလိုက်ပြီး မခင်မြင့်ရီနောက် လိုက်သွားမိတယ် မောင်။

မမနှင်းတို့ပြန်လာတော့ ညှိသည်မရှိတော့ဘူး၊ ဒါပေမယ့် အမေ့မျက်နှာဟာ သိပ်ကြည်ကြည်လင်လင် မရှိဘူး၊ နောက်နေ့အဖေ ပြန်ရောက်လာတော့လည်း အဖေ့မျက်နှာ ခါတိုင်းလို မဟုတ်ဘူး၊ နှစ်ယောက်စလုံးရဲ့ မျက်နှာမှာတစ်စုံတစ်ယောက်ကို ကြောက်နေတဲ့ပုံ၊ တစ်စုံတစ်ရာကို စိုးရိမ်နေတဲ့ပုံဖြစ်နေတာ တွေ့ရတယ်၊ မမနှင်းကတော့ နဂိုပုံအတိုင်း အတိုးအလျှော့မရှိ မသိသလိုဘဲနေပြလိုက်တယ်မောင်၊ မမနှင်း အယူအဆမှန်တယ် မဟုတ်လားမောင်။

ဒုတိယပြောချင်တာက ခုမနက်ပဲ ကိုခင်မောင်မြင့်က မမနှင်းကို သူချစ်နေကြောင်း၊ သီတင်းဝါလလည်းကျွတ်ပြီဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ချင်ကြောင်း၊ အဖေနဲ့အမေ့ကိုသွားပြောတယ်၊ မမနှင်းကိုတော့ သူမပြောရဲဘူး၊ သူက တိုက်ရိုက်ပြောလာရင်လည်း မမနှင်းက ရန်ကုန်မှာချစ်ဦးသူမောင်ရှိလို့ ဆန့်ပြုတ်ဆုတ်ပြန်လို့ ပြောလိုက်မိမှာ၊ သူအပြင်ထွက်သွားတာနဲ့ အဖေနဲ့အမေက သူပြောတာတွေ ပြန်ပြောပြတယ်၊ အဖေအမေတို့ကလည်း သူ့အရိပ်ခိုနေရတော့ သည်လိုကိစ္စမျိုးက ကာယကံရှင်သမီးရဲ့ သဘောဆန္ဒကအဓိက ဖြစ်ကြောင်း၊ သမီးကလက်ခံရင် သဘောမတူစရာမရှိကြောင်း လက်ထပ်ပေးမည်ဖြစ်ကြောင်း၊ သမီးဆန္ဒမရှိရင်တော့ ငွတ်အတင်းလုပ်၍မဖြစ်ကြောင်း ပြောလိုက်ကယ်လို့ဟု အဖေအမေတို့က ပြောပြကြပါတယ်မောင်။

အဖေအမေတို့က မမနှင်းဆန္ဒမေးတော့ မမနှင်းက ရန်ကုန်မှာ မမနှင်းရဲ့ချစ်သူမောင်ရှိတဲ့အကြောင်း၊ စစ်တက္ကသိုလ်တက်ဖို့ လုပ်နေကြောင်းပြောပြလိုက်တယ်။ မောင်ရေးတဲ့ စာတွေ အဖေအမေကိုပြချင်ပေမယ့် သူ့အိမ်မှာ နေရတာမို့ ကိုခင်မောင်မြင့်ကို စိတ်မချလို့၊ ဖတ်ပြီးတာနဲ့ ဖျောက်ဖျက်ပစ်ခဲ့တာမို့ သက်သေမပြနိုင်ဘူးလေ။

အဖေအမေတို့ကို မောင့်အကြောင်း အသေးစိတ် ပြောပြတော့ အဖေအမေတို့က မောင့်ကိုခဏလာဖို့ခေါ်လိုက်ပါ။ ရောက်ပြန်လည်းဖြစ်ပါတယ်တဲ့။ သူ့အရိပ်ကို ခိုနေရလို့ ကိုခင်မောင်မြင့်ကျေနပ်သွားအောင် မောင့်ကို ကိုခင်မောင်မြင့်နဲ့ တွေ့ပေးရုံပါတဲ့။ အဖေအမေတို့ကလည်း မောင့်ကို မေးမြန်းစရာရှိတာလေး မေးမြန်းရုံပါတဲ့။

ဒါကြောင့် ဒီစာရတာနဲ့ ရရချင်း မမနှင်းဆီလာခဲ့ပါ။



အချိန်မဆိုင်းလေ ကောင်းလေပါပဲမောင်။ မမနှင်းလည်း မောင့်ကိုတအားတွေ့ချင်နေတယ်။ လွမ်းလည်းလွမ်းတယ် မောင်ရယ်၊ အမြန်လာခဲ့ပါတော့မောင်။

မောင်ချစ်ဦးနန့်နှင်းဆီ

သန်မာက စာကို သူ့ဒေါ်လေးအား ပေးဖတ်လိုက်ပြီး ပုသိမ်သွားဖို့ အထုပ်အပိုးပြင်ရန် အိပ်ခန်းထဲဝင်လာခဲ့သည်။ နှုတ်ကလည်း တစ်စုံတစ်ရာကို အလိုလိုရွတ်ဆိုဖြစ်သွားသည်။

မောင်လည်းလွမ်းနေတာပါပဲ မမနှင်းရယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

# ကံစီမံရာ

သန်မာခုချက်ချင်း နန်းနှင်းဆီထံသွားချင်သည်။ ပုသိမ်ဝ္တက်သည့် သဘော်တွေ ညနေ ငါးနာရီပတ်ဝန်းကျင်မှ ထွက်ဟော့သွား၍မရ။ သန်မာက ဒေါ်လေးအားချဲပိုင်ကို ညနေ ၄ နာရီထိ မစောင့်ဘဲ ၃ နာရီပိတ်ဖို့ ပြောထားရသည်။ ကြုံသည့်သဘော်၊ ရသည့်သဘော်ဖြင့် လိုက်မည်ဖြစ်သော်လည်း သန်မာ သဘော်ဆိပ်သို့ စောစောဆင်းချင်သည်။

သန်မာက ရေကျော်ပိုးအိတ်ထဲ အဝတ်သုံးစုံထည့်ထားပြီး၊ ထိုအဝတ်များအလယ်တွင် ဦးလေးနှင့် ဒေါ်လေးတို့ ပေးထားသည့် ပိုက်ဆံများထည့်ထားလိုက်သည်။ ပုသိမ်မှာ လိုလိုမည်မည်သုံးရအောင် အကုန်ယူသွားသည်။ ခါးပိုက်နှိုက် ခံရမည်စိုး၍ အကျီအိတ်ကပ်ထဲ ဘယ်တော့မှမထည့်။ အိတ်ကပ်ထဲသို့ နိုင်ငံသားစိစစ်ရေးကဒ်ပဲထည့်လိုက်သည်။ သန်မာသည် ညနေ သုံးနာရီထိုးသည်နှင့်





ရေချိုးအဝတ်အစားလဲလိုက်သည်။ သဘော်ပေါ်မှာဖြစ်သလို အိပ်ရမည့် အဝတ်အစားမို့ ကချင်လုံချည်စိမ်းအနက်ကွက် တစ်ပတ်နွမ်းနှင့်ကြည်ပြာရောင်ရှပ်လက်တို တစ်ပတ်နွမ်းပဲ ဝတ်လိုက်သည်။ ပုသိမ်ရောက်လို့ နန်းနှင်းဆီအိမ်သွားတော့ အဝတ်အစားလဲသွားမည်ပေါ့။

သန်မာ အဆင်သင့်ဖြစ်ပေမယ့် ဒေါ်လေးကိစ္စက မပြီးသေး။ ညနေ ၃ နာရီ ၁၅ မှ ပြီးတော့သည်။ အိမ်တံခါးတွေ လိုက်ပိတ်ပြီး ဒေါ်လေးပါ ခေမာကျောင်းလမ်းထိပ်သို့ ဖုန်းဆက်ရန်သွားကြသည်။ ဒေါ်လေးက သန်မာ့ကို ဦးလေးပေးခဲ့သည့် ဖုန်းနံပါတ်ပေးပြီး ဖုန်းဆက်ခိုင်းသည်။ သန်မာသည်သူတို့နှင့် မပတ်သက်ချင်။ "ဒေါ်လေး ဘာသာဆက်" ဟုပြောပြီး ဖုန်းနံပါတ် ပြန်ပေးလိုက်သည်။

ဒေါ်လေးက ဖုန်းရသည်နှင့် သူယောကျ်ားနာမည်ပြောပြီး တိုကလေးသွား၍လူကြုံနှင့်ပစ္စည်းပို့မည်။ ဘယ်ကို ဘယ်အချိန် ပို့ရမလဲဟု သူတို့အထာစကားနှင့်ပြောသည်။ တစ်ဘက်ကမေး၍ ထင်သည်။ ၁၈ နှစ် အရပ်မြင့်မြင့်၊ ကချင်ပုဆိုး တစ်ပတ်နွမ်း ကြည်ပြာရောင်ရှပ်လက်တို တစ်ပတ်နွမ်းဟုပြောလိုက်သံ ကြားရသည်။ ဒေါ်လေးက သန်မာအဝတ်အစားကို ပြောလိုက်မှန်းသန်မာ သိသည်။

ဒေါ်လေးက ကြွပ်ကြွပ်အိတ်အနက်ဖြင့် ထုပ်ထားသည့် အထုပ်တစ်ထုပ်ကို သန်မာ့လက်ထဲထည့်ပြီး လသာမြို့နယ်၊ မဟာဗန္ဓုလလမ်းပေါ်၊ လမ်း ၂၀ နှင့် လသာလမ်းကြား၊ တရုတ်ဘုရားကျောင်းသို့ လေးနာရီခွဲအရောက်သွား၊ ပစ္စည်းပါလားမေးသူကို အဲဒီ အထုပ်ပေးလိုက်ဟုပြောသည်။ ပြီးတော့ တက္ကစီခနှင့် လမ်း

www.burmeseclassic.com

www.burmeseclassic.com



စရိတ်ဟု ဒေါ်လေးက ပြောပြီး ငွေစက္ကူတွေ အခေါက်လိုက် သန်မာအင်္ကျီ အိတ်ထဲထည့်ပေးလိုက်သည်။

သန်မာဒေါ်လေးကို နှုတ်ဆက်ပြီး ဝေဘာဂီလမ်းပေါ်တွ တက္ကစီထွက်ငှားလိုက်သည်။ ဒေါ်လေးက သန်မာတက္ကစီရ အိမ်ပြန်သွားသည်။ လသာလမ်းနှင့် မဟာဗန္ဓုလလမ်းထိပ်ရောက် တော့ သန်မာက တက္ကစီခထုတ်ပေးရင်း ကားရပ်ခိုင်းကာ ဆင် လိုက်သည်။ သန်မာသည် မဟာဗန္ဓုလလမ်းအတိုင်း စဉ့်အိုးတန် လမ်းဘက်လျှောက်လာခဲ့သည်။ တရုတ်ဘုရားကျောင်းဘက် ဇေ့ကြည့်ရုံ ကြည့်ခဲ့သည်။ ခုမှ ၄ နာရီ ၁၅ ပဲရှိသေးသည် မဟုတ် ပါလား။ ၁၅ မိနစ်အချိန် ကျန်သေးသဖြင့် နန့်နှင်းဆီတို့ အိမ် အတွက် လက်ဆောင်မုန့်ဝယ်သွားချင်သည်။ ကျောပိုးအိတ်လွယ ကြွပ်ကြွပ်အိတ်အနက်ရင်မှာ ပွေ့ပိုက်ရင်း မုန့်ဆိုင်လိုက်ရှာလိုက် သည်။

မဟာဗန္ဓုလ လမ်းဘေးတစ်လျှောက် နှစ်ဖက်ပလက် ဖောင်းပေါ်မှာရော ကားလမ်းပေါ်ကားကြိုကားကြားမှာရော လူ တွေအစုန်အဆန် တိုးမပေါက်အောင်ဥဒဟို သွားလာနေကြသည် ပစ္စည်းလက်ခံမည့်သူသည် တရုတ်ဘုရားကျောင်းထဲတွင် ခုအချိန် လောက်ဆို ရောက်နေလောက်ပြီဟု သန်မာတွေးနေမိ၏။ ၄ နာ ခွဲသည်နှင့် ဘုရားကျောင်းထဲဝင်နိုင်အောင် မုန့်ဆိုင် အမြန်လိုက်ရှ နေမိသည်။ မိုးကောင်းမုန့်ဆိုင်တွေ့သဖြင့် ကိတ်မုန့်နှစ်လုံးနှင့် ကိတ်ခြောက် သုံးထုပ်ဝယ်လိုက်သည်။ အားသည့်လက်ဖြင့် မုန့် ထုပ်ဆွဲရင်း တရုတ်ဘုရားကျောင်းဘက် ပြန်လျှောက်လာလိုက်



သည်။ တရုတ်ဘုရားကျောင်းအဝ မရောက် မီ နာရီမြှောက်ကြည့် လိုက်တော့ ၄ နာရီခွဲဖို့ တစ်မိနစ်ပဲ လိုတော့ သည်။

တရုတ်ဘုရားကျောင်းအပေါက်ဝအရောက် တရုတ်ဘုရား ကျောင်းထဲဝင်ရန် ဝဲဘက်လှည့်လိုက်စဉ် သန်မာ၏ ကျောပိုးအိတ် အား တစ်စုံတစ်ယောက်၏ ဆွဲလိုက်ခြင်းခံလိုက်ရ၏။ သန်မာသည် နောက်ပြန်လှည့်ကြည့်လိုက်တော့ ရဲဝတ်စုံနှင့်လူတစ်ယောက်နှင့် အရပ်ဝတ်ဖြင့် လူတစ်ယောက်ကို တွေ့လိုက်ရတော့သန်မာ တုန်လှုပ်ချောက်ချားသွား၏။ အရပ်ဝတ်နှင့်လူက "မသက်ာလို့ ရှာမယ်" ဟုပြောလိုက်သကဲ့သို့ သန်မာ၏ အင်္ကျီအိတ်ကပ်ထဲမှ ပိုက်ဆံများကို နှိုက်ယူလိုက်၏။ ထိုသို့နှိုက်ယူလိုက်စဉ်သန်မာ၏ နိုင်ငံသားစိစစ်ရေးကပ်ပြားက အောက်ကျသွား၏။ သန်မာက ကတ်ပြားအား ကုန်းကောက်လိုက်စဉ် ရဲဝတ်စုံနှင့်လူက ကျောပိုး အိတ်ကို ဆွဲဖြုတ်ယူလိုက်ပြီး အရပ်ဝတ်နှင့် လူအားဖွင့်ရှာခိုင်း၏။ ရဲဝတ်စုံနှင့်လူက ချက်ချင်းဆက်တိုက်ဆိုသလိုပင် သန်မာပွေ့ပိုက် ထားသော ကြွပ်ကြွပ်အိတ်ကို လုယူလိုက်သည်။

သန်မာ တွေဝေမနေတော့။ ဥဒဟို သွားလာနေသော လူအုပ်ကြီးအားတိုးဝှေ့ရင်း ထွက်ပြေးသွားမိ၏။ အဖမ်းခံရမည်ကို ကြောက်လန့်စိတ်ကြောင့် ခြေဦးတည့်ရာထွက်ပြေးလာမိရာ ဘယ် နေရာရောက်၍ ရောက်မှန်းမသိ။ သန်မာ စထွက်ပြေးပြေးချင်း ရဲတွေက "သူခိုး . . . . သူခိုး" "ခါးပိုက်နှိုက် . . . . ခါးပိုက်နှိုက်" ဟု အော်သံမကြား၍ တော်သေးသည်။ ထိုသို့ အော်လိုက်ပါက လမ်းသွားလမ်းလာတွေက ဝိုင်းမဖမ်းဟု မပြောနိုင်။ ခုတော့ သန်မာကို မည်သူမျှ ဂရုမစိုက်ကြ။ သူ့လမ်းသူသွားနေကြသည်။

လူတွေက ပိုများပိုထူလာသဖြင့် သန်မာပြေး၍မရတော့။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ သူနောက်ပြန်လှည့်ကြည့်ဖြစ်၏။ သူ့နောက်
ပြေးလိုက်လာသူ တစ်ဦးတစ်ယောက်မျှ မတွေ့ရသဖြင့် သန်
စိတ်အေးသွားပြီး သူလက်ဝဲလက်တွင်း သူ့နိုင်ငံသား စိစစ်
ကတ်ပြားကို ဆုပ်ကိုင်ထားသည်ကို ခုမှသတိပြုမိပါ၏။ သန်
လူအုပ်နှင့်အတူ လျှောက်လာခဲ့သည်။ ရှေ့မှာ ဆူးလေဘုရာ
လှမ်းမြင်ရမှ ပန်းဘဲတန်းမြို့နယ်ဘက် ပြေးလာမိမှန်းသိရ
၏။ သန်မာစိတ်ချလက်ချဖြစ်ရန် ဆူးလေဘုရားပေါ်သို့
တက်ပြီး ဘုရားဖူးမည်ဟုစိတ်ကူးပြီး ဆူးလေဘုရားပေါ်သို့ တ
လာခဲ့၏။ သန်မာသည် သောကြာထောင့်တွင် ဘုရားရှိခိုး လိုက်

ဘုရားရှိခိုးပြီးတော့ သန်မာရှေ့ဆက်ရမည့် ခရီး
စဉ်းစားလိုက်သည်။ ဘယ်နည်းနှင့်မျှ ပုသိမ်သို့သွား၍ မဖြစ်တေ
အဝတ်အစားအိတ်နှင့် ပိုက်ဆံတွေလည်း အကုန်ရဲလက်ထဲရော
သွားပြီ။ ဤကိစ္စထက်အရေးကြီးသည်က ဦးလေးဒေါ်လေး
လက်ခွဲဒိုင်မှ ချဲကိုးထားသည့်စာရင်းတွေနှင့် ချဲထိုးထားသည့်
အားလုံး ချဲဒိုင်ချုပ်ထံမအပ်နိုင်သည့်ကိစ္စ၊ ရဲတွေသိမ်းသွားသ
ကိစ္စကို ဒေါ်လေးကို အမြန်ဆုံးပြောပြနိုင်ဖို့ အရေးကြီးသ
သန်မာ မြောက်ဥက္ကလာပရှိ ဒေါ်လေးဆီ အမြန်ပြန်ရန် ဆူး
ဘုရားပေါ်မှ ဆင်းလိုက်သည်။ ထိုအချိန်မှ ဘတ်စ်ကားခမရှိသ
ကို သတိရမိသည်။ ထို့အတူ နန့်နှင်းဆီတို့အတွက်ဝယ်လာသ
မုန့်ထုပ်ကို သတိရမိသည်။ ဘယ်နားကျန်ခဲ့ပါလိမ့်။ တရုတ်ဘု
ကျောင်းရှေ့ရဲရှာသည့်နေရာတွင် ကျန်ခဲ့မှာပေါ့လေဟု တွေးမိ

သန်မာသည် မဟာဗန္ဓုလပန်းခြံဘက်ကူးလိုက်ပြီး ပန်
လမ်းကျော်ကာမဟာဗန္ဓုလလမ်း လက်ဝဲဘက် ပလက်ဖောင်

လျှောက်လာခဲ့သည်။ တက္ကစီငှားရန် နောက်လှည့်လိုက်စဉ် ရဲဝတ်စုံနှင့် ပြေးလာသူများကိုတွေ့ရသဖြင့် ရုတ်ခြည်း ရှေ့ဆက်ပြေးလာမိသည်။ "ခါးပိုက်နှိုက် ခါးပိုက်နှိုက်"ဟု အော်လိုက်သံကိုလည်း ကြားနေရသည်။ သန်မာ ပန်းဆိုးတန်းမီးပွိုင့်ကို မီးနီလျက်နှင့် အပြေးဖြတ်မိ၏။ ကားတိုက်မိဖို့ သီသီလေး။ "သေချင်မနေသလား . . ." ဟူသော ဆဲဆိုသံကိုလည်း သန်မာဂရုမစိုက်နိုင်။ လူတွေကို ကွေ့ပတ်ပြေးရင်း ထွက်ခါစပြုနေသော ဘတ်စ်ကားတစ်စီးပေါ် အပြေးတက်မိသည်။ တံခါးမပိတ်မီ သီသီလေးကားပေါ်ရောက်သွားသည်။

ဝတ်လာသည့် ကြည်ပြာရောင် အင်္ကျီကိုချွတ်လိုက်၏။ ပုဆိုးကတော့ ချွတ်၍မဖြစ်။ သည်အဝတ်အစားနှင့် သူ့ကို ရဲများလိုက်ရှာနေလေသလား။ လသာရဲစခန်းရဲများက အခြားရဲစခန်းများသို့ ကချင်လုံချည်နှင့် ကြည်ပြာရောင်ရှပ်လက်တို အင်္ကျီဝတ်သူကို ကူညီဖမ်းဆီးဖို့ အကြောင်းကြားထားလေသလားဟု တွေးမိတော့ ဘတ်(စ်)ကားပေါ်မှ မဆင်းလိုတော့။ သန်မာသည် နောက်ဆုံးခုံတွင် တစ်နေရာလွတ်နေသဖြင့် ပြေးထိုင်မိသည်။

သန်မာက အနားရောက်လာသော ကားစပယ်ယာအား "ကားခမပါကြောင်း ဒီအင်္ကျီလေးကိုပဲ ကားခအဖြစ်ယူပေးပါ . . ." ဟု ပြောပြပေမယ့် ကားစပယ်ယာက "မင့်အင်္ကျီဝါက ဘာလုပ်ဖို့ယူရမှာလဲ။ ကားခမပါရင်မစီးနဲ့၊ ဆရာရှေ့မှတ်တိုင်ရပ်ပေးပါ။ ခဲမူးစေ့လွှင့်ပစ်ဖို့ ခဏပဲ "

သန်မာ လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။ စိတ်ကိုမနည်း ထိန်းနေရသည်။ စာနာမှု ညာတာမှု ထောက်ထားမှု နားလည်မှု ခွင့်လွှတ်မှု ဘာတစ်ခုမျှ မရှိကြတော့ဘူးလားလား။

www.burmeseclassic.com

www.burmeseclassic.com

"လူလေးက ဘယ်အထိသွားမှာလဲ . . ."

သန်မာ့ဘေးနားမှ အသက် ၅၀ ကျော် အသားဖြူဖြူ အဒေါ်ကြီးတစ်ဦးကမေးတော့ သန်မာဘယ်သို့ ဖြေရမှန်းမသိ။ သူစီးလာသည့် ကားသည် ဘယ်သွားသည့်ကားမှန်းလည်းမသိ။ အပြင်ကြည့်လိုက်တော့ ညဦးပိုင်းရောက်နေပြီ။ သန်မာ နဝေတိမ်တောင်ဖြစ်နေရာမှ "ဂိတ်ဆုံးပါ ဒေါ်ဒေါ်" ဟု ပြောဖြစ်သွားသည်။

"ဟဲ့ စပယ်ယာ ဒီလူလေးအတွက် ဂိတ်ဆုံးထိ ကားခ" ဟုပြောပြီး ပိုက်ဆံထုတ်ပေးတာ တွေ့လိုက်ရတော့ "ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်" ဟု သန်မာချက်ချင်း ပြောလိုက်မိသည်။ ဒုက္ခရောက်နေသူကို လျစ်လျူမရှုဘဲ ကူညီချင်ကြသူတွေလည်းရှိပါသေးသလားဟု တွေးနေမိသည်။

သန်မာသည် ညနေခင်းချိန်တွင် ဖြစ်ပျက်ခဲ့သည့် ကိစ္စများကို အပြန်ပြန်အလှန်လှန် စဉ်းစားနေမိ၏။ နန်းနှင်းဆီတို့အိမ်အတွက် မုန့်ကို ပစ္စည်းထုပ်ပေးပြီးမှ ဝယ်လိုက်လျှင် ယခုလိုပြဿနာမျိုးဖြစ်လာနိုင်စရာ မကြောင်းမရှိ။ ၄ နာရီ ၁၅ တရုတ်ဘုရားကျောင်းထဲဝင်သွားလျှင် "ပစ္စည်းပါလား" ဟုမေးလျှင် သူ့ပစ္စည်းပေးလိုက်ရုံ။ မေးသူမရှိလည်း ထိုင်စောင့်ရုံ၊ မေးသူရောက်လာမှ ပေးလိုက်ရုံ။ သူ့ကိုစစ်ဆေးဖမ်းဆီးသည့် ရဲများကသတင်းရ၍ ထိုသို့ပြုလုပ်ခြင်းတော့ မဖြစ်နိုင်။ ခရီးသွားဟန်လွှဲ သူကိုယ်တိုင်က အထုပ်အပိုးအဆွဲ သုံးခုနှင့်မို့ မသင်္ကာ၍မေးခြင်းဖြစ်နိုင်သည်။ ဒါက သူတို့ဂျာစ်တွေရဲ့ အလုပ်ကိုး။ ဆူးလေဘုရားပေါ်မတက်ဘဲ တက္ကစီငှားဖြစ်လျှင် ယခုကဲ့သို့ ဒုက္ခရောက်မည်မဟုတ်။ ပြီးတော့ သူ့နောက်သို့ လိုက်လံစုံစမ်းသည့်ရဲများ မဟုတ်ဘဲ အခြားကိစ္စဖြင့် ဥပမာ



ခါးပိုက်နှိုက်လိုက်ဖမ်းသည်ဆိုလျှင် မိမိနောက်မှ ခါးပိုက်နှိုက်၊ ကပ်ပါလာသည်ဆိုလျှင် မဖြစ်နိုင်ဘူးလား။ ဖြစ်နိုင်ပါသည်။ ကြောက်စိတ်အားကြီးနေ၍ မဆင်မခြင်မစဉ်းစားမိခြင်းသာ။

မကြောက်ရွံ့၍လည်း မဖြစ်ပါ။ ခိုးလောင်းကစားမှု၊ ခိုးလက်ခွဲဒိုင်လုပ်မှု၊ ခိုးဒိုင်လုပ်မှုတို့ဖြင့် သန်မာလုံးဝအဖမ်း မခံနိုင်ပါ။ သန်မာဗိုလ်ရွှေအဖွဲ့သို့ သွားသတင်းပို့ဖို့ ဟာစ်ပတ်ပင်မလိုတော့ဘူး မဟုတ်ပါလား။ ပြီးတော့ ချစ်ဦးသူ နန်းနှင်းဆီရှိရာ ပုသိမ်မြို့သို့လည်း မသွားမဖြစ်သွားရမည်မဟုတ်ပါလား။ နန်းနှင်းဆီကလည်း နက်ဖြန်ဆို သင်္ဘောဆိပ်လာကြိုနေမည်လားမသိ။ သန်မာသည် ညနေက တရုတ်ဘုရားကျောင်းရှေ့ ရဲအဖမ်းခံရပုံကို ပြန်တွေးမိရုံနှင့် ကြက်သီးမွေးညင်း ထသွားပါသည်။ သက်သေခံ စာရွက်စာတမ်းများနှင့် ငွေများနှင့် လက်ပူးလက်ကြပ်မိပြီဆိုကတည်းက ထောင်နန်းစံရဖို့ပဲရှိတော့သည်။ ဘယ်နှနှစ် ချမှာပါလိမ့်။ ဦးလေးတို့ ဒေါ်လေးတို့အနေနှင့်လည်း သန်မာသက်သာရာ သက်သာကြောင်းအတွက် ဟိုလိုက်ရ သည်လိုက်ရနှင့် ငွေသောက်သောက်လဲကုန်ပေတော့မည်။ ကြောက်စရာအမှု။ သန်မာအိမ်ပြန်ရောက်လျှင် ဦးလေးနှင့်ဒေါ်လေးတို့အား ထိုအလုပ် ဆက်မလုပ်တော့ရန် ပြောပြရပေတော့မည်။

"အားလုံး ဒီမှာပဲ ဂိတ်ဆုံးပါပြီခင်ဗျ"

စပယ်ယာ၏ အော်သံကြောင့် သန်မာအတွေးအိပ်မက်မှ လန့်နိုးလာသည်။ သူ့ဘေးမှ သူ့အတွက် ကားခထုတ်ပေးသည့် အဒေါ်ကြီးပင် မည်သည့်မှတ်တိုင်တွင် ဆင်းသွားမှန်းမသိအောင် သန်မာအတွေးရေလျဉ်ကြော မျောပါနေမိသည်။ ကားပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း လူ လေးငါးယောက်လောက်ပဲ ကျန်တော့ရာ သန်မာက နောက်ဆုံးမှ ဆင်းလိုက်လာခဲ့သည်။ ကားပေါ်ဆင်းမှမိုးရွာနေမှန်းသိရ၏။ သီတင်းကျွတ်သွားပေမယ့် မိုးမကျွတ်သေး။ မုန်တိုင်းရှိဖနေ၍လား။

"ခုဟာ ဘယ်ရောက်နေတာတုန်းဗျ၊ မိုးတလည်း ကောင်းလိုက်တာ . . ."

သန်မာက ရှေ့မှသွားသူကို မေးကြည့်မိ၏။

"အယ်နီး ကျွန်းလေ။ ခင်ဗျားဘယ်သွားမှာတုန်း . . ."

"မြောက်ဥက္ကလာဗျ"

"ဟာ တခြားစီပဲ။ ခင်ဗျားကားမှား စီးလာတာလား။ အခုရှစ်နာရီလောက်ရှိပြီဆိုတော့ ဘာကားမှ ရှိတော့မှာ မဟုတ်ဘူး. ."

"တက္ကစီရော . ."

"တက္ကစီကတော့ရှိနိုင်ပါတယ်။ ဒီဘက်က အလာကျဲတယ် . . ."

"ဒီနား ဘုန်းကြီးကျောင်းတို့ ဘုရားတို့မရှိဘူးလား . . ."

သန်မာက တက္ကစီငှားမရလျှင် သည်ညအိပ်ဖို့နေရာအတွက် ကြိုမေးထိုက်ပါသည်။

"ဒီလမ်းအတိုင်းဆက်သွား၊ အတော်လေးသွားရင် တွေ့လိမ့်မယ်"

"ကျေးဇူးတင်ပါတယ် မိတ်ဆွေ . . ."

သန်မာက နှုတ်ဆက်လိုက်သကဲ့သို့ ထိုလူက လမ်းချိုးလမ်းကြားတစ်ခုထဲဝင်သွားသည်။ ထိုသူလည်း တစ်ကိုယ်လုံး ရွှဲနေ



ည်၊ သန်မာလည်း တစ်ကိုယ်လုံးရွှဲနေပြီ။ လမ်းပေါ်တွင် ရပ်နေတော့မဖြစ်။ မိုးမိတာကြာလျှင် ဖျားနာနိုင်သည် မဟုတ်ပါလား။ န်မာရှေ့ဆက် လျှောက်လာခဲ့သည်။ မိုးသားတွေမည်းနေတော့ တင်းကျွတ်လဆုတ် ၄ ရက်ည လမင်းက ဘယ်ဆီရောက်နေသည် သိ။ မှောင်မှောင်မည်းမည်းထဲ သန်မာလျှောက်လာရင်း တက္ကစီ ရောင်ကိုရှာကြည့်ရင်း ကားသံကို နားစွင့်လာမိသည်။ မိုးရွာ ၍ များလားမသိ။ လမ်းသွားလမ်းလာလည်း မတွေ့။ ကားသွား ားလာလည်းမတွေ့။ တဖြည်းဖြည်း သန်မာစိတ်ပျက်လာမိသည်။ က်ကလည်း တကိုကိုမြည်လာပြီ။ မိုးရွာမှောင်မည်းနေ၍ ဘုန်းကြီး ကျောင်းနှင့် ဘုရားကိုမမြင်မတွေ့ဘဲ ကျော်ဖြတ်လာခဲ့ပြီလားမသိ။ တော်ကြီး လျှောက်လာသည်ပင် ဘုရားကျောင်းကန်အရိပ် ရောင် မတွေ့သေး။ ထပ်မံစုံစမ်း မေးမြန်းရအောင်လည်း လူ စ်စုံတစ်ယောက် မတွေ့။

မိုးကပိုသည်းလာ၍ လမ်းဘေးဇာဒ်ပင်အောက် ဝင်ခိုလိုက် ပြီး ဇာဒ်ပင်ပင်စည်ကို ကျောမှီကာထိုင်ချလိုက်သည်။ သန်မာ တောင်စဉ်းစားမြောက်စဉ်းစားလျှက် တစ်နေကုန်စိတ်ပန်း ကိုယ်ပန်း ဖြစ်လာ၍လားမသိ။ သမ်းဝေလာသည်။ သုံးလေးခါ သမ်းဝေပြီး နောက် သန်မာဇာဒ်ပင်ကို မှီပြီးအိပ်ပျော်သွားတော့သည်။

"ထစမ်း မင်းဘယ်သူလဲ၊ မင်းဘယ်သူလဲ၊ ဘယ်အိမ်ခိုးဖို့ ချောင်းနေတာလဲ။ မင်းဖောက်ထွင်းဓိပ္ပာလား . . ."

ရဲများ၏ မေးသံက နားကလောလှ၏။ သူ့ကို ထိုးထားသည့် ဓာတ်မီးရောင်ကြောင့် မျက်လုံးများ ကျိန်းစပ်ပြာဝေသွားပြီး အိပ်ချင်စိတ်မရှိတော့။ ရဲများက သန်မာ၏ ကုပ်ပိုးကိုကိုင်ဆွဲပြီး

www.burmeseclassic.com

www.burmeseclassic.com



အထခိုင်းသည်။ သန်မာဘာဝဒုက္ခကြီးလှ၏။ သူတို့ မေးတာကို သူ
မားပြမဟုတ်၍ မဟုတ်ကြောင်း အမှန်အတိုင်းပြော၍ရသည်
သို့ပေမဲ့ ချဲဒိုင်ချုပ်ဆီ ငွေလာပို့သည့် အဖြစ်အပျက်အတိုင်
ပြော၍မဖြစ်။ အမှန်အတိုင်း မည်သည့်နည်းနှင့်မျှ ပြော၍ မဖြစ်
ပြောလိုက်လျှင် မီးခိုးကြွက်လျှောက် ဖော်ထုတ်လိုက်လျှင် ဦးလေ
နှင့် ဒေါ်လေးတို့ပါ ဒုက္ခရောက်သွားမည်။ ပြီးတော့ ဗိုလ်ရွှေအဖွဲ့သ
သတင်းပို့ရမည့်ကိစ္စကိုလည်း လုံးဝပြော၍မဖြစ်။ ဗိုလ်ရွှေအဖွဲ့သ
သွားစုံစမ်းလျှင် ဖုန်းနှင့် မေးလျှင် လက်ရှိအနေအထားအ
ဗိုလ်ရွှေအဖွဲ့က မစစ်ဆေးမီကပင် ပယ်ဖျက်ပြီးဖြစ်ပေလိမ့်မည်

သန်မာက အိပ်ချင်မူးတူးဟန်အယောင်ဆောင်ပြီး ရဲမေ
သည်ကို ဘယ်လိုဖြေရလျှင် ကောင်းမည်လဲဟု အပြေးအလွှာ
စဉ်းစားနေမိသည်။ ရဲတစ်ယောက်က သူ့အင်္ကျီအိတ်ထဲမှ နိုင်ငံသား
စိစစ်ရေးကတ်ပြားတွေ့သွားပြီး ကတ်ပြားပါ ဓာတ်ပုံကို လက်နှိပ်
ဓာတ်မီးဖြင့်ထိုးလိုက် သူ့မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးလိုက်
ဖြင့် အကြိမ်ကြိမ်ကြည့်ပြီး "ဒီကောင့် နာမည် သန်မာ ဟုတ်တယ်"
ဟုပြောသည်။ ထိုစဉ် သန်မာခေါင်းထဲသို့ ဘတ်စ်ကားပေါ်မှ ဆင်း
လာပြီးနောက် သန်မာမေးလိုက်သည့်လူက ပြောသည့် စကား
ကိုသတိရပြီး သူကမြောက်ဥက္ကလာသွားသည့် ကားထင်ပြီး ကား
မှားစီးလာကြောင်းပြောဖြစ်သွားသည်။

သယ်န်းကျွန်းရဲစခန်းရောက်၍ သန်မာနာရီကြည့်လိုက်
တော့ နံနက် (၁) နာရီ (၄၅) ရှိနေပြီ။ သန်မာက ရဲများမေး
သည်ကို သင့်သလိုကြည့်ဖြေလိုက်သည်။ ရဲအရာရှိတစ်ဦးက
"မင်းကို ရန်ကုန်ရဲအက် ၃၀ (ခ) ညအချိန်မှောင်ရိပ်ခိုမှုနဲ့ အရေးယူ



လို့ရတယ်။ အဲဒီပုဒ်မနဲ့ အမှုဖွင့်တရားစွဲလိုက်ရင် မင်းထောင်သုံးလ
လောက်ကျသွားမယ်။ မင်းက ကျောင်းသားအရွယ်မို့ မင်းကို လက်ရှိ
တွေ့ရှိတဲ့အနေအထားအရ ခိုးမှု၊ မသင်္ကာမှုနဲ့ ရမန်ကြီးတစ်ပတ်ယူ
မယ်။ မင်းဟာ လူကောင်းဟုတ်မဟုတ် သက်ဆိုင်ရာကို စုံစမ်းမယ်။
စုံစမ်းလို့ လူကောင်းမှန်ရင် ရမန်ကုန်တဲ့နေ့ပြန်လွှတ်မယ်။ ငါပြော
တာ နားလည်လား"

သန်မာ ဘာမျှမပြောလိုတော့ပါ။ "ဟုတ်ကဲ့ . . . " ဟုပဲ
ပြောလိုက်မိသည်။ သန်မာက ဆက်နေကျ ခေမာကျောင်းလမ်းထိပ်
က ဖုန်းနံပါတ်ရေးပေးလိုက်ပြီး ဒေါ်လေးဒေါ်မြင့်ရီထံ စုံစမ်းနိုင်
ကြောင်း ပြောပြလိုက်သည်။ ထိုရဲအရာရှိက သန်မာပေးသည့်
ဖုန်းကိုချက်ချင်းခေါ်ကြည့်သည်။ ထူးသူမရှိ၊ အိပ်နေကြရော့မည်
ထင်သည်။

ကံစီမံရာ ခံပေဦးတော့ သန်မာရေ။ ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

## လောကငရဲဘုံ

သန်မာအတွက် ဤ ၁၅ ရက်သည် ၁၅ နှစ်မျှကြာသည်ဟု
အောက်မေ့မိ၏။ ဖေါ်လေးပေးခိုင်းလိုက်သည့် လောင်းကြေ
ငွေများကို ရဲအဖမ်းခံရခြင်းကြောင့် စိတ်ဆင်းရဲရသည့်ဒုက္ခ။ ချစ်သူ
ရှိကြောင်း အခိုင်အမာပြသနိုင်မှု၊ ချစ်သူနှင့် တွေ့ပေးနိုင်မှု၊ မချ
မနှစ်သက်သော သူ့အားလက်ထပ်ရန် ငြင်းဆိုခွင့်ရှိမည့် ချစ်ဦးသ
နန့်နှင်းဆီထံ မသွားနိုင်ခြင်းကြောင့် စိတ်ဆင်းရဲရသည့် ဒုက္ခ
စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း တက်ရောက်နိုင်ရေးအတွက်
ချိန်းဆိုထားသည့်နေ့တွင် ဗိုလ်ရွေးအဖွဲ့သို့မသွားနိုင်ခြင်းကြော
စိတ်ဆင်းရဲသည့်ဒုက္ခများအပြင် စားလည်းသည်နေရာ၊ အိပ်လည်
သည်နေရာ၊ မစင်စွန့်တော့လည်း သည်နေရာ၊ ထိုနေရာသည်ပင်
မလှုသာမလွန့်သာ မလှုပ်သာကြပ်ကြပ်တည်းတည်း ထိုင်လိုထိုင်
ရပ်လိုရပ်၊ လဲလျောင်းလိုလည်းလျောင်းခွင့်မရ၊ လမ်းလျှောက်ခွင့်မရ





အိပ်သည်ပင် ထိုင်အိပ်နေရသည့် ထိုနေရာ။ ထိုင်စရာပင် နေရာ
မရှိလျှင်တော့ အချုပ်ခန်းသံတိုင်ကို ပုဆိုးသိုင်းဒန်းလုပ်နေရသည့်
နေရာဖြစ်နေ၍ အနေဆင်းရဲ၊ အစားဆင်းရဲ၊ အအိပ်ဆင်းရဲရခြင်း
တို့ကြောင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲပြီး အကြီးအကျယ်ခံစားရပါ
သည်။

ထိုနေရာသည် မစင်နံ့၊ စားကြွင်းစားကျန်သိုးနံ့၊ ပုပ်နံ့၊
အပြင် လေလည်နံ့၊ အောက်လေလည်နံ့၊ လူနံ့မျိုးစုံ၊ ချွေးနံ့မျိုးစုံ
အာခံတွင်းနံ့မျိုးစုံ၊ အသက်ရှူနံ့မျိုးစုံ၊ ထွက်သက်နံ့မျိုးစုံ၊ ပိုးဟပ်နံ့၊
ကြမ်းပိုးသေနံ့ မခံစားနိုင်စရာ အနံ့မျိုးစုံတို့ကြောင့် အသက်ရှူဖို့ပင်
စိတ်ကုန်စရာနေရာဖြစ်ပါ၏။ ထိုမျှမပြီးသေး၊ ကြမ်းခင်းကြားမှ
အသက်ကြီးအသက်ရွယ်၊ အသက်ငယ်၊ မွေးကင်းစ အရွယ်မျိုးစုံ
ရှိကြကုန်သော ကြမ်းပိုးတို့က လူသားတို့၏ သွေးသားကိုဝါးမျိုစုပ်ယူ
ခံကြရသည်ကလည်း မခံရပ်နိုင်စရာ။ နားငြီးလွန်းလောက်အောင်
တဝီဝီအော်မြည်ပျံသန်းရင်း လူ့အသွေးအသားတို့ကို ကိုက်ယူ
စားသုံးကြသည့် ခြင်တို့အန္တရာယ်ကလည်း မလှုသာမလွန့်သာ
လည်စင်းခံရိုသာ၊ ဘယ်လောက် ရိုက်သတ်သတ် မကုန်နိုင်သည့်
ခြင်တို့သည် အသေခံပုံးကြလေယာဉ်များကဲ့သို့ ဝင်ကိုက်ကြသဖြင့်
မခံမရပ်နိုင်စရာ။

ပြတင်းပေါက်မရှိ၊ အလင်းရောင်ရရုံ အလုံပိတ်ဆောက်
ထားသည့် အချုပ်ခန်းဖြစ်၍ မှိုးလည်းပူသည်၊ ဆောင်းလည်း
ပူသည်၊ နွေဆိုလျှင် မီးဖိုတဲ့သို့ပူပြီး ချွေးဒီးဒီးကျနေတော့သည်ဟု
ကြုံဖူးသူတို့က ပြောကြ၏။ သန်မာ ကိုယ်တွေ့ကြုံဖူးသည့်မှတရားမှု

www.burmeseclassic.com

www.burmeseclassic.com



တိုလည်း ယခုထိအမှတ်ရနေမိ၏။ သယ်န်းကျွန်းရဲစခန်းက စဖမ်းသည့်ညက အဖြစ်အပျက်ဖြစ်ပါ၏။

ထိုညက သယ်န်းကျွန်းရဲစခန်းက ဖမ်းဆီးခြင်းခံရသူမှာ သန်မာတစ်ဦးတည်းမဟုတ်။ သန်မာပါ ခြောက်ဦးဖြစ်၏။ အချုပ်ခန်း ထဲရောက်မှ ခြောက်ဦးစလုံး တစ်ဦးကို တစ်ဦးခင်မင်ရင်းနှီးသွားကြသည်။ ပြည့်စုံကသန်မာကဲ့သို့ ခိုးမှုမသင်္ကာနှင့် ရိမန်ကြီးတစ်ပတ် အယူခံရသည်။ ရဲမောင်နှင့် ကောင်းသန့်တို့ထံမှ ပလယာနှင့် သံဖြတ်လွှကိုတွေ့ရှိသဖြင့် ရန်ကုန်ရဲအက်ဥပဒေပုဒ်မ ၃၀ (င) ဖြင့် အမှုဖွင့်ခံရသည်။ မြင့်ထွန်းနှင့် ဘခင်တို့သည် ပြစ်မှုကျူးလွန်တတ်သူများ၊ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေပုဒ်မ ၅ (၁) (စ) (ဆ) ဖြင့် အရေးယူခံရဖူးပြီး တရားရုံးက သယ်န်းကျွန်းမြို့နယ်အတွင်း တစ်နှစ်မလာရ ပြစ်ဒဏ်ချမှတ်ခံရသူများဖြစ်ကြသည်။ ထို့ကြောင့် အမိန့်ဖောက်ဖျက်မှု၊ ခြေချုပ်ဖောက်ဖျက်မှုနှင့် ထိုအက်ဥပဒေ ပုဒ်မ ၃၀ ဖြင့်အမှုဖွင့်ခံရသည်။

တစ်ဦးနှင့်တစ်ဦး ရင်းနှီးသွားပုံကလည်း ဆန်းသည်ဟုဆိုရမည်။ အမှုတွေစစ်ဆေးပြီးတော့ သန်မာတို့ကို အချုပ်ခန်းထဲထည့်သည်။ ပထမအချုပ်ခန်း အသေးထဲ၊ လက်ထိပ်ဖြုတ်ပေးပြီးအချုပ်ခန်းကြီးထဲဝင်လိုက်သည်နှင့် အချုပ်ခန်းထဲရှိ အချုပ်ခန်းအပေါက်ဝ၌ ရပ်နေသော လူတစ်ယောက်က သန်မာရှေ့မှဝင်သွားကြသူ ပြည့်စုံ၊ ရဲမောင်နှင့် ကောင်းသန့်တို့၏ ဖက်ပိုးများကို လက်ဝါးစောင်းဖြင့် ခုတ်ထည့်နေသည်ကို သန်မာမြင်နေရ၏။ ပြည့်စုံ၊ ရဲမောင်နှင့် ကောင်းသန့်တို့က ထိုသူအား ပြန်မလုပ်ကြ။ ငြိမ်ကုပ်ထိုင်နေကြသည်ကို မြင်တွေ့ရ၏။ သန်မာ၏ စိတ်ထဲတွင်



ထိုသူသည် ရဲတစ်ဦးဖြစ်ရမည်။ ပြစ်မှုကျူးလွန်သူများ နောက်ထပ်ပြစ်မှုမကျူးလွန်ရဲအောင် နောင်ကြဉ်သွားအောင် ရောက်ရောက်ချင်း ဆောက်နှင့်ထွင်း ပြလိုက်ခြင်းဖြစ်မည်ဟုတွေးမိပြီး ငြိမ်ခံရမှာပဲလေဟု ဆုံးဖြတ်လိုက်၏။

ကြက်ခေါင်းဆိတ်မခံတတ်သော သန်မာသည် ထိုသူ၏ဖက်ပိုးခုတ်မှုကို ငြိမ်ခံလိုက်၏။ ပြီးတော့ သန်မာက လွတ်သည့်နေရာတွင် တင်ပျဉ်ခွေထိုင်နေလိုက်၏။ ထိုအချိန်ရဲများမရှိတော့။ အချုပ်ခန်းတံခါး ပိတ်ထွက်သွားကြပြီ။ လက်ဝါးစောင်းဖြင့် ဖက်ပိုးခုတ်သူက "ဟေ့ကောင် ပုံစံထိုင်စမ်း။ ဒါမင့်အမေလင်အိမ် မဟုတ်ဘူး။ ဒါအချုပ်ခန်းကွ" ဟု ပြောပြောဆိုဆို သန်မာ့ကိုခြေထောက်ဖြင့် လှမ်းကန်လိုက်သည်။ သန်မာက ကျားသစ်ကဲ့သို့ လျင်မြန်ဖျတ်လတ်သူဖြစ်၍ ခေါင်းငုံ့ဘေးတိမ်းပေးလိုက်ရာ သန်မာကိုမထိဘဲသူသာအားလွန်လဲကျသွားရာ အချုပ်သားများ ဝါးခနဲနေအောင်ဝိုင်းရယ်လိုက်ကြသည်။

သန်မာက အမေနှင့်ကိုင်ဆဲခံရသဖြင့် အံကြိတ်လက်သီးဆုပ်မိလျက်သားလည်းဖြစ်နေသည်။ သည်တစ်ခါတစ်စုံတစ်ရာလုပ်လာလျှင်တော့ ပြန်တွယ်တော့မည်ဟု သန်မာဆုံးဖြတ်လိုက်သည်။ ထိုလူသည် သန်မာနှင့်အရပ်တူပြီး အသားညိုလတ် သန်မာထက်ဝသည်။ သို့သော်လူမာမဟုတ်။ လူပျော့ပုံစံမျိုးသာ။ အသက် ၃၅ နှစ်ခန့်ရှိပေလိမ့်မည်။ သူ့လက်ဝါးစောင်း ခုတ်လိုက်မှုသည် သန်မာကုပ်၌အရာမထင် နာကျင်မှုမဖြစ်။ လေပြင်းတိုက်ခတ်ခံရမှုလောက်သာ။

ထိုစဉ်မှာပင် ပြည့်စုံက ဘေးတိုးလာပြီး "ငါ့လို ထိုင်လိုက်၊

www.burmeseclassic.com

www.burmeseclassic.com

ပြန်မလုပ်နဲ့ . . .” ဟု သတိပေးသဖြင့် သန်မာ အသိဝင်လာ
သည်။ ပြန်လုပ်ရမည့်လူမဟုတ်သည်ကိုလည်း သန်မာချက်ချင်
သိလိုက်ပြီး ပြည့်စုံကိုကြည့်ကာ ပြည့်စုံကဲ့သို့ ထိုင်လိုက်သည်။ သူ့တ
ဘေးဘီကိုဝေ့ကြည့်လိုက်တော့လည်း အချုပ်သားအားလုံးက ပြည့်စုံ
ထိုင်သကဲ့သို့ထိုင်နေကြသည်ကို တွေ့ရသည်။ ဒါကပုံစံထိုင်တယ်လို့
ခေါ်တာပါလားဟု သန်မာတွေးလိုက်မိ၏။

သူ့အတွေးမှမဆုံးသေး၊ သူ့ယာဘက်ဝေ့ကြည့်နေစဉ် သူ၏
ဝဲဘက်ပါးပူခနဲဆင်းသွားသည်။ လဲကျသွားသူ၏ အလစ်ရိုက်လိုက်
ခြင်းကို သန်မာခံလိုက်ရပေပြီ။ သန်မာထောင်းခနဲ ဒေါသထွက်
သွားပြီး ကျားသစ်ကဲ့သို့ ခုန်အုပ်ရန်ပြင်လိုက်ချိန် အနီးရှိ ပြည့်စုံ
ရဲမောင်နှင့် ကောင်းသန့်တို့က ဝိုင်းချုပ်ထားလိုက်ကြသည်။ သန်မာ
ငြိမ်သွားမှ ပုံစံပြန်ထိုင်လိုက် ကြသည်။ ထိုသူလည်း အထာပေါက်
သွားသည်ထင်သည်။ အချုပ်ခန်းပေါက်ဝနား ပြန်ရပ်နေသည်။

“ဟေ့ကောင်သန်းဖေ၊ အဲဒီနောက် ဝင်လာတဲ့အကောင်သုံး
ကောင်စီက ရေဖိုး၊ မီးလှာဖိုးတောင်း၊ သူတို့အိပ်ကပ်ထဲ နှိုက်ရှာ၊
မပေးနိုင်တဲ့ကောင်ကို ပါးနှစ်ဖက်တစ်ချက်စီရိုက်၊ ကြားလား . . .”

အပေါက်ဝတွင် ရပ်နေသူက ရင့်ရင့်သီးသီးအမိန့်ပေးသံ
အဆုံး သန်းဖေဆိုသူ အချုပ်သားက “ဟုတ်ကဲ့တန်းစီး၊ ခုလုပ်ပါ့
မယ်” ဟုပြောပြီး၊ ထလာသည်။ ပြည့်စုံ၊ ရဲမောင်နှင့် ကောင်းသန့်တို့
က သူတို့ခါးတွင် ပုဆိုးဖြင့် လိပ်ထားသော ပိုက်ဆံလိပ်လေးများကို
ထုတ်ပေးလိုက်ကြသည်။ သန်းဖေက သန်မာရှေ့လာအရပ်တွင်
သန်မာက “ပိုက်ဆံမပါဘူး. . .” ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။
သန်းဖေက သန်မာ့အင်္ကျီအိတ်ကပ်ကိုနှိုက်ကြည့်ပြီး လက်ထဲမှ



ပိုက်ဆံများကို တန်းစီးဆိုသူအားသွားပေးသည်။ သန်းဖေက လူပုံ
သေးသေးမို့ သန်မာကို စေ့စေ့ကြည့်ရဲသူမဟုတ်။ သန်မာကလည်း
ဘယ်လိုလူမျိုးကိုမျှ အလစ်အငိုက်မဟုတ်လျှင် သူ့ပါးကိုအရိုက်
ခံမည့်သူမဟုတ်။

“လူကတော့ လက်တောက်လောက်၊ ကျောင်းသားတဲ့၊ လူကို
မားနဲ့ထိုးရဲနေပြီ။ ဒီကောင် ထွက်ပြေးနေတာ နှစ်ရက် ရှိပြီ။ ခုမှ
မိလာတာ. . .”

ရဲတစ်ယောက်က ၁၃ နှစ်သားခန့်အရွယ် ကျောင်းစိမ်း
ဝတ် ကောင်လေးတစ်ယောက်ကို အချုပ်ခန်းထဲထည့်ရင်း ပြောပြီး
အချုပ်ခန်း တံခါးပိတ်ထွက်သွားပြီ။ ကောင်လေးက အချုပ်ခန်းထဲ
ခေါင်းငုံ့ဝင်လာပြီး ဟိုကြည့် ဒီကြည့် မတ်တပ်ရပ်ကြည့်နေတုန်း
တန်းစီးဆိုသူက ဘေးမှ ထိုကောင်လေး၏ ခါးကို သူ့ခြေထောက်ဖြင့်
ကန်ထည့်လိုက်ရာ ကောင်လေးမှာ တစောင်းခွေခနဲလဲကျသွား
သည်။

သန်မာက သူသိချင်နေသော စကားတစ်လုံးကို ပြည့်စုံအား
ကပ်မေးလိုက်သည်။ “တန်းစီးဆိုတာ အချုပ်ခန်းထဲက အချုပ်သား
တွေ စည်းကမ်းတကျနေထိုင်အောင် အုပ်ချုပ်ဖို့ ရဲကခန့်ထားတဲ့
အချုပ်သားပဲ။ အချုပ်သားခေါင်းဆောင်ပေါ့ကွာ” ဟု တိုးတိုးပြော
သည်။ သန်မာက “ရဲမှတ်နေတာ” ဟုပြောလိုက်သည်။

“ဟေ့ကောင် ထစမ်း။ ဘာမူလီကျီ လုပ်နေတာလဲ၊ အဖေ
လင်အိမ်မဟုတ်ဘူး။ ထစမ်း . . .”

တန်းစီးကလဲနေသော ကောင်လေး၏ လက်ကို ဆောင့်ဆွဲ
လိုက်သည်။ ကောင်လေးခမျာ အသားတွေတဆတ်ဆတ် တုန်နေ

www.burmeseclassic.com

www.burmeseclassic.com

တာ၊ ဒယီးဒယိုင်ဖြစ်နေသည်။ ကောင်းစွာရပ်မရ၊ ကောင်လေးသည် အကြောက်လွန်၍ထင်သည်။ သူ့ကျောင်းစိမ်းပုဆိုးတစ်ထည်လုံးတွင်သေးကွက်ကြီးဖြစ်နေသည်။ သန်မာသည် ကြောက်သေးတွေပါ၊ တဆတ်ဆတ်တုန်နေသော ကောင်လေးကိုကြည့်ပြီး သနားနေမိသလို တန်းစီးဆိုသူကိုလည်း ကြည့်မရတော့။ သူ့ရင်ထဲတွင် ဒေါသမီးတွေ မီးခိုးခေါင်းတိုင်မှထွက်သော မီးခိုးလိပ်တွေကဲ့သို့ တလိမ့်လိမ့်ထွက်လာသည်။

"ဟေ့ကောင် သန်းဖေ၊ အဲဒီငတိဆီ ပိုက်ဆံသွားရှာ။ မပါရင် ပါးရိုက်ကြားလား..."

သန်းဖေက အကြောက်ကြောက် အလန့်လန့်နှင့် ကောင်လေးအိတ်ကပ်သွားစမ်းသည်။ ပိုက်ဆံမပါကြောင်း တန်းစီးကို လက်ခါပြသည်။ ကောင်လေးကို သနား၍ထင်သည်။ ကောင်လေး၏ ပါးကိုမရိုက်ဘဲ သူ့နေရာသူ သွားထိုင်သည်။

"ဟေ့ကောင်သန်းဖေ မင်းက၊ ငါခိုင်းတာမလုပ်ဘူးပေါ့ ဟုတ်လား။ ဟေ့ကောင် ထစမ်း ..."

တန်းစီးက မတ်တတ်ရပ်လိုက်သည့် သန်းဖေ၏ ပါးအား သူ့ယာလက်ဖြင့်ရိုက်ချလိုက်ရာ သန်းဖေခမျာ လည်ထွက်သွားပြီး အခြားအချုပ်သားများအပေါ် လဲကျသွားသည်။

"ဟေ့ကောင် ရပ်မနေနဲ့၊ ပုံစံထိုင်စမ်း .."

တန်းစီးက ဒေါသတကြီး ကောင်လေးဘက်လှည့်ပြောသည်။

"ပုံစံထိုင်ဆိုတာ ဘယ်လိုထိုင်ရမှာပါလဲခင်ဗျာ ..."

"လူပါးဝတဲ့ကောင်၊ မင့်အရွယ်နဲ့ ငါ့ကိုပြန်ပြောသေးတယ်။ ပြန်ပြောချင်ဦး... ဟင်း "



တန်းစီးက သူ့ယာလက်ဖြင့် ကောင်ကလေး၏ မျက်နှာအားလွဲရိုက်လိုက်ရာ "ဖူး... အောင်မလေးဗျ" ဟူသော အော်သံနှင့်အတူ သန်မာ၏မျက်နှာကို ကောင်လေး၏ သွေးစနှင့် သွားကျိုးတစ်ချောင်းလာထိမှန်သည်။ သန်မာဘယ်လိုဖြစ်သွားမှန်း မသိတော့၊ ပုံစံထိုင်နေရာမှ ကိုယ်တစ်ပတ်လှည့် ခုန်ထလိုက်ရင်း လက်ဝါးစောင်းဖြင့် တန်းစီး၏ကုပ်ပိုးကို ရိုက်ချလိုက်၏။ ခေါင်းငိုက်စိုက်ကျလာသော တန်းစီး၏ ရင်ဘတ်ကို ယာဘက်ဒူးဖြင့် ခပ်ဆတ်ဆတ်မတင်လိုက်ပြီး အနည်းငယ်မော့လာသည့် တန်းစီး၏ မျက်နှာကို လက်ဝဲလက်ဝါးကြမ်းဖြင့် ပင့်တင်ရိုက်ချလိုက်ရာ တန်းစီး ခွေခနဲ ကြမ်းပြင်ပေါ်သို့ တစောင်းကျသွားသည်။ သူ့ နှာခေါင်းရိုး ကျိုးသွားပြီထင်သည်။ သွေးတွေ တစိမ့်စိမ့်ကျလာသည်။ ဟိုကောင်လေး၏ ပါးစပ်တွင်လည်းသွေးတွေပေနေပြီ။

ရဲတွေရောက်လာပြီး စစ်ဆေးမေးမြန်းသည်။ ပြည့်စုံ၊ ရဲမောင်နှင့်ကောင်းသန့်၊ တင်ထွန်းနှင့်ဘခင်တို့က တန်းစီး ဗိုလ်ကျပုံတွေကို စီကာပတ်ကုံးတစ်လုံးမကျန် ပြောပြကြသည်။ တာဝန်မှူးရဲအရာရှိက ကျန်သည့်အချုပ်သားများကို သူတို့ပြောတာဟုတ်မဟုတ် မေးသည်။ အားလုံးက ဟုတ်မှန်ကြောင်း ဝိုင်းပြောပြတော့ တာဝန်မှူးရဲအရာရှိက သန်မာ၊ တန်းစီးမိုးညိုနှင့်ကျောင်းသားသစ်လွင်တို့ကို အချုပ်ခန်းမှ ထုတ်ပြီး ဆေးစာရေးကာ သယ်န်းကျွန်းဆေးရုံသို့ ပို့ပြီးဆေးကုသသည်။ ဆေးစစ်သည်။

သန်မာတို့နံနက် ၅ နာရီခန့်မှ ရဲစခန်းသို့ ပြန်ရောက်သည်။ တာဝန်မှူးက မိုးညိုအားအမှုဖွင့်လို မဖွင့်လိုမေးရာ တန်းစီးမိုးညိုက သူ့နှာခေါင်းရိုးကျိုးသွား၍ အမှုဖွင့်လိုကြောင်းပြောသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အမှုဖွင့်ပေးပါသည်။ သန်မာက အချုပ်ခန်းထဲမှ ကောင်းသန့်တို့ အဖွဲ့အားတိုင်ပင်ရာ ကောင်းသန့်တို့က နာကျင်စေမှုဆိုလျှင် သူဖွင့် ကိုယ်ဖွင့်ပြိုင်ဖွင့်ရသည်ဟုပြောသဖြင့် သန်မာနှင့် သစ်လွင်တို့ ကလည်း တာဝန်မှူးအား အမှုဖွင့်ပေးရန်ပြောကြားသဖြင့် အမှုဖွင့် ပေးခဲ့ပါသည်။ တာဝန်မှူးရဲအရာရှိက တန်းစီမိုးညိုအား

"မင်းကို ရဲကယုံကြည်စိတ်ချလို့ တန်းစီးခန့်ထားတာ။ တန်းစီးဆိုပြီး လုပ်ချင် တာ လုပ်လို့မရဘူး။ မင်းခု စဖန်တီးလိုက်တဲ့ ပြဿနာက မင်းကို ဒီရဲစခန်းမှာပဲ မင်းကိုနောက်ထပ် တစ်လကိုး သီတင်းဆက်ချုပ် ထားရတော့မယ်။ အာမခံပေးရမယ့်အမှုပေမယ့် မင်းကျောက်ခဲ ချောင်းရွာမှာ ကျူးလွန်ခဲ့တဲ့ မားထိုးမှုက အထိုးခံ ရတဲ့လူက သေမလားရှင်မလား မသိသေးလို့ဆက်ချုပ်ထားပေးပါလို့ ခုနကပဲ ငါးသိုင်းချောင်းရဲစခန်းက ဖုန်းဆက်ပြောတယ်။ ဒီမှာ လည်း ပြဿနာထပ်ဖြစ်လို့ လာခေါ်လို့မရသေးဘူး။ လာခေါ် ရမယ့် အချိန် ဖုန်းဆက်လိုက်မယ်လို့ ပြောလိုက်ရတယ်။ မင်း ဆင်ဆင် ခြင်ခြင်နေနော်"

ဟု ဆုံးမသံကြားမှ မိုးညိုမှာ ဓားထိုးမှု ကျူးလွန်ပြီး ထွက်ပြေး တိမ်းရှောင်သူဖြစ်ကြောင်း သန်မာသိရတော့သည်။

သန်မာ ထိုနေ့ညက ဗာဒံပင်အောက် ငုတ်တုတ်အိပ်ခဲ့ သည့် လေးနာရီမှလွဲ၍ တစ်ညလုံးမအိပ်ရတော့ပါ။ သယ်နိုင်းကျွန်း တရားရုံးသို့ ရိမန်ယူရန် ၁၀နာရီခန့်တွင် ရုံးထုတ်ခဲ့ပါသည်။ ထို ၁၀ နာရီမတိုင်မီ သန်မာကိုယ်တိုင်တိုင်သည့် အမှု၊ မောင်သစ်လွင် တိုင်သည့်အမှုနှင့် တန်းစီးမိုးညိုတိုင်သည့်အမှုတို့အတွက် သက်ဆိုင် ရာ အမှုစစ်များ၏ တရားလိုအနေဖြင့်၊ စစ်ဆေးမှုတရားခံအနေ



ဖြင့်၊ စစ်ဆေးမှု သက်သေအဖြစ်စစ်ဆေးမှု စသည်တို့ကို ခံယူရ သည်နှင့် အချိန်တွေ အလိုလိုကုန်သွားခဲ့ပါသည်။

တရားရုံးတွင် သည်အတိုင်း အကြာကြီးထိုင်နေရင်း တစ်ယောက်အကြောင်းတစ်ယောက် ရှေ့ဖြစ်နောက်ကြောင်း ပြောပြ ရင်း ပိုမိုပွင့်လင်းရင်းနှီးသွားကြခြင်း ဖြစ်ပါသည်။ သူတို့ဘဝတွေ ကလည်း ကြားရသိရတော့ စိတ်ချမ်းသာစရာမရှိ။

ပြည့်စုံနာမည်က ပြည့်စုံပေမယ့် လူကမပြည့်စုံ။ ဘယ် လောက်မပြည့်စုံသလဲဆိုလျှင် သည်အရွယ်ရောက်လာသည်။ အဖေအမေ မမြင်ဖူးဘူး။ အဖေအမေ နာမည်မသိ။ သန်မာနှင့် အရွယ်တူလောက်ရှိမည်။ အခြေအနေမဲ့ မိဘနှစ်ပါးက ကီလို အမှတ် ၄ ဗောတံတားအောက်တွင် အတူအိပ်စက်ရာမှ မွေးဖွား လာခြင်းဖြစ်သည်။ အမေဖြစ်သူက ငယ်သေးစဉ် နှိုတိုက်ခဲ့သော် လည်း၊ အစာရှာကျွေးခဲ့သော်လည်း ပြေးနိုင်လွှားနိုင်သည့် အရွယ်မှ စ၍ ပစ်ထားခဲ့သည်။ ပြည့်စုံအဖို့မွေးပြီး ပစ်ထားသွားသော အဖေ ကို မှတ်မိဖို့ဝေးစွ။ သူပြေးတတ်လွှားတတ်အရွယ်အထိ နို့ချိုတိုက် ကျွေး အစာရှာပေးခဲ့သည့် အမေ့ကိုပင် ပုံပန်းသဏ္ဌာန်ဖမ်းမမိ တော့။ မမှတ်မိတော့။ ဘဝတူအခြေအနေမဲ့ ကလေးအရွယ်တူတွေ ချင်းစုပေါင်း၍ ကီလိုငါးစိမ်းတန်းတွင် ငါးခိုး၊ ကီလိုသစ်သီးတန်း တွင် သစ်သီးခိုးပြီး ငါ့ဝမ်းပူဆာမနေသာမှုကို ဖြေရှင်းခဲ့ကြသည်။

ပြည့်စုံ ၁၁ နှစ် ၁၂နှစ်သားအရွယ်တွင် သူတို့၏ စားနပ် ရိက္ခာဂိုဒေါင်ကြီး သီရိမင်္ဂလာဈေးသို့လည်းကောင်း၊ နတ်စင် လမ်းငါးဈေးသို့လည်းကောင်း ပြောင်းသွားတော့ သူတို့လည်းလိုက် ပြောင်းကြည့်သည်။ ကီလိုလောက်အဆင်မပြေ။ စားဖို့လည်း

www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေ၊ နေဖို့လည်းအဆင်မပြေ။ ငှက်တွေလို အစာရှာဖို့တစ်နေရာ အိပ်တန်းဝင်ဖို့တစ်နေရာ အဆင်ပြေသလို ကျင်လည်ခဲ့ရသည်။ လစ်လျှင်ခိုးသူည်။ ချောင်လျှင်လုသည်။ အဖွဲ့နှင့် ခါးပိုက်နှိုက်သည်အထိ အရွယ်ကိုလိုက်၍ အလုပ်ပြောင်းလာခဲ့ခြင်းဖြစ်သည်။ ပြည့်စုံလုပ်နေသည့်အလုပ်က ချမ်းသာကြွယ်ဝမလာနိုင်။ ရလျှင်ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်၊ ကောင်းကောင်းသွားနိုင်တာလောက်ပဲရှိသည်။ အိမ်ဝယ်ဖို့ နေနေသာသာ၊ အိမ်ငှားဖို့ပင် စဘော်ပေးဖို့အခက်။ အိမ်လခလည်း ခက်ခဲသည်။ ဘဝတူအပေါင်းအသင်းတွေနှင့် ခြေသလုံးအိမ်တိုင်နေထိုင်ခဲ့ရသည်။ ပညာသင်ချိန် ပညာမသင်ခဲ့ရ။ အသက်မွေးဝမ်းကျောင်းပညာလည်း တစ်စုံတစ်ရာမတတ်။ သည်တော့လည်း ပုံမှန်ဝင်ငွေမရှိ။ ငွေပြတ်သွားလျှင် ထပ်ခိုး ထပ်လု ထပ်နှိုက် ဒုစရိုက်သံသရာလည်နေပါတော့သည်။

ပြည့်စုံအပြင် သူ့တွင် နာမည်များစွာရှိသေး၏။ မရှိ၍လည်းမဖြစ်။ ဒုစရိုက်သမားသည် ဒုစရိုက်အလုပ်ဖြင့် အဆင်မပြေနိုင်၊ ရဲအဖမ်းခံရမည်မှာ မလွဲကေန်သာ။ ထိုသို့ အဖမ်းခံရလျှင် တစ်စခန်းတစ်နာမည် ပေးခဲ့သည်သာ။ ပြည့်စုံနာမည်တစ်ခုတည်းသာသုံးလျှင် ရဲစခန်းချင်းချိတ်ဆက်ခါပြီး လှုပ်ရှားရခက်သွားမည်။ လည်စေ့ အလွယ်တကူအကုပ်ခံရမည်။ ထောင်ကို ခြင်ထောင်လုပ်ခဲ့ရသည်ကလည်း အကြိမ်ကြိမ်။

ရဲမောင်၊ ကောင်းသန့်၊ ဟန်ထွန်း၊ ဘခင်တို့သည်လည်း ပြည့်စုံဘဝနှင့် ထပ်တူ။ ကောင်းသန့်မှလွဲပြီး သူတို့အားလုံး အခြေ



အနေမဲ့ မိဘများက ပေါက်ဖွားလာကြသူများဖြစ်ပြီး အသက်အရွယ်အရသာ တူညီမှုမရှိကြဘဲ ငယ်ငယ်က ခြေသလုံး အိမ်တိုင်နေခဲ့ကြရသည်က အတူတူသာ။ ရဲမောင်မွေးပြီးစအချိန် ၁၃-၈-၇၉ တနင်္လာသား မောင်ကောင်းသန့်ဟု ကတ်ထူစက္ကူမှာစာရေးပြီး ငွေငါးသောင်းနှင့်အတူ အနှီးနှင့်ထုပ်ကာ ရေဆင်းဗောက်တားတွင် ပစ်ထားခံရသည့် ကလေးကို ရဲမောင်အမေက တွေ့ပြီးရဲမောင်နှင့်အတူ နို့တိုက်မွေးလာခံရသူက ကောင်းသန့်ဖြစ်သည်။ ရဲမောင်အမေက ငွေငါးသောင်းလုံး သုံးပစ်ခဲ့သော်လည်း ကောင်းသန့်အရွယ် နည်းနည်းရလာတော့ သူ့လက်ယာလက်မောင်းတွင် စက္ကူပြရေးပေးထားသည့် စာကိုသူ့ငွေဖြင့် ဆေးမင်စာထိုးပေးခဲ့သည်။ ရဲမောင်နှင့် ကောင်းသန့်တို့သည် ကနဦးအစက၊ လစ်လျှင်ခိုး၊ ချောင်လျှင်လု၊ အခြေအနေပေးလျှင် ခါးပိုက်နှိုက်သူများ ဖြစ်ခဲ့ကြ၏။ ရဲကဖမ်း ထောင်ထဲရောက်၊ ထောင်ထဲတွင် အပေါင်းအသင်းစုံနှင့် တွေ့ပြီး နည်းမျိုးစုံတတ်လာကြသည်။ ထိုနည်းမျိုးစုံ အဘောင်ထဲတွင် ဖောက်ထွင်း ပညာလည်းပါသည်။ ဖောက်ထွင်းဝိဇ္ဇာကရင်လေးထံမှ သင်ယူခဲ့ကြခြင်းဖြစ်သည်။

ရဲမောင်နှင့် ကောင်းသန့်သည် ဖောက်ထွင်းလျှင် နှစ်ယောက်အတူတူ လူကြည့်ဖြင့်ဖောက်သည့်အတွက် သူတို့နှစ်ယောက်ကို ဖောက်ထွင်းနေစဉ် ဖမ်းမိခဲ့သည်။ ဖောက်ထွင်းမှု နှင့်ဖမ်းမိခဲ့သည့် သူတို့နှစ်ယောက်အဖမ်းခံရသည်က ဖောက်ဖို့ အသွားလမ်း၌ မိတာမျိုး၊ ဖောက်ထွင်းပစ္စည်းရောင်းစဉ်မိတာမျိုးလောက်ပဲ ဖြစ်သည်။ ထိုအမှုမျိုးနှင့် ဖမ်းဆီးခံရစဉ် ဖောက်ထွင်းမှုပေါ် အောင် ရဲကဘယ်လိုစစ်စစ်၊ သူတို့နှစ်ယောက်က အသားအနာသက်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်တော့မျှ မဖော်။ သူတို့နှစ်ဦးက အိမ်ထောင်မရှိ။ ဒေါ်ပုံတွ
အိမ်လေးတစ်လုံးဝယ်ထားပြီး အတူနေသည်။ သူတို့နှစ်ဦး
အနေဈေးသည်။ ဖောက်ထွင်း၍ ဘယ်လောက်ကြီးရလာလာ
သူခိုးရွေရောတပြပြမလုပ်။ နေရိုးနေစဉ် ဝတ်ရိုးဝတ်စဉ်၊ စားရိုး စားစ
သာ။ တစ်ခုတော့ရှိသည် သူတို့နှစ်ဦးက ရုပ်ရှင်အလွန်ကြိုက်သည်
လက်ထဲပိုက်ဆံသာရှိနေလျှင် မြို့တွင်း မြို့ပြင်တင်သမျှ ရုပ်ရှင် မလွတ
တမ်းလိုက်ကြည့်ကြသူများဖြစ်သည်။ ဖောက်ထွင်းသည့် အလုပ်
သုံးဖို့စွဲဖို့ မရှိတော့မှ ထလုပ်သည်။ ဒါက သူတို့စည်း။ လောဘနည်
သူများမို့လား မပြောတတ်။

ဟန်ထွန်းနှင့် ဘခင်တို့၏ အဓိကအလုပ်က နည်းမျိုးစုံဖြ
လိမ်လည်သည့်အလုပ်ဖြစ်သည်။ သူတို့နှစ်ဦးတွင်လည်း နာမည
အမျိုးမျိုးရှိသည်။ လိမ်ဖို့အဆင်မပြေလျှင် လုတတ်သည်။ ခိုးတတ
သည်။ သူတို့နှစ်ဦးကလည်း လူပျိုလူလွတ်။ သာကေတမှာ အိမ်ငှ
နေသည်။ နှစ်ယောက်သား နေ့လယ်တွင် ဂက်(စ်)ထည့်သူ ပုံစံဖြ
ဥက္ကလာပမြို့နယ်အတွင်းတစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် ပစ်မှတ်ကိုလိုက
ရှာခဲ့သည်။ နာရေးကိစ္စဖြင့် နယ်သွားနေသော လူမရှိသည့်အိမ်တ
အိမ်ကို တွေ့ထားခဲ့သည်။ ညဉ့်ဦးပိုင်း ထိုအိမ်နားရောက်လာတော
သောအိမ်တွင် အသုဘရှိနေသည်။ စုံစမ်းကြည့်တော့ ညနေက
ဆုံးသွားတာတဲ့။ လူဝင်လူထွက်များနေသဖြင့် အခွင့်မသာသည
အတွက် အသုဘအိမ်ဝင်၊ ဖဲဝိုင်းတွင် ဖဲဝင်ရိုက်နေလိုက်သည်
ဖဲနတ်ဖမ်းစား နေ၍ သူတို့နှစ်ဦးအား ခြေချုပ်မှုနှင့်အရေးယူစဉ်
ဖမ်းခဲ့သူနယ်ထိန်း ဇော်မြင့်ဝင်လာသည်ကို သူတို့နှစ်ဦးမသိလိုက
ဖဲပွတ်ကြည့်နေရာမှ ဒေါင်းဖဲ၊ ဂျော်ကာဖြစ်နေ၍ အားရဝမ်းသာ



အော်လိုက်ပြီး ဂျော်ကာကိုလှန်ချလိုက်တော့ ဇော်မြင့်ကို တွေ့သွားသည်။ ပြေးချိန်မရလိုက်တော့။ အသာတကြည် အဖမ်းခံလိုက်ရသည်။

သန်မာက သူတို့မြေးအဘိုးဘုန်းကြီး ဦးနန္ဒိယနှင့်တွေ့ပုံ၊ ဦးနန္ဒိယဟောသည့် တရားနာခဲ့ရပုံပါပြောပြပြီး အကြွေးယူနေသမျှ မျက်မှောက်ရော၊ သံသရာပါ ကိုယ်ယူသည့်အကြွေး ကိုယ်ဆပ်ကြရမည်ဖြစ်ကြောင်း၊ သူငယ်ချင်းတို့ ခုလုပ်နေသည့် အလုပ်တွေက အကြွေးယူသည့်အလုပ်တွေသာဖြစ်ကြောင်း၊ သည်အကြွေးတွေက မဆပ်မနေရ ဆပ်ကြရမှာဖြစ်ကြောင်းပြောပြီး သူ့လိပ်စာပေးလိုက်သည်။ အခက်အခဲရှိလျှင် လာဖို့ပြောလိုက်သည်။ တရားသူကြီးလည်း တရားခွင်သို့ ဝင်လာပြီဖြစ်၍ စကားပြောလည်း ရပ်သွားတော့သည်။ ထိုနေ့က သစ်လွင်တရားရုံး အာမခံရသွားသည်။ သစ်လွင်ကို သူ့အမှုကိစ္စ မေးကြည့်တော့ သစ်လွင်က သူကျောင်းကအပြန် ညနေဈေး ဟင်းသီးဟင်းရွက် သွားရောင်းမည့်သူ့အမေကို သူ့ပထွေးက အရက်ဖိုးတောင်းမရသဖြင့် သူ့ရှေ့တွင် ဆံပင်ဆွဲပါးရိုက်နေသည်ကို မခံနိုင်၍ သူကဝင်ဆွဲရာ သူ့ပထွေးကထရံကြားတွင် ထိုးထားသည့် သားလှီးဓားဖြင့် သူ့အားထိုးသဖြင့် ဘေးရှောင်ဆောင့်တွန်းရာ၊ ပထွေးလဲကျသွားပြီး သူကိုင်သည့်ဓားဖြင့် သူ့ဝမ်းဗိုက်ထိုးမိသွားကြောင်း၊ သွေးတွေမြင်လိုက်ပြီးနောက် ကြောက်လန့်ထွက်ပြေးခဲ့ကြောင်း သူငယ်ချင်းအိမ်တွင်ပုန်းနေစဉ် အဖမ်းခံရကြောင်းပြောပြတော့ သန်မာတို့အားလုံးစိတ်မကောင်းကြတော့။

ရိုမန်ကြီး ၁၅ ရက်စေ့၍ အင်းစိန်ထောင်မှ သန်မာ ထွက်လာတော့ ဦးလေးနှင့်ဒေါ်လေးတို့ သင်္ဃန်းကျွန်း တရားရုံးသို့

www.burmeseclassic.com

www.burmeseclassic.com

ရောက်နှင့်နေကြပြီ။ ဦးလေးက စိတ်မကောင်းကြောင်းပြောသည်။ ဒေါ်လေးက မျက်ရည်စက်လက်ဖြင့် တရှုံ့ရှုံ့ငိုသည်။ သန်မာ လောင်းကြေးငွေဒိုင်ချုပ်ဆီ သွားပို့သည့်အပတ်က ဦးလေးတို့ လက်ခွဲဒိုင်ခဲ့ပေါက်သူ မရှိကြောင်း၊ ဦးလေးပြောပြရာ သန်မာ ဝမ်းသာသွားသည်။ အကယ်၍ပေါက်နေလျှင် ပေါက်သည့်ငွေကို ဒိုင်ချုပ်က လျော်မည်မဟုတ်။ ဦးလေးက စိုက်လျော်ရပေလိမ့်မည်။ ဦးလေးကို နတ်မသည်ဟု သန်မာထင်မိ၏။ ရီမန်ယူသည့် နေ့ကတည်းက ရဲမောင်၊ ကောင်းသန့်၊ ဟန်ထွန်းနှင့် ဘခင်တို့သည် အင်းစိန်ရောက်တော့ သန်မာတို့နှင့်ကွဲသွားသည်။ သန်မာနှင့်ပြည့်စုံ ပဲ အင်းစိန်ထောင်မှ ပြန်ထွက်လာသည်။ ဒေါ်လေးက သန်မာနှင့် ပြည့်စုံတို့အား အစားအသောက်များကို ကိုယ်တိုင်ဂရုစိုက်ကျွေးမွေး ရှာသည်။ ထောင်ထဲတွင် ငတ်လာကြသော သူတို့နှစ်ယောက် ခေါင်း မဖော်အောင် စားနေကြသည်။

တရားရုံးက လွှတ်မိန့်ရတော့ အမှုစစ်ဒုရဲအုပ် ကြိုင်ဖေနှင့် ဒုရဲအုပ်သန်းမြင့်တို့က သန်မာနှင့် ပြည့်စုံတို့အား ရုံးရှေ့မှာပဲ လက်ထိပ်ဖြုတ်လွှတ်ပေးခဲ့သည်။ သန်မာက ဦးလေးနှင့်ဒေါ်လေး အား ပြည့်စုံကို အလုပ်ရှာပေးရန် အိမ်ခေါ်လာဖို့ပြောရာ ဦးလေး၊ ဒေါ်လေးတို့က သဘောတူသည်။ သန်မာတို့ အိမ်ပြန်ဖို့ ကားငှား နေစဉ် အမှုစစ် ဒုရဲအုပ်စိုးဝင်းရောက်လာပြီး သန်မာအားတန်းစီး မိုးညိုကို ထိုးမှုဖြင့်ဖမ်းသည်။ သယ်န်းကျွန်း ရဲစခန်းခေါ်သွားသဖြင့် သန်မာလက်ထိပ်တန်းလန်း ဖြင့် လိုက်ခဲ့ရပြန်သည်။ ဒေါ်လေးတို့ လိုက်လာပြီး အာမခံတောင်းမှ အာမခံဖြင့် သန်မာကို လွှတ်ပေးသည်။



အမှုစစ်ဦးစိုးဝင်းက ဦးလေးနှင့်ဒေါ်လေးတို့ကို အချုပ်ခန်း ထဲဖြစ်သည့် သုံးပွင့်ဆိုင် အမှုညှိနှိုင်းဆွေးနွေးရန် ခေါ်သွားသည်။ ဒေါ်လေးတို့ ပြန်လာတော့ မျက်နှာပြုံးပြုံးရွှင်ရွှင် တွေ့လိုက်ရသဖြင့် သန်မာ စိတ်ချမ်းသာသွားသည်။ သုံးမှုစလုံး နောက်တစ်ပတ်တွင် တရားရုံးသို့ တရားစွဲတင်မည်ဖြစ်ကြောင်း၊ ထိုနေ့တွင် တရားလို များက အမှုကျေအေး ပြေငြိမ်းခွင့်ပြုရန်တရားရုံးသို့ လျှောက်ထား ရမည်ဖြစ်ကြောင်း၊ တရားရုံးက ထပ်မံချိန်းဆိုသည့်နေ့တွင် တရား ရုံးက အမှုကျေအေးပြေငြိမ်းခွင့်ပြုကြောင်း အမိန့်ချမှတ်မှာ ဖြစ် ကြောင်း ထိုသို့အမိန့်ချပြီးသည်နှင့် အမှုပြီးစီးသွားမှာဖြစ်ကြောင်း။ ငါ့တူအနေဖြင့် တရားရုံးအမှုစွဲတင်သည့်နေ့မှ အမှုကျေ အေးပြေ ငြိမ်းခွင့် လျှောက်လွှာသွားတင်ရမှာ ဖြစ်ကြောင်း၊ တရားရုံး ကပြန် ချိန်းသည့်နေ့တွင် တရားရုံးသို့လာရောက်ရမှာဖြစ်ကြောင်း။ ထို့ ကြောင့် တစ်လအတွင်း ခရီးဝေးသွားခွင့်မပြုကြောင်း၊ အမှုပြီးမှ သွားလိုရာသွားနိုင်ကြောင်း အမှုစစ်က မှာလိုက်ကြောင်းပြောပြ ပါသည်။

သန်မာ လန့်သွားပါပြီ။ အနိဋ္ဌာရုံ မျိုးစုံတို့ဖြင့် ပြွမ်းတီး သော၊ တရားဥပဒေအရိပ် ပါးလျားသော၊ ကြီးနိုင်ငယ်ညှင်း ရက်စက်ခြင်းပြွမ်းသော၊ မဝရေစာစားရသော၊ ခဲကတ်ကြမ်းတမ်း ခက်မာသော အလုပ်တို့ဖြင့် နပန်းလုံးရသော၊ လွတ်လပ်မှု အလျဉ်း မရှိသော၊ အချုပ်ခန်းနှင့် အကျဉ်းထောင်သို့ မရောက်ရှိရန်၊ နောက် တစ်ကြိမ်မည်သည့်နည်းနှင့်မျှ မရောက်ရှိရန် ကိုယ်နှုတ်နှလုံး သုံးပါး လုံးပါ ဆင်ခြင်တော့မည်ဟု သန်မာဆုံးဖြတ်လိုက်ပါသည်။

တကယ့်ကြောက်ဖွယ်လိလိ ငရဲဘုံပါလေ။ ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

# ရေပက်ကြိုးချည်

တရားလို တန်းစီးမိုးညို့အားထိုးကြိတ်မှုကို နိုဝင်ဘာ ၂၉ ရက်နေ့တွင် ကျေအေးပြေငြိမ်းခွင့်ပြုခဲ့သဖြင့် သန်မာစိတ်လက်ပေါ့ပါး သွားပေပြီ။ သန်မာ၏ ကိုယ်စား ပြည့်စုံကိုထားပေးပြီးဖြစ်၍ သန်မာ ပုသိမ်သွားဖို့ ခွင့်တောင်းသည်ကို ဦးလေးနှင့် ဒေါ်လေးတို့က ကြည်ကြည်ဖြူဖြူခွင့်ပြု၏။ သန်မာထိုညနေ ရောဝတီ ပုသိမ်အမြန်သင်္ဘောဖြင့် လိုက်လာခဲ့သည်။

နန့်နှင်းဆီတို့ အိမ်ရှေ့သို့ သန်မာရောက်တော့ ခြံတံခါးသော့ ခတ်ထားသည်ကိုတွေ့ရ၏။ နှစ်ထပ်အိမ်က ခြံဝနှင့် အတော်လှမ်းနေသဖြင့် အတော်ကျယ်ကျယ်အော်ခေါ်မှ ကြားပေလိမ့်မည်ဟု သန်မာတွေးဖြစ်၏။ သေချာလှမ်းကြည့်လိုက်တော့ အပေါ်ထပ်ရော အောက်ထပ်ပါ တစ်အိမ်လုံး ပြတင်းပေါက်တွေပိတ်ထားသည်ကို တွေ့ရ၏။ သန်မာတွေတွေ ဝေဝေစဉ်းစားမနေတော့။

"မမနှင်း . . . မမနှင်း . . ."





သန်မာ ခပ်ကျယ်ကျယ်လေး အော်လိုက်စဉ် သန်မာ၏အနီးသို့ ဆိုင်ကယ်တစ်စီးထိုးရပ်လာ၏။ သန်မာက ကိုခင်မောင်မြင့်လားလားဟု ဆိုင်ကယ်စီးလာသူကို မကြည့်ဘဲတွေးမိ၏။ အိမ်ထဲမှထွက်လာမည့် လူရိပ်လူယောင်ကို ကြည့်နေရ၍လည်း ဆိုင်ကယ်စီးလာသူကို မကြည့်ဖြစ်ခြင်းဖြစ်၏။ သန်မာက "မမနှင်း . . . မနှင်း . . ." ဟု ခပ်ကျယ်ကျယ်ထပ်ခေါ်ပြီး ဆိုင်ကယ်စီးလာသူကို လှည့်ကြည့်လိုက်တော့ ဟာ ရုတ်အဘိုးကြီးလား၊ ကရင်အဘိုးကြီးလား မသိ။ အသားဖြူဖြူ အရပ်ရှည်ရှည်လူကြီးတစ်ယောက်နှင်းဆီတို့ခြံနှင့်ကပ်လျက် ဝဲဘက်ခြံတံခါးဝတွင်ရပ်ကာ တစ်ဘက်ခြံထဲဟိုကြည့် သည်ကြည့်လုပ်နေသည်ကိုတွေ့ရသည်။

သန်မာပြုံးဖြစ်သွားသည်။ မနှင်းဆီက သူ့ထံရေးထားသည့်စာထဲတွင် ကိုခင်မောင်မြင့်က ရွက်ကြဲမ်းရေကျို အသက်အစိတ်အရွယ်မဟုတ်လား။

"ကိုယောဟန် ကိုယောဟန် ကိုယောဟန် မရှိဘူးလား . . ."

သန်မာက ဆိုင်ကယ်စီးလာသူ၏ အော်ခေါ်သံကြောင့်ထိုလူကြီးကို သေချာပြန်ကြည့်မိ၏။ အဘိုးကြီးမဟုတ်။ ဆံပင်တွေဖြူနေ၍ သန်မာကအဘိုးကြီးဟု ထင်လိုက်မိခြင်းသာ။ သူ၏ အသားပြတ်ပြတ်က သူ့အသက် ၅၀ ကျော်လောက် ပဲရှိမည်ဟု ဖော်ပြနေသည်။

"ကိုယောဟန် ကိုယောဟန် တံခါးဖွင့်ပါဦး. . ."

"မမနှင်း. . . မမနှင်း တံခါးဖွင့်ပါဦး . . ."

ထိုသူနှင့်သန်မာ ထပ်တူနီးပါး အော်ဖြစ်လိုက်ကြသည်။

"ဝေး . . . ဘယ်သူလဲဝေး . . . လာဘီ . . . လာဘီ"

www.burmeseclassic.com

www.burmeseclassic.com


တစ်ဖက်ခြံထဲရှိအိမ်ထဲမှ လူတစ်ဦးထွက်လာသည်ကို တွေ့လိုက်ရသကဲ့သို့ သူအသံပါကြားလိုက်ရသည်။ ဦးယောဟ ဆိုသူပဲဖြစ်ရမည်။

"ဩော် . . . ဟော် ဘယ်သူလဲလို့ ဦးဂျက်ဖရီဝင်းကို . . . သဘော်သားကိစ္စလား။ အားနာလိုက်တာဗျာ။ ဖိုးမြ ကောင် သဘော်သားလုပ်မယ်ပြောပြီးမှ ခုမနက်ကပဲ သူကအ အသည်းအသန်ဖြစ်လို့ လူလိုက်ခေါ်လို့ ဟိုင်းကြီးပြန်သွားပြီ . . .

ဦးယောဟန်က ခြံတံခါးဝေဘ့ဖွင့်ပေးရင်း ပြောသည်။

"ခက်တာပဲဗျာ။ ကြိုးစားရှာပေးပါဦး ဦးယောဟ ကျေးဇူးဆပ်ပါ့မယ်။ မန်းဒေးအာဘဗီယာပြရမှာ၊ နော်တီကယ် သဘော်သားမစုံရင် လက်ခံမှာမဟုတ်လို့ပါ။ အရပ်မရှည်ရင်လည် ရတယ် ဗျာ။ သဘော်သား လုပ်ချင်ရင် တော်ပြီ"

"ဟို လူလေး၊ ခင်မောင်မြင့်တို့အိမ်လာတာလား။ သူတို့မ ကြဘူးကွဲ့။ မနေ့ညကပဲ ပုဂံဘုရားဖူးသွားကြတယ်။ ဘုရားလည်းဖူ လိပ်ဥလည်းတူး ဆိုသလိုပေါ့ကွယ်။ ဟန်းနီးမွန်းပါ ထွက်တဲ့သဘော ပေါ့။ ယောက္ခမအမကြီးပါ ပါသွားတယ်။ အထီးကြီးတဘော အသည်ကြီးရဲစခန်းမှာ ရှိလိမ့်မယ်။ အဲဒီကိုလိုက်သွားကွဲ့ . . .

သန်မာအရှပ်ကြီးပြတ် လဲကျမသွားအောင် သတိ ထိန်းလိုက်ရ၏။ သူနားကိုပင် မယုံချင်တော့။ နားသာပင်းနေ သည်။ ဆန္ဒသည် ဆန္ဒသာ။ နန့်နှင်းဆီသည် ကိုခင်မောင်မြင့် အမှန်တကယ် လက်ထပ်သွားပေပြီ။ မနှင်းဆီ၏ ဖခင်ထံသို့လည် သွားမတွေ့လိုတော့။ ရန်ကုန်သို့ သန်မာမပြန်ချင်တော့ပြီ။ သည် ပဲရသည့်အလုပ် လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထို

ဆုံးဖြတ်လိုက်မှ ဦးဂျက်ဖရီဝင်းနှင့် ဦးယောဟန်တို့ သဘော်သား ရှာနေသည်ကို သတိရပြီး ဆိုင်ကယ်ပေါ်တက် စက်နှိုးကာ ပြန်တော့ မည့်ပုံလုပ်နေသည့် ဦးဂျက်ဖရီဝင်းထံ သန်မာအပြေးသွားကာ ကမျောသောပါး ပြောလိုက်ပါ၏။

"ကျွန်တော်သဘော်သား လုပ်ချင်ပါတယ်။ သဘော်သား လိုနေတယ်မဟုတ်လားခင်ဗျာ . . ."

ဦးယောဟန်ရော ဦးဂျက်ဖရီဝင်းပါ မှိုရသည့်မျက်နှာကဲ့သို့ ဖြစ်သွားကြပြီး၊ "မင်းတကယ်လုပ်မှာလား . . . "ဟု ပြိုင်တူမေးကြ သည်။ သန်မာကလည်း "လုပ်မယ် တကယ်လုပ်မှာပါ "ဟု အမြန် ပြောလိုက်မိသည်။

ဦးဂျက်ဖရီဝင်းသည် သူ့အင်္ကျီအိတ်ထဲမှ ကိုးဆယ်ကျပ်တန် တစ်ထပ်ထုတ်ယူလိုက်ပြီး ဦးယောဟန်အား လှမ်းပေးလိုက်ရင်း "ဒီနေ့တော့ မင်္ဂလာပဲဗျို့ ရော့။ ရော့ ဦးယောဟန် သုံးချင်တာ သုံးပေါ့ . . . "ဟု ပြောလိုက်သည်။ ဦးယောဟန်ကလည်း "ကျေးဇူး တင်ပါတယ်ဗျာ . . . " ဟု ပြောပြီး လှမ်းယူသည်။

"လူလေး . . . လူလေးမှာ မှတ်ပုံတင်တော့ပါ ပါတယ် နော်။ မှတ်ပုံတင်ပါခဲ့ရဲ့လား . . . " ဟု ဦးဂျက်ဖရီဝင်းက သန်မာ အားလှမ်းမေးသဖြင့် သန်မာက အိတ်ကပ်ထဲမှ နိုင်ငံသား စိစစ်ရေး ကတ်ကို ထုတ်ပြလိုက်သည်။

"လူလေးနာမည်ဘယ်လို ကဲ လူလေး ဆိုင်ကယ်ပေါ်တက်။ ဦးယောဟန်ရေ ဂွတ်(ဒ်)မောနင်း၊ သင့်(ခ်)ယူ၊ သင့်(ခ်)ယူ . . ." ဟု နှုတ်ဆက်ပြီး ဆိုင်ကယ်ကို စက်နှိုးသည်။ သန်မာက "ကျွန်တော့် နာမည် သန်မာလို့ခေါ်ပါတယ်ဦး" ဟုပြောပြီး ဦးဂျက်ဖရီဝင်း၏

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ဆိုင်ကယ်ပေါ်ခွတက်လိုက်သည်။ ဆိုင်ကယ်ထွက်လာတော့ ဦးယောဟန်တ လက်ပြကျန်ခဲ့သည်။

ဦးဂျက်ဖရီဝင်းက ဆိုင်ကယ်ကို ကမ်းနားလမ်းတစ်နေရာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်နားတွင် ကပ်ရပ်လိုက်သည် "ဆင်း။ မောင်သန်မာ" ဟုပြောသဖြင့် သန်မာဆိုင်ကယ်ပေါ်မှ ဆင်းလိုက်သည်။ ဦးဂျက်ဖရီဝင်းက သူ့လက်ကိုဆွဲပြီး လက်ဖက်ရည်ဆိုင်ထဲ ဝင်သွားသည်။

ဦးဂျက်ဖရီဝင်းက "ကြိုက်တာမှာ. . ." ဟုပြောပြီး စားပွဲထိုးကိုခေါ်ကာ၊ သူ့အတွက် "လက်ဖက်ရည်ကျစိမ့်ရှယ်" ဟု မှာသည်။ သန်မာက "လက်ဖက်ရည်ချိုဆိမ့် ရိုးရိုးတစ်ခွက်" ဟုမှာလိုက်သည်။

"ဒီလိုကွဲ့လူလေးရဲ့၊ အန်ကယ်သင်္ဘော ဒေါက်မတင်ခင် သင်္ဘောသားမောင်ဟန်မျိုးက သူ့အမေနေမကောင်းကြောင်း စာပြပြီး ခွင့်တင်တယ်။ အန်ကယ်ကလည်း လမ်းစရိတ်အပြင် လစာနှစ်လစာပါ ကြိုထုတ်ပေးပြီး သွားခွင့်ပြုလိုက်တယ်။ သူသွားတာအောက်တိုဘာလဆန်းကပဲ နိုဝင်ဘာလ ၁၅ ရက်နေ့ အရောက်ပြန်လာခဲ့ဖို့ အန်ကယ်သေချာ ပြောလိုက်တယ်။ ကသာဆိုတာဘာဝေးတာလိုက်လို့၊ ပြန်လာရင် (၂) ရက် (၃) ရက်ပဲကြာမှာပေါ့။ ခု သူက အချိန်မီ ပြန်မလာတော့ အန်ကယ်ဒုက္ခရောက်ရတာယ်လေ . . ."

"တနင်္လာနေ့ဆို ဆာဗီယာပြရမှာ။ နော်တီကယ်အရာရှိတွေက သေချာစစ်တာ။ သင်္ဘောမှာ လူရောပစ္စည်းရော စုံရတယ်။ မစုံရင်၊ ပြန်ချိန်းတယ်။ စစ်မပေးဘူး။ သင်္ဘောစစ်ဆေးရေးအရာရှိ



မှာ လူလေးကို သင်္ဘောအတက်ပြပြီး မောင်ဟန်မျိုးကို အန်ကယ့် ဘော်က အဆင်းပြပေးဖို့ တင်ပြပေးမှာပါ။ လူလေးသင်္ဘောသား အုပ်အမြန်ရအောင် အန်ကယ်လုပ်ပေးမှာပါ . . ."

". . . ကဲ အန်ကယ်လည်း သင်္ဘောအတွက် လိုအပ်တာ တွ သွားဝယ်ဖို့ရှိသေးတယ်။ အန်ကယ်ပြန်မယ်။"

". . . ဒီလမ်းအတိုင်း ကမ်းနားကိုဆင်းသွား။ အန်ကယ့် ဘော် နဒီဒေဝီကို တွေ့လိမ့်မယ်။ နဒီဒေဝီကပဲ စောင့်နေကြား း။ ကဲ. . . အန်ကယ် သွားလိုက်ဦးမယ်"

ဦးဂျက်ဖရီဝင်းက ဆိုင်ကယ်စက်နှိုးထွက်သွားလေပြီ။ တရားက ဆန်းကြယ်ပြန်ပြီ။ အရက်ရောင်းနေသူက ရေပက်ကြီး ည်သင်္ဘောသားဖြစ်နေပြန်ပြီလေ။ ။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အခန်း • (၁၆)

## ရောက်ရောက်ချင်း ဆောက်နှင့်ထွင်း

သန်မာသည် လောကကရဲဘုံသို့ ထပ်မသွားလိုတော့သဖြ
ကိုယ်နှုတ်နှလုံးသုံးပါးလုံးကို သတိကပ်လိုက်၏။ ရှေ့ဆက်မသွားသ
လှမ်းလက်စ ခြေကိုရပ်လိုက်၏။ မြင်နေရသည့် မျက်စိကို မှိတ်လိုဝ
၏။ ကြားနေရသည့်နားကို လက်ညှိုးနှစ်ချောင်းဖြင့် ပိတ်လိုက်၏
မအော်မိအောင်၊ ထိုကိစ္စထဲမပါမိအောင်လည်း၊ နှုတ်ခမ်းအစုံ
စေ့ထားလိုက်၏။ ရွံစရာ ကြောက်စရာကောင်းသည့် အချုပ်ခန်းန
ထောင်သို့ ထပ်မံမရောက်အောင် ဤကိစ္စမင်းနှင့်မဆိုင်ဘူး။ မ
ကိစ္စမဟုတ်ဘူးဟု ကိုယ့်စိတ် ကိုယ်ဆုံးမနေရ၏။

ကိုယ့်စိတ်ကိုယ်နိုင်အောင် လုပ်နေသည့်ကြားက စော
က မြင်ကွင်းက သန်မာ့မနောအာရုံတွင် ပေါ်လာသည်။ အရုပ်ဆ
အကျည်းတန်လွန်းသည့် မြင်ကွင်းပါ။ ဆင်က ဆိတ်ကိုအစွယ်န
လိုက်ထိုး၊ နှာမောင်းနှင့်လိုက်ခတ်၊ ခြေထောက်နှင့် လိုက်နင်းခ





ဆည့် မြင်ကွင်းမျိုးပါ။ မတရားလွန်းသည့် တရားမျှတမှု မရှိသည့် မြင်ကွင်းသာ။ အသက် ၃၀ ကျော်အရွယ် အရပ်မြင့်မြင့် အသားဖြူ လူကောင်ထွားထွား လူတစ်ယောက်က ဆယ်နှစ်ဆယ့်တစ်နှစ် အရွယ် ကောင်လေးတစ်ယောက်အား သင်္ဘောတစ်စင်း၏ ကုန်းပတ်ပေါ်မှ ကန်ချလိုက်သည့်မြင်ကွင်းပါ။ ကောင်လေးခမျာ သင်္ဘောဦးပိုင်း ဆိပ်ခံဂျက်တီနှင့် သင်္ဘောကြားကျသွားခဲ့ရာ လက်တစ်ဘက်ဖြင့် ကျောက်ဆူးကိုလှမ်းဆွဲထားသဖြင့် ရေထဲကျမသွားဘဲ တန်းလန်းကြီး ဖြစ်နေသည်။ မြစ်ထဲကျသွားလျှင်လည်း မြစ်ရေစီးကြောင့် သည်ကောင်လေး ဂျက်တီအောက်ဝင်သွားလျှင် ရေနစ်သေဆုံးသွားဖို့မှာ ကေန်မုချသာ၊ ဂျက်တီအောက်ရောက်သွားလျှင် မည်မျှရေကူးကျွမ်းကျင်သူဖြစ်ပါစေ၊ ချက်ချင်းထွက်မရသည့် အပြင် သံပြားနှင့်သစ်သားနှင့် ခေါင်းခဏခဏဆောင့်မိ၍ ရေနစ်သေဆုံးတတ်သည်ဟု အဘိုးဦးသံတိုင်က ဗန်းမော်သင်္ဘောဆိပ်တွင်သန်မာကို ပြောဖူးသည်။

ထိုမျှသာမကသေးပါ။ ထွားထွားကျိုင်းကျိုင်းလူက တံမြက်စည်းပြေးယူပြီး တံမြက်စည်းရိုးနှင့် ထိုကလေးရေထဲကျသွားအောင် ရိုက်ချနေပါသည်။ နှစ်ချက်လောက် အရိုက်ခံရပြီးနောက် ကောင်လေးကလည်း ကျောက်ဆူးပေါ်မှ ဖြုတ်သွားသောပုံလုံးတိုင်နှင့် ဂျက်တီငုတ်ချည်ထားသည့် သင်္ဘောချည်ကြိုးကိုလှမ်းဆွဲပြီး မရမကလွဲကူးနေပါသည်။ အသက်ဘေးမှ စွန့်စားကူးသဖြင့် ဆိပ်ခံဘောတံတားပေါ် ရောက်သွားပါသည်။ လူထွားကြီးက ထိုမျှဖြင့် ရပ်မသွား။ တံမြက်စည်းရှည်ကို လွှတ်ချခဲ့ပြီးသင်္ဘောပေါ်မှ ပြေးဆင်းလာကာ ကောင်လေးကို လက်သီးဖြင့် ထပ်ထိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကောင်လေးလဲကျသွားချိန်တွင် သန်မာမျက်စိ၊ နားပိတ်၊ ပါးစပ်
ထားလိုက်သည်။ လောကငရဲဘုံ မရောက်ဖူးခင်က နဂိုစိတ်နှ
လျှင် သန်မာ ခြေနှင့်လက်တို့ကြောင့် ထိုလူထွားကြီး မှောက်
လောက်ပြီ။

"သေပါပြီဗျ။ ကြောက်ပါပြီဗျ။ ကျွန်တော်ခင်ဗျားသော
ပင် ခိုးတာမဟုတ်ပါဘူးဗျ။ မလုပ်ပါနဲ့တော့ဗျ။ နာလှပြီဗျ။
တံတားပေါ်က ကောက်ရတာပါဗျ။ တော်ပါတော့ဗျ။ သေ
မယ်ဗျ။ ကယ်ကြပါဗျ။ ကယ်မယ့်သူ မရှိကြတော့ဘူးလာ
အားသေပါပြီဗျ . . ."

လက်ညှိုးနှစ်ချောင်းဖြင့် နားနှစ်ဖက်ကို ထိုးပိတ်ထာ
လျက် လူထွားကြီး၏ ထိုးကြိတ်သံ လှမ်းကန်သံများနှင့် ကောင်
၏ အော်သံကို ကြားနေရသည်။ ကြားနေရသည့် အော်သံ၊ ငိုး
မခံမရပ်နိုင်ဖြစ်နေသံ၊ သူမဟုတ်တာ မလုပ်ကြောင်းတောင်း
ပြောနေသံ၊ ကယ်မယ့်သူရှာနေသံတို့က သန်မာ၏ နားထဲ
မဆံ့အောင် တိုးဝင်လာသည်။ သန်မာ၏နား၌ ထိုးထားသေ
လက်ညှိုးနှစ်ချောင်းကို ပြန်ရုပ်လိုက်သလို မျက်စိလည်း အလို
ဖွင့်ကြည့်မိပြီးသားဖြစ်သွားသည်။

မြင်ကွင်းက မြင်ရက်စရာ ကြည့်ရက်စရာမရှိ ကောင်
၏ မျက်နှာတွင် သွေးအလိမ်းလိမ်းဖြစ်နေပြီ။

လူထွားကြီးကလည်း လူးလိမ့်နေသော ကောင်လေ
အကန်မရပ်။ ကောင်လေးကနာလွန်းသဖြင့် အော်ဟစ်ငိုယို
ကန်လာသည့် ခြေထောက်ကို သူလက်နှစ်ဖက်ဖြင့် ကာနေသ

သန်မာအသိစိတ်ပျောက်သွားပြီ။ "ဟေ့ကောင်၊ ရပ်လို

www.burmeseclassic.com


ကလေးကို ဒီလောက်နှိပ်စက်မနေနဲ့. . ." ဟု အော်ဟစ်လိုက်
သကဲ့သို့ တစ်ကိုယ်လုံးလည်း လေထဲမြောက်တက်သွား၏။ သူ၏
ယာခြေကန်အားကြောင့် လူထွားကြီး ပက်လက်လန်လဲကျသွားပြီ။
ကြောင်ကျ ပြန်ကျသွားသော သန်မာကိုလျင်မြန်စွာ ထလာသော
လူထွားကြီးက သန်မာ၏မျက်နှာကို သူ၏လက်ယာလက်ဖြင့် ဖြတ်
ရိုက်လိုက်သည်။ သန်မာက ယို့ရှောင်လိုက်သဖြင့် လူထွားကြီး၏
လက်ကလေထဲမှာပဲ ဝင်သွားသည်။

သန်မာက ယို့ထားသော ကိုယ်ကိုပြန်မတ်ပြီး ယာလက်
ဖြင့် လူထွားကြီး၏ မျက်နှာကို ဖြတ်ရိုက်ချလိုက်သည်။ "အီး . . ."
ဟူသော ကျယ်လောင်စွာ အော်သံကြီးနှင့် အတူလူထွားကြီး
မှောက်လဲကျသွားပေပြီ။ တန်းစီးမိုးညှိုကဲ့သို့ နှာခေါင်းရိုးကျိုးသွား
ပေလိမ့်မည်။ လူထွားကြီးက ကုန်းထ၏။ ချက်ချင်းထမရ။ သူ့
မျက်နှာတွင် သွေးအလိမ်းလိမ်းပေကျံနေပြီ။ အသားမာတွေတက်၍
ကျားလျှာလိုကြမ်းတမ်းနေသော သန်မာ၏လက်ဝါးဒဏ်ကို ထို
လူထွားကြီး အလူးအလဲခံစားနေရပြီ ထင်သည်။ ထိုလူထွားကြီး
က အလျှံရဲရဲတောက်နေသော သူ့မျက်လုံးများဖြင့် သန်မာ့ကို
ကိုက်စားတော့မည့်ပုံကြည့်သည်။ သန်မာကလည်း သူ့လှုပ်ရှားမှုကို
အသင့်ရင်ဆိုင်ရန် အသင့်ပြင်ထားပြီးဖြစ်သည်။

"ဟေ့ . . .။ ဘာဖြစ်နေကြတာလဲ။ လူကြီးတွေအပြင်
မထွက်လိုက်နဲ့။ နောက်ပိုင်းမှာ ပြဿနာက ဖြစ်နေပြီ။ ဘာဖြစ်ကြ
တာလဲပြောစမ်း . . ."

မြဇာသြောင်းသည့် အသံကြောင့် စောစောက မာန်ဖီကာ
ခုန်အုပ်တော့မည့် ချောင်းနေသော ကျားကဲ့သို့ ဖြစ်နေသော

www.burmeseclassic.com

www.burmeseclassic.com

လူထွားကြီးသည် အမြီးကုပ်သွားပြီး ချာလပတ်လည်နေသည့် ခွေးတစ်ကောင်ကဲ့သို့ ခေါင်းငုံ့ကာ ဟိုရှာ သည်ရှာ ဟိုကြည့်သည် ကြည့်လုပ်နေသည်ကို သန်မာတွေ့ရ၏။ ချက်ချင်းဆိုသကဲ့သို့ သူ့အောက်နောက်မှ ရွှေရောင်ဘောလ်ပင်လေး တွေ့သွားပြီး ကောက်ယူကာ ဩဇာတိက္ကမရှိသူအား ထောင်ပြလိုက်၏။

"ကျွန်တော့် ဒီဘောလ်ပင်လေးကို ဆန်းလွင်ညီ ခိုးသွားလို့ နောင်မခိုးရဲအောင် ဆုံးမနေတာပါဆလင် . . ."

"ဟုတ်လား ညီလေး၊ သူ့ဘောလ်ပင် ညီလေးခိုးတာ ဟုတ်လား . . ."

"မဟုတ်ဘူး အစ်ကို။ ကျွန်တော် ဗောတံတားပေါ်က ကောက်ရတာပါ။ သက်သေ ရှိပါတယ်၊ အစ်ကိုသူငယ်ချင်း သဘောသား ကိုမြအေးကိုသာ မေးကြည့်ပါအစ်ကို"

"သူငယ်ချင်းဟုတ်လား။ ညီလေးပြောတာ ဟုတ်သလား . . ."

"ဟုတ်တယ် ကိုဆန်းလွင်။ ကျွန်တော်နဲ့ ခင်ဗျားညီ သန်းလွင်၊ လက်ဖက်ရည်သောက်ပြန်အလာမှာ သန်းလွင်တွေ့တာ။ နဒီဒေဝီဦးပိုင်း ရေဆင်းတံတားပေါ်မှာ ကောက်တွေ့တာပါ "

"ဒါဖြစ်နိုင်တယ်။ ကျွန်တော်ရေချိုး ပုဆိုးလာလှန်းတော့ အပြာရောင်အင်္ကျီတစ်ထည် ပုဆိုးလှန်းမယ့်တန်းပေါ်မှာကျနေလို့ ရေယာဉ်အုပ်အခန်းအပြင်ဘက် သံငုတ်မှာပြန်ချိတ်ထားလိုက်တယ်။ အင်္ကျီက လေတိုက်လို့ ကျတာဖြစ်လိမ့်မယ်။ ဘောလ်ပင်က အင်္ကျီအိတ်ထဲက ထွက်ကျတာဖြစ်လိမ့်မယ်။ အဲဒါတက်မကိုင် အင်္ကျီလား . . ."



"အင်္ကျီအပြာဆိုရင် ဟုတ်တယ်လေ့ဖေ။ ငါအဲဒီသံငုတ်မှာ ချိတ်ထားတာ . . ."

"ခင်ဗျား အရမ်း အရမ်းမလုပ်နဲ့ ကိုစံဖေ။ ဒီကလေးနဲ့ ခင်ဗျားနဲ့ ဗလချင်းတူသလား။ ခင်ဗျားလုပ်ပုံနဲ့ ဒီကလေး သေသွားရင် ခင်ဗျားလူသတ်တရားခံ ဖြစ်သွားမယ်။ ဗလအားကိုး လျှောက်လုပ်မနေနဲ့ ပြီးတော့ ဒီကလေးကလည်း ဆီလောင်း မောင်ဆန်းလွင်ရဲ့ညီလေး။ မဟုတ်ဘဲနဲ့ ခင်ဗျားဒီလိုလုပ်လိုက်တော့ မောင်ဆန်းလွင်ကို မျက်နှာမပူဘူးလား။ ဟုတ်ဦး၊ ဒီလောက်ထိ လုပ်စရာလား ကိုစံဖေ. . ."

"သူ့လက်ထဲမှာ ကျွန်တော့်ဘောလ်ပင်တွေ့လိုက်တော့ ကျွန်တော်ဒေါသထွက်သွားပြီး နောင်မခိုးရဲအောင်၊ ကြောက်သွားအောင် လုပ်မိတာပါဆလင်"

"ခင်ဗျား ဘောလ်ပင်ပြန်ရပြီပဲ။ မင်းဘယ်ကတွေ့တာလဲ မေးပေါ့။ သူ့အစ်ကို ပြန်ရောက်လာတော့တိုင်ပေါ့။"

"ခင်ဗျား ဗလအားကိုးလုပ်တာတွေ မဟုတ်သေးဘူးနော်။ တစ်နေ့ဒုက္ခ ကောင်းကောင်းတွေ့လိမ့်မယ်။ ဒီကလေးက သဘောပေါ် အမြဲလာနေတာလည်းမဟုတ်ဘူး။ ဒီနေ့ ကျောင်းပိတ်လို့ ခဏတဖြုတ်လာတာ သားလေး လာစမ်း . . ."

"ဟာ ဒဏ်ရာတွေက တော်တော်များတာပဲ။ ပြဿနာပဲ ကိုစံဖေ။ သူ့မိဘကို ခင်ဗျားကိုယ်တိုင် လိုက်သွားပြီး တောင်းပန်၊ မကျေနပ်ရင် ခင်ဗျားရဲ့စခန်းအမှုဖွင့်ခံရရင်တော့ ထောင်ကျလိမ့်မယ်ထင်တယ်။ မောင်ဆန်းလွင်လည်း လိုက်သွားပေးလိုက်ပါ။ ဒါနဲ့ နေပါဦး၊ ခင်ဗျားမျက်နှာမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



သွေးတွေထွက်နေပါလား။ ဒီကလေး ပြန်ထိုးတာလား"

"မဟုတ်ပါဘူး ဆလင်။ သူထိုးတာပါ. . ."

ဆလင်ဆိုသူက မောင်သန်မာကို သေချာကြည့်သည်။

"ညီလေးက ဘယ်သူလဲ။ ဘာလို့တက်မကိုင်ကို ထိုးရတာလဲ . . ."

"ကျွန်တော့်နာမည် သန်မာပါ။ နဒီဒေဝီပိုင်ရှင် ဦးဂျက်ဖရိဝင်းက သူ့သင်္ဘောမှာ သင်္ဘောသားလိုလို့ ခေါ်လာတာပါခင်ဗျာ။ ဦးက သင်္ဘောအတွက်လိုတာတွေ သွားဝယ်စရာရှိလို့ ကျွန်တော့်ကို တစ်ယောက်တည်း လွှတ်လိုက်တာပါခင်ဗျာ။ ဒီရောက်တော့ ဆင်နဲ့ဆိတ်လို မတရားအနိုင်ကျင့်ခံရတဲ့ ကလေးဘက်က မနေနိုင်တော့လို့ ဝင်ပါမိတာပါခင်ဗျာ. . ."

"ဩော်. . . သူဌေးလွှတ်လိုက်တဲ့ သင်္ဘောသားကိုး။ ကောင်းကွာ။ သူဌေးလွှတ်လိုက်တဲ့ သင်္ဘောသားက သူဌေးယောက်ဖ တက်မကိုင်ကို ကောင်းကောင်းပညာပေးလိုက်တာကိုး ဟား . . . ဟား . . ဟား . . . ဟား "

ဆလင်ဆိုသူကြီး၏ စကားကြောင့် သန်မာလန့်ဖျပ်သွားသည်။ တက်မကိုင်စံဖေဆိုသူက သူဌေး၏ယောက်ဖတဲ့။ သူ့ယောက်ဖကိုထိုးလိုက်သည့် သန်မာကို သင်္ဘောသားမခန့်တော့ဘဲနေလျှင် မခက်ပါလား။

သန်မာ ရယ်လည်းရယ်ချင်သည်။ သတိကပ်နေသည့်ကြားက ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းလိုက်မိပြီ မဟုတ်ပါလား။ ။

## အခန်း (၁၇)

## သည်းခံခြင်းသည် အောင်နိုင်ရာ

သူဌေးဦးဂျက်ဖရိဝင်း ရောက်လာတော့ ဆလင်ဦးညိုမြင့် တက်မတိုင် ကိုစံဖေနှင့် ဆီလောင်း ဆန်းလွင်ညီကိုစွ၊ သန်မာပါ ုံပြောပြတော့ သူဌေးက "ကောင်းတယ်။ နေရာတကာ ဗလ းကိုးနဲ့ ရန်စချင်တဲ့ကောင်။ လူလေးက တစ်ခါတည်းမှောက် းအောင် ပြန်ထမလာနိုင်အောင် အလဲထိုးလိုက်ရမှာ။ ဟိုဘက် အမှုဖွင့်ရင်လည်း ဒီကောင်ထောင်ကျဦးမှာ။ ချိုထောင်လွန်းတဲ့ တင် ခံပါစေဦး" ဟုပြောတော့ သန်မာအံ့သြကြီး အံ့သြသွားသည်။

ဦးဂျက်ဖရိဝင်း ပြန်သွားပြီနောက် ခဏအကြာတွင် တက် ိုင်စံဖေနှင့် ဆီလောင်းဆန်းလွင်တို့ ပြန်ရောက် လာကြသည်။ က်မကိုင်စံဖေက သန်မာ့ကို ဘုကြည့်ကြည့်သွားသည်။ ဆန်းလွင်



www.burmeseclassic.com

www.burmeseclassic.com



က အကြောင်းစုံပြန်ပြောပြတော့ သန်မာက ဆန်းလွင်တို့ ဦ
အစ်ကိုကို ကျေးဇူးတင်နေမိသည်။

ဆန်းလွင်တို့အိမ်အသွား လမ်းတွင် တကဲမကိုင်စံဖေ
သန်းလွင်က သူ့အပေါ် အမှုဖွင့်လျှင် သူကလည်း သူ့နှာခေါင်းကို
သွားသည့်ကိစ္စ ရဲစခန်းတွင် အမှုပြန်ဖွင့်မည်ဟုပြောသည်။ ထို
ပြောတော့ သန်းလွင်လေးက လက်မခံ။ "အဲဒီ အစ်ကိုကိုတော့ အ
မဖွင့်ပါနဲ့ဗျာ။ သူကူလို့ ကျွန်တော်သက်သာတာ၊ သူသာရောက်မလ
ရင် ကျွန်တော်အခုချိန်ဆို သေနေလောက်ပြီ။ ဦးစံဖေကို ကျွန်တေ
အမှုမဖွင့်ပါဘူး။ အဲဒီအစ်ကိုကိုလည်း ဦးစံဖေအမှုမဖွင့်ပါနဲ့ . . .
ဟုပြောပြီး သူ့ညီက သူနှင့်တိုင်ပင်သည်။ အိမ်ရောက်တော့ သူ
အဖေအမေကို ဖြစ်စဉ်အမှန်အတိုင်းပြောပြသည်။ သန်းလွင်
လည်း ဦးစံဖေကိုတုတ်နှင့် အလစ်ပြန်ရိုက်၍ နှာခေါင်းရိုးကျ
သွားကြောင်း ပြောပြတော့သည်။ သူ့မိဘတွေက လုပ်ဖော်ကိုင်ဖ
တွေ ချစ်ချစ်ခင်ခင်နေသွားဖို့၊ အမှုမဖွင့်ကြဖို့၊ သန်းလွင်ကိုလည်
သူ့အစ်ကို သင်္ဘောမသွားတော့ဖို့ ပြောဆိုဆုံးမပြီး ပြန်လွှတ်ကြောင်
သန်းလွင်ပြောပြတော့ သန်မာ သန်းလွင်လေးကို ကျေးဇူးတင်
မိသည်။

သန်မာက သူ့ဌေးက သူ့ယောက်ဖအား ပြောသွားသည
စကားများကို ပြောပြတော့ ဆန်းလွင်က သံဘောကျနေသည်
တက်မကိုင် ကိုစံဖေသည် သူ့ဌေးယောက်ဖရင်းမဟုတ်ကြောင်
သူ့ဌေးကတော်ဒေါ်သီတာ၏ မောင်နှစ်ဝမ်းကွဲ သုံးဝမ်းကွဲခန့်တော
ကြောင်း၊ သူ့ဌေး၏ယောက်ဖအရင်းသာဖြစ်လျှင် သင်္ဘောသားတေ
မကြာခဏဆင်းပြေး၍ သင်္ဘောထွက်နိုင်မည်မဟုတ်ကြောင်း



သူ့ဌေးက သူ့အကျင့်စရိုက်ကိုမနှစ်မြို့က်၍ အရေးပေးခြင်းမရှိဘဲ
ပ်တန်းတန်းပဲဆက်ဆံကြောင်း ပြောပြသည်။ သန်မာက သန်းလွင်
ဘယ်နှစ်တန်းရောက်ပြီလဲဟုမေးတော့ ခြောက်တန်းဟုပြောသည်။
အခြေအနေပေးလျှင် သန်မာက သန်းလွင်လေးကို စာပြပေးမည်
ု စိတ်ကူးလိုက်မိသည်။ ထိုနေ့မှစ၍ သန်မာနှင့်ဆန်းလွင်တို့
ညီရင်းအစ်ကိုကဲ့သို့ ရင်းနှီးသွားခဲ့ကြသည်။

ရေယာဉ်နှစ်ပတ်လည် အစစ်ဆေးခံသည့် ကိစ္စလည်း
အောင်မြင်စွာ ပြီးဆုံးသွားပြီ။ သန်မာလည်း သူ့ဌေး ဦးဂျက်ဖရိုဝင်း
ကျေးဇူးကြောင့် နဗီဒေဝီရေယာဉ်၏ သင်္ဘောသားတရားဝင်
ဖြစ်သွားပြီ။ သင်္ဘောသားမှတ်ပုံတင်နှင့် လုပ်သက်မှတ်တမ်း (CREW
IDENTITY AND SERVICE RECORDS BOOK) လည်း လက်ထဲ
ရှိပြီးပြီ။ ဟိုမေးသည်စမ်း ဟိုကြည့်သည်ကြည့်နှင့် ရေပက် ကြိုး
ည်သင်္ဘောသားအလုပ်ကိုလည်း သန်မာကောင်းကောင်းလုပ်
တတ်သွားပြီ။

ရေယာဉ်တစ်စင်းလုံးကို ဆလင်ခေါ် ရေယာဉ်အုပ်က
အုပ်ချုပ်သည်။ နေ့စဉ်သင်္ဘောသားတာဝန် ထမ်းဆောင်ရမည့်
အလုပ်များကို ရေယာဉ်အုပ်ကိုယ်စား လိုင်းစူတာနီက တာဝန်ချထား
ပေးသည်။ လိုင်းစူတာနီကို တက်မကိုင်ဟုလည်းခေါ်သည်။ ရေယာဉ်
အုပ်ကို ရေယာဉ်ကူညီမောင်းပေးရသူဟု သိရသည်။ ကုန်စူကာနီ
ကတော့ ကုန်ဝင်ကုန်ထွက် စနစ်တကျဖြစ်အောင်နေရာချထား
ပေးခြင်း အမှားအယွင်းမရှိအောင် ထုတ်ပေးရခြင်းတို့ကို တာဝန်
ယူရပါသည်။ သင်္ဘောစာရေးက ကုန်ရအောင်အပြင် သင်္ဘော

www.burmeseclassic.com

www.burmeseclassic.com



တစ်စင်းလုံး၏ စားရေးသောက်ရေး၊ ငွေရေး ကြေးရေးကအစ 
စူတာနီအပေါ် တိုက်ရိုက်ကြီးကြပ်သည့်အဆုံး တာဝန်ယူပါသ

နဒီဒေဝီရေယာဉ်တွင် ရေယာဉ်အုပ်တစ်ဦး၊ စက်ခန်း
တစ်ဦး၊ စာရေးတစ်ဦး၊ ကုန်စူတာနီတစ်ဦး၊ လိုင်းစူတာနီ (တ
ကိုင်)တစ်ဦး၊ ဆီလောင်းတစ်ဦး၊ ကုန်းပတ်သင်္ဘောသား ၆
ရှိပါသည်။ ရေယာဉ်အုပ်နာမည်က ဦးညိုမြင့်ဖြစ်ပါသည်။ စက်
အုပ်နာမည်က ဦးလှမြင့်ဖြစ်ပါသည်။ စာရေးနာမည်က ဦးတင်
ဖြစ်ပါသည်။ ကုန်စူတာနီက ဦးအောင်မြင့်ဖြစ်ပြီး လိုင်းစူတ
(တက်မကိုင်)က ကိုစံဖေဖြစ်ပါသည်။ ဆီလောင်းမှာ ကိုဆန်း
ဖြစ်ပြီး သင်္ဘောသားများက ဦးမြအေး၊ ဦးလှဖေ၊ ဦးစိုးအေ
ကိုသန်းတင်၊ ကိုခင်မောင်တင့်နှင့် သန်မာတို့ဖြစ်ကြပါသည်။

တကယ်လုပ်ရတော့ သင်္ဘောသားအလုပ်ကလည်း အ
သား။ အလုပ်များ၍ အခြားသင်္ဘောသားများအတွက် ပင်ပန်း
ပင်ပန်းကြမည်ဖြစ်သော်လည်း၊ သန်မာအတွက်တော့ မပင်ပန်
ပါ။ သင်္ဘောထဲဝင်လာသည့် ရေများကို ဝမ်းရေစုပ်ပန့် သို့မဟု
ရေတုံကင် သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် မြစ်ထဲချောင်း
ပြန်ပက်ထုတ်ရခြင်း၊ သင်္ဘော ရေလယ်၌ရပ်မည်ဆိုလျှင် ကျော
ဆူးချရခြင်း၊ ကျောက်ထွင်လျှင် ကျောက်ဆူးပြန်ချရခြင်း၊ သ
ထွက်မည်ဆိုလျှင် ကျောက်ဆူးနုတ်ရခြင်း သင်္ဘောအတပ်အ
တို့တွင် သင်္ဘောကြိုးချည်ရခြင်း၊ သင်္ဘောကြိုးဖြုတ်ရခြင်း၊ ရေ
ဝါးဖြင့် ရေစမ်းရခြင်း၊ ရေစမ်းခဲသီးကြိုးတို့ဖြင့် ရေစမ်းရ
ပန်ကာတွင်ပတ်သည့် ဒိုက်များကို ရေငုပ်ဆယ်ရခြင်း၊ ဖြုတ်ရ
ရေယာဉ်အုပ်နှင့် တက်မကိုင်တို့ခိုင်းလျှင် ဗောမဲကူညီ တင်



ရခြင်း၊ သင်္ဘောတွင်ထွန်းညှိထားသော မီးများလင်း၊ မလင်း စုံမစုံ စစ်ဆေးကြည့်ရှုသတင်းပို့ရခြင်း၊ သင်္ဘောသားအားလုံးစားဖို့ ဈေးသွားဝယ်ရခြင်း၊ ချက်ပြုတ်ရခြင်း၊ သင်္ဘောကုန်းပတ်ဆေးကြော သန့်ရှင်းရေးလုပ်ရခြင်း၊ အိမ်သာသန့်ရှင်းရေး ပြုလုပ်ရခြင်းနှင့် ရေလှည့်ကင်းစောင့်ရခြင်းတို့ ဖြစ်ကြပါသည်။

သင်္ဘောသားအလုပ်က သင်္ဘောကမ်းကပ်ထားချိန်တွင် သိပ်အလုပ်မများလှပါ။ သင်္ဘောကမ်းကပ်ထားချိန်တွင် ကုန်တင်လျှင်တော့ အလုပ်များပါသည်။ စာရေးနှင့် ကုန်စူကာနီတို့ကို ဝိုင်းကူရပါသည်။ အလုပ်သမားများလာချသည့် ကုန်များကိုအစီအစဉ် နေရာတကျဖြစ်အောင်၊ ကွက်လပ်နေရာအနည်းငယ်မျှ မကျန်အောင်၊ သင်္ဘောငြိမ်ရေးအတွက် အလေးချိန်မျှအောင် ညွှန်ပြချထားပေးရပါသည်။ ကုန်တင်သည့်နေ့တွင် နားရသည်မရှိတော့ပါ။ ထို့အတူ ကုန်ချချိန်တွင်လည်း ကုန်များမှားချမပေးမိအောင် ကုန်မျောက်မသွားအောင် စာရေးနှင့် ကုန်စူကာနီတို့ကို ကုန်အဆင်ပြေပြေ ထုတ်ပေးနိုင်ရန်အတွက် ကူညီရပါသည်။ သင်္ဘောရပ်နားချိန်ထက် သင်္ဘောခုတ်မောင်းနေချိန်က ပိုအလုပ်များပါသည်။

သင်္ဘောခုတ်မောင်းနေချိန်တွင် ညဥ့်အချိန်ဖြစ်ပါစေ၊ သင်္ဘောသားများ ကုလားသေကုလားမော အိပ်နေ၍မရပါ။ ကာလနဂါးကဲ့သို့လည်း အိပ်နေ၍ မရပါ။ ရေလှည့်တာဝန်ကျချိန်တွင် ထစောင့်ရပါသည်။ ဘယ်လောက် အိပ်ချင်အိပ်ချင်။ အိပ်နေ၍ မရပါ။ ဝမ်းရေစုပ်ပန့်ဖြင့် ရေစုပ်တင်ရပါသည်။ ရေတုံကင်ဖြင့် ရေတင်ပေးနေရပါသည်။ သင်္ဘောချင်းတိုက်မိ၍ ဝမ်းပိုက်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



ရေဝင်လာလျှင်သော်လည်းကောင်း၊ သင်္ဘောအမြှုပ်တို့၊ ကျောက်ဆောင်တို့နှင့် တိုက်မိ၍ ဝမ်းဗိုက်ပေါက် ရေဝင်လာလျှင်သော်လည်းကောင်း၊ ဝမ်းရေစုပ်ပန့်လောက် တုံကင်လောက်နှင့် မရတော့ပါ။ ရေစုပ်စက်ဖြင့် ရေစုပ်ထုတ်ရပါသည်။ အပေါက်ကို အမြန်ဖာရသည်။ သင်္ဘောသောင်တင်လျှင်လည်း၊ သင်္ဘောသား အလုပ်ချည်းဖြစ်တော့သည်။ သင်္ဘောဝမ်းဗိုက်ပေါက်ချိန်၊ သောင်တင်ချိန် သင်္ဘောမီးလောင်ချိန်နှင့် သင်္ဘောနှစ်စင်းတိုက်မိချိန်တို့သည် သင်္ဘောသား ဖင်ယား၍မကုတ်အားအောင် အလုပ်အရှုပ်ဆုံးအချိန်၊ ပျားပန်းခပ်သကဲ့သို့ အလုပ်လုပ်ရသောအချိန် ဖြစ်သည်။ မိုးသက်မုန်တိုင်းကျချိန်၊ လှိုင်းလေပြင်းထန်ချိန်နှင့် နှင်းတအားကျချိန်များတွင် သင်္ဘောသားအားလုံး မအိပ်မနေအသင့်ဖြစ်နေကြရသည်။ ဤသည်တို့က အတွေ့အကြုံရှိသည့် သင်္ဘောသားကြီးများဖြစ်ကြသည့် ဦးမြအေး၊ ဦးလှဖေနှင့် ဦးစိုးအောင်တို့က သန်မာအား ပြောပြကြခြင်းဖြစ်ပါသည်။

သန်မာသင်္ဘောသားလုပ်ရသည်ကို ပျော်ပါသည်။ သင်္ဘောသားများလုပ်ရမည့် နေ့စဉ်အလုပ်၊ သာမန်အလုပ်များကိုလည်း မညည်းမညူလုပ်နိုင်ပါသည်။ သင်္ဘောသား ဦးမြအေး၊ ဦးလှဖေနှင့် ဦးစိုးအောင်တို့တွေ့ကြုံခဲ့သည့် အတွေ့အကြုံမျိုးများ၊ တွေ့ကြုံလာလျှင်လည်း၊ သန်မာမညည်းမညူ တက်တက်ကြွကြွ စိတ်ဝင်တစားလုပ်သွားမည် ဖြစ်ပါသည်။

သို့သော်လည်း သန်မာသည် နဒီဒေဝီတွင် ပျော်သင့်သလောက် မပျော်နိုင်အောင်လုပ်နေသူ တက်မကိုင်ကိုစံဖေကြောင့် ပျော်ရွှင်မှုအပြည့်အဝမရခဲ့ပါ။ ကိုစံဖေသည် တာဝန်ခွဲဝေရာတွင်လည်း သန်မာနစ်နာအောင်ခွဲဝေလေ့ရှိပါသည်။ အလုပ်မရှိသူများကို မခိုင်းဘဲ အလုပ်လုပ်နေသူသန်မာအား ပထမအလုပ်မပြီးခင် ဒုတိယအလုပ်၊ တတိယအလုပ်တို့ကို တမင်ညစ်ပတ်သည့် စိတ်ဖြင့် တာဝန်ပေးလေ့ရှိပါသည်။ ပြောဆိုဆက်ဆံရာတွင်လည်း၊ နှိုင်ထက်စီးနင်း၊ ညစ်ညမ်းစွာ၊ ဆဲရေးဆက်ဆံတတ်ပါသည်။

ရေယာဉ်အုပ် ဆရာဦးညိုမြင့်နှင့်တော့ တခြားစီမှတခြားစီပါ။ ဆီနှင့် ရေဟုမန္တိုင်းသင့်ဟု သန်မာထင်ပါသည်။ ရေကအသုံးဝင်လွန်းပါသည်။ ဆီနှင့်ရေပုပ်ဟု ခိုင်းနှိုင်းမှသင့်တော်မည်ထင်ပါသည်။ ဆရာသည် လေးစားချစ်ခင်စဖွယ် ကောင်းလှပါသည်။ လက်အောက်ငယ်သားများကိုပင် မောင်/ကိုတတ်၍ခေါ်သူဖြစ်ပါသည်။ ဒေါသဖြစ်သည့်အခါ သူ့အသား ညိုလတ်သည် အညိုရောင်ပြောင်းသွားပြီး၊ စကားသံမာမာထန်ထန် ဖြစ်သွားသော်လည်း ရှုန့်ရင်းကြမ်းတမ်းသော စကား၊ ဆဲဆိုသော စကားမျိုးကို ဘယ်တော့မှမပြော။ ပြီးတော့ အမျက်လည်း ပြေလွယ်ပါသည်။ လုပ်ငန်းသဘာဝအရ သီးခြားဖြစ်ပြီး၊ သူလည်းအုပ်ချုပ်သူတစ်ယောက်ဖြစ်သည့် စက်ခန်းအုပ်ကို ဆရာ၏အုပ်ချုပ်မှုအောက်တွင်ရှိသည်ဟု သဘောမထားဘဲ၊ အုပ်ချုပ်သူတစ်ဦးအနေဖြင့် တလေးတစား ဆက်ဆံတတ်ပါသည်။ ကျွန်းကိုင်းမှို၊ ကိုင်းကျွန်းမှီ ဆက်ဆံတတ်သော ဆရာ၏ကျွမ်းကျင်သည့် ဆက်ဆံရေးကြောင့် ဆရာ့အား သူဌေးက လေးစားသလို၊ စက်ခန်းအုပ်နှင့် စာရေးတို့ကလည်း တလေးတစားရှိလှပါသည်။ လက်ထောက် စူကာနီ၊



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဆိုလောင်းသဘော်သားတို့၏ လေးစားချစ်ခင်ခြင်းကို ဆရာပိုင်
စွာ ရရှိထားပါသည်။

သန်မာသည် ဆရာ့ကို အတုယူ၍ ကြီးသူကို ရိုသေ၊ ရွယ်
ကိုလေးစား ငယ်သူကို သနားပုံစံဖြင့် ကျင့်ကြံနေထိုင်နိုင်ဖို့ ကြိုး
ခဲ့သော်လည်း မတရားအနိုင်ကျင့် ဖိနှိပ်လွန်းသည့် တက်မကို
ကိုစံဖေကိုတော့ ရိုသေ၍မရပါ။ လေးစား၍လည်း မရပါ။ သူ
ကြီးနိုင်ငယ်ညှဉ်းစိတ်ဓာတ်နှင့် လက်အောက်အပေါ် ညစ်ပတ်သ
စိတ်ဓာတ်တို့အပြင် မိန်းမလို မိန်းမရ အပြုအမူများက ရိုသေ
လေးစားစရာမရှိ။ တက်မကိုင်ကိုစံဖေသည် သာပေါင်းမြို့နယ်
ကျူတောကျေးရွာသားဟု သိရပါသည်။ ကျူတောရွာမှ သူ့ညီလေး
သူ့ဆီလာလည်စဉ် ထံ ရက်တောမုန့်များပါလာသဖြင့် သူ့ညီလေး
သရက်တောမုန့်များလိုက်ဝေ၍ သန်မာတို့စားမည်ပြုစဉ် ကိုစံဖေ
က သန်မာနှင့် ဆန်းလွင်တို့ လက်ထဲမှ မုန့်များကို ပြန်လုယူသွာ
ခဲ့သည်ကို သန်မာမမေ့ပါ။

သန်မာသည် များပြားလှသည့် သဘော်သားတာဝန်မျာ
ထမ်းဆောင်နေရ၍လည်းကောင်း၊ အမြဲစိတ်အနှောင့်အယှက်
ပေးနေသူ တက်မကိုင်ကိုစံဖေကြောင့်လည်းကောင်း၊ နန့်နှင်းဆီကို
သတိမရမိတော့ပါ။ မေ့နေမိသည်ဟု ထင်ပါသည်။ မေ့လည်း
မေ့သင့်သည်ဟု သန်မာထင်မိသည်။ နန့်နှင်းဆီ၏ အပြစ်လည်း
မဟုတ်ပါ။ နန့်နှင်းဆီအပေါ်လည်း သန်မာအပြစ်ပုံမချချင်ပါ။
စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းတက်ခွင့်မရတော့ခြင်း



နန့်နှင်းဆီကို လက်လွှတ်ဆုံးရှုံးရခြင်းတို့ကို လွတ်သည့်ငါးကြီးသည်
ဟု ကြေကွဲတမ်းတမနေသင့်တော့ပါ။ ကံစီမံရာအတိုင်းသာဟု
သန်မာသည် ကံကိုပဲ ရိုးမယ်ဖွဲ့ထားခဲ့ပြီးပါပြီ။ သန်မာသည်
ကိုယ်ပန်းစိတ်ပန်းဖြစ်နေသည့်ကြားက ဦးလေးနှင့်ဒေါ်လေးတို့ကို
သတိရတတ်ပါသည်။ သန်မာ နဒီဒေဝီရေယာဉ်၌ နှစ်နှစ်ခန့်
အကြာလောက်တွင် သူဌေးဦးဂျက်ဖရီဝင်းက စာတစ်စောင်လာ
ပေးပါသည်။ သန်မာနဒီဒေဝီရောက်ခါစက အိမ်သို့ပြန်သေးသည်။
ထိုစဉ်က သူဌေးလိပ်စာပေးခဲ့ခြင်း ဖြစ်သည်။ စာက ဦးလေးဆီ
ကစာ။ ဦးလေးစာဖတ်ပြီး သန်မာဝမ်းသာလိုက်သည်မှာမပြောနှင့်။
ဝမ်းသာရသည့်အကြောင်းက သန်မာနေ့စဉ် စိတ်ပူနေရသည့်
လက်ခွဲ ချဲဒိုင်အလုပ်မလုပ်တော့ဘဲ ဆိုက္ကားထောင်လိုက်ပြီး
လောကရဲ့မှာ တစ်ခဏတာပဲ ဆုံလိုက်ရသည့် ရဲမောင်တို့ လေး
ယောက်ကို သန်မာအကူအညီတောင်းထားသည့်အတိုင်း ဆိုက္ကား
နင်းသည့်အလုပ်ပေးခဲ့ကြောင်း ရေးထားသည်။ ဦးလေးကို သန်မာ
ကျေးဇူးတင်နေပါသည်။

တစ်နေ့ လှိုင်မြစ်ဗားကရာဆိပ်ကမ်းတွင် နဒီဒေဝီကပ်၍
မီးသွေးအိတ်များချနေစဉ် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု
ဦးစီးဌာနမှ ရေယာဉ်ရှောင်တခင်စစ်ဆေးသည့်အဖွဲ့၏ ရေယာဉ်
သည်နဒီဒေဝီရေယာဉ်သို့ လာကပ်ပါသည်။ ရေယာဉ်အုပ်ကိုယ်တိုင်
ရေယာဉ်လိုင်စင်အားလုံးယူလာခဲ့ပါဟု လှမ်းပြောသဖြင့် ဆရာ
ဦးညိုမြင့် ယူစရာရှိသည်ကိုယူလာပြီး သန်မာကို သူ့နောက်လိုက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

ဟုခေါ်ကာ စစ်ဆေးရေးအရာရှိရှိရာ သင်္ဘောအဖြူလေးပေါ် ကူးလာခဲ့ကြပါသည်။ ဆရာအစစ်ဆေးခံနေစဉ် သန်မာရပ်ကြည့်နေပါသည်။ စစ်ဆေးရေးအရာရှိ၏ လက်ထောက်တစ်ယောက်တ နဒီဒေဝီရေယာဉ်ပေါ်သို့ တက်၍လိုက်လံစစ်ဆေးနေသည်ကို သန်မာမြင်နေရပါသည်။ ဆရာက သန်မာကို သူ့အခန်း စာကြည့်စားပွဲပေါ်မှ စာကြည့်မျက်မှန် သွားယူခိုင်း၍ သန်မာပြေးသွားယူလိုက်ပါသည်။ သာမန်အချိန်ဆိုလျှင် ဆရာသည် သူ့ကိုယ်ရေးကိုယ်တာကိစ္စကို အခြားသူများသို့ ခိုင်းလေ့မရှိပါ။ သူကိုယ်တိုင်လုပ်ဆောင်လေ့ရှိပါသည်။ စစ်ဆေးရေးအရာရှိရှေ့တွင် တစ်ခုခုလိုအပ်လျှင် ထိုနေရာမှ ထမသွားလိုသဖြင့် ဆရာက သူ့ကိုခေါ်သွားခဲ့ခြင်းဖြစ်ကြောင်း သန်မာသဘောပေါက်သွားပါသည်။

ခဏကြာတော့ စစ်ဆေးခံမှုပြီးသွားသဖြင့် ဆရာနှင့် သန်မာတို့ နဒီဒေဝီရေယာဉ်ပေါ်သို့ ပြန်တက်လာခဲ့ပါသည်။ ဘုတ်ဖြူလေးသည် နဒီဒေဝီမှခွာ၍ ဈေးကြီးဗောတံတားဘက်ဆန်တက်သွားပါသည်။

"အိုကေတယ် မဟုတ်လားဆရာ။ ဆရာ့ညဏ်ကတော့ တကယ်ပြေးသလားမမေးနဲ့ လက်ဖျားခါလောက်တယ်။ သန်းတင်အမိုးပေါ် တံမြက်စည်းတက်လှည်းပြီး အောက်ရောက်ခါစ ရှိသေးတယ်။ နော်တီကယ်ဘုတ် ကပ်လာတာနော် . . ."

စာရေးဦးတင်မြင့်က အပြစ်ပေးနေသည့် ဆရာက ခိုးကျူးခံလိုက်ရသည့် ကျောင်းသား၏မျက်နှာမျိုးဖြင့် ရေယာဉ်အုပ်ဦးညိုမြင့်ကို ဝမ်းသာအယ်လဲဖြင့်ပြောနေသည်။



"အိုကေပါ စာရေးကြီး၊ ဘာအပြစ်မှ ရေးမသွားလို့ စာရေးကြီးအိတ်ကပ်ထဲမှယူပြီး ဘာငွေမှလည်း တရားရုံးသွားဆောင်စရာမလိုပါဘူး။ မျက်နှာတော့ အတော်ပူမိတယ် စာရေးကြီး။ မီးသွေးတင်တဲ့ သင်္ဘော၊ အမိုးပေါ် တင်နေကျဆိုတာ၊ လူတိုင်း သိနေတာပဲ။ စစ်ဆေးရေးမှူးတွေလည်း မသိဘဲနေမလား။ လက်ထောက်စစ်ဆေးရေးမှူးက ပစ္စည်းအားလုံးစုံ မီးအားလုံးစုံ အမိုးပေါ်တက်ကြည့်တာလည်း မီးသွေးမှုန့်တစ်မှုန့်မတွေ့ရဘူးလို့ သတင်းပို့လိုက်တော့ ရင်ထဲမှာ ပြုံးလိုက်မိတယ် စာရေးကြီးရေ၊ တံမြက်စည်းလှည်းတော်တဲ့ မောင်သန်းတင်ကို လက်ဖက်ရည် တိုက်လိုက်ပါဦး . . ."

"တိုက်လိုက်ပါ့မယ်ဆရာ၊ သူစားချင်တာ ကျွေးလိုက်ပါမယ်။ မင်းတို့အားလုံးလည်း အမိုးပေါ် တံမြက်စည်းတက်လှည်းရင် သန်းတင်လို မီးသွေးတစ်မှုန့်မကျန်အောင် လှည်းကြ၊ ကြားလား. . ."

စာရေးဦးတင်မြင့်က သန်မာတို့ သင်္ဘောသားအားလုံးကို လက်ညှိုးလှည့်ထိုးပြီး ပြောကာထွက်သွားသည်။ သင်္ဘောသားကိုသန်းတင်ကို လက်ဖက်ရည်သွားတိုက်သည်ထင်သည်။ သန်မာသည် ဆရာ့ကိုမေးချင်တာတွေ များလာပြီ။ စောစောက သန်မာ ဆရာ့အခန်းထဲ မျက်မှန်ဝင်ယူတော့ မမျှော်လင့်သည့်အရာတွေ့ရသည်။ ဆရာ့အခန်းတွင် စာကြည့်တိုက် သေးသေးလေးတစ်ခု၊ ခုတစ်ခါအမိုးပေါ် မီးသွေးတင်သည့်ကိစ္စ။ သန်မာသိချင်လွန်းလာသဖြင့် နဒီဒေဝီ ဦးခန်း ပက်လက်ကုလားထိုင်မြင့်စာကြည့်နေသည့် ဆရာ့ဆီကပ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ မောင်သန်မာ၊ ဆရာဘာကူညီရမလဲ။ ပြောပါ . . ."

"ဆရာ့ မျက်မှန်သွားယူတုန်းက ဆရာ့အခန်းထဲမှာ စာကြည့်တိုက်သေးသေးလေးတွေ့ခဲ့တာ အံ့ဩနေလို့ပါဆရာ။ ပြီးတော့ သင်္ဘောခေါင်မိုးပေါ် မီးသွေးတင်တဲ့ကိစ္စလည်း ကျွန်တော် နားမရှင်းလို့ပါဆရာ"

"အေး၊ ဟုတ်ပြီ၊ စာကြည့်တိုက်ကိစ္စက နောက်မှပြောပြမယ်။ ခေါင်မိုးပေါ် မီးသွေးတင်တဲ့ကိစ္စအလျှင်ပြောမယ်။ ပြည်တွင်း ရေကြောင်းသွား မီးသင်္ဘောအက်ဥပဒေအရ ရေယာဉ်လိုင်စင်ပေါ်မှာ ဖော်ပြထားတဲ့ကုန်အလေးချိန်ထက် ကုန်ပိုမတင်ရဘူး။ စီးခွင့်ရှိတဲ့ လူဦးရေထက်၊ လူပိုမတင်ရဘူး။ ရေယာဉ်အမိုးပေါ်မှာ ဘယ်လိုကုန်မှ မတင်ရဘူး။ အမိုးပေါ်ကုန်တင်တာတွေ့ရင် ဖမ်းနိုင်တယ်။ ဖမ်းမိရင် တရားစွဲခံရမယ်။ ငွေဒဏ်အရိုက်ခံရမယ်။ ဒီဇယ်က အပြင်ကဝယ်မောင်းရတာ ဈေးကြီးတော့ အမိုးပေါ် ကုန်မတင်ရင် ဘယ်လိုမှ မကိုက်ဘူး။ သင်္ဘောပိုင်ရှင်အတွက် ကျန်သင့်သလောက် ကျန်အောင် မျက်စိမှိတ်တင်ရတာပဲ။ ဖမ်းမိတော့လည်း တရားရုံးမှာ ဒဏ်ရိုက်ခံရရုံပဲပေါ့။ အဲဒါကြောင့် သင်္ဘောကပ်ကပ်ခြင်း ခေါင်မိုးပေါ်ကမီးသွေး အလျှင်ချခိုင်းရတာ မြန်မြန်ချခိုင်းရတာ။ ခေါင်မိုးပေါ် မီးသွေးမှုန့်တစ်မှုန့်တပ်မကျန်အောင် တံမြက်စည်းချောနဲ့ လှည်းခိုင်းရတာပေါ့ မောင်သန်မာ . . ."

"စာရေးကြီးပြောတာ တကယ်မှန်တယ်နော်၊ ဆရာက တကယ်အကွက်မြင်တာကိုး . ."

"စာကြည့်တိုက် ကိစ္စမပြောခင် စာကြည့်တိုက်ဖြစ်လာစေ



တဲ့ ဆရာ့ဘဝကို အလျှင်ပြောပြမှ ဖြစ်မှာ။ ဆရာ့ဇာတိက မြင်းခြံ တောင်သာကပါ။ အဖေအမေက ကျောင်းနေတုန်းဆုံးတော့ ကျောင်းထွက် လယ်ယာလုပ်။ ထယ်မနိုင် ထွန်မနိုင် နွားမနိုင် ဖြစ်နေတဲ့ ဆရာ့ကို ရွာဦးကျောင်းဆရာတော်က သနားပြီး ရန်ကုန် ခေါ်လာ။ သရက်တောကျောင်းတိုက်က မှန်ကျောင်းဆရာတော် ထံအပ်၊ ဘုန်းကြီးကျောင်းသားဘဝနဲ့ ဆယ်တန်းဖြေ။ အောင်တော့ ဆရာတော်က အသက်မွေးဝမ်းကျောင်းပညာရေး၊ ဘွဲ့တစ်ခု ရအောင်ရေး၊ ရည်ရွယ်ချက်နဲ့ သူ့ဒကာ ဒကာမဖြစ်တဲ့ ရွှေတောင် တန်းလမ်းမှာနေတဲ့ ဦးမြင့်ဦး ဒေါ်ထားထားဦးတို့ လက်ထဲအပ်လိုက်တယ်ဆိုပါတော့ . . ."

"သူတို့က ဘာလုပ်တာလဲဆရာ . . ."

"သူတို့က သင်္ဘောပိုင်ရှင်တွေလေ။ ဒီနဒီဒေဝီက ဦးမြင့်ဦး သင်္ဘောပေါ့။ တစ်နှစ်ကမှ သူတို့ကပုသိမ်လိုင်း နှစ်ထပ်သင်္ဘော ဝယ်ချင်လို့ ဒီသင်္ဘောကို ဦးဂျက်ဖရီဝင်းကိုရောင်းလိုက်တာ။ ဦးမြင့်ဦးက နောက်ဝယ်တဲ့ နှစ်ထပ်သင်္ဘောမှာ ဆရာ့ကို ဆက်လုပ်စေချင်တယ်။ ဆရာလုပ်မယ်ဆိုလည်း ရတယ်၊ ဆရာ့မှာ ပထမတန်း ရေယာဉ်အုပ် ကျွမ်းကျင်မှုလက်မှတ်ရှိတယ်။ ဆရာဟာ နဒီဒေဝီမှာ ရေပက်ကြိုးချည်သင်္ဘောသားကနေ ပထမတန်း ရေယာဉ်အုပ် လက်မှတ်ရတဲ့အထိ လုပ်လာခဲ့တာ၊ ဒီနဒီဒေဝီ ရေယာဉ်က အဖအီး စီအင်ဂျင် မြင်းကောင်ရေ ၁၀၀ ရှိတဲ့ သင်္ဘောပေါ့။ ဒီသင်္ဘောမျိုးကို တတိယတန်း ရေယာဉ်အုပ်လက်မှတ်ရှိသူမှ မောင်းခွင့်ရှိတာ။ တက်မကိုင် မောင်းခွင့်မရှိဘူး မောင်သန်မာ . . ."

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဟာ ဒုတိယတန်း ရေယာဉ်အုပ်စာမေးပွဲအောင်လို့ ဒီသင်္ဘောထက်ကြီးတဲ့ မြင်းကောင်ရေများတဲ့ သင်္ဘောကိုလည်း ပြောင်းမသွားခဲ့ဘူး။ ပထမတန်း ရေယာဉ်အုပ်စာမေးပွဲအောင်တော့လည်း ဘယ်နှစ်ထပ် သင်္ဘောတွေပေါ်မှ ပြောင်းမသွားခဲ့ဘူး။ ပိုင်ရှင်ဦးမြင့်ဦးကို လေးစားတွယ်တာသလို နဒီဒေဝီကိုလည်း ဆရာချစ်လို့ ဆရာဘယ်သင်္ဘောမှ မပြောင်းခဲ့တာပါ မောင်သန်မာ . . . ."

"ဆရာပြောသလိုဆို ပထမတန်းရေယာဉ်အုပ်က ကြီးတာရော သေးတာရော၊ အားလုံးမောင်းချင်တာ မောင်းလို့ရတဲ့သဘောပေါ့ဟုတ်လားဆရာ. . ."

"ဟုတ်တယ်မောင်သန်မာ ဘယ်ရေယာဉ်အုပ်ဖြစ်ဖြစ် မောင်းခွင့်ရှိတဲ့ ရေယာဉ်နဲ့ အဲဒီအောက်နိမ့်တဲ့ ရေယာဉ်တိုပဲ မောင်းခွင့်ရှိတယ်။ မြင့်တဲ့ရေယာဉ်ကို မောင်းခွင့်မရှိဘူး။ ပြည်တွင်းရေကြောင်းမှာ သွားလာနေတဲ့ ဘယ်ရေယာဉ်မျိုးကိုမဆို ပထမတန်း ရေယာဉ်အုပ်လက်မှတ်ရှိသူက မောင်းခွင့်ရှိတယ် မောင်သန်မာ . . ."

"ဆရာအနေနဲ့ကလည်း ခုနလို မီးသွေးအမိုးပေါ်တင်လာပြီး အဖမ်းမခံရအောင် သူဌေးရဲ့ငွေ ဒဏ်ငွေမဆောင်ရအောင် စေတနာထား မေတ္တာထားလုပ်ပေးနေတယ်ဆိုတာ သူဌေးဦးမြင့်ဦးကလည်းသိတယ်။ သူတို့ ခုလိုနှစ်ထပ်သင်္ဘော ဝယ်နိုင်အောင် အဖိတ်အစင်နည်းအောင် ဝင်ငွေများအောင် ဆရာလုပ်ပေးခဲ့တယ်ဆိုတာလည်း သူဌေးကသိတယ်။ ပြီးတော့ ဆရာက နဒီဒေဝီက



မခွာချင်မှန်း၊ မခွာနိုင်မှန်းလည်းသိတယ်။ ဒါ့ကြောင့် သူဌေးက ဆရာ့ကို အတင်းအကြပ်မခေါ်တော့ဘဲ စိတ်ချမ်းသာသလို နေခွင့်ပေးခဲ့တာပဲ မောင်သန်မာ. . ."

"စကားပြောချင်တာများနေတော့ လိုရင်းမရောက်တော့ဘူး။ ဒီလို မောင်သန်မာရဲ့၊ ဦးမြင့်ဦးက ဆရာ့ကိုစအပ်တာက သင်္ဘောစာရေးဦးဝင်းမောင်ဆီ စာရေးလုပ်ငန်းသင်ဖို့အပ်တာ။ ဆရာက ရေယာဉ်အုပ်ဖြစ်ချင်သူဆိုတော့ သူဌေးကို သင်္ဘောသားဘဝလုပ်ပါရစေပြောတော့ လူထူးလူဆန်းအဖြစ် ဝိုင်းအကြည့်ခံရတယ်။ နောက်မှ သူဌေးက ရေယာဉ်အုပ် ဦးခင်မောင်ဦးခေါ်ပြီး ရေယာဉ်ပညာအဝဝသင်ပေးပါလို့ အပ်ခဲ့တာ။ ဒါကို တက်မကိုင်ကိုခင်ဝင်းနဲ့ သင်္ဘောသားအချို့က ကျေနပ်ပုံမရဘူးမောင်သန်မာ . . ."

"နဒီဒေဝီမှာ ဆရာသင်္ဘောသားအဖြစ် စလိုက်တဲ့အခေါက်မှာပဲ ပိုးလောင်းမြစ်ကျဉ်းမှာ နဒီဒေဝီနဲ့ ရောမင်းသားတိုက်တော့တာပဲ။ အဲဒီမှာတင် တက်မကိုင်ကိုခင်ဝင်းနဲ့ သင်္ဘောသား တချို့က ဒီကောင့်ကြောင့် ဖြစ်တာ။ တစ်ခါမှ မဖြစ်ဖူးဘူး၊ ဒီကောင်ဟာ ကြိုုက်ကောင်ခိုက်တဲ့ကောင် ရေထဲစတေးပစ်ရမယ်လို့ ကြိမ်းကြတော့၊ ဆရာဟာ သင်္ဘောသားလုပ်ရမှာ စိတ်ကုန်သွားတယ်။ ရောမင်းသားက ဝမ်းဗိုက်ပေါက်သွားပြီး ရေတွေဝင်လာသလို နဒီဒေဝီနဲ့တွဲပြီး သောင်ပေါ်ထိုးတင်ပေး။ လူတွေအမြန်ဆင်းခိုင်းနဲ့ အလုပ်ကိုရှုပ်သွားတာ။ ငိုကြွေးကြနဲ့ ကမ္ဘာပျက်သလိုအောက်မေ့ရတယ် မောင်သန်မာ. . ."

www.burmeseclassic.com

www.burmeseclassic.com


"ဆရာကလည်း သဘော်သားသစ်ဆိုတော့ ဘာလုပ်ရမှ
မသိဘူးလေ။ ဆရာဦးခင်မောင်ဦးခိုင်းတာပဲ လုပ်ပေးနေတာဖေ
ရောမင်းသားဆီ သွားကူညီပြန်တော့လည်း တက်မကိုင် ကိုခင်ဖေ
က သူတို့နဲ့မလိုက်ခဲ့လို့ဆိုပြီး ပယ်ပယ်နယ်နယ် ရက်ရက်စက်စေ
ပြောတာ၊ ပြောရုံမကဘူး။ ထိုးမယ်လုပ်တော့ ဆရာက ဘယ်ခံမ
ပြန်ထိုးမယ်လုပ်တုန်း စာရေးဦးဝင်းမောင်လာလို့ ပြီးသွားတာ။ ခ
သဘော်တိုက်တာကလည်း တက်မကိုင် ကိုခင်ဝင်းမောင်းတု
တိုက်မိသွားတာ။ ဆရာဦးခင်မောင်ဦးက အိမ်သာခဏ တက်
တုန်း ဖြစ်သွားတာ။ ရောမင်းသား ရေယာဉ်ကလည်း ဆလ
မပါဘူး။ တက်မကိုင် မောင်းနေတာတဲ့။

"အဲဒီသတင်း သူဌေး မသိစေနဲ့လို့ ရေယာဉ်အုပ်၊ စက်ခ
အုပ်၊ စာရေးလူကြီးတွေက သဘော်သားအားလုံး ပိတ်ထားတ
ကိုခင်ဝင်းက သူဌေးကိုသွားပြောဖြစ်အောင် သွားပြောသေးတ
သူဌေးက ဆရာ့ကြောင့် သဘော်ခိုက်တယ်ဆိုတာ မယုံကြော
ရေထဲသွားရတာမို့ သတိနဲ့နေဖို့ပဲ ပြောသွားခဲ့တယ်လေ။ အ
ကတည်းက သူဟာ ဆရာ့ရန်သူဖြစ်လာတယ်။ သူက အပေါ်
ကဆိုတော့ ညစ်ပတ်နည်းမျိုးစုံနဲ့ ဆရာ့ကို စိတ်ဆင်းရဲ ကိုယ်ဆင်
အောင် လုပ်တယ်။ ဒုက္ခမျိုးစုံပေးတယ်။ ဆရာစာမေးပွဲအတွ
စာဖတ်ဖို့စာအုပ်ကိုင်တာနဲ့ အလုပ်မရှိ အလုပ်ရှာခိုင်းတော့တာ
သူကတမင်ကို ဆရာစာအုပ်ကိုင်၊ မကိုင်စောင့်ကြည့်နေတာ ထ
ရဲ့။ ဆရာကလည်း မရရတဲ့နည်းနဲ့ စာကျက်တယ်။ သူ့အလုပ်လု
ချိန်အိပ်ချိန်တွေမှာ စာကျက်ရင်းနဲ့ မြန်မာစာအဓိကနဲ့ ဝိဇ္ဇာ
ရခဲ့တာပဲ မောင်သန်မာ. . . "

"ရေယာဉ်အုပ် ဖြေတော့လည်း အဲဒီလိုကြိုးစားဖြေပြီး ရေယာဉ်အုပ်စာမေးပွဲအောင်တော့ ဆရာ ဦးခင်မောင်ဦးကဆုံး၊ နဒီဒေဝီမှာပဲ ဆရာရေယာဉ်အုပ်ဖြစ်။ ကိုခင်ဝင်းလည်း သူခကျော် ပြောင်း၊ အေးအေးချမ်းချမ်းဖြစ်လာ၊ လုပ်ပိုင်ခွင့်လည်းရှိလာတော့ သူဌေးကိုခွင့်တောင်းပြီး ရေယာဉ်အုပ်အခန်းမှာ လက်သမား ဆရာနဲ့ စာကြည့်တိုက် သေးသေးလေး လုပ်ခဲ့တာပေါ့။ စာအုပ်တွေကတော့ ဆရာချွေးနည်းစာနဲ့ စုဝယ်ထားတဲ့စာအုပ်တွေလေ . . ."

"မောင်သန်မာကို ခုလို ဆရာရှည်ရှည်ဝေးဝေးပြောပြရတဲ့ အကြောင်းက မောင်သန်မာအနေနဲ့ ဆရာ့ကို အတုယူစေချင်လို့ပါ။ မောင်သန်မာအကြောင်း ဆီလောင်းမောင်ဆန်းလွင် ပြောပြလို့ ဆရာအကုန်သိထားပြီးပါပြီ။ မောင်သန်မာ အဝေးသင်ဖြေပါ။ အဝေးသင်မဖြစ်ဖြစ်အောင်ဖြေဖို့ ဆရာတိုက်တွန်းပါတယ်။ ဆရာ့ထံမှာ အကူအညီ တောင်းစရာရှိတောင်းပါ။ ဆရာအချိန်မရွေးကူညီမယ်။ မောင်သန်မာဘဝနဲ့ ဆရာ့ဘဝအတော်တူပါတယ်။ ဆရာ့ဘက်က သူဌေးရှိတယ်။ ရေယာဉ်အုပ်ရှိတယ်။ စာရေးရှိတယ်။ မောင်သန်မာဘက်မှာလည်း သူတို့ရှိကြမှာပါ။ ဘယ်လိုအခက်အခဲတွေ့တွေ့၊ ဒူးမထောက် လက်မမြှောက်ပါနဲ့။ အနင်းခံရတဲ့စပါးဟာ သန်လာပါလိမ့်မယ် မောင်သန်မာ။ ကဲသွားနားပေတော့"

ထိုနေ့က ဆရာဦးညိုမြင့် ပြောစကားများသည် သန်မာ၏ ရင်ထဲမှာရော ခေါင်းထဲမှာပါ ဓာတ်ပုံရိုက်သကဲ့သို့ စွဲထင်နေသည်။ နားထဲသို့လည်း တဝေ့လည်လည်၊ တက်မကိုင်ကိုစံရွှေနှင့် သူ

www.burmeseclassic.com

www.burmeseclassic.com

အပေါင်းပါတို့၏ သန်မာစိတ်ဆင်းရဲ ကိုယ်ဆင်းရဲအောင် စာကျက်မရအောင် နှိပ်စက်ကလူပြုခဲ့လေတိုင်း ဆရာ့စကားပြန်သတိရပြီး လက်မမြှောက် ဒူးမထောက်လိုစိတ်ဖြင့် ဖြစ်သည့်နည်းနှင့်၊ ရသည့်နည်းဖြင့် စာများကျက်မှတ်ခဲ့ရာ အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ်စာမေးပွဲကို လွန်ခဲ့သောနှစ်လကျော်ခန့်က ကောင်းမွန်စွာ ဖြေဆိုပြီးခဲ့ပြီဖြစ်ပါသည်။ မကြာမီ ဝိဇ္ဇာဘွဲ့ (မြန်မာစာ) ကို ရရှိပေတော့မည်။

သည်ဘွဲ့ရခြင်းသည် ဆရာဦးညိုမြင့်၏ ကျေးဇူးတွေများစွာပါပါသည်။ သန်မာသည် ရူပဗေဒအထူးပြုဘာသာရပ်ကို သင်ကြားလိုသော်လည်း သိပ္ပံဘာသာရပ်လက်တွေ့သင်တန်းတက်ရန် မည်သို့မျှမဖြစ်နိုင်သည့် အတွက် လက်တွေ့သင်တန်းမပါသည့် မြန်မာစာ အထူးပြုဘာသာယူ၍ အဝေးသင်တက္ကသိုလ်လျှောက်ထားခဲ့ပါသည်။ ထို့ကြောင့် မြန်မာစာ အထူးပြုဖြင့်ဘွဲ့ရခဲ့သော ဆရာ့ထံမှ မသိတာနှင့် သိချင်တာကိုမေးရသကဲ့သို့ လိုအပ်တာမှန်သမျှ ဆရာ့ထံမှ အကူအညီ များစွာရယူခဲ့ရပါသည်။

သန်မာသည်အဝေးသင်တက္ကသိုလ် စာမေးပွဲများဖြေဆိုရန်အတွက် လေးနှစ်စလုံး နှစ်စဉ် အနီးကပ်ပို့ချသင်တန်း တက်ရန်နှင့် စာမေးပွဲဖြေရန်အတွက် နှစ်စဉ်ခွင့်တင်တိုင်း ကြည်ကြည်ဖြူဖြူခွင့်ပေးခဲ့ကြသည့် သူဌေးဦးဂျက်ဖရီဝင်း၊ ရေယာဉ်အုပ်ဦးညိုမြင့်၊ ဆရာဦးတင်မြင့်တို့အား ကျေးဇူးအထူးတင်နေမိသည်။ ထို့အတူ သန်မာကိုခွင့်ပေးရန် သန်မာ့အတွက်ပါ သူတို့ပိုလုပ်ပေးပါမည်ဟု



ရေယာဉ်အုပ်ကို ဝိုင်းပြောပေးခဲ့ကြသည့် သူငယ်ချင်းသင်္ဘောသားများ၏ ကျေးဇူးကိုလည်း သန်မာမမေ့နိုင်ပါ။

မနေ့က သန်မာအောင်စာရင်းသွားကြည့်တော့ သန်မာနှင့်အတူ ဆီလောင်းဆန်းလွင်၊ သင်္ဘောသားသန်းတင်တို့ပါ လိုက်ကြည့်ကြပါသည်။ သန်မာအောင်ကြောင်းတွေ့ရတော့ ဆန်းလွင်နှင့် သန်းတင်တို့ ထခုန်မိကြအောင် ပျော်သွားကြသည်။ သန်မာက နဒီဒေဝီသို့အပြန်တွင် အကြော်မျိုးစုံ ၂၅ ခုဝယ်လာခဲ့ပါသည်။ သန်မာစာမေးပွဲအောင်ကြောင်းသိကြတော့ သင်္ဘောတစ်စင်းလုံး ဆူညံသွားတော့သည်။ တက်မကိုင် ကိုစံဖေနှင့် သင်္ဘောသားနှစ်ယောက်သာ ငြိမ်နေသည်ကို သန်မာတွေ့ရပါသည်။ သန်မာက သူတို့ကို အကြော်သွားပေးပေမယ့် မယူကြဘဲ မျက်နှာတစ်ဖက်လှည့်သွားကြပါသည်။ သန်မာစာမေးပွဲအောင်သည်ကို မနာလိုဟန်ရှိသည်။ အဘိဓမ္မာများပြီး မုဒိတာမပွားနိုင်။ သူတို့အကြော်မစားကြပေမယ့် သင်္ဘောတစ်စင်းလုံး ပျော်ပျော်ပါးပါးနှင့် အကြော်တွေစားသွားကြရာ ၂၅ ခုလုံးကုန်သွားပါသည်။

သန်မာသည် နဒီဒေဝီရေယာဉ်ပေါ်တွင် သင်္ဘောသားလုပ်သည်မှာ လေးနှစ်ကျော်ပြီမို့ တတိယတန်းရေယာဉ်အုပ် စာမေးပွဲဖြေမည်ဆိုလျှင်ဖြေ၍ ရသွားပြီ။ ဘွဲ့စာမေးပွဲအတွက် လုံးပန်းနေရသဖြင့် ရေယာဉ်အုပ်စာမေးပွဲအတွက် ဘာမျှမပြင်ဆင်ရသေး။ ထိုစာမေးပွဲအတွက်သန်မာသည် ရေယာဉ်အုပ် ဆရာဦးညိုမြင့်ထံမှပင် အကူအညီများစွာ ယူရပေဦးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ ပုသိမ်သို့ နဒီဒေဝီသင်္ဘောပြန်ဆိုက်တော့ သင်္ဘောသားအားလုံး ကုန်ထုတ်နေသဖြင့် အလုပ်ရှုပ်နေကြသည်။ သန်မာကလည်းသည်နေ့ သူ့အလုပ်ဖြစ်သည့် သင်္ဘောပန်ကာတွင် ပတ်နေသည့် ဒိုက်များကိုငုပ်ဆယ်ရန် ဆင်းနေကျအတိုင်း သင်္ဘောအမိုးပေါ်တက်လှေကားခြေရင်းကို ကိုင်ဆင်းရင်း ရေထဲသို့ငုပ်ချလိုက်သည်။ ထိုအချိန် အရိပ်မည်းကြီးတစ်ခု လျှပ်တစ်ပြက်မြင်လိုက်ရသဖြင့် ငါးမန်းတစ်ကောင်ထင်မှတ်ပြီး သန်မာ ရေကိုတအားယက်၍ ရှောင်လိုက်ရာ ခြေဖျားနှင့်ပဲ ခတ်မိပြီးသိသိလေးလွတ်သွားသည်။ မြစ်ကြမ်းပြင်ပေါ်သို့ ထိုးဆင်းကျသွားသည်ကို မြင်လိုက်ရသဖြင့် သန်မာက ငါးမန်းမဟုတ်မှန်း တပ်အပ်သိလိုက်ပြီ။ ဒိုက်ဖြုတ်ရန် ပန်ကာဆီသို့မသွားတော့ဘဲ မြစ်ကြမ်းပြင်ဆီ ထိုးဆင်းသွားသော အရာကိုသိလိုသဖြင့် ရေအောက်သို့ ဆက်ငုပ်လိုက်သည်။ အလို၊ ကျောက်တုံးကြီး တစ်တုံးပါလား။ သန်မာက လက်နှစ်ဖက်ဖြင့် အားကုန်မကြည့်သည်။ ရွေ့ရုံပဲရှိသည်။ အသက်ရှူရန် ရေပြင်ပေါ်သို့ ပြန်တက်ခဲ့ရပြန်သည်။ သန်မာတစ်ကြိမ်ပြန်ဆင်းပြီးမှ မ,ကြည့်မိပြန်သည်။ လေဖိအား ရေဖိအားကြောင့်လား မသိ။ ရေပေါ်သို့ ပွေ့ယူလာ၍မရ။ အရွယ်အစားက ရာဇူဒိုင်မှ ရာဇူနှင့်ချိန်သည့် အလေးလောက်ရှိပေလိမ့်မည်။

သန်မာအဖို့ သည်နေ့သည်အချိန်သည်ကာလတွင်မှ ဒိုက်ဖော်ဆယ်ရန် ရေထဲဆင်းရေငုပ်ခြင်းသည် ကံကောင်းလွန်းသည်ဟု ဆိုရပေလိမ့်မည်။ ပြာသိုလရောက်နေပြီဖြစ်၍ ဝေန်မြစ်



ရက ကြည်လင်နေသည်။ ဝေန်မြစ်ရေ ကြည်လင်နေ၍သာ ဘော်ပေါ်မှ တစ်စုံတစ်ယောက်က ရေငုပ်သွားသောသန်မာ၏ ခေါင်းပေါ်သို့ ကျောက်တုံးကြီးတစ်တုံး တွန်းချလိုက်၍ ကျလာခြင်း သန်မာက အရိပ်မည်းကြီးတစ်ခုအဖြစ် မြင်လိုက်ရခြင်းဖြစ် ည်။ ဝေန်မြစ်သည် တန်ဆောင်မုန်းလအထိ ယခုကဲ့သို့ ရေ ကြည်လင်။ မိုးတွင်းတစ်တွင်းလုံးနှင့် တန်ဆောင်မုန်းအထိ နောက် နေမြဲသာ။ ထိုအချိန်များ၌သာ လူသတ်သမားက ကျောက်တုံး ကို ပစ်ချခဲ့လျှင်သန်မာသည် ကျောက်တုံးကြီးကျလာသည်ကို တွေ့မမြင်ရသဖြင့် ယခုကဲ့သို့ရှောင်နိုင်လိမ့်မည် မဟုတ်ပေ။

သန်မာ လူသတ်သမားကို ကျေးဇူးတင်နေမိသည်။ သန်မာ က လူသတ်သမားဖြစ်ခဲ့လျှင် ယခုကဲ့သို့ သန်မာရေထဲ ငုပ်သွားချိန် မှ ကျောက်တုံးကြီးကို တွန်းချမည်မဟုတ်ပေ။ သန်မာအမိုးပေါ် တ်သည့် လှေကားခြေရင်းတွဲလောင်း ကိုင်ဆင်းစကတည်းက ရေနှင့် မထိခင်ကတည်းက ကျောက်တုံးကြီးသူ့ခေါင်းပေါ် တည့်တည့် အောင်မ၍လည်းကောင်း၊ တွန်းချ၍လည်းကောင်း ပြုလုပ်မည် ဖြစ်ပါသည်။ ထိုသို့လုပ်ခဲ့လျှင် ရေပေါ်လေထဲတွင်ပင် အရုပ်ကြိုး ်ဖြစ်သွားပေလိမ့်မည်။ ခေါင်းကွဲ သေသွားပေလိမ့်မည်။ အသတ် သူက ကျောက်တုံးကြီး တွန်းချသူကို မြင်လိုက်ဦး၊ သေသွားပြီ ၍ မည်သူသတ်ကြောင်း စကားပြောနိုင်တော့မည် မဟုတ်ပါ။ ်မြင်သက်သေအဖြစ် တရားခံဖော်ထုတ်နိုင်တော့မည် မဟုတ် ား။ ညံ့ဖျင်းလွန်းသည့် တရားခံရယ်လေ။ ကျောက်တုံးကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



လေထဲနှင့်ရေထဲတွင် ကျဆင်းနှုန်း အမြန်မတူညီသည်ကို သင်းသတ
မပြုမိလေရော့သလား။

သန်မာပြန်စဉ်းစားနေမိသည်။ သူအမိုးပေါ်တက်သည
လှေကားအခြေမှ ဆင်းမလာမီ သဘော်ပေါ်တွင် ကျောက်တုံးကြ
ရှိ/မရှိဘယ်သို့မျှ စဉ်းစားမရ။ သတိမထားမိ၍ဖြစ်မည်။ ကြိုတ
ကြံစည်ထားသည်ကား သေချာသည်။ ကျောက်တုံးကြီးကို တစ်
ရာရာက တင်လာပြီး ဝှက်ထားလေသလား။ အမိုးပေါ်တက်သည
လှေကားအနီးတွင် နဂိုကတည်းက ပို့ထားပြီး၊ အဝတ်တစ်ထည
တစ်ခုခုနှင့် အုပ်ထားလေသလား။ အဝတ်လှန်းသည့်ပုံစံဖြ
ပုဆိုးလွှမ်းထားခဲ့လေသလား။ မသေချာဘဲ သူတစ်ထူးနစ်န
အောင် မစွပ်စွဲကောင်း မထင်မြင်ကောင်းမှန်း သန်မာသိပါသည
သို့သော်လည်း မပြေးသော်လည်း ကန်ရာရှိနေပြီ။ ဆင်ခြေရာလည
တွေ့နေခဲ့ပြီ။ သည်ကိစ္စက တက်မကိုင်ကိုစံဖေမှလွဲ၍ မည်သူ
လုပ်နိုင်မည်မဟုတ်။ ဤမျှကြီးမားသော ကျောက်တုံးကြီးကို ကိုစံ
ပင် တစ်ယောက်တည်း သဘော်ပေါ်သို့ တင်နိုင်မည်မဟုတ်
တစ်ယောက်ယောက် အကူအညီတော့ ရယူရလိမ့်မည်။

သန်မာသည် အသက်အစွန့်ခံပြီးတော့ နဒီဒေဝီရေယာ
ပေါ်တွင် မနေလိုတော့ပါ။ သန်မာ့အတွက် ဘွဲ့တစ်ခုရအော
အထောက်အကူပေးခဲ့သည့် နဒီဒေဝီရေယာဉ်ကို မခွဲခွာလိုပေမ
ခွဲခွာရပေတော့မည်။ သန်မာသည် ရေယာဉ်အုပ် ဦးညိုမြင့်အ
သည်ကိစ္စကိုဖွင့်ပြောပြပြီး သဘော်မှဆင်းခွင့်ပြုဖို့ ခွင့်ပန်ခဲ့သည



ဆရာဦးညိုမြင့်ကိုယ်တိုင် ရေထဲဆင်းငုပ်ကြည့်ပြီးနောက် သူဌေး ဦးဂျက်ဖရီဝင်းရောက်လာသဖြင့် ဆရာဦးညိုမြင့်က ဆက်လက် ရှင်းပြလိုက်သည်။ သူဌေးက သဘော်သားအားလုံး စုဝေးစေပြီး ကျောက်တုံးကြီးကိစ္စမေးတော့လည်း အားလုံးဘူးခံကြသည်။ တက်မကိုင် ကိုစံဖေနှင့်သူတပည့်ခင်မောင်တင့်တို့၏မျက်နှာများ က ရှုပ်ပျက်ဆင်းပျက်ဖြစ်လောက်အောင် ပျက်နေကြသည်ကို အားလုံးတွေ့ကြမည်ဖြစ်ပါသည်။ နောက်ဆုံး သူဌေးကရော ရေယာဉ်အုပ်ကပါ သန်မာအား နဒီဒေဝီရေယာဉ်မှ ဆင်းခွင့်ပြုခဲ့ ကြပါသည်။

ဆီလောင်းဆန်းလွင်ဟာ သူညီသန်းလွင်လေး ဆယ်တန်း ဖြေထားပြီး၍ သန်မာ၏ အဝေးသင်စာစဉ်များနှင့် ပြဋ္ဌာန်း စာအုပ်များကို ပေးခဲ့ရန်တောင်းသဖြင့် သန်မာက အားလုံးပေးခဲ့ ပါသည်။ သန်မာသည် အိပ်ရာလိပ်ကိုပွေ့ပြီး တခြားအလုပ်ရှာရန် နဒီဒေဝီမှ တရွေ့ရွေ့ထွက်ခွာလာခဲ့မိပေပြီ။

"ဂစ် . . . ဂစ် . . . ဂစ် . . . ဂစ်"

သရက်ပင်ကြီးပေါ်မှ ညဥ့်ငှက်တစ်ကောင်၏ အော်သံ ကြောင့် အတွေးအိပ်မက်မှ သန်မာလန့်နိုးလာသည်။ သန်မာက လက်နှိပ်ဓာတ်မီးဖြင့် လက်မှလက်ပတ်နာရီကိုထိုးကြည့်လိုက်တော့ နံနက် (၃) နာရီထိုးနေပြီ။ အချိန်တွေ အတော်ကုန်သွားပြီပဲ။ နက်ဖြန်မှစလျက် လုပ်ငန်းခွင်စဝင်ရတော့မည်ဖြစ်၍ သန်မာမအိပ်ရ၍ မဖြစ်တော့။ မျက်စိစုံမှိတ်ပြီး ဂုဏ်တော်ကိုးပါးစိတ်ထဲမှာ ပတ်ရသည်

www.burmeseclassic.com

www.burmeseclassic.com

ရွတ်နေရင်း တဖြည်းဖြည်းမျက်ခွံများ လေးလာပြီး အိပ်ပျော်သွားတော့သည်။

ညဉ့်လည်းတိတ်ဆိတ်ငြိမ်သက်စွာ အိပ်စက်သွားလေပြီ။

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

# ပျံသန်းလာမည့် ငှက်တစ်အုပ်

"လူနပ်ချမ်းသာ" ဆိုသည့်စကားကို သန်မာသည် အစက "လူနတ်ချမ်းသာ" ဟုပဲထင်ခဲ့၏။ လူရောနတ်ရော ချမ်းသာသည် ဟုပဲသဘောပေါက်နားလည်ခဲ့၏။ သာပေါင်းမြို့နယ် လှေကြီးတက် ကျေးရွာတွင် တစ်နေ့တန်နှစ်ရာကျ ပျော့ဖတ်စက်ရုံ တည်ဆောက် ရန်အတွက် မြေခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းတွင် ဝင်ရောက် လုပ်ကိုင်မည်ဆိုတော့ သန်မာ ဟိုလှေ့လာသည်လှေ့လာ။ ဟိုစုံစမ်း သည်စုံစမ်းကြည့်တော့မှ "လူနတ်ချမ်းသာ" မဟုတ်ဘဲ "လူနပ် ချမ်းသာ" တွေအကြောင်း သန်မာကောင်းကောင်း သိလာရသည်။

လှေကြီးတက်ကျေးရွာနှင့် ရွာနီးချုပ်စပ်ကျေးရွာများမှ ရွာသူရွာသားများက ရိုးသားကြသူတွေ၊ ငါးရှာဖားရှာ လယ်လုပ်၊ ခြံလုပ်လုပ်နေကြသူတွေ။ ငါးရှာဖားရှာအလုပ်ပဲ ငွေအမြန် ပေါ်သည်။ အဖေက၊ လင်က၊ အစ်ကိုက၊ မောင်က၊ ဦးလေးက၊



www.burmeseclassic.com

www.burmeseclassic.com



တူက၊ ငါးရှာဖားရှာ၊ အမေက၊ ဇနီးက၊ နှမက၊ အစ်မက၊ တူမ
အခေါ်က ရွာထဲငါးဖားလှည့်ပတ်ရောင်း၊ ရွာနီးချုပ်စပ်ရော
သာ့ပေါင်းမြို့ပေါ်တက်ရောင်း ငွေပေါ်သည်။ ငွေကိုင်ရသည်
ဤသည်ပင် ရွာများ၌ အကြွေးပေးခဲ့ရသည် ရှိသေး၏။ ဝန်မြစ်
ငါးပေါဖားပေါတော့ ဈေးကောင်းကောင်းမရ။ ငွေများများမ
ငွေများများ မကိုင်ရ။ ကိုင်ရသည့်ငွေကလည်း ဆန်၊ ဆီ၊ ဆ
ကြက်သွန်၊ ငရုတ်လိုအပ်သည်များ ဝယ်လိုက်ရသဖြင့် လက်
အောင် မကိုင်လိုက်ရ။ လယ်အလုပ်၊ ခြံအလုပ်က ငါးရှာ ဖား
သကဲ့သို့ ချက်ချင်းငွေပေါ်သည်မဟုတ်။ ပြီးတော့ ငါးရှာ ဖား
လယ်လုပ် ခြံလုပ်အလုပ်က လူတိုင်းအတွက်မဟုတ်။

ရွာသူရွာသားတွေ ငွေလိုနေမှန်း၊ ငွေလိုချင်မှန်းသိကြ
လူတိုင်းကိုအလုပ်ပေးနိုင်သည့် ရောမစီမံကိန်းကြီး ဖြစ်နေ
ထိုစီမံကိန်းကြီးနှင့် ဆက်နွယ်ပတ်သက်သူတွေ၊ ထိုဆက်နွ
ပတ်သက်သူတွေ နှင့်ထပ်မံဆက်နွယ် ပတ်သက်သူတွေက လူ
ချမ်းသာလုပ်လာကြသည်။ ရွာမှာတစ်နေ့ကုန်နေ၍ တစ်နေ့
အလုပ်လုပ်၍ လူတိုင်းငွေတစ်ရာကျပ် နှစ်ရာကျပ်လက်ထဲကို
မလွယ်သည်ကို လူနပ်ချမ်းသာတို့ သိကြ၏။ ရောမစီမံကိန်းကြီး
မြေခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းအတွက် ချပေးသည့်ငွေမျာ
ထဲက လူနပ်ချမ်းသာတို့အတွက် ကျန်နိုင်သမျှ ကျန်အောင်
သမျှရအောင် ကလေး၊ လူကြီး၊ မိန်းမတို့ရသင့်ငွေများထဲမှ လုယ
မားပြတိုက်မှု၊ ခိုးယူမှု တစ်နည်းနည်းဖြင့် ခေါင်းပုံဖြတ်ယူမှ
ပေလိမ့်မည်။



လူကြီးယောက်ျား တစ်ယောက်သုံးရာ့ငါးဆယ် လုပ်နိုင်
ကိုင်နိုင်သူမှ လေးရာ၊ အမျိုးသမီးနှင့် ကလေး (လူရွယ်/လူငယ်)က
လုပ်အားခ အတူတူ၊ တစ်နေ့သုံးရာကျပ်သာပေးသည်။ အလုပ်ရှား၊
ငွေရှား တောသူတောင်သားတွေဆိုတော့ ဤမျှငွေသည်ပင် လုပ်
ပျော်နေကြပြီ။ အလကားနေအလကား၊ လူတိုင်းအလုပ်ရ ငွေရ
နေကြတော့ အားလုံးပျော်နေကြပြီ။ တကယ့်ဝမ်းသာစရာပါ။ လက်
ထဲငွေရှိတော့ သုံးနိုင်စွဲနိုင်ဝယ်နိုင်ချမ်းနိုင်ဆိုတော့ သူတို့တစ်တွေ
အားလုံး ပျော်တပြုံးပြုံး မော်မဆုံးဖြစ်နေကြပြီပေါ့။

သူတို့အပေါ်မှာ အလုပ်သမားခေါင်း သို့မဟုတ် အလုပ်
သမားခေါင်းစာရေးမတွေရှိသည်။ တကယ်ကျတော့လည်း သူတို့
လည်းမရှိမဖြစ်။ အလုပ်သမားဆိုသည်ကလည်း လုပ်ကြပြီဆို
ပစ်ထား၍မရ။ ပစ်ထားလျှင် အပါးခိုကြမည်။ နားနေကြမည်။
အလုပ်မလုပ်ဘဲ စကားများနေကြမည်မဟုတ်လား။ အလုပ်သမား
အလုပ်လုပ်နေအောင်ခိုင်းဖို့ အလုပ်သမားခေါင်း လိုပေတော့မည်။
နောက်တစ်ဆင့် ကြီးကြပ်သူ၊ သူကလည်း သက်ဆိုင်ရာ စီမံကိန်း
တာဝန်ရှိသူများထံမှ ငွေထုတ်ရမည်။ ငွေပြန်ထုတ်ပေးရမည်။
ထုတ်ယူသည့်ငွေနှင့် အလုပ်ပြီးပြတ်မှု ကိုက်မကိုက်စီစစ်ရမည်။
မကိုက်လျှင် ကိုက်အောင် စီစဉ်ရမည်။ ကြီးကြပ်ရမည်။ သူကလည်း
မရှိမဖြစ်မိုး။ အားလုံးက မရှိမဖြစ်မြေ၊ မရှိမဖြစ်လေ၊ မရှိမဖြစ်
ဓရေတွေမိုးတွေပါပဲလေ။

နဖူးမှချွေးခြေမကျအောင် အဆင်မသင့်လျှင် သွေးမြေကျ
အောင်လုပ်ကြရသည့် အလုပ်သမားတွေထက် အလုပ်သမားခေါင်း
နှင့် ကြီးကြပ်သူတို့ကသာ အလုပ်သမားတွေအတွက်ပေးထားသည့်

www.burmeseclassic.com

www.burmeseclassic.com

ငွေတွေ ထဲမှ ငွေတွေမတော်တရော် ပိုယူနေကြသည်။ ဖြတ်စာ
လပ်စား မတော်မတည့်လုပ်ယူနေကြသည်။ တချို့နေရာကျတော
ယောက်ျားငါးရာ၊ မိန်းမလေးရာ ကလေးသုံးရာပေးသည်ဟုလည်
ကြားရသည်။ ထပ်မံစုံစမ်းကြည့်တော့ ယောက်ျားခုနစ်ရာ၊ မိန်း
ငါးရာ၊ ကလေးလေးရာပေးသည့်နေရာပင်ရှိသည်တဲ့။ အလုပ်ခိုင်း
ခိုင်းနည်းမတူ၍ပဲလား။ ဦးစီးလုပ်ကိုင်သူတို့၏ မျှမျှတတ သမ
သမတ်ကျကျ လုပ်ကိုင်လိုသည့် စိတ်ဓာတ်များကြောင့်လား။ တစ်ခု
တော့ ဖြစ်ပေမည်ပေါ့။ သာဓုခေါ်ဖို့ ကောင်းလေစွ။

အစိုးရက အလုပ်သမားတစ်ယောက် ဘယ်မျှပေးသည်
သန်မာမသိပါ။ သန်မာသိသည်က ယောက်ျားတစ်ယောက်သုံး
ငါးဆယ်။ လေးရာရသည်မှာ သဘော်သားတစ်ယောက်ရသည
လစာထက်များ နေသည်ကိုသိပါသည်။ တစ်ခုတော့ရှိပါသည်
သဘော်သားက စားဖို့မပူရ၊ နေဖို့မပူရမဟုတ်လား။ သူ့ငွေအ
ဖြင့် သဘော်သား တစ်ယောက်၏ စားရေး နေရေးပါ၊ တာဝ
ယူထားရတော့ လစာတစ်သောင်းကျော် တစ်သောင်းနှစ်ထော
အဘယ်သို့ပေးနိုင်ပါမည်လဲ။ မည်သို့ဆိုစေ၊ လှေကြီးတက်ဈေး
ငါးမျိုးစုံအလွန်ပေါသလောက် ငါးဈေးလည်းတအားချိုသည်
ဟင်းသီးဟင်းရွက်လည်းပေါသည်။ ဒေသကလည်း ဆန်ထွက်တေ
ဒေသထွက်ဆန်ကလည်းဈေးချိုသည်။ သန်မာလို တစ်ယော
တည်းသမားအဖို့ ချွေတာစားတတ်လျှင် တစ်ရာတစ်ရာ့ငါးဆယ်
မိပေလိမ့်မည်။ မုန့်ဟင်းခါးလောက်နှင့် တင်းတိမ်လျှင်သည့်ထ
ပိုစုမိပေလိမ့်မည်။



သန်မာ့လုပ်အား သန်မာသိသည်။ သူ့အချိန်လု လုပ်မည်ဆိုလျှင် တစ်နေ့လူကြီးယောက်ျား သုံးယောက်စာလောက် လုပ်နိုင်သည်။ အလုပ်ရှင်တို့ကို သန်မာလုပ်လည်းပြခဲ့သည်။ သန်မာလုပ်ရည်ကိုင်ရည်ကို ကုမ္ပဏီတစ်ခုက သဘောကျသွားသည်။ လုပ်ကွက်ပုတ်ပြတ်ငှားစနစ်ဖြင့် ငှားသည်။ သူ့လုပ်အားကကောင်းတော့ တစ်နေ့ထောင့်သုံးလေးရာစီသည်။ ငှားသူအတွက်လည်း တိုက်သည်။ မြေခုတ်ထွင်ရှင်းလင်းခြင်းအလုပ် အမြန်ပြီးသွားသည်။ လူသုံးလေးယောက်စာကို သူတစ်ယောက်တည်းက လုပ်ပေးတော့ ငွေကုန်လည်းသက်သာပြီး စက်ရုံဆောက်ဖို့ကိစ္စ အမြန်လုပ်နိုင်သွားသည် မဟုတ်ပါလား။

သူ့ငွေအတော်အတန်စုမိတော့ ပုသိမ်ဆင်းပြီး လေးသံဝယ်သည်။ ပန်းပဲဖိုသွားသည်။ သူကိုင်မည့်ဓားမနှစ်လက် စိတ်ကြိုက်လုပ်ပေးဖို့အပ်ခဲ့သည်။ မော်တာသုံး ဓားသွေးကျောက် တစ်ခု လူရှိုင်းခေါင်းတံဆိပ် ဓားသွေးကျောက် တစ်ခုဝယ်သည်။ အခြားလိုအပ်သည် တချို့ဝယ်ပြီး မာဂရက်သဘော်ဖြင့် ပြန်လာခဲ့သည်။

သန်မာအတွက် တွက်ခြေကိုက်သောမြေ ခုတ်ထွင်ရှင်းလင်းခြင်းအလုပ်ကို သန်မာအကြာကြီးမလုပ်လိုက်ရ။ အကြာချည်း လုပ်နေချင်မှ အလုပ်ကပြီးသွားပြီ။ စက်ရုံမှာ တစ်နေ့ ပျော့ဖတ်တန် နှစ်ရာကျစက်ရုံကြီးဖြစ်၍ ဆောက်မည့် အဆောက်အဦကြီးက အကြီးကြီး၊ အဆောင်ဆောင်အခန်းခန်း အဆန်းဆန်း

www.burmeseclassic.com

www.burmeseclassic.com



အကျယ်တကျယ်။ စက်ရုံကြီးဆီသို့ စက်ကြီးဝါးဖိုဝါးတွေကလည်း လူနှင့် သယ်မှာ မဟုတ်ဘူးတဲ့။ဝေနိမြစ်ရှိ ဝါးဖောင်တွေဆီမှ ဝါးတွေကို ကား တွေနှင့် ဂိုဒေါင်တွေဆီပို့၊ ဂိုဒေါင်တွေထဲမှ ဝါးတွေကို ကွန်ဘေယာ ခေါ် မိုးပျံဝါးမျှော ဝါးပို့တံတားဆောက်ပြီး Hydraulic Roller တွေ ဖြင့် ပို့မည်တဲ့။ ပြီးတော့ တစ်ဆက်တည်း တစ်နေ့တန် ၅၀ ကျ စက္ကူစက်ရုံတည်ထောင်မည်တဲ့။

အလုပ်တွေက ပေါလိုက်ဘီခြင်း။ သန်မာအဖို့ မြေခုတ်တွင် ရှင်းလင်းသည်လောက် ဝင်ငွေကောင်းမည် မဟုတ်သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းတွင် ဝင်လုပ်ပါက တစ်နေ့ တစ်ထောင် ပတ်ဝန်းကျင်တော့ ရရှိမည်ဟု သန်မာယုံကြည်သည်။ အစား ကောင်းကောင်းစားရလျှင် သတိရမှ မိတ်ဆွေကောင်းဖြစ်သည်ဟု သန်မာကြားဖူးသည်။ သန်မာ့ အယူအဆကတော့ အလုပ် ကောင်း ကောင်းရနေတော့ ပြည့်စုံတို့ကိုသတိရလာသည်။ ပြည့်စုံတို့ကို လည်း သူ့လို လုပ်အားခ ကောင်းကောင်းရစေချင်သည်။ ဝင်ငွေ ကောင်းနေလျှင်၊ သူတို့ဘဝသည်ထက် ပိုတည်ငြိမ်လာမည် မဟုတ် ပါလား။ သန်မာသည် သူဌေးဦးဂျက်ဖရီဝင်းအိမ်လိပ်စာနှင့် ဦးလေး ထည့်လိုက်သည့် တစ်စောင်တည်းသော စာကိုသတိရလာသည်။ သန်မာနေ့စဉ်မှတ်တမ်းစာအုပ်ကြားမှ ဦးလေးရေးခဲ့သည့် စာကို ပြန်ဖတ်ကြည့်မိပြန်ပြီ။

တူမောင်သန်မာရေ-

မင်းနေထိုင်ကောင်းပါစေလို့ တို့မိသားစုနဲ့ ပြည့်စုံလေး တို့က ဆုတောင်းနေကြပါတယ်။ တို့မိသားစုလည်း အားလုံးနေ ထိုင်ကောင်းကြပါတယ်။



မင်းလည်းငါတို့ဆီပြန်မလာတာ နှစ်နှစ်လောက်ရှိရော့ ယ်နော်။ မင့်ဒေါ်လေးက တစ်ခါတလေ မျက်ရည်စမ်းစမ်းနဲ့ င့်ကိုမျှော်နေရှာတာ။ ငါလည်းမင်းသဘော်တက်ပြီး နောက် တစ်ခါလာလည်တုန်းက ပြောခဲ့တဲ့စကားကို နားကမထွက်လို့ အန္တရာယ်များတဲ့အဲဒီလုပ်ငန်းကို စွန့်ဖို့ကြံစည်နေတာကြာခဲ့ပြီ။

ခု အဲဒီအလုပ်စွန့်လွှတ်လိုက်ပြီမို့ မင်းစိတ်မပူအောင် ငါ စာရေးပြောလိုက်တာ။ ငါခုဘာလုပ်နေတယ်ဆိုတာ မင်းသိလား။ တခြားမဟုတ်ဘူးဟေ့။ ဆိုက်ကားထောင်စားတာပါ။ ဆိုက်ကား ထောင်ဖို့ဖြစ်လာတဲ့ အကြောင်းကလည်း စိတ်ဝင်စားဖို့ကောင်း တယ်ကွ။ တို့အိမ်ဘေးက တစ်ခြံထဲနေတဲ့ကိုချစ်ဆွေလေ။ အိပ်မက် အရ ချဲထိုး တာ ငါးရာကွက်ပေါက်လို့ ချဲစွဲသွားလိုက်တာ။ ခုအိမ်ပါ ရောင်းပေး ရမလိုဖြစ်လာတော့ တစ်ကွက်ထဲတစ်ဝိုင်းထဲမို့ ငါပဲဝယ်လိုက်တယ်။ သူ့အိမ်ရော ငါ့အိမ်ပါတစ်ခြံလုံးကိုလည်း သံဆူးကြိုးကာ လိုက်တယ်။ လက်ထဲကျန်တဲ့ငွေနဲ့ ဆိုက်ကားအစီး နှစ်ဆယ်လောက် ဝယ်နိုင်ပေမယ့် ဆိုက်ကားဆယ့်ငါးစီးဝယ်ထောင် လိုက်တယ်။ ညဆို ဆိုက်ကားတွေ ခြံထဲထည့်သော့ခတ်လိုက် တာပေါ့။

လက်ခွဲချဲဒိုင်က အကျိုးတော့ပေးသား။ မင်းပြောခဲ့တဲ့ စကားကိုလန့်ပြီးသာဖြုတ်ပစ်လိုက်ရတာ။ ဟုတ်တော့ ဟုတ်ပါ တယ်။ လောကငရဲဘုံကို မင်းပြောပြရုံနဲ့ ငါကြောက်နေခဲ့တာ၊ နေ့ စိတ်မအေး၊ ညစိတ်မအေး။ ညအိပ်မပျော်၊ ခွေးဟောင်ရင်ပဲ လန့် နေရတာမဟုတ်လား။ ခုလေ စားဝင်အိပ်ပျော်၊ လူ့ဘဝရဲ့ အရသာ အမှန်ကို ငါခံစားရပါပြီ။ ပြီးတော့ ငါတို့ လင်ကိုယ်မယားပဲဟာ။

www.burmeseclassic.com

www.burmeseclassic.com



ဘာပူစရာမှမရှိဘူး။ ပြည့်စုံလုပ်ပေးတဲ့ အရက်ရောင်းတဲ့ အလုပ်နဲ့တင်စားလို့ရတဲ့ဥစ္စာ၊ ပြည့်စုံကလည်း တကယ်လိမ္မာတယ်။ ငါတို့ကို သူမိဘလိုသဘောထားတာ။ မင်းပြောထားတဲ့ မင့် သူငယ်ချင်းတွေလည်း ငါ့အိမ်ရောက်နေကြပြီ။ ရဲမောင်နဲ့ ကောင်းသန့်က အလျှင်ရောက်တာ၊ ဟန်ထွန်းနဲ့ ဘခင်က နောက်မှရောက်တာ။

သူတို့လေးယောက်လုံးငါ့ဆီမှာပဲ ဆိုက်ကားနင်းကြတယ်။ ဆိုက်ကားနင်းချင်သူတွေက ပေါပါတယ်။ မင့်မျက်နှာနဲ့ သူတို့ကို ပေးနင်းခဲ့တာပါ။ ပြည့်စုံလေးက အစက ငါတို့နဲ့အတူနေပေမယ့် သူ့သူငယ်ချင်းတွေ ရောက်လာတော့ သူ့သူငယ်ချင်းတွေနဲ့ အတူသွားနေတယ်။ အခြားမဟုတ်ဘူး။ ငါဝယ်လိုက်တဲ့ ကိုချစ်ဆွေအိမ်ကို ငှားနေကြတာ။ ငါက မင့်သူငယ်ချင်းတွေမို့ စပေါ်ငွေမယူပါဘူး။ သူတို့က ထမင်းလခပေးစားတော့ ငါတို့လင်မယား သီးခြားအလုပ်ရသွားပြီပေ့ါ။ အခြေအနေအရ လူဆိုးလူပေလူတေလေးတွေ ဖြစ်ခဲ့ကြပေမယ့် ခုလိုအလုပ်အကိုင်နဲ့ဆိုတော့ ဟုတ်နေကြသားပဲ၊ သူတို့အားလုံး လိမ္မာကြပါတယ်။

ညဘက်ပျင်းရင် ငါသူတို့အိမ်ဘက်ကူးသွားတာ။ ဒီကောင်လေးတွေက မင်းကိုတကယ်အထင်ကြီး လေးစားကြတာပဲ။ မင်းတရားရုံးမှာ ပြောခဲ့တာတွေ ပြန်ပြောပြတာ ခဏခဏဆိုတော့ ငါအလွတ်ရနေပြီ။ မင်းအဘိုးချင်းဒစ်စစ်သားကြီး၊ မုဆိုးကြီးက မင်းကိုလမ်းလျှောက်နိုင်တဲ့ အရွယ်ကတည်းက တောလည်ခေါ်သွားခဲ့တာတဲ့။ ၁၀ နှစ်သားအရွယ်မှာ စိန်းလုံတောင်တန်းကြီးပေါ်



အထိ တက်ခဲ့တာတဲ့၊ တောလည်ရာမှာ ဖိနပ်မပါ ခြေဗလာနဲ့ အဘိုးနောက်လိုက်ခဲ့တာလို့ မင်းတပြောပြတော့ သူတို့မင်းကို တအားအထင်ကြီးလေးစားသွားတာတဲ့။ မင်းခြေမင်းလက် မင်းခန္ဓာကိုယ်ကလည်း မင်းပြောတာမှန်တယ်လို့ သက်သေပြနေတာတဲ့။

သူတို့က စာမတတ်ပေမတတ် ဖုံးသေတဲ့သူတွေတဲ့။ မင်းပြောပြတဲ့ လောကငရဲကို ငရဲဘုံမှန်းသူတို့ တကယ်မသိဘူးတဲ့။ ငရဲဘုံက လွတ်အောင်လည်း ဘယ်လိုလုပ်ရမှန်းမသိကြဘူးတဲ့။ ဖုံးဝေးတဲ့သူတို့ဟာ မင်းနဲ့တွေ့မှ မင်းရှင်းပြမှ သူတို့နားထဲရှင်း သူတို့မျက်စိထဲ လင်းသွားတာတဲ့။ မှောင်မိုက်နေတဲ့ညကြီး မီးခွက်ထွန်းပြလိုက်သလိုပါပဲတဲ့။ အကြွေးယူထားရင် ပြန်ဆပ်ရမှာကိုလည်း သိလာပြီတဲ့။ အကြွေးထပ်တင်မယ့် ဒုစရိုက်အလုပ်တွေ ဘယ်တော့မှ မလုပ်တော့ဘူးတဲ့။

သူတို့စကားကြားလိုက်ရတော့ ငါဝမ်းသာလိုက်တာ မပြောနဲ့။ သူတို့လူကောင်းသူကောင်း ဖြစ်သွားအောင် ပြောပြတတ်တဲ့ မင်းကိုလည်း ငါလေးစားမိတယ်။ သူတို့စကားကြားရမှ ငါလည်း အရက်ရောင်းတဲ့အလုပ်ဖြုတ်တော့မယ်လို့ စိတ်ကူးရလာမိတယ်။ ပြည့်စုံလည်း ဆိုက်ကားနင်းပေ့ါ။ ဒါနဲ့ အလျှင်ရောက်တဲ့ မင့်ကောင်နှစ်ယောက်က ရုပ်ရှင်ရှူတွေထင်တယ်။ ဆိုက်ကားသိမ်း၊ ထမင်းစားပြီးတာနဲ့ ဗီဒီယိုရုံပြေးတော့တာပဲ။ ဗီဒီယိုကလည်း နှစ်ကားလောက်ကြည့်တယ်ထင်တယ်။ နေ့တိုင်း ကိုးနာရီလောက်မှ အိပ်ရာက ထတာ။ နောက်မှရောက်လာသူနှစ်ယောက်က ခြောက်နာရီလောက်

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ဆိုက်ကားထွက်သွားပြီ။ ညနေဆိုက်ကားသိမ်းတော့ ပိုက်ဆံရတာချင်းကွာမှာပေါ့။ သူတို့အမှား သူတို့ပြိုင်ဘက်မရှိတော့ မသိဘူးပေါ့။ ပြိုင်ဘက်ပေါ်လာတော့ သိသွားတယ်ထင်တယ်။ ဗီဒီယိုရုံ မသွားကြတော့ဘူး။ လေးယောက်စလုံး စောစောထကြလို့ လုပ်အားပြိုင် ငွေရပြိုင် စုတာဆောင်းတာ ပြိုင်ကြပြီ။ ထင်ပါရဲ့။ ဒီလိုပြိုင်တာ ငါတော့ကြိုက်တယ်။ မှားမှန်းသိလို့ ပြင်နိုင်တာကိုက ဒီကောင်လေးတွေ တော်တယ်လို့ ငါပြောနိုင်တယ်။

ကဲ စာလည်းရှည်သွားပြီ။ မင်းလည်း ကျန်းမာရေးဂရုစိုက်။ အဝေးသင်စာမေးပွဲအောင်အောင်လည်း စာကြိုးစား၊ အလုပ်လည်း ဂရုစိုက်။ ရေနဲ့လုပ်ရတာ သတိရှိပါ။ ငါတို့ဆီလည်း စာရေးပါဦး။ ဒါပါပဲ။

ဦးလေးဦးသန်းဇော်

သန်မာသည် စာရွက်တွေကို သေချာခေါက်ပြီး စာအိတ်ထဲပြန်ထည့်ကာ နေ့စဉ်မှတ်တမ်းစာအုပ်ကြား ပြန်ညှပ် ထားလိုက်သည်။ စုထားသည့်ငွေကိုလည်း ဒေါ်လေးထံ စာတိုက်မှ ပို့မည်ဟု ဆုံးဖြတ်လိုက်သည်။

လှေကြီးတက်မှာက နေစရာလည်းမပူရ၊ စက်ရုံပတ်ဝန်းကျင် တဲထိုးနေ၍ရသည်။ အလုပ်သမားအများစုက ဤသို့နေကြသည်။ ဝါးပေါသည်။ သက်ကယ်ပေါသည်။ သစ်ပေါသည်။ အစားအသောက်လည်း ပေါသည်။ ဦးလေး၏ စာထဲတွင် ဆိုက်ကားနင်းချင်သူတွေက ပေါပါတယ်ဟု ရေးထားသည်ပဲ။ ပြည့်စုံ၊ ရဲမောင်၊ ကောင်းသန့်၊ ဟန်ထွန်းနှင့် ဘခင်တို့ကို ဝင်ငွေကောင်းသည့်



အလုပ်ပေါသည့် လှေကြီးတက်သို့ခေါ်လိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။

သူတို့ကို ထမင်းချက်ကျွေးနေသည့် ဒေါ်လေးလည်း အနားရသွားမည်။ သူတို့ငှားနေသည့် အိမ်ကိုတော့ ဘယ်သူငှားငှားရသည်မဟုတ်ပါလား။ စပေါ်ငွေပင် သုံးစွဲရပေဦးမည်။

လှေကြီးတက်ကောင်းကင်ယံ၌ ငှက်တစ်အုပ်ပျံသန်းလာတော့မှာပါလား။ ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၉)

## သူကျော် ငါနင်း

တစ်နေ့တန်နှစ်ရာကျ ပျော့ဖတ်စက်ရုံကြီး တည်ဆောက်မည့် တရုတ်လူမျိုးအင်ဂျင်နီယာတွေ မြန်မာလူမျိုးအင်ဂျင်နီယာတွေ အစုံရောက်နေကြပြီ။ သူတို့လိုချင်သည့် အဆောက်အအုံများ ဆောက်လုပ်ပေးကြမည့် ကုမ္ပဏီအတော် များများလည်းရောက်နေကြပြီ။ သန်မာတွေ့သည့် ကုမ္ပဏီတွေ့က စက်မှု (၂) ရွှေသီဟ၊ ရေသန့် အရှေ့ဦး၊ Fortune, BTT, MIC စသည်ဖြင့် များလှ၏။ ကုမ္ပဏီတွေမှ အင်ဂျင်နီယာတွေ၊ အင်ဂျင်နီယာမတွေ ရှူပါဘိုက်ဇာတွေလည်း များလှ၏။ သူတို့က ဂျစ်ကားတွေတဝီဝီ ဆိုင်ကယ်တွေတရှိန်ရှိန်စီးကြပြီး လက်ကိုင်ဖုန်းတွေတတီတီနှင့် ပြောနေကြ၏။ အလုပ်သမားခေါင်း၊ အလုပ်သမားခေါင်းစာရေးမတွေကလည်း များလှပါဘိ။ ကုမ္ပဏီတစ်ခု လက်သမားတစ်ရာကျော်၊ ပန်းရံသမားတစ်ရာကျော်နှင့် ကုမ္ပဏီများစွာမို့ ပျော်စရာဖြစ်နေ၏။





မြည့်စုံ၊ ရဲမောင်၊ ကောင်းသန့်၊ ဟန်ထွန်းနှင့် ဘခင်တို့ ရောက်လာတော့ ခြောက်ယောက်နေနိုင်ဖို့ တဲသာသာ အိမ်တစ်လုံး ဆောက်ဖို့လိုလာပြီ။ နေရာရွေးဖို့ စဉ်းစားရပြီ။ တစ်နေ့တန်နှစ်ရာကျ ပျော့ဖတ်စက်ရုံကြီးနှင့် နီးလွန်း၍လည်းမဖြစ်။ တစ်နေ့တန် ၅၀ကျ စက္ကူစက်ရုံနှင့် နီးလွန်း၍လည်းမဖြစ်။ ရေသန့်ဌာနနှင့်တော့ သိပ်မနီးလျှင် ဖြစ်နိုင်သည်။ စက်ရုံကြီးများ ဝန်းခြံခတ်သည့်အထဲ ပါသွားလျှင်ဖျက်ပေးရမည်။ ဝေန်မြစ်ကမ်းဘေး အနောက်ဘက်ခြမ်း က သာပေါင်းလမ်းနှင့် ဘုန်းကြီးကျောင်းတိုက်အထိက ရွာတည်ထားသည်။ ရွာတောင်ဘက် ဝေန်မြစ်ကမ်းဘေး သွားနေမည်ဆိုလျှင်တော့ ရေအတွက်လုံးဝပူစရာမလို။ သို့ပေမယ့် အလုပ်လုပ်ရာနေရာနှင့် ဝေးလွန်းသည်။ မနီးလွန်းမဝေးလွန်း ရေသန့်ဌာန တောင်ဘက် ဝေန်မြစ်ထဲ စီးဝင်သွားသည့် ချောင်းရိုးဘေးနားဆောက်ဖို့ သွားကြည့်ကြသည်။

ထိုနေရာလေးကိုသန်မာတို့ ကြိုက်သွားကြပြီ။ တောင်ကုန်းမို့မို့ တောအုပ်လည်းရှိသည်။ ချောင်းရိုးမို့ ရေခန်းခြောက်သွားလျှင်လည်း ရေတွင်းတူး၍ရသည်။ အနီးအနားတွင်လည်း အလုပ်သမားတော်တော်များများ အိမ်ဆောက်နေကြသည်။ သစ်ပေါ ဝါးပေါ သက်တယ်ပေါမို့ သန်မာတို့သုံးပင်နှစ်ခန်း ဝါးကြမ်းခင်း အိမ်တစ်လုံး တစ်မနက်တည်းနှင့် ဆောက်ပြီးသွားသည်။ အိမ်နီးချင်းလက်သမားဦးဘိုးလှ၏ အကူအညီပေးမှုကြောင့် ဤမျှမြန်မြန်ဆန်ဆန်ကြီး ပြီးသွားခြင်းဖြစ်ပါသည်။ လက်သမား ဦးဘိုးလှက မီးဖိုဆောင်လေးပါ ထုတ်ပေးသွားပါသည်။ အိမ်သာကျင်းတူးသူကတူး၊ အိမ်သာကို ဝါးထရံကာနှင့် ဆောက်သူကဆောက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အိမ်သာတက်၍ရသွားပြီ။ ဦးဘိုးလှသည် နေပူမရှောင်မိုးရွာမရှောင် လက်သမားလုပ်နေရသူမို့ အသားက မည်းပါသည်။ အသားမည်းပြီး ရုပ်မလှပေမယ့် နှလုံးသားက စိန်ပွင့်လိုဖြူဖွေးတောက်ပပြီး စိတ်လှလွန်းပါသည်။ အမြင်မတော်တာကို ကြည့်နေတတ်သူမဟုတ်ပါ။ ဝိုင်းကူရမှ ကျေနပ်တတ်သူဖြစ်ပါသည်။ ဦးဘိုးလှတွင် ဇနီး၊ သားသမီးနှင့် ခြောက်နှစ်ခုနစ်နှစ်အရွယ် အမြွှာညီအစ်ကို ပါရှိပါသည်။

သန်မာတို့ နေ့ချင်းညချင်း ကိုယ့်အိုးကိုယ့်အိမ်ရသွားပြီ။ သန်မာက သောက်ရေအိုးတစ်လုံး၊ ရေခွက်တစ်ခု၊ တစ်ပြည်ချက် ဒန်အိုးတစ်လုံး၊ ဒယ်အိုးတစ်လုံး၊ ထမင်းစားကြွေရည်သုတ် သံပန်းကန်ခြောက်ချပ်၊ ဒန်ဟင်းခပ်ဇွန်းကြီး တစ်ချောင်း၊ ကြွေရည်သုတ် မတ်ခွက် ၆ လုံး၊ ဒန်ရေနွေးအိုးတစ်လုံး၊ ပလတ်စတစ် ရေဇလုံတစ်ခု၊ ပလတ်စတစ် ရေခွက်တစ်ခု သူ့ပိုက်ဆံဖြင့် ဝယ်ပေးလိုက်သည်။ ပြီးတော့ တစ်ခါတည်းပြောသည်။ ထမင်းဟင်း အလှည့်ကျချက်မယ်။ ဆန်ဆီဆား၊ ဟင်းချက်စရာ သူဝယ်ပေး မယ်။ ဟင်းချိုမချက်ဘူး။ ဟင်းချိုအစား ရေနွေးကျိုမယ်။ ရေနွေး ကြမ်းသောက်မယ်။ အသားငါး ဟင်းကို ထမင်းပန်းကန်ထဲပုံစာ မယ်။ ချက်သူက အသား၊ ငါးဟင်းကို အညီအမျှ ထည့်ပေးမယ်။ မနက်စောစော မုန့်ဟင်းခါး၊ ကောက်ညှင်းပေါင်း၊ အကြော် ထမင်းကြော်၊ ပဲပြုတ်ထမင်း အလှည့်ကျစီစဉ်ပေးမယ်။ ညနေစာ ကို အလုပ်သိမ်း ပြန်လာမှ မနက်စာချက်သူက ပြန်ချက်မယ် သူစိုက် ဝယ်ပေးမယ်။ ကုန်ကျစရိတ်အညီအမျှ ထည့်ရမယ်



အားလုံး သဘောတူသလားမေးတော့အားလုံး "တူပါတယ် ဥက္ကဋ္ဌကြီး" ဟု အကျယ်ကြီးအော်ကြသည်။

သန်မာ၏ ဦးဆောင်ရှာပေးမှုကြောင့် Fortune ကုမ္ပဏီမှာ ၆ ယောက်လုံး အလုပ်အတူရသည်။ လစာလည်း အခြား ကုမ္ပဏီတွေထက်သာသည်။ လက်သမားဆရာ၊ ပန်းရံဆရာကို အခြားကုမ္ပဏီတွေက ၁၂၀ဝိ/- ပဲပေးသည်။ Fortune ကုမ္ပဏီက ၁၅၀ဝိ/- ပေးသည်။ သန်မာကို ၁၂၀ဝိ/- ပေးသည်။ ကျန်ငါးဦး ကို ၁၀၀ဝိ/- ပေးသည်။ သူတို့တစ်နေ့စားစရိတ် ငါးရာကျပ် ခြောက်ရာကျပ်ထည့်ရပေမယ့် သူတို့လက်ထဲ လေးငါးရာကျန်သေး သည်။ ဒါနည်းသည့်ငွေလား။

သန်မာကို ပိုပေးသည့်အကြောင်းကလည်းရှိသည်။ သန်မာ က Fortune ကုမ္ပဏီတွင် ဝင်လုပ်နေသည်မှာ ၆ လ ခန့်ရှိပြီ။ ပြီးတော့ သန်မာသည် လက်သမားဆရာ၊ ပန်းရန်ဆရာ နီးပါးမျှ လည်းလုပ်ငန်းကျွမ်းကျင်နေပြီ။ ပန်းရန်အလုပ်ကို ပန်းရန်ဆရာ နီးပါးကျွမ်းကျင်အောင် ပန်းရန်ဆရာကိုထွန်းထွန်းက လက်ထပ် သင်ပေးသည်။ ဆရာကိုထွန်းထွန်းက ငါးသိုင်းချောင်းသား။ သူက အသားလတ်လတ် ပိန်ပိန်ပုပု၊ မျက်နှာက ရှက်ကြမ်းရေကျိုပေမယ့် မျက်နှာကချိုသည်။ သူ့မျက်နှာတွင် ဒေါသအငွေ့အသက်မရှိ။ အသံအက်အက်ကလေးနှင့် ဖော်ဖော်ရွေရွေ လက်အောက်ငယ်သား အပေါ် သူငယ်ချင်းပေါင်းပေါင်းသည်။ ပညာလိုချင်သူကို ပညာ မချို။ သန်မာက အရိပ်ပြ အကောင်ထင်တတ်သူ။ အတွေးမြင် အပင်သိတတ်သူမို့ ဆရာကိုထွန်းထွန်းက သူ့ပန်းရန်ပညာကို စိတ်အားထက်သန်စွာ သင်ပေးသည်။ သန်မာကလည်း လိုလို

www.burmeseclassic.com

www.burmeseclassic.com



ချင်ချင် စိတ်အားထက်သန်စွာ သင်ယူသည်။ လုပ်ရင်းသင်၊ သင်ရင်းလုပ်မို့ အတတ်မြန်သည်။

ဆရာကိုထွန်းထွန်းမှာ ချစ်စရာစိတ်ဓာတ်ကောင်းတစ်ခု ရှိသည်။ အစက သန်မာလည်းမသိ။ သူလုပ်တာကိုင်တာ ကြည့်ရင်း သိလာရခြင်းဖြစ်သည်။ ဘာလဲဆိုတော့ အုတ်ခဲကျိုးသုံးရမည့်နေရာကို အုတ်ခဲကောင်းကို သံလျက်ဖြင့် ဘယ်တော့မှ ခွဲမသုံး။ အုတ်ခဲကျိုးကို ရှာသုံးသည်။ အုတ်ခဲသယ်ပို့သူများကို အုတ်ခဲကျိုးရှာပို့ခိုင်းပြီးသုံးသည်။ စေတနာထက်သန်လွန်းသည့် ပန်းရန်ဆရာ ကိုထွန်းထွန်း ပါလေ။

သန်မာကို လက်သမားအတတ်ပညာ လက်ဦးမဆွ သင်ပေးသူက လက်သမားဆရာ ဦးစိုးဝင်း။ သန်မာနှင့် ဆရာဦးစိုးဝင်း တွေ့ပုံကလည်း ဆန်းသည်။ တွေ့ဆုံပုံက ဤသို့ . . .

သန်မာသည် မြေခုတ်တွင်ရှင်းလင်းရေး ပုတ်ပြတ်တာဝန်စောစောပြီး၍ အိုတူးလက်ဖက်ရည်ဆိုင်ထဲ လက်ဖက်ရည်ဝင်သောက်နေခိုက်၊ ပိန်ပိန်သွယ်သွယ်ဒရပ် ၅ ပေ ၆ လက်မခန့်၊ အသက် ၄၅ နှစ်ခန့် အသားညိုညိုမျက်မှန်နှင့် လူတစ်ယောက် သူ့စားပွဲတွင်ဝင်ထိုင်သည်။ သန်မာသတိထားကြည့်မိတော့ သူ့ရုပ်ရည်သည် လူပျိုပေါက်အရွယ်ကဆိုလျှင် အပျိုတွေကြား ရုပ်စားမည့်ရုပ်မျိုး၊ အခုအသက်ငါးဆယ်ဘက်ယွန်းနေချိန်မှာပင် ရုပ်က မမှေး မှိန်ချင်သေး။

နှစ်ယောက်သား ပျော့ဖတ်စက်ရုံကြီး စီမံကိန်းအကြောင်း စကားစမြည်ပြောကြရင်းဖြင့် ခင်မင်ရင်းနှီးသွားကြသည်။ ဦးစိုးဝင်းက သာပေါင်းမြို့နယ် ငဝန်မြစ်အနောက်ဘက်ကမ်းမှာရှိသည့်



ခေနန်ကျေးရွာသား။ ယခု ခေနန်ကျေးရွာနှင့် သုံးမိုင်ခန့်ဝေးသည့်စက်ဒေါင့်ကြီး အထက်တန်းကျောင်းကို ဆောက်လုပ်နေသည့် လက်သမားဆရာ။ ကျောင်းက ပြီးလုနီးပြီ။ စက်ဒေါင့်ကြီးကျောင်းဆောက်ပြီးလျှင် လှေကြီးတက်ပျော့ဖတ်စက်ရုံ ဆောက်ရာတွင်လာလုပ်ဖို့ လာရောက်လေ့လာခြင်းဖြစ်သည်။

သန်မာက ဦးစိုးဝင်း၏ စကားအသွားအလာကို လေ့လာပြီး လူရိုးမှန်းချက်ချင်းသိသည်။ ပြောပုံဆိုပုံ ရိုးလွန်းတော့ ချစ်ခင်ဖို့ကောင်းနေသည်။ စက်ဒေါင့်ကြီးမှ လှေကြီးတက်သို့ စက်လှေဖြင့် အလာလမ်း စက်လှေပျက်၍ လှေကြီးတက်သို့ အရောက်နောက်ကျသည်။ ယခုအချိန်ပြန်လိုပေမယ့် စက်လှေမရှိတော့။ သန်မာက ဦးစိုးဝင်းကို သူနှင့်လိုက်အိပ်ဖို့ခေါ်သည်။ ထိုညနေက ဦးစိုးဝင်းသည် သန်မာကျွေးသော ထမင်းစားပြီး ထိုညက သန်မာနှင့်အတူ အိပ်ခဲ့သည်။

သန်မာက စစ်မရောက်ခင် မြားချွန်ထားချင်သူ။ မိုးရွာတုန်း ရေခံလိုက်ချင်သူ၊ အခြေအနေပေးလျှင် ဝန့်လေးကိုမထမ်းချင်။ ကုတ်နှင့်ကော်၍ ရွှေ့ချင်သည်။ ပညာသုံးလျှင် လူသက်သာသည်မဟုတ်ပါလား။ သန်မာရွှေ့ဆက်ရမည့်အလုပ်က ခွန်အားသုံးသလောက် အကျိုးအမြတ်များမည်မဟုတ်။ ပညာတတ်မှ လူသက်သာပြီး အကျိုးအမြတ်များမည် မဟုတ်ပါလား။

လက်သမားဆရာ၏ အတတ်ပညာ။ ပန်းရန်ဆရာ၏ အတတ်ပညာ။ သည်အတတ်ပညာများ တတ်ထားလျှင် လူသက်သာပြီး ငွေပိုရမည်။ သန်မာက သည်အခွင့်အရေးကို အလွတ်

www.burmeseclassic.com

www.burmeseclassic.com



မှ ခံ။ လက်သမားဆရာဦးစိုးဝင်းထံမှ သူသိချင်သည့် လက်သမား အတတ်ပညာများကို မေးတော့သည်။ မီးခွက်ထွန်းပြီး ဦးစိုးဝင်း ဖြေသမျှ ပြောသမျှ မှတ်စုစာအုပ်တွင်ရေးတော့သည်။

သန်မာသည် အဘိုးသင်ပေးထား၍ အပင်ကိုမြင်ကာမျှနှင့် ဘ.ဘအပင် ဘာသစ်ဟုသိခဲ့သော်ငြားလည်း၊ သစ်အုပ်စု ဘယ်နှစ်အုပ်ါစုရှိသည်ကို မသိပါ။ ဦးစိုးဝင်းပြောပြမှ သစ်အုပ်စု လေးစုရှိပြီး ဘ.ါယ်သစ်ပင်က ဘယ်အုပ်စုတွင်ပါဝင်ကြောင်း သိရတော့သည်။ ပြီးတော့ မြေနှင့်ထိစပ်၍ အသုံးပြုရမည့် သစ်ရွေးနည်း၊ ရေနှင့်ထိ‌ ါစ်၍ အသုံးပြုရမည့် သစ်ရွေးနည်း၊ သစ်ကို ကြာရှည်ခံစွာ သုံးနိုင်အေ ါင် ပြုလုပ်ရမည့်နည်း။ အိမ်ခင်း အိမ်ကာရန် ကုန်ကျမည့်သစ်တွ‌ ါ်နည်း၊ မျောတိုင်၊ သစ်၊ အခေါ်အဝေါ်။ သစ်လုံးများ တိုင်းတာနည်း ်း၊ သစ်လုံးခွဲလျှင် ထွက်ရှိမည့် သစ်ကုဗပေတိုင်းတာပုံ၊ သစ်ခွဲသားကို ကုဗပေနှင့် တန်ဖွဲ့ပုံ၊ သစ်ခွဲသားကို ကုဗပေနှင့် ငွေသင့်တွက်ပုံ တို့ကိုပါ ဆရာဦးစိုးဝင်းက သင်ပေးပါသည်။

အိမ်၏ အရှေ့တောင်အရပ်၌ စိုက်ထူရသည့် ဥရုတိုင်ထူပုံ၊ အိမ်တစ်လုံး၏ ဒ.ါခေါ်အဝေါ်တို့ကိုပါ ရှင်းပြသည်။ တူနှင့် သံရိုက်ပုံ ရိုက်နည်း၊ လွှ၊ ဆောက်၊ ရွေဘော်၊ ကျင်တွယ်၊ ပေကြိုး အမျိုးမျိုးသော ကိုင်တွယ်ါအသုံးပြုနည်းများကိုပါ ရှင်းပြသည်။ ပြီးတော့ စရွေး ဆက်နည်းဒ.ါမျိုးမျိုးဖြစ်သည့် တစ်ဝက်ဆစ်၍ဆက်နည်း၊ လက်ယှက်ဆက်နည်း၊ အန်သွင်း၍ ဆက်နည်းနှင့် စရွေးဆက်ဆက်နည်းတို့ကိုပါ ရှင်းပြသ ည်။ သူစက်ရုံဆောက်ရာသို့ သူလာလုပ်သည့်အခါ သန်မာကို ထိုပညာအားလုံး လက်တွေ့သင်ကြားပေးမည်ဟု ပြောသည်။

"ဆရာ၊ လက်ငမားပညာတွေ၊ ဘယ်အချိန်ကတည်းက



သင်ယူခဲ့တာလဲ" ဟုသန်မာ မေးကြည့်တော့ ဆရာဦးစိုးဝင်းက သူ့အကြောင်းအစအဆုံးပြောပြသဖြင့် သန်မာနားထောင်ရမြန်သည်။

သူသည် ခနန်ရွာတွင် သောင်းကျန်းသူနှင့် အစိုးရတပ် တစ်လှည့်စီ ကြီးစိုးစဉ် စိတ်မပါတော့သဖြင့် ၄ တန်းထိ ကျောင်းနေပြီး ကျောင်းထွက်ခဲ့သည်။ အစိုးရတပ်မှ ပိုလ်မှူးစပ်ခွန်တုံက ပြည်သူ့စစ်သင်တန်းပေးတော့ ဝင်တက်ခဲ့ပြီး၊ ဖြုတ်လေးဖြုတ် စစ်ဆင်ရေးတွင် ဝင်ဆင်နွှဲခဲ့ပါသည်။ နယ်မြေအေးချမ်းသွားတော့ အသက် ၁၅ နှစ်သားအရွယ်တွင် ရွာမှတရုတ်လက်သမားဆရာကြီးထံတွင် လက်သမားပညာသင်ခဲ့ပါသည်။ တောသူဌေးမြေးဖြစ်သူဟာ အဘိုးလက်ငုတ် လယ်အလုပ်မလုပ်ဘဲ ၁၇ နှစ်သားအရွယ်မှာ ခနန်ရွာမှ တရုတ်သူဌေးကြီး ဦးဟုတ် ဒေါ်ကလယ်တို့၏ ကပ်စေးနှဲမုန့်ဖို မှာ အလုပ်ဝင်လုပ်ခဲ့ပါသည်။ သည်လိုလုပ်ရင်း သူဌေးခယ်မ ကောလိပ်ကျောင်းသူ မမနှောင်းနှင့် ချစ်သူဖြစ်သွားခဲ့ပါသည်။ မမနှောင်းနှင့် နီးစပ်နိုင်ရန်အတွက် စီးပွားရှာရန် မှောင်ခိုလုပ်ငန်းနှင့် ကြီးပွားချမ်းသာနေသူ မော်လမြိုင်မြို့မှ အမေ့မောင် ဦးလေးဦးညွန့်မောင်ထံ သွားရောက်ခဲ့ပါသည်။ သူရောက်တော့ မှောင်ခိုကုန်ကူးတာမိ၍ စီးပွားပျက်သွားသော ဦးလေးနှင့် တွေ့ရှိပြီး ဘဝပျက်မည့် မှောင်ခိုကုန်ကူးသည့် အလုပ်မလုပ်ရန် ဦးလေးက တားမြစ်ခဲ့ပါသည်။

ချောင်းကိုပစ်၍ မြစ်ကိုရှာ ရေသာများ၍ ငါးမတွေ့သည့် သူသည် လေးငါးခြောက်နှစ်ကြာတော့ ခနန်ရွာသို့ ပြန်လာခဲ့သည်။ ရွာရောက်တော့ ညီမလေးက မျက်ရည်လည်ရွဲနှင့် "မမနှောင်းက အစ်ကိုကို့ စောင့်နေတာအကြာချည်း၊ မမနှောင်းက ပြောသွား

www.burmeseclassic.com

www.burmeseclassic.com



တယ်။ စိမ်းကားမှုတွေဝေနေတဲ့ နှင့်အစ်ကို ကိုစိမ်းဝေ မလာနိုင်တော့လို့ လူကြီးတွေ ပေးစားသူနှင့် ယူသွားပြီလို့ မှာခဲ့ကြောင်း” ပြောပြတော့ သူဆွေးသွားရော။ ဆွေးတာတွေပေါ့၊ လွမ်းတာတွေ လျော့သွားပြီးနောက် မိဘပေးစားရာ ခေနန်ရွာသူ မသည်းဖြူနှင့် လက်ထပ်ခဲ့သည်။ ဇနီးကချေးရောင်းသည်။ သူက လက်သမားလုပ်သည်။ ခုတော့ ဇနီးနှင့် သမီးနှင့်ပျော်နေသည့် ဦးစိုးဝင်းခေါ် ကိုစိမ်းဝေ။

ပျော့ဖတ်စက်ရုံကြီးလည်းတည်ရော သန်မာလည်း Fortune ကုမ္ပဏီမှာ ပန်းရန်ဆရာကိုထွန်းထွန်းနှင့်လည်းတွေ့ရော။ လက်သမားဆရာ ဦးစိုးဝင်းကိုမေ့သွားပြီ။ လက်ရှိလုပ်နေရသည့် ပန်းရန်အလုပ်တွင် နှစ်လုပ်နေရတော့ ဦးစိုးဝင်း လာလုပ်မလုပ်ပင် သန်မာသတိမထားမိတော့။ ပြည့်စုံတို့ရောက်လာတော့ ပိုသတိမရဖြစ်တော့ပြီ။ လက်ထောက် ပန်းရန်ဆရာလုပ်နေသည့် သန်မာအဖို့ တစ်နှစ်ခွဲနှစ်နှစ်ဆိုသည်မှာ သိပ်မကြာလိုက်ပါ။ သန်မာတို့အဖွဲ့က လူညီသဖြင့် ချက်တာပြုတ်တာလည်း ပြဿနာမရှိ၊ စားတာသောက်တာလည်းပြဿနာမရှိ၊ လုပ်တာကိုင်တာလည်း ပြဿနာမရှိ။ ခြောက်ယောက်စလုံးက အားနာတတ်ကြသည်။ အနစ်နာခံတတ်ကြသည်။ အစစအဆင်ပြေနေတော့ နန့်နှင်းဆီ၊ ဒေါ်လေးတို့ လင်မယား၊ ဆရာဦးညိုမြင့်၊ ဆရာဦးစိုးဝင်းတို့ကိုပါ သတိမရမိတော့ပါ။ သို့ပေမယ့် သန်မာက ဒေါ်လေးထံ နောက်ထပ် ငွေနှစ်ကြိမ်ပို့ပေးခဲ့ပါသည်။ ငွေပို့သည့် ဖြတ်ပိုင်း ပြန်ရတော့ဒေါ်လေးက ငွေမပို့နှင့်တော့ဟု ရေးထားသည်။

သန်မာတို့တစ်သိုက် အလုပ်သိမ်း၍ အိမ်ပြန်လာစဉ်



ပုသိမ်၊ သာပေါင်းလမ်းမအတိုင်း စက်ရုံဘက်သို့ တက်လာသူတစ်ဦးကိုတွေ့လိုက်ရတော့၊ သန်မာ အံ့ဩသွားသည်။ လက်သမားဆရာ ဦးစိုးဝင်းပေပဲ။ သန်မာက “ဆရာ စိမ်းဝေ. . . ”ဟုခေါ်ပြီး၊ လက်ဆွဲနှုတ်ဆက်လိုက်တော့ ဦးစိုးဝင်းအံ့ဩဝမ်းသာသွားသည်။ သူ့အိမ်ကို လက်ညှိုးထိုးပြသဖြင့် သန်မာကြည့်လိုက်တော့ သန်မာတို့အိမ်သွားသည့် လမ်းခွဲတောင်ဘက်ကိုက် ၁၀၀ ခန့်ရှိ၊ တဲတားအလွန်မှ အိမ်ဖြစ်သည်။ ဆရာဦးစိုးဝင်းက “ဆေးလိပ်သွားဝယ်မလို့လာတာ၊ မသွားတော့ဘူး၊ ကိုသန်မာ ကျုပ်အိမ်လိုက်ခဲ့ . . . ” ဟုခေါ်သဖြင့် ပြည့်စုံတို့ကို ပြန်လွှတ်လိုက်ရသည်။

“ဆရာလျှော့ကြီးတက် ဘယ်တုန်းကရောက်တာလဲ။ ခုဘယ်ကုမ္ပဏီမှာလုပ်နေတုန်း. . . ”

“ရောက်တာတော့ တစ်နှစ်ခွဲနှစ်နှစ်ဆိုပါတော့၊ ကိုသန်မာဆီက ပြန်လာပြီး စက်ဒေါင့်ကြီး ကျောင်းဆောက်တာ၊ လက်စသတ်ပြီး ထွက်လာတာ။ ဟိုမှာ နှစ်ပတ်လောက်ပဲကြာတယ်ထင်တယ်။ ရောက်ရောက်ချင်း စက်မှု (၂) ဝင်လုပ်ခဲ့တာပေါ့”

“ရောက်ခါစ စိတ်တောင်ပျက်တယ်။ ဘယ်သူ့အဖေခေါ် ရမှန်းမသိဘူး။ တွေ့တဲ့လူတိုင်းကလည်း ဆရာချည်းပဲ၊ မိတာဘူးကိုခါးချိတ်လို့၊ လူတွေ့တာနဲ့ ဟောက်ချင်သူများတယ်။ ကျွန်တော်ကလည်း လက်သမားဆိုပေမယ့် အဆောက်အအုံကြီးဆိုလို့ စက်ဒေါင့်ကြီးကျောင်းပဲဆောက်ဖူးတာလေ။ ပြီးတော့ ခုလိုပရောဂျက်ကြီးကြီးလည်း ခုမှတွေ့ဖူးတာ၊ အာရ်စီလိုင်းဆိုတာ တစ်ခါမှ မလုပ်ဖူးဝေ. . ကျွမ်းလည်းမကျွမ်းဘူး၊ စိတ်ကလည်း ကြောက်တယ်။ အားငယ်သည်းငယ်တယ်။ ဘယ်သူ့စကားလည်း နားထောင်ရမှန်းလည်းမသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



အရမ်းစိတ်ပျက်ခဲ့ရတာ ကိုသန်မာ. . ."

"တချို့ကုမ္ပဏီတွေက အလုပ်သမားကိုနှိမ်တယ်။ အလုပ်
သမားခလည်း ကောင်းကောင်းမပေးဘူး။ အလုပ်လုပ်လို့ ပုံမကျရင်
ဆူလိုက်ဆဲလိုက်ဟောက်လိုက်တာဆို၊ ထွက်ပြေးချင်စရာပဲ။
ကျွန်တော်ကတော့ ကုသိုလ်ကောင်းတယ်လို့ ပြောရမှာပဲ။ အေအိ
ဦးစိန်လွင်နဲ့တွဲလုပ်ရလို့။ ဆရာဦးစိန်လွင်က သေချာပြလို့ အာရုံ
လိုင်းကို ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်လာခဲ့ပါတယ်။ ကျွန်တော်
ကျေးဇူးရှင် ဆရာဦးစိန်လွင်ကို တစ်သက်လုံးမေ့နိုင်မှာမဟုတ်ပါဘူး
ကိုသန်မာ"

"အင်္ဂလိပ်နိယာတိုင်းက ဆရာဦးစိန်လွင်လို မဟုတ်ဘူး
ပညာဂုဏ်မောက်ကြတယ်။ တကယ်လက်တွေ့လုပ်တော့လည်း
မလုပ်တတ်ကြဘူး။ သူတို့လုပ်တတ်တာ တစ်ခုရှိတယ်။ လောဘ
ခေါင်းနဲ့ပေါင်းပြီး ဖြတ်စားလျှပ်စားလုပ်တာပဲ။ သူတို့ ကိုယ်သူ
အင်ဂျင်နီယာဆိုပြီး ဆောင့်ကြွားဆောင့်ကြွားနဲ့၊ လက်အောက်
ဆက်ဆံတဲ့နေရာမှာ လူကြီးလူကြီးမှန်းမသိဘူး။ အရမ်းမိုက်ရိုင်း
တယ်။ ကျွန်တော်ဆက်ဆံဖူးတာ အဲဒီလိုလူမျိုးတွေ . . . ."

"ကုမ္ပဏီနဲ့ နာမည်တော့ တစ်မပြောတော့ပါဘူး။ အဲ
ကုမ္ပဏီခေါင်းဆောင်ရဲ့ အစ်ကို လင်မယားလည်းပါတယ်။ သူမိန်း
က လောဘခေါင်းစာရေးမအကြီးဆုံးလေ။ မလောဘခေါင်းစာရေး
မတင်၊ ငါးဆယ်လောက်ရှိတယ်။ ကုမ္ပဏီက လက်သမားဆရာ
မန်းရန်ဆရာကို တစ်နေ့ ၁၅၀၀ ပေးရင် အကုန်မပေးဘူး။ ၁၂၀
လောက်ပဲ ပေးတယ်။ ကုမ္ပဏီမှာ လက်သမား ဆရာ၊ ပန်းရန်ဆရာ
၁၀ ပုံလေးဆယ်ရှိတယ်။ တစ်ယောက် ၃၀၀ လျှော့ပေးထားတယ်



တစ်နေ့ဘယ်လောက်ရသလဲဆိုတာ မောင်သန်မာ တွက်ကြည့်ပေ
တော့။ မလိုအပ်ဘဲနဲ့ ခန့်ထားတဲ့ လောဘခေါင်း စာရေးမ ၅၀
အတွက်လည်း ဘယ်လောက်အပို ကုန်လိုက်မလဲစဉ်းစားကြည့်၊
အချိန်ပိုဆင်းသူတွေရဲ့ အချိန်ပိုကြေးထဲကလည်း ဖြတ်စား လျှပ်စား
လုပ်ထားသေးတယ်။"

"ကျွန်တော် ဒီကိစ္စတွေတင်ပြဖို့ လူကြီးသွားတွေ့တယ်။
အတွေ့မခံဘူး။ စာရေးတင်ထားခဲ့တယ်။ အင်ဂျင်နီယာ
တစ်ယောက်က ပြောဖူးတယ်။ ခိုင်းတာလုပ်၊ ခံမပြောနဲ့၊ လစ်ရင်
ခိုးစားတဲ့။ ကျွန်တော်ကတော့ သူပြောသလို မလုပ်နိုင်ဘူး။ ဒါမျိုး
ဝါသနာမပါဘူး။ ကျွန်တော့်လက်အောက်က ကလေးတချို့ ခါးပုံစ
ထဲ သံလေးငါးဆယ်ချောင်း ယူလာတာ။ သစ်တို သစ်စထင်းဆိုက်ဖို့
ယူလာတာ၊ ကျွန်တော်တွေ့ရင် လက်မခံဘူး။ ဒီသံချောင်းတော့
ဘယ်လောက်ရမှာမို့လဲ၊ ငါးတကာယိုတဲ့ချေး ပုစွန်ဆိတ်ခေါင်း အစု
မခံနဲ့။ ဖမ်းရင်ခြောက်တစ်တို့ အပကသုံးတို့နဲ့ အရေးယူခံရဦးမယ်။
မယူနဲ့လို့ တားရတယ် . . ."

"သူတို့ပြောပြတာလည်း ဟုတ်တာပဲ။ မိုးပြိုမှာ ကြောက်နေ
ရင်၊ မိုးအောက်မနေနဲ့ ဆရာတဲ့။ သူတို့သံခိုးတာ မဖြစ်စလောက်
တဲ့။ ဘိလပ်မြေသစ်၊ ကျောက်စရစ်၊ သဲ အားလုံးခိုးနေကြတာတဲ့။
ကျောက်စရစ်လာပို့တော့ ခြောက်ခေါက်၊ မှတ်တော့ဆယ်ခေါက်၊
အုတ်ဆိုလည်း သုံးသောင်းပဲပို့တာကို အရောက်တစ်သိန်းပြကြတာ
တဲ့။ ကျွန်တော်စဉ်းစားရ ကြပ်နေတယ်။ ကုမ္ပဏီတွေအပေါ်ကို
ဝန်ထမ်းတွေက ဒီလိုပေါင်းခိုးနေလျက်နဲ့ ကုမ္ပဏီတွေ မွဲမသွားဘူး၊
မြုတ်မသွားဘူး။ ဘာကြောင့် ကုမ္ပဏီတွေ ချမ်းသာသထက် ချမ်း

www.burmeseclassic.com

www.burmeseclassic.com

သာလာတာ၊ အံ့ဩနေတာ။တစ်မျိုးလည်း လှည့်စဉ်းစားကြည့်မိသေးတယ်။ ကျသမျှဒဏ် အစိုးရ ပုဏ္ဏားပဲခံနေရသလားလို့၊ ဒါလည်းဖြစ်နိုင်တယ် မဟုတ်လား ကိုသန်မာ . . . .

"ဆရာပြောမှပဲ၊ အံ့ဩစရာတွေ ကျွန်တော်ကြား သိရတာပါ။ တကယ်အံ့ဩစရာကြီးနော်"

"ကျွန်တော့် တပည့်တွေကိုလည်း ပြောပြရသေးတယ်။ ကျွန်တော်တို့ ငယ်ငယ်ကအလှူ မင်္ဂလာဆောင်တွေမှာ ဖွင့်တဲ့ ဓာတ်စက်ထဲက ဇာတ်ထုပ် တစ်ထုပ်ထဲက သီချင်းတစ်ပိုင်းတစ်စကို ကျွန်တော်ကြားယောင်မိတာနဲ့၊ သူတို့ကို ဆိုပြလိုက်တယ်။ မင်းသားကတော့ ရွှေကျီးညိုထင်တယ်။ ကောင်းကောင်းမမှတ်မိတော့ဘူး။ "သန္တိကတံတားလို လူမသူတော်တွေက သူကျော်ငါနင်း"တဲ့။ အဲဒီလောက်ပဲရတော့တယ်။ အများပိုင်တဲ့ တံတားဆိုတော့ လူသူတော်ရော လူမသူတော်ရော သူကျော်ငါနင်းကြမယ်မဟုတ်။ အများပိုင်ပစ္စည်း ပြည်သူပိုင်ပစ္စည်းခိုးရင် အလွဲသုံးစားလုပ်ရင် မျက်မှောက်ကာလမှာလဲ ထောင်ဒဏ်များတဲ့ ပုဒ်မခြောက်တစ်တို့၊ အပကာသုံးတို့နဲ့အရေးယူခံရမှာဖြစ်သလို နောင်ဘဝမှာလည်း ဘုံကျွန်၊ သူများခိုင်းဖတ်၊ သူများနင်းဖတ်သန္တိက တံတားဖြစ်မှာ မလွဲကေန်ပဲ၊ တစ်တက်စားလည်း ကြက်သွန်ဖြူ၊ နှစ်တက်စားလည်း ကြက်သွန်ဖြူမို့ ဆင်ခြင်ကြလို့ ပြောရတယ်ကိုသန်မာ . . ."

"သိပ်ပြီးလည်းအမှန်တွေပြောမနေနဲ့ . . မှန်တန်ရင် ကွဲတတ်တယ်တဲ့ဆရာ . . ."

"ကိုသန်မာကို အဓိကပြောရမယ့်ဟာ မပြောမိသေးဘူး။ ကျွန်တော့်သမီးနေမကောင်းလို့ ဆေးခန်းလိုက်ပို့တာ အလုပ်ဆင်း



တာ၁ နည်းနည်းနောက်ကျလို့ လေဘာခေါင်းဦးကြည်နဲ့ စကားများပြီးလူကြားထဲ အလုပ်မဆင်းနဲ့ပြောတာနဲ့ မနက်က အလုပ်ထွက်လာခဲ့တယ်။ ကျွန်တော်သွားတွေ့တာ အတွေ့မခံတဲ့လူကြီးက စက်ရုံတစ်ခုလုံး ဘယ်မှာမှ အလုပ်မရအောင် မင်နီတားလိုက်တယ် ပြောတယ်။ အဲဒီပယောဂလည်း ပါမယ်ထင်ပါတယ်၊ ကိုသန်မာ . . . ."

"ကြားရတာ စိတ်မကောင်းလိုက်တာဆရာ။ စက်ရုံကြီးတစ်ခုလုံးဆောက်တာ သူ့ကုမ္ပဏီတစ်ခုတည်းမှ မဟုတ်တာ။ အားမငယ်ပါနဲ့။ ကျွန်တော်တို့ကုမ္ပဏီက လက်သမားဆရာတစ်ယောက် စင်ကာပူနိုင်ငံမှာ အလုပ် လျှောက်ထားတာ၊ ခုခေါ်စာရလို့ တစ်နေ့ကပဲ အလုပ်အပြီးထွက်သွားပြီ။ ကျွန်တော်တို့ ကုမ္ပဏီအကြီးအကဲ အင်ဂျင်နီယာ ဦးဖေသင်းက လူရှိုးလူဖြောင့်ရှာနေတာ။ လူရိုးလူဖြောင့်ကို သူက သိပ်သဘောကျတယ်။ မနက်ကျတော့ လျှောက်လွှာလာတင်၊ ကျွန်တော်လိုက်ပို့ပေးမယ်။ ဆရာနဲ့ စကားကောင်းနေလိုက်တာ သူငယ်ချင်းတွေ မျှော်နေရော့မယ်။ ပြန်ခွင့်ပြုပါဦးဆရာ"

သန်မာ နှုတ်ဆက်ပြီးအိမ်အပြန်လမ်းတွင် သည်စက်ရုံကြီးတည်ဆောက်သူအားလုံး ဆရာဦးစိုးဝင်းလို ကျင့်ကြံလုပ်ကိုင်ကြလျှင် အဘယ်မျှကောင်းလိုက်ပါမည်နည်းဟု စဉ်းစားလိုက်မိသည်။ ပြည့်စုံ၊ ရဲမောင်၊ တောင်းသန့်၊ ဟန်ထွန်း။ ဘခင်တို့သည်လည်း ဦးစိုးဝင်းနှယ်သာရိုးသားကြပါ၏။ သူတို့လည်း ဦးစိုးဝင်းကဲ့သို့ မူလတန်းပညာပင် မသင်ခဲ့ကြရ။ စာမတတ် စာမဖတ်ရတော့ စဉ်းစားဆင်ခြင်ဉာဏ်မရှိတော့၊ ခိုးသားတို့ရှာ လက်နက်ပုံပြောကျသွားသည့် သတ္တိဂုမ္ဗကျေးကဲ့သို့ စရိုက်ဆိုး၊ အကျင့်ဆိုးတွေ

www.burmeseclassic.com

www.burmeseclassic.com

နှင့်နေခဲ့ကြပြီးပြီ။ ရသေ့တို့၏ ပန်းရုံပန်းချုံကြားရောက်သွားသည့် ပုမ္ဗကကျေးကဲ့သို့ စရိုက်ကောင်း အကျင့်ကောင်းမွေးမြူနေကြပြီ။ သူတို့အားလုံးက စာသင်ချင်သည် စာသင်ပေးပါဟု တောင်းဆိုလာကြပြီ။ တကယ်တော့ သူတို့စိတ်ဆန္ဒသာရှိသည်။ အလုပ်တွေပင်ပန်းလွန်းတော့ ခေါင်းချလိုက်သည်နှင့် သူတို့ချက်ချင်းအိပ်ပျော်သွားကြပြီ။ နိုးတော့လည်း ကိုယ့်အလုပ်နှင့်ကိုယ်မအားကြ။ သန်မာက သူတို့ကို မသင်ပေးချင်ဘူး ထင်မည်စိုး၍ ကမ္ဗအ အထိရေးပြပြီး လိုက်ရေးခိုင်းပေမယ့် ပင်ပန်းနေကြတော့ လိုက်မရေးနိုင်၊ စိတ်အလို စိတ်ရောရုပ်ပါမလိုက်နိုင်သည့်အဖြစ်က ကြေကွဲရင်နာစရာ။

သန်မာအကြံတစ်ခုရသဖြင့် ဝမ်းသာသွားသည်။ အလုပ်လုပ်ရင်း ခေတ္တနားသည့်အချိန်မျိုး ထမင်းစားချိန်မျိုး အိပ်ရာထအချိန်မျိုးတွေမှာ ယဉ်ကျေးလိမ္မာစေသည့် ဓမ္မပဒ၊ ဇာတ်နိပါတ်၊ ရာဇဝင်၊ စာပေကျမ်းဂန်တို့မှ ထုတ်နုတ်၍ အလိမ္မာပုံပြင်၊ ပုံဝတ္ထုတွေကို နားဝင်အောင်ပြောပြပေးခြင်းပင်ဖြစ်သည်။ သူတို့ကလည်း စိတ်ဝင်တစားနားထောင်ကြသည်။ သူတို့ထင်မြင်ချက် အယူအဆပါ တစ်ခါတလေ ပြောပြလာကြသည်။ စဉ်းစားဆင်ခြင်တာ တွေ့လာရတော့ သန်မာ အရမ်းဝမ်းသာသွားသည်။

အခြေအနေမပေးသေး၍ အရေးအဖတ် မသင်နိုင်သေး။ စာကိုနားယဉ်အောင်ပြောပြပေး၊ ဖတ်ပြပေးမည်ဟု သန်မာ ဆုံးဖြတ်လိုက်သည်။ သူတို့အားထိုသို့ ပြောနိုင်ဟောနိုင်အောင် စာဖတ်ခိုင်းခဲ့သော ဆရာဦးတိုးညွန့်ကိုလည်း ကျေးဇူးအထူးတင်နေခဲ့ပါသည်။

အခြေအနေပေးလာခဲ့လျှင်တော့ စာသင်ချင်လွန်းသည့် သူတို့ကိုစာဖတ်တတ်အောင်၊ တွေးတတ်အောင် သန်မာ သင်ပေး



မည်ဟု ယတိပြတ်ဆုံးဖြတ်လိုက်ပါသည်။

ရှိုးမတောင်ထိပ်သို့ နေလုံးကြီး မေးတင်နေပေပြီ။ နေလုံးကြီးကတော့၊ ဝင်လိုက်ထွက်လိုက်ရှိနေဦးမှာပါလေ။ ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

## ကုသိုလ်လည်းရ ဝမ်းလည်းဝ

ပျော့ဖတ်စက်ရုံကြီး အချောသတ်သည့်အပိုင်း ရောက်တော့သန်မာတို့ အလုပ်ကြမ်းသမားတွေအတွက် အလုပ်မရှိတော့ပြီ။သန်မာတို့အတွက် အလုပ်ရှိသည့်နေရာ၊ ငါးသိုင်းချောင်းမြို့နယ် လေးမျက်နှာမြို့နယ်နှင့် ဂွမြို့နယ် အနောက်ရိုးမ ဝါးတောကြီးရှိရာ ရွှေ့ရပေတော့မည်။ တစ်နေ့တန်နှစ်ရာကျ စက္ကူနှင့် ပျော့ဖတ်စက်ရုံကြီးအတွက် နေ့စဉ်လိုအပ်နေမည့် ကရင်ဝါးတွေ၊ သန်မာတို့သွားခုတ်ပေးရဦးမည်။ သည်အလုပ်က ဘယ်တော့မျှ ပြီးဆုံးမည့်အလုပ်မဟုတ်။ အလုပ်လုပ်ချင်နေကြသည့် သန်မာတို့အတွက် အလုပ်ရှင်ထံ မျက်နှာအောက်ကျို့အလုပ်တောင်းနေစရာမလို။ အလုပ်လုပ်ချင်နေသည့် သူများအတွက် ထိုအလုပ်က စီးနေသောမြစ်ကဲ့သို့ အဆက်မပြတ်ရှိနေပေလိမ့်မည်။ သန်မာတို့ အလုပ်ပြောင်းမည်ဆိုတော့ ပန်းရန်ဆရာ ကိုထွန်းထွန်းက သူ့တပည့်လေးယောက်





ကို သန်မာ့လက်ထဲ အပ်ပေးသည်။ မောင်မျိုးမြင့်၊ မောင်မြင့်မောင်၊ မောင်အောင်ဖေနှင့် မောင်လှငွေတို့ ဖြစ်ကြသည်။ သူတို့ လေးယောက်က သာပေါင်းမြို့နယ်အတွင်းက ကလေးတွေ။ မောင်မျိုးမြင့်နှင့် မောင်မြင့်မောင်တို့သည် ၁၀တန်းစာမေးပွဲဖြေပြီးကတည်းက အလုပ်ဝင်လာသူများဖြစ်ကြသည်။ မောင်အောင်ဖေနှင့် မောင်လှငွေတို့က ကိုးတန်းတက်ကြရမည်ကို မတက်ကြတော့ဘဲ အလုပ်ဝင်လုပ်ခဲ့ကြသဖြင့် သူတို့အလုပ်လုပ်တာ တစ်နှစ်ခွဲခန့်ရှိပြီ။ မောင်မျိုးမြင့်နှင့်မောင်မြင့်မောင်တို့က ဆယ်တန်း စာမေးပွဲကျသဖြင့်၊ ကျောင်းဆက်မတက်တော့။ သူတို့လေးယောက်လုံး မခိုမကပ်အလုပ်ကို စိတ်ဝင်တစားလုပ်သည်ကို သန်မာမျက်မြင်မို့ သန်မာတို့အဖွဲ့နှင့်လိုက်ဖို့ ခွင့်ပြုခဲ့သည်။ အများသဘောရယူပြီး ကြပ်ကြပ်တည်းတည်း နေနိုင်လျှင် သူတို့နှင့် လိုက်နေဟုခေါ်ခဲ့ရာ သူတို့လေးယောက် သန်မာတို့နှင့်လိုက်နေကြသည်။ လက်သမားဆရာဦးစိုးဝင်းတို့ ပန်းရန်ဆရာကိုထွန်းထွန်းတို့က တရုတ်အရာရှိများ လူကြီးများနေထိုင်ဖို့ လုံးချင်းအရာရှိ အိမ်များဆောက်ရန် စက်ရုံနောက်ကျောဘက်သို့ ပြောင်းသွားကြပြီ။

စက်ရုံကြီးအချောသပ်ပြီးနောက် စက္ကူနှင့် ပျော့ဖတ်စက်တွေ တပ်ဆင်ပြီးမှာက အနည်းဆုံး ခြောက်လခန့် ကြာမည်ထင်သည်။ ပျော့ဖတ်တစ်နေ့ တန်နှစ်ရာရဖို့ ကုန်ကြမ်းကရင်ဝါးက တစ်နေ့ တန်ရှစ်ရာ ကျွေးရမည်ဟုလည်း အများသူငါ ပြောသံ သန်မာကြားမိသည်။ တစ်နေ့တန်ရှစ်ရာရဖို့ အလုပ်သမားများစွာ လိုပေလိမ့်မည်။ သာပေါင်း၊ ငါးသိုင်းချောင်း၊ လေးမျက်နှာ ရေပုဝတီ

www.burmeseclassic.com

www.burmeseclassic.com


သားတွေသာမက ရခိုင်သားတွေပါ။ အလုပ်ရသွားတော့မည်။ ဝမ်းမြောက်ဖွယ် ကောင်းလေစွ။

စက္ကူနှင့် ပျော့ဖတ်စက်ရုံကြီးဆောက်စက ကုမ္ပဏီတွေ၊ အင်ဂျင်နီယာတွေ၊ ကြီးကြပ်ရေးမှူးတွေ လေဘာခေါင်းတွေ ခြေချင်းလိမ်နေသကဲ့သို့၊ခုဝါးကုန်သည်တွေက သန်မာတို့ အလုပ်သမားတွေကြား ဝါးခုတ်သမားရှာဖို့ ခြေချင်းလိမ်နေကြပြီ။ ဝါးကုန်သည်တွေကလည်း သုံးလေးဆယ်လောက်ရှိသည်ဟု သန်မာကြားရသည်။ အချို့ကိုလည်း သန်မာတွေ့ရသည်။ စက်မလည်ခင် ကရင်ဝါးကုန်ကြမ်းတွေ ခြောက်လတစ်နှစ်စာရှိအောင် ကြိုခုတ်ထားရမည်ဆိုတော့ ကုန်သည်တွေလည်း အလုပ်သမားမရှာ၍မဖြစ်။ မိုးတွင်း၌ ဝါးခုတ်၍မလွယ်သဖြင့် နွေနှင့်ဆောင်းတွင် မိုးတွင်းအတွက်ပါ ဝါးတွေပိုခုတ်ထားရမည်ဟု ဝါးခုတ်ဖူးသူတွေက ပြောကြသည်။ သန်မာက ကချင်ပြည်နယ်တွင် ဝါးအကြိမ်ကြိမ်ခုတ်ခဲ့ဖူးတော့ မိုးတွင်းလည်း သူ့အတွက်တော့ အခက်အခဲရှိမည်ဟုမထင်။

စက်ရုံက ဝါးကုန်သည်တွေကို ဝါးတစ်ပိဿာ ငွေဘယ်လောက်ပေးသည်မသိ။ ဝါးကုန်သည်တွေက၊ အလုပ်သမားတွေကို ဝါးတစ်ပိဿာဈေးအမျိုးမျိုးပေးနေကြသည်။ ၄ ကျပ်ခွဲ၊ ငါးကျပ်၊ ခြောက်ကျပ်ပေးနေကြသည်။ သန်မာတို့တစ်တွေ စက်ရုံက ပေးသည့် ဈေးလိုက်စုံစမ်းပေမယ့် စုံစမ်းမရ။

ဝါးတစ်ပိဿာခြောက်ကျပ်က ဆိုးတော့မဆိုးပါ။ တစ်နေ့ ဝါးသုံးရာခုတ်နိုင်လျှင် ၁၈၀၀ိ/- ရနေပြီ။ ပန်းရန်အလုပ်သမား လက်သမားလုပ်တာထက် ပိုရသည်မဟုတ်ပါလား။ သည်သို့ချည်းတွက်၍တော့မဖြစ်ဟုထင်သည်။ သည်မှာက အလုပ်ချိန် ရှစ်နာရီသာ တောထဲတောင်ထဲမဟုတ်၍ ငှက်ဖျားရောဂါရမှာပူစရာမလို၊ အစားမှန်အအိပ်မှန်အနေမဆင်းရဲ။ တောရဲတိရစ္ဆာန် ကျား၊ ဆင်မကြောက်ရ။ သည်တော့လည်း သည်မှာလုပ်သည်ထက် ပိုပေးရမည်မပေါ့။

ဝါးကုန်သည် ငှားပုံက ဤသို့၊ ကုန်သည်က ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက်၊ အခြေခံစားကုန်။ တစ်ပတ်တစ်ခါ ကြိုရောက်အောင် ဝယ်ပို့ပေးမည်။ ဟင်းသီးဟင်းရွက်၊ အသား၊ ငါး တောထဲ ကိုယ့်ဘာသာ ကိုယ်ရှာစား။ တောထဲမှာ တဲဆောက်နေ။ ကြိုတင်ငွေ လိုလျှင်လည်း ထုတ်ပေးမည်။ လကုန်မှ ကြိုပေးထားသည့် အခြေခံစားကုန် တန်ဖိုးနှင့် ကြိုတင်ငွေကို ဝါးခုတ်ခထဲမှ နုတ်ယူမည်။ ဝါးခုတ်သူတ လူစိုက်ရုံသာ၊ စားကတော့ ကိုယ့်စားနှင့်ကိုယ်။

ဆိုးတော့မဆိုးပါ။ သို့ပေမယ့် သူတို့စနစ် ကိုသန်မာတို့ တမကြိုက်။ သန်မာတို့မှာ စားဖို့အတွက် ဗိုးခွက် ပန်းကန် အစုံရှိသည်။ ကိုယ့်ဘာသာချက်စားကြမည်။ ကြာကြာခံမည့် ကုန်ခြောက်မှန်သမျှ များများဝယ်သွားမည်။ ကုန်ခြောက်မကုန်ခင် ကြို၍ ဝါးလာသယ်သည့် ကားဆရာကို လုပ်အားခပေးမှာမည်။ သန်မာတို့နှင့် ရင်းနှီးပြီး ဖောက်သည်ဖြစ်နေသည့် သစ်သစ်ကုန်စုံဆိုင်ကိုကြိုတင်ငွေ ပေးထားခဲ့မည်။ သန်မာတို့က ကြိုတင်ငွေလည်းမယူ၊ ဝါးတစ်ပိဿာ ခုနစ်ကျပ်ထိတိုးပေးဖို့ ပြောသည်။ ဝါးကုန်သည် တစ်ဦးပြီးတစ်ဦး လန့်သွားကုန်သည်။ ဝါးကုန်သည်တွေက ဝါ

www.burmeseclassic.com

www.burmeseclassic.com



သူကို ဝါးတစ်ပိဿာ ခြောက်ကျပ်ပေးထားခြင်းသည် ကုန်ခြောက် အပေါ် အမြတ်ယူထားသည့် ငွေတစ်ကျပ်ကို နှုတ်ထားခြင်း သူတို့ အတွက် ကျန်အောင် ချန်ထားခြင်းမှန်း သန်မာတို့သိသည်။ ကြိုတင် ငွေက အလုပ်သမား စွန့်ခွာမပြေးနိုင်အောင် ချည်နှောင်ထား ခြင်းဖြစ်သည်။

သူတို့ကတော့ သူတို့အတွက်ကျန်အောင် ပြောသွားမြဲ ဖြစ်သည်။ သန်မာတို့က ဝါးခုတ်ပြီး ခုတ်ပြီးသားဝါးကို ကားဝင်၍ ရနိုင်သည့် နေရာထိ သယ်ထုတ်ပေးရမည်။ ကားနှင့်သယ်ရမည်။ မြစ်ဆိပ်ပို့ရမည်။ ဖောင်ဖွဲ့ ဖောင်ဖြင့် စက်ရုံဆိပ်ပို့ရမည်။ သည် စရိတ်တွေက မနည်းဘူးတဲ့။သစ်ထုတ်လုပ်ရေးဌာနက "သစ်တွေ ထုတ်နိုင်သယ်နိုင်ဖို့ သစ်ကားတွေ ဝင်နိုင်ဖို့ နှစ်စဉ် နိုဝင်ဘာလမှ မေလအထိမြေထိုးစက်တွေနှင့်လမ်းတွေဖောက်သည်။ ထိုလမ်းတွေ အနီး ခုတ်ပြီးသား ဝါးတွေပုံပေးရမည်။ ဒါက သန်မာတို့ လုပ်ရ မည့်အလုပ်။

သန်မာတို့ ခြောက်ယောက်စလုံး သည်နှေမနတ်တ မာဂရက် သဘော်ဖြင့်ပုသိမ်လာခဲ့ကြသည်။ မောင်မျိုးမြင့်တို့ လေးယောက်က အိမ်စောင့်ကျန်ရစ်ခဲ့ကြသည်။ သူတို့စုဆောင်းထားသည့် ငွေနှစ်သိန်း ကျော်သုံးသိန်းခန့် သူတို့အတွက် လိုအပ်တာ တွေလိုက်ဝယ်ခြင်း ဖြစ်သည်။ ရွှေလက်စွပ်ဝယ်သူဝယ်။ ရွှေဆွဲကြိုးဝယ်သူဝယ်၊ လက်ပတ်နာရီဝယ်သူဝယ်နှင့် သူတို့အားလုံး ပျော်နေကြသည်။ အပူစာ အအေးစာ ဘယ်ဟာက အရသာရှိသည် တန်ဖိုးရှိသည်ကို သူတို့သိသွားကြပြီထင်သည်။ သူတို့ပျော်နေတာ မြင်ရသည့် သန်မာ



လည်း ပျော်သည်။ သန်မာကတော့ ဒေါ်လေးဆီ ငွေသုံးသောင်း သုံးကြိမ်ပို့ထား၍ ငါးမူးသား လက်စွပ်တစ်ကွင်းနှင့် နာရီတစ်လုံးပဲ ဝယ်သည်။ လက်ထဲ ကျန်သေးသည့် ငွေနှစ်သိန်းက နှောင်ကြိုးမဲ့ ဝါးခုတ်ရာတွင် အသုံးပြုဖို့ ချန်ထားရသည်။ နောက်ဆုံး ဝါးခုတ်ရာ တွင်ဝတ်ဖို့ ဘောင်းဘီတိုပွ သုံးထည်စီလောက်ဝယ်ခဲ့ကြသည်။ သန်မာကလွှတစ်ချောင်း၊ တူတစ်လက်၊ သွပ်ကြိုးနှင့် သံမျိုးစုံ ဝယ်ခဲ့ သည်။ ပန်းပဲဖိုတွင် လွန်ခဲ့သည့် သုံးလခန့်က အပ်ထားခဲ့သော ပြည့်စုံတို့ငါးယောက်အတွက် လေးသံဖြင့်ပြုလုပ်သည့် ဝါးခုတ်ဓား ငါးလက် သွားရွေးကြသည်။ လူရှိုင်းခေါင်းတံဆိပ်ဓားသွေးကျောက် ငါးခုဝယ်ခဲ့ပြီးနောက် ကမ်းနားလမ်းမှ ထမင်းဆိုင်သို့ ထမင်းစား ရန် ပြန်လာခဲ့ကြသည်။

"အစ်ကို . . အစ်ကိုဟာ ကိုသန်မာ ဟုတ်ပါတယ်နော်၊ အစ်ကို့ညီ ရန်ဝီဖုန်လေ . . ."

သန်မာ အဖုံ့ညကြီး ဖုံ့ညနေမိသည်။ သန်မာက လမ်းဘေး ထမင်းဆိုင်မှာ လမ်းမဘက်လှည့်ပြီးထိုင်သည်။ သန်မာသည် ဟင်း လာမချသေးသဖြင့် လမ်းသွားလမ်းလာများကိုကြည့်နေမိသည်။ ထို စဉ် ကမ်းနားလမ်းအတိုင်းမြောက်ဘက်သို့ မောင်းသွားသည့် ဆိုင် ကယ်တစ်စီးက ပြန်လှည့်လာပြီးထမင်းဆိုင်ရှေ့ရပ်ရင်း သန်မာကို လှမ်းမေးမှ ရန်ဝီဖုန်မှန်း သိတော့သည်။ မြစ်ကြီးနားသားကို ပုသိမ် မှာ ကြုံကြုံဖန်ဖန်တွေ့ရတော့သန်မာ ရန်ဝီဖုန်ကို ချက်ချင်းမမှတ်မိ ချင်။ ရန်ဝီဖုန်က ရှစ်တန်းကျောင်းသား ရန်ဝီဖုန်နှင့်မတူတော့ဘူး လည်းပါသည်။ ၁၀ နှစ်ခန့်အတွင်း ရန်ဝီဖုန် ထွားလာသည်။ ဗိုက်ပင် ထွက်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရန်ဝီဖုန်က အစ်ကိုဘာလုပ်နေသလဲမေးတော့ သန်မာတ မြစ်ကြီးနားမှ ပြန်လာပြီးနောက် ယခုအထိ အကြမ်းဖျင်း ပြောပြ လိုက်တော့ သန်မာ့လက်နှစ်ဖက် ဖမ်းဆွဲပြီး "အစ်ကို သနားလိုက် တာ . . ." ဟုပြောပြီး မျက်ရည်လည်ရွှဲဝိုင်တော့သည်။ သန်မာက "ညီလေးကလည်းကွာ၊ ရှစ်တန်းကျောင်းသားတုန်းက မျက်ရည် လွယ်တဲ့ အကျင့်တွေ အခုထိပါတုန်း၊ တို့ကလေးတွေမှမဟုတ်ကြ တော့တာ။ ညီလေးရော ခုဘာလုပ်နေတာတုန်း . . ." ဟု ပြောရင် ခါးကြားမှလက်ကိုင်ပုဝါယူပြီး မျက်ရည်သုတ်ပေးတော့ ရန်ဝီဖုန်က ချက်ချင်းပြန်မဖြေ။ သန်မာ့ကိုသနားကြင်နာစွာ ကြည့်နေသည်။

"ညီ . . ခု ၊ ခု ပုသိမ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန် ခရိုင်အင်ဂျင်နီယာမှူးရုံးမှာ၊ လက်ထောက် အင်ဂျင်နီယာ (မြို့ပြ (၃)လေ။ ပုသိမ်-သာပေါင်းလမ်း-တံတားကိစ္စတွေ တာဝန်ယူနေ ရတာ။ သာပေါင်းလည်း ခဏခဏရောက်တယ်။ အစ်ကိုနဲ့ တစ်ခါ မှမတွေ့ဘူးနော်. . .

"အစ်ကိုတို့၊ ဒီနေ့ည၊ ညီလေးနဲ့လိုက်အိပ်နော်၊ ညီလေး အစ်ကိုတို့အဖွဲ့ကို ဧည့်ဝတ်ပြုချင်လို့ပါ . ."

"ပိုက်ဆံ ကုန်ပါတယ် ညီလေးရာ၊ အစ်ကိုတို့အဖွဲ့ကလည် နည်းတာမဟုတ်ဘူး . . ."

"ပိုက်ဆံအတွက် ပူစရာမလိုဘူး။ ခုပဲ အဖေ အမေတို့ ပို လိုက်တဲ့ငွေထုတ်ပြီးပြန်လာတာ။ အဖေအမေက လစဉ်ပို့ပေးတယ် လေ။ ညီလေးကလည်း အဖေအမေတို့ဆီ လစာစုပြီး တစ်ကြိမ် ပို့ပေးဖူးတယ်။ နောက်မပို့နဲ့၊ ပို့ရင်ပြန်ပို့မှာပြောတာနဲ့ မပို့ဖြ



တော့ဘူး။ စားသောက်ဆိုင် ကောင်းကောင်းမှာ ဘီယာသွား သောက်ကြရအောင်၊ အစ်ကိုတို့ ဒီဆိုင်မှာ ခဏစောင့်နေ။ ညီလေး ကားပြန်ယူလိုက်ဦးမယ်. . ."

ရန်ဝီဖုန်အကြောင်း သန်မာသိသဖြင့် သန်မာ ငြင်းမနေ တော့။ ဆိုင်ကယ်နှင့်ထွက်ခွာသွားသော ရန်ဝီဖုန်ကို မျက်စိတစ်ဆုံး ငေးကြည့်နေမိသည်။ သန်မာခေါင်းထဲ အကြံနှစ်ခုရလာသည်။ ရလာသည့် အကြံတစ်ခုက အနောက်ရိုးမ တောင်တန်းကြီးပါသည့် ဧရာဝတီတိုင်းဒေသကြီးမြေပုံကြီးတစ်ပုံ ရှာပေးဖို့ အကူအညီ တောင်းမည်။ နောက်အကြံတစ်ခုက စက်ရုံကြီး မလည်မီစပ်ကြား ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် ပုသိမ်- သာပေါင်းလမ်း အလုပ် ဝင်လုပ်ချင်သည်။ လုပ်ခွင့်ရအောင်လည်း ဘီယာသောက်ရင်း ရန်ဝီဖုန်ကို အပူကပ် အကူအညီတောင်းမည်။ စက်ရုံကြီးလည် လျှင်တော့ အနောက်ရိုးမ၊ ဝါးတောဆီ သွားကြမည်။ သန်မာက သူ့အကြံကို ကောင်းသန့်တို့ အားပြောပြတော့ "ဥက္ကဋ္ဌကြီး သဘော . . ." ဟု အော်ကြသည်။

သည်ညနေတွင် ရန်ဝီဖုန်လည်း ကုသိုလ်ရပေဦးတော့ မည်။ သန်မာတို့လည်း ဝမ်းဝပေဦးတော့မည်လေ။ ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၀)

## သိတာကုန်းမြင်

သန်မာတို့ နိုဝင်ဘာတစ်လပဲ ပုသိမ်-သာပေါင်းလမ်းခင်း လမ်းပြင်သည့် အလုပ်ကိုလုပ်ခဲ့ရ၏။ ရန်ဝီဖုန်က ထိုအလုပ်ကို သန်မာ အားမလုပ်စေချင်၊ တားမရ၍သာ ခွင့်ပြုခဲ့သည်။ သန်မာတောင်း သည့် အကူအညီဖြစ်သည့် မြေပုံကိုလည်း ရန်ဝီဖုန်ကရအောင် လုပ်ပေးခဲ့သည်။ မြေပုံက အနောက်ရိုးမတောင်တန်းကြီးသာမက၊ သံတွဲခရိုင်ပါ ပါသည့်မြေပုံဖြစ်သည်။ ရန်ဝီဖုန်က သန်မာ အလိုရှိ ရာ ဆောင်ရွက်ပေးရုံသာမက သန်မာတို့အဖွဲ့အတွက် ခေါက်ဆွဲ ကြော်၊ ထမင်းကြော်၊ အကြော်စုံ အမြဲလိုလို ဝယ်လာလေ့ရှိသည်။ သည်အလုပ်က ဆောင်းတွင်းမှာပင် နေ့လယ်နေ့ခင်း တအား ပင်ပန်းသည်။ နွေဆိုလျှင်တော့ သူ့အဖွဲ့သားတွေ၊ အတော်ကြိုးစား လုပ်ရလိမ့်မည်ဟု သန်မာတွေးမိသည်။ သည်လမ်းအလုပ်လုပ်ရင်း သန်မာက အားလုံးကိုပြောပြဖြစ်သည်။ "မင်းတို့ ငါတို့အမေ





အမေတွေဟာ ဂုဏ်ယူစရာ သူတို့တာတွေလုပ်ခဲ့တယ်လို့ ငါတို့ကိုပြောမပြ နိုင်ပေမယ့် မင်းတို့ငါတို့ကျတော့ ဒီလမ်းငါတို့ခင်းခဲ့တာ၊ ပျော့ဖတ် စက်ရုံကြီး ငါတို့တည်ခဲ့တာလို့ ဇနီး သားသမီး မြေးမြစ်အပြင်၊ ဘယ်သူ့ကိုမဆိုဂုဏ်ယူစွာ ပြောနိုင်ကြပြီလေ။ ဒါဟာ မင်းတို့ ငါတို့ရဲ့ သမိုင်းမှတ်တိုင်ဖြစ်ကျန်ရစ်အောင် ကြိုးစားလုပ်ကြစို့"ဟူ၍ပဲ ဖြစ်သည်။

လမ်းအလုပ်လုပ်ကောင်းနေဆဲ ပန်းရန်ဆရာ ကိုထွန်းထွန်း က ဧည့်သည်တစ်ယောက်ခေါ်လာပြီး မိတ်ဆက်ပေးသည်။ ကိုထွန်းထွန်း တို့ ငါးသိုင်းချောင်းမြို့က ဝါးပွဲစား ကိုမြတ်သင်းဖြစ်ပါသည်။ ကိုမြတ်သင်းက သန်မာနှင့် သက်တူ ရွယ်တူဖြစ်ပါသည်။ အရပ် မြင့်မြင့် ရုပ်ချောချောဟု ပြောရမည်လောက် ချောပါသည်။ သူ လည်း ဒဂုံတက္ကသိုလ်မှ သိပ္ပံဘွဲ့ ရထားသူဖြစ်ပါသည်။ သူက ကိုထွန်းထွန်းပြောပြထားသဖြင့် သန်မာတို့အဖွဲ့ကို သဘောကျနေ သည်။သန်မာတို့ တောင်းသည့် ဝါးတစ်ပိဿာ ခုနစ်ကျပ်သူပေး မည်။ ကြိုတင်ငွေလိုလျှင်လည်းပေးမည်။ ကုန်ခြောက်မျိုးစုံလိုလျှင် လည်း မှာပေးမည်။ ခုပေးသည့် ဝါးဈေးက ပုံသေမဟုတ်။ ဝါးကုန် သည် အချင်းချင်းက သူတို့ပေးနေသည့် ဝါးဈေးထက် ဝါးခုတ်သား များကို တိုးပေးလျှင် သူကလည်း ထပ်တိုးပေးမည်။ စက်ရုံက ထပ်တိုးပေးလျှင်လည်း ထပ်တိုးပေးမည်ဟုပြောသည်။

သက်တူ ရွယ်တူ ပွင့်လင်းဖော်ရွေသော၊ ဝါးခုတ်သမား

www.burmeseclassic.com

www.burmeseclassic.com



များအပေါ် နားလည်တတ်သော ဝါးပွဲစား ကိုမြတ်သင်းအား သန်မာတို့ လက်လွှတ်လိုက်၍ မဖြစ်တော့။ သန်မာက အားလုံးနှင့်တိုင်ပင်ပြီး သဘောတူညီချက် ရယူကာ ရန်ပီဖုန်ကို နှုတ်ဆက်ပြီးနောက် ကိုမြတ်သင်းခေါ်ရာ လိုက်လာခဲ့သည်။

ကိုမြတ်သင်းသည် ဝါးဖောင်ဆွဲရန် စက်လှေတစ်စီးလည်း ဝယ်ထားပြီးပြီ။ သန်မာတို့သည် နှစ်နှစ်ကျော်နေထိုင်ခဲ့သည့် အိမ်လေးကို အလေးပြုနှုတ်ဆက်လိုက်ကြပြီး လက်သမားဆရာ ဦးဘိုးလှအား လွှဲပေးခဲ့သည်။ ထို့နောက် စားနပ်ရိက္ခာနှင့် အိုးခွက်ပန်းကန်တို့ကို ခွဲဝေပေးပြီး ကိုယ့်ပစ္စည်းကိုယ်သယ်ကာ ကိုမြတ်သင်း ဝယ်ယူထားသည့် အသစ်စက်စက် ထုံသင်းမွှေး စက်လှေဖြင့် ငါးသိုင်းချောင်းသို့ ပြောင်းလာခဲ့ကြသည်။ ကိုမြတ်သင်းက ငါးသိုင်းချောင်း မြန်မာထမင်းဆိုင် တစ်ဆိုင်တွင် ထမင်းကျွေးသည်။

ထမင်းစားပြီးနောက်သန်မာတို့ကို ကိုမြတ်သင်းက မင်္ဂလာလမ်းထဲမှ သူ့အိမ်သို့ခေါ်သွားသည်။ သူ့အစ်မ မသင်းသင်းအေးနှင့် မသင်းသင်းမွှေးတို့နှင့် မိတ်ဆက်ပေးသည်။ ညီမနှစ်ယောက်လုံးက မြန်မာဆန်လွန်းနေသည်။ ညီအစ်မနှစ်ယောက်လုံး သနပ်ခါးမှုံနေအောင်လိမ်းထားပြီး၊ ပါးနှစ်ဖက်တွင် ပါးကွက်ကြီးနှစ်ကွက် ကွက်ထားကြသည်။ ဆံပင်ကို နဖူးပေါ်အောင်ဆွဲစုပြီး ဘီးကျော့ ပတ်ပတ်ထားရာ အရွယ်ရင့်သလိုထင်ရသည်။ ဆံပင်ကလည်း နက်မှောင်ပြီးအုံကောင်းလွန်းလှသည်။ မျက်နှာဝိုင်း အသားဖြူ



မျက်လုံး မျက်ဖန်တောင်းပြီး နှာတံပေါ် ရုပ်ချောကြသည်။ ကိုယ်လုံးကိုယ်ထည် အနည်းငယ်ဝဟန်ရှိကြသော်လည်း ငါးရံ့ကိုယ်ထည်မို့ အချိုးအစားကျလှ၏။ မောင်နှမသုံးယောက် ဆယ်နှစ်စီခြားကြောင်း မသင်းသင်းအေးက ပြောပြတော့ သန်မာ အံ့ဩမဆုံးတော့။ မသင်းသင်းအေးက ပိုအရွယ်တင်လွန်းသည်။

ကိုမြတ်သင်းက "ကိုသန်မာရေ၊ ခင်ဗျားတို့အားလုံး ဒီအိမ်မှာ ကိုယ့်အိမ်လို သဘောထားပြီး၊ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေးနားကြပါ။ ညနေစာ အိမ်မှာပဲစားမယ်။ ကျွန်တော်ခု ခေမာလမ်းခဏသွားဦးမယ်။ ပြန်လာရင် သီတာတုန်းပြင်နဲ့ ဂုတောင်းမန်းတောင်၊ လင်းလွန်းတစ်ထောင် သာသနာ့နယ်မြေပါ လိုက်ပို့ပေးမယ်။ ရေမိုးချိုးနားကြပါ" ဟု ပြောပြီး အထုပ်တစ်ထုပ်ဆွဲထွက်သွားသည်။ ပြည့်စုံတို့ကိုးယောက် ရေချိုးသူချိုး၊ ခုတင်ပေါ်လှဲသူလှဲနေကြပြီ။ သန်မာက ထမင်းဟင်းချက်နေကြသော ကိုမြတ်သင်း၏ အစ်မများဆီသွားပြီး "ဘာလုပ်ကိုင်ပေးရဖို့ ရှိပါသလဲ" ဟု သွားမေးတော့ နှစ်ယောက်လုံးက "ဘာမှမရှိပါဘူး၊ အားလုံးပြီးနေပါပြီ၊ "ဟုပြောပြီး အစ်မကြီးက "ညှီသည်ပျင်းနေပြီထင်တယ်၊ ညီမလေး သွားစကားပြောလိုက်ပါ "ဟုပြောပြီး သူ့ညီမကို တွန်းလွှတ်သည်။

သန်မာနှင့် မသင်းသင်းအေးတို့ ဧည့်ခန်းတွင် ဝင်ထိုင်ရင်းစကားစရှာမရဖြစ်နေသည်။ သန်မာက စကားစ ရှာမရသဖြင့် "ကိုမြတ်သင်းက ဘယ်သွားတာလဲ မမ" ဟုမေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခေမာလမ်းမှာ သူ့ချစ်သူရှိတယ်လေ။ သွား အခစား ဝင်တာပေါ့။ ချစ်သူဆိုတာတောင်၊ ဟိုက ပြန်ချစ်သေးတာ မဟုတ်ဘူး၊ သူက ချစ်နေတာ . . ."

"သိတာကုန်းပြင်ဆိုတာ၊ ဘာကိုပြောတာလဲမမ"

"ငါ့မောင် ဟိုရောက်တော့ တွေ့ပါလိမ့်မယ်၊ ငါ့မောင်ကြို သိထားအောင် မမအကြမ်းဖျင်းပြောပြမယ်။ နတ်ရှင်နောင်ကို ဖျက်ဆီးတဲ့သံလျင်မြို့စားဖိလစ်ဒီဗရစ်တိုလို့ခေါ်တဲ့ ဇေင်ကာကိုသိတယ်မဟုတ်လား။ အင်းဝဘုရင် အနောက်ဘက်လွန်မင်းတရားကြီးက ဇေင်ကာကိုဖမ်း၊ တံကျင်လျှိုကွပ်မျက်တဲ့အချိန် သူ့မိဖုရား ရခိုင်မင်းသမီး စောသဒ္ဒါ၊ သားတော်နန္ဒာဘယ၊ သမီးတော် သူ့ပဘာဒေဝီ၊ ဘိုးတော် မင်းစောထွတ်တို့ ထွက်ပြေးလွတ်မြောက်သွားကြတယ်။ မိဖုရားနဲ့ ဘိုးတော်တို့ တစ်နေရာစီ ကွယ်လွန်ခဲ့ကြတယ်။"

"သားနဲ့သမီးကတော့ ရခိုင်အမတ် သုဒ်နိနဲ့တွေ့ပြီး ကောက်ယူမွေးစား၊ ကြီးလာတော့ သူတို့မောင်နှမကို စုံဖက်ပေးလိုက်ပြီး၊ ကျိုက်ယသိမြို့တိုတည်၊ နန်းစံစေခဲ့တယ်တဲ့။ မွန်ဘာသာနဲ့ ကျိုက်ယသိဆိုတာ မြန်မာလို သိတာမြို့လို့ ခေါ်တာတဲ့၊ သူ့ပဘာ ဒေဝီကို သိတာဒေဝီ မင်းသမီးလို့ ခေါ်တွင်ခဲ့တာတဲ့။ နန္ဒာဘယမင်းသားက ဘေးထိုးရင်တျာ်ရောဂါနဲ့ နတ်ရွာစံ၊ သိတာဒေဝီကလည်း မောင်တော်ကိုလွမ်းလွန်းလို့ လွမ်းဖျားဖျားပြီး နတ်ရွာစံရာက မောင်နှမနှစ်ယောက်လုံး နတ်စိမ်း ဖြစ်သွားတယ်လို့ ဆိုကြတယ် ငါ့မောင် . . ."



"သိတာကုန်းပြင်ရွာမှာ သူတို့မောင်နှမ တည်ခဲ့တဲ့ ရွှေနန်းဦးခေါ်မြသိန်းတန်စေတီဆိုတာရှိတယ်။ အဲဒီ ဘုရားနားမှာ သိတာမောင်နှမကျောက်စာဆိုတာရှိတယ်။ အဲဒီဘုရားပရိဝုဏ်ထဲမှာ ကြေးပြား ၁၆၃ ချပ်နဲ့ ထွင်းထု ပြုလုပ်ထားတဲ့ ပိဋကတ်မြတိုက်လည်းရှိတယ်၊ သိတာမောင်နှမနတ်နန်းမှာ မောင်တော်ဘေးမှာ မြင်းရုပ်၊ နှမတော်ဘေးမှာ ကျားရုပ်ရှိတယ်။ နှစ်တိုင်းဘုရားပွဲနတ်ပွဲနှစ်ကြိမ်ကျင်းပတယ်။ ကုန်းပွဲကို တပေါင်းလ၊ ရေပွဲကို တော်သလင်းလ ကျင်းပတာ။ တောင်ပြုန်းပွဲအတိုင်း စည်မှ စည်ပဲ ငါ့မောင်။ ဒါနဲ့ ငါမောင်တို့ အကြောင်းလည်းသိရအောင် ပြောပြနိုင်မလား . . ."

မသင်းသင်းအေးက မေးလာပြန်တော့ သန့်မာက နန့်နှင်းဆီကိစ္စနှင့် ပတ်သက်ခဲ့တာတွေ ချန်လှပ်ပြီး ငယ်ဘဝအကြောင်းတွေ သင်္ဘောသားဘဝအကြောင်းတွေ၊ ပျော်ဖတ်စက်ရုံကြီးလုပ်သည့် အကြောင်းတွေ ပြောပြလိုက်ပါသည်။

စကားတွေ ဖောင်ဖွဲ့အောင်ပြောဖြစ်ကြတော့ မသင်းသင်းအေးနှင့်သန့်မာတို့သည် သူစိမ်းတွေမဟုတ်ကြတော့သလို ခင်မင်ရင်းနှီးသွားကြပြီမဟုတ်ပါလား။ ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၂)

# နယ်မြေလုပွဲ

သီတာကုန်းပြင်မှ ပြန်လာပြီးနောက် ထမင်းစားကြသည်။ အစ်မကြီး၏ လက်ရာက သန်မာတို့ လူစုကို ခေါင်းမဖော်အောင် ဆွဲဆောင်နိုင်လှသည်။ ကိုမြတ်သင်းပါ သန်မာတို့နှင့် အတူထမင်းစားသဖြင့် ထမင်းဝိုင်းနှစ်ဝိုင်း ပြင်ပေးထားသည်။ ငါးပတ် ငါးပိကောင် (ငါးပိတစ်)ကို ခရမ်းချဉ်သီးလိပ်နေအောင် ဆီပြန်ချက်ထားရာ လျှာလည်အောင် အရသာရှိလှသည်။ ငရုတ်သီးစိမ်းတို့ ပြုတ်ပြီး ကြက်သွန်ဖြူနှင့်ထောင်း၊ ပဲဆီနစ်နေအောင်စိမ်ထားရာ ငါးပတ်ငါးပိကောင် ချဉ်ငန်ဟင်းက၊ ငရုတ်သီးထောင်းအစပ်နှင့် လိုက်ဖက်လွန်းလှ၏။ ဒန့်သလွန်ရွက်ဟင်းချိုကို ကြက်သွန်ဖြူ ပုစွန်ခြောက်ရောထောင်းပြီး ဆန်လက်တစ်ဆုပ်ထည့်ချက်ထားရာ သောက်လိုက်တိုင်း ဆွေမျိုးမေ့အောင် ချိုလှသည်။ ချဉ်ငန်ချိုစပ် လိုက်ဖက်အောင် ချက်တတ်သည့် အစ်မကြီး၏ လက်ရာ





အရသာရှိကြောင်း ဆွေမျိုးမေ့အောင် ကောင်းကြောင်း စားသူတိုင်း ကပြောကြသည်။

အစ်မလတ်ကလည်း ဟင်းသုံးမျိုးကို အလစ်အလပ်မခံဘဲ လိုက်ထည့်ပေးနေသည်။ တကယ်တော့ သန်မာတို့ ဆယ်ယောက်က လူငယ်လူရွယ်တွေမို့စားနိုင်သောက်နိုင်ကြသည်။ ချက်ထားသည့် ဟင်းလျာက အစပ်အဟပ်တည့်တော့ အထူးသဖြင့် ငါးပတ် ငါးပိကောင်ချက်က ဟိုကန္တိုက်သည်ကန္တိုက်နှင့် ထည့်ပြီးမကြာခင် ကုန်သွားတတ်သည်။ အစ်မလတ်ကလည်း အချိန်မဆိုင်း ပြန်ထည့်ပေးတတ်သည်။ နည်းနည်းပါးပါးသာချက်ထားလျှင် ပြတ်လပ်သွားနိုင်သည်၊ အများကြီး ချက်ထား၍ ယခုလို ဖောခြင်းသောခြင်း ထည့်ပေးနိုင်ခြင်းဖြစ်သည်။

ငါးပတ်၊ သည်ငါးပေါ်ချိန်ဆို သန်မာတို့မုန်းအောင် စားရသည်။ ငါးပတ်က ပေါ်သလောက်၊ ဈေးချိုသည်။ ဘယ်ငါးနှင့် မျှ မတူအောင်ဈေးချိုသည်။ ဈေးချိုလွန်းတော့လည်း ငါးပတ်ကိုပဲ နေ့တိုင်းဝယ်ချက်စားကြသည်။ ငါးပတ်မွှေချက်လျှင် အရသာရှိလွန်းပေမယ့် ဆီတူနှုန်းလွန်းသဖြင့် ခဏခဏမစားနိုင်။ သန်မာတို့တွင် အိုးခွက်အပိုမရှိတော့ ငါးပတ် ငါးပိကောင်လည်း လုပ်မစားနိုင်။ သည်တော့လည်း အရသာရှိသည့် ငါးပတ်ငါးပိကောင်ဟင်း ချက်မစားနိုင်။ သည်အရပ်ဒေသမှာ ပေါ်ချိန်ပေါ်သည့် ငါးတစ်မျိုးလည်းရှိသေးသည်။ ငါးဖန်းမ၊ သူ့ကိုလည်း မုန်းအောင်စားရသည်။ ငါးရံ့လည်း ဈေးချိုပါသည်။ ဝေန်မြစ်၏ကျေးဇူးတွေသာ။

ကိုမြတ်သင်းက သန်မာတို့တစ်သိုက်ကို ညီအစ်ကိုလို ဆက်ဆံသည်။ သူတို့ သူဌေးဟုး၊ ဘော့(စ်)ဟုခေါ်သည်ကို မကြိုက်၊

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မခေါ်ပါနှင့်ဟု တွေ့စကပင် ပွင့်ပွင့်လင်းလင်းပြောလာသည်။ ညီအစ်ကို အရွယ်တွေမို့ သူငယ်ချင်းလို ညီအစ်ကိုလို သဘောထား ပြောကြပါဟုပြောသည်။ ကိုမြတ်သင်းက သန်မာတို့အားလုံးကို သူ၏ဝါးခုတ်အလုပ်သမားဟု သဘောမထား။ သူ၏ညီသည် စောင်သည်ဟုပဲ သဘောထားခဲ့သည်။ သူ့အစ်မတွေကလည်း ညီ့ကောင်းစောင်ကောင်းပမာ ပြုစုကျွေးမွေးရှာသည်။ ခုခေတ် လူဆယ်ယောက် ထမင်းတစ်နပ်ကျွေးဖို့ လွယ်လှသည်မဟုတ်။ ခု ကိုမြတ်သင်းက ဆိုင်မှာတစ်နပ်၊ အိမ်မှာတစ်နပ် ညီသည်ကို ညီ့ခံသလိုမျိုး ကျွေးမွေးခဲ့ပြီးပြီ။ ဆိုင်မှာတုန်းက သန်မာက ငွေ ထုတ်ရှင်းခဲ့ပေမယ့် ကိုမြတ်သင်းက လက်မခံ၊ အကုန်ပြန်ပေးသည်။ သူက အိမ်ရှင်၊ သန်မာတို့က ညီသည်တဲ့။ စေတနာကောင်းပြီး ကျွေးနိုင်မွေးနိုင်သည့် အနေအထားကြောင့်သာ ဤသို့ ကျွေးမွေး ခြင်းဖြစ်ပေလိမ့်မည်။ ဘယ်လောက်စေတနာရှိရှိ ကျွေးဖို့မွေးဖို့ မရှိ လျှင် အဘယ်သို့ ကျွေးနိုင်မွေးနိုင်ပါမည်နည်း။ သန်မာက မမငယ် ဆီ တီးခေါက်ကြည့်တော့ အဘိုးအဘွားလက်ထက်က ပွဲရုံတွေ ထောင်ပြီး ကုန်ရောင်းကုန်ဝယ်လုပ်သည်တဲ့။ အဖေနှင့် အမေမဆုံးမီ က ကုမ္ပဏီထောင်ပြီး World Star ဦးထုပ်ကို နိုင်ငံခြားသို့ တင်ပို့ သည့် အလုပ်လုပ်ခဲ့သည်။ ခုတော့ ဝါးစတားခမောက်၊ ဂွေဆွဲ ခမောက်လာသွင်းလျှင် လက်ခံဝယ်ယူပြီး ပြည်တွင်းမှာပဲဖြန့်တော့ သည်။

အားလုံး တီဗီထိုင်ကြည့်နေကြပေမယ့် သန်မာနှင့် ကိုမြတ် သင်းတို့နှစ်ယောက်က ရန်ဝီဖုန်ပေးလိုက်သည့် မြေပုံကို ကြည့်ကြ ရင်း၊ ငါးသိုင်းချောင်း ဂွလမ်း၏ လက်ဝဲဘက်ခြမ်းမှ ဝါးတောကို



ခုတ်ရကောင်းမည်လား၊ ထိုလမ်း၏ ယာဘက်ခြမ်းမှ ဝါးတောကို ခုတ်ရကောင်းမည်လား၊ ပုသိမ်-မုံရွာ-ရေဦးလမ်းဝဲယာ၊ လေး မျက်နှာတွင်းတောက်၊ အင်္ဂပူ၊ မယ်ဇလီကုန်း၊ ထူးကြီး မြို့နယ် ဘက်ဆီမှ ဝါးတောများဆီ သွားခုတ်ရကောင်းမည်လား။ လေးမျက် နှာ၊ အင်္ဂပူဘက်က၊ ကရင်ဝါးထက် တင်းဝါး အထွက်များသည် ဆိုတော့ မြေပြန့်လွင်ပြင်များပေမယ့် မရွေးချယ်ချင်တော့။ ဘာပဲ ဖြစ်ဖြစ် အနောက်ရိုးမတောင်တန်းကတော့ ကရင်ဝါးတောများ ချည်းမို့ ဘယ်ကသွားသွား သည်ဘူတာသို့ပဲ ဆိုက်မည်မုချသာ ပါလေ။

သန်မာသဘောကတော့ ဝါးခုတ်သမားအတွက် ဝါးခုတ် လွယ်သည့် မြေပြန့်များတာချည်း မရွေးချင်။ ထိုကားလမ်းမ ဝဲယာ ဝါးသယ်ထုတ်ရာတွင်နီးသည့် မိမိအတွက်သက်သာသည့် နေရာမျိုး ချည်းမရွေးချင်။ ပိုက်ဆံထုတ်ပေးသည့် ဝါးကုန်သည်ဘက်ကလည်း ကြည့်ရပါမည်။ ဝါးခုတ်ပြီးဖောင်ဖွဲ့မျှောချ၍လွယ်သည့် မြစ်ချောင်း များ ရှိမည့်နေရာဆိုလျှင် တောင်ပေါ်ပင်ဖြစ်ပါစေ။ သန်မာတို့ သည်လိုနေရာမျိုး ရွေးသင့်ပါသည်။ ပြီးတော့ ကားနှင့် သယ်ထုတ် မည်ဆိုလျှင်လည်း ဝေန်မြစ်နှင့် မဝေးသည့် အရပ်မျိုးလည်း ရွေးဖို့ လိုပါသည်။

သန်မာကတော့ ငါးသိုင်းချောင်း - ဂွလမ်း၏ တောင်ဘက် ခြမ်းကိုပဲ ကြိုက်သည်။ တောင်ဘက်ခြမ်းတွင် အနောက်ရိုးမ တောင်တန်းပေါ်၌ ၅၆၉ မီတာသာမြင့်သည့် ဇီးဇောင်းတောင် တစ်တောင်ပဲရှိသည်။ ထိုလမ်း၏ မြောက်ဘက်ခြမ်းတွင်မူ အနောက်ရိုးမတောင်တန်းပေါ်၌ မီတာ ၄၇၀ မြင့်သည့် ဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



စိုးတောင်၊ ၈၁၅ မီတာမြင့်သည့် မိုးထိတောင်၊ ၁၂၂ မီတာမြင့်သည့် တောင်နီတောင်နှင့် ၁၂၆၄ မီတာမြင့်သည့် ပန်းတောင်တောင်တို့ရှိသဖြင့် တောင်တန်းပေါ်ရှိ တောင်လေးလုံးပေါ်တက်ပြီးဝါးတက်မခုတ်ချင်တော့။ ဝါးမျှောဖို့ ချောင်းတွေမြစ်တွေကတော့ ပေါပါသည်။ ငါးသိုင်းချောင်း-ဂွလမ်းမကြီး၏ မြောက်ဘက်တွင် မြောက်ချောင်း(သီတာချောင်း)၊ ဂတ်ချောင်း၊ နန်ကာသူတောင်ချောင်း၊ နန်ကာသူမြောက်ချောင်း၊ ကညင်ချောင်းတို့က ဝေန်မြစ်ထဲစီးဝင်ကြသည်။ မများချောင်း၊ ပန်းတောချောင်း၊ ပြဒါးရှင်ချောင်းနှင့် သလဲတန်းချောင်းတို့က ရောဝတီမြစ်ထဲစီးဝင်သည်။ နေရာကျယ်လွန်းတော့လည်း ချောင်းများပေမည်ပေါ့။

ငါးသိုင်းချောင်း-ဂွလမ်းတောင်ဘက်မှာ ကွမ်းချောင်း၊ တောင်ချောင်းနှင့် စစ္စရန်ချောင်းပဲရှိသည်။ ချောင်းသုံးချောင်းလုံး ဝေန်မြစ်ထဲစီးဝင်သည်။ သန်မာက လမ်း၏ မြောက်ဘက်ခြမ်း မကြိုက်သည့်အဓိကအကြောင်းက ကုန်းပြင့်ရွာတွင်နှစ်စဉ် တော်သလင်းနှင့် တပေါင်းလတွင် ရေပွဲကုန်းပွဲ ဘုရားပွဲနတ်ပွဲနှစ်ကြိမ်ကျင်းပသည့်အတွက် တစ်လလောက် ဝါးမခုတ်ဖြစ်ဘဲ နတ်ကရာကြည့်မောအချိန်ကုန်နေမှာကြောင့်ဖြစ်သည်။ တစ်လ ဝါးမခုတ်ဖြစ်လျှင် ဝါးကုန်သည်အတွက်ရော ဝါးခုတ်သူအတွက်ပါ ဘယ်လောက်နစ်နာမည်ကို တွက်ကြည့်လျှင်သိနိုင်ပါသည်။ ပွဲရှိနေတော့လည်း သူ့သူ့ကိုယ်ကိုယ် အလုပ်ကိုဘယ်သူစိတ်ဝင်စားချင်ပါမည်လဲ။ မမြင်ကွယ်ရာဆိုလျှင်တော့ ကိုယ့်အလုပ်ကိုယ်ပဲလုပ်နေကြမည်ပေါ့။ သန်မာတွက်ပြသည်ကို ကိုမြတ်သင်းက သဘောကျသည်။ နှစ်ဖက်မျှ တွေးတတ်သူ၊ ကြည့်တတ်နှင့် တွေ့ရပြီ။ ကိုမြတ်သင်းက



နက်ဖြန်ကုန်သည်အားလုံးနှင့် ဝါးခုတ်ကွက်ညှိနိုင်းလျှင် သန်မာပြောသည့် အတွက်ရအောင်ပြောမည်ဟု သန်မာကိုပြောပါသည်။ သန်မာနှင့် ကိုမြတ်သင်းတို့ ကြည်နူးဝမ်းသာရင်း ထိုညက ကောင်းကောင်း အိပ်ပျော်သွားခဲ့သည်။

နံနက် (၆) နာရီခွဲတွင် ကိုမြတ်သင်း၏ ဟိုင်းလက် ကားလေးပေါ် ပစ္စည်းပစ္စယအားလုံးတင်ခဲ့ပြီး ဝါးတောဆီ ထွက်လာခဲ့ကြသည်။ ကိုမြတ်သင်းက သန်မာတို့၏ ထမင်းအိုးနှင့် ဒယ်အိုးနှစ်လုံးကို သူ့အိမ်တွင်ယူထားပြီး နှစ်ပြည်ဝင် ဒန်အိုးတစ်လုံး၊ ဒယ်အိုးကြီးနှစ်လုံးနှင့် ရေနွေးအိုးကြီးတစ်လုံး မနေ့ကတည်းက ဝယ်ပေးထားသည်။ ဟိုင်းလက်ကားလေး မြန်မာ-ဂျပန် ချစ်ကြည်ရေးပြယုဂ် ဝေန်မြစ်ကူးတံတားကို ကျော်လာတော့ ကျောက်ချောမြေသားလမ်းဖြစ်သွားပြီ။ ရေနံ့သာ လမ်းဆုံရောက်တော့ ဝဲဘက်လမ်းသို့ လိုက်လာခဲ့သည်။ ရေနံ့သာ မဟာဗျူဟာလမ်း အနောက်ဘက်ခြမ်းတွင် ရိုးမထိ ဝါးတောဟု ကိုမြတ်သင်းက သန်မာကိုပြောသည်။ ယာဘက်ခွဲထွက်သွားသည့်လမ်းက ပုသိမ်-မုံရွာ-ရေဦးလမ်း ဖြစ်သည်။ သန်မာတို့ကားသွားနေသည်က ငါးသိုင်းချောင်း-ဂွကားလမ်းဖြစ်သည်။ ကတ္တရာလမ်းဖြစ်သည်။ အတော်လေးကြာတော့ ကားလေးက လမ်းဝဲဘက်ရှိ အဆောက်အအုံဆီ သွားပြီးရပ်သည်။ ရွှေစားသောက်ဆိုင်၊ ကိုမြတ်သင်း၏ နှုတ်ဆက် နံနက်စာ ထမင်းကြော်မှာစားကြသည်။ စားပြီးလျှင် ၈ မိုင်မှ အနောက်တောင်ဘက်အတွင်းဝင်ပြီး ကရင်ဝါးတောကို ဆည်နေ့စခုတ်မည်။ ဝါးမခုတ်မီ၊ ခုအချိန်(၁၁) မိုင် မှာလာတွင်း လမ်းဆုံမှ သာပေါင်းထိ လမ်းပေါက်နေပြီဖြစ်၍ ထိုလမ်းနှင့် မနီးမဝေးတွင်

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆယ်ယောက်နေဖို့ တဲတစ်လုံး အလျင်သွားဆောက် ကြမည်။ အိမ်သာကျင်းတူး အိမ်သာဆောက်ကြမည်။ အိမ်သာနှင့် တဲ ဆောက်ပြီးသည်နှင့် ဝါးစခုတ်မည်။ ငါးသိုင်းချောင်း - ဂွလမ်းဘေးထိ ဝါးခွဲထုတ်ကြမည်။

"အားလုံးကို ကျွန်တော်ပြောထားမယ်။ တောထဲမှာ ခြင်တို့ဖြုတ်တို့ဆိုတာ အောတိုက်နေတာ၊ ငှက်ဖျားမဖြစ်အောင် ခြင်အကိုက်မခံစေနဲ့။ ခြင်ထောင်နဲ့ အိပ်ကြပါ။ ခြင်အရေးကြီးသလို အရေးကြီးတာ တစ်ခုရှိသေးတယ်။ အဲဒါက ဒီလမ်းအရှေ့ဘက် ခြမ်းဟာ သီတာမောင်နှမပိုင်တဲ့ နယ်မြေဖြစ်တယ်။ နယ်မြေကြမ်း တယ်။ ဒီလမ်းရဲ့အနောက်ဘက်ခြမ်းက အမေကရင်မနတ်နန်း နယ်မြေဖြစ်တယ်။ နယ်မြေကြမ်းတယ်။ မယုံမရှိကြနဲ့။ အပြောအဆို အနေအထိုင် ဆင်ခြင်ကြပါ။ အပေါ့သွားတောင် တောင်းပန်ပြီးမှ သွားကြ။ ဒီလိုမလုပ်ရင် ဂရိများသွားမယ် . . ."

ကိုမြတ်သင်း ပြောလိုက်သည့်စကားကို အားလုံး နားလည် ကြဟန်မရှိ။ ပြည့်စုံကထပြီး "အစ်ကို ခုနက ပြောသွားတဲ့ အောတိုက်နဲ့ ဂရိဆိုတဲ့စကားနားမလည်လို့ ပြန်ရှင်းပြပါဦး အစ်ကို" ဟုပြောတော့ ကိုမြတ်သင်းကရယ်သည်။ "အောတိုက်ဆိုတာ ပေါတာကိုပြောတာ။ များတယ်ပေ့ါ။ ဂရိများတယ်ဆိုတာ ဒုက္ခ များတာကိုပြောတာ။ ဒါကျွန်တော်တို့ ငါးသိုင်းချောင်းသားတွေ ပြောတဲ့ စကားပါ "ဟု ပြုံးပြုံးရယ်ရယ်ပြောသည်။

"ဟေ့ ဟိုကောင်၊ ဘာလာလုပ်တာလဲ"

"ဟေ့ကောင်၊ မင်းဒီမှာ ဘာလာရှုပ်တာလဲ "

လူစိမ်းနှစ်ယောက်က သန်မာ့ကို လက်ညှိုးထိုးရင်း ပြိုင်တူ ပြောဝင်လာကြသဖြင့် သန်မာအံ့အားသင့် ကြောင်ကြည့်နေမိ သည်။ ဘယ်သူတွေလာနောက်နေပါလိမ့်ဟု တွေးမိသလို တခြား သူတိုပြောလေသလားဟု ဘေးဘီကို သန်မာ ကြည့်မိသည်။ လက်ညှိုးငေါက်ငေါက်ထိုး ရိုင်းရိုင်းပျပျ ပြောဆိုပြီး ဆိုင်ထဲဝင် လာသူ နှစ်ဦးက သန်မာ့ရှေ့ရပ်လိုက်ကြသည်။ ကောင်းသန့် တို့ကလည်း ထိုင်ခုံမှအသီးသီးထလိုက်ကြပြီး သန်မာ့ဘေး ရောက်လာကြသည်။ ကိုမြတ်သင်းကတော့ မျက်စိမျက်နှာ ပျက်နေပြီ။ ကိုမြတ်သင်းက သန်မာနှင့် လူစိမ်းနှစ်ယောက် ကြားဝင်ရပ်ရင်း "နောင်ကြီးတို့ လူမှားနေပြီထင်တယ်။ သူက ရန်ကုန်ကပါ . . . "ဟု ဝင်ပြောလိုက်ရာ လူစိမ်းနှစ်ဦးက လဲပြို သွားမတတ် ရှေ့နောက်ယိမ်းထိုးရယ်နေတော့သည်။

အသားညိုညို ထောင်ထောင်မောင်းမောင်းလူက အရယ် ရပ်ပြီး ကိုမြတ်သင်းကို သူ့တံတောင်ဆစ်ဖြင့် ဘေးဖယ်ထုတ် လိုက်ရာ ကိုမြတ်သင်းခပ်လှမ်းလှမ်း ရောက်သွားသည်။

"ဟေ့ကောင် သန်မာ၊ ခုမှ ဘာရူးကြောင်မူးကြောင်လုပ် နေတာလဲ။ မင်းသဘောကအပြေးမြန်လို့ နိုမဟုတ်ရင် သေနေပြီ၊ ရေထဲလက်စဖျောက်လိုက်ရင် တရားခံမပေါ်ဘူးဆိုတာ မင်းကြား ဖူးတယ်မဟုတ်လား" ဟုပြောလိုက်မှ သန်မာတက်မကိုင် ကိုစံဖေ မှန်း သိတော့သည်။ သူက ဖြူဖြူထွားထွား မဟုတ်တော့ပြီ။ သန်မာ သေချာကြည့်လိုက်တော့ သူ့နောက်တွင် သူ့တပည့် ခင်မောင်တင့် ကိုဝါ တွေ့လိုက်ရသည်။

"မင်းဘာကြောင်ကြည့်နေတာလဲ ငါတန်းစီးမိုးညိုလေ၊ မတွေ့ပွဲနွှဲလိုက်ကြရအောင် "

www.burmeseclassic.com

www.burmeseclassic.com

မိုးညိုလည်း အသားမည်းပြီးပိန်သွားသည်။ ရိုင်းရိုင်းစိုင်းစိုင်း စော်ကားမော်ကားပြောလာသူ စံဖေနှင့်မိုးညိုအား ရင်ဆိုင်ရန် သန်မာကထိုင်နေရာမှ မတ်တတ်ရပ်လိုက်ပြီး "ခင်ဗျားတို့ ဘာလုပ်ချင်လဲ၊ ကျူပ်ဝါးခုတ်လာတာ၊ ရှုပ်ဖို့လာတာ မဟုတ်ဘူး။ ခုတ်ဖို့လာတာ" ဟု မာမာထန်ထန်ပြောလိုက်သည်။ ချက်ချင်း သန်မာ၏ လက်နှစ်ဖက်ကသူဝတ်ထားသော ကွင်းများတပ်ထားသည့် A.R Adventure ဘောင်းဘီ၌ ခါးပတ်ဖြင့် လျှိုဝတ်ထားသည့် တင်ပါးနှစ်ဖက်ရှိ ဓားအိမ်နှစ်ခုစီ ရောက်သွားသည်။ တစ်ပြိုင်တည်း မြနေအောင်သွေးထားသည့် ဝါးခုတ်ဓား၏ဓားရိုးများကိုလည်း ဆုပ်ကိုင်မိသားဖြစ်သွားသည်။ သူတို့နှင့် ပါလာကြသူများရော သန်မာတို့အဖွဲ့ရော ဆိုင်ထဲမှာလူတွေပြည့်နေပြီ။ လူအုပ်က ဖြစ်လာမည့်ရန်ပွဲကို စောင့်ကြည့်နေကြသည်။

သန်မာ၏ ဟန်ပန်အမူအရာကိုကြည့်ပြီး သူတို့နှစ်ဦး ရှေ့တိုးမလာရဲတော့။

"ကဲ... ပြော ခင်ဗျားတို့ ဘာလုပ်ချင်သလဲပြော၊ နှစ်ယောက်နဲ့တစ်ယောက် ချချင်တာလား။ နှလုံးရည် လက်ရုံးရည် ယှဉ်ချင်တာလား။ ဓားချင်းခုတ်ချင်တာလား ..."

သန်မာစိတ်တွေ ဒေါသကြောင့် လှုပ်ရှားလွန်းနေသည်။ စိတ်လည်းတအား ညစ်သွားသည်။ လောကငရဲတိုလည်း မတွေးမိတော့။ အေးအေးဆေးဆေးနေချိန် ဗလာချည်းသက်သက်ရန်လာလိုနေသည့် သင်းတို့နှစ်ယောက်အား သူနိုင်ကိုယ်နိုင် ရှင်းပစ်ချင်စိတ်များပေါ်လာသည်။ ဆိုင်ရှင် ဦးရွှေဖိနှင့် ကိုမြတ်သင်းတို့က သန်မာ၏ အနားရောက်လာကြပြီး စိတ်လျှော့ဖို့ သန်မာကိုပြောနေကြသည်။ သန်မာကအထူးသဖြင့် ကိုမြတ်သင်းကို အားနာနေမိသည်။ စိတ်ကိုလည်း ကြိုးစားထိန်းလိုက်သည်။



"ဟေ့ကောင်သန်မာ၊ ငါ့မှာ အဖော်မပါဘူး။ နှစ်ယောက်လို့ မပြောနဲ့၊ ချချင်ရင် တစ်ယောက်ချင်းချမယ်။ စံဖေတဲ့ကွ၊ တစ်ဖေတည်းရှိတယ်..."

"အေးဟုတ်တယ် သန်မာ၊ ငါလည်းတစ်ယောက်တည်းလာတာ၊ ငါးသိုင်းချောင်းသား မိုးညို၊ အဖော်မလိုဘူး"

"ခင်ဗျားတို့ နှစ်ယောက်မူးနေကြတယ်။ မူးနေချိန်ချရင် ကျွန်တော်မတရားဘူးဖြစ်မယ်။ နက်ဖြန် မသောက်ကြနဲ့၊ ဘယ်နေရာလာခဲ့ရမလဲ ချိန်းလိုက်..."

သန်မာ၏ စကားမဆုံးမီ ဆိုင်ကယ်လေးငါးစီးနှင့် လူဆယ်ဦးခန့်ရောက်လာရာ သန်မာက ရဲတွေထင်ပြီးခုံတွင် အသာပြန်ထိုင်လိုက်သည်။ သန်မာက ရဲတော့အကြောက်သား။ ကိုမြတ်သင်းနှင့် ပြောဆိုနေသံကြားရမှ သန်မာထင်သလို ရဲများမဟုတ်ဘဲ ဝါးကုန်သည်များ ဖြစ်နေကြောင်းသိရသည်။ စံဖေတို့အဖွဲ့နှင့် မိုးညိုတို့အဖွဲ့၏ ဝါးကုန်သည်များ ဖြစ်နေသည်။ ဝါးကုန်သည်ချင်း ဝါးခုတ်ကွက်ညှိနေကြသဖြင့် စံဖေနှင့် မိုးညိုတို့ ဝါးခုတ်သားများ ဆိုင်ပြင်ဘက်ထွက်ရပ်နေကြသည်။

ခဏကြာတော့ ကိုမြတ်သင်းက သန်မာဆီရောက်လာသည်။ ငါးသိုင်းချောင်း-ဂွ ကားလမ်းတောင်ဘက်ခြမ်း ဝါးခုတ်ကွက်ရကြောင်းပြောသည်။ ကိုမြတ်သင်း၏ ကျေနပ်အပြုံးကိုမြင်ရတော့ သန်မာစိတ်ချမ်းသာသွားသည်။ သန်မာက ကိုမြတ်သင်းအား ကျောင်းတော်ကရန်စကို နောက်မှ ပြောပြမည်ဟုပြောပြီး သန်မာ

www.burmeseclassic.com

www.burmeseclassic.com



သည် ကိုစံဖေနှင့် မိုးညိုတို့ဆီသွားရာ ကောင်းသန့်တို့လိုက်လာကြသည်။

"အစ်ကိုတို့လည်း ဝါးခုတ်လာတာ၊ ကျွန်တော်လည်း ဝါးခုတ်လာတာ၊ စိတ်ချမ်းသာကိုယ်ချမ်းသာ အလုပ်လုပ်ချင်တယ်။ ကိုမိုးညို ခင်ဗျားနဲ့ ကျွန်တော်အမှုဖွင့်ပြီး နှစ်ယောက်ကျေအေးလို့ အမှုလည်း ပိတ်သွားပြီ။ ဘာမကျေနပ်စရာရှိတော့လို့လဲ။ ကိုစံဖေ ခင်ဗျားလည်း ကျွန်တော့်ကိုသတ်ခဲ့ပြီးပြီပဲ။ ကျွန်တော်ကံကောင်းလို့ မသေတာ ကျေနပ်ပါတော့ဗျာ"

ဝါးကုန်သည်ရော ဝါးခုတ်သူတွေရော ရွှေထမင်းဆိုင်ကလူတွေပါ သန်မာတို့အနား စုပြုံလာကြပြီး "ငါတို့က မင်းနဲ့ တစ်ပွဲတစ်လမ်း စမ်းကိုစမ်းချင်သေးတာ" ဟု ကိုစံဖေနှင့် ကိုမိုးညိုတို့က တိုင်ပင်ထားသကဲ့သို့ သူတို့ရင်တွင်း စကားကို ပြိုင်တူပြောလိုက်ကြသည်။

"ဒါဆိုရင်လည်း ဒီလိုလုပ်ရအောင်၊ ခင်ဗျားတို့လည်း ကျွန်တော့်အကြောင်းကောင်းကောင်း သိခဲ့ပြီပဲ။ တစ်နေရာရာ ချိန်းတဲ့ကိစ္စ လုပ်မနေတော့ဘူး။ ဘာပြုလို့ဆိုတော့ ခင်ဗျားတို့လည်း အရက်မသောက်ဘဲနေမှာ မဟုတ်ဘူး။ အရက်သောက်ထားရင်လည်း မတရားတဲ့ပြိုင်ပွဲဖြစ်မှာမို့ ကျွန်တော်မပြိုင်ချင်ဘူး။ ကျွန်တော်တို့လည်း ခုပဲ ဝါးတောသွားကြရတော့မှာ။အလုပ်လုပ်ကြရမှာ။ နောက်ဆံမတင်းချင်ဘူး။ ခင်ဗျားတို့ တစ်ပွဲတစ်လမ်းစမ်းချင်တယ်ဆိုရင် ခုစမ်းရအောင်"

"အေး စမ်းမယ်။ မင်းကြိုက်တာပြော"

ကိုစံဖေက သန်မာကို လက်ညှိုးထိုးပြောသည်။



"ကျွန်တော် ကြိုက်တာပြောရရင်တော့ ဒီလမ်းဟိုဘက်မှာ ဝါးရုံနှစ်ရုံတွေ့တယ်မဟုတ်လား။ ခင်ဗျားတို့ နှစ်ယောက်ကသောက်ထားတော့ နှစ်ယောက်မှတစ်ရုံခုတ်၊ ကျွန်တော်က ခင်ဗျားတို့ မခုတ်တဲ့ဝါးရုံကိုခုတ်မယ်။ ကျွန်တော်က အလျင်ပြီးရင် ခင်ဗျားတို့ ကျွန်တော့်ကို ဘယ်တော့မှ လာမနှောင့်ယှက်ရဘူး။ မနှောင့်ယှက်ပါဘူးလို့ ကတိပေးပါ။ ကျွန်တော်က နောက်မှပြီးရင် ခင်ဗျားတို့လုပ်ခိုင်းတာ ကျွန်တော်လုပ်မယ်။ ဘာလုပ်ရမယ်ဆိုတာသာ ခုပြောပါ။ ခုကျွန်တော်ပြောတဲ့ ပြိုင်ပွဲကိုသဘောတူရဲ့လား . . ."

"အေးတူတယ်။ မင်းရှုံးရင်တော့ မင်းဒီနယ်မြေက ထွက်သွား၊ မင်းမျက်နှာ ငါမမြင်ချင်ဘူး"

"ကိုစံဖေပြောတာ ငါလည်းသဘောတူတယ်။ ငါနဲ့ ကိုစံဖေက အရှေ့ဘက်ဝါးရုံကိုခုတ်မယ်။ မင်းက အနောက်ဘက်ဝါးရုံကိုခုတ်။ အေး ခုစရအောင် . . ."

"နေကြပါဦး၊ နေကြပါဦး . . . ခင်ဗျားတို့ဟာ စားဝတ်နေရေး အတွက် အလုပ်လာလုပ်ကြတာ၊ အလုပ်ထိခိုက်အောင်တော့ မလောင်းသင့်ဘူး၊ ပြီးတော့ လောင်းကြေးကလည်း မညီမျှဘူး ဖြစ်နေတယ်။ ကိုသန်မာ ရှုံးရင်ဘဝပျက်ခံပြီး ဖောင်ဖျက်ပြန်ရမှာ၊ လောင်းကြေးညီအောင် ခင်ဗျားတို့ရှုံးရင်လည်း ဝါးမခုတ်ဘဲ ကိုယ့်အရပ်ကိုယ်ပြန်လို့ လောင်းသင့်တာပေါ့"

ကိုမြတ်သင်းက ဝင်ပြောတော့ ကောင်းသန့်တို့အဖွဲ့က "ဟုတ်တယ်၊ ဟုတ်တယ်" ဟုအော်လိုက်သည်နှင့် လူအုပ်ကြီးအပေါ် ဝိုင်းပြီး "ဟုတ်တယ်" ဟုအော်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတော့ ငါတို့မလောင်းနိုင်ဘူး။ ငါတို့လည်း ဝါးခုတ်
လာကြတာ၊ သန်မာပြောတဲ့အတိုင်းဆို ခုပြိုင်မယ်"

ကိုစံဖေတို့နှစ်ယောက်က ပြောသဖြင့် သန်မာက "ကဲ ဟု
ပြီရတယ်။ စမယ် " ဟုပြောလိုက်သည်နှင့် သုံးယောက်သ
ဝါးရုံနှစ်ရုံဆီပြေးသွားလိုက်ကြသည်။ "ခုတ်" ဟုသန်မာက စအေ
လိုက်သည်နှင့် အပြိုင်ခုတ်ကြတော့သည်။ သန်မာက ၁၀ မိနစ်မပြ
ဝါးတစ်ရုံကုန်သွားပြီ။ ကိုစံဖေနှင့် ကိုမိုးညိုတို့ဝါးရုံကို ပြီးအောင် မခု
တော့၊ သန်မာ့ကိုနှင်းမှုန်ကြားတွင် အလေးပြု လက်မြှောက် လိုက်
တော့သည်။

အနောက်ရိုးမတောင်ခြေတွင် နှင်းတွေက တဖွဲဖွဲကျနေ
လေ . . .။ ။

အခန်း (၂၄)

# စေတနာမှန်သောက်တရား

ကရင်ဝါး ခေါ် ခရောင်းဝါး ခေါ် တစ်ပင်တိုင်ဝါးက
စစ်တကောင်းရခိုင်ရိုးမကိုဖြတ်၍ ဧရာဝတီမြစ် အနောက်ဘက်
ကမ်း ပုသိမ်၊ ဟင်္သာတ၊ ပြည်ခရိုင်များတွင်ပေါက်၏။ အထက်ချင်း
တွင်းသို့လည်းဆက်၏ဟု သန်မာသည် သီရိပျံချီ ဦးချိန်ဟိုရေးသည့်
ဝါးစာအုပ်တွင်ဖတ်ဖူးသည်။

မြေအောက်တစ်လျှောက် ရိုင်းဇုမ်းရှည်များမှ အကြေးခွံဖုံး
သည့် အတက်များထွက်ကာ အဖျားပိုင်းသည် မြေကြီးပေါ်သို့
ကောက်တက်၍ ကရင်ဝါးပင်အဖြစ်ပေါက်၏။ ကရင်ဝါးပင်က
တစ်ပင်နှင့်တစ်ပင် အတော်ခြား၍ဖြောင့်မတ်စွာပေါက်၏။ ကရင်ဝါး
၏အောက်ပိုင်း သုံးပုံနှစ်ပုံတွင် ကိုင်းတက်များမရှိ၍ ခုတ်ရလွယ်
သည်။ ကရင်ဝါး၏အမြင့်ပေက ပေလေးဆယ်မှ ပေခုနစ်ဆယ်ဖြိုး
ဆစ်ကြားဆယ်လက်မမှ နှစ်ဆယ့်နှစ်လက်မထိရှိ၏။ အချင်းက



www.burmeseclassic.com

www.burmeseclassic.com



တစ်လက်မမှ သုံးလက်မထိရှိပြီး ချောရှုံအသားပေါ်၏။ အဖုယေ်ှ
ပြား၏။ ကရင်ဝါး၏မြေအောက်ရှိ ရိုင်းဇုမ်းများ၏အသက်ပြင်းမှုနှ
ဝါးပင်လျှင်မြန်စွာကြီးမှုကြောင့် ဝါးပေါက်နယ်မြေ ကျယ်ပြန့်ခြင်
ဖြစ်၏။ ကရင်ဝါး၏အသီးက အလျားသုံးဒသမငါးလက်မ၊ အန
နှစ်ဒသမသုံးလက်မရှိပြီး မာလကာသီး သို့မဟုတ် ဥတစ်လုံးကြက်သွ
နီရှည်ပုံဖြစ်၏။ လူနှင့် ကျွဲ၊ နွား၊ ဆင်၊ မြောင်၊ ကြွက်၊ ချေ၊ ဆတ်
ဝက်တို့ စားသောက်ကြ၏။

ရွှေထမင်းဆိုင်တွင် ဝါးကုန်သည်များနှင့် ဝါးခုတ်သူမျာ
ကရင်ဝါးတစ်လုံးတစ်ပိဿာဟု ပျမ်းမျှသတ်မှတ်ခဲ့ရာ နှစ်ဖက်
သဘောတူခဲ့ကြ၏။ အနောက်ရိုးမတောင်ခြေရောက်လေ၊ ဝါးချည်
မပေါက်ဘဲ အင်၊ ကညင်၊ တောင်သရက်၊ ပန်းစို့၊ ကျွန်း၊ ပျဉ်းကတိ
သစ်များပါ ရောပေါက်လာသည်။ ကရင်ဝါးတောဆိုပေမယ်
သိုက်ဝါး၊ ဝါးဒေး၊ တလကျူ၊ သိုက်တူမျှင်တူ၊ တင်းဝါး၊ ကြသောင်းဝါ
ကြခတ်၊ ထီးရိုးဝါး၊ ဝါးပိုးဝါးလည်း တွေ့ရတက်သည်ဟုသိရသည်
ကိုမြတ်သင်းကတွေ့သည့်ဝါး ခုတ်ပေးပါ။ ကရင်ဝါးဈေးနှုန်းအတိုင်
ပေးပါမည်ဟု ပြောပါသည်။

အများညီကြ၍သာ ဤကို ကျွဲဟုသန်မာဖတ်လိုက်ရပေမယ်
သူ့ရင်ထဲ ဘဝင်မကျချင်။ အချင်းသုံးလက်မရှိပြီး အမြင့်ပေ ခုန
ဆယ်ရှိသည့် ကရင်ဝါးသည် အနည်းဆုံး လေးငါးပိဿာရှိလိမ့်မည်
ဟု သန်မာထင်သည်။ ချိန်ခွင်ရှိဦး၊ ပိဿာလေးရှိဦး၊ ဝါးတစ်လုံးချိ
ဖို့ လွယ်လိမ့်မည်မဟုတ်။ ကတ္တားနှင့်ချိန်လျှင်တော့ လွယ်ပေလိ
မည်။ တောထဲ တောင်ထဲ အဘယ်ချိန်ခွင်၊ အဘယ်ကတ္တား ရှိနိုင်
မည် နည်း။ အချင်းတစ်လက်မ ပေလေးဆယ် ကရင်ဝါးတစ်လုံးတ

www.burmeseclassic.com



တစ်ပိဿာရှိချင်မှရှိမည်။ ရွှေထမင်းဆိုင်တွင် ဝါးတစ်လုံးတစ်ပိ
ဿာ သတ်မှတ်မှုနှင့်ပတ်သက်ပြီး ကိုမြတ်သင်းက ချီးသည် ခါးသည်
တစ်လုံးဝင်မပြောပါ။ အခြားဝါးကုန်သည်များကသာ ကရင်ဝါး
ဝါးရုံ အကုန်သာခုတ်၊ ဝါးအချောင်း အတိုအရှည် အသေးအကြီး
တစ်လုံးတစ်ပိဿာ သတ်မှတ်ပေးမည်ဟု ပြောကြသည်။ ဝါးကုန်
သည်များပြောသလို ခုတ်လျှင်တော့ ဝါးတစ်လုံးတစ်ပိဿာ၊ ဝါး
တစ်ရုံဝါးလုံးရေ မြောက်မြားစွာရမည်မို့ တွက်ခြေကိုက်ပါလိမ့်မည်။

သန်မာက မနက်စောစောက ကိုမြတ်သင်းအိမ်၌ သီရိပုံ့ချို
ဦးချိန်ဟိုရေးသားသည့် ဝါးစာအုပ်ကို ဖတ်လာခဲ့၍ ထိုအစည်း
အဝေးတွင် သူသိရှိထားသည့် ဝါးတစ်ရုံကိုပင် ကျပ်နုတ်သည့်
သဘော အကွာညီကျန်စေရန် ခုတ်သင့်ကြောင်း၊ တစ်နှစ်သားဝါး
ကို ပိုးကောင်ကိုက်ဖြတ်ထားမှသာ ခုတ်သင့်ကြောင်း၊ အသက်အကြီး
ဆုံးနှင့် ယိုယွင်းပျက်စီးမည့်ဝါးကိုဦးစွာ ခုတ်သင့်ကြောင်း၊ ဘေး
ပတ်လည်တိုးချဲ့ပေါက်နိုင်ဖို့ ဝါးရုံအနားစွန်းပတ်လည် မခုတ်ဖို့လို
ကြောင်း၊ ဝါးသုဉ်းလျှင် ဝါးစေ့ကျပြီးမှ ခုတ်သင့်ကြောင်း၊ ဝါးရုံမှ
အသုံးမကျသည့်ဝါး ထုတ်ပစ်သင့်ကြောင်း၊ ထိုသို့မခုတ်လျှင် ပင်စည်
အားလုံးခုတ်လျှင် ဝါးရုံသည် မသေသော်လည်း သေလုနီးပါးဖြစ်
သွားမည်။ သေသွားနိုင်သည်။ ဝါးတောပြုန်းသွားလျှင် မြေဆီလွှာ
မထိန်းနိုင်ပါ။ အဖိုးတန်သစ်တောတွေပါ ပြုန်းသွားနိုင်သည်ဟု
သန်မာကပြောတော့ အားလုံးကဝိုင်းရယ်ကြသည်။ သန်မာ
ရှက်ကိုးရှက်ကန်းဖြင့် ချက်ချင်းထိုင်လိုက်ရသည်။ အငြိမ်းစား
သစ်တောမင်းကြီးချုပ် သီရိပုံ့ချိုဦးချိန်ဟိုက သုတေသနပြု စေ့စေ့
စပ်စပ် လေ့လာရေးသားထားသည်ကို သူတို့က အယုံအကြည်

www.burmeseclassic.com

www.burmeseclassic.com

မရှိကြ။ ဝါးခုတ်လျှင် ပြန်ပေါက်သည်။ မျက်စိရှေ့တွင် ဝါးတောကြီး လူတွေဘယ်လောက်ခုတ်ခုတ် လျော့သွားသည်မရှိ။ ဝါးက လူကို နိုင်သည်။ ကြိုက်သလိုခုတ်၊ ဝါးအမြင့်ဆယ်ပေရှိလျှင် တစ်ပိသာ စာရင်းထဲထည့်ပေးမည်ပြောတော့ သန်မာဘာမျှ ပြန်မပြောနိုင်တော့။ ဝါးနုလည်း ခုတ်ပစ်ရမှာပါလား။

ထိုနေ့က နံနက်စာကို ရွှေထမင်းဆိုင်မှာပဲ စားဖြစ်သည်။ ကိုမြတ်သင်းကပဲ ကျွေးသည်။ ဝါးတစ်ချောင်းကို တစ်ပိသာ သတ်မှတ်ဖို့ အချေအတင်ဆွေးနွေးနေကြသည်နှင့် မွန်းတည့် ၁၂ နာရီကျော်မှ ထမင်းစားပြီးသည်။ နေဖို့တဲသွားဆောက်၊ အိမ်သာ ကျင်းတူး၊ အိမ်သာတည်၊ ကွမ်းချောင်းမှ ရေခပ်၊ ရေသယ်ကြ၊ ရေချိုးကြနှင့် ညနေသုံးနာရီကျော်မှ ပြီးသည်။ ဝါးစခန်းဆောက်ရာတွင် တိုင်ကို သစ်၊ အကာအခင်းကို ဝါးကိုသုံးပြီး အမိုးကို ဓနိ၊ အင်ဖက်၊ ကျွန်းရွက်၊ အဆင်ပြေရာမိုးရပါသည်။ နွေအခါတွင်မိုးအတွက် မစိုးရိမ်ရသည့်အတွက် ဂျင်းရဲပင်အရွက်နှင့် ကိုင်းပင်တို့ကို မိုးနိုင်ပါသည်။ ယခုတဲကို အင်ဖက်ပဲမိုးပါသည်။ ဤတဲဆောက်ရာတွင် သန်မာက သံ၊ လွှ၊ တူတို့ယူလာသဖြင့် လျင်မြန်စွာပြီးခြင်းဖြစ်သည်။ ဤဝါးခုတ်စခန်းကို ဝါးကုန်သည်ကလည်း စေတနာရှိ၊ ဝါးခုတ်သမားများကလည်း စေတနာပြန်ထားရမည်ဖြစ်၍ စေတနာဝါးခုတ်စခန်းဟု မှည့်ချင်ကြောင်း သန်မာတထပြောတော့ ကိုမြတ်သင်းရော အားလုံးကပါ "စေတနာ ဝါးခုတ်စခန်း" အမည်ကို သဘောကျကြပြီး "စေတနာဝါးခုတ်စခန်းကွ"ဟု ဝိုင်းအော် လိုက်ကြသည်။ ကိုမြတ်သင်းက တစ်နေ့တစ်ယောက် ဘယ်နှစ်လုံး ခုတ်နိုင်သည်ကို သိလိုသဖြင့် နက်ဖြန်မှ စခုတ်ကြရအောင်ဟု ပြောသဖြင့် အားလုံး



တ"ကောင်းပါတယ် ခင်ဗျ. . . ."ဟုပြောကြ သည်။ ထိုနေ့ညစာကို ကိုမြတ်သင်း အစ်မကြီး မသင်းသင်းမွေး ထည့်ပေးလိုက်သည့် ငါးပတ် ငါးပိကောင်ဟင်း ချက်စားကြသည်။ ထမင်းစားပြီးတော့ ကိုမြတ်သင်းက ကျောင်းတော်ကရန်စအကြောင်း ပြောပါဦး ပြောသဖြင့် သန်မာကပြောပြရသည်။ ထိုညက စောစော အိပ်ရာဝင် ခဲ့ကြသည်။ အနောက်ရိုးမတောင်ခြေ ဝါးတော၌ ဒီဇင်ဘာညသည် အတော်အေးသည်မှာ မှန်သော်လည်း မြစ်ကြီးနား၌ နေလာခဲ့သည့် သန်မာ့အဖို့အိပ်၍ကောင်းရှိသာ။

အလှည့်ကျတာဝန်ကျသူက နံနက်လေးနာရီထ၊ ရေနွေးအိုး တည်၊ နေ့လယ်စာ ထမင်းဟင်းချက်၊ ဆီထမင်းထိုး။ ငါးနာရီတွင် အားလုံးနိုးလိုက်သည်။ ကိုယ်လက်သန့်စင်ကြပြီးနောက် ရေနွေး ကြမ်းတစ်ခွက်စီနှင့် ဆီထမင်းမဝတဝ စားကြရသည်။ နံနက် ၆ နာရီထိုးကာနီးတွင် ကိုမြတ်သင်းက ခုတ်ပြီးဝါးများကို သယ်ထုတ်ရမည့်နေရာနှင့် သယ်ထုတ်ပုံ သယ်ထုတ်နည်း၊ ကိုယ်ခုတ်သည့်အပုံ ရေတွက်နည်းတို့ကို အသေးစိတ်ရှင်းပြသည်။ သန်မာကလည်း ဝက်ရုံအတွက် အကျိုးမရှိ၊ ဝါးကုန်သည်အတွက် အကျိုးမရှိသည့် ဝါးနုများကိုမခုတ်ဘဲ ချန်ထားခဲ့ရန်၊ နောက်တစ်ကြိမ်ခုတ်လျှင် အခက်မတွေ့စေရန်၊ ငုတ်အမြင့်ခြောက်လက်မနှင့် ဆယ့်နှစ်လက်မ ကြားခုတ်ရန်၊ အဆစ်ပေါ်တွင်ကပ်ခုတ်ရန်၊ ကရင်ဝါးသာ မဟုတ်၊ ဝါးရင့်လျှင် မည်သည့်ဝါးမဆိုခုတ်ရန်၊ ဝါးတစ်ပင်ကို တစ်ချက် တည်းနှင့် ပြတ်အောင်ခုတ်ရန်၊ ထိုသို့ခုတ်နိုင်ရန် အားနေလျှင် အလကားမနေဘဲ ဓားသွေးကျောက်နှင့် ဓားသွေးထားကြရန် သိုရင်း ပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တို့နောက် ဝါးခုတ်မည့်နေရာသို့ ဝင်ကြသည်။ ခြောက်နာရီတိတိ တွင် ကိုယ့်ငန်းအတိုင်း ကိုယ်စခုတ်ကြသည်။ ၁၁ နာရီ နား၊ ထမင်း စား၊ ဓားသွေး၊ ကိုမြတ်သင်းနှင့်လိုက်ပြီး ကိုယ်ခုတ်သည့်ဝါး အလုံး လိုက်ရေ။ ၁၂ နာရီ စပြန်ခုတ်ကြသည်။ ညနေ ၅ နာရီထိုးတော့ လုပ်ငန်းသိမ်းကြသည်။ သည်နေ့ ဝါးခုတ်ရာတွင် သန်မာတို့ လှုပ်ရှားတာ မြန်နေ၍လားမသိ။ ဘာခြင်၊ ဘာဖြုတ်မှ လာမကိုက်ပါ။ မိုးတွင်းတော့ မပြောတတ်ပါ။ ကိုမြတ်သင်းနှင့် ကိုယ်ခုတ်သည့် ဝါးအလုံးလိုက်ရေ။ တာဝန်ကျသူက ထမင်းဟင်းချက်။ ကွမ်းချောင်း သွားရေချိုးရင်း သောက်ရေသုံးရေခပ်ကြ။ မည်သူ့ကိုမျှ ရေစိမ်း သောက်ခွင့်မပြုပါ။ ထမင်းဟင်းချက်ရန် တာဝန်ကျသူက ရေနွေးကြမ်းကို လုံလောက်ပိုလျှံအောင် တည်ပေးပါသည်။ လက်ဖက်ခြောက်လည်း လုံလောက်စွာ ဝယ်ပေးထားပါသည်။ ကိုမြတ်သင်းကလိုအပ်သော ဆေးဝါးများလည်း အလှူလုပ်ပေးထားပါသည်။

ကိုမြတ်သင်းက ခုတ်ရသည့်ဝါးစာရင်းကို ကြေညာပါသည်။ လှငွေက ၃၄၅ လုံး၊ အောင်ဖေက ၃၅၁ လုံး၊ မျိုးမြင့်က ၃၅၅ လုံး၊ မြင့်မောင်က ၃၅၆ လုံး၊ ပြည့်စုံက ၃၅၈ လုံး၊ ဘခင်က ၃၆၀ လုံး၊ ဟန်ထွန်းက ၃၆၃ လုံး၊ ရဲမောင်က ၃၆၅ လုံး၊ ကောင်းသန့်က ၃၇၀ လုံး၊ သန်မာက ၅၇၃ လုံး၊ ဝါးနုတစ်လုံး မပါ။ သန်မာ ဝါးအလုံး ၅၇၃ လုံးခုတ်နိုင်သည်ကို အားလုံးက မအံ့သြကြပါ။ သန်မာသည် ပျော့ဖတ်စက်ရုံတွင် အလုပ်လုပ်စဉ်ကပင် သူ့အရည်အချင်းကို သူတို့အားလုံးသိကြ ပြီးဖြစ်ပါသည်။ ဘိလပ်မြေတစ်အိတ်ကို အခြားသူတွေက ပခုံးပေါ်ထမ်း၊ အီး အဲ ဖြစ်နေချိန်၊ သူက



ဘိလပ်မြေအိတ်တစ်လုံးကို ခါးစောင်းတင်၊ အသာလေးသယ်သွားလေ့ရှိပါသည်။ အခြားသူများ အုတ်ဆယ်လုံးသယ်လျှင် သူက အလုံးနှစ်ဆယ်သယ်သူ ဖြစ်ပါသည်။ မဆလာကို စပ်တာရော၊ မွှေတာရော သူတစ်ယောက်တည်း လုပ်သွားနိုင်သူဖြစ်ပါသည်။ အခြားသူတွေက ပြတ်ပြတ် မပြတ်ပြတ်၊ ဓားတစ်လက်နှင့် ဝါးခုတ်နေချိန်၊ သူက ဓားနှစ်လက်နှင့် ဝါးတစ်ပင်ဓားတစ်ချက်ပဲခုတ်ပြီး ဝါးကိုသယ်တော့လည်း အခြားသူများလိုမဟုတ်။ ဉာဏ်သုံးပြီး သွပ်ကြိုးနှင့်ပတ်၊ ချွေးသုတ်ပုဝါခံဆွဲတော့ ခရီးတွင်သည်ပေါ့။

အားလုံးက သန်မာ့ကိုမအံ့သြကြပေမယ့် ကိုမြတ်သင်းကတော့ အံ့သြသည်။ အံ့သြသမှ ထုတ်ဖော်ချီးကျူးမိသည်အထိ အံ့သြသည်။ သည်ပုံအတိုင်းနေ့စဉ် ခုတ်သွားနိုင်လျှင် သန်မာက တစ်နေ့ဝါးခုတ်ခ ၄၀၀ိ ကျော်ရမည်။ ကျန်သူတွေကလည်း ၂၄၀ိ/- ၂၅၀ိ/- ခန့်ရကြမည်။ စားစရိတ် တစ်နေ့တစ်ထောင် နုတ်ဦး၊ သူတို့အတွက် အောက်ထစ် တစ်ထောင့်လေးငါးခြောက်ရာ ကျန်မည်။ ဝါးကလည်း တစ်နေ့တည်းနှင့် ဝါးအလုံးလေးထောင်ခန့် ရပြီမို့ ဝါးကုန်သည်ကိုမြတ်သင်း မယုံကြည်နိုင်အောင်ဖြစ်ပြီး ပျော်တပြုံးပြုံးဖြစ်နေသည်။ နောက်နေ့ဆို ငွေအရပြိုင်ကြမည်ဖြစ်၍ ဝါးပိုရမည်မှာ သေချာသည်။

ကိုမြတ်သင်းသည် ဝါးခုတ်စခန်းတွင် တစ်ညအိပ်ပြီးနောက် အစစအရာရာ သန်မာ့ကိုမှာခဲ့၊ အပ်ခဲ့ပြီး ပြန်သွားပြီ။ မပြန်၍လည်းမဖြစ်၊ သည်ဝါးတွေတိုက်ထုတ်ဖို့ ငဝန်မြစ်ထဲဖောင်ဖွဲ့ဖို့၊ ဝါးတွေချိန်ပြီး စက်ရုံအပ်ဖို့၊ စက်ရုံကငွေပြန်ထုတ်ဖို့ ကိစ္စတွေက သူ့ကိစ္စတွေမဟုတ်လား။ ဝါးတိုက်ဖို့ စက်ရုံကကားငှားထားပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သည်အတိုင်းထိုင်နေ၍ ကားကရောက်လာမည်မဟုတ်။ အချိန်နေရာ၊ ကားဆရာနှင့်ညှိရမည်။ ကားဆရာနှင့် တွေ့ရမည်မဟုတ်ပါလား။

ကိုမြတ်သင်းက ဝါးသယ်ထုတ်ဖို့ ကားနှစ်စင်းဝယ်မည်ဟု သန်မာ့ကိုပြောသွားသည်။ ကားဝယ်နေ၍လားမသိ။ ကိုမြတ်သင်း ပေါ်မလာတာ တစ်လကျော်ခန့်ရှိသွားပြီ။ သန်မာတို့ခုတ်သမျှဝါးတွေကိုတော့ စက်ရုံမှကားက အမြဲလာသယ်သည်။ စက်လှေတွင် ဦးစီးနေသူ ကိုမြတ်သင်း၏ဦးလေး ဦးဂန္ဓာက စက်ရုံကားနှင့် ဝါးသယ်သည့်ကိစ္စ၊ ကရင်ဝါးနှင့် အခြားဝါးခွဲခြားသည့်ကိစ္စ၊ ဝါးရေတွက်သည့်ကိစ္စ၊ ဝါးဖောင်ဖွဲ့သည့်ကိစ္စ၊ စက်ရုံသို့ဝါးဖောင်ပို့ပေးသည့်ကိစ္စတို့ကို ဆောင်ရွက်ပေးနေသည်။

သန်မာတို့အဖွဲ့၏ခုတ်အားကလည်း တစ်နေ့တခြားတက်လာသည်။ ထူးခြားသည်က အောင်ဖေ၊ ပထမနေ့တွင် ဒုတိယနောက်ဆုံးလူက ဝါး ၃၇၃ လုံးခုတ်ပြီး၊ သန်မာ အောက်ရောက်သာခြင်းပင်။ ပထမဆုံးနေ့ထက် ကျသွားသည့်နေ့ တစ်နေ့မှမရှိ။ သန်မာက နေ့စဉ်တစ်ဦးချင်းခုတ်သည့်ဝါးကို အောင်ဖေနှင့် စာရင်းပြုစုရသည်။ ညနေအလုပ်သိမ်းပြီးနောက် သူတို့ဝါးလိုက်လံရေတွက် စာရင်းပြုစုနေချိန်၊ ကျန်သူများက အနီးပတ်ဝန်းကျင်သို့ ဟင်းချက်စရာအဖြစ် တောသီး၊ တောရွက်အရှာ ထွက်ကြသည်။ နှစ်လအတွင်း တောသီး တောရွက်မျိုးစုံအပြင်၊ ခါသား၊ တောကြက်သား၊ ငုံးသား၊ တောဘဲသား၊ ရေဘဲသား ရံဖန်ရံခါ စားရပါသည်။

တောထဲမှာ ညစာထမင်းစားပြီးနောက် ဘာအလုပ်မျှ မရှိတော့။ အိပ်ရာထဲဝင်ရုံပဲရှိသည်။ သန်မာ ထိုသို့မနေချင်။ ပြည့်စုံတို့တောင်းဆိုထားသည့် စာသင်ပေးမှုကို ခုတော့လုပ်ပေးနိုင်တော့မည်။



ကိုမြတ်သင်းပြန်သွားစဉ်က "ကိုသန်မာ ဘာမှာဦးမလဲ. . ." ဟုမေးသဖြင့် သန်မာက " ပြည့်စုံတို့ကို စာသင်ပေးချင်လို့ ဒီဇယ်မီးခွက်သုံးခွက်လောက်နဲ့ ဒီဇယ်ဆီ၊ ဗလာစာအုပ် နှစ်ဒါဇင်လောက်နဲ့ ဘောလ်ပင်တစ်ဒါဇင်လောက် လှူနိုင်မလားခင်ဗျား. . ." ဟု ပြောတော့၊ ကိုမြတ်သင်းက အားရဝမ်းသာ "ဒီအစီအစဉ်အရမ်းကောင်းတယ်ဗျာ။ လှူမှာပေါ့။ ဒီလိုကုသိုလ်လုပ်ချင်နေတာ၊ ကျွန်တော်မအားလို့၊ အားရင် ဝင်တောင်သင်ပေးချင်သေးတယ်။ တခြားဘာလိုသေးသလဲပြောပါ. . ." ဟု ပြောသည်။ သန်မာက " တခြားမရှိပါဘူး. . ." ဟု ပြောတော့ " ဝါးလာသယ်မယ့်ကားနဲ့ တင်ပေးလိုက်မယ်. . ." ဟု ပြောပြန်သွား သည်။

သုံး လေးရက်ကြာတော့ White Board တစ်ခု၊ Soft Pan ငါးချောင်း၊ ဗလာစာအုပ်ဆယ်ဒါဇင်၊ ဘောလ်ပင် ငါးဆယ်၊ ဒီဇယ်ဆီမီးခွက်ငါးခွက်၊ ဒီဇယ်ဆီတစ်ပုံး ဝါးလာသယ်သည့်စက်ရုံကကားနှင့် ပါလာသည်။ ထိုနေ့ညကစ စာသင်ဖြစ်သည်။ ပြည့်စုံကို မျိုးမြင့်၊ ရဲမောင်ကို မြင့်မောင်၊ ဟန်ထွန်းကို အောင်ဖေ၊ ဘခင်ကို လှငွေ၊ ကောင်းသန့်ကို သန်မာ ကသင်ပေးဖို့ အသီးသီးတာဝန်ခွဲဝေ ယူကြသည်။ လုပ်အားပြိုင်ရုံမဟုတ်ကြတော့၊ စာသင်ပါပြိုင်လာကြပြီ။

တစ်လပြည့်သည့်နေ့တွင် ဦးဂန္ဓာ ဝါးကားနှင့် ရောက်လာသည်။ သူနှင့်အတူ လှေကြီးတက်သစ်သစ်ကုန်စုံဆိုင်မှ သူ ထုံသင်းမွှေးစက်လှေနှင့် သယ်လာသည့်ရိက္ခာများနှင့် ဒီဇယ်တစ်ပုံးပါလာသည်။ ကိုမြတ်သင်းကပို့ခိုင်းတာဟု ပြောသည်။ သစ်သစ်ဆိုင်က ပို့ပေးသည့်ရိက္ခာဖိုးတို့ သန်မာတို့ပေးမည့်ဝါးခုတ်ခထဲမှ ကြိုထုတ်ပေးထားရန်၊ ကိုမြတ်သင်းကို ပြောထားပြီးဖြစ်၍ သစ်သစ် ဆိုင်ကို ပို့စရာ

www.burmeseclassic.com

www.burmeseclassic.com



မလို။ ဦးဂန္ဓာက တစ်ဦးချင်းခုတ်ပြီးသည့် ဝါးအရေအတွက်အတိုင်း ဝါးတစ်ပိဿာ ခုနစ်ကျပ်နှုန်းဖြင့် တွက်ထုတ်ပေးပြီး ရိက္ခာငွေ သုံးသောင်းကျပ်စီ ပြန်ဖြတ်ယူသည်။ သစ်သစ်ဆိုင်သို့ ငါးပတ် ငါးပိကောင်နှင့် ငါးဖန်းမငါးပိကောင် များများဝယ်ထည့်ပေးဖို့ သန်မာက ဦးဂန္ဓာကို မှာလိုက်သည်။

နောက်လတွင် ကိုမြတ်သင်းလာပြီး ဝါးခုတ်ခ လာရှင်းပေး သည်။ ဒီဇယ်ဆီတစ်ပုံးလည်းပါလာသည်။ ဗလာစာအုပ်၊ ဘောလ် ပင်၊ ဆော့ဖ်ပင် လိုမလိုမေးပြီးပြန်သွားသည်။ ဝါးခုတ်ခကိုတော့ ကိုမြတ်သင်းလာမရှင်းလျှင် ဦးဂန္ဓာလာရှင်းသည်။ သစ်သစ်ဆိုင် မှရိက္ခာလည်း ဝါးလာသယ်သည့်ကားနှင့် လကုန်လျှင်ပါလာမြဲ သန်မာတို့ ဝါးခုတ်ကွက်နေရာ သုံးကြိမ်ပြောင်းခဲ့ပြီးပြီ။ စေတနာ ဝါးခုတ်စခန်းကို ၁၅ မိုင် ကွမ်းချောင်းအနီးမှာပဲ ဒုတိယအကြိမ် ရွှေ့ခဲ့သည်။ ၁၅မိုင် ဒုတိယဝါးခုတ်စခန်းရောက်တော့ သန်မာ အောက် ဝါးခုတ်အတော်ဆုံးလူက အောင်ဖေဖြစ်နေပြီ။ လူငယ် များပီပီ ပြိုင်ကြဆိုင်ကြသည် က အားကျဖို့ကောင်းသလို လောဘ ဖက်လွန်းလျှင်လည်း မလိုလားအပ်သော ပြဿနာတွေဖြစ်လာမှာ သန်မာစိုးသည်။ ထိုသို့စိုးရိမ်ကာမှ ပြဿနာက ဖြစ်လာခဲ့ပြီ။

တစ်နေ့ ထိုတစ်နေ့ကို သန်မာ မမေ့နိုင်။ ထိုနေ့က ဝါးခုတ် ကွက်တွင် သန်မာနှင့် ရဲမောင်တို့သည် ငန်းချင်းကွာသည်။ ဟိုဘက် ထိပ် ဖြစ်သည်။ သန်မာကိုယ့်ငန်းကိုယ် ဝါးခုတ်နေစဉ် သတင်းဆို ကို စကြားရသည်။ ရဲမောင်၏ ငန်းဘေးမှ ဝါးခုတ်သူများက တ ဆင့်ပြီးတစ်ဆင့် လှမ်းအော်ကြသဖြင့် ရဲမောင် ဝါးခုတ်ရင်း ဝါးကို ရိုက်၍ ယာဘက်မျက်လုံး ပျက်စီးသွားကြောင်း သတင်းဖြစ်သည်။

သန်မာသည် လေတဲ့သို့ ရဲမောင်ရှိရာ ပြေးသွားမိသည်။



မျက်နှာပြင်တစ်ခုလုံး သွေးအလိမ်းလိမ်းဖြင့် ပေကျံနေသည့် ရဲမောင်ကို တွေ့ရ၏။ သန်မာ အချိန်မဆိုင်းတော့။ ရဲမောင်ကို ပခုံးပေါ် ထမ်း၍တစ်မျိုး ပွေ့၍တစ်ခါ ကျောဥ္မပိုး၍တစ်သွယ် ငါးသိုင်းချောင်းဆေးရုံပေါ်သို့ အမြန်အရောက်တင်ပို့ခဲ့သည်။

လမ်းတွင်ရဲမောင်၏ စကားကြားရတော့ သန်မာရင်နာ၍ မဆုံးတော့။ ဝါးခုတ်စံချိန် သူ့အပေါ်နှစ်ယောက်တည်းရှိရာက အောင်ဖေကပါ ရောက်လာပြီး သုံးယောက်ဖြစ်လာ၍ အောင်ဖေအ ပေါ် တော့်တက်ချင်ဇောနှင့် လောဘဇောတက်မိ၍ အခုလို မျက်လုံးတစ်ဖက်ပျက်ရကြောင်း ပြောတော့ ရင်ထုမနာဖြစ်ရသည်။ အတွေ့အကြုံအရလည်း ဆေးသေတ္တာတစ်လုံး ဝယ်ထားမှ ဖြစ် တော့မည်တု သန်မာဆုံးဖြတ်လိုက်သည်။

"ဖမ်း . . . ရွှတ် . . . . ဖေါင်း . . . . အား . . . သွားပြီ၊ လာကြပါဦး၊ လုပ်ကြပါဦး၊ ကျွန်တော် မျက်လုံး ပေါက်သွားပြီ၊ သွေး တွေ . . . . သွေးတွေ . ."

သန်မာ၏ ငန်းစပ်ဝဲဘက်စွန်းမှ ကရင်ဝါးပင်က ဘယ်လိုက ဘယ်လိုဖြစ်မှန်းမသိ အကိုင်းလိုက်"ဖမ်း . ." ဟူသော အသံဖြင့် သန်မာ့ လက်ယာဘက်မှ သန်မာ့မျက်နှာဆီအရှိန်နှင့် ပြေးလာ သည်။ သန်မာလက်ကလျှင်၏။ ဓားနှင့် လက်ပြန် တွက်ထည့်လိုက် ရာ၊ "ရွှတ်" ဟူသော ဓားထိသံအဆုံးလေထဲတွင် တန့်သွားသည်။ တစ်ချိန်တည်း ဖြစ်ပါ၏။ မျက်လုံးထိသံ၊ ပေါက်သံ၊ အော်သံ၊ ခေါ်သံ ညံသွားသည်။ သန်မာတ သွေးသံရဲရဲဖြစ်နေသော ဘခင်ထံ ချက် ချင်း ရောက်သွားပြီ။ ပွေ့ထမ်းကာစခန်းတဲဆီသို့ ပြေးခဲ့ပြီ။ ဘခင် နားပြေးလာကြသူများကိုလည်း "ကိုယ့်အလုပ် ကိုယ်လုပ်ကြ . ." ဟု အော်ပြောခဲ့သဖြင့် အားလုံး ကိုယ့်ငန်းကိုယ်ဝင် ဝါးဆက်ခုတ်

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့ကြပြီ။"

သန်မာကဝါးခုတ်စခန်းရောက်သည်နှင့် ဆေးသေတ္တ
ဂွမ်းကပ်ကိုယူပြီး ဘခင်၏သွေးသံရဲရဲဖြစ်နေသော ဝဲမျက်လုံး
အသာအယာအုပ်ပေးပြီး ပတ်တီးစည်းပေးလိုက်၏။ ထိုအ
ဘခင်ကို စာသင်ပေးသည့် လှငွေ ရောက်လာသည်။ သန်မာ
ဘခင်ကို ပခုံးပေါ်ထမ်းပြီး ငါးသိုင်းချောင်း-ဂွ-လမ်းဆီ ပြေးလ
သည်။ လှငွေကလည်း နောက်က ပြေးလိုက်လာ၏။ သန်
ပခုံးညောင်းတော့ ဘခင်ကိုကျောပိုးသယ်သည်။ သန်မာ့ တစ်ကို
လုံး ချွေးတွေ ရွှဲနေပြီ။ ချွေးတွေနစ်နေပြီ။ ဒါတောင် တော
တောင်ရိပ်ထဲဖြတ်ပြေးနေ၍။ လွင်တီးခေါင်နေပူပူဆိုလျှင်
သံရဲရဲမက၊ ဟောဟဲ ဟောဟဲနှင့် မောနေလောက်ပြီ။ လှငွေ
လိုက်လာပေမယ့် ဘခင်ကို မထမ်းနိုင်။ သန်မာ့ကို မကူနိုင်
သေးသေးလေးမဟုတ်လား။

သန်မာ ကြာလာတော့ မောလာ ပန်းလာပေမယ့် အ
မရနိုင်သည့် အတွေးတစ်စကြောင့် မောရပန်းရ မှန်းမသိ။
သည် ဘခင်၏ မျက်လုံးကို ပတ်တီးစည်းပေးနေစဉ်ကတည်
သည်အတွေးကို တွေးလာခဲ့ရာ စခန်းမှ ခြောက်မိုင်ကျော် ငါးသ
ချောင်း-ဂွလမ်းရောက်ခါနီးထိ အဖြေမရသေး။ သည်ပုစ္ဆာကလ
စဉ်းစားချင်စရာ။

သန်မာ၏ ငန်းမှ ဝဲဘက်အစွန်းဆုံး ကရင်ဝါးပင်ကို သ
၏ယာဘက်ဘခင်၏ ငန်းရှေ့ဝါးပင်နှင့် ဘယ်သူ ပူးချည်
ပါလိမ့်။ ဘာကြောင့် ပူးချည်ထားပါလိမ့်။ ရိုးရိုးသားသား တ
တစ်ရာအတွက် ပူးချည်ထားတာလား။ တစ်စုံတစ်ယောက်
ထိခိုက်နစ်နာအောင်အတွက် လုပ်ကြံထားတာလား၊ သူ့ကိုလ



ဘခင်ကိုလား။ သူ့ကိုထိခိုက်အောင် လုပ်ကြံသည်ဆိုလျှင် သူ့ကို
ဘယ်သူတွေ မကျေမနပ်ဖြစ်နေပါလိမ့်၊ ဘာကြောင့် မုန်းနေပါ
လိမ့်။ အများ နစ်နာအောင်၊ မကျေနပ်အောင်၊ သူလုပ်ခဲ့တာမရှိဟု
သန်မာယုံသည်။ အမှန်လည်း သူ့အကျိုးထက် အများအကျိုးကို
သူဦးစားပေးလုပ်ခဲ့သည်ချည်းမဟုတ်လား။

ဘခင်ကို လုပ်ကြံတာလည်းမဖြစ်နိုင်။ မနက်က ဝါးခုတ်
တော့ သန်မာ၏ ယာဘက်ဘေးမှာ လှငွေရှိသည်။ ဝဲဘက်ဘေးမှာ
ကောင်းသန့်ရှိသည်၊ ကောင်းသန့်လုပ်ကြံထားခဲ့တာလား။ ကောင်းသန့်
က သူစာသင်ပေးနေသူပဲ၊ သူ့တပည့်က သူ့အပေါ်လုပ်ကြံရန်
အကြောင်းမရှိနိုင်။ ကောင်းသန့်က လှငွေအပေါ်လုပ်ကြံတာလား။
လှငွေမထိဘဲ ဘခင်ကိုထိသွားတာလား။ လှငွေက သူ့အပေါ်
တမင်လုပ်ကြံထားတာလား၊ ဒါလည်းဖြစ်နိုင်သည်။ သန်မာ၏ ငန်း
မှ ဝါးကိုင်းဝါးပင်ကို သူလုပ်ကြံထားတာမဟုတ်လား။ ပြီးတော့
နေ့လယ်ထမင်းစားချိန် လုပ်ငန်းသိမ်းချိန် တစ်ယောက်တည်း ကျန်
ရစ်ပြီးလုပ်ကြံထားတာ ဖြစ်ရမည်။ နေ့ခင်း ၁၂ နာရီ အလုပ်
ပြန်စတော့ စချင်းခုလိုဖြစ်တာ။

ဖြစ်နိုင်သည်။ လှငွေဖြစ်နိုင်သည်။ သန်မာနှင့်အောင်ဖေ
ထမင်းအမြန်စားပြီး နံနက်ပိုင်း ခုတ်ပြီးသားဝါး တောလိုက်ရေတော့
လှငွေ မလိုက်စဖူး လိုက်လာသည်။ သန်မာတို့ဝါးရေတာ လိုက်လာ
သည်။ ဝါးရေတွက်တာကို ညစ်၍ ရေတွက်သည်ထင်၍လား၊
ဝါးရေတာမကျေနပ်၍လား။ သည်ကိစ္စတစ်ခုတည်းနှင့်တော့ ယခု
လို ဘဝပျက်အောင် လှငွေ လုပ်လိမ့်မည်မထင်။ ပြီးတော့ သန်မာ
နှင့် လှငွေ၏ ဆက်ဆံရေးက ကောင်းနေသားပဲ။ သန်မာကို

www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်သူ အခြားငန်းတွေ တစ်ယောက်ယောက်ကလည်
မနက်က လုပ်ငန်းသိမ်းချိန် ကျန်ရစ်ခဲ့ပြီး လုပ်ကြံနိုင်တာပဲလေ

"ကိုသန်မာ ရပ်လိုက်ပါ၊ ကျွန်တော်ဘာသာ ဆင်းလျှော
ပါမယ်၊ ကားလမ်းလည်း ရောက်ပြီပဲ၊ ကားစောင့်ကြည့်ရအောင်ပါ
ခင်ဗျားလည်း ကျွန်တော့်ကြောင့် ပင်ပန်းလှပြီ"

ဘခင်က ပြောပြောဆိုဆို သန်မာ၏ လည်ပင်းကို ဖက်ထာ
သည့် လက်ကိုဖြေ၊ ကိုယ်ကိုမြေပေါ်သို့ လျှောချလိုက်သဖြင့် သန်မ
က ရပ်ပေးလိုက်သည်။ သန်မာ၏ အင်္ကျီနှင့် ဘောင်းဘီတို့ မိုးမိလ
သလို ချွေးတို့ဖြင့် ရွဲရွဲစိုနေပြီ၊ သန်မာ၏ ရင်ဘတ်က ဖားဖို
ဖြစ်နေပြီး၊ ပါးစပ်ပြကာ တဟဲဟဲဖြစ်အောင် မောနေပြီ။ ချွေး
ဒီးဒီးကျနေဆဲ၊ သန်မာက အမောမပြေဘဲ၊ တစ်လမ်းလုံး သူတွ
လာပြီး အဖြေမရသည့်ပုစ္ဆာကို ကူတွက်ပေးဖို့ လှငွေနှင့်ဘခင်
အား ချပြလိုက်သည်နှင့် ဘခင်က ကျုံ့ကျုံ့ပါအောင် ငိုတော့သည်

"ကိုဘခင် ခင်ဗျားကို လုပ်ကြံတဲ့သူကို သိလို့ငိုတာလာ
ဘယ်သူလဲပြောစမ်းပါ။ မျက်လုံးတစ်ဖက် ပျက်သွားလို့ငိုတာလာ
အားမငယ်ပါနဲ့၊ ဆရာဝန်တွေ ကုပေးရင် ပြန်ကောင်းချင်ကော
လာမှာပါ။ ကျွန်တော်တို့ရှိပါတယ်။ သည်နေရာကထိုင် ကားစော
နေလို့မဖြစ်ဘူး။ ကားကလာချင်မှလာမှာ၊ ခင်ဗျားဆေးရုံ
အမြန်ရောက်ဖို့ လိုတယ်။ ကားလာတော့ တားစီးတာပေါ့။ ခင်ဗျ
လမ်းလျှောက်လို့မဖြစ်ဘူး။ မျက်စိဒဏ်ရာ သွေးကျလိမ့်မယ်။ တ
ကျွန်တော့် ကျောပေါ်၊ လည်ပင်းဖက်ထား . . ."

ဘခင်ကျုံ့ကျုံ့ပါအောင် ငိုနေတော့ သန်မာစိုးရိမ်ထိတ်လ
သွားသည်။ "ဘာဖြစ်တာတုံး၊ မျက်လုံးဒဏ်ရာနာလို့လား" 



မေးပေမယ့်လည်း မဖြေ၊ ရှိုက်ကြီးတငင်ပဲ ငိုနေတော့သည်။

"တောင်းပန်ပါတယ် ကိုသန်မာ၊ သည်ပြဿနာက
ကျွန်ုပ်ဘော် စခဲ့တာပါ။ အောင်ဖေနဲ့ ကျွန်တော်က တစ်ရွာတည်း
သား အတူတူအနေနေ ဒီကောင်က ဝါးခုတ်တာလည်း ထိပ်ဆုံးရောက်၊
အစ်ကိုကလည်း သူ့ကို အရေးပေးတာကို မနာလိုရာက စခဲ့တာပါ"
ဟု၊ လှငွေက ဝင်ပြောပြီး ဆက်ပြောသည်။

"အောင်ဖေက ဟန်ထွန်းကို စာသင်ပေးတော့ သူတို့နှစ်
ယောက်တွဲမိသွားပြီး ဟန်ထွန်းက ဘခင်ကို လှည့်မကြည့်တော့
ဘူး။ ဘခင်က ရန်ကုန်မှာကတည်းက လင်မယားလိုနေလာတဲ့
ဟန်ထွန်းက သူ့အပေါ် စိမ်းကားသွားတာဟာ အောင်ဖေကြောင့်
လို့ ထင်နေတုန်း၊ ကျွန်တော်က ဘေးတီးပေးလိုက်တော့ ဘခင်က
အောင်ဖေကို မုန်းသွားရော၊ အောင်ဖေကို နေရာတကာ ဦးစား
ပေးနေတဲ့ အစ်ကိုကိုလဲ ဘခင်မုန်းသွားအောင် ကျွန်တော်က ဘေး
က လှော်ပေးခဲ့တာ"

"နေ့ခင်းက ဝါးရေတာ အစ်ကိုနဲ့ အောင်ဖေတို့ ဘခင်ခုတ်
တဲ့ဝါးပုံ လျှော့ရတယ် ထင်တာနဲ့ ကျွန်တော်ဘခင်ကို ပြောလိုက်
တာ။ ဘခင်က ဒေါသဖြစ်ပြီး သူက အစ်ကို့ကို၊ ကျွန်တော်က
အောင်ဖေ့ကို လုပ်ကြံဖို့ စီစဉ်ခဲ့ကြတာပါ။ ကျွန်တော်တို့ ဝါးကွင်း
ကို ကြိုသွားပြီး စီစဉ်ခဲ့ကြတာ။ အောင်ဖေက အိမ်သာတက်နေလို့
ရောက်မလာလို့ ဘာမှမဖြစ်တာပါ။ ကျွန်တော့်မှာ အပြစ်ရှိပါတယ်၊
ကျေးဇူးရှင်ကို ကျေးစွပ်မိတာ ကြိုက်သလို အပြစ်ပေးပါ အစ်ကို"
ဟု ပြောပြီး လှငွေက မျက်ရည်လည်ရွဲနှင့် ငိုကာ သန်မာ့ ခြေ
ထောက်လာဖက်ပြီး တောင်းပန်နေတော့သည်။ ထို့အတူ ဘခင်က
လည်း သန်မာ့ခြေသလုံးဖက်တောင်းပန်ရင်း ငိုယိုကာ သူ့လုတ်မာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပုံ၊ သူများမကောင်းကြံ ကိုယ်ဘေးဒဏ်ထိပုံတို့ကို ပြောပြတော့သည်။ အားနှင့်ဆွဲထားသည့် ဝါးကိုင်း သန်မာ့ထိအောင် လွှတ်လိုက်၍ ကိုယ်အကြွ၊ ကိုယ်နှင့်ဖိထားသည့် ကွေးနေသည့်ဝါးကိုင်းက ပြန်အမတ် ဘခင်မျက်လုံးကို ဝင်ထိုးတော့သည်။ တကယ့်ကြေ ကွဲ စရာမှ ကြေကွဲစရာပါလေ။

သန်မာက လှငွေကို ဘခင်၏ ဝါးပုံကို ပြန်အရေခိုင်းခဲ့ရာ ကွက်တိ။ လှငွေက သူ၏ အများအတွက် သန်မာကို ရှိခိုးဦးတင် ဝန်ချတောင်းပန်တော့သည်။ သန်မာက ထိုနေ့မှစ၍ ကာယကံရှင် မပါဘဲ ဝါးမရေတွက်တော့။ အဖော်ကိုလည်း အလှည့်ကျခေါ် တော့သည်။ ဤဖြစ်ရပ်က သန်မာတို့အဖွဲ့အား သင်ခန်းစာပေး သကဲ့သို့ဖြစ်သွားပြီး ပိုမိုစည်းလုံး သွားစေခဲ့ပါသည်။

ခု ၂၀ မိုင်၊ ကွမ်းချောင်းတောင်ဘက်ဘေး တတိယနေရာ သို့ရောက်လာခဲ့ပြီ။ ငါးသိုင်းချောင်း-ငွကားလမ်းက ၅၀ မိုင်ရှိ သဖြင့် ဤသို့ပင် စေတနာဝါးခုတ်စခန်းကို ရွှေ့၍ ရွှေ့၍ ဝါးများကို ခုတ်ရပေလိမ့်မည်။

ဝါးကုန်သည် ကိုမြတ်သင်းကလည်း ဝါးခုတ်လုပ်သားများ အပေါ် စေတနာကောင်းလွန်းသူဖြစ်ပါ၏။ ဝါးခုတ် လုပ်သက် တစ်နှစ်ပြည့်သည်နှင့် ဝါးတစ်ပိဿာကို ရှစ်ကျပ်တိုးပေးပါသည်။ ဝါးခုတ် လုပ်သား ဆယ်ယောက်လုံး၏ သဘောဆန္ဒအတိုင်း သုံးနှစ် စာ ဝါးခုတ်ခများကို ပြေစာနှင့်တကွ အကာယ်ဒမီအခေါက်ရွှေ ရွှေတုံး လုပ်ပေးခဲ့ပါသည်။ ဝါးခုတ်သူအားလုံးအတွက် ရွှေတုံးနှင့် ရွှေဘူး ထည့်ရန် ကြိုးတပ်ကတ္တီပါရှုံ့အိတ်များကို ကိုမြတ်သင်းက မေတ္တာဖြင့် ဝယ်ပေးခဲ့ပါသည်။ ထိုအိတ်ကြောင့် ငွေကိုသိမ်းရ သကဲ့သို့ မခက်ခဲတော့ဘဲ လည်ပင်းဆွဲထားရုံနှင့် လုံခြုံသွားပါသည်။



ကိုမြတ်သင်း၏ စေတနာကောင်းမှုကြောင့် ဝါးခုတ်လုပ် ားတွေ ရိုးမပေါ်မှာ ပျော်နေကြပြီ။ ရာသီစက်ဝန်းက လည်နေ လို စေတနာဝါးခုတ်စခန်းကလည်း အနောက်ရိုးမ တောင်တန်း ေါ်သို့ တရွေ့ရွေ့ရွေ့နေဦးမှာပါလေ။ ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

## အခန်း (၂၄)

## ရန်ုသင်းသည့် ရွှေနှင်းဆီ

ဘုန်းကြီးစိုးတောင်မှ ချောင်းဖျားခံလာသည့်ကွမ်းချောင်းက မိုးတွင်းတွင်ရေစီးသန်သဖြင့် ဝါးမျှောရန် အသုံးဝင်သော်လည်း ကွမ်းချောင်းက ငါးသိုင်းချောင်းအောက် ကမ်းနီအထက်နားတွင် ဝေနိမြစ်ထဲစီးဝင်သဖြင့် ကိုမြတ်သင်းက ဝါးဖောင်ကို နှစ်နေရာ ခွဲမလုပ်နိုင်၍ ကွမ်းချောင်းမှမမျှောတော့ဘဲ ဝါးများကို သူ့ကား များဖြင့်ပင် သယ်သည်။ ငါးသိုင်းချောင်း-ဂွလမ်း မြောက်ဘက်ခြမ်း၊ ဝါးခုတ်ကွက်မှဝါးကုန်သည်များက မိုးတွင်းဆိုလျှင် ဝါးများ ကိုမြောက်ချောင်း (သီတာချောင်း)မှ မျှောကြသည်။ သီတာချောင်း က ငါးသိုင်းချောင်းမြို့အထက်နား၊ ဝေနိမြစ်ထဲစီးဝင်သဖြင့် ဝါးဖောင်ဖွဲ့၍ အဆင်ပြေသည်။ သို့ပေမယ့် သီတာကုန်းပြင်၊ သီတာ ချောင်း၌ တော်သလင်းလဆန်း ၁ ရက်မှ လပြည့်နေ့အထိ ရေပွဲ အဖြစ် ဘုရားပွဲ၊ နတ်ပွဲကျင်းပသည့်အတွက် တစ်လနီးပါးလောက်



www.burmeseclassic.com

www.burmeseclassic.com



သီတာချောင်းမှ ဝါးမျှောမရ။ ဝါးခုတ်သူများကလည်း ဝါး မခုတ်ကြ။ ထို့အတူ တပေါင်းလတွင်လည်း ကုန်းပွဲကျင်းပသဖြင့် ဝါးခုတ်သား များဝါးမခုတ်ကြ။ သန်မာတို့သည် ကုန်းပွဲ၊ ရေပွဲကို သုံးနှစ်လုံး မီပေမယ့် ရောက်ခါစပထမတစ်နှစ်သာ ကုန်းပွဲရော ရေပွဲပါ သွားခဲ့ကြသည်။ တစ်ရက်လည်ပတ်ကြပြီးနောက် အားလုံး က ပြန်ချင်သဖြင့် စေတနာဝါးခုတ်စခန်းသို့ ပြန်ခဲ့ကြပါသည်။ ငွေရသည့် ဝါးခုတ်သည့်အလုပ်ပဲ အာရုံနစ်နေခဲ့ကြပါသည်။

ကိုမြတ်သင်းသည် ၂၁ မိုင်စေတနာ ဝါးခုတ်စခန်းသို့ ရောက်ရှိလာပြီးနောက် ကိုမြတ်သင်းက သန်မာ့ကိုခေါ်ပြီး ကွမ်း ချောင်းဘက်လမ်းလျှောက်ရင်း ပွင့်ပွင့်လင်းလင်းပြောသည်။ သူ ကိုရီးယားနိုင်ငံသို့ သွားအလုပ်လုပ်မည်ဖြစ်ကြောင်း၊ အလုပ်ရှာဖွေ ပေးသည့် ကုမ္ပဏီတစ်ခုသို့ စရန်ငွေပေးထားပြီးဖြစ်ကြောင်း နိုင်ငံကူးလက်မှတ်ကိစ္စ၊ ဗီဇာကိစ္စ၊ သင်တန်းတက်ရ မည့်ကိစ္စ များနှင့် ရန်ကုန်သို့ မကြာခဏသွားရမည်ဖြစ်၍ ဝါးကိစ္စကို သန်မာ နှင့် သူ့ဦးလေးဦးဂန္ဓာတို့ထံ လွှဲအပ်ထားခဲ့ချင်ကြောင်း၊ သန်မာ့ တာဝန်က ခုသူဝယ်ထားသည့်ဝါးတင်ကားနှစ်စီးနှင့် ခုတ်ရသည့် ဝါးများကို ဝေန်မြစ်ဆိပ်ကမ်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် သူ့ကား နှစ်စီးနှင့် မနိုင်လျှင် စက်ရုံမှကားဖြင့် အချိန်မီသယ်နိုင်အောင် စီစဉ်ရန်။ ဝါးခုတ်သူများ၏ လုပ်ခရှင်းပေးရန်၊ စက်ရုံမှငွေမရလျှင် အစ်မလတ် မသင်းသင်းအေးထံမှ ထုတ်ယူရှင်းပေးရန်၊ ဝါးချိန်သည့် အလုပ်ကို ဦးလေးဦးဂန္ဓာနှင့်အတူ ကြည့်ရှုကြီးကြပ်ရန်၊ ဝါးဖောင် ဖွဲ့သည့် ထုံသင်းမွှေးစက်လှေနှင့် လိုက်လိုကလိုက်ရန်၊ ငါးသိုင်းချောင်း- ပုသိမ်၊ ပုသိမ်-သာပေါင်းကားတို့နှင့် သွားလိုက သွားရန်၊ ခရီးစရိတ်



အထွေထွေ အသုံးစရိတ်နှင့် စားစရိတ်အားလုံးထုတ်ယူရန်၊ စက်ရုံမှ ငွေထုတ်နိုင်ရေးအတွက် ကိုယ်စားလှယ်လွှဲစာရေးပေးထားမည်။ ထိုလွှဲစာဖြင့် ဝါးဖိုးငွေများ စက်ရုံမှ သွားထုတ်ပေးရန်တို့ကို အကူအညီ တောင်းပါ သည်။

ထိုသို့ ဆောင်ရွက်ပေးသည့်အတွက် လစာတစ်သိန်းခွဲ ပေး မည်ဟု ကိုမြတ်သင်းကပြောရာ သန်မာက ကိုမြတ်သင်း တာဝန်ပေး ရာမှန်သမျှ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။ လစာငွေတစ်သိန်းခွဲ သည် မိမိဝါးခုတ်ခထက်များနေပြီး ခရီးစရိတ်၊ စားစရိတ်များပါ ပေးထား၍ များလွန်းနေကြောင်း လစာငွေတစ်သိန်းပဲပေးမှသာ လုပ်ပေးမည်ဟုပြောခဲ့ရာ နောက်ဆုံးလစာတစ်သိန်း အတည်ဖြစ် သွားပါသည်။

ကိုမြတ်သင်းသည် သန်မာနှင့်တိုင်ပင်ပြီး မောင်မျိုးမြင့်နှင့် ကောင်းသန့်တို့အား ဝါးအဖွဲ့ကို ဦးစီးဆောင်ရွက်သွားရန် မှာကြားကာ သန်မာ့ကိုခေါ်၍ ပျော့ဖတ်စက်ရုံသို့ သူ့ဟိုင်းလက်ကားဖြင့် သွား ရောက်ခဲ့ကြပါသည်။ သန်မာ ပျော့ဖတ်စက်ရုံ ကြီးမှ ခွဲခွာခဲ့သည်မှာ သုံးနှစ်ကျော်ခန့်သာရှိသေးသည်။ အသစ်အဆန်းတွေ အများကြီး တွေ့နေပြီ။ ကားလေးကအရှိန်နှင့် တက်လာခဲ့ရာ လှေကြီးတက်ဈေး ထိပ်ရောက်သည်နှင့် အမြင်ဆန်းသည့် လိမ္မော်ရောင်အက်(ဖ်) အို ပိုက်လိုင်းကို အထင်းသား မြင်ရသည်။ ထိုပိုက်လိုင်းက ပုသိမ်သာ ပေါင်းလမ်းကို တံတားအမြင့်နှင့်ကျော်ထားသည်။ ကမ်းနားဘက် သွားသည့် လမ်းတစ်လျှောက် သွယ်တန်းထားရာ မျက်စိပသာဒ ရှိလှသည်။ ထိုအက်(ဖ်)အို ပိုက်လိုင်းသည် ဝေန်မြစ်ကို ဖြတ်ပြီး စက်ရုံသို့ သွယ်တန်းထားခြင်းဖြစ်ပေလိမ့်မည်။ ကမ်းနားလမ်း ရောက်

www.burmeseclassic.com

www.burmeseclassic.com



တော့လည်း အထူးအဆန်းတွေချည်း တွေ့ရပြန်သည်။

ကမ်းနားလမ်းက ကွန်ကရစ်လမ်း၊ ပြီးတော့ ဝေန်မြစ်ကမ်းတစ်ခုလုံး ဝါများသယ်ချီမသည့်ဝန်ချီစက်တွေနှင့်မို့ ထူးခြားလှပနေသည်။အမြင်ဆန်းနေသည်။ ကိုမြတ်သင်းက သန်မာ ကိုဝေန်မြစ်ဝါးဆိပ်တွင်ဝါးများချိန်တွယ်ရာနေရာသို့ လိုက်ပြရင်း ဝါးများ ချိန်တွယ်နေပုံကိုလေ့လာမှတ်သားစေပါသည်။ ထိုဆိပ်ကမ်းတွင်တွေ့ရှိရသည့် ဝါးကုန်သည်များဖြစ်ကြသော ကမ်းနီ ဦးလှိုင်ဝင်း၊ ကျောက်ခဲချောင်း ဦးအောင်မြင့်၊ ငါးသိုင်းချောင်း ရွှေ့ဆောင်ရပ်ကွက်မှ ဦးစန်းဝင်း၊ ပခုက္ကူမှ ကိုစည်သူရသိန်း၊ ကိုကျော်သူရသိန်း၊ ကိုကျော်ဝဏ္ဏသိန်း၊ ကိုကျော်ဇေယျသိန်းတို့နှင့် ကိုမြတ်သင်းက သန်မာကို မိတ်ဆက်ပေးပါသည်။

ဦးလှိုင်ဝင်းက လေးမျက်နှာမြို့နယ် လဲခုန်လေးရွာအနီး စေတစ်လုံးဝါးခုတ်စခန်းမှ ဝါးခုတ်သူအားလုံးအား ကြိုတင်ငွေထုတ်ပေး၊ ရိက္ခာထုတ်ပေးပြီး ဝါးဝယ်နေသည့် ဝါးကုန်သည် ဦးလှိုင်ဝင်းက စေတနာ သဒ္ဓါတရားထက်သန်သူ၊ တောင်ကန့်လန့်တွင် စာသင်ကျောင်းဆောက်လုပ်ပေးပြီး စာသင်ချင်သည့်ကလေးတွေ စာသင်ခိုင်းနေသူ၊ ဝါးခုတ်လုပ်သားများ၏ သားသမီးများထဲမှ အတန်းကြီးများရောက်နေသည့် ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်းအောင်ထားသူများကို သူက လစာပေးပြီး ဆရာလုပ်ခိုင်းနေသည်။ စာသင်ခိုင်းနေသည်ဟု သိရတော့ ဦးလှိုင်ဝင်းအား သန်မာ အရမ်းလေးစားသွားသည်။ သန်မာက ထိုကျောင်းသို့သွား၍ ကျောင်း



ဆရာလုပ်ချင်သည်။ မျိုးမြင့်၊ မြင့်မောင်၊ အောင်ဖေ့နှင့် လှငွေတို့ကိုလည်း ထိုကျောင်းသို့လွှတ်၍ ဆရာလုပ်စေချင်ဘိသည်။ သန်မာ စိတ်သာရှိသည်။ အခြေအနေအရ ဦးလှိုင်ဝင်းကဲ့သို့ လက်တွေ့မလုပ်နိုင်၊ ရှက်ဖွယ်၊ ဝမ်းနည်းဖွယ်ကောင်းလေစွ။

တစ်ခုတော့ သန်မာဖြေသာပါသည်။ စေတနာ ဝါးခုတ်စခန်းရောက်မှ ကိုမြတ်သင်းပို့ပေးသည့် ဒီဇယ်မီးခွက်ဖြင့် နေ့စဉ် ညတိုင်း အရေးအဖတ်၊ အတွက်အချက် တစ်ဆင့်ပြီးတစ်ဆင့် သင်ပေးခဲ့သည်။ မိုးတွင်းဆို မိုးသိပ်ရွာလွန်းနေလျှင် စေတနာဝါးခုတ်စခန်းပြန်နားကြပြီး အလကားနေမခိုင်းတော့။ သူတို့ကို သင်ပေးထားသည့်စာတွေကို ပြန်ရွတ်ခိုင်း၊ ပြန်ဖတ်ခိုင်းပြီး၊ မေ့လျှင်ထောက်၊ မှားလျှင်ပြင်ပေးခဲ့ကြသည်။ မိုးတွင်းက နွေနှင့်ဆောင်းလိုမဟုတ်၊ ခြင်ပေါ ဖြုတ်ပေါ၍ အမှိုက်သရိုက်မီးရှို့ စာကျက်ရသည်။ အသက်အရွယ်များရလာကြ၍လား၊ ဦးနှောက်လွန်စွာ ဖွံ့ဖြိုးနေချိန်ဖြစ်နေကြ၍လား၊ ဟာအလွန်သင်ချင်၊ အလွန်တတ်ချင်ကြ၍လားမသိ။ သူတို့ကို ဟာသင်ရသည်မှာ ကလေးတွေလိုမခက်။ အတတ်မြန်လွန်းလှသည်။ တစ်နေ့သုံးနာရီ သုံးနှစ်သင်ရုံနှင့် ကောင်းကောင်းရေးတတ်၊ ဖတ်တတ်၊ တွက်တတ်ချက်တတ်နေကြပြီ။

သူတို့အထဲတွင် ကောင်းသန့်ကအတော်ဆုံး။ ပညာပါရမီရှိသူမိဘနှစ်ပါးက ပေါက်ဖွားလာ၍များလားမသိ။ လက်ရေး လက်သားကလည်း လှပါဘိ။ အရိပ်ပြရုံနှင့်အကောင်မြင်တတ်ပြီး၊ မှတ်ဉာဏ်လည်းတအားကောင်းသည်။ သန်မာ ခု ကိုမြတ်သင်းနောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လာတော့ နဂိုအတိုင်းတစ်နေ့သုံးနာရီ မပျက်မကွက်စာသင်ပေးရန်နှင့် ကျောင်းသန့်ကို ရဲမောင်နှင့်တွဲ၍ မြင့်မောင်ကသင်ပေးရန် သဘောတူခဲ့ပါသည်။

ဝါးကုန်သည်ဦးအောင်မြင့်က ဆင်တလင်းဝါးခုတ်စခန်းမှ ဝါးကုန်သည်ဖြစ်ပြီး ဝါးကုန်သည် ဦးစန်းဝင်းက စပြင် ဝါးခုတ်စခန်းမှ ဝါးကုန်သည်ဖြစ်ကြောင်း သန်မာသိရသည်။ ကိုစည်သူရသိန်းတို့ညီအစ်ကိုတစ်တွေက စက်သတ်ချောင်း၊ ကြက်ပေါင်ချောင်းများနှင့် ရင်းသုံးချောင်းတို့မှ ဝါးကုန်သည်တွေ။ သူတို့ပြောပြမှ ဝါးကုန်သည်က ၂၄ ဦး။ ဝါးခုတ်လုပ်သား က၇၀၀။ သူတို့မိသားစုများ အပါအဝင် လူ ၁၇၀၀ ခန့်သည် အနောက်ရိုးမတောင်ခြေ ကရင်ဝါးတောများတွင် ကျက်စားနေကြသည်တဲ့။ ကုန်သည်တွေ၏စကား သန်မာ ကြားရတော့ စိတ်မပူမိတော့။ ယခင်က ဖျော့ဖတ်လုပ်သည့်စက်ကြီးဝါးဖို့ ကုန်ကြမ်း ကရင်ဝါးတွေအလျှင်မှ မီပါ့မလားဟု စိတ်ပူခဲ့မိသည်။ ခုတော့ ပူစရာမလိုတော့ပြီ။ ဝါးခုတ်သား ၇၀၀ ခုတ်သည့်ဝါး ဂိုဒေါင်တွေထဲ ပုံနေပေရော့မည်။ ဝေနိမြစ်ထဲလှေသမ္ဗန်လှော်မှုပင် ခက်နေပေရော့မည်။

ဝါးကုန်သည်အားလုံး ကိုမြတ်သင်းကားဖြင့်ပင် စက်ရုံသို့ သွားခဲ့ကြသည်။ ကမ်းနားလမ်းနှင့် ဝါးဂိုဒေါင်တွေဆီသွားရာ လမ်းကလည်း ကွန်ကရစ်လမ်းပဲဖြစ်နေပြီ။ ဝါးဂိုဒေါင်မှ ဖျော့ဖတ်စက်ရုံသို့ ဝါးပို့ရာတွင် မြေပြင်မှ မိုးပျံတံတားကြီးနှင့်ပို့ဖို့ ဆောက်ပြီးပြီ။ ထိုတံတားကြီးတွင် Hydraulic Roller တပ်ထားပြီးပြီဟု ကိုမြတ်သင်းကပြောသည်။ သန်မာက ထိုကွန်ဘေယာကြီးကိုကြည့်ပြီး အံ့ဩဘနန်းထူးခြားဆန်းကြယ်ဖြစ်နေပြီ။ ကိုမြတ်သင်းက သန်မာကို



ကုန်ကြမ်းဌာနသို့ ခေါ်သွားသည်။ ဒုစက်ရုံမှူး(ကုန်ကြမ်း) ဗိုလ်မှူးခင်မောင်ထူး (ငြိမ်း) နှင့် မိတ်ဆက်ပေးသည်။ သူကိုယ်တိုင် ငွေလာထုတ်မည့်သူဟုလည်း ကိုမြတ်သင်းကရှင်းပြသည်။ ကိုမြတ်သင်းမိတ်ဆက်ပေးသဖြင့် ထိုရုံးမှ ဗိုလ်ကြီးစိုးထွန်း၊ ဗိုလ်ကြီးကျော်ဇေယျထွန်း၊ သန်းသန်းနု၊ မွန်ဇာထွေး၊ မေသူအေး၊ အေးအေးမော်တို့တစ်တွေနှင့် သန်မာရင်းနှီးသွားသည်။ သူတို့က ကိစ္စရှိလျှင်၊ အခက်အခဲရှိလျှင် အချိန်မရွေး အကူအညီလာတောင်းပါဟု သန်မာ့ကိုပြောကြတော့ သန်မာအားရှိသွားသည်။ ကိုမြတ်သင်းက ငွေထုတ်ပေးသည့်နေရာ ခေါ်သွားပြီး ငွေထုတ်ပေးသူနှင့် မိတ်ဆက်ပေးသည်။ ထိုသူရှင်းပြသည့်ငွေထုတ်ပုံ ငွေထုတ်နည်းကိုလည်း သန်မာက လိုက်မှတ်လိုက်သည်။

အားလုံးပြီးစီးတော့ ကိုမြတ်သင်းနှင့် သန်မာတို့ ပုသိမ်သို့ ထွက်လာခဲ့ပါသည်။ လမ်းတွင် အင်ဂျင်နီယာရန်ဝိဖုန်ကို တွေ့သဖြင့် ကားရပ်ခိုင်းပြီး သန်မာဆင်းနှုတ်ဆက်လိုက်ပါသည်။ သာပေါင်း၊ ချောင်းသာလမ်းဆုံအကျော် သဲဖြူဝရွာရောက်တော့ ကိုမြတ်သင်းက ကားထိုးရပ်ပြီး ထမင်းဆိုင်ထဲဝင်၊ နှစ်ယောက်သား ထမင်းကြော်မှာစားကြသည်။ ထမင်းစားပြီးတော့ ပုသိမ်သို့ဆက် မောင်းလာခဲ့သည်။ ပုသိမ်ရောက်တော့ ဆိုင်တစ်ဆိုင်တွင် ပုသိမ် ဟာလဝါဘူးကြီး လေးဘူး၊ ပုသိမ် ဟာလဝါအခြောက်၊ ငှက်ပျောကြော်တို့ဝယ်ပြီး ကြွပ်ကြွပ်အိတ်နှင့် သုံးအိတ်ခွဲထည့်သည်။ ပုသိမ်ဟာလဝါအခြောက်ထည့်ထားသည့်အိတ်ထဲသို့ သူ့ပိုက်ဆံအိတ်ဖွင့်၊ ကွန်ပျူတာစာစီထားသည့် လက်တစ်ဝါးလောက်ရှိသည့် လိပ်စာကဒ်တစ်ခုထုတ်ပြီး ထည့်လိုက်သည်။ ကိုမြတ်သင်းက ရယ်ကျဲကျဲဖြင့် "ခင်က

www.burmeseclassic.com

www.burmeseclassic.com



ချောကလက်တို့၊ ဟာလဝါခြောက်တို့ ကြိုက်တယ်ဗျ။ ကျန်တာတွေက သူယောက်မနဲ့ကလေးဖို့၊ ခင်က စားစရာကလွဲရင် ဘာလက်ဆောင်မှ လက်မခံဘူး။ ကိုသန်းမာကိုယ်တိုင် သွားပေးပေးနော်။ ဒီတစ်ထုပ်က ကိုသန်းမာတို့အဖွဲ့စားဖို့၊ ဒီတစ်ထုပ်က အစ်မတို့ကိုပေးလိုက်၊ ကျွန်တော်လည်း ရန်ကုန်မှာ ကြာကြာမနေ ပါဘူး။ ကိစ္စပြီးတာနဲ့ ချက်ချင်းပြန်လာမှာပါ။ အားလုံးစိတ်ချပါရစေနော်. . . " ဟုပြောရင်း နှစ်ယောက်သား ကားပေါ်တက်ခဲ့ကြသည်။

ကားက ဟိုကွေ့ သည်ဝင်နှင့် နောက်ဆုံးခြံတစ်ခြံထဲ မောင်းဝင်လာခဲ့သည်။ ကားသံကြား၍ ထင်သည်၊ အသက်အစိတ်ခန့် မိန်းကလေးထွက်လာသည်။

“အစ်ကို ရန်ကုန်သွားစရာရှိလို့ ကားထားခဲ့မယ်။ အန်းကူးကို ဘက်ထရီမဒေါင်းအောင် မနက်တိုင်းနှိုးပေးလို့ ပြောပေးနော်။ ညီမတို့သုံးချင်လည်း သုံးရတယ်။ ဆီအပြည့်ဖြည့်ထားတယ်။ ညီမ အဖေ့ဆီဘာမှာဦးမလဲ။ သူက ဦးလေးဦးဂန္ဓာဆီသွားမှာ. . . ”

“မမှာတော့ဘူးအစ်ကို၊ ဟိုတစ်လောက လှေကြီးတက်ရောက်တုန်း အိမ်ဝင်လာသေးတယ်။ ကားအတွက်စိတ်ချ အစ်ကို. . . ”

ကိုမြတ်သင်းနှင့်သန်းမာတို့က ထိုမိန်းကလေးကိုနှုတ်ဆက်ပြီး ခြံထဲမှထွက်လာခဲ့ကြသည်။ ဆိုင်ကယ် ကယ်ရီနှင့် ကားဂိတ်လာခဲ့ကြသည်။ ကိုမြတ်သင်းက သန်းမာ့ကို ငါးသိုင်းချောင်းတား လက်မှတ်ဖြတ်ပေးပြီး “ကျွန်တော် နေလဝင်းနဲ့ သွားမယ်၊ ကိုသန်းမာ ကျွန်တော်သွားမယ်နော်. . . ” ဟု ပြောပြီး စိုက်စိုက်နှင့် ထွက်သွားလေပြီ။ သန်းမာ ငါးသိုင်းချောင်းသို့ ညနေသုံးနာရီခွဲခန့်ရောက်သည်။



မင်္ဂလာလမ်းထဲမှ ကိုမြတ်သင်းအိမ်သို့သွားပြီး လက်ဆောင်ပေးလိုက်သည်။ ကိုမြတ်သင်းအိမ်က သန်းမာနှင့် ဆွေမျိုးရင်းချာလိုဖြစ်နေပြီ။ ကိုမြတ်သင်း ကိုယ်တိုင်ခေါ်သွားတာရော၊ ကိုမြတ်သင်းလွှတ်၍ သွားရတော့ရော၊ အရေးကြီး၍ကိုမြတ်သင်းဆီ လိုက်သွားတာရော ဆိုလျှင် သန်းမာ ကိုမြတ်သင်းအိမ်ရောက်တာ သုံးနှစ်အတွင်း အခေါက်သုံးလေးဆယ်လောက် ရှိလောက်ပြီထင်သည်။ ကိုမြတ်သင်း အစ်မများက သန်းမာ့ကို သူတို့မောင်ဟုပင် သဘောထားနေကြပြီ။ ထိုအိမ်မှာပင် ရေမိုးချိုး အဝတ်အစားလဲပြီး ကိုမြတ်သင်းလက်ဆောင်ပို့ခိုင်းသည့် အိမ်သွားရန် သန်းမာက မသင်းသင်းအေးအား “ခေမာလမ်းကို ဘယ်လိုသွားရမလဲ. . . ” ဟု မေးမိသည်။

မသင်းသင်းအေးက “ခင်မြင့်ရီအိမ်သွားမှာ မဟုတ်လား။ ခေမာလမ်းက မင်္ဂလာလမ်းနဲ့ လမ်းမတော်လမ်းပဲခြားတာ။ လမ်းမတော်လမ်းကျော်တာနဲ့ ခေမာလမ်းပဲ။ အေးအေးဆေးဆေးနားနေပြီးမှ သွားပေးပြီးရောပေါ့၊ ဘာလို့လောနေတာလဲ ကိုသန်းမာ. . . ” ဟုပြောသည်။

“ညနေ ၆ နာရီ ဝါးတောသွားမယ့်ကားနဲ့ ပြန်လိုက်မလို့။ မနေ့ကတည်းက ပြန်လိုက်မယ်လို့မှာထားပြီးသား ဖြစ်နေလို့ မမအေး. . . ”

“ဒီမှာ ညမအိပ်ဘူးလား ကိုသန်းမာ။ အေးတို့က ညအိပ်မယ်အောက်မေ့နေတာ။ ဒီလောက် အရေးကြီးနေရင်လည်း ဆိုင်ကယ်ယူသွားလေ။ အဲဒီတိုင်မှာ သော့ချိတ်ထားတယ်. . . ”

သန်းမာလည်း မသင်းသင်းအေးအား ဘာမျှထပ်မပြော

www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ဆိုင်ကယ်စက်နှိုး ထွက်လာခဲ့သည်။ ခေမာလမ်းထဲ ဝင်လာပြီး သိပ်မရှာလိုက်ရပါ။ လိပ်စာပါအိမ်အမှတ် တွေ့လိုက်ရပြီ။ သန်မာက လမ်းဘေးချဆိုင်ကယ်ရပ်၊ သော့ဖြုတ်ပြီး လျှောက်လာရာ ခြံဝမှာ ခြံထဲဝင်မည့် ကျောင်းဝတ်စုံဝတ်ထားပြီး လွယ်အိတ်လေးလွယ်ထားသည့် ရှစ်နှစ်ကိုးနှစ်အရွယ် ကလေးမလေး တစ်ဦးကို တွေ့ရသည်။

"ဦးလေး၊ ဘယ်အိမ်လာတာတုန်း. . ."

"မခင်မြင့်ရီတို့အိမ်ပါ သမီး. . ."

"ဩော်. . . ဒေါ်လေး ဧည့်သည်လာတယ်၊ မေမေက အစည်းအဝေးရှိလို့ သမီးဘာသာပြန်လာတာ. . ."

ကလေးမလေးက အိမ်ထဲကထွက်လာသူ သူ့ဒေါ်လေးဆိုသူအား သွက်သွက်လက်လက်ပြောပြီး အိမ်ထဲဝင်သွားသည်။ ဒေါ်လေးဆိုသူ၏ ထူးခြားမှုမှာ ရုပ်ချောသလို ဆံပင်ကောင်းလွန်းခြင်းပင်။

"အိမ်ထဲခဏဝင်ပါရှင်။ ကိုမြတ်သင်းလွှတ်လိုက်တာလား. . ."

သန်မာက ကိုမြတ်သင်းပေးလိုက်သည့် လက်ဆောင်အိတ်ကို လှမ်းပေးအပြီး မခင်မြင့်ရီက လိပ်စာကဒ်ကို ကြည့်ရင်းပြောသည်။ သန်မာက "ဟုတ်ကဲ့ခင်ဗျ၊ သူရန်ကုန်သွားလို့ ကျွန်တော်နဲ့ပေးလိုက်တာဗျ. . ." ဟုပြောပြီး မခင်မြင့်ရီနောက် လိုက်လာကာ အိမ်ထဲဝင်လိုက်သည်။ ထိုစဉ်မှာပင် စောစောက ကလေးမပြေးထွက်လာပြီး "ဒေါ်လေးရေ၊ သမီး အေးမြတို့နဲ့ သွားကစားဦးမယ်. . ." ဟုပြောပြီး ခြံပြင်သို့ထွက်ပြေးသွားသည်။ "သမီး ခင်နှင်းဖွေး၊ ရန်မဖြစ်နဲ့နော်၊ ကောင်းကောင်း ကစားပြန်လာခဲ့. . ." ဟု သူ့ဒေါ်လေးက လှမ်းအော်တော့ ခင်နှင်းဖွေးလေးက "ဟုတ်ကဲ့" ဟု အော်သွားသည်။



မခင်မြင့်ရီ ဧည့်ခန်းထဲမှ အိမ်ထဲဝင်သွားသဖြင့် သန်မာက ဧည့်ခန်းထဲမျက်လုံး ဝေ့ကြည့်မိသည်။ သန်မာအသက် မရှူမိလောက်အောင် အံ့ဩနေမိသည်။ ရင်ထဲတွင် ကြေကွဲဝမ်းနည်းစိတ်တို့က ရင်မဆံ့အောင်ခံစားလာရသည်။ မမျှော်လင့်သည့် အဖြစ်။ နန်းနှင်းဆီ၏ဓာတ်ပုံ။ တိတိကျကျဆိုရလျှင် ကိုခင်မောင်မြင့်နှင့် နန်းနှင်းဆီတို့ မင်္ဂလာဆောင်စဉ်က မင်္ဂလာဝတ်စုံနှင့် ရိုက်ထားသော ပုံကြီးချဲ့ထားသည့်ဓာတ်ပုံ။ သန်မာနှင့်အတူနေစဉ်က မျက်နှာသွယ်သွယ်ပေါ်မှ ပါးပြည့်ပြည့်လေး ဤဓာတ်ပုံ၌မရှိတော့။ မျက်နှာလေးက ပိုသွယ်လွန်းသွားသည်ထင်ရသည်။ ပါးပြည့်ပြည့်မရှိ တော့၍လားမသိ။ ပြုံးယောင် မပြုံးယောင် နှုတ်ခမ်းကြောင့်လား မသိ၊ ပါးချိုင့်နှစ်ခုလည်း မမြင်မတွေ့ရတော့ပြီ။ စိန်နားကပ်ကြီးက နေရာလုသွားတော့ ရွှေနားကပ်ပါးပါးလေး ဘယ်ဆီ ရောက်သွားပါလိမ့်။ သည်လိုမဲ ရွှေဆွဲကြိုးတုတ်တုတ်ကြီး၊ ရှည်ရှည်ကြီးက ဘယ်လိုမောင်းထုတ်လိုက်သည်မသိ။ ရွှေဆွဲကြိုးသေးသေးမျှင်မျှင်လေး အဝေးပြေးသွားရပြီထင်သည်။ နန်းနှင်းဆီမှာ ပြောင်းလဲမသွားတာတစ်ခုပဲရှိပါသည်။ ဒါက လည်တိုင်ဘေး ရင်ဘတ်ပေါ် ချထားသည့် မည်းနက်နေသော အုံကောင်းလွန်းသည့် တစ်ပတ်လျှိုဆံထုံး ထုံးထားခြင်းသာ။

"ဓာတ်ပုံကြည့်နေတာလား၊ အဲဒီဓာတ်ပုံက အစ်ကိုနဲ့ ယောက်မ မင်္ဂလာဆောင်တုန်းက ရိုက်ထားတဲ့ပုံလေ။ အစ်ကို ဆုံးသွားတာ သုံးနှစ်ရှိပြီလေ၊ တူမလေး ခြောက်နှစ်သမီးကတည်းက ဖတဆိုးလေး ဖြစ်သွားတာ၊ ခုတော့ သမီးယောက်မ နှစ်ယောက်ထဲ ရှန်းကန်နေရတာ၊ ယောက်မနန်းနှင်းဆီက ရေတံခွန်အ. မ, က မှာထားရောလေ။

www.burmeseclassic.com

www.burmeseclassic.com

စကားကောင်းနေလိုက်တာ။ ကော်ဖီပူပူလေး သောက်လိုက်ပါဦး။ မုန့်မရှိလို့ ဒီကပါလာတဲ့ဟာလဝါကိုပဲ သုံးဆောင်ပါရှင်. . . "

" ဪ ဟုတ်ပါရဲ့။ ကျွန်တော့်နာမည် သန့်မာပါ။ ကိုမြတ်သင်းရဲ့ လက်ထောက်ပါခင်ဗျ. . . "

နန့်နှင်းဆီဓာတ်ပုံကို အကြာကြီး ကြည့်နေခိုက် မခင်မြင့်ရီ ဧည့်ခန်းထဲဝင်လာသဖြင့် သန့်မာ ကိုယ့်ကိုကိုယ် မလုံမလဲ ရှက်ကိုး ရှက်ကန်းဖြစ်နေပါမိသည်။ မခင်မြင့်ရီက ဓာတ်ပုံရှင်အကြောင်း ပြောပြနေတော့မှ သန့်မာစိတ်သက်သာရာ ရသွားသည်။ နန့်နှင်းဆီ ၏ခင်ပွန်း ကိုခင်မောင်မြင့်ဆုံးသွားကြောင်း သိရပြန်တော့ သန့်မာ နန့်နှင်းဆီကို သနားနေမိပြန်ပြီ။ ပြီးတော့ လက်ဆောင်လာပေးပြီး နာမည်မပြောမိသဖြင့် ကမန်းကတန်း ပြောလိုက်မိသည်။ ပြီးတော့ နန့်နှင်းဆီရှိရာ ရေတံခွန်ကျောင်းသို့လည်း အမြန်ပြေးသွားချင်မိပြီ။

သန့်မာက ကော်ဖီခွက်ကိုအမြန် မော့သောက်လိုက်ပြီး မခင်မြင့်ရီကို နှုတ်ဆက်ကာပြန်လာခဲ့သည်။ သန့်မာအကြံတစ်ခု ရလာသဖြင့် လမ်းဘေးဆိုင်တစ်ဆိုင်တွင် ဗလာစာအုပ်တစ်အုပ်နှင့် စာအိတ်ကြီးတစ်အိတ်ဝယ်လိုက်သည်။ စာအုပ်အလယ်မှ စာရွက် နှစ်ရွက်ကို ဆုတ်ယူလိုက်သည်။ နန့်နှင်းဆီကို စာရေးပေးခဲ့တာက အကောင်းဆုံးဟု သန့်မာတွေးမိသည်။ သူ့သမီးလေးစကားအရ အစည်းအဝေးက ဘယ်အချိန်မှပြီးမယ်မှန်းမသိ။ သန့်မာကလည်း မစောင့်နိုင်။ ဝါးတောသို့ ညနေ ခြောက်နာရီ ထွက်မည့်ကားက သူ့ အလာကို စောင့်နေမှာ သေချာသည်။ ညနေ ခြောက်နာရီမထိုး မီရောက်သွားဖို့ လိုသည်။ ၆ နာရီကျော်မှဆိုလျှင် စောင့်ရသူ ကိုအားနာဖို့ ကောင်းသည်မဟုတ်ပါလား။

သန့်မာလက်ဖက်ရည်ဆိုင်တွင် လူရှင်းသည့်ခုံ၌ ဝင်ထိုင်ရင်း လက်ဖက်ရည်တစ်ခွက်မှာပြီး နန့်နှင်းဆီထံစာရေးနေသည်။ သူ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းတက်ဖို့ ရေးဖြေစာမေးပွဲအောင် သဖြင့် အောက်တိုဘာ ၃၀ ရက်နေ့တွင် နိုဝင်ဘာ ၇ ရက်နေ့၌ ဗိုလ်ရွေးအဖွဲ့သို့ သတင်းပို့ရန် စာရောက်လာသည်မှစ၍ ဖြစ်စဉ် အားလုံးကို အနောက်ရိုးမတောင်တန်းပေါ် ဝါးလာခုတ်သည်အထိ လိုရင်းကိုစွမျှားရေးသားပြီး ညနေကျောင်းဆင်းတွင် လက်ရှိဝါးတော ပြန်ရမည့်အခြေအနေပါ ရေးလိုက်သည်။ ဆရာမနန့်နှင်းဆီသိကျွာကို ထည့်တွက်ပြီး နက်ဖြန်ညနေ ကျောင်းဆင်းချိန်တွင် သမီးနှင့်အတူ မပြန်ဘဲ ခဏစောင့်နေရန်၊ နန့်နှင်းဆီကျောင်းဆင်းချိန် သူအရောက် လာမည်ဖြစ်ပြီး နန့်နှင်းဆီ၏ပြန်စာကို တစ်ခါတည်းစောင့်ယူသွား ချင်ကြောင်းရေးပြီး စာကိုအဆုံးသတ်လိုက်သည်။ စာကိုစာအိတ်ထဲ ထည့်ပိတ်လိုက်သည်။ နန့်နှင်းဆီ၏လိပ်စာရေးသလို သူ့နာမည် သန့်မာဟုပါ ရေးလိုက်သည်။

လက်ဖက်ရည်သောက်၊ လက်ဖက်ရည်ဖိုးရှင်းပေးပြီး စားပွဲ ထိုးကို ရေတံခွန် အ. မ. က ဘယ်လိုသွားရသလဲဟု မေးလိုက် သည်။ စားပွဲထိုးညွှန်ပြသည့်အတိုင်း သန့်မာဆိုင်ကယ်စီးထွက်လာ ခဲ့သည်။

ကျောင်းစောင့်က အစည်းအဝေးမည်သည့်အချိန်ပြီးမည် မသိကြောင်းပြောသဖြင့် "ဒီစာလေး ဆရာမ နန့်နှင်းဆီကို ပေးပေး ပါဦး. . . " ဟု တရိုတသေပြောကာ စာထားခဲ့သည်။ သူ့မှာ အချိန် မရှိတော့။ မမအေးနှင့် တွေ့လျှင် မေးသမျှ သံတော်ဦးတင်နေရဦး မည် မဟုတ်ပါလား။ ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၅)

## မှောက်သွားသော နွားနို့တစ်အိုး

ရေတံခွန်အ. မ. က အနီး သန်မာရောက်တော့ ကျောင်းသားတစ်ယောက်စ နှစ်ယောက်စပဲ ကျန်တော့သည်။ တစ်လမ်းလုံးတွင် ကျောင်းဆင်းလာသည့် ကျောင်းသားများထဲမှ နန့်နှင်းဆီ၏ သမီးလေးကို သန်မာရှာမိသည်။ ဝတ်စုံတူ၊ အရွယ်မတိမ်းမယိမ်းတူသူတွေမို့ ရှာမတွေ့မိ။ ပြီးတော့ သန်မာက သည်ကလေးမလေးကို တစ်ကြိမ်တစ်ခါ၊ ခဏတစ်ဖြုတ်တွေ့ခဲ့ရသည် မဟုတ်ပါလား။

သန်မာသည်နေ့ ဆိုင်ကယ်ယူမလာခဲ့။ နန့်နှင်းဆီနှင့် အတူ လမ်းလျှောက်စကားပြောချင်သည်လေ။ သန်မာကျောင်းပေါက်ဝ ရောက်တော့ နန့်နှင်းဆီတစ်ယောက်တည်း ကျောင်းထဲမှထွက်လာပြီး သန်မာကျောင်းပေါက်ဝမှာပဲ ရပ်စောင့်နေလိုက်သည်။ သန်မာ့အနား ရောက်လာတော့ နန့်နှင်းဆီက စာအိတ်တစ်အိတ်ထုတ်ပေးသည်။ သန်မာကလှမ်းယူပြီး အင်္ကျီအိတ်ထဲ ခေါက်ထည့်ထားလိုက်သည်။





အဖြူအစိမ်းနှင့် နန့်နှင်းဆီသည် ကျက်သရေရှိလိုက်ပါဘိ။ သန်မာတို့ ကိုးတန်းဆယ်တန်းကျောင်းသားဘဝက အဖြူအစိမ်းဝတ်သည့် ကျောင်းသူနန့်နှင်းဆီနှင့် လုံးလုံးလျားလျားမတူတော့။ ဟိုတုန်းက ကလေးပုံစံ။ ခုဟာက လူကြီးပုံစံ။ ဟုတ်သားပဲလေ။ သန်မာတို့ နန့်နှင်းဆီတို့အသက်က ၂၇ နှစ်ထဲရောက်လာကြပြီပဲ။ နန့်နှင်းဆီကဆံထုံးနှင့် ပိုလိုက်သည်ဟုထင်သည်။ ဆံထုံးကြောင့် ရင့်ကျက်သွားသလို တ္တေရှိလွန်းသွားသလို ထင်ရသည်။ သူ့အိမ်က ဓာတ်ပုံထဲကလို ပါးပိန်ပိန်မဟုတ်တော့။ ပါးပြည့်ပြည့်မဟုတ်စေကာမူ ပါးပြေပြေဖြစ်နေသည်။ အရပ်မြင့်တော့ ဆရာမဝတ်စုံနှင့် လိုက်ဖက်ရုံမက ကြည့်၍ကောင်းလွန်းနေသည်။ နန့်နှင်းဆီက သန်မာ့အမြင်တွင် နှင်းဆီတစ်ပွင့်လို မွှေးလွန်းလှလွန်းနေဆဲပါပဲလား။

"မမနှင်း နေကောင်းရဲ့လား။ အချိန်ရရင် ဆိုင်တစ်ဆိုင်မှာ တစ်ခုခုဝင်စားရအောင်လေ. . ."

"အချိန်မရဘူး ကိုသန်မာ။ ဆရာမကြီးနဲ့ ခဏတွေ့စရာရှိလို့။ သမီးပြန်နှင့်ဆိုပြီး ကိုသန်မာကိုစောင့်နေတာ။ ကြာနေရင် ရက်ဆက်ဆိုတော့ ယောက်မက သံသယဝင်လာလိမ့်မယ်။ ကိုသန်မာလည်း ကျောင်းကိုခဏခဏ မလာပါနဲ့နော်။ ကျွန်မကို ခွင့်ပြုပါဦး. . ."

သန်မာ့ရင်ထဲ မကောင်းတော့။ သူစိမ်းတွေမဟုတ်တော့ဘူး ဆိုတာ နန့်နှင်းဆီမေ့သွားလေပြီလား။ မောင့်ကို ကိုသန်မာလို့လား။ မမနှင်းက ကျွန်မတဲ့လား။ သူစိမ်းဆန်လှချည်လား မမနှင်းရယ်။ သန်မာယူကျုံးမရ ဖြစ်စွာနေရာ၌ပင် ငူငူကြီးရပ်ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်တစ်ချက်လှည့်မကြည့်၊ မသိမကျွမ်းဖူးသလို ပြုမူသွားပုံက ရင်နာစရာ။ သို့ပေမယ့် နန်းနှင်းဆီအပေါ် ရင်မနာရက်။ သန်မာ၏ ကိုယ်ရောစိတ်ပါ မိုးပြိုမိုးပိခံရသလို မချိမဆံ့တွန်းဖယ်မရအောင် လေးလံစွာ ခံစားနေရသည်။

သန်မာစိတ်နှင့်ကိုယ် မကပ်ဘဲ မသင်းသင်းအေးတို့အိမ်သို့ ဘယ်လိုပြန်ရောက်လာမှန်းမသိဘဲ ပြန်ရောက်ခဲ့သည်။ မသင်းသင်းအေး က သန်မာ့ကိုဖူးဖူးမှုတ်မှု ဂရုစိုက်သည်ကိုလည်း သန်မာမသိ။ သန်မာ့ ခေါင်းထဲ၊ အသိထဲ၊ ရင်ထဲ၊ နှလုံးသည်းပွတ်ထဲမှာ တင်းကျမ်းပြည့် အောင်နေရာယူထားသူက မစိမ်းကား နန်းနှင်းဆီသာ။ သန်မာလာ သည့်နေ့ဆိုလျှင် အစ်မကြီးမသင်းသင်းမွေးကို အနားပေးပြီး မသင်းသင်းအေးကိုယ်တိုင် ဈေးသွား၊ သန်မာကြိုက်တတ်တာဝယ်။ သန်မာ့လျှာဖျားအရသာရှိအောင်၊ စွဲငြိသွားအောင် မသင်းသင်းအေး ကိုယ်တိုင်ချက်ပြုတ်သည်။ မသင်းသင်းအေးကိုယ်တိုင် ဒူးခပ်ကျွေးမွေး သည်။ ထမင်းပန်းကန်ထဲ ဟင်းထည့်ပေးသည်ကအစ မသင်းသင်းအေး က ပြုလုပ်ပေးပေမယ့် ဒါတွေကို သန်မာမသိ။ သန်မာသတိမထားမိ။ သန်မာ့အသိ၊ သန်မာ့သတိ၊ သန်မာ့အာရုံ၌ နန်းနှင်းဆီသာ ကြီးစိုး နေခဲ့သည်။

မသင်းသင်းအေးက ညအိပ်ဖို့တားသည့်ကြားက သန်မာသည် ထမင်းစားပြီးသည်နှင့် ဝါးဖောင်ဆိပ်သို့ လာခဲ့သည်။ မနက်က မသင်းသင်းအေးတို့ အိမ်ရောက်စဉ် မသင်းသင်းအေးက သူ့မောင်က ဖုန်းဆက်ဖို့မှာထားကြောင်းပြောသဖြင့် မသင်းသင်းအေးတို့အိမ်မှပင် ဖုန်းလှမ်းဆက်ခဲ့သည်။ ဒုစက်ရုံမှူး(ကုန်ကြမ်း) ဗိုလ်မှူးခင်မောင်ထူးနှင့် သွားတွေ့ဖို့ကိစ္စဖြစ်သည်။ သည်ကိစ္စသတိရလာတော့ သန်မာ



စေတနာဝါးခုတ်စခန်းသို့ပြန်၍ မဖြစ်တော့။ ကိုမြတ်သင်းမှာသည့် ကိစ္စက အရေးကြီးသည်မဟုတ်ပါလား။ သန်မာက ဝါးတောသို့သွား မည့် ကားဆရာအား အကျိုးကြောင်းပြောပြီး ကောင်းသန့်တို့ ဆီ မှာလိုက်ပြီး စက်လှေဆိပ်သို့ ဆင်းလာခဲ့သည်။

ကိုမြတ်သင်း၏ အလုပ်တွေလုပ်ရမှု ကိုမြတ်သင်းရှင်းပြတော့ မှ ဝါးကုန်သည်နှင့်ပျော့ဖတ်စက်ရုံ ဆက်ဆံရေးကို သိလာသည်။ ဝါးကုန်သည်တွေနှင့် တိုက်ရိုက်ဆက်ဆံရသည့် ဌာနက ပျော့ဖတ် စက်ရုံမှ ကုန်ကြမ်းဌာနဖြစ်သည်။ ကုန်ကြမ်းဌာန အကြီးအကဲ စက်ရုံမှူး(ကုန်ကြမ်း)က ဗိုလ်မှူးကြီးခင်မောင်မြင့်ဖြစ်သည်။ ဗိုလ်မှူးကြီးက စက်ရုံမှာပဲရုံးထိုင်သည်။ ကျန်သည့်အရာရှိများက စက်ရုံအတွက်ကုန်ကြမ်း အချိန်မီရရှိရေး၊ ကုန်ကြမ်းအပိုထားရှိ နိုင်ရေး၊ စက်ရုံသို့သွင်းမည့်ဝါးများ ပြင်ပသို့ မရောင်းချရေး၊ ခိုးမထုတ် ရေး၊ ဝါးကုန်သည်များနှင့် လုပ်ငန်းအောင်မြင်အောင် အချိန်မီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးတို့အတွက် ဝေနံမြစ်ကြောင်း တစ်လျှောက်နှင့် ဝါးသယ်ရာကုန်းလမ်းတစ်လျှောက် ရှေ့တန်းစခန်း များဖွင့်ကာ ရုံးထိုင်ဆောင်ရွက်နေကြရသည်။ လိုအပ်လာလျှင် ဝါးခုတ်ကြရာအထိ ကွင်းဆင်းဆောင်ရွက်နေကြရသည်။

ငါးသိုင်းချောင်း အနောက်ဘက်တံတားထိပ်ရှိ ငါးသိုင်းချောင်း စခန်းတွင် ဒုဗိုလ်မှူးကြီးကိုကိုမောင် ရုံးထိုင်သည်။ ဝေနံမြစ် အနောက်ဘက်ရှိ ဘုရားကြီးစခန်းသို့ ထုံသင်းမွှေးစက်လှေဖြင့် သွားရပေဦးမည်။ ဦးဂန္ဓာက သန်မာကို ထုံသင်းမွှေးစက်လှေဖြင့် ဘုရားကြီးစခန်းသို့ ချက်ချင်းလိုက်ပို့ပါသည်။ ရေစုန်ဖြစ်ပြီးရေကျ ဖြစ်၍ထုံသင်းမွှေးစက်လှေက မြန်ပါသည်။ နေလုံးကြီးမြင့်သေးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သန်မာက ထုံသင်းမွှေးစက်လေ့ ဦးထိပ်သွားထိုင်ပြီး နန့်နှင်းဆီ ပေးလိုက်သည့် စာကိုဖောက်ဖတ်လိုက်ပါသည်။

ကိုသန်မာ

ကိုသန်မာ့စာဖတ်ပြီး ကျွန်မတကယ်စိတ်မကောင်းပါ။ ကျွန်မကြောင့် စစ်တက္ကသိုလ်လည်း မတက်ရ။ မရောက်အပ်တဲ့နေရာလည်း ရောက်ရနဲ့၊ ဒုက္ခမျိုးစုံကြုံတွေ့ခဲ့ရတော့ ရင်ထဲမှာကြေကွဲစွာခံစားရပေမယ့် အစားထိုး ပြန်လည်ပေးဆပ်ဖို့ ကျတော့ ကျွန်မမှာဘာမျှမရှိပါဘူး။ တစ်သက်လုံး စိတ်မကောင်းဖြစ်နေရုံပါပဲ။ အမှန်ကို ပြောရရင် ကျွန်မကိုသန်မာကို အဲဒီအချိန်ကတည်းက သံသယမရှိခဲ့ပါဘူး။ ကိုသန်မာကို အကြွင်းမဲ့ယုံကြည်ခဲ့ပါတယ်။ ကိုသန်မာသစ္စာမမဲ့ဘူး။ သစ္စာမဖောက်ဘူး။ မလာနိုင်လောက်အောင် ဒုက္ခကြုံနေလို့သာလို့ ကျွန်မရင်ထဲမှာ သိနေခဲ့ပါတယ်။

မသိတာ ပြန်ရောက်လာကတည်းက နေ့ရောညပါ ကိုသန်မာကို ကျွန်မမျှော်ခဲ့ပါတယ်။ နေ့တိုင်းမျှော်နေခဲ့ပါတယ်။ အဲဒီလို မျှော်နေတဲ့ကြားက၊နှစ်ပတ်ကျော်ကြာတော့ အဖေနဲ့ အမေ့ကိုသနားပြီး မျှော်ခဲ့တာကို လက်လျှော့ပြီး ကံစီမံရာအတိုင်းပဲလေလို့ သဘောထားပြီး၊ ကိုခင်မောင်မြင့်နဲ့ လက်ထပ်ခဲ့တာပါ။ ကိုသန်မာပေးထားတဲ့ ခေမာကျောင်းလမ်းထိပ်ကဖုန်း ကျွန်မသွားဆက်တာဆက်မရခဲ့ပါဘူး။ ကျွန်မပြန်လာတော့ ကျွန်မပြန်မလာသေးဘူးထင်ပြီး အဖေနဲ့အမေပြောနေတဲ့ စကားကို ကိုသန်မာ နားထောင်ကြည့်ပါဦး။

ချစ်တဲ့သူနဲ့ကွေကွင်းရ၊ မချစ်မနှစ်သက်သူနဲ့ ပေါင်းသင်းရမယ့်သမီးလေးကို သနားတယ်အမေကြီး၊ သမီးလေးမှာ စိတ်ထောင်းလို့ ကိုယ်ကြေမြင်ရက်စရာမရှိတော့ဘူးလေ။ သမီးလေး



ချစ်သူ နှစ်ပတ်ကျော်ကြာသွားတာတောင် မလာတာ၊ စဉ်းစားလို့မရဘူး။ သမီးလေးဟာ မောင်ခင်မောင်မြင့်ကို မနှစ်သက်လို့ချစ်သူရှည်းစားရှိအယ်လို့ လိမ်ပြောသလားလို့တောင် ထင်ရမလိုဖြစ်လာပြီ။ ဒါပေမဲ့သမီးလေးက လိမ်တတ် ညာတတ်တဲ့သူမဟုတ်ဘူးလေ။ "

"ဟုတ်တယ်အမေကြီး မသိတာကို အမေကြီး ကိုယ်တိုင်သွားမေးပြီးပြီ။ သမီးချစ်သူ အရပ်မြင့်မြင့် ရုပ်ချောချော ကိုသန်မာရဲ့လက်ထဲ စာကိုယ်တိုင်ပေးခဲ့တာတဲ့ အဖေ၊ အဲဒီကလေး တစ်ခုခုဖြစ်နေလို့နေမှာပါအဖေ။ "

"သမီးလေးကို ရန်ကုန်လွှတ်ပေးဖို့ပြောတာ မောင်ခင်မောင်မြင့်က လက်မခံတော့ ဘယ်လိုမှ မလုပ်တတ်တော့ဘူးအမေကြီး။ သမီးလေး နေ့မအိပ် ညမအိပ် မျက်ရည်လည်ရွဲဖြစ်နေတာ မြင်နေရတာကို အမေကြီးအသည်း ဓားနဲ့မွှန်းသလိုခံစားနေရတယ်အဖေ။"

"အဖေလည်း အိပ်မပျော်စားမဝင်အောင် အမေကြီးလိုပဲခံစားနေရတာပါ။ ဒီလိုလုပ်ရင် မကောင်းဘူးလားအမေကြီး။ အဖေညနေကျရင် စခန်းမှူး မြို့နယ်မှူးနဲ့ သွားတွေ့မယ်။ ရဲစခန်းတစ်နေရာရာမှာ အဖိလေး ချနေရနေရ၊ ခွင့်ပြုဖို့ သွားတင်ပြမယ်။ ခွင့်ပြုရင် အဖေတို့ မိသားစု ရဲစခန်း ပြောင်းကြမယ်လေ အမေကြီး။

" အဖေပြောတာတော့ ဟုတ်ပါရဲ့။ ဒီကသူငယ်ကိုလည်း အားနာရမယ်။ သူကျေးဇူးတွေက အမေကြီးတို့အပေါ် တစ်ပုံတစ်ခေါင်းကြီး မဟုတ်လား။ စဉ်းစားပါဦးအဖေ။"

"သမီးလေး စိတ်ချမ်းသာဖို့ဆိုရင် အဖေဘာမှမကြောက်

www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ဘာမှ ထည့်တွက်မနေတော့ဘူး အမေကြီး။ သမီးလေး စိတ်ချမ်းသာမယ်ဆိုရင် ကျေးဇူးမကလို့ ဘယ်လိုအရာမှ အရေး မစိုက်ဘူး အမေကြီး။"

"ဒါဆိုရင်လည်း အမေကြီးတော့ မျက်နှာပူတယ်။ အိမ်ခန်း ရအောင် အဖေအမြန်သွားပြောပေတော့။ "...

အဲဒီလိုအဖေနဲ့အမေ အချီအချပြောနေတဲ့ စကားတွေ ကြားရက်နဲ့ ကျွန်မကိုယ့်ဘက်ကိုယ်ယက်သင့်သလား ကိုသန်မာ။ ကျွန်မ သမီးလိမ္မာဖြစ်ချင်လို့ မဟုတ်ဘူး။ ကျွန်မအပူတွေ အဖေ အမေတို့ကို ကူးစက်သွားတာ သနားလို့၊ မိဘအပူငြိမ်းသွားအောင်၊ ဒုက္ခတွေငြိမ်းသွားအောင် အဖေအမေတို့ကို "ကိုခင်မောင်မြင့် ကို သမီးလက်ထပ်မယ်. . ." လို့ ပြေးတက် ပြောခဲ့တာပါ။ အဖေက လက်မခံပါဘူး။ ရဲစခန်းထွက်သွားပြီး အိမ်ခန်း သွားတောင်းခဲ့တာ ပါ။ ကျွန်မကလည်း အဖေ့ကို ပိုသနားသွားပြီး ကိုခင်မောင်မြင့်ကို "အမြန်ဆုံးလက်ထပ်ပွဲကျင်းပနိုင်အောင် စီစဉ်ပေးပါ. . ." လို့ ပြောခဲ့တာပါ ကိုသန်မာ။

အရာရာဟာ ကံတရားပါပဲ ကိုသန်မာ။ ကံကြမ္မာကို မမြင် နိုင်ဘူးလေ။ သမီးလေးခင်နှင်းဖွေး ငါးနှစ်သမီးအရွယ်မှာ ကံ ကြမ္မာမုန်တိုင်းက ကဆုန်ပေါက်ပြီးဝင်လာတယ်။ ငွေဆောင်ရဲက လာအကြောင်းကြားမှ သူအဖမ်းခံရတယ်ဆိုတာ သိတာ။ သူက ချဲဒိုင်ချုပ်တဲ့။ ငွေဆောင်မှာ သူ့ဆီကို လက်ခွဲချဲဒိုင် တွေက လာအပ်ချိန်မှာ ခရိုင်ရဲက ဝင်ဖမ်းတာတဲ့။ သူ့ကို ခရိုင်ရဲတွေက ခရိုင်ရုံးခေါ်သွားပြီလို့လာပြောမှ သူချဲဒိုင်လုပ်မှန်း ကျွန်မ သိရတာပါ။ ကိုသန်မာဦးလေးလို အိမ်ကိုချဲလာထိုးသူမရှိတော့၊ သူချဲဒိုင် အလုပ်လုပ်တယ်လို့ ဘယ်ထင်မှိမလဲ။ လျှပ်စစ်ပစ္စည်း



ရောင်းတဲ့ အလုပ်တစ်ခုတည်းလုပ်တယ်လို့ ထင်နေတာလေ။

သူနဲ့တွေ့မှ အကြောင်းစုံသိရတာ။ သမီးလေးမွေးပြီးတော့ သမီးလေးက စာအရမ်းတော်နေရင် ဆေးတက္ကသိုလ် မထားနိုင်ရင် စိတ်ဆင်းရဲရမှာတွေးပြီး သမီးလေး ဆေးတက္ကသိုလ် ပို့နိုင်အောင် အဲဒီအလုပ် လုပ်မိတာတဲ့။ ကျွန်မအဖေ ဦးဝင်းအောင်နဲ့ အကြံတူ မနေဘူးလား။ ကျွန်မ ဘာပြောလို့ရတော့မလဲနော်။ ဒါပေမယ့် အဖေက အရှုတ်အကြောက်ကြီးသူမို့ ပြဿနာဖြစ်မယ့်မလုပ်မျိုး အလုပ်ဘူးလေ။ အဲဒီလိုမလုပ်တာကြောင့် အဖေ့မှာ ပြဿနာလာ ဖြစ်တာ ကိုသန်မာသိပါတယ်။

သူက ငွေစိုက်၊ သူ့ သူငယ်ချင်းတွေ စိတ်ချရတဲ့သူတွေကို လက်ခွဲဒိုင်လုပ်ခိုင်းတာ။ အဲဒါကြောင့် ချဲလာထိုးသူ မတွေ့တာကိုး။ မိန်းမသိမှာစိုးလို့ ချဲဖွင့်တဲ့နေ့ဆိုရင် စကားဝှက်တွေသုံးပြီး ချောင်းသာ၊ ငွေဆောင်စသည်ဖြင့် အဲဒီလိုနေရာမျိုးတွေမှာ လက်ခွဲ ဒိုင်တွေနဲ့ဆုံပြီး အလျော်အစားလုပ်တာတဲ့။ ဘယ်သူက သတင်း ပေးလိုက်လို့လဲ မသိဘူး။ အဖမ်းခံရတယ်လေ။ တရားရုံးအမှုရင်ဆိုင်၊ ထောင်ကျ၊ ရဲစခန်းရောက်နဲ့ အစာအိမ်ခဲမှာ အူအတက်ပေါက်ပြီး ၂၀၀၁ခုနှစ် ဇန်နဝါရီလက ရဲဘက်စခန်းမှာ ဆုံးသွားတယ်။

အဖေအမေတို့ကလည်း ရဲစခန်း အိမ်ခန်းရလို့ ပြောင်းသွား တာကြာပြီလေ။ ပုသိမ်မှာနေရတာ။ သူမရှိတော့ နေ့စဉ်စိတ်ဆင်းရဲ နေရတာနဲ့ ဈေးကောင်းလည်း ပေးသူရှိတာနဲ့၊ ပုသိမ်အိမ်ကို ရောင်းလိုက်တယ်။ ယောက်မ မခင်မြင့်ရီတို့ဇာတိက ငါးသိုင်း ချောင်းမြို့တစ်ဘက်ကမ်းက ဒေါင့်ကြီးဘက်ရွာလေ။ ပုသိမ်မြို့က အိမ်ကဈေးကောင်းရထားတော့ ဒေါင့်ကြီးဘက်ရွာမှာ မနေတော့ပါ အသိတစ်ယောက်စပ်ပေးလို့ ငါးသိုင်းချောင်းမြို့က ခုနေတဲ့ခမာ

www.burmeseclassic.com

www.burmeseclassic.com

လမ်းထဲက အိမ်လေး ဝယ်ဖြစ်သွားတယ်လေ။ ယောက်မက စက်ချုပ်၊ ကျွန်မက ကျောင်းဆရာမလုပ်ပေါ့၊ ကျွန်မ ကျောင်းဆရာမစလုပ်တဲ့နှစ်မှာပဲ သမီးလေးက သူငယ်တန်းကျောင်း စနေတာလေ။

ဪ. . . ပြောရဦးမယ် ကိုသန်းမာ။ ကိုသန်းမာဟာ ဒုက္ခမျိုးစုံကြုံနေတဲ့ကြားက အဝေးသင်တက္ကသိုလ်တက်၊ ဘွဲ့ရအောင်ဖြေခဲ့တာကို ကျွန်မအရမ်းချီးကျူး ဂုဏ်ယူမိပါတယ်ဆိုတာ ပြောဖို့မေ့ကျန်သွားလို့ပါ။ ကျွန်မလည်း ကိုယ်ဝန်ကြီးနဲ့ ကျောင်းတက်ခဲ့တာပါ။ ဒီလိုနဲ့ သိပ္ပံဘွဲ့ရခဲ့ပါတယ် ကိုသန်းမာ။

ကိုသန်းမာကို အလေးအနက် ကျွန်မပြောချင်တာက ကိုသန်းမာဘဝနဲ့ ကျွန်မဘဝ ဆက်စပ်လို့မရတော့ဘူး ဆိုတာပါ ကိုသန်းမာ။ ကျွန်မဘဝဟာ ခမှောက်သွားတဲ့ နွားနို့အိုးမို့ ကိုသန်းမာအတွက် သောက်ဖို့နွားနို့မရှိတော့ဘူး။ သုံးစားလို့မရတော့ဘူးဆိုတာပါ။ ကံကြမ္မာအရ သည်ဘဝ သည်မျှသာလို့ သဘောထားပေးပါ။ ကျွန်မရဲ့ ဂုဏ်သိက္ခာကို ငဲ့တယ်ဆိုရင် ကျောင်းကိုမလာပါနဲ့။ အိမ်လာရင်လည်း ကျွန်မနဲ့ ကိုသန်းမာ သိကျွမ်းခဲ့ကြတယ်ဆိုတာ ယောက်မ မသိအောင် နေပေးပါ။ သူ မသိပါစေနဲ့နော်၊ ဒါပါပဲ။

နန်းနှင်းဆီ

သန်းမာသည် နန်းနှင်းဆီ၏ စာဆုံးတော့ နန်းနှင်းဆီကို သနားဆွတ်ကြင်မှုတို့က ဖက်လှေပန်ကာ မွှေ့ခံရသည့် ရေ ပလုံစီ ပလုံထိုးသလို သန်းမာ၏ရင်ထဲ ပြောင်းဆန်နေတော့သည်။

"မမနှင်းရယ်၊ မောင်က နွားနို့သောက်ရမှ မဟုတ်ပါဘူး၊ ကွယ်မှောက်သွားတဲ့ နွားနို့အိုးကို ပြန်လှန်ပြီး ပွေ့ဖက်ရရုံနဲ့ ကျေနပ်နေသူပါမမနှင်း. . ."



သန်းမာ၏အသံက ထုံသင်းမွှေး စက်လှေခုတ်သံကြားတွင် တိုးလျစွာပျောက်ကွယ် သွားလေပြီတကား။ ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၆)

## ရစ်ပတ်မိချင် သံယောဇဉ်ကြိုးတစ်မျှင်

သန်မာသည် ဘုရားကြီးစခန်းရောက်မှ ဝါးကုန်သည်အတော်များများနှင့်တွေ့ပြီး ဝါးခုတ်လုပ်သားနှင့် ဝါးကုန်သည်များ၏ မကျေမလည်ဖြစ်မှုများကိုသိရတော့ လွန်စွာအံ့ဩနေမိသည်။ ဝါးခုတ်အလုပ်သမားများကလည်း ကိုယ့်ရှေ့မှာ ငွေတွင်းရှိနေပါလျက် မနိုက်တတ်။ မနိုက်ချင်ကြ။ ကရင်ဝါးတောကြီးက အချိန်မရွေးငွေတွေပေးနေပါလျက် ဝါးခုတ်လုပ်သားတွေက ဘာကြောင့်ငွေတွေကို မယူချင်ကြပါလိမ့်။ အပျင်းထူနေကြတာလား။ မူလာကျိုလုပ်နေကြတာလား။

ဝါးကုန်သည်များနှင့်တွေ့၍ ဝါးကုန်သည်များ၏ အပြောကြောင့် ဝါးခုတ်လုပ်သားတွေ အပျင်းထူနေကြသည်ဟု သိရခြင်းသာ။ သန်မာသာ ထိုဝါးခုတ်လုပ်သားတွေနှင့် တွေ့လျှင် ဝါးကုန်သည်တွေ၏ မတော်မတရားလုပ်သည့် အပြစ်တွေကို ပြောချင်





ပြောကြပေလိမ့်မည်။

ဝါးကုန်သည်များ၏ ပြောကြားချက်အရ ဝါးခုတ်လုပ်သားတို့သည် ဝါးကုန်သည်ထံမှ စားတာလည်းအကြွေးယူသည်၊ ဆေးဝါးတွေလည်းအကြွေးယူသည်။ ငွေလည်း အကြွေးယူသည်၊ ဝါးခုတ်ပေးသည့်အခါယူထားသည့်အကြွေးကျေအောင် ခုတ်မပေးကြ။ အလုပ်အကြွေးထားကြသည်။ ဝါးခုတ်လုပ်သားတွေက ထိုသို့အလုပ်အကြွေးထားမှ ဝါးထပ်ခုတ်ပေးချင်အောင် ကုန်သည်တွေက ငွေထပ်ထုတ်ပေးမည်ဟု ယူဆကြသည်။

သူတို့အယူအဆကလည်း မှန်နေသည်။ ဝါးကုန်သည်ကလည်း ထုတ်ပေးထားသည့်ငွေ အဆုံးမခံနိုင်သည့်အတွက် ငွေမျောငွေနှင့်လိုက်သည့်သဘော။ ငွေယူထားပြီး ဝါးခုတ်မပေးသူအား ငွေထပ်ထုတ်ပေးရတော့သည်။ ထို့ကြောင့် ဝါးခုတ်လုပ်သားမှာလည်း အကြွေးပေါ် အကြွေး ထပ်တင်ကြတော့သည်။ သည်ကြားထဲ အရက်ကြိုက်သည့် ဝါးခုတ်လုပ်သားဆိုလျှင် အရက်မူးနေသည်နှင့် အကြွေးကျေအောင် ဝါးခုတ်မပေးနိုင်တော့၊ ဝါးခုတ်နေရင်း တောဝက်တွေ့လျှင်လည်း ဝါးခုတ်တာ ပစ်ထားခဲ့သည်၊ တောဝက်နောက် ပြေးလိုက်ကြသည်။ တောဝက်ပြေးရာလိုက်ကြတော့ ခုတ်လက်စ ဝါးကွင်းနှင့် ဝေးသည်ထက် ဝေးသွားတော့သည်၊ တောဝက် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ခုတ်ရမည့်ဝါးကွင်းသို့ ထိုနေ့သူတို့ ပြန်မရောက်နိုင်ကြတော့။ ဝါးခုတ်သည်ဆိုရာ၌လည်း ဝါးတောရှိတိုင်း ခုတ်ရသည်မဟုတ်။ သစ်ထုတ်လုပ်ရေးက သစ်ထုတ်ရန် သစ်ကား ဝင်ရန် လမ်းဖောက်ပြီးသားပတ်ဝန်းကျင်တွင်သာ ခုတ်ရသည်။ ဝါးတိုက်မည့်ကား ဝင်၍ရသည့်နေရာတွင်သာ ခုတ်ရသည်။ လက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ဝါးကားဝင်မည့် လမ်းဘေးဝဲယာတွင်သာ ခုတ်ရသည်မဟုတ်ပါလာ

တောဝက်ရလာပြန်လျှင်လည်း တောဝက်ချက်ပြုတ်

သည်နှင့် ပျော်ကြပါးကြ၊ ဝါးခုတ်သွားဖို့ မေ့နေကြသည်။ ပျား

တွေ့၍ ပျားဖွပ်လျှင်လည်းကောင်း၊ မှိုတွေ့၍ မှိုနုတ်လျှင်လည

ကောင်း၊ ဝါးခုတ်ဖို့ သတိမရကြတော့။ ထိုကိစ္စများဖြင့်အချိန်ကုန်

တော့သည်။ အဆိုးဆုံးအချိန်က သီတာကုန်းပြင် သီတာမောင်

နတ်နန်း၊ ဘုရားပွဲနှင့်နတ်ပွဲကျင်းပသည့် တပေါင်းလ ကုန်းပွဲ

တော်သလင်းလ ရေပွဲရောက်လျှင် ဝါးခုတ်လုပ်သားများ လုံးဝ

မခုတ်ကြတော့၊ တောမသွားကြတော့။ အလုပ်မလုပ်ကြတော

ဝါးကုန်သည်တွေဆီက ဝါးခုတ်ပေးပါမည်ဟု နည်းမျိုးစုံဖြ

ကျလောက်အောင်ပြောပြီး အကြွေးယူလာသည့် ငွေနှစ်သော

သုံးသောင်းကို ဘုရားပွဲမှာအကုန်သုံးကြတော့သည်။ ထိုအချိန်တ

ဝါးကုန်သည်က ရွှေဒင်္ဂါးတစ်ပြားပေးမည် ဝါးခုတ်ပေးပါပြောလ

ခုတ်မပေးကြတော့။ ပြီးတော့ ဘုရားပွဲကလည်း နှစ်ပတ်ဆိုပေမ

ဆိုင်ကနွှားတွေက တစ်လကိုးသီတင်းနှင့် မသိမ်းချင်ကြ။

ဝါးခုတ်လုပ်သားတွေသည် ထိုသို့သော အကြောင်းဓ

ကြောင့် ဝါးကုန်သည်တွေထံ ဝါးခုတ်ပေးဖို့အကြွေးတွေများဖ

သည်။ ကြွေးထူမပူဘူးဆိုသည့် ရှေးစကားနှင့်အညီ ဝါးကိုခုတ်

ချင်မှ ခုတ်ပေးတော့သည်။ ထိုသို့ ပေကတ်နေတော့ ဝါးလိုချင်သ

ဝါးကုန်သည်က ဝါးခုတ်ခ ကြိုတင်ငွေ ထပ်ထုပ်ပေးရတော့သ

တကယ်တော့ ဝါးကုန်သည်ကလည်း လူအ လူနမဟု

အကြွေးထုတ်ပေးသည့် စားနပ်ရိက္ခာအပေါ်၊ ဆေးဝါးများအ

မတန်တဆ ဈေးပိုတင်ထားသည်။ အဆိုးဆုံးက ဝါးခုတ်ခ တန်



တန်ကြေးမပေးခြင်းပင်။ လျှော့ပေးခြင်းပင်။ ဝါးတစ်ပိဿာ
ရှစ်ကျပ်ပေးရမည်ကို ငါးကျပ်ခြောက်ကျပ်လောက်ပေးခြင်းပင်။
အမှန်တကယ်တော့ ဝါးခုတ်လုပ်သားများက နစ်နာကြရပါသည်။
ဘာပဲဖြစ်ဖြစ် ဝါးခုတ်လုပ်သားများအနေဖြင့် ယူထားသည့်အကြွေး
မကျေကျေအောင်တော့ ခုတ်ပေးကြလိမ့်မည် ထင်ပါသည်။

အမှန်တကယ်တော့ ဝါးကုန်သည်တိုင်း ဝါးကုန်သည်
ကိုမြတ်သင်းလို ဝါးခုတ်လုပ်သားများအပေါ် စေတနာထား စာနာမှု
ရှိတတ်ကြမည်ဆိုလျှင် ဝါးခုတ်လုပ်သားများကလည်း မခိုမကပ်
လုပ်ပေးကြပါလိမ့်မည်။ သို့ဆိုလျှင် ပျော့ဖတ်စက်ရုံကြီး ကုန်ကြမ်း
ဌာနအတွက် ကုန်ကြမ်းပူစရာမလိုပါ။ ခုတော့ကုန်ကြမ်းဌာနမှ
ဗိုလ်မှူးခင်မောင်ထူးတို့က ဝါးကုန်သည်တွေကိုခေါ်ပြီး တွန်းအား
ပေး နေကြရသည်။

ကရင်ဝါးတွေက ငွေတွေ။ တစ်ပင်ခုတ် ရှစ်ကျပ်ထုတ်ပေး
ရသည်ကို ဝါးခုတ်သားတွေ တကယ်မသိကြ၍ ဒီလို ပြဿနာတွေ
ဖြစ်နေရခြင်း ဖြစ်သည်။ တကယ်တော့ ဘယ်လိုအခြေအနေရှိရှိ
ဝါးကုန်သည်များ အရှုံးမရှိပါ။ သန်မာ စက်လှေ့ပေါ် ညအိပ်လိုက်ရမှ
ကုန်သည်တွေအတွက် အခြားဝင်ငွေတွေ ဘယ်လိုရှိသည်ကို
သန်မာသိလာရသည်။ ကရင်ဝါး မဟုတ်သည့် အခြားဝါးဖောင်တွေ
ဝေန်မြစ်ထဲ ညဥ့်နက်သန်းခေါင်မျောပြီး လိုရာခရီးသွားနေကြသည်။
ကရင်ဝါးဖောင်လည်း စက္ကူပျော့ဖတ်စက်ရုံသို့ မဆိုက်ဘဲ ဝေန်မြစ်
ကြောမျောရင်း လိုရာခရီးမသွားဘူးဟု မပြောနိုင်။ ကရင်ဝါးက စက္ကူ
ပျော့ဖတ်တစ်ခုတည်းလုပ်၍ ရသည့်ဝါးမဟုတ်။ ထီးရိုး၊ တဲအိမ်၊ ခြင်း
တောင်း၊ ဝါးကပ်လုပ်၍ရသည်။ အခြားအထွေထွေအတွက် အသုံး

www.burmeseclassic.com

www.burmeseclassic.com



ဝင်သည့် ဝါးမဟုတ်ပါလား။ ဝါးအရွယ်အစား အမျိုးမျိုးအတွက် ကမ်းနားဈေးတွင် တစ်လုံးအစိတ်သုံးဆယ်မှ ငါးဆယ်တစ်ရာရနိုင်သည် မဟုတ်လား။ စက်ရုံဈေးတစ်ဆယ်၊ ဆယ့်ငါးကျပ်ကွာလွန်းမနေပေဘူးလား။

ထိုညတစ်ညလုံးသန်မာမအိပ်ဖြစ်ပါ။ ကြည့်ကောင်းကောင်းနှင့် တိတ်တဆိတ် ခိုးမျှောလာကြသည့် ဝါးဖောင် သစ်ဖောင်တွေ ကြည့်ပြီး အိပ်ချင်စိတ်မရှိတော့ပါ။ သေချာစဉ်းစားကြည့်တော့ ဝေန်မြစ်ကလည်းသူခိုးအားပေး၊ ခိုးရာပါ ပစ္စည်းလက်ခံ ကူညီသယ်ယူပေးနေသူ ဖြစ်နေပါလားလေ။

အရှုံးမပေါ်နိုင်သည့် ဝါးကုန်သည်များသည် ဝါးကုန်သည် ကိုမြတ်သင်းလို အနမြောအတွန့်အတိုမရှိ၊ ဝါးခုတ် လုပ်သားများအပေါ် အလှူဒါနပြုခဲ့ကြလျှင် ကျွန်းကိုင်းမှိုကိုင်းကျွန်းမှို၊ လုပ်ငန်းအဆင်ပြေမည် မုချဖြစ်ပါသည်။ စေတနာ ဝါးခုတ်စခန်းက လက်တွေ့နမူနာ ပြသနေသည်မဟုတ်ပါလား။

သန်မာဘုရားကြီးစခန်းမှ ပြန်လာပြီး ငါးသိုင်းချောင်းရောက်တော့ ဦးဂုန္တာက ထုံသင်းမွှေးစက်လှေနှင့် ဝါးဖောင်တွေဆွဲပြီး လှေကြီးတက်ဝါးဖောင်ဆိပ်သို့ ထွက်သွားပြီ။ ထုံသင်းမွှေး စက်လှေနှင့် သန်မာလိုက်ချင်ပေမယ့် စက်လှေနှင့် မလိုက်နိုင်။ သာမန်စက်လှေဆိုလျှင် ငါးသိုင်းချောင်းနှင့်လှေကြီးတက် ခုနစ်နာရီ ရှစ်နာရီ သာကြာပေမယ့် ထုံသင်းမွှေးစက်လှေက ဝါးဖောင်ပါတော့ နှစ်ရက် သုံးရက်ကြာသည်။ ဤမျှလောက်လည်း သန်မာ အချိန်မဖြုန်းနိုင်။ သန်မာသည် ကိုမြတ်သင်းအိမ်သို့သွားပြီး ရန်ကုန်ရှိ ကိုမြတ်သင်းထံ ပိုလ်မှူးခင်မောင်ထူးနှင့် တွေ့ပြီးကြောင်း အကျိုးအကြောင်းဖုန်းဆက်ပြောလိုက်သည်။ ကိုမြတ်သင်းက မခင်မြင့်ရှိအတွက် လက်ဆောင်ကို ရွှေဝါဖူးကားနှင့် ကိုသန်မာ အမည်ဖြင့် ပို့ထားကြောင်း သွားထုတ်ပြီးပို့ပေးရန်မှာသည်။



သန်မာသည် နန့်နှင်းဆီကို တွေ့လည်းတွေ့ချင်သည်။ မတွေ့လည်း မတွေ့ချင်။ မတွေ့ချင်သည့်အကြောင်းက နန့်နှင်းဆီကိုမြင်လျှင် ရင်မဆံ့အောင် သနားချစ်ကြင်ရလွန်းသဖြင့် နန့်နှင်းဆီတားမြစ်ထားသည့် စည်းတွေဖောက်ပစ်မိမှာ စိုး၍ဖြစ်သည်။ သူမလာစေချင်သည့် ကျောင်းသို့ သန်မာ မသွားလိုတော့ပါ။ သူ့အိမ်သို့သွားလျှင်လည်း သူ့ယောက်မ မသိအောင် သူစိမ်းတစ်ရံဆံလိုမျိုးနေရမည်။ သည်စည်းကမ်းတွေကို စောင့်ထိန်းနိုင်ဖို့က အခက်သား။

မသင်းသင်းအေးပြင်ပေးသည့် ထမင်းပွဲတွင် မသင်းသင်းအေးနှင့် နှစ်ယောက်တည်းထမင်းစားရတော့မှ သန်မာ မသင်းသင်းအေးကို သတိထားမိတော့သည်။ သတိထားမိစရာ မသင်းသင်းအေး၏ အပြုအမူတွေက သန်မာ့ကို လှုပ်နိုးစေခဲ့ပြီ။ အစ်မကြီးမသင်းသင်းမွှေးက လမ်းမတော်လမ်းမှအသိအိမ် လှူမမာသွားမေးနေသည်။ မသင်းသင်းအေးကို သန်မာ သတိထားကြည့်မိတော့ တော်တော်ကို အပြောင်းအလဲကြီးပြောင်းလဲနေပြီကို သတိပြုမိသည်။ မသင်းသင်းအေး၏ ပါးနှမ်ဖက်တွင် သနပ်ခါးနှင့်ပါးကွက်မရှိတော့။ မိတ်ကပ်ကိုကြည့်ကောင်းရုံလိမ်းထားသည်။ ယခင်ကလို နဖူးပြောင်အောင် ဆံပင်နောက်စုဆွဲထားသလိုမျိုး ဘီးဆံပတ် ပတ်ထားခြင်းမျိုးမရှိတော့။ သူ့နဖူးတွင် ဆံယဉ်စများချထားပြီး ဆံပင်ကို တစ်ပတ်လျှိုဆံထုံးထုံးပြီး သူ့ဝဲဘက် လည်ပင်း ဘေးရင်ဘတ်ပေါ်မှာ ချထားသည်။ သန်မာ၏ စိတ်ထဲတွင် သန်မာနှင့် ရွယ်တူ အရွယ်လောက်ထိများ နုပျိုသွားသည်ဟု ထင်

www.burmeseclassic.com



လိုက်မိသည်။ အဝတ်အစားကလည်း အိမ်နေအဝတ်အစားဟု ထင်ရလင့်ကစား ယခင်ကလို ကပိုကရိုမဟုတ်။ ထဘီအကွက်စိပ် အပြာရင့်ရောင်နှင့်လိုက်ဖက်သည့် ကြည်ပြာရောင်အကွက်စိပ် အင်္ကျီဝတ်ထား၍ မြင်သူရင်အေးစေနိုင်သည်။ ယဉ်ယဉ်လေးမွှေးနေသည့် ရေမွှေးနံ့ကို သူ့ထံမှ သန်မာရသည်။

ကိုမြတ်သင်း၏မျက်နှာ သန့်မာမျက်စိထဲပေါ်လာတော့ သန်မာ ထမင်းငုံ့အမြန်စားပြီး "ကိုမြတ်သင်းခိုင်းထားတဲ့ ကိစ္စလေး သွားလုပ်လိုက်ဦးမယ်မမအေး . . ." ဟု နှုတ်ဆက်ပြီး ဆိုင်ထဲမှ စက်နှိုးထွက်ခဲ့သည်။ "ကိုသန်မာ မြန်မြန် ပြန်လာနော်။ ညနေစာ ချက်ထားမယ်၊ ဒီနေ့ဝါးတောမပြန်နဲ့ . . ." သန်မာဆိုင်ကယ်ပေါ်တက်၊ စက်မနိုးမီလှမ်းပြောလိုက်သည့် မသင်းသင်းအေး၏စကားကို သန်မာကြားလိုက်ရပေမယ့် ခေါင်းညိတ်မပြလိုက်မိတော့။

ရွှေဝါဖူးကားဂိတ်ရောက်တော့ ကားမဝင်သေး၍ ခဏ စောင့်ရသေးသည်။ ကိုမြတ်သင်းက သူချစ်သူကို ဦးတည်ပြီး ချော ကလက်ပို့မည်ဟု သန်မာထင်သည်။ ဤသို့ဆိုလျှင် နန့်နှင်းဆီ၏ သမီးလေး ခင်နှင်းဖွေးလည်း ချောကလက်စားရမှာပဲလေဟု စဉ်းစားမိပြီး ခင်နှင်းဖွေးလေးအတွက် ချောကလက်မဝယ်တော့ဘဲ ခဲဆံဘောလ်ပင် တစ်ချောင်းနှင့် ခဲဆံတစ်ထုပ်၊ ခဲဖျက်တစ်ခု ဝယ်လိုက်သည်။ ဆိုင်ရှင်အား ပန်းအလှစက္ကူနှင့် ထုပ်ပေးခိုင်းလိုက်သည်။ ဆိုင်က Soft Pen တောင်းပြီး "သမီးလေး မခင်နှင်းဖွေး အတွက် ဦးရဲ့လက်ဆောင်" ဟုရေးပြီး အောက်တွင် ဦးဦးသန်မာ ဟုရေးပြီးနောက် Soft Pen ကိုပြန်ပေးလိုက်သည်။

ရွှေဝါဖူးကားမှ လက်ဆောင်ပစ္စည်းထုပ်ယူပြီး မခင်မြင့်ရီ



တို့အိမ်သို့လာခဲ့သည်။ ခြံဝရောက်တော့ စက်ချုပ်သံ ကြားနေရ သဖြင့် သန်မာက 'မခင်မြင့်ရီ'ဟု၊ ကျယ်ကျယ်ခေါ်လိုက်တော့၊ စက်သံရပ်သွားသလို ခင်နှင်းဖွေးလည်း ပြေးရောက်လာသည်။ "ဟို ဦးဦးကြီး"ဟု ခင်နှင်းဖွေးလေးက ပြောပြီး ခြံတံခါးဖွင့်ပေးသည်။ မခင်မြင့်ရီပါ ရောက်လာသဖြင့် သန်မာက ကိုမြတ်သင်း၏ လက်ဆောင်ပစ္စည်း ထုပ်ကို လှမ်းပေးလိုက်သည်။

"ရော့ ၊ဒါက သမီးလေးအတွက်၊ ဦးကပေးတာ"

သန်မာလှမ်းပေးသည့် အထုပ်လေးကို ခင်နှင်းဖွေးလေးက လှမ်းယူရင်း "ကျေးဇူးတင်ပါတယ် ဦးဦး" ဟုပြောသည်။ အထုပ်လေး ပေါ်က စာဖတ်ပြီး သန်မာကို ပြန်မော့ကြည့်ကာ "ဦးက သမီးနာမည် ဘယ်လိုလုပ်သိတာလဲဟင်" ဟုမေးသည်။ သန်မာက "ဟိုတလောက ဦးလာတုန်းကလေ၊ သမီး ကစားဖို့ အပြင်ယွက်သွားတုန်း၊ သမီး မေမေလေးက သမီးခင်နှင်းဖွေး ရန်မဖြစ်နဲ့လို့ ပြောလိုက်ကတည်း ကသိတာပေါ့" ဟုပြောနေစဉ် ခင်နှင်းဖွေးလေးက အထုပ်ကို ဖောက်ပြီးသွားပြီ။ ခင်နှင်းဖွေးလေးက သန်မာ၏လက်ကို လာကိုင်ပြီး "ကျေးဇူး တင်လိုက်တာဦးရယ်။ ခဲဆံတွေကုန်နေလို့ အမေ့ကိုတောင် ပြောတော့မလို့" ဟုအပြုံးမျက်နှာနှင့်ပြောသည်။

"ဟဲ့၊ သမီး ညည်းသည်အိမ်ထဲခေါ်တာမဟုတ်ဘူး။ လာပါ ကိုသန်မာ၊ ကော်ဖီသောက်ပါရှင့် . . ."

မခင်မြင့်ရီ၏အိမ်ထဲမှ အော်ခေါ်သံကြားမှ သန်မာနှင့် ခင်နှင်းဖွေးအိမ်ထဲဝင်လာဖြစ်သည်။ မခင်မြင့်ရီက လက်ထဲမှ ကော်ဖီလင်ပန်းကို စားပွဲပေါ်ချရင်း ကော်ဖီခွက်ကိုသန်မာအား ကမ်း ပေးသည်။ ခင်နှင်းဖွေးလေးက လက်ဆောင်ပစ္စည်းများကို

www.burmeseclassic.com

www.burmeseclassic.com



သူ့ ခေါင်းလေးအားပြရင်း "ဒီ ဦးက အရမ်းချစ်ဖို့ ကောင်းတယ်။ သမီး နာမည်ကိုလည်း မှတ်ထားတယ်။ လက်ဆောင်ပေးတာလည်း သေချာထုပ်ပေးတာ၊ ခုနဦးယူလာတာ ဘာတွေလဲဟင် . . ." ဟု ပြောရင်း မေးသည်။

"ကိုမြတ်သင်းက ချောကလက်ပို့လိုက်တာ၊ သမီးအတွက် တစ်ထုပ်၊ အိမ်ထဲမှာသွားယူ၊ သမီးအမေဟာ မယူခဲ့နဲ့နော်၊ သူ့ အမေက ခုနကမှ သူ့သူငယ်ချင်းဆရာမတစ်ယောက် လာခေါ်လို့ လိုက်သွားတယ် . ."

"ရော့ ဦးစား သမီးက ဦးကိုချစ်လို့ လက်ဆောင်ပြန်ပေးတာ"

ခင်နှင်းဖွေးလေးက ချောကလက်ထုပ်ဖြေပြီး သန်မာအတွက် တစ်ပိုင်းချိုးပေးတော့ သန်မာမှာ ယူရခက် မယူရခက်ဖြစ်နေသဖြင့် အကူအညီတောင်းသည့်သဘောဖြင့် မခင်မြင့်ရီကို မော့ကြည့်လိုက်သည်။

"ယူစားလိုက်ပါကိုသန်မာ၊ သမီးက သိပ်နှမြောတတ်တာ။ သူ့ပစ္စည်းကို ဘယ်သူ့မှပေးတာမဟုတ်ဘူး။ သူစားဖို့ စားစရာ အမြဲ ယူလာတတ်တဲ့ ကိုမြတ်သင်းကိုတောင် တစ်ခုမကျွေးဘူး၊ မပေးဖူးဘူး. ."

"စားလေ ဦး ၊ ယူဦးမလား. ."

မခင်မြင့်ရီစကားကြောင့် ခင်နှင်းဖွေးပေးသည့် ချောကလက် ယူလိုက်ရုံရှိသေး၊ ခင်နှင်းဖွေးက အတင်းစားခိုင်းပြီး ချောကလက် ထပ်ပေးနေသဖြင့် ချောကလက်ကို စားပြလိုက်ရင်း လက်ကာပြ လိုက်ရသည်။

သန်မာက ကော်ဖီသောက်ပြီးနောက် "ဘာမှာဦးမလဲ



ခင်ဗျ" ဟု မေးရာ မခင်မြင့်ရီက "မရှိပါဘူး၊ ကိုမြတ်သင်းဆီ ဖုန်းဆက်ရင်သာ ကျေးဇူးတင်ကြောင်းပြောပေးပါ. ." ဟု ပြောသဖြင့် သန်မာက မခင်မြင့်ရီနှင့် ခင်နှင်းဖွေးတို့ကို နှုတ်ဆက်ပြီး အခွင့်အရေးရသဖြင့် နန်းနှင်းဆီပုံကို ဖျတ်ခနဲကြည့်ကာ အိမ်ပြန် လာခဲ့သည်။

မထင်မှတ်ဘဲ ရစ်ပတ်မိသည့် သံယောဇဉ်ကြိုးမျှင်တစ်ချောင်း တိုးလာနေပြီကော။ ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၇)

## ရွှေထုံးကိုလည်း မပယ်နှင့်

"ကိုသန်မာ မီးခွက်ကြီးထွန်းပြီး တကုတ်ကုတ်နဲ့ ဘာတွေ လုပ်နေတာလဲ . . "

ညနေကမှ ငါးသိုင်းချောင်းမှ စေတနာဝါးခုတ်စခန်းသို့ ရောက်လာသည့် ကိုမြတ်သင်းက ပြည့်စုံတို့တစ်တွေနှင့် စကား ပြောနေရာမှ ကွပ်ပျစ်ပေါ်မှောက်စာရေးနေသူ သန်မာထံ ရောက် လာပြီးမေးသည်။ သန်မာဘေးမှ ပြက္ခဒိန်ကို ယူကြည့်ပြီး သူ့ လက်ထဲမှ ဓာတ်မီးဖြင့်လည်း ထိုးကြည့်သည်။

"မတ်လ (၁)ရက်၊ သမားညိုရက်ရာဇာ၊ မတ်လ(၂)ရက် ရှမ်းရက်၊ သမားညိုရာဟု၊ ဘာတွေလဲဗျ။ ကိုသန်မာရဲ့ ခင်ဗျား ရေးထားတာတွေ ကျွန်တော်တော့ ဘာမှကို နားမလည်ဘူး။ ရှင်းပြ ပါဦး. . . "

ကိုမြတ်သင်း စကားမှ မဆုံးသေး၊ ဝါးခုတ်လုပ်သားအားလုံး သန်မာတို့နား ရောက်လာကြပြီ။





"ရှင်းပြပါမယ် ကိုမြတ်သင်း . . "

"ရှေးမြန်မာကြီးတွေက ဘာလုပ်လုပ်အခါပေးကြည့်ပြီးမှ လုပ်ကြတယ်။ တကယ်အခါပေးကောင်းလို့ အခါပေးအတိုင်း လုပ် ရင် မအောင်မြင်တာမရှိဘူး။ လွဲတာမရှိဘူး . . . "

"အခါပေးအကြောင်းမပြောခင် သည်ပညာတွေဖြစ်လာဖို့ ဘယ်လောက်ကြာခဲ့တယ်။ ဘယ်လောက် လေ့လာခဲ့ရတယ်။ ဘယ် လောက်စောင့်ကြည့်မှတ်သားခဲ့ရတယ်။ ဘယ်လိုစမ်းသပ် လေ့လာ ခဲ့ရတယ်။ ဘယ်လိုဘေးအန္တရာယ် အသွယ်သွယ်တို့ကို ကျော်ဖြတ်ခဲ့ ရတယ်ဆိုတာ။ စလေးဆရာကြီးဦးပုညအခါပေးမိလို့ အသက်သေ ရတာမျိုးပြောတာပါ။ အခါပေး ပညာရပ်ဖြစ်လာပုံကို ဘယ်သူမှ အတိအကျသိနိုင်မှာမဟုတ်ပါဘူး။ အဲဒီလောက်ထိ ခက်ခဲနက်နဲတဲ့ ပညာပါ"

"ဥပမာ - လွယ်လွယ်နှိုင်းပြောရရင် ခုန ကျွန်တော်တို့ တောဝက်သားဟင်းနဲ့ ညနေက ထမင်းစားခဲ့ကြတော့ ကောင်းလိုက် တာ။ ထမင်းစားကောင်းလိုက်တာလို့ အားလုံးပြောခဲ့ကြတာ မဟုတ် လား။ ထမင်းစားခဲ့ကြသူအားလုံး အဲဒီ ဆန်ဖြစ်လာတဲ့ စပါး ဘယ်ဒေသမှာ ဘယ်အချိန်စိုက် ဘယ်အချိန်လှန်း ဘယ်အချိန် ထောင်း၊ ဘယ်မှာကြိတ်လို့ ဆန်ဖြစ်လာတာပါလိမ့်လို့ ဘယ်သူမှ မတွေးမိဘူးမဟုတ်လား။ အဲဒီဆန်ဖြစ်လာတဲ့စပါးစိုက်ရင်း ရိတ်ရင်း မြေကြိုက်လို့ သေတာလည်း ရှိချင်ရှိမှာပဲ"

"အဲဒီလိုပဲ၊ တောဝက်မသေခင် တောဝက် အစွယ်အထိက် ခံရလို့ သေသူလည်းရှိချင်ရှိမှာ၊ ပြီးတော့ ကျန်သေးတယ်၊ အဲဒီ ထမင်း၊ ဟင်းချက်တဲ့လူရဲ့အတွေ့အကြုံအရည်အချင်းတွေကလည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်နပ်တည်း တစ်ရက်တည်းနဲ့ရလာတာ မဟုတ်ဘူး။ ကောင်းလာတာမဟုတ်ဘူး။ အရသာရှိလာတာမဟုတ်ဘူး။ နေ့ပေါင်းများစွာ လပေါင်းများစွာ နှစ်ပေါင်းများစွာ ချက်လာပြီး မနပ်တာ၊ ပျော့တာ၊ မာတာ၊ငန်တာ၊ ပေါ့တာ မျိုးစုံတွေ့ကြုံခဲ့ပြီးမှ လျှာပေါ်မှာ အရသာရှိသွားအောင် ချက်တတ်လာကြတာပါ . . ."

"အစ်ကိုလို မစဉ်းစားမိပါဘူးဗျာ . . ."ဟု အားလုံးက ပြောကြသည်။

"အခါပေးပညာနဲ့ ပတ်သက်ပြီးပြောချင်တာ အဲဒါပဲ၊ ရှေးလူကြီးတွေ ရှေးဆရာကြီးတွေ အပင်ပန်းခံ၊ အချိန်ကုန်ခံ၊ ငွေကုန်ခံ ပြုစုတဲ့ပညာကို ခေတ်နဲ့မညီတော့ပါဘူးကွာဆိုပြီး မသုံးရင်၊ မသုံးသူဘဲ အကျိုးမရမှာ၊ တချို့က ပြောကြတယ်။ အခါတွေ ဘာတွေ မလိုပါဘူး။ ဘာလုပ်လုပ် လုပ်တဲ့နေ့ဟာ ကောင်းတာပဲ၊ လုပ်တဲ့အချိန်ဟာ ကောင်းတာပဲတဲ့။ စောလုပ်ရင်စောအကျိုးရှိမယ်တဲ့။ အဲဒီလို ပုံသေကားကျပြောလို့မရဘူး။ ဘာလုပ်လုပ် လုပ်တိုင်း မကောင်းဘူး။ ဒုစရိုက်အလုပ်လုပ်ရင် ကောင်းကျိုးမရဘူး။ ဆိုးကျိုးပဲရမယ် . . . ."

"ဒါကြောင့် ဆိုးကျိုးတွေမရအောင် ကောင်းကျိုးတွေရအောင်၊ ခုံးပြီးခပ်ပြီးသားတောင် ထိုင်မစားချင်ကြတော့ဘူးလား။ မီးလင်းလာဖို့ မီးခလုတ်လေးတစ်ချက်တောင် မနှိပ်ချင်ကြတော့ဘူးလားလို့ အလွယ်လုပ်ချင်သူတွေကို ကျွန်တော် မေးချင်ပါတယ်။ အချိန်တွေယူရမှာမို့၊ အချိန်မရှိလို့၊ လူကမအားလို့၊ အဆောင်အတွက် ငွေမရှိလို့ဆိုရင်တော့ ရှေးထုံးကိုလည်း ပယ်ချင်ပယ်ပါ။ ကျွန်တော်ဘာမှ မပြောလိုပါဘူး။ အချိန်ရှိလျက်နဲ့ အခြေအနေပေးလျက်နဲ့တော့



ရှေးထုံးကို မပယ်ကြစေချင်ဘူး။ ရှေးစကားလည်းရှိတာပဲ၊ ရှေးထုံးကိုလည်းမပယ်နဲ့တဲ့ ရှေးသုံးကိုလည်းမလွယ်နဲ့တဲ့၊ ရှေးထုံးပယ်ရင် လွဲတတ်တယ်။ ရှေးသုံးလွယ်ရင် မွဲတတ်တယ်ဆို မဟုတ်လား ကိုမြတ်သင်း . . ."

"ကိုသန်းမှာ ရှင်းပြတော့မှပဲ နားထဲရှင်း၊ မျက်စိထဲ ကျွင်းကွင်းကွက်ကွက်မြင်လာရတာဗျို့ ဟုတ်တယ်။ အပန်းမကြီးဘူးဆိုရင် ရှေးထုံးအတိုင်းလုပ်တာအကောင်းဆုံးဆိုတာ ကျွန်တော် နားလည်သွားပြီ။ အဲဒီ ပြက္ခဒိန်ထဲက ခင်ဗျားရေးထားတာတွေကို ရှင်းပြပါဦး. . ."

"အဲဒါအလျင်ရှင်းမပြခင် နေ့ဆိုး ရက်ဆိုး မင်္ဂလာရက် အချိန်ဆိုး အချိန်ကောင်း၊ အရပ်ဆိုး အရပ်ကောင်း၊ နှစ်ဆိုး နှစ်ကောင်း၊ လဆိုးလကောင်းတွေကို အလျင်သိထားဖို့ရှိုတယ်။ ကျွန်တော်အသေးစိတ်ပြောမနေတော့ဘူး။ အကြမ်းဖျင်းပဲ ပြောပြမယ်။ နှစ်ဆိုးနှစ်ကောင်းသိချင်ရင် ဘောဇသင်္ကြန်စာတည်၊ ကာယကံရှင်ရဲ့ အသက်ကိုရော၊ သုံးနဲ့မြှောက် ငါးနဲ့စား၊ အကြွင်းကို ကြည့်ပြီး အကောင်းအဆိုးသတ်မှတ်ထားတာ"

"လက်ထပ်ကြမယ်ဆိုရင် ကဆုန်လ နယုန်လနဲ့ တပို့တွဲလပဲကောင်းတယ်။ ကျန်တဲ့လတွေမကောင်းဘူး၊ ပြဿနာအစုံရှိတယ်။ အဲဒီပြက္ခဒိန်ထဲရေးထားတာက ကောင်းသန့်နဲ့ မချမ်းသာတို့အတွက် မင်္ဂလာလ၊ မင်္ဂလာရက် ရွေးထားတာပါ . . ."

"ဟုတ်ပါပြီ။ နေ့ဆိုးရက်ဆိုး၊ မင်္ဂလာရက်တွေလည်းသိရအောင် ရှင်းပြပါဦး . . ."

"အိမ်ဆောက်မယ်၊ မင်္ဂလာဆောင်မယ်၊ ဘုရားထီးတင်မယ်၊ ပညာသင်မယ်၊ တစ်နေရာက တစ်နေရာ ပြောင်းမယ်ဆိုရင် ရက်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



ရက်ညှံ့ နေ့ဆိုးနေ့ညှံ့တွေမှာ မလုပ်ရဘူး။ အဲဒီရက်တွေကို ရှောင်ရမယ်။ အဲဒါတွေ ဘာလဲဆိုတော့ သမားညိုရက်၊ သမားဖြူရက်၊ ရက်ယုတ်မာ၊ ရှမ်းရက်၊ ဝါရမိတ္တုငယ်၊ ဝါရမိတ္တုကြီး၊ မဟာရက်ကြမ်း၊ ပြဿဒါးတို့ပါပဲ၊ ခရီးသွားရင် နဂါးခေါင်းလှည့်တဲ့အရပ်ကို ရှောင်ရမယ်။ နဂါးပါးစပ်ထဲဝင်သွားလို့မရဘူး ဆိုလိုတာ။ အိမ်ဆောက်မယ်ဆိုရင် အဲဒါနဲ့မပြီးဘူး။ မြေခံကောင်းတဲ့ရက် မြေခံကြီးကောင်းတဲ့ရက်နဲ့ ဆောက်ရမယ့်နေ့လည်း ရွေးဖို့လိုလိမ့်မယ်။ အဲဒီ ရက်ဆိုး ရက်ညှံ့တွေကိုရှောင်ပြီး ရက်ရာဇာ ဒါမှမဟုတ် ရက်ဆိုး ရက်ညှံ့တွေလွတ်တဲ့ ရိုးရိုးသာမန်ရက်တွေမှာ လုပ်လို့ရပါတယ်"

"အဲဒီ ရက်ဆိုးရက်ညှံ့တွေအကြောင်းတော့ နောက်ကြုံမှ ပြောကြတာပေါ့။ ခုပြောမှာက ပြက္ခဒိန်ပေါ်က ကိုမြတ်သင်း သိချင်တာတွေကို ပြောမှာပါ။ ကောင်းသန့်က သူ့မင်္ဂလာရက်ရွေးပေးသလို အိမ်ဆောက်ဖို့လည်း ရွေးပေးပါဦး ပြောသွားလို့ ပြက္ခဒိန်နဲ့ တကုပ်ကုပ်အလုပ်ရှုပ်နေရတာပါကိုမြတ်သင်း။ အိမ်ဆောက်တာ ကောင်းတဲ့လကလည်း သိပ်မရှိဘူးဗျ။ ဝါဆိုလရယ်၊ နတ်တော်လရယ်၊ ပြာသိုလရယ်၊ တပေါင်းလရယ်ပဲအကောင်းဆုံးဗျ။ အဲဒါကြောင့် တပေါင်းလထဲရက်ရွေးနေတာ၊ တပေါင်းလ အိမ်ဆောက်ရင် ဥစ္စာပေါမယ်၊ လာဘ်ရမယ်၊ ရွှေငွေပေါမယ်လို့ ဆိုထားတယ်"

"တပေါင်းလဆန်းတစ်ရက်၊ အဲဒီ ပြက္ခဒိန်ထဲတွေ့တဲ့အတိုင်း မတ်လ(၁၀)ရက်ကစတာ၊ မတ်လ ၁၉ ရက်နေ့ထိ၊ ဆယ်ရက်ရွေးကြည့်တာ မတ်လ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့တစ်ရက်ပဲလွတ်တယ်။ မတ်လ ၁၀ ရက်နေ့က သမားညိုရက်၊ မြေခံမကောင်းဘူး၊ ၁၁ ရက်နေ့က ပိုဆိုးသေး။ သမားညိုရက်၊ ရက်ယုတ်မာ၊ မြေခံမကောင်း



၁၂ ရက် ရက်ရာဇာဖြစ်ပေမယ့် မြေခံကြီး မကောင်းပြန်ဘူး။ ၁၃ ရက်က ရှမ်းရက်လည်းဖြစ်တယ်။ မြေခံရော၊ မြေခံကြီးပါ မကောင်းဘူး။ ၁၄ ရက် မဟာရက်ကြမ်း ပြီးတော့ မြေခံကြီး မကောင်းဘူး။ ၁၅ ရက်က သမားဖြူရက်အပြင်၊ ပြဿဒါးနေ့က ဖြစ်သေး။ ပြီးတော့ မြေခံကြီးမကောင်းဘူး။ ၁၆ ရက်က အခြားရက်ဆိုးမရှိဘူး။ မြေခံရော မြေခံကြီးရောကောင်းတယ်။ နေ့အနေနဲ့လည်းဗုဒ္ဓဟူးဆိုတော့ အဆိုးချည်းမဟုတ်ဘူး၊ ရံခါ ဆင်းရဲ ရံခါချမ်းသာဆိုတော့ ဘဝဆန်တာပေါ့ . . ."

"ပြီးတော့ အဲဒီနေ့က ရက်ရာဇာဖြစ်သလို၊ ပြဿဒါးလည်းဖြစ်တယ်။ ရက်ရာဇာက မနက်ပိုင်း၊ ပြဿဒါးက ညနေပိုင်းဆိုတော့ နေ့ခင်း ၁၂ နာရီထိ အိမ်ဆောက်လို့ရတယ်။ ၁၂ နာရီနောက်ပိုင်း နားပေါ့။ နောက်နေ့မှ ဆက်ဆောက်၊ အဲဒီဗုဒ္ဓဟူးနေ့ရဲ့ ရာဟုကာလကလည်း နေ့လယ် ၁၂ နာရီက ၁ နာရီခွဲထိရှိတာ။ မနက်ပိုင်းအားလုံးကောင်းတယ်၊ ရက် ရာဇာဖြစ်တော့ မင်္ဂလာရက်ပဲ၊ ၁၇ ရက်၊ ၁၈ရက် အတူတူပဲ၊ သမားညိုရက်၊ မြေခံလည်းမကောင်း၊ မြေခံကြီးလည်း မကောင်းဘူး၊ ၁၉ ရက်စနေနေ့က ရက်ဆိုးမရှိ၊ ရက်ရာဇာမို့နေ့ကောင်းဖြစ်ပေမယ့် မြေခံကြီးလည်းမကောင်းဘူး၊ နေ့အရ စနေနေ့။ အိမ်ဆောက်မယ်ဆိုရင် သူ့တစ်ပါး ညဦးပန်းခြင်းကိုခံရမယ်။ လေးနှစ်ကျော်မှ ကောင်းမယ်လို့ ဆိုထားတယ်။ ပြီးတော့ရှိသေးတယ်။ စနေနေ့ရဲ့ ရာဟုကာလက ၉ နာရီခွဲက ၁၀ နာရီခွဲဆိုတော့ အဲဒီအချိန်ရှောင်အလုပ်လုပ်ရမှာ၊ အလုပ်မဖြစ်ဘူး။ ကျွန်တော်တော့ ဒါကြောင့် လာမယ့် ဗုဒ္ဓဟူးနေ့ကို ရွေးထားတယ်ကိုမြတ်သင်း. . ."

"တနင်္လာသားသမီးရဲ့ အိမ်ဆောက်မှာဆိုတော့၊ သောကြာသား

www.burmeseclassic.com

www.burmeseclassic.com



နဲ့ စနေသား ပန္နက်ကြိုးကိုင်ရမယ်။ တနင်္ဂနွေသားက ပန္နက်ရိုက်ရမှာ။ သောကြာသား ကိုဟန်ထွန်းနဲ့ တနင်္ဂနွေသား အောင်ဖေ ရှိနေပြီဆိုတော့ စနေသားပဲ ရှာဖို့ လိုတော့မှာ။ ကိုမြတ်သင်းတို့ ရပ်ကွက်ထဲက စနေသားတစ်ယောက်လောက် ရှာခေါ်လာမှရမှာ . . . ."

"ကျွန်တော်က သောကြာသားဟုတ်ချင်မှဟုတ်မှာ၊ ကျွန်တော့် မွေးနေ့လည်း ကျွန်တော်သိတာမဟုတ်ဘူး။ သေချာတွက်ချက် လုပ်ထားတာ၊ ကျွန်တော့်ကြောင့် တစ်ခုဖြစ်သွားရင်မကောင်းဘူး။ လူရှာပါဦး . . ."

ကိုဟန်ထွန်းစကားကြားရတော့ သန်မာ စိတ်မကောင်းတော့။ အခြေအနေမှဲ့ဘဝ၏ ပိုင်ဆိုင်မှုက မွေးနေ့ပင် မရှိပါလားဟု ကိုမြတ်သင်း သိသွားလျှင် စိတ်ထိခိုက်သွားပေလိမ့်မည်။

"ရတယ် ကိုဟန်ထွန်း၏ ကျေးဇူးပဲ။ ကျွန်တော်လည်း သောကြာသားပဲ။ ကျွန်တော်ပန္နက်ကြိုးကိုင်ပေးပါ့မယ်။ ပန္နက်ရိုက်ပြီးရင် တွင်းတူးမယ့်လူ သုံးယောက်ရွေးရဦးမှာ။ တပေါင်းလ၊ နဂါးခေါင်းဘယ်လှည့်သလဲဆိုတော့၊ တတက နောက်ဆိုတော့ နဂါးခေါင်း အနောက်လှည့်တယ်။ ခေါင်းနေရာမှာ တနင်္ဂနွေသားကတူးရမှာ။ မောင်အောင်ဖေပဲတူးပေါ့။ အဲဒီအချိန်ပန္နက်ကြိုးကိုင်လို့ပြီးပါပြီ။ နဂါးဝမ်းကို ကြာသပတေးသားကတူးရမှာဆိုတော့။ မောင်မြင့်မောင် ဖြစ်ဖြစ်၊ မောင်မျိုးမြင့်ဖြစ်ဖြစ်တစ်ယောက်တူးပေါ့။ နဂါးအမြီး နေရာမှာ ဗုဒ္ဓဟူးသားလှငွေတူးပေါ့။ သုံးယောက်လုံး တညီတညာတည်း တူးပြီးတော့ ပြီးရင်ပြိုင်တူ "အောင်ပြီ" လို့ အော်လိုက်ရုံပဲ။ အဲဒီနောက် ကျန်တာတူးချင်တဲ့လူ ဆက်တူးရုံပါပဲ . . ."

"နေပါဦး အစ်ကိုရ၊ အစ်ကို ခုနပြောသွားတာ တတက



နောက်ဆိုတာ နားမလည်လို့ရှင်းပြပါဦး"

ပြည့်စုံက နားမရှင်းတာ ထမေးသည်။

"နဂါးခေါင်းလှည့်တဲ့လကို အတိုမှတ်ထားတာပေါ့။ တတက နောက်ဆိုတာ တပေါင်း တန်ခူး၊ ကဆုန်လတွေမှာ နဂါးခေါင်း အနောက်လှည့်တယ်။ နဝဝါမြောက်ဆိုတာ။ နယုန် ဝါဆိုဝါခေါင် မြောက်လှည့်တယ်။ တော်ကျွတ်မုန်းရှေ့ဆိုတာ တော်သလင်း သီတင်းကျွတ် တန်ဆောင်မုန်းလမှာ အရှေ့လှည့်တယ်။ နတ်ပြာတွဲ တောင်ဆိုတာ နတ်တော် ပြာသို တပို့တွဲ နဂါးခေါင်းတောင်ဘက်လှည့်တာ ရှေးလူကြီးတွေမှတ်ခဲ့တာပေါ့ . . ."

"အိမ်မဆောက်ခင် မြေသန့်ရှင်း၊ ဘေးရန်ကင်းဖို့ မြေတိုင် မန္တန်တော်ကြီးကို အုန်း၊ ငှက်ပျော၊ ကွမ်းဆေး၊ လက်ဖက်နဲ့ နတ်ပွဲ အစုံပြင်ပြီး ရွတ်ရမှာ။ အဲဒီမြေတိုင်မန္တန်တော်ကြီးကို မောင်မျိုးမြင့်ကို အစ်ကိုရေးပေးမယ်။ နှစ်ရက် သုံးရက်အတွင်း အရကျက်နော် မောင်မျိုးမြင့်ရွတ်ပေးဟုတ်လား။ အိမ်ဆောက်ပြီးလို့ လူတက်မနေခင် နတ်ပွဲပြင်ပြီး လက်သမားဆရာက ရွတ်ဖတ်ပေးရမယ့် အိမ်တက်မန္တန်တော်ကြီးဆိုတာ ရှိသေးတယ်။ လက်သမား ဆရာ မငွားဘဲ တို့ဆောက်မှာဆိုတော့ အိမ်တက်မန္တန်တော်ကြီးကို မောင်မြင့်မောင်က ရွတ်ပေး။ ပြီးတော့အစ်ကို ပေးမယ်။ နှစ်ရက် သုံးရက်နဲ့ ရအောင်ကျက်။ ဒါဆို အိမ်ဆောက်တဲ့ကိစ္စက ပြီးသွားပြီ"

"အိမ်က တဲသာသာဆောက်မယ့်ဟာ၊ ဒီလောက်ကြီး လုပ်ရာလိုသလား ကိုသန်မာ"

ကိုရဲမောင်၏ သဘောမတွေ့သည့် အမေးကို သန်မာက အေးအေးဆေးဆေးပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူနေမှာကိုရဲမောင်၊ ပေါက်ဖွားလာမယ့် မိသားစုနေမှာ။ လူတွေအတွက်ရှေးလူကြီးတွေ ဒီအခါပေးတွေကို စီရင်ထားခဲ့တာပါ။ လူဆိုတာ မင်းမှုထမ်းမှ မဟုတ်ဘူး။ သူဌေးသူကြွယ်မှမဟုတ်ဘူး။ ပညာတတ်မှမဟုတ်ဘူး။ ဆင်းရဲသားလည်း လူပဲ၊ ပညာမတတ် သူလည်းလူပဲ၊ ခင်ဗျားတို့ ကျွန်တော်တို့ ဝါးခုတ်သားလည်း လူပဲ၊ တိုက်ဆောက်မှမဟုတ်ဘူး။ အိမ်ကြီး ရခိုင်ဆောက်မှမဟုတ်ဘူး။ တဲဆောက်လည်း လူနေဖို့ ဆောက်တာမို့ တဲကိုမကြည့်ရဘူး။ လူကိုပဲ ကြည့်ရတာ။ လူ့ရှေ့ရေးအတွက် ဒီလိုအခါပေး၊ ဒီလိုအစီအရင် တွေလိုတာပေါ့ ကိုရဲမောင် "

"ဆောရီး ကိုသန်မာ၊ ဖြုတ်ဦးနှောက်နဲ့ ပြောမိတာ ခွင့်လွှတ်ပါ။ ကိုသန်မာ ပြောပြလိုက်မှ ကျွန်တော့်ကို ကျွန်တော် ငါလူပါလား လို့ ရဲရဲဝံ့ဝံ့ သိသွားတယ်ကိုသန်မာ"

"စကားပြောနည်းတဲ့ ကိုရဲမောင်တောင် စကားတွေတတ်နေပြီ၊ ကြိုးစားကြိုးစား၊ ကိုမျိုးမြင့်တို့တစ်တွေကလည်း အင်္ဂလိပ်စာပါ သင်ပေးကြပါ။ မောင်ကောင်းသန့်အိမ်ဆောက်ဖို့ကို ကိုသန်မာက တလေးတစား တွက်ချက်ပေးနေမှတော့ အိမ်ကောင်းကောင်း ဆောက်ပေးလိုက်ကြရအောင်။ ကျွန်တော်က သစ်သံဝါး အကုန် တာဝန်ယူတယ်။ ခင်ဗျားတို့ အားလုံးလည်း ကောင်းသန့်ဆိုတာ ကိုယ့်သူငယ်ချင်းပဲ တတ်နိုင်သမျှ ကူညီကြပေါ့။ ဟုတ်ပြီလား . . ."

ကိုမြတ်သင်း၏စကားအဆုံး အားလုံးက "ကောင်းတယ်၊ ကောင်းတယ်" ဟု ဝိုင်းအော်လိုက်ကြပြီး သန်မာတို့ အနားမှ ခွာ ကာ စုရုံးတိုင်ပင်နေကြသည်။

ကောင်းသန့်နှင့် မချမ်းသာတို့က လှေကြီးတက်ပျော့ဖတ်



စက်ရုံဆောက်ကတည်းက သမီးရည်းစားဖြစ်ခဲ့ကြသည်ကို သန်မာ မသိ။ မချမ်းသာက နာမည်နှင့်မလိုက်အောင် ဆင်းရဲသည်။ အဖေ အမေက သူငါးနှစ်သမီးအရွယ်ကတည်းက ရှေ့ဆင့် နောက်ဆင့် ဆုံးသွားကြသည်။ သူ့အဒေါ် ဒေါ်ဘုမကက ကျွေးမွေးကြီးပြင်းလာသူ။ ပျော့ဖတ်စက်ရုံမှာ သူ့အဒေါ်ပါ အလုပ်လာလုပ်သည်။ ပျော့ဖတ်စက်ရုံ အလုပ်ပြီးတော့ ယခင်လုပ်နေကျ ခွေးဆွဲခမောက်၊ ဝါးစတားခမောက် ပြန်လုပ်၊ လုပ်ငန်းရှင်ထံ ပြန်သွင်းခြင်းဖြင့် အသက်မွေးခဲ့ကြသည်။ သူတို့ရွာက ငါးသိုင်းချောင်း တစ်ဖက်ကမ်း သီတာချောင်းဘေးမှ လက်ပံပင်ရွာ ဖြစ်ပါသည်။ သူတို့နေသည်က ရွာအစွန်ဖြစ်ပါသည်။ သူတို့ တူအရီးနှစ်ယောက်စလုံး သုံးလေးနှစ်လှေကြီးတက်တွင် လာ အလုပ်နေကြတော့။ သူတို့နေသည့် တဲသာသာအိမ်လေး အတော် ပျက်စီးနေပြီ။ ခဏတစ်ဖြုတ်နေရရုံသာ။ ကိုမြတ်သင်း၏ ကြီးကြပ် စီစဉ်ပေးမှုဖြင့် မင်္ဂလာဆောင် အခမ်းအနားပြီးခဲ့ပြီ။ ကိုမြတ်သင်းက ၅၀၀၀ိ/-၊ သန်မာက ၅၀၀ိ/- ကျွန်သူငယ်ချင်းတွေက ၂၀၀ိ/- စီလက်ဖွဲ့တာနှင့် မင်္ဂလာဆောင်မှာ ဝက်သားဟင်းထမင်းကျွေးတာ ကျေသွား လောက်ပြီ။ ကိုမြတ်သင်းက ထိုနေ့ကတည်းက "အိမ်ကလေး တစ်လုံးလောက် ဆောက်ပေးကြရအောင်"ဟု သန်မာကို ပြောခဲ့သည် မဟုတ်ပါလား။

"သူဌေး ကျွန်တော်တို့အဖွဲ့က သွပ်ပြားဝယ်မိုးပေးမယ်။ ဒီကောင်ကတော့ အရမ်းတုသိုလ်ကံကောင်းတယ်။ လက်ဖွဲ့လည်း အများကြီးရတယ်၊ ခုအိမ်ဆောက်ပေးပြန်ပြီ။ သူဌေး ကျွန်တော်တို့ အလှူညီလည်းမမေ့နဲ့နော်" ဟု ဟန်ထွန်းက လာပြောသည်။ သန် မာကလည်း လက်သမားဆရာ ဦးစိုးဝင်းကို သတိရပြီး အားကျ

www.burmeseclassic.com

www.burmeseclassic.com



မခံပြန်ပြောလိုက်မိသည်။

"ကျွန်တော်က လက်သမားဆရာ ငှားပေးပါ့မယ် ကိုမြတ်သင်း"

"ကောင်းတယ်၊ အားလုံးကောင်းတယ်။ ကျွန်တော့်ကို သူဌေးလို့ မခေါ်ကြပါနဲ့။ သူဌေးလည်း မဖြစ်သေးပါဘူး။ ပြောလည်းထားပြီးသားပါ။ ခင်ဗျားတို့ အားလုံး မနာလိုဝန်တိုမဖြစ်ကြပါနဲ့။ ခင်ဗျားတို့အားလုံး ခုမင်္ဂလာဆောင်၊ ခုကူညီမယ်၊ ခုဆောင်ကြမလား၊ ဘယ်လိုလဲ "

ကိုမြတ်သင်းစကားအဆုံး ရှိမတောတစ်ခုလုံးညံသွားအောင် "ဝါး ဟား ဟား" ဟူသော ရယ်သံကြီးသာ ထွက်ပေါ်သွားတော့သည်။ တပေါင်းလဆန်းလက ခုံးမျက်စသော။ သာနေဆဲလေ။ ။

## အခန်း (၂၈)

# စိမ်းကားလွန်းသူ မောင့်သည်းအူ

သန်မာသည် လှေကြီးတက်ပျော့ဖတ်စက်ရုံသို့ ဝါးချိန် မသွားမီတစ်ခေါက် မခင်မြင့်ရီတို့အိမ်သို့သွားခဲ့သေးသည်။ ကိုမြတ်သင်း၏လက်ဆောင်မပါသဖြင့် အိမ်ထဲသို့မဝင်ပါ။ မခင်မြင့်ရီ၏ စက်ချုပ်သံကိုသန်မာအတိုင်းသားကြားနေရပါသည်။ ကျောင်းဆင်းပြီးချိန်လောက် မသင်းသင်းအေး အိမ်ကထွက်လာခြင်းဖြစ်ပါသည်။ သန်မာသည် ဆိုင်ကယ်ဦးထုပ်ဆောင်းပြီး ခပ်လှမ်းလှမ်းမှ ဆိုင်ကယ်ရပ်ကြည့်နေခြင်းဖြစ်၍ နန့်နှင်းဆီက သူမှန်းမသိနိုင်ပါ။ နန့်နှင်းဆီတို့သားအမိ ခြံထဲဝင်သွားသည်နှင့် သန်မာဆိုင်ကယ်လိုမ့်ထွက်လာခဲ့ပါသည်။ သန်မာ နန့်နှင်းဆီတို့ ခြံရှေ့မရောက်မီ အဝတ်အစားလဲပြီးထွက်လာသည့် ခင်နှင်းဖွေးကိုမြင်ရပါသည်။ သန်မာ နောက်က အသာလိုက်သွားပြီး သူတို့အိမ်ကျော်သည်နှင့် " သမီးလေး ဖွေး" ဟုခေါ်ပြီး ရပ်စကားပြောဖြစ်ကြပါသည်။ ကစားဖို့သူငယ်ချင်းဆီသွားမည်ဖြစ်၍ သန်မာကြာရှည်



www.burmeseclassic.com

www.burmeseclassic.com


စကားမပြောတော့ပါ။ သမီးလေးခင်နှင်းဖွေးအတွက်လက်ဆောင် ဦးဦးဟု ရေးထားသည့်ကျောင်းသုံး ပစ္စည်းမိုးစုံပါ တွန်ပါဘူးလေးကို ရွှေရောင်စက္ကူနှင့်ထုပ်ထားသည့် အထုပ်ပေးလိုက်ပြီး ဦးပြန်မည်ဟု ပြောလိုက်ရာ ခင်နှင်းဖွေးက "မပြန်နဲ့ဦး။ အိမ်မှာ ကော်ဖီသောက်ရ အောင်လာဦးဦး . . ." ဟုပြောပြီး လက်ဆွဲခေါ်နေသဖြင့် "အရေးကြီး ကိစ္စရှိလို့နော်" ဟုချော့မော့ ပြောပြီး ပြန်ပြေးခဲ့ရသည်။

စက္ကူရောင်စုံနှင့်သေချာထုပ်ပိုးပြီး သူနာမည်တပ်ပေးသည့် လက်ဆောင်ကို သူ့ကိုအလေးတယူရှိသည်၊ ဂရုစိုက်သည်ဟု ထင် ကာ ခင်နှင်းဖွေး သဘောကျနေခြင်း ဖြစ်မည်ဟု သန်မာထင်သည်။ ခင်နှင်းဖွေးကို ဤသို့ အလေးတယူလုပ် လက်ဆောင်ပေးသူထ လည်း သူတစ်ယောက်တည်းရှိမည်ဟု သန်မာထင်သည်။ သန်မာ ကလည်း လက်ဆောင်ပစ္စည်းကောင်းကောင်း၊ မကောင်းကောင်း အဖိုးတန်တန် မတန်တန် ခင်နှင်းဖွေးလေးအားပေးတိုင်း သေချာ ထုပ်ပိုးနာမည်ရေး ပေးလေ့ရှိသည်။

ပျော့ဖတ်စက်ရုံက အပြန် ပုသိမ်မြို့တွင် ခင်နှင်းဖွေးအတွက် သင့်တော်မည့် ကောင်းနိုးရာရာ လက်ဆောင်များ ဝယ်လာခဲ့ပါ သည်။ ကိုမြတ်သင်းရန်ကုန်မှ ပြန်မလာမီစပ်ကြား ငါးသိုင်းချောင်း နှင့်အနောက်ရိုးမ သွားချည်လာလှည့် လုပ်နေခဲ့ရရာ သန်မာသည် ငါးသိုင်းချောင်းရောက်တိုင်း ခင်နှင်းဖွေး သူ့ သူငယ်ချင်းအိမ် ကစားဖို့ သွားတိုင်း လက်ဆောင်တစ်ထုပ် သွားပေးမြဲဖြစ်ပါသည်။ လက်ဆောင်ကြောင့်ချည်း ဟုတ်မည်မထင်ပါ။ ခင်နှင်းဖွေးလေးက သံယောဇဉ်ကြီးသည်ထက်ကြီးလာနေပါပြီ။ သူအိမ်သို့ မရမက အတင်းဆွဲခေါ်သလို "ဦးဦးနောက်လိုက်မယ်" ဟုလည်း မကြာ ခဏပြောပါသည်။ သန်မာကို ဘယ်မှာနေတာလဲ၊ ဘာလုပ်တာလဲ စသည်ဖြင့် သူ့စိတ်ထဲတွေ့တာ အမြဲမေးလေ့ရှိတတ်ပြီး သူ့ကို စာ တော်မတော် စာလိုက်နိုင်မလိုက်နိုင်မေးလျှင်လည်း ဆရာ့ကို ဖြေသလို လက်ပိုက်ဖြေပါသည်။ ပြီးတော့ "ဦးဦးသမီးကိုချစ်လား၊ သမီးကတော့ ဦးဦးကိုချစ်တယ်" ဟုလည်း မကြာခဏ ပြောတတ်ပါ သည်။ တစ်ခါ တလေ သူ့သူငယ်ချင်းနှင့် မကစားတော့ဘဲ သန်မာ နှင့်အတူ လမ်းလျှောက်ရင်း စကားပြောတတ်ပါသည်။ ခင်နှင်းဖွေး ခဏခဏ ပြောသည်က "ဦးတို့နေတဲ့နေရာ လိုက်ကြည့်ချင်တယ်" ဟုပဲ တတွတ် တတွတ်ပြောနေတတ်ခြင်းပင်။ ပြီးတော့ မလိုက်ရ တော့ ငိုမဲ့ငိုမဲ့။

သန်မာသည် ငါးသိုင်းချောင်းရောက်တိုင်း ခင်နှင်းဖွေးဆီ သွားသလို လှေကြီးတက်ပျော့ဖတ်စက်ရုံမသွားခင်၊ နန်းနှင်းဆီထံ စာတစ်စောင်ရေးပေးခဲ့ပါသည်။ တစ်ပတ်တစ်ကြိမ် သောကြာနေ့ တိုင်း စာရေးပေးလေ့ရှိပါသည်။ စာဆယ်စောင်ရှိသွားပြီဖြစ်ပါသည်။ စာပါအကြောင်းအရာများက နေ့စဉ်ခံစားနေရသည့် သန်မာ၏ ရင်ထဲက ဝေဒနာများသာ။ လွမ်းဆွတ်အောက်မေ့တသ သတိရ နေမှုများသာ။

နန်းနှင်းဆီ၏ ပထမစာ ပြန်စာ၌သာ သန်မာက နွားနို့ သောက်ချင်သူမဟုတ်ကြောင်း၊ နွားနို့အိုးကိုသာ ပေပေ ရေရေ ပွေ့ပိုက်ထားချင်သူဖြစ်ကြောင်း။ နွားနို့အိုးမှောက်သွားတာဟာ ကွဲသွားတာမဟုတ်ကြောင်း၊ ကွဲသွားလျှင်ပင် အိုးခြမ်းကွဲ အိုးခြမ်းပဲ့ တွေကို လိုက်ရှာပွေ့ပိုက်ထားလိုသူဖြစ်ကြောင်း။ မမနှင်း၏ အပျိုစင် ဘဝကို ချစ်မြတ်နိုးတာ တွယ်တာတာမဟုတ်ကြောင်း၊ မောင့်ကို

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးခဲ့ဖူးတဲ့ မမနှင်းရဲ့စိတ်ကိုသာ တန်ဖိုးထား မြတ်နိုးတွယ်တာနေတာဖြစ်ကြောင်း၊ မမနှင်းဟာ မောင့်အတွက် ဝန်းခရေဖြစ်ပြီး ဝေနေလည်းမွှေး၊ ကြွေနေလည်းမွှေး၊ ခြောက်ခြောက်ကြွေကြွေ၊ နွမ်းနွမ်း ဆောင်းဆောင်း မှိုင်းမှိုင်း အမြဲမွှေးနေတဲ့ပန်းမျိုးခရေမို့ မောင်လက်မလွှတ်နိုင်ကြောင်း၊ အကြွေပန်းမို့သနားစိတ်ပိုပြီး ပိုလက်မလွှတ်နိုင်ကြောင်း စသည်ဖြင့် ရင်ထဲက ဝေဒနာတွေရေးပေးခဲ့သည်။ နန့်နှင်းဆီ၏ ဒုတိယပြန်စာ၏ အချုပ်က "အဖိုးစင်မဟုတ်တော့၍ကိုသန်မာနှင့် သူမထိုက်တန်တော့ကြောင်း၊ အကြွေပန်းမို့ မပန်ချင်ပါတော့နှင့်၊ ကိုသန်မာမြတ်နိုးရာ အခြား ပန်းတစ်ပွင့်ကိုပဲ လွတ်လပ်စွာပန်ပါလေတော့"ဟု ဖြစ်သည်။

သန်မာအားမလျှော့ပါ။ဝါးသယ်ကားမောင်းသူ ဦးမောင်အေးအား လိုတာပေးစည်းရုံးကာ စာပေးရမည့် နန့်နှင်းဆီဓာတ်ပုံကိုထုတ်ပြပါသည်။ ပြီးတော့ သောကြာနေ့တိုင်း ကျောင်းဆင်းချိန်ကျောင်းပေါက်ဝကစောင့်ပြီး နန့်နှင်းဆီထံ စာပေးခိုင်းခဲ့ပါသည်။ နန့်နှင်းဆီသည် ဦးမောင်အေးပေးသည့် စာအားလုံးကို တစ်စောင်မကျန်လက်ခံယူခဲ့သော်လည်း တစ်စောင်သောစာမှလွဲ၍ ပြန်စာမပေးခဲ့ပါ။ ဦးမောင်အေးကတစ်ခါနှစ်ခါ "ပြန်စာမပေး တော့ဘူးလားဆရာမ . . ." ဟု မေးခဲ့ရာ၊ " ပြန်စရာ စာမရှိဘူးဟု . ." နန့်နှင်းဆီက ဖြေခဲ့ပြီးနောက် ထပ်မမေးတော့ပါ။ စာအပို့သာ လုပ်ခဲ့ပါသည်။ နန့်နှင်းဆီက ဦးမောင်အေးအား ဘယ်မှာနေတာလဲမေးတော့ ငါးသိုင်းချောင်းတံတားအောက် ဝါးဖောင်ဆိပ်မှာဟု ဖြေခဲ့ကြောင်း၊ သူနှင့် နန့်နှင်းဆီ ဆက်ဆံခဲ့သမျှ သန်မာကိုအကုန်ပြောပြခဲ့ပါသည်။

ကလေးတွေ စာမေးပွဲကြီးဖြေပြီးသွားတော့ ရော်ခွန်အမကကျောင်း



ပိတ်သွားခဲ့သည်။ ဦးမောင်အေးသည် စာပေးစရာ ဆရာမနန့်နှင်းဆီကို မတွေ့ရတော့ ထိုစာကို သန်မာအားပြန်ပေးခဲ့ပါသည်။

နန့်နှင်းဆီတို့သားအမိနှင့် အနေဝေးလေ၊ သန်မာရင်ထဲအသည်းကြွေမတတ် လွမ်းဆွတ်အောက်မေ့မှု ဝေဒနာတွေ ခံစားလာရလေဖြစ်လာသည်။ သည်ဝေဒနာတွေကြောင့် ကျောင်းပိတ်ထားသည့်နှစ်လကျော် သုံးလခန့်အတွင်း သန်မာ၏ခန္ဓာကိုယ် ယုပ်စိသလိုကျသွားသည်။ စိတ်ထောင်းကိုယ်ကြေ ခံစားနေရသဖြင့် ထိုကာလအတွင်းသူဝါးခုတ်ခဲ့သည့် စံချိန်သည် အောက်သို့တစ်နေ့တခြားထိုးကျသွားသည်။ မျက်စိတစ်ဖက်လပ်ရဲမောင်နှင့် ဘခင်တို့ အောက်ဖောက်ထိုးရောက်သွားပြီ။ လူအိုကောင်းသန့်က သူ့စံချိန်သူပြန်တင်နိုင်သည်။ ဓားထိမိသည်မှာလည်း အကြိမ်ကြိမ်၊ ဓားဒဏ်ရာအနာတစ်ခု မကျက်သေး။ နောက်တစ်ခါ ဓားထိသည်။သတိအမြဲရှိသော ဟိုအလျင်ကဓား တစ်ချက်မထိခဲ့ဖူးသော သန်မာကိုကြည့်ပြီး အားလုံးကအံ့ဩနေကြပြီ။ အစားအသောက်ကို မသေရုံစားနေတော့ သူ့ဓားကိုသူနိုင်ပုံမပေါ်တော့။ သူ့ရောဂါဝေဒနာကို အချုပ်ခန်းထဲအတူနေခဲ့ကြသည့်ငါးဦးက သိကြပါသည်။ နန့်နှင်းဆီ၏ ဓာတ်ပုံကိုကြည့်ဖူးကြပြီး သန်မာပြော၍ နန့်နှင်းဆီအကြောင်းသိနေကြသည်မို့ ယခုလည်း နန့်နှင်းဆီနှင့် ပြန်တွေ့ပြီး နန့်နှင်းဆီနှင့်ပတ်သက်နေရမည်ဟု သူတို့တွေးထားကြသည်။

သန်မာ၏ ရင်ထဲ၌ နန့်နှင်းဆီတို့သားအမိအကြောင်း အမြဲတွေးနေသလို နောက်ဆုံးတွေ့ခဲ့ရသည့် ခင်နှင်းဖွေးလေး၏ ကြော်ငြာဖွယ်ရာအဖြစ်နှင့် အသည်းမာ၍ ဥပေက္ခာပြုနိုင်လွန်းပြီး မွေးအေးလွန်းသည့် မစိမ်းကားကြီး နန့်နှင်းဆီ၏ ရုပ်ပုံက ,သူမျက်လုံးအိမ်မှ

www.burmeseclassic.com

www.burmeseclassic.com

မထွက်တော့။ သည်သို့မြင်မြင်နေရတော့ သန်မာယောက်ျားတန်မဲ့ မျက်ရည်စီးယို ငိုနေမိပြီပေါ့။ ဘာအလုပ်မှုလည်း မလုပ်ချင်၊ တခြားသူတွေပါ စိတ်ဓာတ်ကျမသွားအောင် သူဝါးကွင်းသို့ မသွားချင်သွားချင်သွား၊ ဝါးကို မခုတ်ချင်ခုတ်နေရသည် မဟုတ်ပါလား။

နောက်ဆုံးတွေ့ခဲ့ရသည့်နေ့က ကိုမြတ်သင်း ရန်ကုန်မှ ပြန်မလာခင် တစ်ပတ်အလို မခင်မြင့်ရီအတွက် ချောကလက် လက်ဆောင်ရွှေဝါဖူးကားနှင့် ထည့်ပေးလိုက်သည့်နေ့ကဖြစ်သည်။ သန်မာသွားပို့တော့ အိမ်မှာလူစုံရှိသည်။ သို့ပေမယ့် နန်းနှင်းဆီက အိမ်ထဲမှာ။ သန်မာက ပုသိမ်ကလာသည့် ရွှေရောင်ဘောပင်ထုပ်လေးကို ခင်နှင်းဖွေးလေးထံပေးတော့ ဆွေ့ဆွေ့ခုန်အောင်ဝမ်းသာနေသည်။ မတွေ့တာကြာလို့ထင်သည်၊ ခင်နှင်းဖွေးလေးက သန်မာကို စကားတွေ ဖောင်လောက်အောင်ပြောနေတော့သည်။ ပြီးတော့ သူ့အတွက် ချောကလက် အိမ်ထဲဝင်ယူပြီး သန်မာ့ပေါင်ပေါ်တက်သူ့မျက်နှာနောက်ပြန်လှည့် သန်မာကိုမော့ကြည့်ပြီး သန်မာ့ပါးစပ်ထဲ ချောကလက်ဖွဲ့ကျွေးနေသည်။

မခင်မြင့်ရီ ကော်ဖီယူလာပြီး " သောက်ပါ ကိုသန်မာ" ဟု ပြောရင်း ကော်ဖီခွက်ကမ်းပေးသည်။ သူတူမ သန်မာရင်ခွင်ထဲ နေသည်ကို ဘာမှုမပြော။ "ညီမလေးနှင်း၊ အိမ်ရှေ့ခဏထွက်ခဲ့ပါဦး . . ." ဟုပဲ ဆက်ပြောသည်။

နန်းနှင်းဆီက အိမ်ထဲမှထွက်လာပြီး သန်မာနှင့် မျက်နှာချင်းဆိုင် မခင်မြင့်ရီဘေးဝင်ထိုင်သည်။ မခင်မြင့်ရီက နန်းနှင်းဆီကို သန်မာနှင့်မိတ်ဆက်ပေးသည်ကိုပင် နန်းနှင်းဆီ အာရုံမရောက်။ သူ့သမီးကို ကျားပျံ့မလို စူးစူးရဲရဲကြည့်ပြီး "ဟဲ့ ကောင်မလေး



ဘာလုပ်နေတာလဲ ဆင်းစမ်း . . ." ဟု မောက်မောက်မာမာ ပြောသည်။ ခင်နှင်းဖွေးက မဆင်းသည့်အပြင် "ဦးနဲ့လိုက်မယ်၊ ဦးနဲ့လိုက်မယ်၊ မေမေရိုင်းတယ်၊ သမီးကို ဟဲ့ကောင်မတဲ့၊ ဘယ်တုန်းက အဲဒီလိုပြောဖူးလို့လဲ၊ အမေရိုင်းတယ်၊ အမေနဲ့မနေဘူး။ ဦးနဲ့လိုက်မယ် . . ." ဟု ငိုယိုပြီး တရားရေလွှတ်တတွတ်တွတ်ပြောကာ ချောတလက်ကို လွှတ်ချပြီးသန်မာ့လည်ပင်းကို သူ့လက်နှစ်ဖက်ဖြင့် သိမ်းကျုံးဖက်ထားတော့သည်။

"အစ်မအလိုလိုက်လို့ ဒီလိုဖြစ်နေတာ၊ အစ်မဘာ သာကြည့်လုပ် . . ."ဟု ဆောင့်အောင့်ပြောပြီး အိမ်ထဲဝင်သွားပုံက ရိုင်းစိုင်းလွန်းလှသည်။ သူစိမ်းလိုအနေခိုင်း၍ မချိတင်ကဲဖြိုးစားနေပြပါလျှတ် ရန်သူလိုမြင်၊ ရန်သူလို သဘောထား၊ ကျော်ခိုင်းသွားခဲ့သည်။ တစ်ချိန်က နန်းနှင်းဆီမှ ဟုတ်ပါလေစ၊ ဆရာမနန်းနှင်းဆီ၌ တစ်ချိန်က နန်းနှင်းဆီ၏ အငွေ့အသက်တို့ကို သန်မာရှာဖွေ၍မတွေ့တော့ပြီ။ မမြင့်ရီက သူတူမကို ချော့မော့ခေါ်ပေမယ့် ခေါ်၍မရ၊ လက်နှင့် လာပွေ့ခေါ်မည်လုပ်တော့လည်း ခင်နှင်းဖွေးက လက်တစ်ဘက်ဖြင့် ရမ်းထုတ်ပစ်သည်။

"အမေ့ကို မုန်းတယ်၊ သမီးကို မချစ်တဲ့အမေ့ကို မုန်းတယ်၊ ဟိုလူကြီးကိုချစ်တဲ့အမေ့ကိုမုန်းတယ်၊ ဟိုလူကြီးကိုလည်း မုန်းတယ်။ ဦးကိုပဲချစ်တယ်၊ ဦးနဲ့ပဲလိုက်မယ် . . ." ဟု ခင်နှင်းဖွေးလေး အပ်ကြောင်းထပ်အောင် ပြောရင်းငိုသည်။ ငိုရင်း ပြောသည်။ အတော်လေးကြာတော့ တလေးအငိုရပ်သွားသည်။ သန်မာငုံ့ကြည့်လိုက်တော့ ခင်နှင်းဖွေးလေး မျက်ရည်လည်ရွဲနှင့် အိပ်ပျော်နေသည်ကို တွေ့ရသည်။ သန်မာက ပွေ့ချီထားသော ခင်နှင်းဖွေး

www.burmeseclassic.com

www.burmeseclassic.com

လေးကို မခင်မြင့်ရီလက်ထဲ ထည့်ပေးလိုက်သည်။ သန်မာသည် မခင်မြင့်ရီကို နှုတ်ဆက်ပြန်လာခဲ့သည်။ သန်မာ့ခေါင်းထဲ တစ်လမ်းလုံးစဉ်းစားလာသည်က နန်းနှင်းဆီ ချစ်တဲ့ဟိုလူကြီးက ကျောင်းဆရာလား၊ ရေပ်ကွက်ထဲကလား၊ ဘယ်ကပါလိမ့်။ အသစ်တွေ့၍ အချစ်ဦးကို မေ့ရက်လေသလား။ ထမင်းရည်ပူ လျှာလွှဲသည့်သဘောဖြင့် အပျိုစင်မဟုတ်တော့လို့ ကိုသန်မာနှင့် မထိုက်တော့ဘူးဟု ပြောခဲ့လေသလား။ သန်မာစဉ်းစားရ ကြွပ်လာခဲ့ပြီး သည်စိတ်ကြောင့် သန်မာစားမဝင် အိပ်မပျော်တော့။

သန်မာစိတ်သက်သာရသည့်အချိန်က ကောင်းသန့်တို့ မင်္ဂလာဆောင်နှင့် ကောင်းသန့်တို့ အိမ်ဆောက်ပေးသည့် အချိန်ကာလလေးသာဖြစ်သည်။ ထိုအချိန်များ၌ သန်မာစိတ်အားလုံးကို အခါပေးကိစ္စတွင် နှစ်မြှုပ်ထားခဲ့ရ၍ ဖြစ်ပါ၏။ ကိုမြတ်သင်း ပြန်လာပြီးနောက် ကိုမြတ်သင်းနှင့်တွေ့လျှင်တော့ အပူရှပ်ကို ဟန်ဆောင်ပြီး ကြိုးစား၏။ ပြုံးပြုံးရယ်ရယ်နေခဲ့ရသည်။

ဇီးဇောင်းတောင်နှင့် နီးလာပြီဖြစ်သည့် (၂၈) မိုင်တိုင် ပေဒါစခန်းနှင့် ကွမ်းချောင်းတောင်ဘက် မလှမ်းမကမ်းတွင် ဆောက်ထားသည့် စေတနာဝါးခုတ်စခန်း၏ စတုတ္ထနေရာသို့ ကိုမြတ်သင်း မရောက်ဖူးသေး။ မိုးကျလာတော့မည်ဖြစ်၍ ချောင်းရေလျှံမှာ စိုးရသည့်အတွက် ကွမ်းချောင်းအနီးကပ် မဆောက်ရ။ ကွမ်းချောင်းက ဘုန်းကြီးစိုးတောင်တွင် ချောင်းဖျားခံသလို ဇီးဇောင်းတောင်မှ ချောင်းဖျားခံသည့် ချောင်းလည်းအထက်ပိုင်းမှာ ကွမ်းချောင်းထဲ စီးဝင်သည်။ ဇီးဇောင်းတောင်နှင့် ဘုန်းကြီးစိုးတောင်တို့တွင် မိုးများလွန်းလျှင် ကွမ်းချောင်းရေအလွန်ကြီးပြီး ရေလျှံတာ ချောင်း



ဘေးဝဲယာ မလှမ်းမကမ်း ဆောက်ထားသည့် အဆောက်အအုံများကို တိုက်စားခေါ်ယူသွားတတ်သည်။ ညဉ့်အိပ်ချိန် ထိုသို့မျောပါသွားလျှင် အားလုံးသေဖို့သာရှိသည်။

ဇီးဇောင်းတောင်နှင့် သိပ်မဝေးတော့၍ များလားမသိ။ တကျီကျီဆင်အော်သံများကို ကြားလာရသည်။ သန်မာက ကချင်ပြည်နယ်တွင် အဘိုးပြောပြသည့်အတွေ့အကြုံများကို နားထောင်ခဲ့ဖူးသဖြင့် အကြောက်အလန့်မရှိတော့။ ဆင်အုပ် သွားလမ်း သူဖြတ်နေသံဖြစ်ကြောင်း၊ သန်မာက သူ့လူများကို ပြောပြမှ သူတို့အကြောက်ပြေကြပါသည်။ တစ်ခါတလေ ဆင်နှာမောင်းမြည်သံကို သေနတ်သံမှတ်ပြီး ကြမ်းပြင်အောက်ဝင်ပုန်းကြသူများကို ကျားနှံ့ရ၍ ဆင်နှာမောင်းမြည်သံဖြစ်ကြောင်း ရှင်းပြမှ အောက်ဆင်းပြေးသူများက အပေါ်ပြန်တက်အိပ်ကြပါသည်။ မေလအတွင်းဖြစ်၍ ကျားများ မိတ်လိုက်ချိန်ဖြစ်ပါသည်။ မိတ်လိုက်ချိန်ဖြစ်၍ ကျားမများဟိန်းသံလည်း မကြာခဏကြားနေရပါသည်။ ကျားများ ထိတ်လန့်သည့်အခါအော်သည့် "တရိန်. . . . တရိန်" ဟူသော အော်သံကိုလည်း မကြာခဏ ကြားရတတ်ပါသည်။ သန်မာက ညအခါ မီးခြားလမ်းပတ်လည်ကြား မီးဖိုခိုင်းထားပါသည်။ မီးရောင်ကို ကျားရောဆင်ပါကြောက်ကြပါသည်။ တောကောင်ကြီးများ ပေါ်သလို သားငါးလည်းပေါသည့်နေရာ ဖြစ်ပါသည်။

ငါးသိုင်းချောင်း-ဂွ ကားလမ်းဘေးဝဲယာအတွင်းပိုင်းတွင် ချင်းရွာများရှိရာ လိုအပ်သည့် အချို့သောအကူအညီများ ရရှိတတ်ပါသည်။ ဟင်းချက်စရာအသားငါးများ ထိုရွာများမှ ရရှိတတ်ပါသည်။ ဝယ်စားရလျှင်လည်း ဈေးချိုပါသည်။ ဒီလကုန်လျှင် မိုး

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းကျပြီမို့ မျှစ်နှင့်မှိုကို စားမကုန်အောင် မုန်းလောက်အောင် စားရပေတော့မည်။

သန်မာကတော့ ပြက္ခဒိန်ပဲ နေ့စဉ်ကြည့်နေမိပါသည်။ ဇွန်လဆန်း ၁ ရက်နေ့ ရေတံခွန်ကျောင်းပြန်ဖွင့်တော့မည်။ ၂ ရက်နေ့ကြာသပတေးနေ့ စာရေးပြီး ဝါးသယ်ကားမောင်းသူ ဦးမောင်အေးနှင့် နန့်နှင်းဆီပေးဖို့ ရက်တွက်နေမိသည်။ ထိုစာတွင် ခင်နှင်းဖွေးပြောသည့် ဟိုလူကြီး၊ နန့်နှင်းဆီချစ်သည့် ဟိုလူကြီးဆိုတာ ဘယ်သူလဲဟု သန်မာအပြတ်ရေး မေးမည်။ ထိုလူကြီးဘယ်သူဆိုတာ သိရတော့လည်း ချင်းစိမ်းနှင့် မိတ်သလင်နမူနာယူပြီး ကိုယ့်အလုပ်ကိုယ်ကြိုးစားပမ်းစား ပြန်လုပ်ရမည်မဟုတ်လား။

မေလ ၂၇ ရက် သောကြာနေ့တွင် ကိုမြတ်သင်း စခန်းသစ်သို့ အစောကြီးရောက်လာသည်။ တချို့ဆို အိပ်ရာမှ မထသေး။ ကြက်ဥ၊ ဆေးဘဲဥ၊ ငါးသေတ္တာ၊ ခရမ်းချဉ်သီး၊ ခေါက်ဆွဲခြောက်တွေ သယ်လာသလို ငါးသိုင်းချောင်း - ၄ ကားလမ်းမကြီးပေါ် လာသမျှ ကား တားပြီးရောင်းနေသော ချင်းအမျိုးသားကြီးထံမှ ဈေးချိုချို သဖြင့် တောဝက်သား ငါးပိသာ ဝယ်လာသေးသည်။ သန်မာက ပြည့်စုံကို ဝက်သားမစားသူများပါ ပါ၍ တစ်ပိသာပဲ ချက်ခိုင်းပြီး သန်မာကိုယ်တိုင် တောဝက်သားလေးပိသာကို ညှင်းပြီး ဝါးကိုသတ် ၍ တံစို့လုပ်ကာ တောဝက်သားညှင်းများသီပြီး လှုန်းထားပေး လိုက်ပါသည်။

"ကိုသန်မာ အတော့်ကိုပိန်သွားတာပဲ၊ ဘယ်လိုဖြစ်တာလဲ ဖျားတာလား၊ ငှက်ဖျားဖြစ်နေဦးမယ်၊ ဆေးတွေရော မသောက်ဘူးလား၊ အစားအသောက်ပျက်တာလား၊ ခုကျွန်တော်ယူလာခဲ့



တာတွေ၊ ကိုသန်မာကြိုက်တာ စားလေ . . ."

ကိုမြတ်သင်းက တောဝက်သားညှင်းလှန်းနေသော ကိုသန်မာဆီလာပြီး စိုးရိမ်ပူပန်စွာမေးသည်။

"ဖျားတာ နာတာမဟုတ်ပါဘူး။ အစားအသောက်ပျက်တာပါ။ ငါးသေတ္တာနဲ့ ဆေးဘဲဥက ကျွန်တော့် အကြိုက်ဆိုတော့ ပြန်နေကောင်းလာမှာပါ။ ကျွန်တော့်ကို ခုလို ဂရုတစိုက်ရှိတာ ကျေးဇူးတင်ပါတယ် . . ."

"ဂရုစိုက်ရမှာပေါ့ ကိုသန်မာ၊ ခင်ဗျားက ကျွန်တော် မျက်နှာလွှဲထားရသူပဲ၊ ခင်ဗျားရှိနေလို့ ကျွန်တော် ခင့်ဆီ အခစားဝင်လို့ ရနေတာပေါ့ . . ."

"ခင်လို့ပြောမှ ခင့်စကားသတိရတော့တယ်။ ခင့်တူမက ခင်ဗျားကို အရမ်းချစ်တာဆို၊ ကျွန်တော့်ကို တစ်ခါမှ မုန့်တစ်ဖဲ့ စားပါဦးလို့ မပြောဖူးတဲ့ ခင့်တူမက ခင်ဗျားဆို စေတနာ သဒ္ဓါတရားတွေ ရေစီးကမ်းပြိုလိုက်အောင် ကျွေးမွေးဧည့်ခံနေတယ်ဆို။ ခင်ဗျားမှာ လူချစ်လူခင်ပေါဝဘ စိတ်ကောင်းနှလုံးကောင်းရှိလို့ ဖြစ်လိမ့်မယ်"

"ကျွန်တော်လည်း လူပဲ ကိုမြတ်သင်း၊ စိတ်ကောင်းနှလုံးကောင်း အမြဲဘယ်ရှိနိုင်ပါ့မလဲ။ ကျွန်တော့်ရင်ထဲမှာ မကျေနပ်ချက်တွေ၊ မကျေလည်တာတွေအများကြီးပေါ့။ အများနဲ့လုပ်ရတာမလွယ်ပါဘူး။ ကိုယ်နဲ့ နှိုင်းပြီး မကျေနပ်စိတ်တွေဖြစ်၊ သူတစ်ပါးအပေါ် အဆိုးတွေမြင် အကောင်းမမြင်စိတ်တွေလည်း ရင်ထဲမှာရှိခဲ့တာပဲ၊ ပြီးတော့ သူတစ်ပါးကို အထင်အမြင်သေးတဲ့ မာနကြီးတဲ့စိတ်လည်း မွေးမိတာပဲ။ အများနဲ့ ဆိုင်တဲ့အလုပ်တွေမှာလည်း ဖွက်ကာစ်ချင်တဲ့စိတ်တွေ တစ်ခါတလေပေါ် လာတာလဲ ကြုံခဲ့တာပဲ။ ဒေါသစိတ် ဒေါသစိတ်လည်းရှိခဲ့တာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုပေမယ့် အသိန္တာတိကပ်ပြီး သည်းညည်းခံခဲ့ရတာ အကြိမ်ကြိမ်ပါ ကိုမြတ်သင်း . . . "

"သူတို့တစ်တွေက လှေကြီးတက်မှာတုန်းက တော်တော် အပုတ်သားဗျ၊ ရောက်ခါစမို့လားမသိပါဘူး။ အဲဒီတုန်းက သူတို့မှာ တစ်ယောက်ကိုတစ်ယောက် အားနာစိတ်ရှိတယ်။ အနစ်နာခံစိတ်ရှိတယ်။ ဒီရောက်လာမှ ဘာစိတ်တွေ ပေါက်သွားကြတယ် မသိတော့ပါဘူး။ အားမနာဘူး၊ အနစ်နာမခံဘူး၊ တွက်ကပ်လာကြတယ်။ မျိုးမြင့်တို့ ရောက်လာလို့များလား။ ငွေအရများ ငွေအရမြန်၊ ငွေရဖို့ပဲ အာရုံရောက်နေကြလို့လား မသိပါဘူး။ စိတ်ဓာတ်တွေ ဖောက်လာကြတယ်။ ပညာတွေ ပြလာကြတယ်။ အတော့်ကို သည်းညည်းခံခဲ့ရတာပါ ကိုမြတ်သင်း"

"အဲဒီလို သည်းညည်းခံစိတ်မွေးနိုင်တာကိုက ခင်ဗျားရဲ့ ပင်ကိုစိတ်ကောင်းစိတ်မြတ်ကြောင့်ပေါ့ ကိုသန်မာရ။ ခင်ဗျား လူတွေလည်း ခင်ဗျားသည်းညည်းခံလို့ ထင်တယ်။ ခင်ဗျားကိုတော့ အားလုံးက လေးစားကြသားပဲ . . . "

"သည်းခံခြင်းသည် အောင်နိုင်ရားဆိုတဲ့စကား မှန်တယ်လို့ ပြောရမယ် ကိုမြတ်သင်း၊ ကျွန်တော်သာ စိတ်လိုက် မာန်ပါ ပြောမယ်၊ လုပ်မယ်ဆိုရင် ခုလို စုစုစည်းစည်းရှိမှာ မဟုတ်တော့ဘူး။ ဒီစခန်းပျက်သွားတာ ကြာလောက်ပြီ၊ မိပေါင်းသားလည်းဖြစ်၊ သွန်သင်ဆုံးမမယ့် မိဘဆရာနဲ့လည်း မနေဖူး၊ ပတ်ဝန်းကျင်ဆိုးတွေမှာလည်း နေခဲ့ကြတော့၊ တကယ့် တစ်ယောက်တစ်ပေါက်မှ တစ်ယောက်တစ်ပေါက်၊ ကျွန်တော်ကိုယ်တိုင်က ဦးဆောင်ခေါ်လာခဲ့တော့ စိုးသောလက်မခြောက်အောင် သည်းညည်းခံရတာပဲ



ကိုမြတ်သင်း . . . "

"ကျေးဇူးတင်လိုက်တာ ကိုသန်မာ၊ ဒီလောက် အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်လို့ ကျွန်တော်မထင်ခဲ့ဘူး။ ခင်ဗျားကြောင့် ဒီစခန်းလေး ခုထိရှိနေတာသိရတော့။ ခင်ဗျားရော သူတို့ကိုပါ တကယ်ကျေးဇူးတင်တယ်။ တခြားဝါးကုန်သည်တွေလို ကျွန်တော်လည်းဖြစ်တော့မလို့ပါလား . . .

"ကျွန်တော်တို့နဲ့ နောက်မှ လာပေါင်းတဲ့ကလေး လေးယောက်ကိုလည်း ကျွန်တော်ကျေးဇူးတင်တယ်။ သူတို့က ကျွန်တော့်စကားအားလုံးနားထောင်ကြတယ်။ ဒီကလေးတွေ စာဝိုင်းကူသင်ပေးလို့ သူတို့စာတတ် စာဖတ်လာနိုင်တော့ ပိုလိမ္မာရေးခြားရှိလာ၊ ဆင်ခြင်ဉာဏ်လေးရှိလာပြီး အမှားအမှန် ခွဲခြားတတ်လာတာပေါ့။ သူတို့ကိုယ်သူတို့ မှားမှန်းသိတော့ သူတို့ဘာသာ သူတို့ပြင်လာကြတာ။ အခုတော့ အရင်လောက်မဆိုးကြတော့ပါဘူး "

"ဪ . . ဟိုစကားဆက်ရဦးမယ်။ ခင်ကပြောတယ်။ ခင့်တူမက ခင်ဗျားပေါင်ပေါ်ထိုင်၊ ချောကလက် ခွံ့ကျွေးနေတာ သူ့အမေတွေ့သွားပြီး ရိုင်းရိုင်းစိုင်းစိုင်း ပြောဆင်းခိုင်းလို့ ခင့်တူမက မုန်းတယ်၊ ဟိုလူကြီးကိုချစ်တဲ့အမေ့ကို မုန်းတယ်။ ခင်ဗျားကိုချစ်တယ်။ ခင်ဗျားနဲ့လိုက်မယ်လို့ပြောရင်း ငိုရင်း၊ အိပ်ပျော်သွားတယ်ဆို၊ ခင့်တူမက ခင်ဗျားကို အတော်တွယ်တာနေပြီပဲ။ ကျွန်တော်နဲ့တော့ ဘယ်ဘဝက ရေစက်ရယ်မသိဘူး။ ခင့်တူမနဲ့ ကျွန်တော်ကတော့ တစောင်းစောင်းနဲ့ မျက်ချေးပဲ။ တည့်ကိုမတည့်ဘူး . . . "

"ဪ . . . လာရင်းကိစ္စပြောဖို့မေ့နေလိုက်တာ၊ ခင်ဗျားက ဘွဲ့လည်းရထားပြီးသား။ အင်္ဂလိပ်စာလည်းတော်သူ၊ အင်္ဂလိပ်စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောလည်း တော်သူဆိုတော့ ကျွန်တော်တို့ စီးပွားရေးတစ်ခု တည်းကြည့်ပြီး ဝါးတောထဲနစ်ထားလို့လည်း မဖြစ်ဘူးလေ။ အစ်မ လတ်ကလည်းပြောတယ်။ ခင်ဗျားကို ကိုရီးယားဖြစ်ဖြစ်၊ စင်ကာပူ ဖြစ်ဖြစ်ပို့ပေးရမယ်လို့။ ဒါကြောင့် ခင်ဗျား မှတ်ပုံတင်လာယူတာ၊ ကျွန်တော်ပြန်ရင်ခင်ဗျားမှတ်ပုံတင်ထည့်ပေးဖို့မမေ့နဲ့နော်. . . ."

"ပတ်(စ်)ပို့(တ်)နဲ့ ဗီဇာလုပ်ဖို့လား၊ လုပ်မနေပါနဲ့ ကိုမြတ်သင်း ရာ၊ ကျွန်တော့်မှာ သန်းခေါင်စာရင်းလည်းမရှိ ဘာမှမရှိနဲ့"

"ဒါတွေက ကျွန်တော့်အလုပ်ပါ။ ဘာမှပူမနေနဲ့၊ တဲ-စကားက ကောင်းနေလိုက်တာ၊ ခင်ဗျားတို့လည်း အလုပ်ဆင်းရဲတော့မှာ၊ ခင်ဗျားရော ဘရိတ်ဖတ်စ် မစားရသေးဘူးမဟုတ်လား။ သွား စားလေ၊ အတော်ကြာမှ ခင်ဗျားတို့ ဝါးကွင်း ကျွန်တော်လာကြည့် ပါဦးမယ် . . . ."

"ကိုမြတ်သင်းက သန်မာကိုနှုတ်ဆက်ပြီး ကွမ်းချောင်းဘက် ဆင်းသွားသည်။ ရင်ထဲက ဝေဒနာတွေကို ထုတ်ပြောလိုက်ရ၍ ထင်သည်။ သန်မာရင်ထဲပေါ့သွားသလို၊ ခေါင်းထဲလည်းကြည်သွား သည်။ မစိမ်းကားကြီးနန့်နှင်းဆီကိုပင် တခဏ မေ့သွားခဲ့ပါလား။ ပေါ်လာသူက မမအေး၊ စေတနာတွေ ရေစီးကမ်းပြိုလိုက်နေသည့် မအေးအေးသင်းကို သန်မာဘယ်လို နားလည်ရမှာပါလိမ့်။ ။

## အခန်း (၂၄)

## ချစ်တမ်းကစား ပင်ပန်းသလား

ကိုယ့်မျက်စိကိုကိုယ် သန်မာမယုံ။ အိပ်မက်ထဲမှာပဲ ထင်မိ သည်။ ခင်နှင်းဖွေးလေးက "ဦးဦးဆီ သမီးလာလည်တယ်. . ." ဟု ပြေးလာပြီး သန်မာ၏လက်ဆွဲမှ အိပ်မက်မဟုတ်၊ တကယ်ပါ လားဟု သိလိုက်ရသည်။ ကားဆရာ ဦးမောင်အေးက ကားရှေ့ ခေါင်းထဲမှ ချပေး လိုက်သည်နှင့် ခင်နှင်းဖွေးလေးက အော်ပြီး သန်မာဆီ ပြေးလာခြင်းဖြစ်သည်။ အံ့ဩလွန်းသဖြင့် တစ်ယောက် တည်းများ ဦးမောင်အေး နှင့် လိုက်လာသလားဟု ဦးမောင်အေးကို မေးမည် လှမ်းကြည့်လိုက်တော့ နန့်နှင်းဆီက ကားပေါ်မှ ဆင်းလာပြီ။ တကယ်အံ့ဩစရာမှ အံ့ဩစရာပါ၊ သန်မာအဖို့ တောင်ထိပ်ကြာ ပေါက် အနောက်က နေထွက်၊ အရှေ့မှာ နေဝင်သွားဦး၊ သည်လောက် အံ့ဩလိမ့်မည်မဟုတ်။ နန့်နှင်းဆီက သန်မာကို မျက်တောင်မခတ် ကြည့်နေသော်လည်း စကားတစ်ခွန်းမဟ။



www.burmeseclassic.com

www.burmeseclassic.com



သန်မာအဖို့ ကံကောင်းလွန်းပါသည်။ မနေ့ညနေက ကိုမြတ်သင်း ပြန်ကာနီးတော့ သန်မာကို ငါးသိုင်းချောင်းတွင် ဆေးရုံတင်ပေးဖို့ ဆေးဝါးကုသပေးဖို့ သူနှင့်လိုက်ခဲ့ဖို့ အတင်းခေါ်သည်။ အကြိမ်ကြိမ် ခေါ်သည်။ အားနာပြီး သန်မာ ကိုမြတ်သင်းနှင့်လိုက်သွားဖို့ ပင် စဉ်းစားလိုက်သေးသည်။ အကယ်၍များ ကိုမြတ်သင်းက သူ့ ရည်းစား အိမ် လက်ဆောင်ပို့ခိုင်းလျှင် (သို့မဟုတ်) သူနှင့်အတူ ခေါ်သွား လျှင် မတွေ့ချင်တော့သူ နန့်နှင်းဆီကို တွေ့နေရဦးမည်စိုး၍ တစ်ကြောင်း၊ ပြီးတော့ ဇွန်လ ၁ ရက်နေ့ဆို နန့်နှင်းဆီကျောင်းတက် ပြီဖြစ်၍ နန့်နှင်းဆီကြိုက်တဲ့ ဟိုလူကြီးဆိုတာ ဘယ်သူလဲဟု စာရေးပြီး ဝါးကားမောင်းသူ ဦးမောင်အေးအား ပေးဖို့ကိစ္စရှိ၍ တစ်ကြောင်း၊ သန်မာမလိုက်တော့ဟု ဆုံးဖြတ်ပြီး လိုက်မသွားတော့။ ခုလိုက်မသွား တာမှန်သွားပြီ။

သန်မာက နန့်နှင်းဆီတို့ သားအမိကို တဲပေါ်ခေါ်သွားသည်။ နန့်နှင်းဆီကို ပြည့်စုံတို့ လူသိုက် မာတ်ပုံမြင်ဖူးသည့်အပြင် သန်မာ၏ ရည်းစားမှန်းသိ၍ ဝိုင်းအုံလာကြပြီး သိပေါင်းကျွမ်းပေါင်းလို ညှိခံစကားပြောကြသည်။ ထမင်း၊ ဟင်း ချက်နေသူပင် ထမင်းအိုး ဟင်းအိုး ပစ်ပြေးလာသဖြင့် သန်မာက သတိပေးရသည်။

နန့်နှင်းဆီတို့ ရောက်လာချိန်မှာ နံနက် ခုနစ်နာရီခန့်ဖြစ်၍ နံနက်စောစောစာ ဘာမျှ စားခဲ့ပုံမရသေး။ သည်နေ့ ဆီထမင်း ထိုး ထားသော်လည်း၊ ဆီထမင်းတစ်မျိုးတည်း သန်မာမကျွေးချင်။ သူ ထင်းရှူးသေတ္တာထဲမှ သူနေမကောင်းစဉ်က တစ်ခါတစ်ရံလသောက် သည့် ကော်ဖီမစ်ထုပ် သုံးထုပ်ယူပြီး ကော်ဖီဖျော်လိုက်သည်။ ကော်ဖီ ဖျော်ရင်း သန်မာက "ဆီထမင်းစား၊ အလုပ်သွားဖို့ပြင်ကြ . . ." ဟု



အော်လိုက်တော့မှ. နန့်နှင်းဆီတို့သားအမိအနားက အလျှိုအလျှို ထသွားကြသည်။ ပြည့်စုံက ခင်နှင်းဖွေးလေးကို ခေါ်သွားသည် ကိုတွေ့ရသည်။ နန့်နှင်းဆီက သန်မာ၏အနားလာသည်။ သန်မာ၏လက်မှ ကော်ဖီမစ်ထုပ်နှင့် မတ်ခွက်ကိုယူသည်။ နန့်နှင်းဆီ ကော်ဖီဝင် ဖျော်ပေးနေသဖြင့် သန်မာက ခင်နှင်းဖွေးလေး သွားခေါ် ရင်း သူ့ဒီနေ့ ဝါးခုတ်မလာတော့ဘူးဟုပြောလိုက်ရာ ပြည့်စုံတို့အဖွဲ့က "ဆက်လုပ် အစ်ကို . . ." ဟုအော်လိုက်ကြသည်။

ဆီထမင်းနှင့် ကော်ဖီစားသောက်ပြီးကြတော့ နန့်နှင်းဆီ တို့သားအမိ နံနက်စာအတွက် သန်မာကိုယ်တိုင် ချက်ပြုတ်ဖို့ စီစဉ် တော့သည်။ တောဝက်သားက တစ်နေ့ပဲနေလှန်းရသေးသည်။ အဆီတွေအောက်ကျကုန်ပြီမို့ အခေါက်နှင့် အသားပဲ ကျန်တော့ သည်။ သန်မာခရမ်းချဉ်သီးနှင့် တောဝက်သားခြောက်ချက်ရန် မားနှင့်လှီးနေတော့ နန့်နှင်းဆီက သန်မာကိုဖယ်ခိုင်းပြီး သူဝင် ချက်ပါသည်။ သန်မာက ငါးသေတ္တာဘူးဖောက်မည်လုပ်တော့ နန့်နှင်းဆီက သန်မာလက်ကိုအပေါ်မှ အုပ်ပြီးမဖောက်ဖို့တား သည်။ "ငါးဖန်းမ ငပိကောင် ငရုတ်သီးနဲ့ ကြော်ထားတာရော ပဲ ဟင်းရောရှိနေတာပဲ တော်ရောပေါ့. . "ဟု ပြောသည်။ နန့်နှင်းဆီ အိုးတွေလှပ်ကြည့်သည်ထင်သည်။ အများစားဖို့ ချက်ထားသည့် ဟင်းတွေကို တွေ့သွားပြီပဲ။

နန့်နှင်းဆီက သူ့သမီးလက်ဆွဲခေါ်သွားသဖြင့် သန်မာ နောက်မှလိုက်သွားရသည်။ ဇီးဇောင်းတောင်ရှိရာဘက် သွားနေ သဖြင့် သန်မာဝါးခုတ်ဓားခါးပတ် ဆွဲယူခဲ့ရသည်။ ဤတောင် ဤ တောမှာ ဇီးဇောင်းတောင်နှင့် မဝေးတော့၍ ကျားရဲနှင့် ဆင်အုပ်

www.burmeseclassic.com

www.burmeseclassic.com

တွေ့တတ်သည်မဟုတ်လား။

"ဝါးခုတ်တဲ့နေရာသွားကြည့်ချင်တာ ဘယ်ကသွားမလဲ . . ." ဟုနန့်နှင်းဆီက မေးသဖြင့် သန်မာက လမ်းပြရသည်။ ဝါးအပြိုင်ခုတ်နေသည့် ကွင်းရောက်တော့ ဝါးခုတ်လုပ်သားတွေကို ကြည့်ပြီး ခင်နှင်းဖွေးလေးက သဘောကျနေသည်။ အပြိုင်ခုတ်နေပုံ၊ ဝါးလုံးတွေဆွဲသွားပုံတို့က ခင်နှင်းဖွေးလေးအတွက် အထူးအဆန်း ဖြစ်နေသည်။ အတော်ကြာကြည့်ပြီးနောက် ငြီးငွေ့သွား၍ ထင်သည်။ "ဟိုဘက် သွားရအောင် . . ." ဟု ခင်နှင်းဖွေးလေးက ကွမ်းချောင်းဘက် လက်ညှိုးထိုးပြသည်။ သန်မာတို့ ဝါးသယ်ရာ ကားလမ်းအတိုင်းလျှောက်ခဲ့ကြသည်။

လမ်းတွင်ခင်နှင်းဖွေးလေးက တောကြက်ဖြတ်ပြေးလျှင်လည်း လိုက်ပြေးကြည့်သည်။ ရစ်တွေ့လျှင်လည်း နောက်ကလိုက်သည်။ ရှဉ့်ဖြတ်ပြေးလျှင်လည်း အော်လိုက်သည်။ သူအတော် ပျော်နေပုံရသည်။ ကွမ်းချောင်းရောက်တော့ ရေထဲဆင်း ခြေဆေးရင်း သန်မာကို "မပြေးနဲ့ ရေနဲ့ပက်မယ် . . ." ဟုပြောပြီးလက်ခုပ်နှင့် ရေခပ်ပြီး သန်မာကို လှမ်းပက်သည်။ သန်မာကနောက်ဆုတ်ဘေးဘယ်ညာ ရှောင်သလိုလုပ်တော့ တခစ်ခစ်ရယ်ပြီး ရေထိအောင်စိုအောင်ပက် သည်။ သန်မာ၏တစ်ကိုယ်လုံး ရေတွေစိုတော့ ခင်နှင်းဖွေးလေးတစ်အား ပျော်ပြီး ခွက်ထိုးခွက်လန်ရယ်သည်။ သစ်ထုတ်လုပ်ရေးမှ ဆောက် ထားသော ကားကူးကွမ်းချောင်းတံတားပေါ်မှ နန့်နှင်းဆီက ရပ်ကြည့် ရင်းပြုံးနေသည်ကို သန်မာသတိပြုမိသည်။ မမြင်တွေ့ရသည်မှာ ကြာပြီ ဖြစ်သည့် နန့်နှင်းဆီ၏ ပါးချိုင့်နှစ်ဘက်က သန်မာ့ရင်ကို အေးမြသွား စေသည်။



သည်တစ်ခါတော့ နန့်နှင်းဆီက သူ့သမီးကို ဘာမျှမပြော၊ သူ့သမီးကြိုက်သလောက် ပျော်ပါစေဟု ဆုံးဖြတ်ထားလေသလား။ နံနက် (၁၀) နာရီခွဲခါနီးတွင် သန်မာက သူတို့သားအမိကို စေတနာ စခန်းသို့ ပြန်ခေါ်လာခဲ့သည်။ ဝါးခုတ်သွားသူ အားလုံးလည်း ပြန် ရောက်နေကြသည်ကိုတွေ့ရသည်။ ညီ့သည် နန့်နှင်းဆီတို့ စားဖို့ သန်မာ ထင်ရှူးသေတ္တာကို စားပွဲလုပ်ပြီး ထမင်းပန်းကန် သုံးပန်းကန်နှင့် တောဝက်သားခြောက်ဟင်း၊ ငါးဖန်းမ ငါးပိကောင်ကြော်၊ ပဲဟင်းတို့ နှင့်ပြင်ပေးထားသည်ကို တွေ့ရ၏။ သူတို့အားလုံးကတော့ ထုံးစံ အတိုင်း ထမင်းပန်းကန်ပေါ် ဟင်းပုံ မတ်ခွက်နှင့် ပဲဟင်းသောက် လမ်းလျှောက်စားသူစား၊ ရပ်စားသူစား၊ သစ်ပင် အောက်ထိုင်စားသူ စားနေကြသည်။

ခင်နှင်းဖွေးလေးက တောဝက်သားဟင်းထက် ငါးဖန်းမ ငါးပိကောင်ကြော်ကို ပိုကြိုက်ဟန်ရှိသည်။ သန်မာက အလယ်ငါးရိုး ကိုချန်ပြီး နှစ်ဖက်အသားခွာပေးရသည်။ ငရုတ်သီးအစပ်ကိုလည်း ကြောက်သူမဟုတ်၊ ပဲဟင်းကိုလည်း မကြာခဏ သောက်လိုက် သေးသည်။ နန့်နှင်းဆီကတော့ တောဝက်သား မခြောက်တစ်ခြောက် ကို ကြိုက်နှစ်သက်ပုံရသည်။ ယခင်က သန်မာနှင့်ထမင်းအတူ စား သည့်ပုံအတိုင်းစားသည်။ ထမင်းစားပြီးတော့ သန်မာက "အပြင်ခဏ သွားဦးမယ်" ဟုပြောပြီး နဂိုကတည်းက တွေ့ထားသည့် သစ်ခွပန်း လှလှကို သွားခူးခဲ့သည်။ သန်မာ စေတနာစခန်းပြန်ရောက်တော့ နန့်နှင်းဆီနှင့် အားလုံး ရင်းရင်းနှီးနှီး စကားပြောနေကြသည်ကို တွေ့ရသည်။ ဘာတွေပြောကြသည်မသိ။ နန့်နှင်းဆီ၏ လက်ထဲတွင် ဝါးခုတ်မှတ်တမ်းကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၂ နာရီထိုးတော့ အားလုံး ဝါးကွင်းသွားကြပြန်သည်။ သန်မာက နန်းနှင်းဆီအား သစ်ခွပန်းပေးတော့တစ်ချက် ပြုံးပြပြီး ခေါင်းညိတ်ပြသည်။ သူတို့သားအမိ ခဏကြာတော့ ထမင်းလုံးစီရင်း အိပ်ပျော်သွားကြသည်။ သန်မာ စိတ်ကူး တစ်ခုရလာသည်။ တလောက ကွမ်းချောင်းစပ်ဘေးတွင် ပေါက်နေသော ကြသောင်းဝါးရုံမှ ခေါင်းအုံးလုပ်ရန် ခုတ်လာသည့် ဝါးတစ်လုံးကို သတိရလာသည်။ အမြစ်သိပ်များသည့် အောက်အဆစ်များကို ချန်လှပ်ပြီး အချင်းနှစ်လက်မခွဲ (၃) လက်မခန့်ရှိသည့်နေရာမှ ဖြတ်ပစ်လိုက်သည်။ နန်းနှင်းဆီတို့ အိပ်ရာမှ နိုးမည်စိုး၍ ခပ်လှမ်းလှမ်းသွားလုပ်ရသည်။

ခုတ်လာသည့် ကြသောင်းဝါးက အမြင့်ပေ ၈၀ ခန့်ရှိ၍ သန်မာဝါးလက်ခုပ်လုပ်ရန် ဖြတ်ပြီးသည်ပင် အရင်းပိုင်းက လူ ၁၄ ငါးယောက်အိပ်နိုင်သည့် ခေါင်းအုံးလုပ်၍ ရသေးသည်။ ဝါးလက်ခုပ်လုပ်မည့်အပိုင်းက ဆစ်ကြား ၁၅ လက်မ ရှိသဖြင့် သုံးဆစ်ပဲယူ၍ ဖြတ်လိုက်သည်။ သည်ဝါးက အသားအသင့်အတင့်ထူပေမယ့် အခေါင်းကျယ်သဖြင့် ဝါးလက်ခုပ်လုပ်၍ကောင်းသည်။ ခင်နှင်းဖွေးလေးအတွက် သုံးပေကျော် လေးပေခန့်ရှိသည့် ဝါးလက်ခုပ်တအနည်းငယ် ရှည်နေမှန်းသိသော်လည်း ဝါးဆစ်အခြေအနေအရ လုပ်ရ၍ မတတ်နိုင်၊ နှစ်ဆစ်နှင့်လုပ်မည်ဆိုတော့လည်း တိုလွန်းတော့ ကြည့်မလှ။ ခင်နှင်းဖွေးလေးက သူ့အမေနှင့်တူသည်။ အရပ်ရှည်ပြီး သန်သန်မာမာမို့ သည်ဝါးလက်ခုပ်ကို တီးနိုင်ပေလိမ့်မည်။

သန်မာ ဝါးလက်ခုပ်လုပ်ပြီး၍ တဲသို့ပြန်လာတော့ နန်းနှင်းဆီတို့သားအမိ နိုးနေပြီ။ သန်မာက ဝါးလက်ခုပ်လေးကို ခင်နှင်းဖွေးလေးပေးလိုက်တော့ ခင်နှင်းဖွေးလေးက "ကျေးဇူးတင်တယ်ဦး . . ."



ပြောပြီး အားရဝမ်းသာယူသည်။ သန်မာက နန်းနှင်းဆီကို ကော်ဖီဖျော်ပေးဖို့ပြောပြီး သန်မာက ခရမ်းချဉ်သီး ကြက်သွန်တို့နှင့် ဆေးဘဲဥသုပ်လိုက်သည်။ ထိုစဉ် ခင်နှင်းဖွေးလေးက ဝါးလက်ခုပ်တစ်ချပ်ချပ်တီးရင်း ပျော်နေသည်။ သူ့အမေက "ကော်ဖီလာသောက်" ဟုခေါ်တော့ ခင်နှင်းဖွေးလေး ဝါးလက်ခုပ် ကိုင်လျက်ပြေးလာပြီး ကော်ဖီသောက်သည်။ ပြီးတော့ ဆေးဘဲဥသုပ်ကို အတော်ကြိုက်ပုံရသည်။ တစ်ဇွန်းပြီး တစ်ဇွန်းခပ်စားနေတော့သည်။

"မခင်မြင့်ရီကို ဒီလာမယ်လို့ ပြောလာတာလား" သန်မာက ထိန်းထိန်းသိမ်းသိမ်းမေးသည်။

"ဟင့်အင်း၊ ဇလွန်ပြည်တော်ပြန်ကို ကျောင်းကဆရာမတွေနဲ့ သွားဖူးမယ်လို့ ပြောလာခဲ့တာ၊ ပြန်တော့မယ်။ ကားဆရာခေါ်ပေးပါ" ၆

ဦးမောင်အေးရောက်လာတော့ ကားပေါ်တက်ကြသည်။ ကားစက်နိုးထွက်တော့ ခင်နှင်းဖွေးလေးက "ဦးကျေးဇူးပဲနော်၊ သမီးဦးတို့ဆီမှာ ပျော်တယ်။ နောက်တစ်ခါလာဦးမယ်"ဟုပြောပြီး လက်ဝှေ့ယမ်းပြသည်။ သူ့အမေကတော့ စကားတစ်ခွန်းမဆို၊ လက်ပြ၍ပဲ နှုတ်ဆက်သွားသည်။

သန်မာက "ဘယ်စိတ်လည်လို့ ပေါ်လာတာလဲ၊ လျှောင်တာလေလားနော်ကွယ်၊ ဖန်လာပုံခုမှဆန်းကြယ် . . ." အစအဆုံးမရသည့် သီချင်းလေးကို ညည်းပြီးပျော်နေပြီ။ တကယ်လည်း ယခင်နှင့်စာလျှင် ပျော်စရာပါလေ။ ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

# အလှဆုံးအချိန်

မောင်

မောင့်စာကိုဖတ်ပြီး မောင့်ကိုမမနှင်းသနားနေမိတယ်။ မောင့်ကိုသနားနေတာ၊ မောင့်ဆီရောက်တဲ့နေ့ကတည်း ကပါ။ မမနှင်းကားပေါ်ကဆင်းပြီး မောင့်ကို မြင်လိုက်တဲ့အချိန်မှာ မောင့်ကိုသနားလွန်းလို့ ရင်ထဲဆို့ပြီး မျက်တောင်မခတ်ကြည့်နေမိခဲ့တယ်။ မောင်ပိန်သွားလိုက်တာ။ ဒီလောက်ထိ မမနှင်းကို လွမ်းနေသလား။ စိတ်နာသွားတာလား။ မမနှင်းဖြစ်စေချင်တာက မောင်က မမနှင်းကို မုန်းပြီး စိတ်နာပြီးမေ့သွားစေချင်တာ။ မမနှင်းကို မေ့သွားမှ ဘဝကြင်ဖော်သစ်မောင်ရှာနိုင်မှာလေ။ မောင်နောက်ဆုံး အိမ်လာတဲ့နေ့က မဟုတ်က ဟုတ်က ပြောနေတဲ့သမီးလေးစကား မောင်ယုံသွားမှာလည်း စိုးတယ်။ တကယ်လည်း မောင်ယုံသွားစေချင်တယ်။ မောင်ယုံသွားမှ မမနှင်းကို မုန်းသွားမေ့သွားမှာမဟုတ်လား။

"ဟိုလူကြီးကိုချစ်တဲ့အမေ့ကိုမုန်းတယ်" လို့ သမီးလေး ပြော





ခဲ့တာတလွဲထင်မနေနဲ့နော်။ မမနှင်းရှင်းပြမယ်။ ကိုမြတ်သင်း အစ်မတွေက ယောက်မလက်ရာ သဘောကျလို့ အကျီလာအပ်နေကျ။ တစ်နေ့သူ့အစ်မကြီး ဆိုင်ကယ်နဲ့ လိုက်ပို့တဲ့ ကိုမြတ်သင်းဟာ ယောက်မကိုလည်းမြင်ရော တစ်ခါတည်းနဲ့ချစ်သွားတယ်။ စွဲလမ်းသွားတယ်ဆိုပါတော့။ ယောက်မက အပျိုကြီးလုပ်တော့မယ်လို့ ဆုံးဖြတ်ထားသူဆိုတော့ ကိုမြတ်သင်းဘယ်လောက်အိမ်လာလာ၊ ချစ်ရေးဘယ်လိုဆိုဆို၊ ဖုတ်လေသည်ငပိ၊ ရှိလေသည်မအောက်မေ့ ဆိုသလိုနေခဲ့တာမောင်။ ကိုမြတ်သင်းက နောက်ဆုံး ကြံရာမရတော့ မမနှင်းကိုလာကပ်ပြီး စည်းရုံးပေးဖို့ ပြောတော့တာပေ့ါ။ အဲဒါကို သမီးလေးက အထင်လွဲသွားတာ။ အထင်လွဲလည်းလွဲ စရာပဲလေ။ လာပိုးတာကယောက်မကို ပတ်ချွဲနပ်ချွဲ၊ နှမ်းယောက်တည်း ပြောနေတာက မမနှင်းနဲ့လေ။ ကိုမြတ်သင်းက ကျောင်းအထိပါ လိုက်အပူကပ်နေတော့၊ သမီးလေးမပြောနဲ့၊ ကျောင်းကတချို့ဆရာ ဆရာမတွေကတောင် မမနှင်းကို လာပိုးနေတယ်ထင်ကြတာ။ ပြီးခဲ့တဲ့နှစ်ကမှ မမနှင်းအမျိုးမျိုးနားချလို့ သူတို့ချင်း အဆင်ပြေသွားကြတာ။ အဲဒီကျေးဇူးတွေကြောင့် ယောက်မဆီစားစရာပို့တိုင်း မမနှင်းတို့ သားအမိအတွက်ပါ ထည့်ပို့နေတာလေ။

မောင် မမနှင်းကို မုန်းစေချင်တဲ့အဓိကအကြောင်းက မမနှင်းချစ်တဲ့ လူပျိုမောင့်ကို အပျိုစင်နဲ့တွေ့ပြီး ညားစေချင်တာပါ။ တကယ်လို့သာ သမီးလေးအဖေနဲ့ မယူဖြစ်ဘဲ ခုလိုပြန်တွေ့ရင် စပြန်တွေ့ခဲ့နေ့တတည်းက မောင့်နောက်လိုက်လာခဲ့မှာ။ မောင်နဲ့ အမြန်ဆုံးထပ်မိမှာ၊ မောင်နဲ့လွဲခဲ့ရတဲ့၊ မောင့်ကိုမျှော်ခဲ့ရတဲ့ရက်တွေအတွက် မမနှင်း

www.burmeseclassic.com

www.burmeseclassic.com

အတွက် ငရဲပြည်ပါ။ အဲဒီတုန်းက မောင်ရောက်လာလာချင်းတောင် လက်ထပ်ဖို့ထိ စိတ်ကူးခဲ့တာပါ။ မောင်နဲ့လွဲသွားမှာ ကွဲသွားမှာအရမ်း စိုးရိမ်ခဲ့တယ်လေ။

မောင်နဲ့ရေတံခွန်ကျောင်းရှေ့မှာ စတွေ့တော့ အဲဒီစိတ်မျိုး၊ အတွေးမျိုးလုံးလုံးမှမရှိတော့တာ။ မောင့်အကြောင်းစုံ သိရတော့ မောင့်ကို သနားပြီး သုံးလေးရက် ငိုလို့မဝခဲ့ဘူး။ ပြီးတော့ အပျိုစင် မဟုတ်တော့တဲ့ ညစ်နွမ်းသွားတဲ့ မမနှင်းဘဝကို မောင့်ရင်ခွင်ထဲ ဘယ်လိုလုပ်အပ်နှံရမှာလဲ။ အို . . အဲဒီတုန်းက ရှုးလောက်အောင် ဖြစ်ခဲ့တာ။ မောင့်ကို အဲဒီအချိန်က တစ်ခုလပ် မုဆိုးဖိုဘဝမျိုးနဲ့ တွေ့ချင်ခဲ့တာ။ မောင်သာတစ်ခုလပ် မုဆိုးဖိုဆိုရင် မမနှင်း မောင့် ရင်ခွင်ထဲဝင်ခဲ့တာကြာပြီ။ မောင်က လူပျိုနနထွတ်ထွတ်ဆိုတော့ မုဆိုးမ မမနှင်းနဲ့ ဘယ်လိုမှ မတန်ဘူးလေ။ မောင့်အပေါ် တွယ်တာ နေတဲ့ သံယောဇဉ်ကို မုဆိုးမဆိုတဲ့ စောင်နဲ့လုံအောင်ခြုံပေမယ့် ဟိုကပေါ် ဒီကပေါ်မို့ မမနှင်းဘာသာ မမနှင်း ရှက်မိပါရဲ့။

တစ်ပတ်တစ်ကြိမ်ပို့နေတဲ့ မောင့်စာတွေကို မမနှင်း ဖတ်ပြီး ငိုနေရတာပါပဲ။ မမနှင်းမောင့်ကို သနားတယ်။ ချစ်တယ်။ မောင့်ဆီ စာပြန်ရေးတော့ မဖြစ်နိုင်တော့လို့ မုန်းလိုက်ပါ။ မေ့လိုက်ပါတဲ့။ တကယ်တော့ မမနှင်း ကိုယ့်ဘာသာကိုယ် ညာနေတာ၊ ဟန်ဆောင် နေတာ၊ မောင့်ကိုအချစ်သူတော်စင်မကြီးလုပ်ပြနေတာ။ ရင်ထဲမှာ တော့ မောင်နဲ့ လက်ထပ်ချင်တယ်။ အတူနေချင်တယ်။ ဒါပေမဲ့ ပတ်ဝန်းကျင်က လူပျိုကိုမုန့်ပေးကြိုက်တယ်။ အမိဖမ်းတယ်လို့ အပြောခံရမှာတော့ ကြောက်တယ်။ အကြောက်ဆုံးက မောင်က



လောဘကြီးလွန်းတဲ့မမနှင်းပါလားလို့ ထင်သွားမှာ အကြောက်ဆုံး လေ။ ဟုတ်တယ်လေ။ လူပျိုကို မုဆိုးမကလိုချင်တာ လောဘကြီး တာပဲပေါ့။

အဲဒီလို မမနှင်းဟန်ဆောင်နေတာ ကြောက်နေတာတွေဟာ သောကြာနေ့ကတော့ မုန်တိုင်းနဲ့တွေ့တဲ့ လဲဝါလေးလို ကြွက်ပျောက် ငှက်ပျောက်ဘယ်ဆီရောက်တုန်းမှန်းမသိတော့ဘူး။ ယောက်မနဲ့ ကိုမြတ်သင်းကို အကြောင်းပြုပြီး အလှူအတန်းသာရေး နာရေးကိစ္စ တွေမှာ ကိုမြတ်သင်းအစ်မတွေက မမနှင်းတို့ အိမ်လာသလို မမနှင်း တို့ ယောက်မကသွားခဲ့ပါတယ်။ မမနှင်းပဲ ကိုမြတ်သင်း အိမ်အဝင် အထွက်ရှိသလို သူ့အစ်မများနဲ့လည်း ခင်မင်ရင်းနှီးခဲ့ပါတယ်။

သောကြာနေ့ကတော့ ယောက်မက အစ်မကြီးမွေးရဲ့ ချုပ်ပြီး သားအင်္ကျီလေးသွားပို့ပေးပါဆိုတာနဲ့သွားခဲ့တာ မမနှင်း မယုံနိုင် လောက်အောင် အံ့သြလွန်းလို့အသက်ရှူရပ်ပြီး ကျောက်ရုပ်လို ရပ်ကြည့်နေမိတယ်။ အစ်မကြီး မွေးက "နှင်းလေး . . . လာလေ" လို့ခေါ်မှ အသိဝင်လာတယ်။ မသင်းသင်းအေးလေ နှမြောစရာ ကောင်းတဲ့ တံကောက်ကွေးထိရှည်တဲ့ ဆံပင်ကြီး ဖြတ်ပစ်ပြီး ဆံပင်ကုပ်ဝဲတွန့်လိမ်ကောက်ကွေးနဲ့လေ။ လှတာတော့ အရမ်းကို လှသွားတာပဲ၊ နုကလည်း အရမ်းကိုနုသွားတာပါ။ အိမ်မှာ နေတာ တောင်၊ အလှျင်လို သနပ်ခါးဘဲကြားမလူးတော့ဘဲ မိတ်ကပ်တွေ လိမ်း နှုတ်ခမ်းနီပါးနီ အိုင်းလိုင်နာတွေနဲ့။

ရုပ်ကသာ အပြောင်းလဲကြီးပြောင်းလဲသွားတာ မဟုတ်ဘူး မောင်။ စိတ်ကပါ မောင့်ကိုစိုးမိုးသွားပြီဆိုတာသိရတော့ မမနှင်း

www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်တော့ဘူး၊ မမနှင်း မောင့်ကိုလက်လွှတ် ဆုံးရှုံးရမှာ ကြောက်လာတယ်။ ထပ်ပြီးမောင့်ကို အဆုံးရှုံးမခံနိုင်တော့ဘူး။ မသင်းသင်းအေး စကားတစ်ခွန်းပြောရင် ကိုသန်းမာမပါတာမရှိဘူး။ တစ်သန်းမာတည်း သန်းမာနေတော့တာ။ ပြီးတော့ ပြောလိုက်သေးတယ်။ ကိုသန်းမာကို နိုင်ငံခြားပို့ဖို့ သူမောင်ကို ဒီနေ့ ကိုသန်းမာရဲ့ မှတ်ပုံတင်သွားယူ ခိုင်းထားတယ်လို့ ကြွားလိုက်သေးတယ်လေ။

မသင်းသင်းအေးတို့အိမ်က ပြန်လာတော့ မမနှင်းလေ မိန်းမတစ်ယောက်ရဲ့ ဟီရိုဩဝ္တပ္ပ အရှက်အကြောက်တရားလည်း အလေးမထားမိတော့ဘူး။ ဆရာမဆိုတဲ့ ဂုဏ်သိက္ခာ သမာဓိကိုလည်း မေ့သွားပြီ။ မမနှင်းရဲ့ ဟန်ဆောင်မှု ရေကာတာကြီးလည်း ကျိုးပေါက်သွားပြီ။ မောင့်ဆီ အမြန်သွားဖို့ စိတ်ရောက်နေလို့ မောင့်စာလာပို့နေကျ ဦးလေးကြီးဆီ သွားနေမိတယ်လေ။ "ဘယ်မှာနေသလဲလို့ . . ." တစ်ခါမေးမိထားလို့ ခုလိုသွားနိုင်တာလေ။

ဦးလေးကြီးနဲ့တွေ့၊ ညပြန်ဖို့လုပ်နေတဲ့ ဦးလေးကြီးကိုတားပြီး မနက် ၄ နာရီခွဲလောက် ခေမာလမ်းထိပ်လာခဲ့ဖို့မှာခဲ့ပြီး လိုက်လာလို့ မောင့်ဆီရောက်လာတာ။ မောင့်ရုပ်ကို စမြင်လိုက်ရတော့ ယူကျုံးမရဖြစ်ရရော။ မောင့်ကလေးတွေက မောင့်အကြောင်း အသေးစိတ်ပြောပြကြတော့ မောင့်ကိုသနားလွန်းလို့ မျက်ရည်ဝဲလာလို့ မျက်တောင်နဲ့ပုတ်ခတ်ပုတ်ခတ် လုပ်ပစ်လိုက်ရတယ်။ ဝါးခုတ်မှတ်တမ်းကြည့်မိတော့ စံချိန်တွေတအားကျသွားအောင် စိတ်ရောဂါ ကိုယ်ရောဂါ ဖြစ်အောင်လုပ်မိတဲ့ မမနှင်းကိုယ် မမနှင်းမကျေနပ်တော့ဘူး။ ကော်ဖီဖျော်ရာ၊ ခရမ်းချဉ်သီးလှီးရာ၊ တောဝက်သားခုတ်ရာမှာ မောင့်



လက်တွေမှားအက်ရာပရွတွေ့လိုက်ရတော့ ကိုယ့်ပါးကိုယ်လက်ဝါးနဲ့ ဘယ်ပြန်ညာပြန် ရိုက်ပစ်လိုက်ချင်မိပြန်ရော။ ပြီးတော့ မောင့်ကလေးတွေက မောင်အခါပေးတော်တဲ့အကြောင်း ကောင်းမြွတ်ဆိုလား၊ ကောင်းသန့်ဆိုလား မင်္ဂလာဆောင် အိမ်ဆောက်တာ မောင်အခါပေးခဲ့တာလို့ ပြောကြတယ်။ ပြီးတော့ သူတို့က နောက်လိုက်ကြသေးတယ်။ "မမတို့မင်္ဂလာဆောင်ရင် သူ့ကိုအခါပေးခိုင်းမမ" သူတို့ပြောတဲ့ "တို့နဲ့သူ" က မောင့်ကို ရည်ညွှန်းပြောကြတာလေ။ မောင်က သမီးလေးကို ဝါးလက်ခုပ်လေး လုပ်ပေးလိုက်တာလည်း မမနှင်းကို ရည်ညွှန်းပေးလိုက်တာလို့ ထင်တယ်လေ။ မောင်နဲ့ မမနှင်းတို့ အဲဒီဝါးလက်ခုပ်လေးလို လောကဓံက မတီးမချင်း နှစ်ယောက်အတူ မခွဲမခွာပူးကပ်နေကြရအောင်၊ လောကဓံက တီးလာရင်လည်း ပျော်ပျော်ပါးပါး အသံဗလံတွေမြည်ပေးကြရအောင် ဆိုတဲ့ သဘောနဲ့ပေးလိုက်တာ မဟုတ်လားမောင်။

အိမ်ပြန်ရောက်ပြီးနောက် ဒီစာမရေးခင် ယောက်မကို ဘယ်တော့ လက်ထပ်ကြမလဲလို့မေးကြည့်တာ ကိုမြတ်သင်းက နိုင်ငံခြားက ပြန်လာမှ လက်ထပ်ရင် မကောင်းဘူးလားလို့ သူ့ကို မေးကြောင်း၊ အစ်ကိုသဘောဟု ပြောခဲ့ကြောင်း၊ ပြောပြတော့ မမနှင်းသူတို့ကို မစောင့်နိုင်တော့ဘူး။ မမနှင်းမောင့်ကို လက်လွှတ်ဆုံးရှုံးမှာ၊ အလျှင်တစ်ခါလိုဖြစ်သွားမှာ တအားကြောက်တယ်။ သမီးလေးကလည်း မောင့်ကိုတွယ်တာနေပြီပဲဟာ၊ ဒီဝါမဝင်ခင် လက်ထပ်ကြရအောင်နော်။

အခုလိုပြောလိုက်လို့ မမနှင်းကို အထင်သေးသွားပြီလား

www.burmeseclassic.com

www.burmeseclassic.com



မောင်။ သရော်ပြုံး ပြုံးနေသလားမောင်။ မတတ်နိုင်ဘူး မောင် ရယ်။ ချစ်ဦးသူနဲ့ ထပ်အလွဲမခံနိုင်တော့ဘူး။ လောဘကြီးတယ်လို့ ပြောချင်ပြောတော့။ မောင် မမနှင်းဆီ အမြန်လာခဲ့နော်။ မမနှင်း ဆီလာရင် အခါပေးအချိန်ပါတစ်ခါတည်း တွက်လာခဲ့နော်။ စာလည်းရှည်သွားပြီ၊ ဒါပဲနော်။

မောင့်အချစ်ဦးမမနှင်း

သန်မှာ မိုးကိုဒူးနှင့် ပြေးတိုက်ချင်လောက်အောင် ပျော်သွား ပြီ။ ဦးမောင်အေးကို ဘောက်ဆူးချဖို့ရှာကြည့်တော့ မတွေ့တော့။ တွေ့လျှင်ကျေးဇူးဆပ်ရမည်။

သန်မှာအဖို့ သည်တောသည်တောင် သည်ရေသည်မြေ ကောင်းကင်တွေပါလှလှန်းနေပါလား။ ။

အခန်း (၃၀)

## တွေ့ရပုံ ခုမှဆန်းကြယ်

သန်မှာက နန်းနှင်းဆီအား တနင်္ဂနွေနေ့တွင် "ထုံသင်းမွှေး" စက်လှေသို့ နံနက် ၉နာရီအရောက်လာရန် စာတစ်စောင်နှင့် ဦးဂန္ဓာထံ နံနက် ၉ နာရီမှ ၉ နာရီခွဲအထိ ငှားသည်ကို စက်လှေ ဖြင့် ငဝန်မြစ်ထဲလှည့်လည်ပြသပေးဖို့ အကူအညီတောင်းသည့် စာတစ်စောင်ကို ဦးမောင်အေးအားပေးလိုက်သည်။ ဦးမောင်အေး ပြန်လာတော့ ဦးဂန္ဓာကလာခဲ့ပါ။ စောင့်နေမည်ဟု မှာလိုက်ကြောင်း ပြောခဲ့သည်။

တနင်္ဂနွေနေ့က သန်မှာ "ထုံသင်းမွှေး" စက်လှေသို့သွားခဲ့၍ တော်သေးသည်။ ခုဖြုန်းစားကြီး ကိုမြတ်သင်း ဆိုင်ကယ်နှင့် ညနေ ၄ နာရီခန့်ရောက်လာပြီး ရန်ကုန်သွားဖို့လာခေါ်ပြီ။ ပတ်စ်ပို့ လျှောက်လွှာတွင် လက်မှတ်ထိုးရန်ကိစ္စနှင့် နိုင်ငံခြားသွားရောက် အလုပ်လုပ်နိုင်ရန် ဆောင်ရွက်ပေးမည့် ကုမ္ပဏီများနှင့် တွေ့ပေး



www.burmeseclassic.com

www.burmeseclassic.com



ရန် သူ့ကိုရိုးယားထွက်သွားလျှင် သန်မာဘာသာလုပ်တတ်ရန် အတွေ့အကြုံရှိအောင် ခေါ်သွားမည်ဟုပြောသည်။

တနင်္ဂနွေနေ့ကသာ နန့်နှင်းဆီနှင့် မချိန်းဖြစ်လျှင် အမြန်ဆုံး လက်ထပ်ဖို့အတွက် အခက်အခဲဖြစ်သွားပေလိမ့်မည်။

တနင်္ဂနွေနေ့က ထုံသင်းမွှေးစက်လှေပေါ်တွင် ရှေ့ရေးကို ဆွေးနွေးခဲ့ကြသည်။ အထူးသဖြင့် သန်မာ ဆွေးနွေးသည်က ခင်နှင်းဖွေး၏ရှေ့ရေး၊ ပညာရေး ဆယ်တန်းဂုဏ်ထူးတွေ အများကြီး ပါအောင် ကျူရှင်ထားနိုင်ဖို့ ဆယ်တန်းအောင်ပြီး ဆေးကျောင်းတက်နိုင်ဖို့ လိုအပ်တာမှန်သမျှ သူဘယ်လိုဆောင်ရွက်ပေးမည်။ နိုင်ငံခြားမထွက်ဖြစ်လျှင်လည်း ရိုးမမှာငွေအများကြီးရအောင် ကြိုးစားဝါးခုတ်မည်ပြောတော့ နန့်နှင်းဆီ၏ မျက်လုံးအိမ်မှ မျက်ရည်တွေအန်ကျလာသည်။ သန်မာက မျက်ရည်သုတ်ပေးရင်းမေးတော့ မအေတူသမီးလေးနှင့် သူ့အဖေ ဦးဝင်းအောင်ကိုသတိရလို့ဟု ပြောသည်။ သမီးလေး ခင်နှင်းဖွေးကို ဆေးကျောင်းထားချင်သည့်ကိုခင်မောင်မြင့်ကိုလည်း သတိရချင်ရနေပါလိမ့်မည်။ ရပါစေလေ။ ခင်နှင်းဖွေးလေး၏ အဖေသည် သန်မာဖြစ်လာတော့မည် မဟုတ်ပါလား။

သန်မာက ကြိုတင်လုပ်လာသည့် မင်္ဂလာအခါပေး ရေးထားသည့် ပြက္ခဒိန်ကို နန့်နှင်းဆီအားပေးလိုက်သည်။ နယုန်လတစ်လလုံးတွင် ရက်ယုတ်ရက်ဆိုးလွတ်သည့်ရက်က ဆယ့်တစ်ရက်ပဲရှိသည်။ ဒါတောင်အပြစ်အနာအဆာတွေနှင့်။ အပြစ်ကင်း၍ ရက်ရာဇာဖြစ်သည့်အပြင် စုတ်ဝင်လာဘ်ရောက်၊ ဘေးရန်ပျောက်သည့်ရက်အင်္ဂါလေးရက်ပဲရှိသည်။ နန့်နှင်းဆီက မင်္ဂလာဆောင်မည့်ရက်ကို ဇူလိုင်လ ၅ ရက်နေ့ အင်္ဂါနေ့ရွေးလိုက်သည်။ သန်မာက မင်္ဂလာ



ဆောင်ဖိတ်စာ ကြိုရိုက်ရန် အချက်အလက်မေးပြီး စာစီပြသည်။ နန့်နှင်းဆီက ဖတ်ကြည့်ပြီး ငါးရာရိုက်ဟုပြောသည်။

အချိန်တော့ ရပါသေးသည်။ ကိုမြတ်သင်းနှင့် ရန်ကုန်သွားရင်း ဖိတ်စာလှလှလေးကို ရန်ကုန်မှာပဲရိုက်မည်ဟု စိတ်ကူးလိုက်သည်။ သန်မာက အလုပ်တွေမပြတ်သေး၍ နံနက်ထွက်မည့် ဝါးကားနှင့် လိုက်လာမည်ဟု ကိုမြတ်သင်းကို ပြောလိုက်သည်။ ကိုမြတ်သင်း ဆိုင်ကယ်ပေါ်အတက် ပြည့်စုံကပြေးလာပြီး "ဝါးခုတ်မှတ်တမ်းစာအုပ်" ကုန်နေပြီဟု လာပြောသည်။ သန်မာက တခြားဘာလိုသေးလဲ၊ ငါကိုမြတ်သင်းနဲ့လိုက်သွားပြီး သိတာကုန်းမြင်ကဝယ်လာခဲ့မယ်ပြောတော့ ပြည့်စုံက လိုတာတွေပြောတော့သည်။ သည်လိုနှင့် ကိုမြတ်သင်းဆိုင်ကယ်နှင့် သန်မာလိုက်လာဖြစ်သည်။

သန်မာသည် တွင်းချောင်းတံတားမရောက်ခင် လက်ဝဲဘက်ပေ ၁၅၀ ကျော်ခန့်တောင်ကုန်းအခြေတွင် နွားလှည်းတစ်စီးကို တွေ့လိုက်သဖြင့် "ကိုမြတ်သင်းခဏ" ဟုပြောလိုက်ပြီး ဆိုင်ကယ်ရပ်လိုက်သည်နှင့် ထိုလှည်းဆီသို့ ပြေးကြည့်သည်။ လူတစ်ယောက်မျှမရှိ။ ဆိုင်ကယ်စက်သံကြား၍ ထွက်ပြေးပုန်းရှောင်နေကြသည်ထင်သည်။ နွားလှည်းကို နွားများမဖြုတ်ဘဲ လှည်းထောက်ခွထောက်ထား၏။ ကွင်းချောင်းကွေ့ကုန်းအဆင်းတွင် ကျွန်းပင်တစ်ပင် ခုတ်ထားပြီးဖြစ်သော်လည်း ကိုင်းဖျားကိုင်းနား မသင်ရသေး။ ကျွန်းရွက်များကြွေပြီးချိန်မို့ အဖြောင်ရှင်းနေသည်။ ခုတ်ထားသည့် ကျွန်းပင်ကလည်း သက်ရင့်ပုတ်၊ လုံးပတ်တစ်ပေကျော်ကျော်ခန့်လောက်သာရှိမည်။ အမြောစရာ။ သန်မာက ချောင်းဟန့်၍ လှူလိုက်ရှာသည်။ မတွေ့။ အဝေးသို့

www.burmeseclassic.com

www.burmeseclassic.com



ပြေးကုန်ကြပြီလား။ သန်မာက ခါးရှိလက်ယာဘက်ဓားအိမ်မှ ဝါးခုတ်ဓားကိုထုတ်လိုက်သည်။ လှည်းစည်းကုံး ကို တဲတဲလေးကျန်အောင်ဆပြီး တစ်ချက်ခုတ်လိုက်၏။ ထို့နောက် ဓားကို ဓားအိမ်ထဲပြန်ထည့်ရင်း ကိုမြတ်သင်းရှိရာ ပြေးလာခဲ့သည်။

သန်မာက ဆိုင်ကယ်ထွက်လာတော့ လှည်းစည်းကုံးကို ဓားနှင့်ခုတ်ခဲ့သည့်ကိစ္စမှအပ သူမြင်ခဲ့ရပုံ အလုံးစုံကို ကိုမြတ်သင်းအား ပြန်ပြောပြလိုက်သည်။ ကိုမြတ်သင်းက ဆိုင်ကယ်နှင့်ပြန်လိုက်ပို့ပေးရမလားမေးတော့ သန်မာက မလိုက်ပို့ပါနှင့်ဟု ပြောလိုက်သည်။ သီတာကုန်းပြင်သွားသည့် ကျောက်ချောလမ်းထိပ်မရောက်ခင် သန်မာက ကိုမြတ်သင်းအား ဆိုင်ကယ်အရပ်ခိုင်းလိုက်သည်။ ပြီးတော့ "သွားတော့ကိုမြတ်သင်း" ဟု ပြောပြီး လက်ပြနှုတ်ဆက်လိုက်သည်။ ပြီးတော့ သက်ဆိုင်ရာသို့သွား၍ ကိုမြတ်သင်းကို ပြောခဲ့သလိုမျိုး သတင်းပို့လိုက်သည်။ ပြီးမှ သီတာကုန်းပြင်သို့သွားပြီး အတ်ထုစာအုပ်နှင့် လိုအပ်တာများဝယ်ပြန်လာခဲ့သည်။

စေတနာစခန်းထိ ၂၃ မိုင်ကို သန်မာ့ခြေလှမ်းနှင့် လျှောက်လျှင် လေးနာရီအပြင်ပိုမလျှောက်ရ။ ကံကောင်းထောက်မစွာ ရွှေထမင်းဆိုင်ရှေ့ရောက်တော့ ထိုဆိုင်မှ ဂွဘက်ထွက်သည့်ကားတားလိုက်တော့ လိုက်ဖို့ခွင့်ပြုသည်။ သန်မာတစ်လမ်းလုံး သစ်လှည်းကိုဖမ်းလာမလားဟု ဂရုတစိုက်ကြည့်လာခဲ့သည်။ တစ်လမ်းလုံး ဘာလှည်းမှမတွေ့။ သည်အချိန်ဆို ပေတိုင်းတာ သစ်တင်တာဖမ်းတာဆီးတာနှင့် တောထဲက ထွက်မလာနိုင်သေးတာလားဟု တွေးမိပြန်သည်။ ကားလေးက ၂၈ မိုင်တွင် ရပ်ပေးတော့ ပိုက်ဆံ



ထုတ်ပေးပေမယ့် မယူ။ သန်မာက ခါးညွတ်၍ ကျေးဇူးတင်ကြောင်းပြောပြီးလက်ပြနှုတ်ဆက်လိုက်သည်။ ယာဉ်မောင်းက လက်ဝှေ့ရမ်းထွက်သွားသည်။ သန်မာစခန်းသို့ ညရှစ်နာရီမတ်တင်းပြန်ရောက်လာသည်။ ဘာလှည်းမှ မတွေ့ခဲ့။ အသွားတုန်းကနေရာသွားကြည့်တော့လည်း ကျွန်းပင်ကိုင်းဖျားကိုင်းနားတွေသာ တွေ့တော့သည်။ လှည်းနွား လူမတွေ့ရတော့။

ကျွန်းတုံးကို ကွမ်းချောင်းအတိုင်းမျှောချလိုက်လေသလား။ ဒါလည်းမဖြစ်နိုင်။ ကျွန်းတုံးကို မျှောချလိုက်ဦး၊ လှည်းတွေနွားတွေကို သန်မာလမ်းတွင်တွေ့ရမည်။ ခုမတွေ့။ သန်မာ တစ်လမ်းလုံး လေးထောင့်ထိုးမာတ်မီးနှင့် ဘေးဘယ်ညာထိုးကြည့်လာခဲ့သည်။ ဘာမျှထူးထူးခြားခြားမတွေ့ရ။ လှည်းစည်ကုံး ပြတ်သွားပြီး ကျွန်းတုံးလှည်းပေါ်မှ တန်းလန်းမိအောင် သန်မာလှည်းစည်းကုံးကို ဓားနှင့်ခုတ်ခဲ့ခြင်းဖြစ်သည်။ လှည်းစည်းကုံး အပိုယူလာသူများဖြစ်လိမ့်မည်။ မည်သို့ပင်ဖြစ်ဖြစ် ကျွန်းသစ်ကိုင်းဖျင်မှာနှင့်၊ တင်မှာနှင့်၊ လှည်းစည်းကုံးလဲမှာနှင့်ဆိုလျှင် အမြန်ဆုံးတစ်နာရီခွဲ နှစ်နာရီကြာမည်။ ငါးသိုင်းချောင်း - ဂွလမ်းဘက်ရောက်အောင် မောင်းဖို့တာ နာရီဝက်ကြာမည်။ သက်ဆိုင်ရာက ဆိုင်ကယ်နှင့် လာဖမ်းလျှင် ထိုမျှကြာသည့်ကာလ မမိနိုင်စရာအကြောင်းမရှိ။ ထိုလှည်းဂွဘက်သို့သွားလေသလား။ ငါးသိုင်းချောင်း-ဂွလမ်း၏ မြောက်ဘက်ရှိ လမ်းများအတိုင်းသွားလေသလား။

တာဝန်ရှိ တာဝန်သိပြည်သူတစ်ဦး၏ တာဝန်ကျေခဲ့ပြီ။ တွေ့ရပုံခုမှ ဆန်းကြယ်လွန်းလေစွတကား။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၂)

## ဖန်လာပုံဆန်းကြယ်

သန်မာက ကိုမြတ်သင်းကို ဦးလေးတို့ဒေါ်လေးတို့အိမ်မှာပဲ တည်းခိုစေခဲ့သည်။ သန်မာ့ကိစ္စအဝဝက တစ်ပတ်နှင့် ပြတ်သွားပေမယ့် ကိုမြတ်သင်းကိစ္စကမပြတ်။ ကုမ္ပဏီပိတ်ထားသလို၊ ပြောင်းသွားသလို ကုမ္ပဏီလူကြီး၏ အမေဆုံး၍ ခဏနယ်ပြန်သွားသလိုနှင့်မို့ သူ့ကိစ္စဘာမျှ မဆောင်ရွက်ရသေး။ ကိုမြတ်သင်းကို လာစုံစမ်းသူလူကြီး လူငယ်လူရွယ်တွေလည်း အတော်များသည်။ ကိုမြတ်သင်းက ဝါးကိစ္စနောက်ကြောင်းမအေးသဖြင့် သန်မာကို ပြန်လွှတ်သည်။ သန်မာက စက်လှေဆိပ်ဆင်း၊ ဦးဂန္ဓာနှင့်တွေ့ပြီး ထူးခြားမှုမရှိကြောင်းသိရမှ ကိုမြတ်သင်းအိမ်သွားခဲ့သည်။

မသင်းသင်းအေးတို့ ညီအစ်မကို သူတို့မောင်ဝယ်ပေးလိုက်တာရော သန်မာဝယ်လာသည့် လက်ဆောင်ပါပေးလိုက်တော့ ညီအစ်မနှစ်ယောက် ပျော်တပြုံးပြုံးဖြစ်နေသည်။ မမနှင်းစာသတိ





ရပြီး မသင်းသင်းအေးကို သေချာကြည့်မိတော့ ရုပ်ရှင်မင်းသမီးလို ချောမောလှပနေသည်။ ဆံပင်ကြောင့် ပိုငယ်သွားပြီး အလှသွေးတွေကလည်း ပိုကြွယ်လာသည်။

"လှလို့ကြည့်တာလား ကိုသန်မာ။ ဒါနဲ့ ပြောရဦးမယ်။ ခု ကိုသန်မာနိုင်ငံခြားသွားမှာ ကိုသန်မာပူစရာမလိုဘူးနော်။ မမအေးက ပေးမှာ။ မမအေးကျေးဇူးသာ ကိုသန်မာမေ့ဖို့ မကြိုးစားနဲ့. . ."

မသင်းသင်းအေး ဘာကိုရည်ညွှန်းပြောသည်ကို သန်မာ ကောင်းကောင်းသိပါသည်။ သည်ယုန်မြင်၍ သည်ချုံထွင်မှန်း သန်မာသိလိုက်ပါပြီ။ သန်မာမပြတ်သား၍ မဖြစ်တော့ပါ။ အစ်မကြီးမွေးအပြင်ထွက်သွားသဖြင့် သန်မာက မနှင်းဆီနှင့် သူ့အကြောင်းကို ဇာတ်စုံခင်းပြလိုက်ပါသည်။ မသင်းသင်းအေး၏ မျက်နှာတွင် အလှအပများရှာ၍မရတော့ပါ။ ပြုံတော့မည့် မိုးလို ညှိုးနေပါပြီ။ စူပုပ်လာပါပြီ။

သန်မာက "မခင်မြင့်ရီတို့အိမ် လက်ဆောင်သွားပေးဦးမယ်" ဟု ပြောလိုက်ပေမယ့် စကားမပြန်တော့ပေ။ သန်မာ မခင်မြင့်ရီတို့အိမ်ရောက်တော့ မခင်မြင့်ရီရော နန်းနှင်းဆီပါမရှိသည့်အတွက် လက်ဆောင်ပစ္စည်းအားလုံး ခင်နှင်းဖွေးကို ပေးခဲ့ပြီးပြန်လာခဲ့သည်။

သန်မာ၏ အားအင်တွေ တစ်စုံတစ်ယောက်၏ နှင့်သို့ခြင်း ခံရသလိုမျိုးခံစားနေရသဖြင့် မသင်းသင်းအေးတို့ အိမ်သို့လည်း မသွားလိုတော့။ ထုံသင်းမွှေးစက်လှေသို့ပင် မနည်းလာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

စက်လှေပေါ်တွင် ဦးဂန္ဓာမရှိ။ မေးကြည့်တော့ ကိုမြတ်သင်းတို့အိမ်သွားကြောင်းသိရသည်။ သန်မာစာတစ်စောင်ရေးနေစဉ် ဦးဂန္ဓာ ပြန်ရောက်လာသည်။မျက်နှာမကောင်း။ သန်မာက မေးကြည့်တော့ ကိုမြတ်သင်းက ဖုန်းဆက်ကြောင်း၊ သူနှင့်ကမ်းနီကိုလှိုင်ဝင်း အဆက်အသွယ်ရ၍ ပျော့ဖတ်စက်ရုံခေတ္တရပ်ထားရသည်ဟု သိရကြောင်း၊ ကရင်ဝါးကုန်ကြမ်းလို၍ ရပ်ထားရလျှင် ဝါးကုန်သည် ဝါးခုတ်လုပ်သားတို့၏ တာဝန်မကင်းကြောင်း၊ စေတနာဝါးခုတ်စခန်းက လုပ်သားတွေကြိုးစားခုတ်ပေးကြဖို့ ပြောပေးရန်မှာကြောင်း၊ ကိုရီးယားသို့ အလုပ်ရှာပေးသည့် ကုမ္ပဏီက ကိုမြတ်သင်း၏ ငွေတွေလိမ်ယူသွားကြောင်း။ သူလို လူငါးဆယ်ခန့် အလိမ်ခံရကြောင်း၊ အမှုဖွင့်ဖို့ အလိမ်ခံရသူအားလုံး ညှိနှိုင်းတိုင်ပင်နေကြောင်း၊ ကိစ္စပြီးလျှင် အမြန်ပြန်လာမည်ဖြစ်ကြောင်း၊ ဦးဂန္ဓာနှင့်သန်မာတို့ ညှိနှိုင်းပြီး လုပ်ငန်းအဆင်ပြေအောင်ဆောင်ရွက်ပေးဖို့မှာကြောင်း ပြောပြသည်။

သန်မာမကြုံစဖူးအောင် စိတ်မာတ်ကျသွားပြီ။ သူ နိုင်ငံခြားအလုပ်သွားမလုပ်ချင်တော့။ နိုင်ငံခြားသို့သွားအလုပ် မလုပ်တော့ဟုလည်း ယတိပြတ်ဆုံးဖြတ်လိုက်သည်။ ခင်နှင်းဖွေးလေး၏ ရှေ့ရေးအတွက် တစ်ခုတည်းသော အလုပ်က ကရင်ဝါးခုတ်သည့် အလုပ်သာဖြစ်၍လာခဲ့ပြီ။ စက်ရုံကြီးမရပ်အောင် အမြဲလည်ပတ်နေအောင် သန်မာတို့ဝါးခုတ် လုပ်သားတွေ ကိုယ့်တာဝန် ကိုယ်ကျေဖို့ ပြောရမည်။ သန်မာဘုရားကြီးစခန်းသို့သွားစဉ်တ ဗိုလ်မှူးခင်မောင်ထူး



ပြောခဲ့သည့် စကားများ ပြန်လည် ကြားယောင်မြင်ယောင်လာသည်။

" ခင်ဗျားတို့က စက်ရုံကိုဝါးသွင်းတဲ့ ကုန်သည်သက်သက် မဟုတ်ဘူး။ ဝါးခုတ်တဲ့လုပ်သားတွေတလည်း ကိုယ့်ဝိုက်ဆံရရုံ ထမင်းစားရရုံ လုပ်နေကြရတာမဟုတ်ဘူး။ ခင်ဗျားတို့ လုပ်နေကြရတာတွေက ခင်ဗျားတို့ အတွက် တစ်ခုတည်းလုပ်နေကြရတာမဟုတ်ဘူး။ ဒီစက်ရုံက တရုတ်နိုင်ငံနဲ့ပေါင်းလုပ်ထားတာ၊ နိုင်ငံခြားနဲ့ ဆက်သွယ်လုပ်နေတာ။ ခင်ဗျားတို့ ကုန်ကြမ်းရှာတယ်ဆိုတာ၊ တစ်နည်းအားဖြင့်ပြောရရင် ကြီးကြီးကျယ်ကျယ်ပြောရရင် နိုင်ငံခြားနဲ့ ဆက်သွယ်ရေးအဆင်ပြေအောင် လုပ်နေကြတာ။ နိုင်ငံခြားနဲ့ ဆက်သွယ်နေတာပဲ ပြောပါတော့ . . . "

"ခင်ဗျားတို့ ကုန်ကြမ်းရှာမပေးနိုင်ရင် ပျော့ဖတ်စက်ရုံကြီးရပ်သွားမယ်။ စက်ရပ်သွားလို့ ပျော့ဖတ်မပို့နိုင်တော့ရင်၊ တရုတ်နိုင်ငံကို ပျော့ဖတ်မပို့နိုင်တော့ရင် မြန်မာနိုင်ငံမျက်နှာပူရမယ်။ ကိုယ့်နိုင်ငံ ဂုဏ်သိက္ခာကျမယ်။ ဒီလောက်ထိ ခင်ဗျားတို့က တွေးကြပါ။ မြင်ကြပါ။ ခင်ဗျားတို့ကိုယ့်နိုင်ငံမျက်နှာပူရအောင် မျက်နှာငယ်ရအောင် ဂုဏ်သိက္ခာကျအောင် လုပ်ကြမှာလား . . . . "

"မလုပ်ပါဘူး . . . "ဟု ဝါးကုန်သည်များက အော်သည်။

"ငါတို့ဟာ စက်ရုံက ကုန်ကြမ်းလိုသလောက်၊ ဝါးရအောင် မဝယ်နိုင်ရင် မခုတ်နိုင်ရင်၊ ငါတို့ဟာ တိုင်းပြည်မျက်နှာကို အိုးမည်းသုတ်နေသလိုမျိုးဖြစ်နေပါလားလို့အထိ ခင်ဗျားတို့ တွေးတတ်၊

www.burmeseclassic.com

www.burmeseclassic.com



မြင်တတ်၊ ကြည့်တတ်ရမယ်။ တကယ်ကျတော့ ခင်ဗျားတို့အလုပ်က လုပ်သလောက် အကျိုးရှိပြီး စေတနာသဘောထားလုပ်မယ်ဆိုရင် တိုင်းပြည်အတွက် မျက်နှာရ၊ ခင်ဗျားတို့အတွက်လည်း ဝမ်းဝခါး လှမယ့် အလုပ်ပါ။ ကျွန်တော် ခုပြောတဲ့စကားကို ဝါးခုတ်လုပ်သား တွေသိအောင် တစ်ဆင့်ပြန်ပြောကြစမ်းပါ။ အားလုံးကြိုးစားကြ စမ်းပါဗျာ. . . ”

ဗိုလ်မှူးခင်မောင်ထူး(ငြိမ်း)၏ စကားကို ပြန်ကြားယောင်မိ တော့၊ ခင်နှင်းဖွေးလေးမျက်နှာ ပြေးမြင်မိတော့၊ သန်မာစိတ်တွေ လန်းဆန်းတက်ကြွလာသည်။ ခွန်အားတွေ တိုးလာသည်ဟု ထင် လာမိသည်။ နွေ၊ မိုး၊ ဆောင်း မရွေး ခါတိုင်းထက် အချိန်တိုး လုပ်အားမြှင့်၊ ငွေနှင့်ဝီရိယကူပြီး ဝါးကြိုးစားခုတ်တော့မည်ဟုသန်မာ ယတိပြတ်ဆုံးဖြတ်လိုက်၏။

နက်ဖြန်ကစ ရိုးမသို့သာ သွားတော့ပါမည်လေ။ ။

BURMESE CLASSIC .com

အခန်း (၃၃)

## ရိုးမဆီသို့သာ

သန်မာသည် မနေ့က ထုံသင်းမွှေး စက်လှေပေါ်တွင် ရေးခဲ့ သည့်စာကို ဦးမောင်အေးနှင့် မပေးမီ တစ်ခေါက်ဖတ်ကြည့်လိုက် သည်။

မမနှင်း

*ဒီနေ့ညနေမမနှင်းတို့အိမ် မောင်လာတော့ မခင်မြင့်ရီရော မမနှင်းပါမရှိဘူးလေ။ ခင်နှင်းဖွေးလေးပြောတာ ဒေါ်လေးက မိုးကောင်းဘုရား သွားဖူးတာတဲ့။ အမေက ခုလေးတင် ဘေးအိမ်က မလေးနု ဗိုက်နာလို့ ဆေးရုံသွားပို့တယ်တဲ့။ ဒီနေ့ သမီးလေးနဲ့ တွေ့ပုံ ကလည်း ဆန်းတယ်။ ခြံရှေ့မှာတွေ့တာ။ သူ့သူငယ်ချင်း သူနဲ့ ရွယ်တူကောင်မလေးက တရှိုက်ရှိုက်ငိုလို့။ အဲဒီကောင်မလေး လက်ထဲမှာလည်း ချောကလက်တစ်ခဲ ကိုင်လို့။ သမီးလေးကပေး ထားတာ ဖြစ်မှာပေါ့။ “နင့်အမေခေါ်နေပြီ သွားတော့၊ မိုမနေနဲ့။ ဒီလူကြီးဒီတစ်ခါလာရိုက်ရင် ဓားနဲ့ထိုးပစ်လိုက် . . . ”လို့ သမီးလေး*



www.burmeseclassic.com

www.burmeseclassic.com



က ပြောလိုက်တော့ မောင်အံ့ဩလိုက်တာလေ။ အဲဒီကောင်မလေးလည်း ပြန်သွားရော၊ မောင်နဲ့ သမီးလည်း အိမ်ထဲဝင်လာခဲ့တယ်။ ဒါပေမဲ့ သမီးလေးမျက်နှာမှာ အရွယ်နဲ့မလိုက်တဲ့ ဒေါသငွေ့တွေ တွေ့နေရတော့၊ အမှန်ပြောရရင် မောင်သမီးလေးကို လန့်နေမိတယ်။ အရင်လို မောင့်ကိုဖော်ဖော်ရွေရွေမရှိတော့ဘူး။ မောင်ပေးတဲ့လက်ဆောင်ထုပ်ကိုလည်း သမီးလေးက စားပွဲပေါ် ပစ်တင်လိုက်တယ်။ အရင်လိုကိုင်တောင် မကြည့်တော့ဘူး။

မောင်က ချော့မေးတော့မှ အဲဒီကောင်မလေးအကြောင်း ပြောပြတယ်။ မအေးမြတဲ့။ သူနဲ့ အတန်းတူ အခန်းတူ။ ပထမတန်းနှစ်ကစပြီး မအေးမြ မငိုရတဲ့နေ့တစ်နေ့မှမရှိဘူးတဲ့။ အမေအရိုက်ခံနေရတာ မြင်ရလို့ သနားပြီးမအေးမြ ငိုရသလို မအေးမြကိုယ်တိုင် အရိုက်ခံရ မကြားဝံ့မနာသာ အဆဲခံရလို့ ငိုခဲ့ရတာတဲ့။ သူ့ကိုတောင် "ဟဲ့ ကောင်မလေး လာမကစားနဲ့ ပြန် "လို့ သုံးလေးခါ အပေါက်ခံရဖူးတယ်တဲ့။ မအေးမြအမေက မိုးမလင်းခင်ပဲပြုတ်ရောင်း၊ နေ့ခင်းကန်စွန်းဥပြုတ်ရောင်း၊ ပြောင်းဖူးပြုတ်ရောင်းပြီး တစ်နေကုန်လုပ်ကျွေးနေတာ။ အရက်မိုး မပေးနိုင်ရင်ရိုက်၊ အရက်ဝယ်မပေးရင်ရိုက်တော့၊ မအေးမြက ပုန်းပြီးငိုနေရတာ နေ့တိုင်းတဲ့။ ဒီနေ့ မအေးမြအမေဈေးကြေး သွားတောင်းနေချိန် ကျောင်းပြန်လာတဲ့ မအေးမြကို အရက်ဝယ်ခိုင်းတယ်။ မအေးမြက သူ့မှာပိုက်ဆံမရှိဘူးပြောတော့ ပါးရိုက်ပြီး၊ ပိုက်ဆံရှာဝယ်ခဲ့လို့ ပြောရင်း မကြားဝံ့မနာသာ ဆဲလွှတ်လို့၊ သူ့အိမ်ရောက်လာတာတဲ့။ သူ မအေးမြပထွေးကို အရမ်းမုန်းသလို သူ့အမေကိုလာပိုးတဲ့ကိုမြတ်သင်းကိုလည်း အရမ်းမုန်းတယ်တဲ့။ အမေ့ကို လာပိုးတဲ့ လူမှန်သမျှကို မုန်းတယ်။ မကြည့်ချင်ဘူး။ သူ့အမေနောက်ယောကျ်ားမယူရဘူး။ ပထွေး



မလိုချင်ဘူး။ ပထွေးမုန်းတယ်လို့ ဒေါ်နဲ့ မောနဲ့ ပြောခဲ့တယ် မမနှင်း။ မောင်က လူမှာ လူဆိုးလူကောင်း ပထွေးဆိုး ပထွေးကောင်းရှိတဲ့ အကြောင်း၊ အမေက အသက်ငယ်သေးတော့ နောက်အိမ်ထောင်ပြုချင်ရှာမှာဖြစ်ကြောင်း၊ သမီးလေးရဲ့ ဘဝရှေ့ရေးအတွက် အမေတစ်ယောက်တည်း တာဝန်ယူရတာနဲ့ ခင်ပွန်းနဲ့အတူ တာဝန်ယူရတာ မတူကြောင်း၊ အမေ့ကို သနားဖို့ကောင်းကြောင်းရှင်းပြတော့၊ ဦးပါ အမေ့ကိုလာပိုးတာလား။ သွား ခုထွက်သွားလို့ အော်ရင်း အိမ်ထဲဝင်ပြေးသွားတယ် မမနှင်း။ အိမ်ထဲကနေပြီးလည်း ယောကျ်ားဆို ဘယ်ယောကျ်ားမှမလာကြနဲ့၊ လာရင်ဓားနဲ့ထိုးပစ်မယ်အော်ရင်း ပြေးထွက်သွားတယ်။ မောင်က ဓားသွားယူတယ်အောက်မေ့တာ။ မဟုတ်ဘူး မမနှင်း။ မောင်ပေးထားတဲ့ လက်ဆောင်ပစ္စည်းတွေ အကုန်ယူလာပြီးစားပွဲပေါ် ပစ်တင်လိုက်တယ်။ အဲဒါတွေ အကုန်ပြန်ယူသွား မလိုချင်ဘူး။ နောက်တယ်တော့မှ မလာနဲ့ မျက်နှာလည်းမကြည့်ချင်ဘူးပြောပြီး မောင့်ကို မောင်းထုတ်တယ်လေ။

သမီးလေးရဲ့ခေါင်းထဲ အသည်းထဲမှာ မအေးမြရဲ့ ပထွေးကြည့်ပြီးပထွေးဆိုးဟာစွဲနေပြီ။ ပထွေးဆိုရင် ယုတ်မာဆိုးညစ်သူလို့ ထင်နေပြီ မမနှင်း။ မောင်နဲ့မမနှင်းဘဝက အချစ်ကံခေလှချည်လား။ အချစ်တံဆိုးလှချေလား။ သမီးလေးစိတ်ချမ်းသာဖို့အတွက် မောင်နဲ့ မမနှင်းတို့ရဲ့ အချစ်ဗိမာန်လေး မတည်ခင်ကပြိုခဲ့ရမလို ဖြစ်နေပြီ မမနှင်း။ မောင်လေ ရန်ကုန်က ရိုက်လာတဲ့မင်္ဂလာဆောင်ဖိတ်စာတွေကိုမမနှင်းပြဖို့ အိမ်ယူလာခဲ့ပေမယ့် မဖြစ်ဘူး ဒါမောင်နဲ့ မမနှင်းတို့ရဲ့ နိမိတ်ပုံလားကွယ်။ မမနှင်းလည်း သမီးလေးရဲ့ အမုန်းခံ ဘဝမျိုးနေချင်မှာမဟုတ်ပါဘူး။ မောင့်မှာတော့ သမီးလေးရဲ့

www.burmeseclassic.com

www.burmeseclassic.com



အချစ်ခံဘဝမျိုးနဲ့ ပိုနေမြဲ ကျားနေမြဲတောင် နေခွင့်မရှိတော့ဘူးလေ။

မောင့်ကိုသမီးလေးဘယ်လို မုန်းသွားမုန်းသွား၊ မောင်ကတော့ သမီးလေးကိုရင်ထဲမှာချစ်နေမယ်။ သူ့ဆယ်တန်း ဂုဏ်ထူးတွေ တစ်သီတစ်တန်းကြီးနဲ့ အောင်အောင်၊ ဆေးကျောင်းတက်နိုင်အောင် လုပ်ပေးရမှာက သမီးလေးကိုချစ်နေတဲ့ အဖေအမည်မခံရတဲ့ မောင့်တာဝန်လေ။ မောင့်တာဝန်မောင်ကျေစေရမယ်လေ။

"တစ်ဦးကိုတစ်ဦးပေးခဲ့ဖူးတဲ့အသည်းလေးများဖြင့် နှစ်ဦးကိုယ်စီသိကြတယ်နော်ကွယ်"ဆိုတဲ့ သီချင်းစာသားထဲကလို လက်ထပ်ခွင့်မရနိုင်ကြတော့ပေမယ့် မောင်နဲ့မမနှင်းတို့ရဲ့ နက်ရှိုင်းတဲ့ အချစ်တွေကို ကြိတ်မှိတ်မျိုသိပ်ထားရင်း မောင်နဲ့ မမနှင်းတို့ရဲ့ အချစ်ဝံ့တိုင်းနဲ့ သမီးလေးအတွက် ဘေးဆီးရန်ကာလုပ်ကြရအောင်နော်။

ခု မောင်သေချင်စိတ်ပေါက်အောင် စိတ်ထိခိုက်နေပေမယ့် အရင်နဲ့စာရင် မမနှင်းကိုမောင့်ရင်ထဲမှာ ချစ်ခွင့်ရနေတာရယ်၊ မောင်ကြည့်ချင်တဲ့အချိန်လာကြည့်ခွင့်ရနေတာရယ်၊ သမီးလေးအတွက် မောင်အလုပ်တွေ လုပ်ပေးနေရဦးမှာပါလားဆိုတဲ့ စဉ်းစားမိတာတွေရယ်ကြောင့် ထိခိုက်ကြေကွဲစွာ ခံစားရင်းက တဖြည်းဖြည်း ပျော်လာတယ်လေ။

သမီးလေးကိုမောင်လုံးဝ မပြစ်မမြင်ပါဘူး။ အမေက လှနေမွှေးနေဆဲ နှင်းဆီပန်းလေ။ အမေနှင်းဆီပွင့်ကို ခူးခွင့်မပေးချင်တဲ့ နှင်းဆီဆူးသမီးလေးမှာ အပြစ်မရှိပါဘူးလေ။ နှင်းဆီပန်းကို ကာကွယ်ဖို့ နှင်းဆီဆူးကို သဘာဝက ပေးထားတာမဟုတ်လား။ မွှေးလွန်းတဲ့နှင်းဆီ လှလွန်းတဲ့နှင်းဆီကို ဇွတ်တရွတ် ခူးမယ်ဆိုရင် မောင်ခူးလို့ရပေမယ့် နှင်းဆီဆူးမြမြက ခူးမှာဆွတ်မှာကို သူသဘော



မကျလေတော့ မောင်မဆွတ်မခူးတော့ပါဘူး။ ဒါပေမယ့် နှင်းဆီပန်းလေး လှနေဖို့ မွှေးနေဖို့ နှင်းဆီဆူးလေး ချွန်နေဖို့ မြနေဖို့ မောင်ရေလောင်းပေါင်းသင်ပေးပါ့မယ်လို့။

ကံခေတဲ့ . . . မောင်၊ သန်မာ

သန်မာက စာရွက်တွေကို သေချာခေါက်ပြီး နန့်နှင်းဆီလိပ်စာရေးထားသည့် စာအိတ်ထဲထည့်ပိတ်လိုက်သည်။ ထိုင်စောင့်နေသည့် ဦးမောင်အေးလက်ထဲထည့်လိုက်ပြီး၊ "အမြန် ကျွန်တော်လိုက်မယ်နော် . . ." ဟုပြောလိုက်မိသည်။

ဝေန်မြစ်ဖြတ်လေနှင့်အတူ နှင်းဆီနံ့တွေ ပါလာသည်ဟု သန်မာထင်မိပြီး တစ်ဝရှူမိ၏။ နိုမပေါ် မှလေတွင်လည်း နှင်းဆီနံ့တွေကြိုင်နေပေလိမ့်မည်ဟု သန်မာထင်သည်။ သန်မာ့အဖို့ နန့်နှင်းဆီဟူသည် အချစ်ဦး နှင်းဆီနံ့ကို စိတ်အထင်၌ ရှူရှိုက်နေရသည်ပင် အရာရာ ပြည့်စုံကုံလုံသွားခဲ့ပြီ မဟုတ်ပါလား။ ။

သုသိက်

www.burmeseclassic.com